
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ




# နဂွတ္တာရောင်ခြည်

နဂွတ္တာရောင်ခြည်

နဂွတ္တာရောင်ခြည်











## ရန်အောင်မြင် ဂါထာတော်

ပထဝီဗလသုန္ဒရီ၊ သမ္ဗုဒ္ဓ ဗောဓိမဏ္ဍလေ။
အသင်္ချေယျံ မာရသေနံ ဇယော ဇယတု မင်္ဂလံ။
ဒေဝပုတ္တ ကိလေသဉ္စ၊ ခန္ဓ မစ္စုဘိ သင်္ခါရံ။
ပဉ္စမာရံ ဇိနော ဗုဒ္ဓေါ၊ တံတေဇသာ ဘဝတု မေ။

အနက်

**ဗောဓိမဏ္ဍလေ၊** ဗောဓိပင် ထက်ဝန်းကျင်၌။ **အသင်္ချေယျံ၊** မရေမတွက်နိုင်သော။ **မာရသေနံ၊** မာရ်နတ်ဘက်သား စစ်သည်များကို။ **ပထဝီဗလသုန္ဒရီ၊** မြေထုမခြားကြီးမားလွန်မင်းကောင်းမြတ်သောသည်းခံခြင်း ရှိတော်မူသော။ **သမ္ဗုဒ္ဓ၊** မြတ်စွာဘုရားသည်။ **ဇယော၊** အောင်လေပြီ။ **တထာ၊** ထို့အတူ။ **မေ၊** အကျွန်ုပ်အား။ **မင်္ဂလံ၊** အောင်ခြင်းမင်္ဂလာသည်။ **ဇယတု၊** ဖြစ်ထွန်းအောင်မြင်ပါစေသတည်း။

**ဒေဝပုတ္တ ကိလေသဉ္စ၊** ဒေဝပုတ္တမာရ်၊ ကိလေသာမာရ်လည်းကောင်း။ **ခန္ဓမစ္စုဘိသင်္ခါရဉ္စ၊** ခန္ဓမာရ်မစ္စုမာရ် အဘိသင်္ခါရမာရ် လည်းကောင်း။ **ပဉ္စမာရံ၊** ဤမာရ်ငါးပါးကို။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **ဇိနော၊** အောင်မြင်တော်မူလေပြီ။ **တံတေဇသာ၊** ထိုမာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရား တန်ခိုးတော်ကြောင့်၊ **မေ၊** ငါ့အား။ **ဇယမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာသည်။ **ဘဝတု၊** ဖြစ်ပါစေသတည်း။

ခက်ခဲသော ပါဠိအသံထွက်

| | | | |
|---|---|---|---|
| **ဗလသုန္ဒရီ** | = ဗလသုန်ဒရီ | **ဒေဝပုတ္တ** | = ဒေဝပုတ်တ |
| **သမ္ဗုဒ္ဓ** | = သပ်ဗုဒ်ဓ | **ကိလေသဉ္စ** | = ကိလေသင်စ |
| **မဏ္ဍလေ** | = မန်ဒလေ | **ခန္ဓမစ္စုဘိ** | = ခန်ဓမစ်စုဘိ |
| **အသင်္ချေယျံ** | = အသင်္ချေယံ | **သင်္ခါရံ** | = သင်ခါရံ |
| **မင်္ဂလံ** | = မင်ဂလံ | **ပဉ္စမာရံ** | = ပင်စမာရံ |
| | | **ဗုဒ္ဓေါ** | = ဗုဒ်ဓေါ |

လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

လောကီပညာရပ်စုံ မဂ္ဂဇင်း



နာယကကြီး

ဒေါက်တာ အောင်နိုင်

M.B.B.S (Ygn)

ဒု-ဘာ-ဓ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ ကိုစိုးဆန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင့်

(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)

* ဦးသန်းအောင်ဇွဲ

[ဓမ္မာစရိယ (မဟာဝဏ္ဏိဒိ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar),H.G.P.R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း


အနယ်နယ်အရပ်ရပ်မှ သာသနာပြုပုဂ္ဂိုလ်များ
လာရောက် အားထုတ်လေ့ရှိသည့်
ဆင်တောင်စေတီတော်မှာ ☛ စာ-၉၇



ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၉)၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးကျော်မင်းစိုး(၀၀၄၅၉)၊ စိုးမေတ္တာပုံနှိပ်တိုက်၊
အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကြီး ဖြန့်ချိရေး
မိလွန်းစာပေ (တောင်ကြီး)၊
ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)၊
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
☎-၀၉ ၇၇၆ ၃၄၉ ၇၈၅၊ ၀၉ ၉၆၈၀၀၀၄၁၉၂။


ကြော်ငြာတာဝန်ခံ

ယဉ်ကျေးဝေ


၂၀၁၇ ခုနှစ်၊ ဧပြီလ

အမှတ် ၃၆၆

တန်ဖိုး – ၂၃၀၀ကျပ် (ဖြန့်ချိရေး)

[နှစ်ထောင့်သုံးရာကျပ်]


အုပ်ရေ

၁၀၀၀

☎- ၀၉ ၇၇၆၃၄၉၇၈၅၊
၀၉ ၉၆၈၀၀၀၄၁၉၂။


www.burmeseclassic.com

www.burmeseclassic.com



ဒီကျွန်းချိုတောင် ဆုတောင်းပြည့်ပြတ်စွာဘုရားကို
ဖင်ဆောင်ပူဇော်ရင်မိုးလေဝသကောင်းမွန်တယ်၊
အန္တရာယ်ကင်းတယ် …

စာ-၁၃၇

ရေမွှေးနဲ့ နေ့ဟိုင်း မှန်ရဲ့ထိပ်ပိမှာ
ဆောင်မှုဒွေ၊ ဒေအာင်ဇမျော ဒေအာင်သံယော
ဆိုဦး မိမိရဲ့ ညာလက် လက်သူကြွယ်နဲ့ …

စာ-၁၈၀




**ပျော်ရွှင်ခြင်းရောင်ခြည်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊
ကျန်းမာပါစေ တိုင်းရင်းဆေးကုခန်း
ဆရာဦးသီဟ(တဆ-၀၃၉၈၀)နှင့်တွေ့ဆုံဆွေးနွေးခဲ့သော
နှလုံးလေးဖက်နာ၊ နှလုံးအဆီဖုံးရောဂါ ကာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၃၇

**ပညာပေးရောင်ခြည်**

ပေစာမူက ပညာယူ[၁၂-ခွင် ဗေဒင်ပညာဟောကိန်း]
[ဖွံ့ဖြိုးအောင်] ၁၆၁

**လက္ခဏာရောင်ခြည်**

အမေးရှိမှ အဖြေရှိခဲ့ရပါသည်
[ဆရာဦးခင်မောင်လင်း-B.Sc၊ ရွှေဘို] ၁၅
လက္ခဏာပဟေဠိ အဖြေညီကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၁၃
တစ်ချက်ကောင်းဟောကွက် [ဦးသော်ခင်-ဟသ်ာတ] ၁၂၆
စီးပွားဥစ္စာ ချမ်းသာကြွယ်ဝလာသူတစ်ဦး၏
လက္ခဏာနှင့် လျို့ဝှက်ချက် ၁၄၅

**လမ်းညွှန်ရောင်ခြည်**

ပုဂံမှ ပြဿဒါးဘုရားနှင့် မှတ်သားစရာများ(၁)
[ခရီးသည် သုတေသီ] ၉
ဆားလင်းကြီးမြို့နယ် ဝက်တောကျောင်းနှင့်
မြောက်ကျောင်း ဘုရားအစုများမှ ရှေးလက်ရာများ(၂)
[ထွေးမောင်] ၈၁
မိုးနဲမြို့မှ ထူးခြားသော ဘုရား၏အရိပ်ကို ရှာရာဝယ်
[ရဲမြင့်ဦး-ချယ်ရီမြေ] ၉၇
ကျိုက်ဒေးပါး အောင်မြေတွင် အဓိဋ္ဌာန်ဝင်
[အောင်ဇေ-LL.B] ၁၆၉

**အထူးဆောင်းပါးရောင်ခြည်**

ကဒါတ်ထောက် ဝါးကျောင်းဆရာတော်
စုဆောင်းပူဇော်ထားသည့် ရုပ်ပွားရုပ်တု ဓာတ်တော်များ(၃)
[ခရီးသည်သုတေသီ] ၄၉
သီရိသုပဘာရတနာဒေဝီ စိန်တုံးမိဖုရားကြီး၏
မင်းတုန်းမင်းတရားကြီးအတွက် အလှူတော်
မော်လမြိုင်မြို့မှ ရန်ပြေမာန်ရှင်းဘုရားကြီး(၃)
[သီတာဆန်း-မော်လမြိုင်] ၆၅
ရွှေမင်းဝံ ပေါ်တော်မူ ကုန်းတော်မှ သာသနိက
အဆောက်အအုံများ(၂) [ဇင်ညိုငယ်] ၁၀၅
သမိုင်းဝင် ဆားခါတောင်မှ ဆားခါတောင်မယ်တော်ကြီး(၂)
[အီကင်း ဦးမြမောင်-မန္တလေး] ၂၂၅




www.burmeseclassic.com

www.burmeseclassic.com


## ❀ ကိုယ်ဖျော်ရောင်ခြည် ❀

နာယတဂုဏ်နှင့် ပကားအရှင်ကြီး [ဝေစည်-ရွှေဘို] ၂၃၃
လောက၏ မထင်မှတ်သည့်အဖြစ် [မြင့်] ၂၃၉
ကျွန်တော် မသင်ယူဖြစ်ခဲ့သော ဂမ္ဘီရပညာ
[အေးချမ်းအောင်-ရမည်းသင်း] ၂၄၁
လမ်းဆုံးလျှင်ရွာတွေ့သည် [အီကင်း ဦးမြမောင်-မန္တလေး] ၂၄၆
ရွှေညိုရွှေဝါတို့ရဲ့ ရတနာမြေ [တင်ဘုန်းဝင်း] ၂၆၅

## ✻ ကျင့်စဉ်ရောင်ခြည် ✻

ဘုရားလောင်း၏ ပါတ်ဓာတ်ကိုယူသော ကျင့်စဉ်တော်
[ဝိဇ္ဇာဓရ-မင်္ဂလာဒုံ] ၃၃
ပေါက်တန်းဒိပ်ကုန်းရွာ သာသနာပြုဆရာတော်
အရှင်နန္ဒိယ ချီးမြှင့်သည့် ဓာတ်လေးပါး ပုတီးစိပ်နည်း
[ကျော်ဇေယျ] ၈၆
ဗိပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ၏ ဓာတ်(၄)ပါး
ကျင့်စဉ်(၂) [အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၈၅
ကံကောင်းလာဘ်ရွှင် အောင်မြင်လိုသူတိုင်း ဆောင်ထား
ရမည့် သဗ္ဗပုဗ္ဗဘာဂဂါထာ [ကောင်းမြင့်မြတ်စိန်] ၁၉၃

## ● အစီအရင်ရောင်ခြည် ●

ဘေးကင်းကျန်းမာ လွန်ချမ်းသာ အလင်းတိုင်ပူဇော်မှု
အစီအရင် [ရွှေကျော်မင်းအောင်] ၄၇
တစ်ယူဇနာ အစိုးရသော ဗုဒ္ဓရုပ်တု ပူဇော်နည်း
[နိုင်မင်း-သထုံ] ၆၂
သူခိုးဓားပြနှင့် ကာကင်းဓာတ် [ချင်းတွင်း မောင်ဝေမင်း] ၁၀၂
ဝမ်းကိုက်ဝမ်းသွားရောဂါ ပျောက်စေသော အစီအမံ
ဂါထာစွမ်းအင် သိစေချင် [စလင်းဒီပဲ] ၁၂၅
လာဘ်ပိတ်လျှင် လာဘ်ဖွင့်မန္တန် ဤသို့ စီရင်ပါ
[မောင်ဗဟိန်း-အင်းတော်] ၁၉၉
ကံကောင်းစေရာကံပွင့်သကြာများ(၂) [သန်းခေါင်-ပညာရေး] ၂၂၂

## ❐ အဖြိုရုပ်ရောင်ခြည် ❐

ဘဝတက်လမ်း ဝိဇ္ဇာဓရ ဓာတ်ပညာစခန်း(၂)
[မြန်မာ့သမားတော် မင်းတင်မောင်(တဆ-၄၁၉)-
ဝိဇ္ဇာဓရဂဠိရ ဓာတ်ဆေးပညာရှင်] ၁၃၃
လိုချင်လျှင် ဖိုပြင်ကြပေရော့[သံကောင်းအတွက် နည်းလမ်း]
[ဦးအောင်ကြည်-မြန်အောင်] ၁၄၀
နေသူရိန်ဓာတ်လမ်း တစ်လမ်း [နေ အေ လာ] ၁၇၉
သွပ်ဖမ်းဝိဇ္ဇာ အပိုင်း(၁) [ဦးမင်းဇင်-ရွှေနဝင်း] ၂၁၃
ရွှေစော်နံ ပြန်လိုက် [ဖိုးသူတော်] ၃၀၅




ရာကျော်ဆရာတော်ကြီး၏ ထွက်ရပ်လမ်း စီရင်ခဲ့ရာ
ရွှေလေအောင်မြေ ကျောင်းတော်ရာသို့
အောင်ဓာတ်ယူရန် သွားလိုပါက ☛ စာ-၂၀


နှာစီးခေါင်းအောင်း မှုပ်ကုနှစ်ခုမှာ
စနေဂြိုဟ်ပိုင်းဆိုင်ရာ အရပ်ကို
အမှုန်ပြုထားခြင်းဖြစ်ပေါ်ရှိသည် ☛ စာ-၅၉





www.burmeseclassic.com

www.burmeseclassic.com



ကဒါတ်တော် ပါးကျောင်းဆရာတော်
...ကောင်းမှုတော်ထားသော ရုပ်ပွားရုပ်တုစာတင်တော်များတွင်
ဤကဲ့သို့ သစ်တိုင်ရုပ်တုများလည်းပါသည်... ➡ စာ-၄၉

ပါးပျံကို ထုထားခြင်းဖြစ်သည်
ရိုးရိုးပါးသည် အပေါက်ပါသော်လည်း
ပါးပျံမှာ အပေါက် မပါ၊ ပါးသားအပြည့်ဖြစ်သည် ➡ စာ-၃၅




✳ ဂီတာမန္တန်ရောင်ခြည် ✳

မေရှင်နဲ့ ရှင်သီဝလိ [မောင်အောင်ဝင်းမန်း] ၂၉
ဂါထာတစ်ချက် ခွေးအတွက်
[ခင်ညီ-ပေါက်ခေါင်း၊ နကွတ္တဝေဒလင်္ကာ] ၁၁၀
သိဒ္ဓိဆယ်ပါး မြတ်တရား ရွတ်ပွားပူဇော်ပါ [အုံ့ကြွယ်] ၁၂၁
ရှေးထုံးစဉ်လာဂါထာနှင့် ကုသိုလ်ယတြာ [ဇော်မြင့်-မြင်းခြံ] ၁၂၉

✳ ဆေးနည်းကုံရောင်ခြည် ✳

ဆီးချိုဝေဒနာရှင်အတွက် အစာလည်းဆေး
[ဦးမြင့်ဌေး] ၃၁
အညှော်နဲ့ ခံနိုင်အောင် [သာဂဒူး-ကသာမြေ] ၁၇၆
လင်းလေနှင့်တိမ် [ကိုကိုမောင်-အင်းလေး] ၁၉၆
သွေးချိုဆီးချိုအတွက် ဆေးကောင်းတစ်လက်
[ဆရာဦးစန်းယု-ခေတ်မီအဘိဓမ္မာတောင်သာ] ၂၀၈
သွားရောဂါ တစ်သက်တာ ကင်းဝေးစေဖို့
[တင်ဆောင်-ပျဉ်ပုံကြီး ပဲခူးမြို့နယ်] ၂၂၄

◆ ဆေးဗေဒရောင်ခြည် ◆

အိမ်ထောင်ရှင်များအတွက် ဆေးစွမ်းတစ်လက်
[ဟိန်းမြင့်စံ] ၃၈
အညောင်းအညာပြေပျောက်ဆေးနည်း [ဦးစိန်လင်း-ကနီ] ၆၄

စပါးကြီးသည်းခြေအစွမ်း အုံ့ခေန်း [မောင်ကံ-တံတားရွာ] ၁၁၄
ကြက်မောက်ဆူးပုံ (သို့မဟုတ်) ကျွဲနှာခေါင်းရိုက်
ရုက္ခမူဆေး ပြုလုပ်နည်းနှင့် စွမ်းအားသတ္တိများ
[မင်းမင်းဟန်-မော်လမြိုင်] ၁၈၂

✳ ဂမ္ဘီရပညာရောင်ခြည် ✳

ကိုးလားချောင်းဖျားက ပရလောကသားတို့၏
ငိုရှိုက်သံများ(၂) [ချစ်ဆိုင်] ၈၄
ဒဏ္ဍာရီမဟုတ်သော ဒဏ္ဍာရီ(၂)[ဓာတ်သိမ်း]
[ဆောင်းဇေ-ကသာမြေ] ၂၂၇
မြေပိုင်ရှင်ကြီး ဦးဘိုးလွန်းနှင့် ဂမ္ဘီရဆေးဖိုးကျိုးပေါင်း(၅)
[မောင်စိန့်စမ်း-ကေတုမတီ] ၂၅၃

▲ စိတ်စွမ်းအင်ရောင်ခြည် ▲

စိတ်စွမ်းအင် သိဒ္ဓိဝင် မှန်အစီအရင် [ဝေဖြိုးမောင်] ၁၈၀

✿ ဗဟုသုတရောင်ခြည် ✿

ရှေးလူကြီးများ ရှာချခြင်းလေ့ ပြုလုပ်နည်း [ရွှေဘီသိန်း] ၁၉၂

✝ ထူးခြားပစ္စည်းရောင်ခြည် ✝

ထူးခြားပစ္စည်းများနှင့် အကျိုးကိုယ်တွေ့
[စည်သူကျော်နိုင်] ၃၇
ရေဆင်စွယ် [ကနဖူးကစမ်းဦး-ကသာ] ၁၅၃
ထူးထူးခြားခြား ကြခတ်ပါး [အရှင်ကုမာရ-စစ်ကိုင်း] ၁၉၀


နက္ခတ်ရောင်ခြည်မဂ္ဂဇင်း ၅

www.burmeseclassic.com

www.burmeseclassic.com


## ကိုယ်ခံပညာရောင်ခြည်

သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏ ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း) (၆)

[ဆရာကြီးမင်းယက္ခ-တိုက်ပွဲဝင်] ၁၄၈

## ကုထုံးရောင်ခြည်

အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု
[လေဖြတ်ပြီး လျှာရှည်နေ၍ ကုမရခဲ့သော်]

[ဆရာဦးလှညိမ်း-အကြောပညာရှင်၊ တံတားဦး၊ အင်းဝ] ၉၃

## ဝိဇ္ဇာအရေးရောင်ခြည်

ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ နောက်ဆုံးစကား

[မြတ်ထူးထက်] ၂၀၉

မယုံလျှင် ပုံပြင်မှတ်ပါ ဝိဇ္ဇာဝရေအတွေ့အကြုံဆန်းများ(၂)

[ကနက်သီရိ ဆရာအုန်းရွှေ] ၂၇၅

## အမျိုးသမီးအလှရောင်ခြည်

ငါးဆားနယ်နှင့် အငန်ခတ်များသော ငါးခြောက်များကို အငန်ပေါ့အောင် ပြုပြင်ချက်စားနည်း

[ဗိုလ်မင်း-မင်းလှ] ၂၃၆

## သုတေသနရောင်ခြည်

ကိုယ်တွေ့ လှေဦးတိုက်၊လှည်းဦးတိုက်

[ဦးစိန်-တိုးချောင်ကြီး] ၂၈၁

ထုတ္တန့်သိမ်ပုထိုးတော်မှ ရွှေခေတ် ရခိုင်မြို့ရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ(၁၄)

[ပန်းချီထူးလှ-ရွှေဟောင်းသုတေသန] ၁၆၄

စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြဲလက်မှတ်များအကြောင်း

[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၂၀၆

## မြန်ချင်းပြီးဆေးပင်ဆေးမြစ်ရောင်ခြည်

သွေးစုနာနှင့် အနာဆိုးများကို ပျောက်သည့် ပဒိုင်းနက်ရွက်

[မောင်ညီစု-ဝန်းသို] ၇၁

ဖန်ခါးသီးဆေး စားသုံးပေး [မြင်းကာကုန်း-စိုးမြင့်] ၁၉၁

## တိရစ္ဆာန်ရောင်ခြည်

နွားများ ဆီး၌ သွေးပါကုစရာ [ဆရာသညာမှူး] ၁၇၅

ကျွဲနွား ရေနွေးပူလောင် ဝေဒနာအတွက်

[ငွေသိန်း-တိ/မွေး/ကု] ၂၀၀





အဲဒီလို ကံသုံးပါးမေတ္တာတွေကို ကျင့်ပွားခြင်းဟာ သဗ္ဗပုဂ္ဂိုလ်ဘာဝမေတ္တာကို ကျင့်ပွားခြင်းပါပဲ ... စာ-၁၉၃

ပီးခြစ်သံနှင့် နှိုင်းပြထားသော ငရဲဆင့်စွယ်ဖြစ်သည့် အလျားနှစ်လက်မရှိ၍ အရွယ်အစားမှာ ... စာ-၁၉၃






www.burmeseclassic.com

www.burmeseclassic.com



ကျူရှာင်းကြီးတောင်းမှ
ပြသဒါးမြေကြီးခွန်းသည်
လချပြားသာခ်ကြီးမကြီးပု... စာ-၉

ဆင်မယဉ်သာ
ချိုးစားခဲ့သော
မဟာဗောဓိပင်ဖြစ်သည်... စာ-၇၆





နဘူးကျောင်း
တောရ
အောင်မြေ
မှ
လက်ယာရစ်
နွယ်များ
ဖြစ်သည်...
စာ-၉၁


### ကြည်ညိုခြင်းရောင်ခြည်

ဆုတောင်းပြည့် ရှင်ပင်မဟာဒက္ခိဏာသာခါ
နန်းဦးဆုတောင်းပြည့် မြတ်စွာဘုရား(သို့မဟုတ်)
ငွေချိုတောင်ဆုတောင်းပြည့်မြတ်စွာဘုရား
[ကိုရွှေမောင်-ဒေါင်းအင်းကုန်း] ၁၇

### အောင်မြေရောင်ခြည်

ရာကျော်ဘိုးကိတ္တိ၏ ထွက်ရပ်လမ်းနှင့် အောင်မြေ
[အောင်ဇ-LL.B] ၂၆

ဖျတ်ဝိသား ရန်အောင်မြင် ကျိုက်ထီးရိုးစေတီအောင်မြေ
ကျောက်ပြားတောင်အဓိဋ္ဌာန်ခရီး(၃)[မောင်မောင်စိုး-ထားဝယ်] ၄၁
စစ်ကိုင်းတစ်ခွင် သိမ်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိုးပူဇော် ဂါထာတော်များ(၅၀)[သိကြားကျစေတီတော်]
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၇၃

### ထီဗေဒရောင်ခြည်

၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ထီထိုးလိုက
ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်-သုတေသီ] ၃၀၇
၂၀၁၇ ခုနှစ်၊ ဧပြီလတွင်
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၂၃၂

### စိုက်ပျိုးရေးရောင်ခြည်

ငှက်ပျောဥယျာဉ် လက်တွေ့စိုက်ပျိုးခြင်း အတတ်ပညာ
[စလင်း ဦးကျော်] ၂၀၁

### မြန်မာ့နှစ်ကူး အထူးရောင်ခြည်

၁၃၇၉ ခုနှစ် နှစ်သစ်မှာ ခုနစ်ရက်သားသမီးများ
ကံကောင်းပြီးရင်း ကံကောင်းကြစေဖို့
[အောင်နန္ဒ-ကျိုက်လတ်] ၁၆၆

### အောင်မြင်ကျန်းမာရေးရောင်ခြည်

ပယင်းကျောက်ရှုသော အဘွားအို [ရဲမျိုးသူ-ဗောဓိမြိုင်] ၂၉၇

### အင်းစစရောင်ခြည်

လိပ်အင်းတစ်ကွက် ဆေးစွမ်းထက်သူ
[ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းတန်း] ၁၇၇
ရှမ်းကိုရင်ကြီး၏ အစွမ်းထက် အင်းတစ်ကွက်
[မောင်ရင်ထွေး-မအူပင်] ၂၆၆




www.burmeseclassic.com

www.burmeseclassic.com



[illegible]
[illegible]
[illegible]... ➡ စာ-၉

ဆင်မယဉ်သော
ချိုးအားခဲ့သော
[illegible]ဖြစ်သည်... ➡ စာ-၇၆





နဘူးကျောင်း
တောရ
အောင်မြေ
မှ
လက်ယာရစ်
နွယ်များ
ဖြစ်သည်...
➡ စာ-၉၁


**ကြည့်ညိုခြင်းရောင်ခြည်**

ဆုတောင်းပြည့် ရှင်ပင်မဟာဒက္ခိဏာသာခါ
နန်းဦးဆုတောင်းပြည့် မြတ်စွာဘုရား(သို့မဟုတ်)
ငွေချိုတောင်ဆုတောင်းပြည့်မြတ်စွာဘုရား
[ကိုရွှေမောင်-ဒေါင်းအင်းကုန်း] ၁၅

**အောင်မြေရောင်ခြည်**

ရာကျော်ဘိုးကိတ္တိ၏ ထွက်ရပ်လမ်းနှင့် အောင်မြေ
[အောင်ဇ-LL.B] ၂၆
ဗျတ်ဝိသား ရန်အောင်မြင် တိုက်ထီးရှိစေတီအောင်မြေ
ကျောက်ပြားတောင်အဓိဋ္ဌာန်ခရီး(၃)[မောင်မောင်စိုး-ထားဝယ်] ၄၁
စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိုးပူဇော် ဂါထာတော်များ(၅၀)[သိကြားကျစေတီတော်]
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၅၃

**ထီဗေဒရောင်ခြည်**

၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ထီထိုးလိုတာ
ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်-သုတေသီ] ၃၀၅
၂၀၁၇ ခုနှစ်၊ ဧပြီလတွင်
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၂၃၂

**စိုက်ပျိုးရေးရောင်ခြည်**

ငှက်ပျောဥယျာဉ် လက်တွေ့စိုက်ပျိုးခြင်း အတတ်ပညာ
[စလင်း ဦးကျော်] ၂၀၁

**မြန်မာ့နှစ်ကူး အကူးရောင်ခြည်**

၁၃၇၉ ခုနှစ် နှစ်သစ်မှာ ခုနစ်ရက်သားသမီးများ
ကံကောင်းပြီးရင်း ကံကောင်းကြစေဖို့
[အောင်နန္ဒစံ-ကျိုက်လတ်] ၁၆၆

**အောင်မြင်ကျန်းမာရေးရောင်ခြည်**

ပယင်းကျောက်ရှုသော အဘွားအို [ရဲမျိုးသူ-မောဝီဖြိုင်] ၂၉၅

**အင်းစာရောင်ခြည်**

လိပ်အင်းတစ်ကွက် ဆေးစွမ်းထက်သူ
[ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းတန်း] ၁၅၅
ရှမ်းကိုရင်ကြီး၏ အစွမ်းထက် အင်းတစ်ကွက်
[မောင်ရင်ထွေး-မအူပင်] ၂၅၉




www.burmeseclassic.com

www.burmeseclassic.com


## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

ဝက်လူးအရှေ့တောကျောင်းဆရာတော် အရှင်သတ္တဂါ၏
ဘဝဇာတ်ကြောင်းများ(၃) [စံထွန်းသာ] ၅၇
နဘူးကျင်း ရန်ကင်းတောရဆရာတော် ဦးတိဿရအား
ကြည်ညိုပူဇော်မှုခရီး(၃) [ဇင်ညိုငယ်] ၈၉
သုသာန်ကျောင်းဟု လူသိများသော စေတုသစ္စမဂ္ဂဝိဟာရ
ကျောင်းဆရာတော် ဦးသုဇာတ၏ ထူးခြားဆန်းကြယ်
ကြည်ညိုဖွယ်ရာများ [ပန်းတနော် နောင်လတ်] ၂၁၇

## ❖ ထူးခြားဆန်းကြယ်ရောင်ခြည် ❖

အောက်လမ်းပညာသည်နှင့် အစွမ်းထက်မြက်သည့်
ဗုဒ္ဓ၏ဂါထာတော်များနှင့် ဖြစ်ရပ်ဆန်း [ရွှေကျင်ငြိမ်းချမ်း] ၂၃၇
ငှက်ကြီးအသွင်ဆောင်ကာ တောင်ပံဖြင့်
ပါးရိုက်လိုက်သော ရွာသူအစင်လေး [ချို-အမရပူရ] ၂၇၀
ကိုးသချိုင်းစိပ်ပုတီး [ကိုကိုလတ်-ဆည်မြောင်း] ၂၈၉

## ▲ အမေးအဖြေရောင်ခြည် ▲

မြေထွက်ကြေးနက် ရှိ/မရှိ သိရှိသူများမှ ဖြေကြားပေးကြပါရန်
[ကိုကျေးတော-ရောင်ခြည်သစ်] ၁၀၃

## ✂ နေ့စဉ်သုံး ဗေဒင်ညွှန်ရောင်ခြည် ✂

၂၀၁၇ ခုနှစ်၊ ဧပြီလအတွင်း
လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၁၄၂
၂၀၁၇ ခုနှစ်၊ ဧပြီလအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၁၅၂
၂၀၁၇ ခုနှစ်၊ ဧပြီလအတွင်း
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ-ကျိုက်လတ်] ၁၈၄
၂၀၁၇ ခုနှစ်၊ ဧပြီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၉၇

## ◆ ကျန်းမာရေး စာပေရောင်ခြည် ◆

၂၀၁၇ ခုနှစ်၊ ဧပြီလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၁၆၈
(၁၂)ယရာသီ နက္ခတ်ဓာတ်စာ တပို့တွဲ
(ကုံရာသီ-Aquarius)နက္ခတ်ဓာတ်စာ ဆောင်ရန်ရှောင်ရန်
ဆေးဖက်ဝင် အစားအစာများ [ဆရာ မင်းချမ်းသာ] ၂၀၄

## ● ဝတ္ထုတိုရောင်ခြည် ●

နွားရေးခြောက်မှန် စားခဲ့ဖူးသူ [ကသာ သင်းမွှေး] ၂၄၉
တစ္ဆေတို့ စိန်ခေါ်သူ [ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၂၅၇
မပဋ္ဌာပေလား [ဆောင်းလဝန်းဖြူ] ၂၇၃
အသူရကာယ်ရွာသူ မိကြာဖြူ [ဦးစိုး-မတ္တရာ] ၃၀၀
ဓ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း


ရွှေမင်းစံ
ပေါင်တော်မှ
ကုန်းတော်
မှ
ဖြုန်းနေသော
သာဓက
ရုပ်ထု
ဖြစ်သည်...
စာ-၁၀၆



အမေးခံ
ရရှိသော
ဗျည်းဆန်း
များတွင်
ကျွဲသစ်ကွင်း
တစ်ဆယ့်တစ်ကွင်း
မှာ...
စာ-၃၅



ရာကျော်ဆရာတော်ကြီးက
သူ့ကိုယ်တိုင် အောင်မြင်ခဲ့တဲ့ ထွက်ရပ်ပေါက်
ဓာတ်လုံးစီရင်နည်းကို ကျကျနနဖော်ပြထားတဲ့... စာ-






www.burmeseclassic.com

www.burmeseclassic.com

# ယုံကြမှု ပြဿဒါးဘုရား

## နှင့် မှတ်သားစရာများ (၁)

ခင်ကြီးသည် သုတေသီ



◆ ကျစ္စာမင်းကောင်းမှု ပြဿဒါးစေတီ

မြန်မာပြက္ခဒိန် အယူအဆတွင် လ,အလိုက် သတ်မှတ်ထားသော ပြဿဒါးရက်၊ နေ့သချ်ာနှင့်ရက် ပေါင်းက (၁၃)ရသော ဝါရမိတ္တုရက်တို့ကို ရက်ဆိုးရက်ညံ့ဟု ယူဆ၍ လုပ်ငန်းဆောင်တာများ မပြုလုပ်ကောင်းဟု ယုံကြည်လေ့ရှိကြသည်။

သို့သော် ထိုအယူအဆကို မယုံကြည်သူများလည်း ရှိသည်။ ဝါရမိတ္တုရက်နှင့် ပတ်သက်၍ မြန်မာ့ရိုးရာဟာသပုံပြင်တစ်ပုဒ် ရှိသည်။

တောင်သူတစ်ဦးသည် ဝါရမိတ္တုရက်တွင်သာ ထယ်ထိုး၊ လယ်ထွန်၊ မျိုးကြဲ၊ စိုက်ပျိုး၊ ရိတ်သိမ်းခဲ့သည်။ ရွာဦးကျောင်းဆရာတော်က ရှေးထုံးမပယ်ကောင်းဟူ၍ တားသော်လည်း နားမဆုတ်ချေ။

ကံအားလျော်စွာပင် ထိုနှစ်တွင် သီးနှံအထွက်တိုးလေရာ ရွာဦးကျောင်းဆရာတော်ထံ သွား၍...

"ဝါရမိတ္တု ရက်ပေါင်းစု၊ လှည်းကိုးစုနဲ့ တိုက်လို့ မကုန်ပါဘုရား"

ဟု လျှောက်လေသည်။

ထိုမှ ရက်အတန်ကြာသော် ထိုတောင်သူ၏ တဲအိမ် မီးလောင်လေရာ ဆရာတော်က ကြွရောက်၍...

"ဝါရမိတ္တု ရက်ပေါင်းစု၊ နှင့်အိမ် ပြာပုံဖြစ်ရော့ မဟုတ်လား"

ဟု ချေပမိန့်ကြားလေသည်။

ဤသို့သော အဖြစ်အပျက်ကို ပုဂံခေတ်ကာလတွင်လည်း တွေ့ရသည်။ ကျစ္စာမင်းကြီးကောင်းမှု ပြဿဒါးစေတီဖြစ်သည်။ ယခု ပြာသာဒ်ကြီးစေတီဟု ဘွဲ့မည်ကပ်ထားသည်။

မြေရှင်း၊ အုတ်ဖုတ်၊ အုတ်သယ်၊ ပန္နက်အုတ်မြစ်ချခြင်း စသည် ပြုဖွယ်ကိစ္စအားလုံးကို ပြဿဒါးနေ့တွင် ပြုလုပ်စေသည်။ စေတီကို အပြီးမသတ်ဘဲ တစ်ဝက်တစ်ပျက် အနေအထားဖြင့် ပူဇော်ထားခဲ့သည်။

ကျစ္စာမင်းကြီးသည် မြန်မာရာဇဝင်တွင် သာသနာရေး၌ ယှဉ်ပြိုင်ဘက်မရှိ အဓိပတိ သရဖူ ဖြစ်တော်မူသည်ဟု ချီးပင့်ကြရသည်။ သူကိုယ်တိုင်လည်း...


'ဗလဝ သီလ သမ္ပန္နော နတ္ထိ မေ သမော'

ဤသို့သော စကားဖြင့် ရာဇဝင်၌ ထင်ရှားစွာ ထားခဲ့၏။ **(မှန်နန်း မဟာရာဇဝင်တော်၊ ကျစ္စာမင်း ကဏ္ဍ)** နောင်းလူတို့ သိရှိကြစေရန် မှတ်တမ်းအမှာတော် ပြုခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





▲ ပြဿဒါးအထက် ကွမ်းတောင်

◀ အထွတ်စေတီ

အနက်မှာ...

"ငါနှင့်တူသော အကျင့်သီလ ခွန်အားဗလ
ပြည့်စုံသူ မရှိ'
ဖြစ်သည်ဆို၏။

ထိုမင်းသည် ဗုဒ္ဓမြတ်ဘုရား၏ ပိဋကတ်သုံးပုံကို (၉)ခေါက် ပြန်၍ သင်ယူသည်။ ပိဋကတ်ကို တစ်ဖက်ကမ်းခပ်တတ်မြောက်၍ ပိဋကတ်ကျမ်းဂန်တို့၌ သဘောသကန် ထိထိမိမိ ကျကျနန ရှိသောကြောင့် ကျစွာမင်းဟု ခေါ်တွင်ခြင်း ဖြစ်သည်။

ထိုအချိန်က ပုဂံတွင် သာသနာအလွန်စည်ကား၍ ပိဋကတ်တတ်ပညာရှိများ အထင်အရှား ပေါ်များလှသော်လည်း ဘုရင်ကို ပြိုင်နိုင်သူ မရှိ။ ကျစွာမင်းသည် ပိဋကတ်တွင် ယှဉ်ဘက်မရှိသော ကဝိရာဇာ မွေကွန္ဒာပါရဂူကြီး ဖြစ်သည်။

တိုင်းရေးပြည်ရာ အမှုကိစ္စအားလုံးကို သားတော် ဥဇနာနှင့် လွှဲအပ်ကာ ဘုရင်က သံဃာတော်များကို စာဝါပို့ချသည်။ (တစ်နေ့ ခုနစ်ကြိမ်)။ ပိဋကတ်တရားတော်များ လေ့လာသည်။ နန်းတွင်း၌လည်း သင်ကြားလေ့လာစေသည်။

မိဖုရား၊ မင်းညီမင်းသား၊ မောင်းမမိဿံတို့အတွက် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ဘုံ၊ ပုဂ္ဂိုလ်တို့ကို အလွယ်တကူ သိရှိစေရန် **'ပရမတ္ထဗိန္ဒု'** ဟူသော အဘိဓမ္မာ အကျဉ်းချုပ်ကျမ်းတစ်စောင်၊ ဗျာကရဏ်းများ အကြောင်း သိကောင်းစရာ သဒ္ဒါအကျဉ်းချုပ်ဖြစ်သော **'သဒ္ဒဗိန္ဒု'** ကျမ်းတစ်စောင်တို့ကို စီရင်ပြုစုပေးသည်။

ဤမျှ ကျမ်းဂန်နှံ့စပ်သော ဘုရင်က ပြဿဒါးနေ့ကိုသာ ရွေးချယ်၍ စေတီတည်သည်မှာ အကြောင်းရှိပေမည်။ ယုံကြည်မှု ပိုမိုလွန်ကဲခြင်း သဒ္ဓါလွန်အယူအဆကို တိုက်ဖျက်လို၍ပေလော။ အဖြေအတိအကျကို မသိရှိနိုင်ကြချေ။

## ဖူးမြင်ရသော ပြဿဒါးစေတီ

စူဠာမုနိစေတီမှ ဖွားစောရွာသို့သွားသော လှည်းလမ်းအတိုင်း လိုက်ခဲ့ရာ မကြာမီမှာပင် စေတီလမ်းညွှန် ဆိုင်းဘုတ်ငယ်ကို တွေ့ရသည်။

ညွှန်ထားသော မြေလမ်းမှာ လှည်းကားတို့ အသွားများသဖြင့် သဲပွတောကြီးက ခြေမျက်စိမြုပ်လုနီးပါး ထူပြောသည်။ ထို့ကြောင့် လမ်းမနံဘေးမှ မြောင်း၍ ယာခင်းစပ်အတိုင်း စက်ဘီးနင်းရသည်။ (၁၀)မိနစ်ခန့်အကြာတွင် စေတီကြီးကို လှမ်းမြင်ရသည်။ ဘုရားဖူးအချို့လည်း တွေ့ရသည်။

စေတီရှေ့ကွက်လပ်၌ စက်ဘီးသော့ခတ်ထားကာ အတွင်းဝင်၍ ဘုရားဖူးသည်။ အထက်သို့တက်ရန် နံရံတွင်း လှေကား ဖွင့်ထားသဖြင့် လှေကားအတိုင်း တက်ကြည့်သည်။


ကျဉ်းမြောင်း၍ လူတစ်ရပ်လွတ်ရုံမျှ ရှိသည်။ အဆင်းတွင် ဘေးနံရံကို သော်လည်းကောင်း၊ ခေါင်မိုး မျက်နှာကြက်အဆင့်များကို သော်လည်းကောင်း ထိန်းကိုင်ကာ ဆင်းသက်နိုင်သဖြင့် အန္တရာယ်ကင်းသော လှေကား ဖြစ်သည်။

ကုလားကျောင်းအထက် ရင်ပြင်ကျယ်၏ အလယ်ဗဟိုတွင် အပေါ်သေး




www.burmeseclassic.com

www.burmeseclassic.com



▲ ပြဿဒါး အထက်လိုဏ်ခန်းမတွင်ရှိ ရုပ်ပွားတော်တစ်ဆူ



▲ ပြဿဒါးအောက်လိုဏ်မှ ရုပ်ပွားတော်တစ်ဆူ

လိုဏ်မ ရှိလျက် အထက်တွင် ကွမ်းထောင် ပေါက်ထားသည်။ စေတီရင်ပြင်မှာ ကျယ်ပြန့်လှကာ အတန်ငယ်မြင့်မားသဖြင့် နံဘေးဝန်းကျင် စေတီပုထိုးများကို လှမ်းမျှော်ကြည့်ရှုနိုင်သည်။

အနောက်ဘက်ဆီတွင် စူဠာမဏိ၊ ဓမ္မရံကြီး။ ထိုမှ အဝေးတွင် သဗ္ဗညု၊ ရောဝတီတစ်ဖက်ကမ်း တန့်ကြည့်တောင် စွယ်တော်ရှင် မျှော်ဖူးရသည်။

အရှေ့မြောက်ယွန်းယွန်းတွင် မကြာသေးသည့် နှစ်များအတွင်း တည်ဆောက်ပြီးသည့် နန်းမြင့်မျှော်စင်နှင့် ရှေးဟောင်းဘုရားများ တွေ့ရသည်။ လေပြည်တဖြူးဖြူးနှင့် ရှုခင်းကောင်းသဖြင့် ပုဂံသမိုင်းနောက်ခံ ဇာတ်ဝင်ခန်းများကို ဤရင်ပြင်၌ ရိုက်ကူးလေ့ရှိသည်ဟု ညွှန်သည်မျှော်နေသော ဓာတ်ပုံဆရာကလေးက ပြောပြသည်။


ဘုရားဖူးများ တစ်သုတ်ပြီးတစ်သုတ် တက်ဆင်းကာ ပရိသတ် မပြတ်လှချေ။ အပန်းဖြေခရီးဖြစ်ခဲ့လျှင် အလွန်ဇိမ်ကျမည့် နေရာကလေး ဖြစ်လေသည်။

## စေတီတည် စွမ်းအင်

ပြဿဒါးဘုရားကို **သက္ကရာဇ် ၆၁၀ ပြည့်နှစ်**တွင် ကျစွာမင်းသည် အနန္တသီရိမထေရ်အား ရည်သန်လှူဒါန်း၍ ဆောက်လုပ်ခဲ့သည်။ စေတီ အပြီးမသတ်ခဲ့ပါဟု ဆိုသည်။ မထေရ်အား လှူသည်ဆိုသဖြင့် သီတင်းသုံးရန် ကျောင်းတော်ဖြစ်မည်လားဟု တွေးမိသည်။

အပေါ်ထပ် ခန်းမ တည်ဆောက်ပုံကို လေ့လာကြည့်သောအခါ ကြမ်းပြင် (ရင်ပြင်)နှင့် အနည်းငယ်လွှဲ၍ ဆောက်လုပ်ထားသည်ကို တွေ့ရသည်။

* * *




တရုတ်ပွဲတော်နေ့များကာလ နေအိမ်တွင် မြတ်စွာဘုရား၊ သူတော်စင်၊ ပုဂ္ဂိုလ်ထူးတို့အား ကပ်လှူပူဇော်သောအခါ ပူဇော်ဖွယ်များ တင်လှူသော စားပွဲအနားစောင်းသည် ကြမ်းပြင်အောက်ခံရှိ ပျဉ်ချပ်များ( အုတ်ချပ်များ) နှင့် လားရာအပြိုင် မဖြစ်စေရပါ။



www.burmeseclassic.com

www.burmeseclassic.com



အထက်လိုက်ရှိ ရုပ်ပွားတော်တစ်ဆူ



အထက်လိုက်ဝန်း အနောက်ဘက်မှ မတ်ရပ်တော်တစ်ဆူ

ထောင့်ဒီဂရီ အနည်းငယ် လွဲဖယ်၍ ထားရှိရသည်။

အောက်ခြေကြမ်းပြင်ထက် မြင့်မားခြင်းကို ပီပြင်သိသာစေရန် ဖြစ်သည်။ စားပွဲနှင့် ကြမ်းခင်းမျည်းပြိုင်ဖြစ်နေပါက အင်္ဂါရဝပြုရာ ရောက်သည်ဟု ယူဆကြသည်။

မြန်မာပြည် အချို့နေရာများရှိ စေတီပုထိုးများသည် ဤသဘောမျိုး သက်ရောက်သည့် ကိန်းဝပ်တည်ရှိဟန် တွေ့ရသည်။ စောမွန်လှကောင်းမှုဖြစ်သော မန္တလေး–ပြင်ဦးလွင်ကားလမ်း အုန်းချောရွာအနီးရှိ ရွှေစာရံစေတီ၊ ရွှေကူမြို့အနီး ဧရာဝတီမြစ်လယ်ရှိ ရွှေပေါ်ကျွန်းစေတီတို့မှာ မုခ်လေးခု ရှိရာတွင် ဆိုင်ရာအရပ် စူးစူးတည့်တည့်သို့ ဦးတည်မှုမရှိဘဲ အနည်းငယ်သွေဖည်နေကြသည်။


ပြဿဒါးစေတီတွင်လည်း ပင်မအောက်ထပ်လိုဏ် အမိုးကြမ်းပြင်နှင့် အပေါ်ထပ်ခန်းမတို့ သွေဖည်လွဲထားသဖြင့် အိမ်မြှောင်ညွှန်းဖြင့် တိုင်းကြည့်သည်။ ခန်းမကို အရပ်အညွှန်းအမှန်ထား၍ အောက်ထပ် ကုလားကျောင်းကို ဒီဂရီ အနည်းငယ်လွဲထားသည်။

ဒိသာဗလ အရပ်ညွှန်းအင်အားကို သိလိုသဖြင့် အတိအကျနီးပါး တိုင်းတာကြည့်ရာ အောက်ထပ်ကုလားကျောင်းသည် မြောက်ဘက်တွင် မြောက်ဝင်ရိုးစွန်းမှ (၁၁.၂၅)ဒီဂရီနှင့် တောင်ဘက်တွင် (၁၉၁.၂၅)ဒီဂရီ လွဲထားသည်။

မြောက်ယဉ်စွန်းတန်း သွေဖည်မှုကိန်းများအရ မြောက်ဘက်သည် ယီကျင်းဟောကိန်း အမှတ်(၂၇) 頤 (yí) **ယီ**,ကို ညွှန်းသည်။

**ယင်းယန်း သင်္ကေတမှာ** ယန်းလေးခုကို အလယ်ထား၍ ယင်းနှစ်ခုက ပိတ်ညှပ်ထားသည်။

* * *




(၂၇)

တောင်ဘက်သွေဖည်ကိန်းမှာ **ယီကျင်း ဟောကိန်းအမှတ်(၂၈)** 大過 (dà guò) **တာ့ကွော့**,ကို ညွှန်းသည်။ သင်္ကေတမှာ ယင်းလေးခုကို ယန်းနှစ်ခုက ထက်အောက် ညှပ်ထားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



◆ သပိတ်မှောက်စေတီ (ယာ)နှင့် ရွှေဂူကြီး (ဝဲ)

◆ ရွှေဂူဇာ အဝေးရှုခင်း



* * *

(၂၀)

ဤအချိသွန်းကိန်းများအရ...
ဆန်းဆန်း ဆန်ကျင်ဘက် အင်အား
အကောင်းစွာ ဒွန်တွဲ လွန်ဆွဲနေကြ
အထွန့်ပရ ပြင်ယဉ်ကျန်နှင့်

အတွင်းသန္တာန် သမုတိနှင့် ပရမတ် ယှဉ်တွဲနေပုံကို ဖော်ပြသည်။

တစ်နည်းအားဖြင့် လူသား၏ အတွင်းသန္တာန်တွင် ကိန်းအောင်းနေသော အရိယာဝိညာဉ်နှင့် ကလျာဏပုထုဇဉ် ဝိညာဉ်တို့ကို ပုံဖော်ခြင်းလည်း ဖြစ်နိုင်ပေသည်။

ယီကျင်းကိန်းနှစ်ခု၏ မူရင်းအဓိပ္ပာယ်တို့မှာ သင်္ဘောဝီရိယဖြင့် စောင့်ရှောက်ထိန်းသိမ်းမှုနှင့် လွန်ကဲစွာ စိုက်ထုတ်သော လုံ့လကြောင့် ပရမ်းပတာ

ဖြစ်ခြင်းတို့ကို သတိပေးထားလေသည်။

## ဝတ်ပြု ပူဇော်ခြင်း

ပြဿဒါးစေတီ အထက်လိုဏ်တွင် အတန်ကြာအောင် လှေ့လာစေ့ငုပြီးနောက် တိုက်မလိုဏ်အတွင်း လှည့်ပတ်ကြည့်ရှုသည်။ တင်ပျဉ်ခွေ ရုပ်ပွားတော်များ၊ မတ်ရပ်တော်များကို ရှေးပုဂံခေတ်ဟန်အတိုင်း ပူဇော်ထားသည်။

ဤစေတီကို ကျစွာမင်း တည်လုပ်စဉ်က အောက်ထပ် ကုလားကျောင်းသာ ပြီးစီးသည်။ ပိဋကတ်တော်များနှင့်သာ ပျော်မွေ့တော်မူ၍ စေတီတည်ဆောက်မှုတွင် စိမံ ခေါ်သြမှုမရှိသဖြင့် အပြီးမသတ်ခဲ့ဟု ဆိုသကဲ့သို့ စေတီပန္နက်ချ၍ တစ်နှစ်မပြည့်မီတွင် သန်လျက်ကစားရာ၌ သန်လျက်ထိ၍ နတ်ရွာစံသဖြင့် စေတီ အပြီးမသတ်နိုင်ဟုလည်း ဖော်ပြကြသည်။

ယခုအခါ လက်ယာဘက်မျက်နှာစာကို တည်လက်စ တစ်ဝက်တစ်ပျက်ပုံဟန်အတိုင်း နောင်းလူတို့ ဆက်လက်လေ့လာနိုင်ကြစေရန် ချန်လှပ်၍ အထက်လိုဏ်၊ ရင်ပြင်တော်ကြီးနှင့် ကွမ်းထောင်ပေါက်စေတီတို့ကို ပြုပြင်မွမ်းမံထားသည်။

ရင်ပြင်တော်စွန်းများတွင်လည်း ခိုင်ခံ့သော အုတ်တံတိုင်းအကာအရံများ တည်ဆောက်ထားသည်။ စင်ကာပူနိုင်ငံမှ ဆရာတော် အရှင် ရှင်ဟာနာဇေ ဦးဆောင်၍ အများလှူဒါန်းသော ကောင်းမှုဖြစ်ကြောင်း စေတီအနီးရှိ တရုတ်ဘာသာထိုး ကျောက်စာအရ သိရသည်။


ထိုကျောက်စာတွင် ပါဝင်လှူဒါန်းသူ အလှူရှင် တစ်ဦးချင်းစီ၏ အမည်များကိုလည်း ရေးထွင်းထားလေသည်။

ထို့နောက်တွင် အောက်လိုဏ်သို့




www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေမောဓော အနီးကပ်မြင်ကွင်း

▼ သဗ္ဗညုဘုရားအနီး ဘုရားများ



ဆင်းသက်ကာ ရုပ်ပွားတော်ကြီးအား ဝပ်တွားရှိခိုးပြီးနောက် ကျစ္စာမင်းကြီး အမြဲရွတ်ဖတ်လေ့ရှိသော ဂါထာဖြင့် ပူဇော်ခဲ့သည်။

စုဒ္ဒသ ဗုဒ္ဓဉာဏာဠ၊ အဋ္ဌာရသ အာဝေဏိကံ။

ပူဇေ ဒသဗလ ဉာဏံ၊ စတုဝေ သာရဇ္ဇ မုတ္တမံ။

ဝိသုဒ္ဓကရုဏာဉာဏံ၊ ဗုဒ္ဓံ သမ္ဗုဒ္ဓ ပူဇိတံ။

ဓမ္မံ သဒ္ဓမ္မ သမ္မျုတံ၊ နတွာ သံဃံ နိရင်္ဂဏံ။

ဥပေမိ ဗုဒ္ဓံ သရဏံ၊ ဓမ္မဥ္စာပိ အနုတ္တရံ။

သံဃဥ္စ နရဒေဝေဟိ၊ဂစ္ဆာမိ သရဏံ အဟံ။

**အနက်အဓိပ္ပာယ်**

**စုဒ္ဒသ ဗုဒ္ဓဉာဏာဠ၊** မြတ်စွာဘုရား၏ ဉာဏ်တော်တစ်ဆယ့်လေးပါးကို လည်းကောင်း၊ **အဋ္ဌာရသ အာဝေဏိကံ၊** မြတ်စွာဘုရားအားသာ သီးသန့်ရှိသော အာဝေဏိကဉာဏ်တော် တစ်ဆယ့်ရှစ်ပါးကို လည်းကောင်း၊ **ဒသဗလ ဉာဏံ၊** ဆယ်ပါးသော ဒသဗလ ဉာဏ်တော်ကို လည်းကောင်း။ **ဥတ္တမံ၊** မြတ်သော။ **စတုဝေသာရဇ္ဇံ၊** ဝေသာရဇ္ဇဉာဏ်တော်လေးပါးကို လည်းကောင်း။ **ပူဇေ၊** ပူဇော်ပါ၏။

**ဝိသုဒ္ဓကရုဏာဉာဏံ၊** အထူးသဖြင့် စင်ကြယ်သော မဟာကရုဏာတော်၊ သဗ္ဗညုတဉာဏ်တော်ရှိသော။ **ဗုဒ္ဓံ၊** မြတ်စွာဘုရားကိုလည်းကောင်း၊ **သမ္ဗုဒ္ဓပူဇိတံ၊** မြတ်စွာဘုရားသည် ပူဇော်အပ်သော။ **သဒ္ဓမ္မ သမ္မျုတံ၊** သူတော်ကောင်းတရားဖြစ်သော။ **ဓမ္မံ၊** တရားတော်မြတ်ကို လည်းကောင်း၊ **နိရင်္ဂဏံ၊** ကိလေသာမရှိသော။ **သံဃံ၊** သံဃာတော်မြတ်ကိုလည်းကောင်း။ **နတွာ–နမာမိ၊** ရှိခိုးပါ၏။

**ဗုဒ္ဓံ၊** မြတ်စွာဘုရားကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဥပေမိ၊** ဆည်းကပ်ပါ၏။ **ဓမ္မဥ္စာပိ၊** တရားတော်မြတ်ကို လည်းကောင်း။ **နရဒေဝေဟိ၊** နတ်, လူတို့ထက်၊ **အနုတ္တရံ၊** အတုမရှိ လွန်မြတ်သော။ **သံဃဥ္စ၊** သံဃာတော်ကိုလည်းကောင်း။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **အဟံ၊** တပည့်တော်သည်။ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။

ကျစ္စာမင်းကြီးသည် ဤဂါထာတော်ကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်ကာ ရတနာသုံးပါးကို ဆည်းကပ်သဖြင့် ဘေးရန်ကင်းခြင်း၊ တိုင်းပြည်အေးချမ်း သာယာခြင်း၊ လက်ဆောင်ပဏ္ဏာ လာဘ်လာဘများ ရရှိခြင်း စသည့် ကောင်းကျိုးများ ခံစားရကြောင်း မှတ်သားရပေသည်။

ရှေ့လဆက်ဖတ်ပါရန်

**ခရီးသည် သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# အမေးရှိ

အဖြေရှိခဲ့ရပါသည်

လက္ခဏာရှင်က…

'ကျွန်မ ဘယ်လိုအလုပ်မျိုးနဲ့ အကျိုးပေးသလဲ'


လို့မေးတဲ့အတွက် သူမရဲ့ လက္ခဏာကြည့်ရာ **စနေဂြိုဟ်ခုံသည် အခက်အလက် သစ်ပင်သဏ္ဌာန်များနဲ့ တွေ့ရပြီး လက်ခလယ်ဖြောင့်တန်းနေသဖြင့်စနေ ယှဉ်ရတယ်လို့** ဆိုရမှာပါပဲ။(**က**) ဒါကြောင့်…

- သစ်ရောင်းဝယ်ရေးလုပ်ငန်း
- စိုက်ပျိုးရေးဆိုင်ရာ ရောင်းဝယ်ရေးလုပ်ငန်း
- ဓာတ်သတ္တု တူးဖော်ရေးလုပ်ငန်း
- ရေနံ ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်း

တွေ လုပ်ငန်းကို ရွေးချယ်ပေးရာ…

'**စိုက်ပျိုးရေး ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း' လုပ်ကိုင် အကြောင်း [illegible]ရှိပါတယ်။**

**သင်၏ဘဝ သာယာပါစေ**




ဆရာ ဦးခင်မောင်လင်း
([illegible] ရွှေဘို)
([illegible]သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**
လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဇင်း) ၁၃၀/၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေ့ါပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေ့ါပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေ့ါ"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ဈ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၁၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့်

# ရှင်ပင်မဟာ အဂ္ဂိကာသာခါ

နန်းဦးဆုတောင်းပြည့်မြတ်စွာဘုရား (သို့မဟုတ်)

# ဂွေးချိုတောင် ဆုတောင်းပြည့်မြတ်စွာဘုရား

ကိုရွှေမောင်
(ဒေါင်းအင်းကုန်း)


ချောက်မြို့နယ်၊ ဂွေးချို–ရှားပင်ရွာမှ မိဘရပ်ထံ အလည်တစ်ခေါက် သွားရောက်ခဲ့စဉ်အခါက ဂွေးချိုတောင် ဆုတောင်းပြည့် မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ဖြစ်ခဲ့သည်။

စာရေးသူ ငယ်စဉ်ကလေးဘဝမှ ယနေ့ထိ နှစ်စဉ်နှစ်တိုင်း ဂွေးချိုတောင် ဆုတောင်းပြည့်ဘုရားကို ဂွေးချိုတောင်မှ ပင့်ဆောင်ပူဇော်ကြသည်။

'ဒီဂွေးချိုတောင် ဆုတောင်းပြည့်မြတ်စွာဘုရားကို ပင့်ဆောင်ပူဇော်ရင် မိုးလေဝသ ကောင်းမွန်တယ်။ ဆန်ရေစပါး အသီးအနှံတွေ ပေါ်ကြွယ်ဝစေတယ်။ အန္တရာယ်ကင်းပြီး ကျန်းမာခြင်းကို ကောင်းမွန်စေတယ်။ ဆုတောင်းတိုင်း ပြည့်ဝစေတယ်လို့ ဘိုးဘွား အစဉ်အဆက် အဆိုရှိခဲ့ကြတယ်။ ဒါကြောင့် ကို့ ရွာပင်ရွာမှာ ဘိုးဘွားစဉ်ဆက် မပြတ် ပင့်ဆောင်ပူဇော်ကြတာပဲ'

စာရေးသူ၏ မိဘများ သက်ကြီး ရွယ်ကြီး ရွာမိရွာဖများအဆုံး ပြောကြ ဆိုကြသော စကားသံတို့အား ကြား ယောင်မြင်ယောင်မိပေသည်။

စာရေးသူ ငယ်စဉ်က ရှားပင်ရွာသို့ ဂွေးချိုတောင် ဆုံတောင်းပြည့်ဘုရား ပင့်ဆောင်ပူဇော်ပွဲ ကျင်းပတိုင်း အိုးစည် ဗုံမောင်း အကအခုန်များ၊ မီးကြာခွက်၊ ရောင်စုံမီးပုံးလေးများဖြင့် စည်ကား သိုက်မြိုက်စွာ အပြိုးကိုယ်စီ ပျော်ရွှင်မှု




▲ သမိုင်းဝင် ရှင်ပင်မဟာအဂ္ဂိကာသာခါ နန်းဦးဆုတောင်းပြည့်ဘုရားပုံတော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပင်မဟာအဂ္ဂိကသာဒါ ကိုန်းဝင်စံပယ်ရာ ငွေချိုတောင်တော်

များစွာတို့ဖြင့် ရှိခဲ့ရပုံတို့အားလည်း မြင်ယောင်မိသည်။

**ရှားပင်ရွာသည် ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း ကားလမ်းဆုံမှ ရေနံချောင်းသွား ကားလမ်းဘေး ငွေချို နှင့်(၂)ဖာလုံခန့်သာ ကွာဝေးသည်။**

ဤဘုရားတောင်သို့ စာရေးသူ၏ ညီဖြစ်သူ မောင်ဘိုသိန်းနှင့် ဇနီးဖြစ်သူ ပါ ခေါ်ပြီး လှည်းဖြင့် သွားရောက် ဖူးမြော်ဖြစ်ခဲ့သည်။

ရှားပင်ရွာနှင့် ငွေချိုတောင် သွားရာ လမ်းခွဲနေရာသည်လည်း (၂)ဖာလုံခန့် သာ ကွာဝေးသည်။

လမ်းခွဲနေရာတွင် အဝင်မုခ်ဝ တစ်ခု တည်ဆောက်ထားသည်။ ၂၀၀၁ ခုနှစ် က သွားရောက်ဖူးမြော်စဉ်ကပင် ဘုရား သို့ သွားရာလမ်းခရီးတစ်လျှောက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လှ သည်။

လမ်းများ၏ဘေးတွင် သစ်ပင် စိမ်းစိမ်းစိုစို ကန္တာရပင် အုပ်အုပ်လေး များ၊ အညာထနောင်းပင်များ၊ ဆီးပင် များဖြင့် နေပြောက်မထိုးလှ။ အညာ အရပ်ပေမင့် ခြောက်ကပ်ကပ် မနိုင်လှ၊ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံချက် အရ အပင်စိမ်းစိမ်းများဖြင့် မျက်စိ ပသာဒ လှပလှပေသည်။

လှည်းဖြင့် (၁၅)မိနစ်ခန့်အသွား **"ဇီးပွားကျေးရွာမှ ကြိုဆိုပါ၏"** ရွာအဝင် အစိမ်းရောင်အောက်ခံ အဖြူစာလုံးကြီးကြီးဖြင့် ရေးသားထား သော ကြိုဆိုရေးဆိုင်းဘုတ်ကို မြင် တွေ့လိုက်ရသည်။

ဘိုသိန်း မောင်းလာသော လှည်း သည် ဇီးပွားရွာကို ဖြတ်ရင်း ရွာမှထွက် သည်နှင့် ဆင်ဦးခေါင်း နှာမောင်းသွယ် ဆင်းလာဟန် ငွေချိုတောင်တော်မြတ် အား ဖူးမြင်လိုက်ရပါသည်။

ထိုတောင်နှင့် တစ်ဆက်တည်း တူရှင်းတောင်တန်းအဆုံး **ခင်ကြီးဆင့် တောင်တော်မြတ်**ကိုလည်း ဖူးတွေ့ လိုက်ရပြန်သည်။

ငွေချို–ရှားပင်–ဇီးပွား စသော ရွာတို့ကား ချမ်းမြေ့ဖွယ် နေရာလေး ပေတကား။ ငွေချိုတောင်သို့ ရောက် သည်နှင့် ငွေချိုတောင်တော်မြတ်နှင့် ဆုတောင်းပြည့်ဘုရား တည်ရှိသော ဒေသဝန်းကျင်အား ပြုစုစောင့်ရှောက် နေသော ဆရာတော် ဦးတေဇောသာရ **(၂၀၀၁ ခုနှစ် ရောက်ရှိစဉ်က)** သက် တော် (၄၇)နှစ်၊ သိက္ခာတော်(၂၇)နှစ် ထံသို့ ဝတ်ပြုကန်တော့ဖြစ်ကြသည်။

'ဆရာတော်ဟာ ဒီငွေချိုတောင်မှာ (၁၃) ဆက်မြောက် ကျောင်းထိုင်ဆရာတော်၊ ပထမဦးဆုံး ကျောင်းထိုင်ဆရာတော်က တော့ ခင်ကြီးချောလို့ခေါ်တဲ့ ဆရာတော်၊ ဟိုးအရင်က ဆရာတော်တွေရဲ့ ဘွဲ့တော် ရှေ့မှာ ခင်ကြီးတတ်ကြတယ်။ ကျောင်းထိုင်



www.burmeseclassic.com

www.burmeseclassic.com



◆ ရွာပင်ရွာတောင်ဘက် ရေနံချောင်းကားလမ်းဘေးမှ ဇွေချိုတောင်တက်မြတ်သွားရာ အဝင်ဝမုခ်ဦး

◆ ဇွေချိုတောင်တက်ရင်း အဝင်ဝမုခ်ဦး တည်ဆောက်ပြီးစီးပုံ





◆ ဇွေချိုတောင်တော်မြတ်အား ပြုစုစောင့်ရှောက်နေသော ဆရာတော် ဦးတေဇောသာရ ရုပ်ပုံ

ဆရာတော်အဆက် ပြောရရင်...

၁။ ခင်ကြီးချော } ညီကို
၂။ ခင်ကြီးပန် } ညီကို
၃။ ခင်ကြီးအိပ် (*ရွာပင်ရွာတောင်ဘက်မှာ အရိုးအိုးရှိသည်။*)
၄။ ခင်ကြီးအို
၅။ ခင်ကြီးအိန္ဒ (*ကျောက်စေတီအရိုးအိုးအဖြစ် အည်ထားသည်။*)
၆။ ခင်ကြီးသယ် (*အုတ်စေတီအရိုးအိုးအဖြစ် အည်ထားသည်။*)
၇။ ခင်ကြီးရွှေသာ } *မင်းဒေါင့်ရွာသား ညီကို*
၈။ ခင်ကြီးရွှေအေး } *မင်းဒေါင့်ရွာသား ညီကို*
၉။ ခင်ကြီးပုတာ(ခေါ်)ဦးဝိမလစာရ
၁၀။ ဦးကေတု
၁၁။ ဦးကာဝိန္ဒ
၁၂။ ဦးဣန္ဒဝံသ
၁၃။ ဦးတေဇောသာရ

ဆရာတော်အထိ (၁၃)ဆက်မြောက်ပဲပေါ့။ ဆရာတော်ပဲ ဒီဇွေးချိုတောင်တော်မြတ်မှာ သီတင်းသုံးရင်း ပြုစုစောင့်ရှောက် မွမ်းမံပြင်ဆင်နေရတယ်ပေါ့။ ခင်ကြီး အဆက်(၉)ဆက်ကနေ ပေါက်ဖွားလာခဲ့တာပဲ'

ယခုလက်ရှိဆရာတော် ဦးတေဇောသာရမှ စိတ်ရှည်စွာ ရှင်းပြတော်မူသည်။


'ဒီဇွေးချိုတောင်ကို **ရွှေချိုးတောင်** လို့လဲခေါ်တယ်။ ဘုရားလောင်း နစဉ်အခါက **ချိုးမင်းအဖြစ်**နဲ့ နေခဲ့ဖူးတဲ့ ပုဂံမြို့တောင်ဘက် တူရွင်းတောင်တန်း အဆုံး ဆင်နှာမောင်းကဲ့သို့သော တောင်မဟာ(ယခု ဇွေးချိုတောင်)ကို အစွဲပြုလို့ **"ရွှေချိုးတောင်"** လို့ခေါ်တယ်'


ဆရာတော် ဦးတေဇောသာရမှ ပြောလည်းပြော မှန်ပေါင်သွင်းထားသော ဇွေးချိုတောင် သမိုင်းအကိုးအကားစာတမ်းအထောက်အထားများ အုတ်



www.burmeseclassic.com

www.burmeseclassic.com






◆ ရှင်ပင်မဟာအကြွင်းကသာဓိနုန်ဦးဘုရား
ကိန်းဝပ်စံပယ်သော မုဏ္ဍာစေတီ

ရွှေချိုတောင် အရှေ့တောင်တန်း
တစ်ဝက်ခန့်မှ ဖူးတွေ့ရသော
ရန်ကင်းတောင်(အထက်မှစေတီ) ▶

ပြသည်။

* * *




ရွှေချိုတောင်ဘုရားသို့သွားရန် မြေပုံ

'ရေနံမြေကျော်သူရေးတဲ့ မြေလတ်ဒေသမှ ဘုရားများသမိုင်းစာအုပ်မှာ "**ရွှေချိုးတောင်**" ဆုတောင်းပြည့် ဘုရားမှာလည်းကောင်း၊ ဓမ္မရုပ်စုံ မဂ္ဂဇင်းမှာလည်းကောင်း၊ တောင်တွင်းဘိုသိန်းရဲ့(၃၁-၃-၉၄) ကြေးမုံသတင်းစာမှာလည်းကောင်း၊ ဆရာဆန်းလွင်ရဲ့ (၂၁-၄-၉၅)ရက်မှာ မြန်မာ့အလင်းသတင်းစာမှာ "ဗုဒ္ဓတန်ခိုးရတနာမိုးအံ့ဖွယ်ထူးခြား မိုးဘုရား" စသည်ဖြင့် အချက်အလက် စုံလင်စွာ ရေးသားဖော်ပြထားတယ်။ လေ့လာကြည့်ပေတော့'

ဆရာတော်ပေးသမျှ စာအုပ်စာတမ်းများအား ယူကြည့်ဖြစ်သည်။ လေ့လာဖြစ်သည်။ ဆရာ ရေနံမြေကျော်သူ၏ "**ပင့်စာမပါလျှင် ဘုရင်ထံသို့ပင် ကြွချီတော် မမူသော ရွှေချိုးတောင်ဆုတောင်းပြည့်ဘုရား**" တွင် ဖော်ပြထားရာ၌...

အလောင်းစည်သူ မင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

သိကြားမင်း ဆက်သသော ဘုရားရုပ်တုများကို မြတ်သော ရွှေပလ္လင်ထက်၌ တင်တော်မူပြီး ဖောင်စကြာဖြင့် ပြန်ကြွတော်မူလာရာ မာလာယုကျွန်းသို့ အရောက်တွင် ဘီလူးများစွာတို့က နှံ့သာအမျိုးမျိုးဖြင့် ပူဇော်ကြကုန်၏။

"ဤနံ့သာ အထောင်အသောင်းကို ငါ အလိုတော်မရှိ၊ သရက္ခန်သား၊ ဒက္ခိဏာသာခါကိုသာ အလိုရှိသည်။ ဒက္ခိဏာသားကိုရလျှင် ဘုရားရုပ်တု ထုလုပ်၍ ကိုးကွယ်ဖူးမြော်ချင်သေးသည်"


ဟု မိန့်တော်မူလေသည်။ မင်းကြီးသည် ထိုဆန္ဒဖြင့် စိတ်နှလုံး မရွှင်မလန်း ဖြစ်သည်ကို သိကြားမင်း သိလေလျှင် မင်းကြီးထံမှောက် ရောက်လာပြီး…

"စိတ်နှလုံး ညှိုးနွမ်းဆင်းရဲခြင်း ဖြစ်တော်မမူပါလင့်။ မကြာချက်ချင်း ကျွန်ုပ်ကိုယ်တိုင် ယူဆောင်ပေးပါမည်"

ဟု ပြောကြားမှ မင်းကြီးသည် ရွှင်လန်းအားရ လန်းဆန်း၍ သွားပါတော့သည်။

သိကြားမင်းသည် သီဟိုဠ်ကျွန်းသို့ သွား၍ ပါဠလိပုတ်ပြည်ကြီး ရှင်ဘုရင် ဒေဝါနံပိယတိဿ မင်းကြီးအကျိုးငှာ အဓိဋ္ဌာန်ထား၍ မဖျိုမ မဟာဗောဓိမှ ဒက္ခိဏာသာခါအခက်ကို ပင့်ဆောင် အပ်သကဲ့သို့ ပုဂံပြည့်ရှင် ဘုရင် အလောင်းစည်သူမင်းကြီး အကျိုးငှာ ဆေးဒန်းမြင်းသီလာဖြင့် ရေးသား၍ အဓိဋ္ဌာန်ပြုကာ ပင့်ဆောင်တော်မူလေတော့သည်။

ထိုခဏမှာပင် မဟာဗောဓိပင်မှ သိကြားမင်း ပင့်ဆောင်အပ်သော ထင်ရှည်အခက်သည် ရုတ်တရက် မြတ်ကြွေ၍ မြေသို့ မကျသေးဘဲ ကောင်းကင်ထက်သို့ တက်ပြီးလျှင် အထူးထူးသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသည်။



◆ ချိုးမင်းထဝတီပုံ

သိကြားမင်းလည်း ရတနာပန်းတောင်းဖြင့် ခံလင့်၍ မဟာဗောဓိခက်ကို ပင့်ဆောင်လေသည်။

မဟာဗောဓိခက်သည် ခြောက်ပါးသော ရောင်ခြည်တော်တို့ကို ပြ၍ ရတနာပန်းတောင်းထက်သို့ သက်လေလျှင် မြေငလျင် ပြင်းစွာ တုန်လှုပ်လေ၏။

နတ်အပေါင်းတို့လည်း ကောင်းကင်ထက်မှ ကောင်းချီးပေး၍ ကြွေးကြော်ကြလေကုန်၏။ အထူးထူးသော တူရိယာတို့ကို တီးမှုတ်လျက် သောသောအုတ်အုတ် ပူဇော်လာကြကုန်၏။

သိကြားမင်းလည်း ဒက္ခိဏာသာခါ မဟာဗောဓိသားကို ယူဆောင်ပြီး သီဟိုဠ်ကျွန်းရှင် ဘုရင်မင်းမြတ်အား ဘုရားရှင်ရုပ်တု ထုလုပ်ရန် အပ်နှံလေသည်။ သီဟိုဠ်ဘုရင်လည်း ပန်းပု အကျော် ပန်းဆစ်အမော်တို့ထံ အပ်နှံ၍ ဘုရားရုပ်တုကို လျင်စွာ ထုလုပ်စေလေသည်။

ပြီးလျှင် သိကြားမင်းနှင့်အတူ ဘုရားရုပ်တုတော်များကို အလောင်းစည်သူမင်းကြီးအား ဆက်သတော်မူသည်။ မင်းကြီးလည်း လွန်စွာ အားရနှစ်သက်တော်မူပြီး နေပြည်တော်သို့ ပြန်ကြွခဲ့လေသည်။

## အပြန်လမ်းဝယ် ဘုရားတည်

အလောင်းစည်သူ မင်းကြီးသည် သိကြားမင်း ဆက်သ၍ ရရှိသော ဘုရားရုပ်တုတော်များကို အပြန်လမ်းခရီးတွင် အမြို့မြို့ အရွာရွာ၌ ကပ်လှူပူဇော် တည်ထားကိုးကွယ်ခဲ့လေသည်။

ရှေးဦးပထမ စစ်ကိုင်းတောင်၌ ရှင်ဖြူရှင်လှ နှစ်ဆူကို ပူဇော်တော်မူသည်။ **သရက္ခန်(၅)ဆူနှင့် မြတ်ပေါင်း မဥ္ဇူပေါင်း(၆)ဆူကို** ထွန်းရွာ၌ သရက္ခန်တစ်ဆူ၊ ပခန်းတွင်တစ်ဆူ၊ ရှင်မတောင်တွင် တစ်ဆူ၊ ဆင်ကြို ရွှေကူတွင်တစ်ဆူ၊ အညာသီဟတောတွင်တစ်ဆူ ကိုးကွယ်တော်မူပြီးလျှင် မြတ်ပေါင်းမဥ္ဇူကို ပခန်းကြီးတွင် ကိုးကွယ်တော်မူသည်။

သစ်ကနက်တစ်ဆူကို ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားအတွင်းမှာ တစ်ဆူ၊ ဖောင်တော်ဦးတွင် ဉာဏ်တော် တစ်တောင်နှစ်မိုက်ခန့်ရှိသော ဆင်းတုတော်တို့ကို ကိုးကွယ်တော်မူပြီး ကြွင်းသော ဘုရားများကို ပုဂံနေပြည်တော်သို့ ပင့်ဆောင်ကိုးကွယ်တော်မူလေသည်။

ထိုစဉ် မင်းကြီးသည် ညအိပ်စက်ချိန်၌ အိပ်မက်တော် မြင်မက်သည်မှာ…

"ငါဘုရားသည် မင်းကြီး၏ နန်းတော်၌ မကျိန်းဝပ်လို၊ ပုဂံမြို့တောင်ဘက် တရွင်း တောင်တန်းအဆုံး ငါဘုရား ချိုးမင်းဖြစ်ခဲ့

www.burmeseclassic.com

ထိုက ရှေးခဲ့သော ဆင်နှာမောင်းကဲ့သို့ သော တောင်မဟာတစ်လုံးရှိ၏။ ယင်း ရွှေချိုတောင်သို့ ဖို့ပါ"

ဟု အိပ်မက်ပေးလေသည်။

မင်းကြီးလည်း နံနက်လင်း ညီလာခံတွင် ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့နှင့် တိုင်ပင်၍ သက္ကရာဇ် ၄၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက်နေ့တွင် မုဋ္ဌောစေတီအတွင်းသို့ ဒက္ခိဏာသာခါ တစ်တောင်နှစ်မိုက်ခန့် ရှိသော ဆုတောင်းပြည့် မြတ်စွာဘုရားကို တည်ထားကိုးကွယ်တော်မူ၏။

ဆရာတော် ဦးတေဇောသာရ မိန့်ကြားသော ရွှေချိုးတောင်တော် ဖြစ်ပေါ်လာပုံ အတိတ်သမိုင်းကား စိတ်ဝင်စားဖွယ် ကောင်းလှကြောင်းကို **ဆရာရေနံမြေကျော်သူ၏ ဆောင်းပါးတွင်** အထက်ပါအတိုင်း အသေးစိတ်ရှင်းပြထားသည်။

'တောင်ပေါ်မှာ ချိုးမင်းစေတီတော်ကို ၁၃၅၃ ခုနှစ်မှာ ရန်ကုန်မြို့မှ ဦးမြသောင်း+ဒေါ်တင်မြိုင် မိသားတစ်စုက အဓိဋ္ဌာန်အောင်မြင်လို့ ချိုးမင်းစေတီနဲ့ သိန်း(၃၀) ကျော် ကုန်ကျသော (၂)ထပ်ကျောင်းဆောင်တိုက်ကျောင်းကြီးအား တည်ထားဆောက်လုပ်ကိုးကွယ်ခဲ့တယ်။

တောင်တော်ခြေရင်းက မြင်တွေ့ရတဲ့ ချိုးမင်းတံခွန်တိုင်တွေကတော့ ဆရာတော်ပဲ တည်ဆောက်ခဲ့တယ်'

ဆရာတော်ပေးသော အကိုးအကားအချက်အလက် စာအုပ်စာတမ်းများကို လက်တစ်ဖက်မှ ယူဆောင်ပြီး ဆရာတော်နှင့်အတူ တောင်တော်ပေါ်သို့ တက်ရန်ပြင်တော့သည်။

'တောင်ပေါ်ကို အနောက်စောင်းတန်းနဲ့ အရှေ့စောင်းတန်း နှစ်ခုရှိတယ်။ အနောက်ဘက်က မြင့်ပြီးရှည်တယ်။ အရှေ့ဘက်စောင်းတန်းက တက်ရတာ ပြေတယ်'



▲ ချိုးမင်းတံခွန်တိုင်

စာရေးသူ၊ စာရေးသူ၏ညီ မောင်ဘိုသိန်း၊ စာရေးသူ၏ဇနီးဖြစ်သူတို့နှင့်အတူ ဆရာတော်နောက်မှ လိုက်ကြသည်။ စောင်းတန်းမုခ်ဦးကို ခြင်္သေ့အစား ပစ်တိုင်းထောင်အရုပ် တစ်ဖက်စီဖြင့် ထူးခြားနေသည်။

တစ်ထစ်ချင်း တက်ရင်းဖြင့် စောင်းတန်းဘေး တောင်ဘက်မှ မြင်တွေ့ရသော တောင်ကုန်းအား လှမ်းပြသည်။

'အဲဒီတောင်က ရန်ကင်းတောင်လို့ခေါ်တယ်။ ဘုရားလောင်း ချိုးမင်းဘဝက အန္တရာယ်ကင်းအောင်နေတဲ့ တောင်ဖြစ်လို့ ရန်ကင်းတောင်လို့ခေါ်တယ်။

အဲဒီတောင်ပေါ်မှာ တဝဂ္ဂဘုရား တည်ထားကိုးကွယ်တယ်။ အဲဒီဂူရှေ့မှာ လောကီအစီအရင်တွေ စီရင်ကြတယ်။ အရင်က ပွဲတွေပေးပြီး အလှူအတွက် ရှင်လောင်းနားထွင်း အဝတ်အစားတွေ ငှားရမ်းလို့ရတယ်လို့ ဆိုတယ်'

စာရေးသူတို့ ဆရာတော် ညွှန်ပြသော တောင်ကုန်းမို့မို့ထက်မှ ထုံးဖြူဖြူစေတီလေးဖြင့် ကြည်နူးလွမ်းမောဖွယ်ရာ ဖူးတွေ့ရသည်။ ဆက်၍ တက်ခဲ့ရာ ချိုးရုပ်တံခွန်တိုင်တစ်ခုရှိပြီး စေတီအထက်အရစ်တွင် ချိုးငှက်များဖြင့် ချိုးမင်းစေတီအား ဖူးတွေ့ရသည်။ တောင်ပေါ်ရောက်သော်အခါမှ မုဋ္ဌောစေတီအား ဖူးတွေ့ရသည်။

'ဒီမုဋ္ဌောစေတီတွင်းမှာပဲ အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ထားတဲ့ ဉာဏ်တော် တစ်တောင်နှစ်မိုက်ရှိတဲ့ "ရှင်ပင်မဟာ ဒက္ခိဏာသာခါ နန်းဦးဆုတောင်းပြည့်ဘုရားကို တည်ထားကိုးကွယ်ခဲ့တယ်'

စာရေးသူတို့ သပ္ပါယ်လှစွာသော ဘုရား၏မျက်နှာတော်ကို ဖူးမြော်ကန်တော့ရင်း သမိုင်းဝင် ဆုတောင်းပြည့်မြတ်စွာဘုရားအား ကြုံတုန်းကြုံခိုက် ဓာတ်ပုံရိုက်ခဲ့ကြသည်။ မှတ်တမ်းတင်ဖြစ်သည်။

ဝတ်ပြုပူဇော်ရင်းမှ ရွှေချိုးတောင်တော် ရှုခင်းသာ(VIEW POINT) နေရာမှ လေးဖက်လေးတန် လှမ်းမျှော်ကြည့်ကြသည်။

ငွေးချို၊ ရှားပင်၊ တူရွင်းတောင်တန်းကြီး၊ ငွေးချိုရေကန်ကြီးမှအစ သာယာလှပသော ရှုခင်းကား ကြည့်မဝအောင်ဖြစ်ရသည်။ လွမ်းမောဖွယ်ကောင်းလှသည်။ မြင်မြင်သမျှ အသချေ အလှအပတို့ကား ကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းလှသည်။

'ဒီနေရာလေးဟာ ဒီနယ်တစ်ပိုက်မှာ စိတ်ချမ်းမြေ့ဖွယ်ရာ ရှုခင်းတွေ မြင်တွေ့ရလို့ ဒီတောင်ပေါ် ရောက်လာတိုင်း ဒီနေရာလေးကနေ ကြည့်ပြီး အပန်းဖြေတတ်ကြတယ်'

လတ်ဆတ်သင်းပျံ့သော အညာလေပြည်အေးအေးလေးတို့သည် စာရေးသူတို့၏ ပင်ပန်းမှုလေးများအား တစ်ခဏ ငြိမ်းအေးစေပါသည်။

'ဒီတောင်တော်ဟာ ချိုးမင်းကို အစွဲပြုလို့ ရွှေချိုးတောင်လို့ အမည်ခေါ်သလို တော



www.burmeseclassic.com

www.burmeseclassic.com



▲ ယင်းဘုရား စံပယ်ရာ တဝင်္ဂရုတွင် လောကီအစီအရင်များ စီရင်ခဲ့ခြင်း၊

အလှူအတွက် နားထွင်းအဝတ်အစားများ ငွေရှာလုပ်ကိုင်သည်ဆိုသော တဝင်္ဂဘုရားဆုံးဖတ်

ဆုပန်ဘုရားလို့လဲ ခေါ်ကြပြန်တယ်'

သမိုင်းသက်သေ အထောက်အထား အရ သက္ကရာဇ် ၁၂၄၅ ခုနှစ်မှာ သီပေါ မင်းတရားကြီး၏ တောင်ညာစံဒေဝီ မောသီ မိဖုရားကြီးဟာ သားသမီး ရာ မထွန်းကား၍ သားဆုပန်လို့ ဆိုနိုးကြီးဘုရားတစ်ဆူ နန်းတော် သို့ ပင့်ဆောင်ကိုးကွယ်လို၍ မိန့်ကြား သည်။

ထိုအခါ စလေမြို့အပိုင် ငွေးချို ကျောင်းတန်းအနီး "ဇီးပွားရွာဦး" ကျောင်းတောင်ထိပ် လိုဏ်ဂူတွင်းမှာ ဘုရားကောင်းရည်သူ မင်းကြီးအား ကြေးလွင်း ဆက်သခဲ့သော ဉာဏ် တော်မြင့် တစ်တောင်နှစ်မိုက်ရှိ ကျောက်သား ဆုတောင်းပြည့်ဘုရား တည်ရှိကြောင်း ဆုပြည့်ကြောင်း နန်းစဉ် တော်ဝင် ရောက်၍ တွေ့ရကြောင်း လျှောက်ထားရာမှ သီပေါဘုရင်ကြီး သည် မန္တလေးမြို့ နန်းဦးဆရာတော် ကြီးနှင့်တကွ အတွင်းဝန်ကြီးများပါ ဘုရားပင့်ဆောင်ရန် အမိန့်ချမှတ် လိုက်သည်။

'ဘုရား ပင့်ဆောင်ရေးအဖွဲ့ဟာ ရွှေချိုးတောင်ရောက်တော့ အဲဒီတောင် တော်ကို စောင့်ရှောက်တဲ့ ခင်ကြီး ဘူတာထံ ခွင့်တောင်းပြီး ဒက္ခိဏာသာခါ ဆုတောင်းပြည့်ဘုရား ပင့်ကြတယ်။

ဘုရင်ရဲ့ပင့်စာ မပါလို့ ပင့်မရဘူး။ တစ်တောင်နှစ်မိုက်သာရှိတဲ့ ဘုရား ဟာ ဘုရားမုခ်ဝ မဆံ့ ပြည့်လျှံပြီး ပင့်မရခဲ့ဘူး။ နန်းတော်ပြန်ပြီး သီပေါ မင်းကြီးရဲ့ ပင့်စာပါမှ ပင့်လို့ ရခဲ့တယ်။

နန်းတော်ရဲ့ထိပ်မှာထား ကိုးကွယ် ခံရလို့လဲ နန်းတော်ဦးဘုရားလို့လဲ အမည်တွင်ပြန်တယ်။

သားဆုပန်ရာမှာ ပြည့်ဝလို့ အနယ် နယ် အရပ်ရပ်က" လာရောက်ပြီး ဆားဆုပန်ကြတယ်။ သားသမီး ရရှိ အောင်မြင်ကြတယ်။

**ဒီရွှေချိုးတောင်မှာ ထူးခြား အံ့ဖွယ်ရာ တွေ့ရှိပြန်တယ်။**

၁။ ချိုးအပေါင်းများစွာတို့ တစ်ပါးသော စိုက် ခင်းယာတွင်းသို့ မဝင်မစားသောက်ကြ။

၂။ တောင်ရဲ့ မြောက်ဘက်မှာ ချိုးမင်း၏ လိုဏ်ဂူတစ်လုံးရှိခြင်း။

၃။ တောင်၏ မြောက်ဘက်မှကြည့်က သံပုံ စေတီပမာ ဖူးတွေ့ရခြင်း။

၄။ အနောက်ဘက်ကကြည့်က ဆင်ဦးခေါင်း ပမာ ဆင်နှာမောင်းသွယ်ဆင်းလာဟန် ကြည့်ရှုဖွယ် သာယာကြည်နူးစရာမြင်ကွင်း။

၅။ အရှေ့တောင်ဘက်က ကြည့်လျှင် ရွှေစက် တော် အထက်ခြေတော်ရာပမာ ကြည်နူး စရာ ဖြစ်ခြင်း။

နဂ္ဂဟ္ဂာရောင်ခြည်မဂ္ဂဇင်း ၂၃ (စာမျက်နှာ (၁၁၈) သို့)

www.burmeseclassic.com

ကြော်ငြာ ဆောင်းပါး

# ကျားမှန်လျှင် အားသန်ရမည်



အမျိုးသား အားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုး) ဖြစ်တတ်သူများမှာ...

၁။ မေထုန်မှု လွန်ကဲသူများ။
၂။ သဘာဝမဟုတ်သော ဟတ္ထမေထုန်ပြုသူများ။
၃။ ကုန်ခန်းသွားသော သုက်၏ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူ များ။
၄။ အပျော်အပါး လိုက်စားသူများ။
၅။ သားကြောဖြတ်ထားသူများ။
၆။ မြစ်ခြောက်နာ ရှိသူများ။
၇။ အဆုတ်ရောဂါ ရှိသူများ။
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ။
၉။ ဆီးချို၊ သွေးချိုရောဂါ ရှိသူများ။
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ။
၁၁။ အသက်အရွယ်ကြီးရင့်သူများ

ပန်းသေ၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေ၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြပေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေရောဂါ ဖြစ် တတ်ကြတယ်။ ပန်းညှိုးရောဂါဝေဒနာခံစားရတဲ့လက္ခဏာများကတော့...

၁။ လိင်တံ တောင့်တင်းခိုင်မာမှု မရှိခြင်း။
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း။
၄။ မောပန်းလွယ်ခြင်း။
၅။ အစားအသောက် ပျက်ခြင်း။
၆။ ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း။
၇။ သတိမေ့လျော့တတ်ခြင်း

စတဲ့အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ ဝေဒနာလက္ခဏာများဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်အိမ်ကြီးဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သရီရဓာတ်(၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလ ပန်းညှိုးရာက ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင်...

၁။ ဇေးတစ်လုံး တက်ခြင်း။
၂။ ကာမရာဂစိတ် ကုန်ခန်းခြင်း။
၃။ သုက်လွှတ်မြန်ခြင်း။
၄။ သလုံးသားများ ခြောက်ခြင်း။
၅။ သလိပ်အုပ်စု ခန်းခြောက်ခြင်း။
၆။ နှုတ်ခမ်း လျှာ ဖြူခြင်း။
၇။ အားအင်ကုန်ခန်းခြင်း။
၈။ စကား မပီသခြင်း။
၉။ စသံ၊ နသံ မကွဲပြားခြင်း။
၁၀။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း။
၁၁။ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း စတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေခြင်း လက္ခဏာ (၁၁)ချက်ကို တွေ့ထိခံစားနေရပြီဆိုရင် မေ့လျော့ပေါ့ဆမနေပါနဲ့။ "ပြည်စိုး" အထူးကုတိုင်းရင်းဆေးခန်းကို အမြန်အရောက်လှမ်းခဲ့ပါ။

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ-၁၂၇၄)နဲ့ ဆရာဦးစိုးမော် (တဆ-၂၆၁၁)တို့က အမျိုးသား အားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုးရောဂါ)များအပြင် အခြားရောဂါများဖြစ်တဲ့ ...

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်၊
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နှလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါများကို အကြောပညာ၊ ဆေးပညာဖြင့် နာယလေးပါးနှင့် ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

တွေ့ဆုံဆက်သွယ်နိုင်သည့် လိပ်စာ ...


မြန်မာ့နန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့်နှင့်သား ဦးစိုးမော်
ပြည်စိုး အထူးကုတိုင်းရင်းဆေးခန်း
အမှတ် (၁)၊ လိပ်ကန်အနီး၊ တောက်ဘာက်မုန်၊
ကျိုက္ကဆံ ဘုရားဝင်း၊ သယ်န်းမြို့နယ်၊ ရန်ကုန်မြို့
Ph : 09 31054631, 09 251031871


www.burmeseclassic.com

www.burmeseclassic.com

# ရာကျော်ဘိုးကိုတွေ့ရ

ထွက်ရပ်လမ်းနှင့် အောင်မြေ

အောင်ဖြ (LL.B)



◆ ဓာတ်ပုံ၌ ရာကျော်ဆရာတော်ကြီးနှင့်အတူ တွေ့ရသော ယာဘက်မှ ကိုရင်မှာ (ယခု ဆရာကြီးဦးအောင်သန်း)၊ ဝဲဘက်မှ ထိုင်းကိုရင် ဖြစ်ပါ

၁၃၅၈ ခုနှစ်၊ တော်သလင်းလဆုတ်တွင် စာရေးသူသည် **မိုးကုတ်မြို့**သို့ ရောက်ရှိခဲ့ပါသည်။ ရွှေဂူကြီးဘုရား အနီး နေထိုင်သော **ဦးကျော်တင့်**နှင့် ဈေးဟောင်းရပ်မှ **ဦးထွန်းတင်**တို့၏ ကူညီလိုက်ပါ ပို့ဆောင်ခြင်းကြောင့် ထူးခြားသော နေရာတစ်ခုသို့ ရောက်ရှိခဲ့ရသည်။

မိုးကုတ်မြို့မှ အနောက်ဘက် (၁၃)မိုင်ခန့် ကွာဝေးသည့် **ဖွေးပင်ရွာ**နှင့် မနီးမဝေး တောင်ကုန်းမြင့်ပေါ်၌ **မျှော်တော်ရောင်**ဟု ဘွဲ့အမည်ရှိ **ကိုးနဝင်းစေတီတော်** တစ်ဆူကို သပ္ပါယ်စွာ ဖူးတွေ့ခဲ့ရသည်။

'ဒီမျှော်တော်ရောင် စေတီတော်ကို **ရာကျော်ဆရာတော်ကြီး ဘိုးကိုတွေ့** ကိုယ်တိုင် ဦးစီးပြီး တည်ထားခဲ့တာပဲ။

**မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ် ဝန်းကျင် ဆရာတော်ဘုရား ထွက်ရပ်လမ်း မသွားသေး အချိန်မှာပါပဲ။**

**ပန်းရန်ဆရာက စေတီတော်ကို မုခ်ထိုက်အရှေ့ဘက် လှည့်ပြီး လုပ်ထားတယ်။ ဆရာတော်က မြန်မာပြည်ကို မြောက်ဘက်ကို မုခ်ထိုက်လှည့်ခိုင်း တယ်။ အဲဒီ ထူးခြားချက်ပါပဲ'**

ထိုမျှော်တောင်ရောင်စေတီတော် အနီးရှိ ကျောက်တုံးမြင့်ပေါ်၌ ဦးကျော်တင့်နှင့် ဒေါ်နှင်းအိပ်မိသားစုမှ အကာပြု၍ လှူဒါန်းထားသော ဆုတောင်းပြည့်စေတီတော်ကို ဖူးမြော်ရပါသည်။

'မျှော်တော်ရောင် စေတီတော်က ခင်ချည်တစ်စ ခဲချည်ပြီး ချလိုက်ရင် ကောင်းအောက်လိုဏ်ဂူထဲက ဆုတောင်း ပြည့်စေတီတော်ကို တည့်တည့်ရောက်တယ်။ အဲဒီလိုဏ်ဂူဟာ **ရာကျော်ဆရာတော်ကြီး သဒ္ဓမ္မဒေဝ ထိုက်ကျိုး** တရားအားထုတ်အောင်မြင် ခဲ့ပါ၏ **"ဝေဿန္တရာဂူ"**လို့ ခေါ်ကြပါသည်။

မျှော်တော်ရောင်စေတီတော်၏ရုပ်ပုံ အရှေ့မြောက်ဘက်ထောင့်၌ စကျင်ကျောက် ဖြင့် ထုဆစ်ထားသော ကျောက်စာတိုင်တစ်တိုင် ကို တွေ့မြင်ရသဖြင့် ဖတ်ရှုကြည့်ပါသည်။

ရှေ့ဘက်မျက်နှာ


* * *






www.burmeseclassic.com

www.burmeseclassic.com




နောက်တက်ဖျက်နည်း

* * *







◆ ဖျော်တော်ကျောင်းစေတီ
မြောက်ဘက်မုခ်မှ
ကျောက်စာတိုင်

◆ ဖျော်တော်ကျောင်းစေတီအနီးရှိ
ဦးကျော်တင့်၊ ဒေါ်နန်းအိမ် မိသားစု
ကုသိုလ်တော် စေတီငယ်

'ရာကျော်ဆရာတော်ကြီး တရားအားထုတ် အောင်မြင်ခဲ့တဲ့ **ဓွေးပင်ဂူ (ဝေသန္တရာဂူ)**ရဲ့ မြောက်ဘက် (၂)မိုင်ကျော်လောက်မှာ **ရွှေတိုင်ကုန်း (နန်းရုပ်)**တောင်ဆိုတာ ရှိတယ်။

အဲဒီမှာ ရာကျော်ဆရာတော်ကြီး ပထမ ကျောင်းတော်ရာနဲ့ စေတီပုထိုး ပျက်စီးယိုယွင်းနေတာတွေလဲ ရှိတယ်။ ရာကျော်ဆရာတော်ရဲ့ တပည့်တစ်ဦး ဖြစ်တဲ့ **ဆရာပိုင်(တောင်တွင်းကြီး)**က **ဆင်ဖူး ဘုရားတစ်ဆူ**ကို ပြန် ပြုပြင်မယ်ဆိုပြီး အုတ်မြစ် တူးနေစဉ်မှာပဲ ကွယ်လွန် သွားလို့ အကောင်အထည် မပေါ် ခဲ့ဘူး။

**အဲဒီမှာ ဒီကျောက်စာတိုင်ကိုတွေ့ရှိရလို့ ကြာရင် ပျက်စီးပျောက်ကွယ်သွားမှာစိုးလို့ ကျွန်တော်က ၁၃၅၄ ခုနှစ်မှာ တူးယူလာပြီး ဖျော်တော်ကျောင်း စေတီ ရင်ပြင်မှာ စိုက်ထူခဲ့တာပါ'**

ဦးကျော်တင့်မှ ရှင်းပြခြင်း ဖြစ်ပါသည်။ အမြော်အမြင် ကြီးမားမှုကို ကျေးဇူးတင်ရပါတော့သည်။ ကျောက်စာတိုင်၏ နောက်ကျောဘက်၌ ထွင်းထားသော စာတန်းများကို ဖတ်ကြည့်ပြန်သောအခါ...

**"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**


**"၁၃၀၀ ပြည့်နှစ်၊ ကွယ်လွန်သူ ဖျာပုံမြို့သူဌေး သိမ်ကြီးဒါယကာ ဦးသက်ရှည်-ဒေါ်အိမ်စောင်၊ သမီး ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း၊ ခြံနံပါတ်(၁၀၈) မစောမေ၊ သား မောင်ထွန်းမင်း၊ မောင်မောင်ညွှန့်၊ သမီး မသန်းစိန်၊ မမြွှေယ်တို့ ကောင်းမှု နတ်လူ သာဓု ခေါ်စေသောဝ်"**

ဟု တွေ့ရှိရသည်။

'ဒီကျောက်စာတိုင် ဖြစ်ပေါ်လာရခြင်း အကြောင်းကတော့ သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်မှာ ဓွေးပင်ရွာက ဦးကျောက်လုံး၊ ဒေါ်ဖုံးဆိုတဲ့ ဘုရားဒကာ,ဒကာမတွေကို ဦးဆောင်ပြီး နန်းရုပ်တောင်က ရာကျော်ဆရာတော်ကြီးဘိုးကိတ္တိရဲ့ မူလပထမ ကျောင်း



www.burmeseclassic.com



◆ ရာကျော်ဆရာတော်ကြီး ဦးသုဏ္ဏဓဇ ဘိုးကိုဗွိုင်၏
ထွက်ရပ်လမ်းကျောက်စာ(ရှေ့ဘက်)




◆ ရာကျော်ဆရာတော်ကြီး ဦးသုဏ္ဏဓဇ ဘိုးကိုဗွိုင်၏
ထွက်ရပ်လမ်းကျောက်စာ(နောက်ကျောဘက်)


တော်ရာအနီး ပျက်စီးနေတဲ့ စေတီတော်တွေထဲက စေတီတော်ကြီး(၁)ဆူကို ပြန်ပြီးပြုပြင် ထီးတော်တင်ခဲ့တယ်။

အဲဒီနေ့မှာ ရာကျော်ဆရာတော်ကြီးက သူကိုယ်တိုင် အောင်မြင်ခဲ့တဲ့ ထွက်ရပ်ပေါက်ဓာတ်လုံး စီရင်နည်းကို နောင်လာနောက်သား သူ့လို ပါရမီနဲ့ ဉာဏ်မီရင် ယူနိုင်ကြစေဆိုပြီး ကျောက်စာ ရေးထွင်း စိုက်ထူစေခဲ့တာပါ။ ကျောက်စာတိုင်ရဲ့ အလျှုရှင်ကို ကျောက်စာပေါ်မှာ ရေးထွင်းထားပါတယ်

ကျော်ကြားဓာတ်ဖြစ်သော ဆရာကြီး ဦးအောင်သန်း (၇၉)နှစ်မှ ရှင်းပြခြင်း ဖြစ်ပါသည်။ ထိုဆရာကြီး (၁၂)နှစ်သား အရွယ်က ရာကျော်ဆရာတော်ကြီး



www.burmeseclassic.com





နှင့် တွေ့ရှိပြီး (၃)နှစ် အတူလိုက်ပါ တပည့်ခံ၍ ပညာသင်ယူခဲ့ဖူးသည်။

ရာကျော်ဆရာတော်ကြီးနှင့် ဆရာ ဦးအောင်သန်း ကိုရင်ငယ်ဘဝတွင် ထိုင်း(ယိုးဒယား)ကိုရင်တစ်ပါးနှင့်အတူ တွဲ၍ ရိုက်ကူးထားသော အမှတ်တရ ဓာတ်ပုံကိုလည်း တွေ့ရှိရပါသည်။

**“ကျောက်စာရဲ့ ရှေ့ဘက်မျက်နှာ အပေါ်ပိုင်းမှာ တွေ့ရတဲ့ ဂါထာဟာ ရာကျော်အဘိုးကိုဗွိ အင်္ဂိရုတ်ထိုးရင် အဆက်မပြတ် ရွတ်နေလေ့ရှိတဲ့ ဂါထာ တော်ပါပဲ။ အင်းဆရာရှင်လဲ အဲဒီ ဂါထာ ကို ရွတ်တယ်။**

ရှေ့မျက်နှာက စမရှစ်ကွက်ကို ဗောဓိပက္ခိယ အင်းလို့ ခေါ်တယ်။ တနင်္ဂနွေနေ့မှာ အင်္ဂိရုတ် ထိုးရင် တနင်္ဂနွေအင်းကို စက္ကူမှာရေးပြီး လုံထဲ ထည့်ထိုးတယ်။ ကျန်တဲ့ရက်တွေမှာ လဲ အလားတူပေါ့။

သက်ဆိုင်ရာနေ့မှာ ဆိုင်ရာအင်းကို ရေးပြီး လုံထဲမှာ ဓာတ်သားနဲ့အတူ ထည့်ထိုးတာပါ။

**နောက်ဘက် မျက်နှာမှာတော့**

◆ ရာကျော်ဆရာတော်ကြီး၏
တပည့်ရင်း ဦးအောင်သန်း

**“အောင်သ-စိန်ယုန်။ စိန်ယုန်-ခန်လှ၊ ခန်လှ-ကိဂ္ဂာ”ဆိုတဲ့ ဓိတ်ခတ်တွေ ယူပြီး ခတ်လုံးတည်နည်းတွေကို ဖော်ပြထားပါတယ်။ ဂူရွှာသယခတ်လုံးလို့ ဆရာတော် မိန့်ကြားမူတယ်”**

ဆရာကြီးဦးအောင်သန်း၏ ရှင်းပြချက်များမှာ အင်္ဂိရုတ်ဝါသနာရှင်များ အတွက် တန်ဖိုးရှိနိုင်ပါလိမ့်မည်။ ကျောက်စာတိုင်ကို ကိုယ်တိုင် တွေ့မြင်ဖတ်ရှုလိုလျှင်ဖြစ်စေ၊ ရာကျော်ဆရာတော်ကြီး၏ ထွက်ရပ်လမ်း စီရင်ခဲ့ရာ မူလအောင်မြေ ကျောင်းတော်ရာကို သွားရောက်၍ အောင်ဓာတ် ရယူလိုလျှင်ဖြစ်စေ **မိုးကုတ်မြို့နှင့် ဆက်သွယ်ထားသော ကားလမ်းဘေးရှိ ငွေးပင်ရွာသို့ လမ်းညွှန်လိုက်ပါသည်။**

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇ*(LL.B)***



www.burmeseclassic.com

www.burmeseclassic.com

# မေရှင်နဲ့ ရှင်သီ၀လီ





မောင်အောင်ဝင်းမြန်

အဆိုတော် ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေရှင်ဟာ (၃-၉-၂၀၀၈)နေ့က ည (၁၁း၃၀)နာရီမှာ ကွယ်လွန်ခဲ့ပါတယ်။ နိုင်ငံကျော် ခေတ်ဟောင်း တေးသံရှင်ကြီးတစ်ဦး ဇရာဒုဗ္ဗလ(၉၀) ကျော်အရွယ်မှာ ဆုံးပါးသွားခဲ့ပေမယ့် သတင်းမီဒီယာတွေက သတိတရ မမေ့နိုင်ကြသေးတဲ့ ပရိသတ်တွေအတွက် အတ္ထုပ္ပတ္တိနဲ့အတူ ရေးသားတင်ပြကြပါတယ်။

မေရှင် ရိုက်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတွေ၊ မေရှင် သီဆိုခဲ့တဲ့ တေးသီချင်းတွေကိုလဲ လက်လှမ်းမီသမျှ ရေးသားခဲ့ကြပါတယ်။ အဲဒီထဲက အချို့ဂျာနယ်တွေရဲ့ မေရှင်ဆိုတဲ့ သီချင်းစာရင်းမှာ "ရှင်သီ၀လီ" ပါဝင်နေပါတယ်။

ဒါပေမယ့် ရှင်သီ၀လီ သီချင်းကို မေရှင် မဆိုခဲ့ပါဘူး။ သန်းလှိုင် ပြုစုခဲ့တဲ့ ခေတ်ဟောင်း သီချင်းပေါင်းချုပ်ထဲက မေရှင်သီချင်းတွေထဲမှာ ရှင်သီ၀လီ မပါပါဘူး။ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်တဲ့ "တေးရေးပညာရှင်ကြီးများ၏ ခေတ်ဟောင်း တေးသီချင်းများ" စာအုပ်ထဲမှာလဲ မပါပါဘူး။

မေရှင်ဟာ "ရှင်သီ၀လီ" သီချင်းကို မဆိုခဲ့ပေမယ့် ရှင်သီ၀လီနဲ့တော့ ဆက်နွှယ်နေပါတယ်။

တစ်နေ့မှာ မန္တလေးမြို့ရဲ့ အရှေ့ပြင်ခေါ်တဲ့ အောင်တော်မူရပ်က လေးလေးဒေါ်မေရှင်အိမ်ကို ရောက်သွားပါတယ်။ ထုံးစံအတိုင်းပဲ လေးလေးက ပျူပျူငှာငှာ ဖိတ်ခေါ်ကြိုဆိုပါတယ်။

'အောင်ဝင်းရေ လာဟေ့၊ ဘယ်က လှည့်လာတာလဲ'

'လေးလေးဆီကိုပါပဲ။ အရှေ့ပြင်နဲ့ အနောက်ပြင်ဆိုတော့ အတော်နဲ့ မရောက်ဖြစ်ဘူး လေးလေးရေ။ လေးလေးဆီ လာတဲ့အခါလဲ အချိန်လေးပေးပြီး တွေ့ချင်တာကိုး'

'အေးဟယ်...မင်းတို့ လာတဲ့အခါ လေးလေးလဲ အပျင်းပြေတာပေါ့။ မိသားစုတွေ နေကောင်းကြတယ် မဟုတ်လား။ အဖေတို့ အမေတို့ရော ကျန်းမာရဲ့လား'

'ဟုတ်ကဲ့ ကောင်းကြပါတယ်။ အသက်ကလေးရလာတော့ ဂရုစိုက်ရတာပေါ့'

'အေး... အေး... ဂရုစိုက်ကြပါကွယ်၊ လူကြီးသူမတွေဆိုတာ ကိုယ်က ပြုစုမှကိုး။ လေးလေးဆိုရင် မေမေက (၈)နှစ်၊ (၉)နှစ်လောက်မှာ ဆုံးသွားတော့ ကလေးပဲ ဘာသိတာမှတ်လို့၊ လေးလေး ရုပ်ရှင်မင်းသမီးဖြစ်တော့ ဖေဖေကြီးက ရန်ကုန် လိုက်လာတယ်လေ၊

အဲဒီတုန်းက ဗဟန်းမှာ နေတာဆိုတော့ ဖေဖေကြီးက ရွှေတိဂုံဘုရားကို မနက်တစ်ခေါက်၊ ညတစ်ခေါက် တက်ဖူးရင်း ပုတီးစိပ်တာပေါ့။ အဲဒီလို နေရလို့ ဖေဖေကြီး သိပ်သဘောကျပြီး ငါ့သမီးကြောင့် ရွှေတိဂုံဘုရားကြီးကို ကောင်းကောင်းဖူးနိုင်တယ်။ ကြီးပွားဦးမယ့် သမီး ချမ်းသာပါစေဗျာဆိုပြီး ဆုတွေ တောင်းပေးတတ်တယ်၊

အဲဒီတုန်းက မန္တလေးက ရန်ကုန်ရောက်ဖို့ အရေး လွယ်တာမှ မဟုတ်တာ။ ခုသာ အိပ်ဦးနဲ့ ကြမ်းပြင် သွားနေကြတာ။ လေးလေးဖြင့် ဖေဖေကြီးက အဲဒီလို ပြောခဲ့တာ ခုထိ ကြားနေပြီး ဝမ်းသာရတယ်။ မိဘဆိုတာ သူတို့ ကျေနပ်အောင် ပြုစုရင် သိပ်သဘောကျတာလား။ အဲဒီလို အကြောင်းတွေကြောင့် ထင်ပါရဲ့ ခုထိ ဘာမှ ပင်ပင်ပန်းပန်း လုပ်ရတယ် မရှိပါဘူး'

'လေးလေး ရုပ်ရှင်ကနား၊ မြန်မာ့အသံက ပင်စင်ယူပြီး ပြန်လာခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com

ဘော်ဘော် စုမိဆောင်းမိလာတယ် ထင်တယ်။ ခုထိ မပူမပင် မကြောင့်မကြ နေ့နေရတာဆိုတော့'

'ဒီလောက် မဟုတ်ပါဘူးကွယ်၊ ဝန်ထမ်းဆိုတော့ ရတဲ့လခလေးနဲ့ လောက်ငအောင်စားပြီး ဓာတ်ပြား သွင်းလို့ရတာ၊ ရုပ်ရှင်ရိုက်လို့ရတာ တွေက ပိုတာပေါ့။ နှစ်ပေါင်း လေး,ငါး ဆယ် ထိုင်စားနိုင်လောက်တော့ ဘယ် ရှိပါ့မလဲ'

'ဒါဖြင့်...လေးလေး ဘယ်လိုနေလဲ၊ ဘယ်လိုပြည့်စုံနေလဲ'

'အေးပေါ့ကွယ်...တစ်ကိုယ်ရေ တစ်ကာယ သမားဆိုပေမယ့် ရှေ့တူးနဲ့ နှစ်ဝမ်းနှစ်ခါး အတွက်တော့ ပူရတာပေါ့။ လေးလေးမှာ ရှိတာက လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ် လောက်က ပိုက်ဆံ၊ ကနေ့ ကုန်စျေးနှုန်း တွေက ကြီး,ကြီးလာတော့ လောက်ဖို့ရာ မလွယ်ဘူးလေ။

မနက်က ချဉ်ပေါင်ဟင်းခါးလေး စားချင်လို့ ဝယ်ခိုင်းလိုက်တာ ချဉ်ပေါင်ရွက်နှစ်စီးနဲ့ ကြက်သွန်နီ ခရမ်းချဉ် အားလုံး တစ်ခွက်စာ တစ်ရာ ကုန်သတဲ့။ အရပ်ထဲ လာရောင်းတဲ့ စျေးသည်လေးတွေကလဲ ဘယ်အထုပ် ကိုင်ကိုင် တစ်ရာတဲ့။

လေးလေးတို့ ရုပ်ရှင်ရိုက်တော့ လခစား စနစ်နဲ့ ရိုက်ရတာ တစ်လမှ (၇၀)ကျပ်ရတာ။ ဘယ်လောက် ရယ်စရာကောင်းလဲ'

လေးလေးက သူ့စကားသူ သဘောကျကာ ရယ်လိုက်ပါတယ်။ ကျိုးနေတဲ့ သွားကလေး မပေါ်စေရန် ဘယ်လက်ကလေးဖြင့် အုပ်လိုက် သေးတယ်။ ရုပ်ရှင်မင်းသမီးလဲဖြစ်၊ မိန်းမသားလဲဖြစ်တဲ့ လေးလေးက လှချင်ပချင်တာရယ်၊ မလှမပတွေ မဖြစ်စေချင်တာက သဘာဝပေါ့လေ။

'လခစား မဟုတ်ပေမယ့် လကုန် ရက်ဆိုတော့ အိတ်ထဲက ပိုက်ဆံလေး



တွေက လျော့လျော့ လျော့လျော့ သွားတာပေါ့။ လဆန်းရက်ကျတော့ ကိုအောင်ချွန်တို့ကလဲ လာကန်တော့ တယ်။ ရီမြင့်ရုပ်ရှင်က မရီတို့ကလဲ လာကန်တော့တယ်လေ။

ဟိုက ဒီကလဲ လာကန်တော့ကြပါ တယ်။ ဟိုးအဝေးကနေပြီးတော့လဲ လှမ်းကန်တော့ကြတယ်။ နိုင်ငံခြား ကတောင် ''မေရှင်'' ဆေးဖိုးဆိုပြီး လှမ်းပို့ကြတာပဲ။ ပုံမှန်ဝင်ငွေ မဟုတ် တော့လဲ ချွေချွေတာတာ စစ်စစ်စီစီ ပေါ့ဟယ်။ လေးလေးကတော့ ပိုက်ဆံ လေးရတာနဲ့ ဆန်တို့၊ ဆီတို့၊ မီးသွေး တို့ ဝယ်ထားလိုက်တာပဲ။ မင်းတို့ရော အရောင်းအဝယ် ကောင်းရဲ့လား'

'ပုံမှန်ပါပဲ လေးလေး၊ စားဖို့သောက် ဖို့ လောက်ငရုံပါပဲ။ အရင်းအနှီးတွေ ကကြီး၊ ဆိုင်တွေ,ကနားတွေကလဲ ရပ်စွန်ရွာဖျားအထိ တအားများလာ တော့ စျေးသည်နဲ့ စျေးဝယ်က အတူ တူလောက် ဖြစ်နေတာပါပဲ'

'အေးပေါ့လေ... ဟုတ်တာပေါ့၊ ဟိုတုန်းက ဘာလေး လိုချင်လိုချင် စျေးချိုထိ သွားရတာပေါ့။ တိုတိုထွာ ထွာလေးတွေ ရှိရပြန်ရင်လဲ နာရီစင် နားက ညစျေးပြေးကြရတာပေါ့။ ဟော... ခုတော့ ဘာလိုချင်လိုချင် လမ်းထိပ်တင်ရတယ်။ ဟိုဘက်လမ်း တင်ရတယ်။ စတိုးဆိုင်တွေ၊ ကုန်စုံဆိုင် ကြီးတွေနဲ့လေ'

'ဒါကြောင့် စေစားမှုစားတွေ ဖြစ်နေတာပေါ့ လေးလေးရယ်'

'အားမငယ်နဲ့ဟဲ့...မင်းကို ငွေဝင် တဲ့ဂါထာ ပေးမယ်'

'တကယ်လား လေးလေး'

'တကယ်ပေါ့။ ယုံယုံကြည်ကြည်နဲ့သာရွတ် သိလား၊ လေးလေးတော့ အားရင် ဒါပဲ ရွတ်နေတာ။ ခုလို လကုန်ရက်ဆို ပိုပြီး ရွတ်ဖြစ်သေးတယ်။ မနက်ပိုင်း လေးလေးနဲ့ နှစ်ဆူတတ် လုပ်နေကျ ဘုရားရှိခိုး ပရိတ်တွေ ရွတ်၊ သမ္ဗုဒ္ဓေရွတ်၊ မေတ္တာပို့ အမျှအတန်း ပေးဝေပြီးရင် အားနေတော့ ဒီဂါထာပဲ ရွတ် နေတာ။ ကဲ...ကဲ...လိုက်ရေး'

လေးလေး ရွတ်ပြရန် အသင့်ဖြစ်နေ ပြီမို့ လွယ်အိတ်အတွင်းမှ မှတ်စုစာအုပ် ကို ကမန်းကတန်း ထုတ်ကာ ရေးလိုက် ပါတယ်။

လာဘီန မုတ္တ မေဃထေရော
သီဝလိဣတိ ဝိဿုတော။
သောရေယာ ပစ္စယာ ဒိန့်
ဇတေန သစ္စေန သုဝတ္ထိဟောန္တု။
သီဝလိစ မဟာထေရော
ဒေဝ မနဿ ပူဇိတော။
သောရေယာ ပစ္စယာ ဒိန့်
မဟာလာဘံ ကရောတု မေ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **မုတ္တ** | = | မုတ်တ |
| **ဣတိဝိ** | = | အိတိဝိ |
| **ပစ္စယာ** | = | ပစ်စယာ |
| **ဇတေန** | = | အေတေန |
| **သစ္စေန** | = | သစ်စေန |
| **သုဝတ္ထိ** | = | သုတ်ဝတ်ထိ |
| **ဟောန္တု** | = | ဟွန်တု |
| **မနဿ** | = | မနုတ်သ |



www.burmeseclassic.com

www.burmeseclassic.com

အနက်

**လာဘီနံ**–လာဘ်ရသော ပုဂ္ဂိုလ်တို့တွင်၊ **ဥတ္တမော**– မြတ်သော၊ **သီဝလိတ္ထေရော**–အရှင်သီဝလိဟူ၍၊ **ဝိသုတော**–နှံ့သိကျော်ကြား ထင်ရှားတော်မူသော၊ **ထေရော**– မထေရ်မြတ်သည်၊ (**အတ္ထိ**–ရှိတော်မူ၏) **သော**–ထို အရှင်သီဝလိမထေရ်သည်၊ **ပစ္စယာဒိနံ**–လှူဖွယ်ပစ္စည်း စသည်တို့ကို၊ **အရဟော**–ခံထိုက်ပါပေ၏။

**တေန သစ္စေန** – ဤသစ္စာစကားကြောင့်၊ **သုဝတ္ထိ**–ချမ်းသာခြင်းသည်၊ **ဟောန္တု**–ဖြစ်စေကုန်သတည်း။

**သီဝလိစ မဟာထေရော**– အရှင်သီဝလိ မထေရ်မြတ်သည်ကား၊ **ဒေဝမနုဿ ပူဇိတော**– နတ်လူတို့သည် ပူဇော်အပ်သော မထေရ်ဖြစ်ပါပေ၏၊ **ပစ္စယာဒိနံ**– လှူဖွယ်ပစ္စည်း စသည်တို့ကို၊ **အရဟော**–ခံထိုက်သော၊ **သော**–ထို အရှင်သီဝလိ မထေရ်မြတ်သည်၊ **မေ**–အကျွန်ုပ်အား၊ **မဟာလာဘံ**–ကြီးစွာသော လာဘ်လာဘကို၊ **ကရောတု**–ပြုတော်မူပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

'အဲဒီဂါထာကို နေ့တိုင်း ရွတ်စမ်း၊ ဆိုင်ထဲမှာရွတ် သိလား၊ လေးလေးတော့ ဒီဂါထာကို အားကိုးနေတာပဲ။ အမြဲရွတ်တယ်။ လိုအပ်ရင် များများရွတ်တယ်'

'လေးလေး ဦးမျိုးသန့်တို့ လာပါတယ်'

မရွှေတူးအသံ ဆုံးတဲ့အခါ ညှော်ခန်းထဲကို ညှော်သည်လေးယောက် ဝင်လာပါတယ်။ လေးလေးက ခရီးဦးကြို ပြုလုပ်ပါတယ်။

'ကိုမျိုးသန့်တို့ လာကြ လာကြ'

'ဟုတ်ကဲ့ အမေ၊ ရန်ကုန် ရုပ်ရှင်အစည်းအရုံးက သက်ကြီးပူဇော်ပွဲမှာ အမေ့အတွက် ပူဇော်ကန်တော့ငွေတွေ လှမ်းပို့လိုက်လို့ ကျွန်တော်တို့ လာပို့ကန်တော့ကြတာပါ'

ရန်ကုန် ရုပ်ရှင်အစည်းအရုံးက သက်ကြီးပူဇော်ပွဲမှာ အမေ့အတွက် ပူဇော်ကန်တော့ငွေများကို လေးလေးအား လက်ထိလက်ရောက် ပေးအပ်ကန်တော့ကာ မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးသွားကြပါတယ်။

'ကိုင်း...ကြည့်စမ်း အောင်ဝင်းရေ၊ လေးလေးကတော့ ကိုယ်တွေ့မို့ ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲ ရွတ်ဖတ်ပူဇော်နေတာပါပဲဟယ်'

**မောင်အောင်ဝင်းမန်း**

# ဆီးချို

**ဝေဒနာရှင်များအတွက် အစာလည်းဆေး**

ကျွန်တော်သည် မြန်မာ့ဆေးနည်းတိုများကို လေ့လာဆည်းပူး မျှဝေသူဖြစ်ပါသည်။

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလပိုင်းတွင် မိတ်ဆွေများနှင့် ဆေးနည်းတိုများအကြောင်း စပ်မိစပ်ရာ ပြောဆိုနေရာမှ သွေးတိုး ဆီးချိုရောဂါများအကြောင်း ပြောနေကြရာ တိုင်းရင်းဆေးဆရာကြီး၏ သမီးဖြစ်သူ သူငယ်ချင်းမမှ ဆီးချိုအတွက် ဓာတ်စာဆေးနည်းမှာ...

**ဆီးဖြူသီး(၁၀)လုံးနှင့် ငါးရံ့(၁၀)ကျပ်သား ရောချက်စားရန်နှင့် တစ်ပတ်တစ်ကြိမ် (၃)ကြိမ်စားပြီးပါက ဆီးချိုရောဂါ အခြေအနေကို ပြန်ကြည့်စမ်းသပ်ရန် (၆)လခွဲ စွဲမြဲစားပါက အမြစ်ပြတ် ပျောက်ကင်းကြောင်း ပြောသဖြင့်** ဆီးချိုဝေဒနာခံစားနေရသော **မိတ်ဆွေ (ဆီးသွားသောနေရာကို ခွေးလျက်သောအဆင့်ရောက်နေသူ)**ထံ သွားရောက်မျှဝေပေးခဲ့ပါသည်။

တစ်လခန့်အကြာ ထိုမိတ်ဆွေနှင့်တွေ့၍ စားဖြစ်၊မဖြစ်နှင့် ဆီးချိုရောဂါအခြေအနေကိုမေးရာ ငါးရံ့ ရှာမလွယ်ကူ၍ နှစ်ကြိမ်သာ စားရသေးကြောင်း၊ ဆီးချိုစစ်ကြည့်ရာ ပုံမှန်ဖြစ်နေကြောင်း သိရပါသည်။

အစားလည်းဆေးဖြစ်၍ ငွေကုန်ကြေးကျသက်သာခြင်း၊ ဆီးချိုဝေဒနာသက်သာပါသဖြင့် ဆီးချိုဝေဒနာရှင်များ သက်သာပျောက်ကင်းစေနိုင်ရန် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း ဆေးနည်းတိုရောင်ခြည်သို့ ပေးပို့ မျှဝေပါသည်။



***ဝေဒနာရှင်များ သက်သာပျောက်ကင်းကြပါစေ။***

**ဦးမြင့်ရွှေ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

••••••••• ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ •••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး၊ ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၆၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပွများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၁၀၉ YR ၁၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဦးနှောက်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၁၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တုဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားလောင်းဓါ ဟိတ်ဓာတ်ကို ယူသော

ဝိဇ္ဇာဓရ
(မင်္ဂလာဒုံ)

ကျင့်စဉ်တော်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စာရေးသူ လွန်ခဲ့သော (၃)နှစ်ခန့်က ပို့ခဲ့သော ဥသြသံကြက် စီးပွားတက် ဆိုသော အင်္ဂါရတ်နည်းထဲမှ စားလမ်းလုပ်သော ဆောင်းပါးလေး နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလထုတ်မှာ ပါလာပါသည်။

သည်တော့မှ စာမရေးဖြစ်သော ကာလရှည်တစ်ခုအတွင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအတွက် စာရေးသူ စာလေးတစ်ပုဒ် ရေးပြီး တင်ဆက်လိုက်ပါသည်။

ဦးစွာပထမ ဝန်ခံလိုသည်မှာ စာရေးသူ ဆောင်းပါးများ ရေးသားရာတွင် ကိုယ်တွေ့ဖြစ်စဉ်နှင့် တကယ်လုပ်ရင် တကယ်ဖြစ်သော ကျင့်စဉ်များကိုသာ ရေးသားပါသည်။

စာဖတ်ပရိသတ်အတွက် လံကြုပ်ဓာတ်လမ်းများ မရေးသားပါ။ ကိုယ့်ကိုယ်ကိုဖော် မသူတော်(၇)ပါး စာရင်းဝင်မှာလည်း ကြောက်ပါသည်။

စာရေးသူ ဗေဒင်ပညာ၊ အင်းပညာနှင့် လောကီအတတ်တို့ကို လေ့လာလိုက်စားခဲ့ပါသည်။


ဗေဒင်အတွက် လက်ဆန်း၊ လက်ရိုးတို့ကို လေ့လာလိုက်စားခဲ့ပြီး လက်ရိုးပညာအား သင်ကြားပေးသူမှ ပဲခူးမြို့မှ အမျိုးသားကျောင်းဆရာကြီး ဦးသက်တင်ဓါသား ဆရာကြီး ဦးအောင်ခန့်ထံတွင် ဆည်းပူးသင်ကြားခဲ့ပါသည်။ ထင်းပညာရပ်တို့ဖြင့် မလုပ်စားတော့ပါ။

စာရေးသူ ယခု ရေးသားတင်ပြသည့်ကျင့်စဉ်မှာ စီးပွားရေးလုပ်ငန်းရှင်ကြီးများ ဘဝခရီး၌ လမ်းစပျောက်နေသောသူများ ပွင့်လင်းသော လူ့ဘဝကိုများ ရရှိပြီး အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ရေးသားပါသည်။

ဘဝခရီး၌ အောင်မြင်ခဲ့သော် စာရေးသူအား ကျေးဇူးဆပ်ရန် မလိုပါ။ အမျိုးဘာသာ သာသနာကိုသာ စောင့်ရှောက် လှူဒါန်းပေးတော်မူကြပါ။



ကြိုလောကဟာဓာတ်သားဘုရား
(ရှမ်းတော်တွားရှေးဟောင်းဘုရား)
[ရှေ့တည့်တည့်မှ ဖူးမြင်ရပုံ]



ဓာတ်သားဘုရား
[နောက်မှ ဖူးမြင်ရပုံ]


၁။ ဘုရားလောင်းကျင့်စဉ်အား ကျင့်မည့်သူသည် ဘုရားအလောင်းဖွားမြင်တော်မူပြီး မြောက်ဘက်အရပ်သို့ ခြေဖဝါးခုနစ်လှမ်း လှမ်းရာ ပုံတော်ရှိရပါမည်၊ ရုပ်တုရှိလည်း ရပါသည်။ **(ပုံတော်ဓာတ်ပုံ ပူးတွဲတင်ပေးလိုက်ပါသည်။)**

၂။ ဘုရားလောင်းခြေ(၇)လှမ်း ပြည့်၍




www.burmeseclassic.com

www.burmeseclassic.com



◆ ဓာတ်သားဘုရား ပင်ပိတ်ရိုက်ထားပုံ



◆ ထုံးချက်နှင့် ဓာတ်လုံး ဓာတ်သားများ

ညာဘက်လက်ဖြင့် လက်ညှိုး တစ်ချောင်း ထောင်ပြီး ရွတ်သော ဂါထာကို ရွတ်ရပါမည်။

၃။ **ယင်းဂါထာ(၃)ခွန်းအား** ဖော်ပြအပ်ပါသည်။

၁။ အဂ္ဂေါဟ မသ္မိ လောကဿ။

၂။ ဇေဋ္ဌောဟ မသ္မိ လောကဿ။

၃။ သေဋ္ဌောဟ မသ္မိ လောကဿ။

၄။ ကမ္မံ ဝိစံ ဘာသိတဿ နမော ဗောဓိ သတ္တာယ သိဒ္ဓံ။ ***(ပညာရှိများ ဖြည့်စွက်ထားသောဂါထာ)***

အနက်

၁။ **အဟံ**–ငါသည်၊ **လောကဿ**–လောက၏၊ **အဂ္ဂေါ**–အမြတ်ဆုံးသောသူသည်၊ **အသ္မိ**–ဖြစ်၏။

၂။ **အဟံ**–ငါသည်၊ **လောကဿ**–လောက၏၊ **ဇေဋ္ဌော**–အကြီးအမှူးသည်၊ **အသ္မိ**–ဖြစ်၏။

၃။ **အဟံ**–ငါသည်၊ **လောကဿ**–လောက၏၊ **သေဋ္ဌော**–အထူးသဖြင့် ချီးမွမ်းအပ်သောသူ၊ **အသ္မိ**–ဖြစ်၏။

၄။ **ကမ္မံဝိစံ** – ဤစကားသုံးခွန်းကို၊ **ဘာသိတဿ** – မြွက်ကြားမိန့်ဆိုသော၊ **ဗောဓိသတ္တာယ**–ဘုရားလောင်းအား၊ **နမော**–ရှိခိုးပါ၏၊ **သိဒ္ဓံ** – အောင်ကြောင်းအသီးသီး ပြီးစီးပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း***

◆ နွယ်ဝင်






www.burmeseclassic.com

www.burmeseclassic.com






▲ ဓာတ်သားတိုးတိုးအောင် ရုပ်တု (ရှေးလက်ရာ)

▲ ဘုရားလောင်းရုပ်တု (ဓာတ်သား)

▼ သံကွင်း(၁၁)ကွင်း

▼ ဓါးမြှုပ်ထားသောဘုရား ဓါးသည် အထက်ပါ
ထောက်လည်း ဓါးမြှုပ်သည် အထက်မပါ
ဓါးသာအပြည့်မြှုပ်ခဲ့ပါသည်







www.burmeseclassic.com

www.burmeseclassic.com




▲ ဘုရားလောင်းပုံတော်

*အောင်ရွှေ့ ဓမ္မာစရိယ(မဟာဝဏ္ဏဒီပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

၄။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော်(၇)ပါးကို သိရပါမည်၊

ဘုရားလောင်းသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ(၁၀)ပါး၊ အပြား(၃၀)တို့အား ဖြည့်ကျင့်တော်မူပြီး ဘုရားဖြစ်မည့် နောက်ဆုံးဘဝတွင် ဖွားဖက်တော်(၇)ပါးနှင့် ဘုန်းကံကြီးမားစွာ မွေးဖွားသန့်စင်လာခြင်းဖြစ်ပါသည်။

ဖွားဖက်တော်(၇)ပါး

၁။ ရှင်အာနန္ဒာ
၂။ မဟာဗောဓိပင်
၃။ ကာဠုဒါယီအမတ်
၄။ ယသော်ဓရာ
၅။ ဆန္နအမတ်
၆။ ရွှေအိုးကြီးလေးလုံး
၇။ ကဏ္ဍကမြင်း
ဖြစ်ပါသည်။

ကျင့်စဉ်ဝင်မည့်သူသည် မည်သည့်နေ့သားမဆို **သောကြာနေ့** နံနက် စဝင်ရပါမည်။ **နံနက် (၆း၀၀)နာရီမှ (၇း၃၀)နာရီအတွင်း** ဖြစ်ရပါမည်။

❖ သောကြာနေ့တစ်ရက် ဘောမဲ့ စားသုံးရပါမည်။

❖ (၂၁)ရက် ဝင်ရပါမည်။

❖ ဂါထာ(၂၁)ခေါက် ရွတ်ရပါမည်။

ဂါထာအပိုဒ်(၃)ပါ ဂါထာ အဓိဋ္ဌာန် ဝင်သည့်အခါ ဘုရားရှင်အား သောက်တော်ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် လှူဒါန်းပြီး ငါးပါးသီလ ခံယူပြီး မေတ္တာဘာဝနာ ပွားများရပါမည်။

ယင်းကိစ္စရပ်များ ပြီးသောအခါ ဘုရားလောင်းပုံတော်ရှေ့ (သို့မဟုတ်) ရုပ်တုရှေ့တွင် မိမိက ရပ်ပြီး ပုံတော် ရုပ်တုတော်အရှေ့တွင် အောက်ပါ စာသားကို (၃)ကြိမ် ရွတ်ဆိုပြီး ဂါထာအား (၂၁)ခေါက်ရွတ်ပါ။

'ဗောဓိသတ္တ ဘုရားလောင်း သိဒ္ဓတ္ထ၏ ဘုန်းရိပ်ကံရိပ် အောင်ပါတ်ဓာတ်ကို ခံယူပါ၏၊ ခိုလှုံပါ၏၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်စေသော်' ***[၃-ခေါက်]***

ဘုရားလောင်းကျင့်စဉ်နှင့် အတူ ကျင့်စဉ်ကာလအတွင်း စာရေးသူ ရရှိခဲ့သော ဂမ္ဘီရပစ္စည်းဆန်းများနှင့် ဘုရားလောင်း ရုပ်တုတော် တြိလောဟာပုံပါ တင်ပြလိုက်ပါသည်။

ရှားပါးသော အမြူတေပစ္စည်းများ နောက် ဆောင်ပါးများတွင် ပုံနှင့်တကွ တင်ပြပါမည်။

***ဝိဇ္ဇာဝရ(မင်္ဂလာဒုံ)***




www.burmeseclassic.com

www.burmeseclassic.com


# ထူးခြားပစ္စည်းများနှင့်

အကျိုးကိုယ်တွေ့

စည်သူကျော်နိုင်



◆ ဆင်တစ်ကောင်၏ ပါးစပ်ထဲမှ ရသော ပစ္စည်းထော်လေး



သကြားပင်မှ ထူးခြားသည့် အကိုင်းအခက် ◆

**စစ်ကိုင်းမြို့ သောတာပန်ရွာမှ ကိုသန်းထွန်းနှင့်** ဆုံတွေ့ခဲ့ရာမှ ထူးထူးခြားခြား သိမ်းဆည်းထားတဲ့ပစ္စည်း နှစ်မျိုးကို စပ်စုမိလိုက်ပါတယ်။

ပထမတစ်မျိုးမှာ ဆင်တစ်ကောင်ရဲ့ ပါးစပ်အတွင်းမှရသော ပစ္စည်းတစ်မျိုး ဖြစ်ပြီး နောက်တစ်မျိုးမှာ သကြားပင်ရဲ့ အကိုင်းအခက် ဖြစ်ပါတယ်။

'ဒီပစ္စည်းလေးကို ဘယ်လိုခေါ်သလဲလို့တော့ ကျွန်တော်မသိဘူး။ စစ်ကိုင်းက ဘုန်းတော်ကြီးတစ်ပါး စွန့်သွားတာပါ။ ဆင်တစ်ကောင်ရဲ့ ပါးစပ်ထဲက ရထားတာလို့ သိရပါတယ်။ ဆင်တစ်ကောင် အလွန်အမင်း ဒေါသထွက်နေချိန် ပါးစပ်က ထွက်ကျလာတာပဲ။ အန္တရာယ်ကင်းတယ် မင်းဆောင်ထားလို့ ဆိုလို့ကြောင့် ကျွန်တော် ဆောင်ထားခဲ့တာ။ အန္တရာယ်ကင်းတာကတော့ လက်တွေ့ တွေ့ခဲ့ပါတယ်'

ပစ္စည်းလေးမှာ (၁)စင်တီမီတာခန့် ပင် ရှိပါတယ်၊ အဝါရောင်ဖြစ်ပြီး ပေါ့ပါး လွန်းပါတယ်။ လက်နဲ့ ဖဲ့ကြည့်ရင် တောင် ပဲ့ထွက်လောက်ပါတယ်။

ကိုင်ဆောင်ထားသည်မှာ (၃)နှစ် ကျော်ပြီဖြစ်သော်လဲ အရောင်မပြောင်း လဲပါလို့ သိရပါတယ်။

ကိုသန်းထွန်းအနေဖြင့် သူ့ကို ဘယ် လိုခေါ်ကြောင်းနဲ့ နောက်ထပ် မည် သည့်အစွမ်းသတ္တိများ ရှိနေသေး ကြောင်း သိလိုလှပါတယ်။

ဒုတိယတစ်မျိုးဖြစ်တဲ့ **သကြားပင်မှ အကိုင်း**အခက်ကတော့ မိတ်ဆွေ တစ်ဦးထံက တောင်းယူထားတာလို့ သိရပါတယ်။

'ကျွန်တော့်မိတ်ဆွေတစ်ဦးဆီက တမင် တောင်းယူဆောင်ထားတာပါ။ တစ်ချိန်က ကျွန်တော့်မိတ်ဆွေဟာ အလွန်ဆင်းရဲပါ တယ်။

◆ ပစ္စည်းပိုင်ရှင် ကိုသန်းထွန်း(စစ်ကိုင်း)





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မှာ ဆွမ်းခံကြွ ဘုန်းကြီးတစ်ပါးက အိမ်ခေါင်းရင်းမှာ သကြားပင်ကို ရှင်အောင် စိုက်။ ရေနေ့စဉ်လောင်း ရတနာ(၃)ပါး သိကြားမ,ပါလို့ ပြောစိုက်။

ဒီလိုမိန့်တာနဲ့ ကျွန်တော့်မိတ်ဆွေလဲ သကြားပင်ကို ရှာစိုက်ခဲ့တယ်။ တိုတိုပြော ရရင် ရှင်သန်လာတယ်။

သာမန် အလုပ်ကလေး လုပ်ကိုင်နေတဲ့ ဘဝကနေ အလုပ်ကြီးပေးသူ၊ ငွေပင်ငွေရင်း ထုတ်ပေးသူ တွေ့လာပြီး ခုတော့ ကိုယ်ပိုင် တိုက်၊ ကိုယ်ပိုင်အလုပ်နဲ့ ကြီးပွားနေပြီ။

တစ်နေ့ သူ အိမ်ပြောင်းဖို့ ဖြစ်လာ တာနဲ့သကြားပင်က အကိုင်းတစ်နေရာကို ကျွန်တော် တောင်းယူထားလိုက်တာပဲ၊

တောင်းရခြင်းရဲ့ အဓိပ္ပါယ် ကတော့...

(၁)ဒီအပင် ရှင်သန်လာပြီး ကြီးထွား လာပြီဆိုကတည်းက သူတို့ဘဝ သိသိသာသာအဆင်ပြေလာတယ်။

(၂)ကျွန်တော် တွေ့ဖူးတဲ့ သကြား အပင်နဲ့ အကိုင်းအခက်တွေနဲ့ ဒီ အပင်ရဲ့ အကိုင်းက မတူဘူး။ ပုံမှာ သေချာကြည့်ပါ။

**လူတစ်ယောက်ရဲ့ လက်ဖဝါးသင်္ကေတ ရှိတယ်။ လက်ချောင်းကလေးတွေလို ဖဝါးချောင်းသင်္ကေတ ပါနေတယ်။ ဒီလို ထူးခြားတဲ့ ရှိလို့ တစ်ကြောင်း...**

(၃)နောက်ဆုံး အချက်ကတော့ ကျွန်တော့်ရဲ့ ယုံကြည်ယူဆချက် နဲ့ပဲ ဆိုင်တယ်။ တခြားပစ္စည်း အဆောင်မျိုးတွေကို ဆောင်ထား သလို အဆောင်သဘောပါပဲ'

ဝါသနာရှင်များ လေ့လာလိုပါက **ကိုသန်းထွန်း သောတပန်ရွာ၊ စစ်ကိုင်းမြို့ထဲမှ** ခွင့်တောင်းပြီး ကြည့်ရှုနိုင်ကြပါတယ်။

**စည်သူကျော်နိုင်**

# အိမ်ထောင်ရှင်များအတွက်



**ဆေးစွမ်းတစ်လက်**



အိမ်ထောင်ရှင်တိုင်းရဲ့ ချမ်းမြေ့ သာယာသည့် အိမ်ထောင်တစ်ခု ဖြစ် တည်ဖို့အတွက် စေတနာရှေ့ထားပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ် ပရိသတ်များကို တင်ပြလိုက်ရပါတယ်။

တစ်လောတုန်းက ကျွန်တော့်ရဲ့ ငယ်ပေါင်းသူငယ်ချင်း ဖိုးညွန့်မောင် တစ်ယောက် အိမ်ကို အလည်ရောက် လို့ လာပါတယ်။ ငယ်စဉ်ကျောင်းသား ဘဝကတည်းက ပေါင်းသင်းလာခဲ့တဲ့ သူငယ်ချင်းမို့လဲ ပြောမနာဆိုမနာ အလွန်ချစ်ကြတဲ့သူတွေပါ။

သူ ဆောက်လုပ်ရေးဌာန လုပ်ငန်း ခွင်ဝင်သွားပြီးကတည်းကဟိုနယ်ဒီနယ် ပြောင်းရွှေ့ အမှုထမ်းနေတော့ ကျွန်တော်နဲ့ မဆုံဖြစ်တာ အတော်ကြာ သွားတယ်။

အခုမှ ရုတ်တရက်ရောက်ရှိလာတဲ့ သူငယ်ချင်း ရောက်လာကတည်းက မျက်နှာညှိုးညှိုးငယ်ငယ်နဲ့ သောက ဝေဒနာ အဖိစီးခံနေရသည့် လက္ခဏာ ကို မမေးမြန်းဘဲ မြင်ရုံနဲ့ သိလိုက်ရပါ တယ်။

ဒီတော့ ကျွန်တော်ကလဲ သူငယ်ချင်း ကောင်းပီသစွာ စာနာခြင်းတရားတွေနဲ့ သူငယ်ချင်းရဲ့ဝေဒနာကို မျှခံစားလို သည့်စေတနာဖြင့် မေးမြန်း ဆွေးနွေး မိပါတယ်။

အသက် လေးဆယ်ကျော် ငါးဆယ်နားနီးခါမှ ဒီလိုသောကမျိုး ခံစားနေရသည့် သူငယ်ချင်းအတွက် ကျွန်တော် ကိုယ်ချင်းစာမိပါတယ်၊

လက်ထပ်ရယူထားသည့် ဇနီးသည် ကလဲသမီးအရွယ် သုံးဆယ်ကျော်ကျော် ကလေးဆိုတော့ အိမ်ထောင်ရေးသုခ ကို ခံစားလိုမှာ မလွဲပါဘူး။

သူငယ်ချင်းရဲ့ ချို့ယွင်းအားနည်း ချက်တစ်ခုကြောင့် သူတို့အိမ်ထောင် ရေးဟာ ဆူးခင်းလမ်းမှာ လျှောက်နေ ရသလို အခက်အခဲတွေနဲ့ ရင်ဆိုင် နေရပြီး တစ်ဦးနဲ့တစ်ဦး အပေးအယူ မညီမျှ ဖြစ်နေကြရပါတယ်။

ဒါကလဲ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောတွေပါပဲ။ ဒီတော့ ကျွန်တော့် သူငယ်ချင်း ဖိုးညွန့်မောင်လို့ သောက ဝေဒနာ ခံစားနေကြရတဲ့ ပုဂ္ဂိုလ်များ အတွက် ဖိုးညွန့်မောင်ကို ဦးတည်ထား ပြီး ကျွန်တော်ရှာဖွေ သိမှီးထားတဲ့ ဆေးနည်းကို ဝေငှလိုက်ပါတယ်။

၁။ ကြက်သွန်ဖြူ သတ္တုရည် (၈)ပဲသား

၂။ ချင်း(ဂျင်း)စိမ်း သတ္တုရည် (၆)ပဲသား

၃။ ပျားရည်စစ်စစ် (၄)ပဲသား

၄။ ထောပတ် (၃)ပဲသား

ဒီလေးမျိုးရောပြီး **ရက်သတ္တ (၈)ပတ်လောက် နေ့စဉ်ရက်ဆက် စားသုံးလိုက်ရင်** ပန်းသေသူတွေ ပန်းရှင်လာပြီး အထက်ကသူငယ်ချင်း ဖိုးညွန့်မောင်လို သောကဝေဒနာမျိုး အဖိအစီးမခံရဘဲ လိုရာဆန္ဒပြီးမြောက် လို့ သာယာချမ်းမြေ့သည့် အိမ်ထောင် ရေးတစ်ခု ဖန်တီးနိုင်ကြမှာ မလွဲပါဘူး။

***ကာယစိတ္တ ကျန်းမာရွှင်လန်းနိုင် ကြပါစေ...***

**ဟိန်းမြင့်စံ**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃





ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'သြော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး ရေ။ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ။ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့ အလုပ်ထဲကို အာရုံစူးစိုက်တာတို့ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဖက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'သြော်သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ဆေးပါလေး သုံးဆောင်ပါဦး'

'တွေးမှုပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'


'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဖက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

### ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေ့ါပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူနိုး အပုပ်နိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေ့ါပါး သွက်လက်လန်းဆန်းစေတဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေမှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေ့ါနော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း–ဖြန့်ချိရေး

**စကြာမင်း**

**တိုင်းရင်းဆေးတိုက်**

အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး။
သုဓမ္မာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၉၄

www.burmeseclassic.com


www.burmeseclassic.com

ဖျတ်ဝိသား

# ရန်အောင်မြင်
# ကျိုက်ထီးရိုးစေတီအောင်မြေ

မောင်မောင်ရိုး
(ထားဝယ်)

ကျောက်ပြားတောင် အဓိဋ္ဌာန်ခရီး (၃)



◆ ကျောက်ချိတ်စေတီအား အရှေ့မြောက်ထောင့် တောင်စောင်းမှ ရှုခင်း

**ယခင်လမှ အဆက်**

အပေါ်ကျောက်လုံးကို တွန်းကာ လှုပ်၏။ ထီးတော်မှ ခေါင်းလောင်းသည် မြည်၏။ နံထောက်ထားကာ ကြွေလွှတ်သွား၏။

ကျောက်လုံးကို လှုပ်၍ အပ်ချည်ကြိုးကို ဆွဲပါက အလွယ်တကူ ချောမွေ့စွာ ဖြတ်သန်းသွားသည်။ အတိတ်ကာလက ထိုကျောက်လုံးမှာ ကြက်မတစ်ဝပ်စာပင် ကွာသည်ဟု ကြားရသည်။

**ကောဇာသက္ကရာဇ် ၁၃၀၃ ခုနှစ်က ဆရာတော်ဦးဝိသုဒ္ဓ ဦးစီး၍ ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား တည်ထား၏။** ရွှေထီးတော်တင်လှူပွဲ ကျင်းပြုလုပ်ရာ ကြက်ပျံမကျ စည်ကား၏။ ဘုရားပွဲတော်ကို နှစ်စဉ် ကျင်းပခဲ့၏။ သို့သော် ဂျပန်ခေတ်တွင် ဘုရားပွဲတော် မကျင်းပနိုင်ခဲ့ပါ။

နှစ်ပေါင်း(၆၈)နှစ်ကြာပြီး ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်တွင်မှသာ ဒုတိယအကြိမ် ထီးတော်အသစ် တင်လှူပူဇော်ခဲ့၏။ ထီးတော် ဒါယကာ၊ ဒါယိကာမမှာ ဖျတ်ဝိသားရွာနေ မောင်ညွန့်ဝင်းနှင့်မစန်းငွေ ဖြစ်၏။

ထိုသို့ ဒုတိယအကြိမ် ထီးတော်တင်စဉ်က ပန်းရထားနှင့် ထီးတော်တင်ရာ ထီးတော်တင်ကြိုး လှုပ်၍ အပေါ်ကျောက်လုံးသည် ဘယ်ညာ လှုပ်ယမ်းနေ၏။

ကြောက်၍ စေတီငြမ်းပေါ်က




www.burmeseclassic.com

www.burmeseclassic.com



◆ ဘုရားသုံးဆူတောင်ကုန်းထိပ် ကားလမ်းအရှေ့ဘက်၌ ဖူးတွေ့ရသောစေတီ

▼ ဘုရားသုံးဆူတောင်ကုန်းထိပ် ကားလမ်း၏ အနောက်ဘက်၌ ကိန်းဝပ်သောစေတီ



လူတွေ ဆင်းပြေးသူက ဆင်းပြေးကြ၏။ အပေါ်ကျောက်လုံးသည် ကျအံ့လော။ နတ်ကူ၍ နတ်မ၍ တန်နိုးပြနေသော ကျောက်လုံး ဖြစ်၍ မည်သို့မျှပင် မကျဘဲ ဟန်ချက်ညီစွာ တည်ရှိတာ အံ့ဩဖွယ် ဖြစ်ရ၏။

ရန်အပေါင်း အောင်မြင်စေလို၏။ ဘုရားဓာတ်နှင့် အောင်ဓာတ်ယူ၏။ ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်တွင် ကျိုက်ထီးရိုးစေတီ၏ ဘွဲ့တော်ကို **"ရန်အောင်မြင်စေတီ"**ဟု သတ်မှတ် ခေါ်ဝေါ်ခဲ့လေသည်။

ရန်အောင်မြင်စေတီဟူ၍ ပညတ်ထားလေရာ...ပညတ်သွားရာ ဓာတ်သက်ပါ ဆိုသကဲ့သို့ လောကီအကျိုးမျှော်ကိုး အားထုတ်လိုသူများအတွက် အောင်မြင်လေသည်။

မွန်ပြည်နယ် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးအလား မှတ်မှားရသလို ရှေးယခင်မှ ယနေ့တိုင် မပြိုမယိုင် ခိုင်ခိုင်မြဲမြဲ တည်တံ့နေခြင်းမှာ အံ့ချီးဘနန်း ဖြစ်ခဲ့ရပါသည်။

**ဆရာတော် ဦးဝိသုဒ္ဓသည် ဂဏဝိမုတ်ကူးတို့ဂိုဏ်းချုပ် နဝမမြောက် ဆရာတော်ဖြစ်၏။**

ညောင်ပင်ရှိုင်တောရ တည်ထောင်သူဖြစ်၍ ညောင်ပင်ရှိုင်ဆရာတော်ဟု နာမည်ကျော်ကြားသလို ဗျတ်ဝိသားကျိုက်ထီးရိုးစေတီတည်သော ဆရာတော် ဖြစ်၍လည်း ကျိုက်ထီးရိုးဆရာတော်ဟု နာမည်ကျော်ကြား လူသိများသည်။

ထို့ကြောင့် **ဆရာတော်ဦးဝိသုဒ္ဓ၏ ထေရုပ္ပတ္တိဖြစ်စဉ်မှာ...**

သာသနာတော်သက္ကရာဇ် ၂၄၃၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၅၆ ခုနှစ်၊ တပေါင်းလဆုတ်(၈)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၅)နာရီအချိန်တွင် တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ဂုံညင်းဆိပ်အုပ်စု၊ ဆီတောရွာ ခမည်းတော် ဦးမြတ်နှင့် မယ်တော် ဒေါ်မိုးဖဲ တို့မှ ဂိုဏ်းချုပ်ဆရာတော် လောင်းလျာကို ဖွားမြင်လေသည်။

အရွယ်ရောက်သော် စုံစင်တောရကျောင်းတွင် အခြေခံစာပေများ သင်ယူလျက် ရှင်သာမဏေပြုသည်။

အသက်(၂၀) ပြည့်သောအခါ သက္ကရာဇ် ၁၂၇၇ ခုနှစ်၊ နယုန်လဆုတ်(၆)ရက်နေ့တွင် စုံစင်တောရကျောင်း ခဏ္ဍသိမ်တော်ဝယ် ဆရာတော်ဦးဝဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ အရှင်ဝိသုဒ္ဓဖြစ်သည်။

ရဟန်းဖြစ်ပြီးနောက် သိက္ခာတော်(၇)ဝါ ရသည်အထိ ထားဝယ်မြို့နယ်၊ ဇေယျဝတီကျောင်းတိုက်သို့ ကြွရောက်ပြီး ပထမဆရာတော်ကြီး အရှင်သီလ ထံတော်တွင် အထက်တန်းကျမ်းစာပေများကို ဆက်လက်ဆည်းပူးတော်မူသည်။

ထားဝယ်မြို့၊ ဇေယျဝတီကျောင်းတိုက်မှတစ်ဖန် ရန်ကုန်မြို့၊ ကြည့်မြင်





www.burmeseclassic.com

www.burmeseclassic.com

တိုင် ဇေယျဝတီကျောင်းတိုက် ဆရာတော်ထံတွင် တစ်နှစ်၊ မန္တလေးမြို့ အနောက်ပြင်ဆင်တဲတိုက် ဆရာတော်ထံတွင် တစ်နှစ်ကြာမျှ အထက်တန်းကျမ်းစာပေများကို ဆက်လက်သင်ကြားတော်မူပြန်သည်။


မန္တလေးမှ ပြန်အကြွတွင် မြစ်ဝကျွန်းပေါ် ပန်းတနော်မြို့ စခန်းကြီးကျောင်းတွင် (၁)နှစ်ခန့် သီတင်းသုံးတော်မူပြီးနောက် သီဟိုဠ်ကျွန်းသို့လည်း ကြွရောက်လေ့လာတော်မူလေသည်။

ကောဇာသက္ကရာဇ် ၁၂၈၄ ခုနှစ်၊ ထားဝယ်မြို့သို့ ပြန်ကြွပြီးလျှင် သရက်ချောင်းမြို့နယ်၊ ရေချိုချောင်းကျေးရွာတွင် ကျောင်းသစ်တည်ထောင်၍ ရဟန်း၊ သာမဏေ၊ ကျောင်းသားများကို (၈)နှစ်ကြာအောင် ပရိယတ္တိ သာသနာ ပြုတော်မူသည်။

ဆရာတော်ကြီးသည် ရေချိုချောင်းမှ တစ်ဖန် ဆီတောကျေးရွာ အရှေ့ဘက်ရှိ တောင်ခြေရင်းဝယ် ညောင်ပင်ရှိုင်ဟူသော အမည်ဖြင့် တောရကျောင်းကို တည်ထောင် ရွှေ့ပြောင်း သီတင်းသုံးတော်မူလေသည်။


အဌမကူးတို့ဂိုဏ်း ဇေယျဝတီ ဒုတိယ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် **ကောဇာသက္ကရာဇ် ၁၃၄၁ ခုနှစ်၊ နယုန်လဆန်း(၈)ရက်နေ့တွင် သက်တော်(၈၅)နှစ်၊ သိက္ခာတော် (၆၅)ဝါ ရှိပြီဖြစ်သော ညောင်ပင်ရှိုင်တောရကျောင်း ဆရာတော်ကြီး အရှင်ဝိသုဒ္ဓသည်** နဝမမြောက် ကူးတို့ဂိုဏ်းချုပ် သံဃရာဇာ သာသနာပိုင်အဖြစ် ကူးတို့ဂိုဏ်းဝင် သံဃာတော်အရှင်မြတ်တို့၏ တင်မြှောက်ပူဇော်ခြင်းကို ခံယူတော်မူရလေသည်။

ကူးတို့နိကာယ၏ သံဃမဟာနာယက သံဃရာဇာ ဖြစ်တော်မူသော



◆ ဘုရားသုံးဆူတောင်ထိပ် အနောက်ဘက်တောင်စောင်း
သစ်ပင်ချုံနွယ်ကြားအတွင်း ကိန်းဝပ်သော စေတီများကို မြင်ရစဉ်

◆ အနောက်ဘက် တောင်တန်းပြာပြာ
တောင်အထပ်ထပ် စိမ်းရောင်ဝိုး လွှမ်းသောရှုမျှော်မြင်ကွင်း




နဝမဂိုဏ်းချုပ် ညောင်ပင်ရှိုင်တောရ ဆရာတော်ကြီး ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်တွင် မြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ သံဃာအဖွဲ့ကြီးမှ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီး အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

ဆရာတော်ကြီး ဂိုဏ်းချုပ်လက်ထက်တွင် နိုင်ငံတော် အသိအမှတ်ပြု သံဃဂိုဏ်းကြီး ပေါ်ပေါက်လာ၍ ကူးတို့ဂိုဏ်းချုပ် အစဉ်အဆက်တွင် ညောင်ပင်ရှိုင်တောရ ဆရာတော်ကြီးသည် ပထမဦးဆုံး နိုင်ငံတော်သြဝါဒါစရိယ ဖြစ်တော်မူလေသည်။

မကြာမီပင် နီပေါနိုင်ငံမှ ဓမ္မပဏ္ဏာအဖြစ် ပေးပို့သော ဆင်းတုတော် ထားဝယ်မြို့သို့ ဒေသစာရီ ရောက်ရှိတော်မူသည်။ ထားဝယ်မြို့ ဘုရားကြီးဝင်းအတွင်း မဏ္ဍပ်ထိုး၍ အပူဇော်ခံသည်။

နိုင်ငံတော်သြဝါဒါစရိယ ကူးတို့ဂိုဏ်းကြီး၏ဂိုဏ်းချုပ်ဖြစ်သော ဆရာ

www.burmeseclassic.com




◆ အရှေ့ဘက်ရှုမြင်ချက်ထောင့်မှ
ရန်အောင်မြင်
ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား
ဖူးမြော်စဉ်

တော်ကြီးကို ပင့်ဖိတ်သဖြင့် ညောင်ပင်ရှိုင်တောရမှ ထားဝယ်မြို့သို့ကြွရောက်တော်မူလေသည်။

ဤသို့လျှင် ကျောင်းကန်များစွာ တည်ထောင်ကာ သာသနာ့အကျိုး၊ မြို့ရွာအကျိုး၊ ဂိုဏ်းဂဏအကျိုး၊ တပည့်ဒကာတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ကူးတို့ဂိုဏ်းချုပ်နှင့် နိုင်ငံတော်သြဝါဒါစရိယ ညောင်ပင်ရှိုင်တောရ ဆရာတော်ကြီး ဘဒ္ဒန္တဝိသုဒ္ဓ မဟာထေရ်မြတ်သည် ကောဇာသက္ကရာဇ် ၁၃၄၇ ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်၊ သောကြာနေ့ ည(၈)နာရီ (၃၀)မိနစ်အချိန်တွင် ပျံလွန်တော်မူသည်။

ဆရာတော်ကြီး ဘဒ္ဒန္တဝိသုဒ္ဓ၏ ဖြစ်တော်စဉ်ကို ပူဇော်အာရုံပြု အတွေးနယ် လွင့်မြောနေစဉ် မောင်အောင်သူလင်းက အရှေ့ဘက်တောင်ပေါ် လှေ့လာမှုများပြုရန် ဖိတ်ခေါ်နေ၍ အရှေ့ဘက်တောင်ကုန်းမြင့်ဆီ ရှေးရှုသွားရလေသည်။



▲ အနောက်မြောက်ထောင့်မှ
ရန်အောင်မြင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ကြည်ညိုဦးခိုက်စဉ်

▼ ရန်အောင်မြင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ပြုပြင်သည့်
မှတ်တမ်းကျောက်စာကို တွေ့ရစဉ်




အရှေ့ဘက် တောင်ကုန်းမြင့်ပေါ်၌ ဆောက်လုပ်ဆဲ စံကျောင်းတော် အတွင်း ထိုင်တော်မူ ကျောက်ဆင်းတုတော်(၂၉)ဆူတို့ကို ကြည်ညိုဦးခိုက်ဖူးမြော်ရသည်။


ထိုစံကျောင်းတိုက်အတွင်း မြောက်ဘက်နံရံ၌ ကြော်ငြာထားသော အလှူခံ ဗီနိုင်းဆိုင်းဘုတ်ကိုလည်း တွေ့မြင်ရ၏။

စံကျောင်းတိုက် အရှေ့ဘက်ချိုင့်ဝှမ်းရှိ ကျောက်လုံးပေါ်၌ စောင်းပေါက်ထားသော ကျောက်စေတီနှစ်ဆူကို



www.burmeseclassic.com


www.burmeseclassic.com




ရန်အောင်မြင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား တောင်ဘက် မျက်နှာစာမှ ဖူးမြော်စဉ်



ကျိုက်ထီးရိုးဘုရားဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစိုးပုံတော်(သာသနာ့ဗားခွန် ထားဝယ်ထောင်မြန်မာ့အားဘုန်းမှ ထပ်မံ ရိုက်ကူးထားသောပုံတော် ဖြစ်ပါသည်)



ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ အပေါ်ကျောက်လုံးနှင့် အောက်ခြေ ကျောက်လုံး ထိနေသည့် နေရာကြားမှ ကြိုးထောက်ထား၍ လှုပ်နေသည့်ပုံ



ဆောက်လုပ်ဆဲ စံကျောင်းတော် အတွင်း မြောက်ဘက်နံရံ၌ အလှူခံကြော်ငြာ ဗီနိုင်းဆိုင်းဘုတ်ကို တွေ့ရစဉ်

ဖူးရ၏။

ကျောက်စေတီမှ တဖြည်းဖြည်း မြောက်ဘက် တောင်ကုန်းမြင့်ဘက်ဆီ လျှောက်လာရာ တောင်ကုန်စောင်း၌ ဆေးရောင်ခြယ် သစ်လွင် အမြင် ပသာဒရှိသော ဇရပ်တစ်ဆောင်ကို လည်း တွေ့မြင်ရ၏။


အနောက်ဘက် တောင်ကုန်းဆီ တက်လှမ်းသွားရာ ရေကန်တစ်ကန် တွေ့ရ၏။ ရေကန်ရှိရာမှ တောင်ကုန်း မြင့်ဘက် ဆက်တက်ရာ ဆောက်လုပ် ဆဲ အဆောက်အအုံကို တွေ့ရ၏။

ထိုအဆောက်အအုံ နံဘေးတွင် စေတီတစ်ဆူကို တွေ့မြင်ဖူးရ၏။



www.burmeseclassic.com

www.burmeseclassic.com



▲ ဆောက်လုပ်ဆဲ စံကျောင်းတော်အတွင်း ကျောက်ဆင်းတုတော်(၂၉)ဆူတို့ကို ကြည်ညိုစဉ်

▼ ဆေးရောင်ခြယ် သစ်လှင် အမြင့်ပေသာရှိသော ဇရပ်ကို တွေ့ရစဉ်



▼ အနောက်ဘက်တောင်ကုန်းပေါ်တွင် အံ့ဩသောရေကန်ကို တွေ့ရစဉ်



တောင်ကုန်းမြင့်ပေါ်သို့ လျှောက်လှမ်း တက်ကြပြန်ရာ နားနေသွပ်မိုးဇရပ် တစ်ဆောင် တွေ့ရ၏။

နားနေဇရပ် အနောက်ဘက်တွင် ရှိသော မြောက်ဘက် တောင်ထိပ်သွား လူသွားလမ်းကြောင်းအတိုင်း ခရီး ဆက်သွားကြရ၏။ မကြာမီမှာပင် **နတ်ရေကန်ရှိရာ တောင်ထိပ်သို့** ရောက်ရှိ၏။

ယခုနှစ် ကောဇာသက္ကရာဇ် ၁၃၇၈ ခုနှစ်မှာ အပူရှိန်လွန်ကဲ ခြောက်သွေ့ ရာသီကာလဖြစ်၍ မြေပြန့်ဒေသများ၌ ပင် ရေတွင်းရေကန်များတွင် ရေခန်း ခြောက်လျက်ရှိ၏။

သို့သော် ဗျတ်ဝိသား တောင်ထိပ် (ကျောက်ပြားတောင်)ရှိ ရေကန်၊ ရေတွင်းတွေမှာ ရေပြည့်လျှံ ကြည်လင်စွာ တွေ့ရှိရသဖြင့် အံ့သြမှု ဖြစ်ကြရ၏။

တောင်ထိပ်မှာ ကြာပေါက်ဖို့ မလွယ် ပါ။ ထို့အတူ တောင်ထိပ်ရှိ ရေတွင်း ရေကန်တွေမှာလည်း ရေရှိဖို့ မလွယ် ပါ။

သို့သော် ကျောက်ပြားတောင်ထိပ် ၌ ရေတွင်းရေကန်များမှ ရေထွက်ရှိ နေခြင်းသည် နတ်တို့ ဖန်တီးပေးသဖြင့် နတ်ရေတွင်း၊ နတ်ရေကန်ဟု ခေါ်ဆို ခြင်းဖြစ်၏။

**နတ်ရေကန် နတ်ရေတွင်း၏ ရေမှာ မခန်းခြောက်ပါ။ တောင်ပေါ် ဘုရားဖူးများ လာသမျှ ရေချိုးကြ၏။ သောက်သုံးရေ အဖြစ်လည်း အသုံးပြုရ၏။ ရေသည် ကုန်သည်မရှိပါ။ ရေသည် အမြဲထွက်နေ၏။ နတ်တို့ ဖန်တီးပေးသော ရေကန်ဖြစ်ရာ မည်သည့်အချိန်မှမခန်း အံ့ဩဖွယ် ကောင်း၏။**

ရှေ့လဆက်ဖတ်ပါရန်

**မောင်မောင်စိုး(ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com

# ဘေးကင်းကျန်းမာ ရွှင်ချမ်းသာ

### အလင်းတိုင် ပူဇော်မှုအစီအရင်

ဂမ္ဘီရပညာတို့သည် လွယ်မယောင်နှင့်ခက်၏။ တိမ်မယောင်နှင့် နက်၏။ တစ်ခါတစ်ရံ လွယ်သည်ဟု အပေါ်ယံထင်ရသောပညာများသည် နက်နဲပြီး အကျိုးပေးသန်သည်ကိုလည်း တွေ့ဖူးရ၏။

ကျွန်ုပ်သည် နက္ခတ်ဝေဒပညာများ၊ ဂမ္ဘီရပညာများကို လေ့လာသင်ကြားစဉ်ကာလ ဆရာဘုန်းတော်ကြီးတစ်ပါး သင်ကြားပေးခဲ့သော အလင်းတိုင်ပူဇော်နည်း ယတြာအစီအရင်တစ်ခုကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ အကျိုးရှိ ဆောင်ရွက်နိုင်ခြင်းငှာ တင်ပြလိုက်ပါသည်။

ဖော်ပြပါ အလင်းတိုင်ပူဇော်မှုယတြာသည် ကျန်းမာရေးကောင်းခြင်း၊ လာဘ်များရရှိခြင်း၊ အောင်မြင် ထင်ရှားခြင်း၊ အပြိုင်အဆိုင်အနိုင်ရခြင်း၊ အကျိုးကျေးဇူးများကို ကိုယ်တွေ့ခံစားခဲ့ကြရပါမည်။

### အလင်းတိုင်ပူဇော်မှုအစီအစဉ်

၁။ ဖယောင်းတိုင်ကြီး တစ်တိုင်၏ ထိပ်ဖျားပိုင်းတွင် **"သိဒ္ဓိဘဂဝါ အရဟံ ဗုဒ္ဓေါမေ သတ္တပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"**ဟု (၃)ကြိမ်ရွတ်ဆို၍ အစက်(၃)စက်ချပါ။

၂။ ထိုတြိဂံပုံ(၃)စက်အောက်တွင် မိမိနေ့သားအလိုက်**"သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒြာ၊ သောရီ၊ ဂုရု၊ ဘောမ"** ဟု တန်း၍ဂဏန်းများရေးပါ။မိမိနံကိုတိုင်ထိပ်မှစ၍ တန်းစီချရပါမည်။

၃။ **တနင်္ဂနွေ သားသမီးဖြစ်ပါက**
သူရဿ(၁)၊ သောကြ(၆)၊ ဗုဒ္ဓ(၄)၊ စန္ဒြာ(၂)၊ သောရီ(၀)၊ ဂုရု (၅)၊ ဘောမ(၃)ဟု ဂဏန်းများရေးပါ။

ခ။ **တနင်္လာ သားသမီးဖြစ်ပါက**
စန္ဒြာ (၂)၊ သောရီ(၀)၊ ဂုရု(၅)၊ ဘောမ(၃)၊ သူရဿ(၁)၊ သောကြ(၆)၊ ဗုဒ္ဓ(၄)ဟု ဂဏန်းများရေးပါ။

ဂ။ **အင်္ဂါ သားသမီးဖြစ်ပါက**
ဘောမ(၃)၊ သူရဿ(၁)၊ သောကြ(၆)၊ ဗုဒ္ဓ(၄)၊ စန္ဒြာ(၂)၊ သောရီ(၀)၊ ဂုရု(၅)ဟု ဂဏန်းများရေးပါ။

ဃ။ **ဗုဒ္ဓဟူး သားသမီးဖြစ်ပါက**
ဗုဒ္ဓ(၄)၊ စန္ဒြာ(၂)၊ သောရီ(၀)၊ ဂုရု(၅)၊ ဘောမ(၃)၊ သူရဿ(၁)၊ သောကြ(၆)ဟု ဂဏန်းများရေးပါ။

င။ **ကြာသပတေး သားသမီးဖြစ်ပါက**
ဂုရု(၅)၊ ဘောမ(၃)၊ သူရဿ(၁)၊ သောကြ(၆)၊ ဗုဒ္ဓ(၄)၊ စန္ဒြာ(၂)၊ သောရီ(၀)ဟု ဂဏန်းများရေးပါ။

စ။ **သောကြာ သားသမီးဖြစ်ပါက**
သောကြ(၆)၊ ဗုဒ္ဓ(၄)၊ စန္ဒြာ(၂)၊ သောရီ(၀)၊ ဂုရု(၅)၊ ဘောမ (၃)၊ သူရဿ(၁)ဟု ဂဏန်းများရေးပါ။

ဆ။ **စနေ သားသမီးဖြစ်ပါက**
သောရီ(၀)၊ ဂုရု(၅)၊ ဘောမ(၃)၊ သူရဿ(၁)၊ သောကြ(၆)၊ ဗုဒ္ဓ(၄)၊ စန္ဒြာ(၂)ဟု ဂဏန်းများရေးပါ။

၃။ ဖယောင်းတိုင် ဘေးတစ်ဖက်တွင် **"ဟေဝိလာဘံ၊ ဟေဝိဓနံ၊ ဟေဝိသုခံ၊ ကောင်းကျိုးဆန္ဒ ပြည့်ဝပါစေ"** ဟု ရေးပါ။


၄။ အလင်းတိုင်ဖြင့် ဘုရားပူဇော်ရာတွင် မွေးနံပန်း၊ ရေချမ်း(၅)ခွက်၊ ဆီမီးအလင်းတိုင်(၅)တိုင် ထွန်းညှိပူဇော်ရပါမည်။ အစီအရင် အလင်းတိုင်ကို အလယ်တိုင်ထား၍ ပူဇော်ပါ။

၅။ မွေးနေ့တိုင်းဖြစ်စေ၊ မိမိတို့၏ အမှုကိစ္စများ ဆောင်ရွက်ရမည့်နေ့တွင်ဖြစ်စေ ပူဇော်ပါ။

၆။ ထိုနေ့တွင် အထက်ဖော်ပြပါ သရဏဂုံ(၃)ပါးကို အနည်းဆုံး(၉)ပတ် ပုတီးစိပ်ပါ။ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါများအား မေတ္တာပို့၍ အမျှဝေပါ။

### တနင်္ဂနွေသားသမီးအတွက် နမူနာပုံစံဆောင်ရွက်ရန်

* * *




*လိုအင်ဆန္ဒ ပြည့်ဝကြပါစေ...*

**ရွှေကျော်မင်းအောင်**

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ



မှတ်ပုံတင် ၁၁၁၆ (ဗိုင်) ၀၁၂၅၃၃၃ လိုင်စင် ၁၁၃၈ (တို)

အမှတ်တံဆိပ်

တစဝတ (စာနယ်ဇင်း) ၀၂၁/၀၆၁၄


"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"
"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"
"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "
"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .
"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"
ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"
"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"
"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
" ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "
" ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် . . .
" ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ "
" ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .** "

| | |
|---|---|
| ပင်ရင်း 'ဝင်း' ဆေးတိုက်<br>ဖုန်း – ၀၁ ၅၉၀၅၇၇ | ဖြန့်ချိရေး – ဒအောင်သိဒ္ဓိဆေးဆိုင်<br>၃/၀၀၀/ဝေဇယန္တာအိမ်ယာ<br>၈/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့<br>ဖုန်း – ၀၉ ၅၃၁၁၃၃၄၀၀၊ ၀၉ ၅၁၅၈၀၃၃၊ ၀၉ ၃၁၁၁၅၁၅ |



www.burmeseclassic.com

www.burmeseclassic.com



◆ ပုံ (၁၇)သပိတ်ပိုက်ရုပ်တုများ

ခရီးသည်ဘုတောသိ

# ကဒေါတ်တောက် ဝါးကျောင်းဆရာတော်

## စုဆောင်းပူဇော်ထားသည့် ရုပ်တုရုပ်ပွား ဓာတ်တော်များ (၃)

**ယခင်လမှ အဆက်**

ဓာတ်တော်တောင်သည် ကျောက်ဆည်မြို့ အရှေ့ဘက် (၁၀)မိုင်ခန့် အကွာရှိ ရေပြာရွာနှင့် ကုတိုးရွာများ အနီး၌ တည်ရှိသော တောင်တန်းကြီး၏ခုလတ် ထက်ဝက်၌ရှိသော တောင်ထွတ်ဖြစ်သည်။

ယင်းတောင်ထွတ်တွင် ကျယ်ပြန့်ဆိတ်ငြိမ်သော ဓာတ်တော်လိုဏ်ဂူ တည်ရှိသည်။ မြေပြင်မှ မတ်စောက်သော တောင်တက်ခရီး နာရီဝက်မျှ တက်ရောက်ရသည်။

လှေကားရင်း စောင်းတန်းဦးတွင် မြင်စိုင်းမင်းညီနောင်များ ကောင်းမှုခြံသေ့ရုပ်တစ်ခုရှိ၏။ မှက်၊ ခြင်၊ ယင်အလွန်ပေါများသော တောင်တက်လမ်း ဖြစ်သည်။

လိုဏ်ဂူတွင်း၌မူ ထိုအနှောင့်အယှက်များ မရှိပါ။ **ဘဒ္ဒကမ္ဘာ၌ ပွင့်ထွန်းတော်မူပြီး မြတ်စွာဘုရားလေးဆူတို့ ကြွရောက်သီတင်းသုံးကြသော လိုဏ်ဂူဖြစ်သည်ဟု ဓာတ်တော်တောင်သမိုင်း၌ ဖော်ပြထား၏။**

ကဿပဘုရားရှင် လက်ထက်တွင် အဘိဓမ္မာအာဂုံဆောင် ရဟန်း(၇)ပါးသည် ဤလိုဏ်ဂူတွင် စကြံ့ကြွလျက် အဘိဓမ္မာ(၇)ကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်ကြရာ လိုဏ်တွင်းနေ လင်းနို့သား(၅၀၀)တို့ ကြားသဖြင့် တရားဟူသော အမှတ်ဖြင့် လေးမြတ်စွာ နာကြကုန်၏။

ဤကောင်းမှုကြောင့် သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သားငါးရာဖြစ်ကြ၏။ ထိုနတ်သားတို့သည် ဘုရားတစ်ဆူမှ တစ်ဆူကြား လူ့ပြည်နတ်ပြည် လှည့်လည်စံစား၍ ဂေါတမမြတ်စွာဘုရား ပွင့်သောအခါ သာဝတ္ထိပြည်၌ အမျိုးကောင်းသားများ ဖြစ်လာကြသည်။

ဘုရားရှင်အား သဒ္ဓါအလွန်ပွား၍ ရှင်သာရိပုတ္တရာထံပါး၌ ရဟန်းပြုကြကုန်၏။ ဘုရားရှင် နတ်ပြည်၌ဟောသော အဘိဓမ္မတရားကို ရှင်သာရိပုတ္တရာအား သင်ကြားပေးရာ ရှင်သာရိပုတ္တရာက ထိုရဟန်း(၅၀၀)အား ပြန်လည်သင်ကြားပေး၏။

www.burmeseclassic.com



◄ ပုံ (၁၈)သဗိတ်ပိုက် မြေထည်ရုပ်တု

ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်း အပါ အဝင်ဖြစ်သော အဘိဓမ္မာ(၇)ကျမ်းကို အာဂုံဆောင်ပူဇော်ကြ၍ နောက်ဆုံးတွင် ရဟန္တာ(၅၀၀)ဖြစ်ကာ ဤလိုဏ်ဂူ၌ပင် ပရိနိဗ္ဗာန်ပြုကြ၏။ ထိုရဟန္တာများ၏ ဓာတ်တော်များကို ရဟန္တာဓာတ်တော်ညိုဟု ခေါ်တွင်ခြင်းဖြစ်၏။

ထိုဓာတ်တော်လိုဏ် အတွင်း၌ ကျောက်တုံးများအကြား လူတစ်ကိုယ်စာဝင်ပေါက်မှတစ်ဆင့် လှိုဏ်ဂူကြိုဥမင်ကလေးသို့ ဝင်ရောက်လျက် အဓိဋ္ဌာန်ပြုပြင်ဆောင်ရသည်ဆို၏။

ကျွန်ုပ်ရောက်ရှိစဉ်က မြေတွားသကဲ့သို့ ကုန်းကာ ကော့ကာ ဝင်ရောက်၍ အခြေ၌ ရဟန္တာသုံးပါးရုပ်တုတော်များ(အမြင့် ၂–ပေခန့်)ကို ဖူးတွေ့ရသည်။

ကင်မရာ မသယ်နိုင် လူလွတ်ချည်းသာ ဝင်ရသဖြင့် ဓာတ်ပုံမရိုက်နိုင်ခဲ့ပါ။ ပြန်အတက်တွင် ခေါင်းမှစကာ ခဲခဲယဉ်းယဉ်းတိုးကာ နွဲ့ကာလှည့်ကာ ပြန်တက်ခဲ့ရသည်။ ဓာတ်တော်များ မဖူးတွေ့ရပါ။

**ဤလိုဏ်ဂူမှ ဓာတ်တော်များကို ပန်းတောင်းလိုဏ်က ဓာတ်တော်အောင်တွင် ရက်ရှည် အဓိဋ္ဌာန်ဝင် ဥပုသ်သီတင်းဆောက်တည်မှုသော ထိုက်တန်သူတွေ့ မှတော်ခွင့် ရကြသည်ဟု ကြားသိရပေသည်။**

## ရေဆန်ဓာတ်တော်[ပုံ–၆]

ကူမဲမြို့နယ်အတွင်းရှိသော အထက်နှင့်အောက် ကင်းတားတောင်နှစ်လုံးတွင် စေတီတစ်ဆူစီ ကိန်းဝပ်တော်မူကြသည်။ စေတီတော်နှစ်ဆူမှ အလင်းတန်းများ ဖြာထွက်ကာ တစ်ဆူနှင့်တစ်ဆူ ကူးလူး၍ ရောင်ခြည်တော်ကွန့်မြူးသည်ကို မကြာခဏ ဖူးတွေ့ကြရသည်။

တောင်နှစ်လုံးအခြေတွင် ရစ်ခွေစီးနေသည့် ချောင်းကလေးအတွင်း၌ ဓာတ်တော်များ တွေ့ရှိတတ်သည်။ ကင်းတာတောင်တွင် ရဟန္တာများ ပရိနိဗ္ဗာန်ပြုတော်မူကြသဖြင့် တောင်ခြေချောင်းရေတွင် ဓာတ်တော်များ တွေ့ရခြင်းဖြစ်သည် ဆိုကြသည်။

ချောင်း(အနိမ့်ပိုင်း) အကြေတွင် ဓာတ်တော်များ ပင့်ဆောင်ရနိုင်သကဲ့သို့ တစ်ခါတစ်ရံတွင် ချောင်းဖျား၊ ချောင်းညာဖြစ်သော တောင်ထိပ်တွင်မှသာ ရသည်လည်း ရှိ၏။


ထိုတောင်နှစ်လုံး ပတ်ဝန်းကျင်မှ ကျော်လွန်မျောပါသွားခြင်း မရှိဟု သိရသည်။ တောင်ခြေ ချောင်းအကြေမှ တောင်ထိပ် ချောင်းဖျား အညာဆီသို့ ပျံတက်နိုင်သဖြင့် ရေဆန်ဓာတ်တော်ဟု ခေါ်ကြခြင်းဖြစ်သည်။


ရဟန္တာဓာတ်တော်များဖြစ်၍ စေတီတည်ပူဇော်ထိုက်သော လောကုတ္တရာရတနာဖြစ်သည့်အပြင် လောကီရေးရာတွင်လည်း လောကဓံ အလိုးများမှ




www.burmeseclassic.com

www.burmeseclassic.com





◄ ပုံ (၁၉)ဘုရားရှင်နှင့် နောက်ပါသံဃာများ ဆွမ်းခံကြွပုံ

ပုံ (၂၀)မယ်တော်မာယာသားဖွားမြင်ခန်း ►

ကျော်လွှားနိုင်ခြင်း၊ ဘဝအမောအပန်းများ ပြေပျောက်စေခြင်း၊ သားသမီးအကျိုး ခံစားရခြင်း(**မိဘသားသမီးတို့အကြား စုန်ရေသာရှိ၍ ဆန်ရေမရှိဟု ဆိုရိုးပြုကြသောကြောင့် အဆန်သဘောဆောင်ယူခြင်း ဖြစ်သည်။)**

ကုန်ဆုံး လျော့နည်းသွားသော စည်းစိမ်ဥစ္စာများ ပြန်လည်ရရှိခြင်း စသည်တို့အတွက် ဆုပန် ပူဇော်လေ့ရှိကြ၏။

ဤရေဆန်ဓာတ်တော်နှင့် ပင့်ဆောင်မှု အတွေ့အကြုံကို ဦးအုန်းသွင်ထံမှ ရိုက်ကူး မှတ်သားခွင့်ရခြင်းဖြစ်သည်။

## တကောင်းဓာတ်တော်ညို[ပုံ-၇]

ဓာတ်တော်အလုံးကလေးများ ကပ်၍ အလုံးအခဲကြီးသဖွယ် ဖြစ်နေတတ်၍ တကောင်းဓာတ်ပေါင်းဟုလည်း ခေါ်ကြသည်။

သပိတ်ကျင်းနယ် ကြာညှပ်ရွာ၊ ကိုးပင်ရွာများအနီးမှ အရှေ့ဘက်သို့ တောလမ်းအတိုင်း (၇)မိုင်ခန့်သွားခြင်းဖြင့် ဓာတ်တော်များ ရှိရာသို့ ရောက်သည်။

**သောင်းဝှက်တောင်နှင့် (၇)မိုင်ခန့်** **အကွာတွင်ရှိကာ သောင်းဝှက်တောင်ခြေဟုပင် ခေါ်ကြသည်။**

ဘုရားရှင်၏ တပည့်သားများဖြစ်ကြသော **ပုဏ္ဏမထေရ်၊ စုန္ဒမထေရ်နှင့် တိဿမထေရ်ဟူသည့် ရဟန္တာသုံးပါး ပရိနိဗ္ဗာန်ပြုရာနေရာ ဖြစ်သည်ဆို၏။** သုံးနေရာရှိရာ တောင်ဓာတ်၊ အလယ်ဓာတ်၊ မြောက်ဓာတ်ဟူ၍ ခေါ်ကြသည်။

တောင်ဓာတ်မှာ တိဿရဟန္တာဓာတ်တော် ဖြစ်သည်ဆို၏။ ရေပူစမ်းအနီး ရေအိုင်ငယ်အတွင်းမှ ဓာတ်တော်များ ပင့်ဆောင်ရရှိသည်။ ထိုအနီးကမ်းပါးယံတွင် ရှေးစေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။ ထိုအိုင်မှ မုန့်ညင်းစေ့ခန့် ဓာတ်တော်ခဲများ ရရှိတတ်သည်။

တကောင်းဓာတ်တော် ပင့်ဆောင်ရာတွင် ဆရာတော် ဦးသုန္ဒရနှင့်အတူ ဦးထွန်းငြိမ်း(ကျိုက္ခမီ)က ကပ္ပိယကာရကအဖြစ် လိုက်ပါသွားသည်။ သပိတ်ကျင်းမှ လှေဖြင့် ရောဝတီမြစ်အတိုင်းသွားကာ မင်းကုန်းရွာ ကမ်းခြေတွင် ညအိပ်ရသည်။

နောက်တစ်နေ့ နံနက်တွင် အရှေ့စူးစူးသို့ ခြေကျင်လျှောက်ကြရသည်။ ချောင်းရေရှိသော မိုးတွင်းကာလဖြစ်၍ ရေပူအိုင်အတွင်းငုပ်ကာ အောက်ခြေရှိ ဓာတ်တော်များကို အနည်းငယ်စီစုဆောင်း ပင့်ဆောင်ရသည်။

ရသမျှကို အိုင်နံ့ဘေး ကျောက်တုံးပေါ်တင်ကာ ထပ်၍ငုပ်ရသည်။ ရေပေါ်ပြန်တက်လာသောအခါ ယခင် ပင့်ထားသော ဓာတ်တော်များ မရှိတော့ချေ။

လေး,ငါးကြိမ်ခန့် ဤသို့လျှင် ကြုံရသောအခါ ကိုထွန်းငြိမ်းကို ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိစေသည်။ ဆရာတော်က ဘုရားကန်တော့၍ သစ္စာဆိုတိုင်တည်ကာ ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်ဖတ်ပူဇော်သည်။

ပရိတ်ပူဇော်ပြီးသောအခါ ရေများခန်းခြောက်၍ အိုင်အခြေရှိ ဓာတ်တော်များကို သိမ်းကြုံးပင့်ဆောင်ကြသည်။ ဆာလာပိတ်ခေါ် မြေဖြူအိတ်ဖြင့် တစ်အိတ်နှင့် ထက်ဝက်ရရှိသည်။

www.burmeseclassic.com





◄ ပုံ (၂၃)ရောင်ခြည်တော်ကွန့်မြူးဟန် ရုပ်ပွားနှင့် ဆင်ရုပ်များ

◄ ပုံ (၂၁)မြင်းခွာများကို နတ်များပင့်ထားပုံ

ယင်းနောက် ဆွမ်းကိစ္စအတွက် တောင်မာတ် ရေပူစမ်းအနီးရှိ ယာတဲသို့ သွားရောက် အကူအညီတောင်းသည်။ တဲရှင်များမှာ ကလေးငယ်ဖျားနေသဖြင့် ကိုယ်စိတ်ပင်ပန်းနေသော်လည်း ဆွမ်းကိုမူ စေတနာထက် သန်စွာ ချက်ပြုတ်ကပ်လှူကြပါသည်။

ဆရာတော်က သရဏဂုံတည် မန်းထားသော ရေမန်းကို တိုက်စေရာ ကလေးမှာ ချက်ချင်းပင် သက်သာ၍ ထူထူထောင်ထောင် ဖြစ်လာသည်။


ထိုအခါ စိတ်သက်သာရာရသဖြင့် ဆရာတော် လာရင်းအကြောင်းကို မေးလျှောက်၏။ မာတ်တော်ပင့်လာသည်ဆိုသဖြင့် တဲရှင်ကလည်း မာတ်တော်အချို့ ပင့်ဆောင်ပူဇော်ရန် ရေပူအိုင်သို့သွားရာ အိုင်မှာ ရေများ ပြန်ပြည့်နေသဖြင့် မရခဲ့ချေ။

အပြန်ခရီးတွင်မူ ဆရာတော်အား မြစ်ဆိပ်အရောက်လှည်းဖြင့် ပို့ဆောင်ပေးကြလေသည်။ ထိုရေပူအိုင်တွင် ရေစိမ်ပါက ရောဂါမျိုးစုံသက်သာ ပျောက်ကင်းစေသည်ဟု ယုံကြည်ကြ လျက် ခရစ်နှစ်ကုန် ဒီဇင်ဘာလတွင် ရပ်ဝေးဒေသမှလူများ (များသော အားဖြင့် လူရှိုင်းချင်းများ၊ ရှမ်းတရုတ်များ) ချောင်းနံဘေးတွင် လာရောက်၍ တဲထိုးကာ တစ်ပတ်ဆယ်ရက် နေထိုင်ကြသည်။

နွေစဉ် ရေပူအိုင်၌ ရေစိမ်လေ့ရှိကြသည်။ နှစ်စဉ် ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် တောင်မာတ်ခေါ် ရေပူစမ်းအနီး ရှက်ထည်တဲကလေးများ အစီအရီ စုဝေးလျက် မြင်တွေ့နိုင်သည်ဟု သိရသည်။

**အလယ်မာတ်မှာ** တောင်မာတ်၏အနောက်မြောက်ယွန်းယွန်း တစ်မိုင်ခန့်အကွာတွင်ရှိ၏။ **စုန္ဒရဟန္တာပရိနိဗ္ဗာန်ပြုရာဌာန**ဟုဆိုသည်။ ရေပူစမ်းအိုင်(တောင်မာတ်ရေပူအိုင်ထက်ငယ်၏။) သုံးခုတွေ့ရ၍ ထိုနေရာမှ ဆန်းကျိုးစေ့(ဆံနက်ကွဲစေ့)ခန့် မာတ်တော်များ ရရှိတတ်သည်။

**မြောက်မာတ်ကား** အရှေ့မြောက် (၅)ဖာလုံခန့်အကွာ ဆပ်ပြာကျွင်းချောင်း၏ ကမ်းပါး၌ မြောက်သို့ ခေါင်းပြုကာ ပရိနိဗ္ဗာန်ပြုနေသော



◄ ပုံ (၂၂)ရဟန္တာရွှေဘိုးမြို့ စံပယ်တော်မူဟန်



www.burmeseclassic.com

www.burmeseclassic.com





ပုံ (၂၅)နဂါးရုံစနစ်ကောင်ရုံ ရုပ်ပွားတော်

ပုံ (၂၄)ဗမာ့ဆက်အဆိုင်းပုံနှင့် မင်းဝတ်ဘုရား

ကျောက်ဖြစ်ရုပ်ကြွင်းရှိကာ ပုညရဟန္တာ၏ ရုပ်ကလာပ်တော်ဟု ဆိုကြသည်။

အလျား (၃၅)တောင်၊ ဦးခေါင်းတော်(၃)တောင်တစ်ထွာခန့် အလျားရှိ၏။ မျက်စိ၊နှာခေါင်း မပီပြင်ပါ။ ထိုအနီး ရေပူအိုင်တွင်းမှ ပဲနောက်စေ့ခန့် ဓာတ်တော်များ ရနိုင်သည်ဆို၏။

*(မန္တလေးမှ တကောင်းသွား မော်တော်ယာဉ်ဖြင့် လိုက်ပါ၍ ကိုးပင်ရွာ ကြာညှပ်ရွာများအနီး၌ ဆင်းကာ အရှေ့ဘက်ဆီသို့ တောလမ်းအတိုင်း သွားရောက်ခြင်းဖြင့် ဓာတ်တော်တောင်သို့ ရောက်ရှိနိုင်ပါသည်။)*

ဇီးတောရဟန္တာဓာတ်တော်[ပုံ-၈]

ဖန်ပြားကလာပ်ဖြင့် ပူဇော်ထားသော နီညိုရောင်ဓာတ်တော်များအနက် အချို့မှာ **အနီ၊ ပုလဲရောင်နှင့် အုပြာရောင် အရည်လဲ့သော ပုံဆောင်ခဲများဖြင့်** ကြည်ညိုဖွယ်ကောင်းသော ဓာတ်တော်များ ဖြစ်ကြသည်။

မြိုင်မြို့နယ်၊ ဇီးတောရွာ မြသီတာကျောင်းတိုက်ဆရာတော် အရှင်သာဂရ၏ ဓာတ်တော်များဖြစ်၍ ဆရာတော်သည် ၁၂၇၄ ခုနှစ်တွင် မွေးဖွား၍ ငယ်စဉ် ရဟန်းဘဝတွင် မိုးကုတ်ဆရာတော်ကြီး ဦးဝိမလထံမှောက်၌ အဘိဓမ္မာညဝါများသာမက ဝိပဿနာဟောတရားများကိုပါ သက်တော်ထင်ရှား ရှိစဉ်က နာကြားခဲ့ရ၏။

နောင်တွင် မိုးကုတ်ဆရာတော်ကြီး၏ တရားတိပ်ခွေများ အားလုံးကို တစ်ခွေချင်း နာယူကျင့်ကြံရာ တရားထူးရရှိခဲ့ကြောင်း ကိုယ်တိုင်မှတ်တမ်းရေး ထားရစ်ခဲ့သည်။

**၁၃၄၄ ခုနှစ် ကဆုန်လကွယ်နေ့တွင် ပျံလွန်တော်မူရာ ၁၃၄၄ ခုနှစ် တပို့တွဲလပြည့်နေ့တွင် ဆောင်တော်ဈာပနသဘင် ကျင်းပ ပူဇော်ကြသည်။**

ရှေ့လဆက်ဖတ်ပါရန်

**ခရီးသည်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# အညှောင်းအညာ

## ပြေပျောက်ဆေးနည်း



ဤဆေးနည်းသည် ပရဆေးဆိုင်ရှိပါက လွယ်လင့်တကူ ဖော်စပ်စားသုံးနိုင်သော ဆေးနည်းဖြစ်ပါသည်။

ကနီမြို့နယ်အတွင်းရှိ ရဟန်းရှင်လူအတော်များများက ဖော်စပ် စားသုံးမှီဝဲကြပါသည်။

အထူးသဖြင့် အညှောင်းနှင့် ရင်ဆိုင်ရသောအလုပ်၊ ဘုန်းတော်ကြီးများနှင့် ယောဂီများအပါအဝင် အထိုင်များသောသူများ ဖော်စပ်မှီဝဲကြပါသည်။

ဆေးနည်းမှာ မည်သည့်ခေတ်ကာလက ရရှိခဲ့သည်ဟု အတိအကျပြောရန် ခက်သော်လည်း **ကနီမြို့နယ် အနေဖြင့် ကနီမြို့နယ်၊ မိုးကောင်းရွာ၊ ဆရာကြီးဦးအောင်တင့်၏ ဆေးနည်း**ဟု ပြောရပါမည်။

ဆရာကြီးဦးအောင်တင့် ဆိုလျှင် မောင်းထောင်ဦးကျော်လှ(သံချို)တို့နှင့် ခေတ်ပြိုင် ဖြစ်သည်။

မောင်းထောင်မှ သံချိုဆရာဦးကျော်လှဆိုလျှင် ထိုခေတ်နှင့် ယနေ့ခေတ်အထိ မသိသူရှားသည်။ ဦးကျော်လှက သံချိုရေးစပ်ရာတွင် အလွန်တော်သည်။

နက္ခတ္တ၊ ဗေဒင်၊ ရှေးဖြစ်၊ နောက်ဖြစ်၊ ကြိုတင်ဟောကိန်းများ ထုတ်နိုင်သည်။ ကဗျာဉာဏ်၊ စာဉာဏ်၊ လက်တန်းဉာဏ် အလွန်ကောင်းသည်။

ထိုဆရာကြီးကပင် ကနီမြို့နယ် မိုးကောင်းရွာ ဆရာကြီး ဦးအောင်တင့်အား ချီးကျူးစာ ပေးပို့ခဲ့ရသည်။

ထိုစာများကို မောင်းထောင်ရွာ သံချိုဆရာဦးကျော်လှ၏ "**လူအများ မသိသေးသော သံချိုစာများ**"ဟူ၍ စာတစ်စောင်ပေတစ်ဖွဲ့ ရေးလို့ရမည် ထင်ပါသည်။

ဆရာကြီးဦးအောင်တင့်၏ သားသမီး,မြေး,မြစ်များသည် နိုင်ငံရေးသမား၊ ကျောင်းဆရာကြီးများ၊ မြေတိုင်းပညာရှင်ကြီးများနှင့် ဗိုလ်မှူး၊ ဆရာဝန် စသည်ဖြင့် နယ်ပယ်စုံတွင် ရှိနေပါသည်။

ဆရာကြီး၏ တပည့်များကား အလွှာစုံရှိသည်။ ဆိုဖွယ်ရာမရှိ၊ ကနီမြို့နယ်၏ စံပြုထိုက်သော ဆရာကြီးဖြစ်ပါသည်။

ထို ဆရာကြီးဦးအောင်တင့်၏ အညှောင်းအညာပြေပျောက် ဆေးနည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများ ဖော်ထုတ်စားသုံး အကျိုးများစိမ့်သောငှာ ရေးသားပေးပို့လိုက်ပါသည်။

ဆေးနည်းကို ဆရာကြီးဦးအောင်တင့်ကိုယ်တိုင် တေးထပ်အဖြစ် ရေးသားထားပါသည်။

---

### အညှောင်းအညာ

### ပြေပျောက်ဆေးနည်း

---

အလိုကြူ။ လိပ်ကျောက်ဆူး ချိန်ခြောက်မူးသားစီ၊ ချိုးသီးနှင့်ကလော၊ နှစ်မည်မှာ ခြောက်လုံးစီ မှတ်သား။ ကြွေပုပ်ကြီးကြီး နှစ်လုံးယူပွေးကိုင်းမူ ကျပ်နှစ်ဆယ်သား။

မာလှသည့် ဆေးနှစ်ဖြာ(ကြွေပုပ်နှင့် လိပ်ကျောက်ဆူး)ကို ပြာပူမှာ ထည့်ထား ညက်လှအောင် ထောင်းပြောက၊ ငါးမူးသားစားပါစေ။

မန်ကျည်းမှည့်အနှစ်၊ ထန်းလျက်ထန်းဖိုပေ... တောပတ်စစ်နှင့် ပျားငယ်ရေ(ရည်) သကြားနီလေ မှတ်သား ဤငါးပါးတစ်ပိဿာ။ (နှစ်ဆယ်ကျပ်သားစီ) ထည့်ပါညီစွာ။ ကြေးအိုးနှင့် ကျိုသောခါ မှတ်ဖို့ရာ ပြီးကွယ့်လေ။

တစ်ပိဿာ ဆေးငါးပါး ရောထည့်ထားသာ ယပို ကြေးအိုးနှင့် မီးမှာကျို အေးစေလို့ရထား။ ခုနစ်ပါးဆေးမှုန့်မှာ အေးသောခါ ထည့်တော့ မမှား။ ရောစပ်ဖို့ ထပ်ကာမွှေ၊ နောက်ထပ် လေးမှတ်သား။ နှမ်းကြီးဆီ ဆေးတစ်ပါးမတော့ ငါးမူးသားခတ်ပါ။

ဤတစ်ခါ မွှေပြီးနောက်၊ ပြီးဆုံးရောက်နို့တွိတာ။ ဖန်ဘူးနှင့် ထည့်ပြီးကာ သေချာစွာပိတ်ဖုံး။ စားသုံးက ညှောင်းညာပြေ သဗ္ဗရောဂါ ကင်းကွာ၍ ရှင်းပါစေသည် အတွင်းမှာ သန္ဓေရှိစေတော့လေ။

ဆေးနည်းဖော်စပ်မှုကို တေးထပ် ဖတ်လိုက်ရုံနှင့် ရှင်းနေပါသည်။ ကျွန်တော် အသေးစိတ်ရေးရန် လိုမည် မဟုတ်ပါ။ ဆရာကြီး၏ ပညာဂုဏ်ကို အလေးဂရုပြုရပါမည်။

ကျွန်တော်၏ တာဝန်သည်ကား တိမ်မြုပ် ပျောက်ကွယ်နေသော အနယ်နယ် အရပ်ရပ်မှ ကျွန်တော် လက်လှမ်းမီသမျှ လောကီပညာရသစုံကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ပြည်သူ့ထံ အကျဉ်းမျှ တင်ပြခြင်းဖြင့် လှိုအပ်သော ကွက်လပ်ကလေး တစ်ကွက်ကို တတ်စွမ်းသရွေ့ ဖြည့်စွက်ခြင်းသာ ဖြစ်ပါ၏။

**လိုရာပန်းတိုင် တက်လှမ်းနိုင်ကြပါစေ။**

မေတ္တာဖြင့်...

ဦးစိန်လင်း(ဟာနီ)



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# အသိကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင်
# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်းယောင်းနှင့် ညို ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ,လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ဘာက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာ့ကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**


"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၅၁၉၇၅၂၄။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘိုဝံ့စေတီပုံတူစေတီ

စံလွန်းသာ

ဝက်လူးအရှေ့တောကျောင်းဆရာတော်

# အရှင်လပကျွတ

၏ ဘဝတောက်ကြောင်းများ (၃)

**ယခင်လမှ အဆက်**

ဤမြောက်မုခ်တွင် မိမိတို့ အသုံးပြုမည့်ဆေးဝါးများကို သိဒ္ဓိတင် ဆေးကြူးတတ်ကြသည်။ မြောက်အရပ်မှာ ထွက်ရပ်ပေါက် ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်းတို့ သီတင်းသုံး နေထိုင်ရာ ဖြစ်သည်ဟု ယုံကြည်ကြသည်။

ဆရာသခင်များအတွက် ဆွမ်း၊ သစ်သီးခဲဖွယ် စသည် ရည်မှန်းလှူဒါန်းသောအခါ မြောက်အရပ်သို့ မျက်နှာမူ၍ ကပ်လှူလေ့ ရှိကြသည်။ ထို့ကြောင့် မြောက်လှည့် မုခ်ပါစေတီတွင် ကျန်းမာရေးကိစ္စများ၊ ခုနစ်ရက်သားသမီး ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အထူးပြု စီရင်ကြခြင်းဖြစ်ကြောင်း သိမှတ်ရသည်။

အရေးကြီးသည်မှာ ထိုစေတီ၏ မြောက်အရပ် မျက်နှာစာတွင် အဆောက်အအုံ၊ သစ်ပင်ကြီးများ စသည် တားဆီးမှု မရှိစေရ၊ လွင်ပြင်ငယ် ဖြစ်သင့်လေသည်၊ သို့မှသာ ဆရာသခင်တို့ လွတ်လပ်စွာ ကြွရောက် ဘုဉ်းပေးသုံးဆောင်နိုင်ကြမည်ဆိုပေသည်။

**ဗောဓိပင်သည် ကျောင်း၊**

**ကျောင်းသည် ဇရပ်**

ဆေးကြူးစေတီခေါ် ထိုရှေးဟောင်းစေတီအနီးတွင် ကျောင်းအဝင်မုခ်ဦးကြီးကို တွေ့ရသည်။

ကျောင်းဝင်း အဝင်ဝတွင် မထားဘဲ ဤကဲ့သို့ ကျောင်းဝင်းအလယ် ဗောဓိညောင်ပင်သို့ဝင်ရာ လမ်းဝတွင် ထားရှိခြင်းက ထူးဆန်းလှသည်။

ဆရာမိုးတို့နှင့် တွေ့ဆုံရသောအခါတွင်မှသာ အကြောင်းစုံကို သိရလေ



www.burmeseclassic.com

www.burmeseclassic.com



◆ ဗောဓိညောင်ပင်နှင့် ဂြိုဟ်ရှစ်ဆွင်

သည်။

'ဆရာတော်က ဗောဓိညောင်ပင်ကို ဘုရားရှင် သီတင်းသုံးတော်မူခဲ့တဲ့ ပရိဘောဂစေတီအဖြစ် အထူး အလေးထားတယ်။ နေတဲ့ ကျောင်းဆောင်တွေကို ကျောင်းလို့ မသုံးနှုန်းဘူး။ ဇရပ်လို့ခေါ်တယ်။

ဗောဓိပင်မှသာ ကျောင်းအစစ်လို့ မိန့်တော်မူတယ်။ ဒါကြောင့် ကျောင်းအဝင်မုခ်ကိုလဲ ဗောဓိညောင်ပင် အဝင်လမ်းမှာသာ လုပ်စေပါတယ်'

ကျောင်းများသည် သီတင်းသုံး သံဃာအဆက်ဆက် သက်တမ်း ရှိသမျှသာ သီတင်းသုံး နားခိုရလေသောကြောင့် ဇရပ်(ခေတ္တနားခိုရာ အဆောက်အအုံ)ဟု သုံးနှုန်း၍ ဗောဓိညောင်ပင်ကား မြတ်စွာဘုရားရှင် သဗ္ဗညုတ ရွှေဉာဏ်တော် ကွန့်မြူးခဲ့ရာ မဖောက်မပြန် မှန်ကန်သည့် သီတင်းသုံးခဲ့ရာ ဌာနဖြစ်သောကြောင့် ဤသို့ မိန့်ကြားတော်မူခြင်းဖြစ်သည်။

ဤမုခ်ဦးကို ၁၃၆၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့၍ မုခ်ဦးထိပ်တွင် လက်ယာရစ် စကြာအတွင်း **၈၀၀၀** စမလေးလုံး ဖြည့်သွင်းထားသည်။ အောက်တွင်...

"**အောင်စကြာ သိဒ္ဓိသရက်တော ကျောင်း**"ဟု ကမ္ပည်းထိုးထားသည်။ ဆရာမိုးမိသားစုကောင်းမှု ဖြစ်လေသည်။

မုခ်ဦးကို ဖြတ်ကျော်၍ မဟာဗောဓိ ညောင်ပင်အား သွားရောက်ကြည်ညိုရာ ရင်ပြင်တံတိုင်းအနီး သီးခြား ကွန်းဆောင်ဖြင့် ပူဇော်ထားကာ **မဟာဗောဓိရုက္ခပါလဒေဝ(ရုက္ခစိုး) ရုပ်တု**ကို တွေ့ရသည်။

မြင်းခြံမြို့မှ ဦးထွန်းရှိန်မိသားစု ကောင်းမှုဖြစ်သည်။ တစ်နယ်တစ်ကျေးသို့ သွားလာရသောသူများ အထူးသဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်ကြသူများ လမ်းခရီး အေးချမ်းသာယာစေကြောင်း ဆုတောင်းပြည့်စုံနိုင်ကြသည်ဟု သိရသည်။

ကျွန်ုပ်သည်လည်း မင်းစုံတောင်သို့ သွားရောက်လေ့လာရန်ရှိသည်ဖြစ်ရာ မရောက်ဘူးသော နေရာကို အဆင့်ဆင့် မေးမြန်းစုံစမ်းကာ သွားရမည်ဖြစ်သောကြောင့် ရုက္ခစိုးနတ်မင်းအား ပူပြီးသမျှ ကုသိုလ်အစုစုကို အမျှပေးဝေ၍ ခရီးလမ်း အဆင်ပြေချောမွေ့စေကြောင်း ဆုတောင်းခဲ့သည်။

နောက်တစ်နေ့တွင် မင်းစုံတောင်သို့ အဆင်ပြေစွာ ရောက်ရှိကာ ဝက်လူးတောကျောင်း ဆရာတော် ဦးလက္ခဏသည်လည်း မင်းစုံတောင်တွင် သီတင်းသုံးအဓိဋ္ဌာန်ဝင်၍ ကျင့်ကြံခဲ့ဖူးကြောင်း ကြားသိရလေသည်။

ဗောဓိညောင်ပင်ကို ရှစ်ခြောင့်အုတ်

www.burmeseclassic.com



◆ ဗောဓိညောင် အရံတံတိုင်းမှရုပ်တုများ

ပေါင်ခတ်၍ ကြိုးဟ်တိုင်(၈)ခုနှင့် ရုပ်ပွားတော်ရှစ်ဆူ ပူဇော်ထားသည်။ အုတ်ပေါင်အပြင်မှ ရင်ပြင်ပတ်လည်ခင်းကာ အရံတံတိုင်းနှင့် အဝင်ဝလေးခု ထားရှိသည်။

ဝင်ပေါက် လှေကားအခြေတွင် ခြသေ့(၂)ကောင်စီနှင့် လှေကားရင်းတွင် နတ်ရုပ်(၂)ရုပ်စီ သွန်းလုပ်ထားသည်။ နတ်ရုပ်များသည် ယာဒူးထောင်ကာ ယာလက်၊ ယာပခုံးဖြင့် သန်လျက်ထမ်းထားသည်။

အဝင်ဝ လေးခုအနက် အနောက်ဘက်အဝင်ဝရှိ ရုပ်တု(၂)ခုမှာ နဂါးခေါင်းဆောင်း ဆင်မြန်းထားကာ ကျန်သုံးဘက်တွင်မူ နတ်သားခေါင်းဆောင်းများ ဖြစ်သည်ကို တွေ့ရသည်။

ဆရာတော် သီတင်းသုံးသည့် ကျောင်းဘက်သို့ မျက်နှာမူသော **နဂါးခေါင်းဆောင်းရုပ်တုနှစ်ခုမှာ စနေဂြိုဟ် ပိုင်ဆိုင်ရာအရပ်ကို အထူးပြုထားခြင်း ဖြစ်ဟန်ရှိသည်။**

ဝက်လူးရွာသည် လည်းကောင်း၊ ဆရာတော်ဦးလက္ခဏာသည် လည်းကောင်း ဗုဒ္ဓဟူးနံများ စိုးမိုးသည်ဖြစ်ရာ **"လိတေ"**အောင်ဓာတ်ဆောင် စတုရန်းအညွှန်းဖြင့် စနေနံကို အထူးပြုပူဇော်ခြင်းဖြစ်ဖွယ်ရှိသည်။

ထို့အပြင် ဤနေရာရှိ စေတီပုထိုး သာသနိက အဆောက်အအုံများအတွက် အားကြိုးမာန်တက် ကုသိုလ်ပြု ဆောင်ရွက်သော ဆရာမိုးခေါ် ဦးလုမိုးလွင်သည်လည်း ဗုဒ္ဓဟူးသားပင်ဖြစ်လေရာ ဝဂ္ဂုတ္တမမြတ်သော အစုအဖွဲ့ ဖြစ်တည်နေကြောင်း တွေ့ရပေသည်။

အရံတံတိုင်း ထောင့်ချိုးများအထက်တွင် သန်လျက်ထမ်း ဘီလူးရုပ်လေးရုပ်ကို သွန်းလုပ်ထားသည်။ ပါပဂြိုဟ်ထောင့်အရပ်များဖြစ်ရာ ပါပဂြိုဟ်ဆိုးကျိုးများမှ တားဆီးကာကွယ်ခြင်းကို ရည်ညွှန်းဟန် ရှိပေသည်။


ညောင်ပင်မှာ အပင်အကိုင်း ဝေဆာအုံ့ဆိုင်းစွာ တည်ရှိ၍ အရွက်မျက်နှာပြင် နှစ်ဖက်စလုံး ပြောင်ချောနေသည့် ဗောဓိညောင်အစစ်ဖြစ်ကြောင်း တွေ့ရသည်။

## ဇော်ဂျီရုပ်တု

ဗောဓိညောင်ပင်သို့အဝင် မုခ်အနီးတွင် ဇော်ဂျီရုပ်တုတစ်ခုကို လေးတိုင်စင် ကွန်းဆောင်နှင့်တကွ မြင်ရသည်။ **လက်ဝဲဘက် ဒူးထောင်ကာ ဒူးအထက်၌ လက်ဝဲလက်ဖြင့် သန်**

www.burmeseclassic.com





◆ လေးမျက်နှာစေတီ

◀ တော်စီညောင်ရေအိုး

လျက်ကို ထောင်လျက်ကိုင်ထား သည်။

ဤရုပ်တုကို ဆရာမိုးမိသားစုကပင် (၁၀–၆–၂၀၀၁)ရက်နေ့တွင် စတင် သွန်းလုပ်လှူဒါန်းခဲ့ကြသည်။ ထို အချိန်က ဆရာတော်ဦးလက္ခဏာသည် ဆရာမိုးတို့အား ခေါ်ယူ၍...

'ဇော်ဂျီတစ်ဦးနဲ့ ယက္ခတစ်ဦးတို့ နေစရာ နေရာ လာတောင်းကြတယ်။ ယက္ခကိုတော့ ကျောင်းဝင်းအပြင်မှာ နေရာပေးလိုက်တယ်။ ဇော်ဂျီက ကျောင်းဝင်းထဲမှာ သင့်တော်ပါ တယ်။

ဆရာမတို့ (ဒေါ်စန်းစန်းအေးကို ဦးတည် မိန့်ကြားခြင်းဖြစ်၏)က ဇော်ဂျီရုပ်တုကို ကွန်းဆောင်ကလေးနဲ့ လုပ်ပေးလိုက်ကြပါ'

ဟု မိန့်ကြားတော်မူခြင်းကြောင့် ပြုလုပ် လှူဒါန်းဖြစ်ခဲ့ကြသည်ဆို၏။ ဆရာမိုးက...

'ဒီဇော်ဂျီ သွန်းလုပ်တဲ့အခါ ဆရာတော် ကိုယ်တိုင် ညွှန်ကြားတဲ့ ယောဒိဇော်ဂျီရုပ်နဲ့ အင်းတွေကို ထည့်သွင်းဌာပနာပြုခဲ့ရတယ်။ ဒါက ဆရာတော် ပုံကြမ်းရေး ပေးတာကို ဒီဇိုင်းဆရာ အကူ အညီနဲ့ ပြန်ဆွဲထားတာပါ'

ဟု ဆို၍ မိတ္တူကူးထားသည့် ဇော်ဂျီရုပ်ပုံကို ထုတ်ပြပေးသည်။

အလယ်တွင် လက်ဝဲဘက်– ဒူး ထောင်ကာ သန်လျက် ကိုင်ထားသော ဇော်ဂျီရုပ်ပုံ ရှိ၍ "**ဝရဗုဒ္ဓေါ ဝရဓမ္မော ဝရသံဃော ဝရိဿရော**" ဟူသော စာတန်းကို လက်ယာဘက်တွင် လည်းကောင်း၊ "**ဝရစေတော ဝရံ ဒေတု ဝရေဟိမေ ဝရံ ဝရံ**" ဟူသော စာတန်းကို လက်ဝဲဘက်တွင် လည်းကောင်း ဝန်းရံရေးသွင်းထား သည်။

လက်ဝဲဘက် ခြေဖဝါးအနီး စမ လေးလုံးကို တစ်ထပ်တည်း ရေးထား ၏။ အောက်တွင်...

'အောင်စကြာသိဒ္ဓိ သရက်တောကျောင်း။ ဇက်လူးအရှေ့ရွာ သာသနာပြုဗိုလ်ဗိုလ်ကိုးဘိုး ကြီး ဘိုးဇော်ဂျီ'

ဟု ရေးသားထားသည်။

လက်ဝဲဘက်ထိပ်တွင် **အ,အလယ် သေဖျည်း(၃၃)လုံးအင်းနှင့် လက် ယာဘက်ထိပ်တွင် ဘုရားလောင်း ဘဝ ဘေးအန္တရာယ် ကင်းရှင်းခဲ့ သော ဖြစ်တော်စဉ်(၁၃၆)ဘဝ (၁၆) မျိုးကို (၁၆)ကွက်အင်းအတွင်း ရေး သွင်းထားသည်ကို တွေ့ရလေ သည်။**

ဤဇော်ဂျီရုပ်တု တည်ဆောက်ပြီး နောက် တစ်နေ့သော ကာလတွင် ဆရာမိုးမိသားစုလည်း ဆရာတော် အား သွားရောက်ဖူးမြော်ခိုက် ကလေး ငယ်တစ်ဦးက ဆရာတော်အား ဦးချ ကန်တော့ကာ...

'ဘုန်းဘုန်းဘုရား တပည့်တော်... တပည့်တော် ကျောင်းနေဖို့ စာအုပ်တွေ ဝယ်ဖို့ ပိုက်ဆံမရှိလို့ မနေရဘူးလို့ ပြောတယ်။ ဘုန်းဘုန်း ကယ်ပါဦး'

ဟု ငိုယိုလျှောက်ထားသည်။ ဆရာ တော်ကြီးက...

'ဘိုးဇော်ဂျီထံမှာ ဆုတောင်းချေ'


ဟူ၍ မိန့်ကြားလိုက်သဖြင့် ကလေး ငယ်လည်း ရှိခိုး၍ ပြန်ဆင်းသွားသည်။

မကြာမီ ရွှေစကလေးတစ်ခုကိုင်ကာ ဝမ်းသာအားရဖြင့် ပြန်ရောက်လာ သည်။



www.burmeseclassic.com

www.burmeseclassic.com





▲ လက်ရှိဆရာတော် ဦးကုမ္ဘာစရ

◄ ဆရာတော် ဦးလက္ခဏ အရိုးစေတီ

ဇော်ဂျီရုပ်တုအနီးတွင် ကလေးနားကွင်းတစ်ခု ကောက်ရသည်ဆို၏။ ထိုနားကွင်းအား ရောင်းချကာ သူလိုအပ်သည့် ကျောင်းစရိတ်နှင့် စာအုပ်ဖိုးများ လုံလောက်သွားကြောင်း ဆရာမိုးက ပြောပြလေသည်။

## လေးမျက်နှာနှင့် ကျိုက်ထီးရိုးကလေးစေတီများ

ဇော်ဂျီရုပ်တုမှ အရှေ့တောင်ထောင့် ယွန်းယွန်းသို့ ထွက်ခွာခဲ့ရာ သိမ်အနီး ရှေးစေတီရင်ပြင်၌ **ဆင်ရုပ်ခံတံခွန်တိုင်တစ်ခု**တွေ့ရသည်။ စေတီပုထိုးများတွင် တံခွန်တိုင်များ စိုက်ထူလှူဒါန်းလေ့ရှိရာ **အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဟူ၍** ရှေးရှိပြီးသော စည်းစိမ်ဥစ္စာများ ပိုမို တိုးပွားစေရန် နိမိတ်ယူ လှူဒါန်းတတ်ကြသည်။

ယင်းသို့ လှူဒါန်းရာ၌ အောက်ခြေတွင် ကြက်ခြေတန်းထိန်း၍ လည်းကောင်း၊ အုတ်ခုံကာ နတ်မင်းလေးပါး ရုပ်များ ပြုလုပ်၍ လည်းကောင်း၊ ဒိဋ္ဌိ တက္ကဒွန်းတို့ လဲပြိုနေဟန် ရုပ်လုံးများ ပြုလုပ်၍ လည်းကောင်း တန်ဆာဆင်တတ်ကြသည်။

ဤတံခွန်တိုင်အခြေ၌မူ **တုံ့ဝပ်နေသော ဆင်ရုပ်ကို** ထူးခြားစွာ မြင်ရသည်။ ရှေးလက်ရာဖြစ်ကာ အကြောင်းရင်းကိုမူ မသိရှိခဲ့ရပေ။

ထို့နောက် လေးမျက်နှာစေတီတစ်ဆူ ဖူးတွေ့ရသည်။ ဤတောကျောင်းကို ဗဟိုပြု၍ အရပ်လေးမျက်နှာမှ ဝေနေယျအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ ရှိကြစေရန် ရည်သန် တည်ဆောက်စေခြင်းဖြစ်ကာ ဆရာတော်ကြီး ထင်ရှားရှိစဉ်ကပင် ဆရာမိုးမိသားစု ဦးဆောင် တည်ဆောက်ခဲ့ကြသည်ဆို၏။ စေတီအပြီးတွင် ဆရာတော်က...

'ကပ်သုံးပါး ဆေးကြောပြီးနောက် လူ့ရွာလောက အေးချမ်းသာယာလာတော့မှာပါ။ ဒကာတို့တော့ ခေတ်ကောင်းကို မီဦးမှာ'

ဟူ၍ မိန့်ကြားတော်မူခဲ့သည်။

ထိုစဉ်က ကျော်ကြားသော အများအကျိုးဆောင်ပုဂ္ဂိုလ်တစ်ဦး၏ ဓာတာကို ကိုယ်တော်တိုင်ရေးဖွဲ့ကာ စေတီတွင်း ကိန်းဝပ်တော်မူသည့် တောင်ဘက်မုခ် ရုပ်ပွားတော်အောက်တွင် ထားရှိစေသည်။

လအနည်းငယ်အကြာတွင် ထိုပုဂ္ဂိုလ်သည် အကျဉ်းအကျပ်မှ လွတ်မြောက်ကာ လူအများနှင့် ထိတွေ့ဆက်ဆံနိုင်ခဲ့သည်ဆို၏။

ထို့အပြင် အရှည်တောင်ဆုပ်ခန့်ရှိသော အင်ကြင်းကျောက် တစ်ပိုင်းကို ပေးကာ...

'ဒါကို သိမ်းထား၊ နောင်တချိန်မှာ(တနင်္ဂနွေ အစ တနင်္လာအဆုံး)က လောကအကျိုး ဆောင်နိုင်မယ်ကွယ့်'

ဟုလည်း မိန့်မှာတော်မူခဲ့ကြောင်း သိရသည်။ ဆရာမိုးတို့က ထိုအင်ကြင်းကျောက်ကို ထုတ်ပြပေးသဖြင့် မှတ်တမ်းပြု တင်ပြပေးလိုက်ပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**စံထွန်းသာ**

www.burmeseclassic.com

တစ်ယူဇနာ အစိုးရသော

# ဗုဒ္ဓရုပ်တု ပူဇော်နည်း

ဦးမြင့် (သထုံ)

တစ်နေ့သ၌ ကျွန်ုပ်သည် ကျန်းမာရေး မကောင်းသောကြောင့် ဆရာတော်ကျောင်း၌ အနားယူ ဗုဒ္ဓပူဇော်မှု ပြုနေစဉ် ဆရာတော်ကြီးနှင့် အနီးကပ် စကားပြောခွင့် ရပါသည်။

ဆရာတော်ကြီးသည် စကားပြောဆိုမှု နည်းပါးကာ စကားတစ်ခွန်းပြောလျှင် တစ်ခွန်း ထိရောက်အောင် ပြောဆိုမိန့်ကြားလေ့ ရှိပါသည်။


ဆရာတော်ကြီးက ကျွန်ုပ်အား...

'အကာကြီး လောကုတ္တရာဘက်ကို အားသန်နေပေမယ့် ဦးပဉ္ဇင်း အကြံပေးလိုတယ်။ ဦးပဉ္ဇင်း အကြံပေးလိုတာက လောကီအတွက် တစ်ယူဇနာ အစိုးရသော ဗုဒ္ဓရုပ်ပွားတော်ပူဇော်နည်း ဖြစ်ပါတယ်။

ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အဆင်ပြေအောင်လို့ပါ။ ဗုဒ္ဓပူဇော်မှုအားလုံး မင်္ဂလာတရားတော်နှင့်အညီ ဖြစ်သလို အကျိုးသက်ရောက်မှုလဲ ရှိကြပါတယ်။

ဒါပေမယ့် မြန်မြန်ထိရောက်အောင် ဦးပဉ္ဇင်း ကိုယ်တွေ့ ပူဇော်မှုကို နည်းပေးလိုတယ်။ အကာကြီးကလဲ လောကုတ္တရာပေတံနဲ့ မတိုင်းဘဲ လောကီနည်းကို လောကီအတိုင်း မှတ်ယူနှလုံးသွင်းကိုးကွယ်မှု ပြုစေချင်တယ်'

ဆရာတော်ကြီး မိန့်ကြားနည်းပေးသဖြင့် ကျွန်ုပ် မှတ်ယူပြီး ဗုဒ္ဓရုပ်ပွားတော် ထုလုပ်ကိုးကွယ်ခဲ့ရာ တိုတောင်းသောအချိန်အတွင်း ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အဆင်ပြေခဲ့သဖြင့် ကျွန်ုပ်ကဲ့သို့ အဆင်မပြေသူများ အဆင်ပြေကြစေရန် ဗုဒ္ဓရုပ်ပွားတော် ပူဇော်နည်းကို ရေးသား ဖော်ပြလိုက်ပါသည်။




ဆရာတော်ပေးခဲ့သော နည်းမှာ ပထမရုပ်ပွားတော်အတွက် အသားကို ရှာရပါမည်။ အသားမှာ ဗုဒ္ဓရုပ်ပွားတော် သုံးဆူအတွက် သုံးမျိုး ဖြစ်ပါသည်။

**အညွန့်နံ့အသား၊ အမြစ်နံ့အသား၊ မူလနံ့အသား သုံးမျိုး ဖြစ်ပါသည်။**

မူလနံ့အသားများ

တနင်္ဂနွေသား → အင်သား အုန်းသား



www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| တနင်္လာသား | → ကျွန်းသား၊ ကုံကော်သား |
| အင်္ဂါသား | → ညောင်သား၊ ဇီး(ဆီး)သား |
| ဗုဒ္ဓဟူးသား | → လင်းလွန်း၊ လိမ်သား၊ ရှားသား |
| ကြာသပတေးသား | → ပေါက်သား၊ ဘန့်ပွေးသား |
| သောကြာသား | → သီးသား၊ သံသတ်သား၊ သီဟိုဠ်သား |
| စနေသား | → ထိမ်သား၊ ထန်းသား |

## အမြစ်နံ့အသားများ

| | |
|---|---|
| တနင်္ဂနွေသား | → ထိမ်သား၊ ထန်းသား |
| တနင်္လာသား | → အင်သား၊ အုန်းသား |
| အင်္ဂါသား | → ကျွန်းသား၊ ကုံကော်သား |
| ဗုဒ္ဓဟူးသား | → ညောင်သား၊ ဇီး(ဆီး)သား |
| ကြာသပတေးသား | → လင်းလွန်း၊ လိမ်သား၊ ရှားသား၊ |
| သောကြာသား | → ပေါက်သား၊ ဘန့်ပွေးသား၊ |
| စနေသား | → သီးသား၊ သံသတ်သား၊ သီဟိုဠ်သား |

## အညွန့်နံ့အသားများ

| | |
|---|---|
| တနင်္ဂနွေသား | → ကျွန်းသား၊ ကုံကော်သား |
| တနင်္လာသား | → ညောင်သား၊ ဇီး(ဆီး)သား |
| အင်္ဂါသား | → လင်းလွန်း၊ ရှားသား၊ လိမ်သား၊ |
| ဗုဒ္ဓဟူးသား | → ပေါက်သား၊ ဘန့်ပွေးသား၊ |
| ကြာသပတေးသား | → သီးသား၊ သံသတ်သား |
| သောကြာသား | → ထိမ်သား၊ ထန်းသား |
| စနေသား | → အင်သား၊ အုန်းသား |

**ဥပမာ ။ ။ တနင်္ဂနွေသား ဆိုလျှင်...**

**မူလနံ့သား** =အင်သားတစ်ဆူ
**အမြစ်နံ့သား** =ထိန်သားတစ်ဆူ
**အညွန့်နံ့သား**=ကျွန်းသားတစ်ဆူ

ဟူ၍ အခြားနေ့သားများလည်း နေ့အလိုက် သိအပ်၏။

## ဉာဏ်တော်အနေအထား

တင်ပျဉ်ခွေတော်၏ ဒူးတော်အစွန်းနှစ်ဖက်အရှိ တစ်ပြန်ကို သုံးပုံ ပုံ၍ တစ်ပုံကို "**အထွာ**"ဟု ခေါ်ပါသည်။

ထိုအထွာ၏ သုံးပုံ နှစ်ပုံကို "**မိုက်**" ဟု ခေါ်သည်၊ ထိုမိုက်ဖြင့် ဉာဏ်တော် အမြင့်ကို တိုင်းရသည်၊

ဉာဏ်တော်အမြင့်၏ မိုက်အရေ အတွက်ကို ခုနစ်နှင့်စား၊ အကြွင်းအရ ထုလုပ်မည့် ဒကာက ကောင်းကျိုး ဆိုးကျိုးကို ဝေဖန်ရမည်။

- **တစ်ခုကြွင်းလျှင်** =အရာရာ အောင်မြင်
- **နှစ်ခုကြွင်းလျှင်** =အရာရာ ပြီးမြောက်
- **သုံးခုကြွင်းလျှင်** =ဆင်းရဲ
- **လေးခုကြွင်းလျှင်**=လာဘ်ပေါ်
- **ငါးခုကြွင်းလျှင်** =ထုသူသေ
- **ခြောက်ခုကြွင်းလျှင်**=စိတ်ချမ်းသာ
- **သုညခုကြွင်းလျှင်** =ငြင်းခုံရ တတ် ပါသည်။

ဗုဒ္ဓရုပ်ပွားတော်မှာ ပလ္လင်တော် အဆင့်သုံးဆင့်၊ အခန်းအားဖြင့် ကိုးခန်း ထုရပါသည်။

အခန်းတစ်ခန်းတွင် ရုပ်ပုံတစ်ပုံ၊ ခရုသင်း၊ ငုံးမင်း၊ ပဇ္ဇေကဗုဒ္ဓါ၊ ရဟန္တာ၊ နေမင်း၊ သိကြားမင်း၊ ဗြဟ္မာ၊ လမင်း၊ ဝိဇ္ဇာမိုရ် စသည်ဖြင့် ကိုးခန်းကိုးရုပ် အောက်ခံ မုစလိန္ဒာ ရေကန်နှင့် ကြာပန်း၊ ငါးရုပ်ကို ထုရပါသည်။

## ပလ္လင်ကိုးခန်း အဓိပ္ပါယ်နှင့် အကျိုးသွား

**ဝိဇယုသာဝခရုသင်း** = ဘေးရန် ပျောက်ကင်းစေရန်၊

**ငုံးမင်း** = ဘုရားလောင်း ငုံးမင်း သည် အမှုငြိမ်းခြင်း၊ မီးကွင်း၊ မီး မလောင်စေခြင်း၊

**ပဇ္ဇေကဗုဒ္ဓါ** = ဇမ္ဗူဒီပါ တစ်ကျွန်း လုံး အနှောင်အဖွဲ့ လွတ်စေခြင်း၊

**ရဟန္တာ** = ကိုယ်ဝန်ဖွားမြင်မှု လွယ်စေရန်နှင့် သားသမီးများ ကျန်းမာ ချမ်းသာကြစေရန်၊

**သိကြားမင်း** = အလိုဆန္ဒ ပြည့်ဝစွာ သာသနာအကျိုး သယ်ပိုးနိုင်စေရန်၊

**နေမင်း** = နေ့အခါ နေမင်းကဲ့သို့ ထွန်းတောက်စေရန်၊

**ဗြဟ္မာမင်း** = မေတ္တာတရား မိမိ အပေါ် ခုနစ်ရက်သားသမီးများ ထား ရှိရန်၊

**လမင်း** = ညအခါ လမင်းကဲ့သို့ အေးမြကြည်လင် ဖြူစင်ပွင့်လန်းရန်၊

**ဝိဇ္ဇာမိုရ်** = ဘေးရန် ကာကွယ်ပြီး ဂမ္ဘီရ၊ ဂန္ဓာရီအတတ် မနောတွင် အမြင်ပေါက် အပြီးသို့ ရောက်စေရန်...

ပလ္လင်အောက် ရေကန်၊ ကြာပန်း၊ ငါးရုပ်တို့ကို ထည့်ထားသည်မှာ အေးချမ်းကြည်လင် ကြာငါးအင်ကဲ့သို့ ပွင့်လန်းတင့်ဆန်းစေရန် ဖြစ်ပါသည်။

ဘုရင် သီရိဓမ္မာသောကမင်းကြီး အား အထက်တစ်ယူဇနာ၊ အောက် တစ်ယူဇနာ အစိုးရခဲ့သလို ကျွန်ုပ်တို့ ကိုးကွယ်ရာ၌ အတိုင်းတာအလိုက် အကျိုးရှိခဲ့သည်ဟု ရှေးစာပေဟောင်းများ က ဆိုခဲ့ပါသည်။

ကုန်သည်၏ အကျိုးသက်ရောက်မှု သည် ဘုရင်နှင့် နှိုင်းယှဉ်၍ မရသလို၊ ဘုရင်၏ အကျိုးသက်ရောက်မှုသည် လည်း ကုန်သည်နှင့် နှိုင်းယှဉ်၍မရပါ။

သူ့အတိုင်းအတာနှင့်သူ မိဠ္ဌမမ္မ အကျိုးသက်ရောက်မှု ရှိကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ရေးသားဖော်ပြလိုက်ပါသည်။

***ကံကောင်းသူများ ဖြစ်ကြပါစေ၊*** *(original: ကံကောင်းသူများ စေတနာကောင်း ကြပါစေ)*

**နိုင်မင်း(သထုံ)**



www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့် )
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

<u>Diseases to be applied</u>

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅





www.burmeseclassic.com

www.burmeseclassic.com

သီရိသုဝဘာရတနာဒေဝီ စိန်တုံးမိဖုရားကြီး၏ မင်းတုန်းမင်းတရားကြီးအတွက် အလှူတော် မော်လမြိုင်မြို့မှ

# ရန်ပြေမာန်ရှင်းဘုရားကြီး (၃)

သိင်္ဂဟာသန်း
(မော်လမြိုင်)



◆ အိမ်တော်ရာ သီလရှင်စာသင်တိုက်ရှိ
စိန်တုံးမိဖုရားကြီး ကိုးကွယ်ခဲ့သော မြို့တော်မူဘုရား။

ယခင်လမှအဆက်

သင်္ဂဇာဆရာတော်ကြီး ကိုယ်တိုင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ စွယ်တော်မြတ်ဖူးရင်း ထိုနှစ်ဂိုဏ်းကို ငြိမ်းအေးရန် ရည်ရွယ်သော်လည်း ဒုဗ္ဘိက္ခဘေးကျရောက်နေသော သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ မသွားဖြစ်တော့ဘဲ ညောင်အုပ်မင်းသား၏ တောင်းပန်မှုကြောင့် သာနှစ်ပါးကို သာမဏေပြုပေးပြီး မြန်မာနိုင်ငံသို့ ပြန်ကြွခဲ့ရ သည်။

## စိန်တုံးမိဖုရားကြီးက မင်းတုန်းမင်း အတွက် ဒုတိယအလှူတော်

မော်လမြိုင် မြို့တော်သူ မြို့တော်သားများ၏ နေရာပေး ဦးဆောင်ဦးရွက်ပြုစေသောကြောင့် ဝဇီရာရာမ ဆရာတော်ကြီးနှင့် စိန်တုံးမိဖုရားကြီးတို့သည် သာသနာရေးများတွင် စိတ်တိုင်းကျ ဆောင်ရွက်နိုင်ကြသည်။

အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် နေရသော်လည်း ဗုဒ္ဓဘာသာ ပြန့်ပွားရေး သာသနာပြုလုပ်ငန်းများကို စိတ်တိုင်းကျ ဆောင်ရွက်နိုင်သည်မှာ သင်္ဂဇာဆရာတော်၊ ဝဇီရာရာမဆရာတော်နှင့် စိန်တုံးမိဖုရားကြီးတို့၏ စွမ်းရည်များကြောင့် ဖြစ်သည်။

မန္တလေး မဟာမြတ်မုနိဘုရားကြီး၏ မျက်နှာတော်ပုံတူကို စိန်တုံးမိဖုရား၏အမိန့်ဖြင့် မန္တလေးမဟာမြတ်မုနိဘုရားဂေါပကထံမှ ရယူသည်။

ကျောင်းအမကြီး ဒေါ်ရွှေပွင့်ကိုယ်တိုင် သွားယူသည်ဟု မှတ်သားရပါသည်။

စိန်တုံးမိဖုရားကြီးသည် မင်းတုန်းမင်းရှိစဉ်က လက်ဝတ်ရတနာ ရွှေစိန်များ အကုန်ရောင်းချ၍ သွန်းလုပ်ထားခဲ့သော ရန်ပြေမာန်ရှင်းကြေးသွန်းဘုရားကြီးကို မော်လမြိုင်သို့ ပင့်ဆောင်ကိုးကွယ်ရန် စိတ်အားထက်သန်ခဲ့သည်။

ထို့ကြောင့် ဒုတိယအကြိမ် မင်းတုန်းမင်းကြီး နှစ်သေတို့ရှိ၍ ချီးမြှင့်



www.burmeseclassic.com

www.burmeseclassic.com





◆ အိမ်တော်ရာ သီလရှင်စာသင်တိုက် ဘုရားဆောင်မှ မိန်းတုံးသီလရှင်၏ ဘုရားများ


သင်္ဂဟာဆရာတော်ကြီး အရှင်အဂ္ဂဓမ္မ ◆

ခဲ့သော လက်ဝတ်ရတနာစိန်ရွှေများ အကုန်ရောင်းချပြီး ထိုဘုရားကြီး စံတော်မူရန် ကျိုက်သန်လန်ဘုရား ရင်ပြင်တော် အနောက်ဘက် ရှုမျှော်ခင်း အလွန်ကောင်းသော နေရာကို ရွေးချယ်ဆောက်လုပ်ခဲ့ပါသည်

မန္တလေး မြန်မာ့အနုပညာ ပန်းပုဗိသုကာများနှင့် ညွှန်ကြား အကြံပေး ဆောက်လုပ်လှူခဲ့ပါသည်။

ရတနာပုံ နေပြည်တော်ကြီးကို သတိရတိုင်း၊ အစ်ကိုတော် မင်းတုန်းမင်းကြီးကို လွမ်းတိုင်း ကျိုက်သံလန်စေတီတော်မြတ်ကြီးမှာ ပူဇော်ဆုတောင်းရင်း ကျိုက်သံလန်တောင်တော်မှ လှမ်းမျှော်ကြည့်လိုက်တိုင်း အရပ်လေးမျက်နှာတို့၏ ရှုခင်းအလှများ ဟိုး...အဝေး သံလွင်မြစ်ကြီးကို

◆ မှန်ယဉ်ကျေးမှုပြတိုက်မှ ပြသထားသော မိန်းတုံးမိဖုရားကြီးသလွန်တော်








www.burmeseclassic.com

www.burmeseclassic.com



◆ ကျိုက်သန်လန်တောင်တော်ပေါ်သို့ အရှေ့ဘက်တက် စာတ်လှေကား
လျှောက်လမ်းပေါ်မှ ညာဘက်သို့ ကြည့်လိုက်လျှင် ရန်ပြေမာန်ရှင်ဘုရား ဂန္ဓကုဋိတိုက်ကို တွေ့ရမည်

◆ မင်းတုန်းမင်းကြီး၏ ဝတ်လဲတော် ကမ္ဗလာအုံ ရုပ်သန်စီများ



ကျော်ဖြတ် ဘီလူးကျွန်း၊ မုတ္တမတို့၏ တောင်တန်းမှိုင်းပျပျများ၊ အနောက်ဘက် နေဝင်ချိန်ဆည်းဆာ အလှများက လောကီလူသားဖြစ်သော စိန်တုံးမိဖုရား၏ အလွမ်းမိုးတို့ကို ပိုစေဟန်ရှိပါသည်။

လောကဓံ၏ အလှည့်အပြောင်းအတိုက် အခိုက်များ၏ သဘာဝတရားများ သေချာကြုံခဲ့ပြီးနောက် အစ်ကိုတော် မင်းတုန်းမင်း၏ သောကဝေဒနာများနှင့် နတ်ရွာစံသွားပုံကို မချိတင်ကဲမြင်ယောင်ပြီး မင်းတုန်းမင်းကြီးကုသိုလ်ရစေရန် မည်သူ့လက်မှ မပါအောင် ကျစ်ကျစ်ပါ သိမ်းဆုပ်ထားရသော မင်းတုန်းမင်း ချီးမြှင့်ခဲ့သည် ရတနာများမှ ရရှိသော ငွေများဖြင့် တည်ဆောက်ခြင်း ဖြစ်သည်။

ဂန္ဓကုဋိ ကျောင်းတော်ကြီးသည် ကျိုက်သန်လန်ဘုရား ရင်ပြင်တော်တွင် အထူးခြားဆုံး အလှအပဆုံး မြန်မာ ပန်းပုဗိသုကာပညာတို့ဖြင့် အစွမ်းကုန် ခြယ်မှုန်းထားသည်။

အဝေးက ကြည့်မည်ဆိုလျှင် ပြာသာဒ်ခေါင်အုပ်ကို မြန်မာဘုရင်စစ်သည်များ ဆောင်းသည့် မောက်တိုခေါင်းဆောင်းသဏ္ဌာန် ခေါင်အုပ်ထားသည်။

ဘုံအဆင့်ဆင့် လှပစွာ ... တည်တွင်၍ မိုးဒဏ်လေဒဏ် ခံနိုင်ရန်နိုင်ခံ့ထူးခြားပသာဒ ... စာတ်ပုံဖြင့်



www.burmeseclassic.com





နက္ခတ္တရောင်ခြည်မဂ္ဂဇင်း- စာချစ်သူများအား လေ့လာနိုင်ရန် ဖော်ပြပေးထားပါသည်။

နှစ်ပေါင်း(၁၀၀)ကျော် သက်တမ်းရှိသော်လည်း ပြင်စရာ မလိုလောက်အောင် ကောင်းမွန်သပ်ရပ်လွန်းသည်ကို အံ့သြဖွယ် တွေ့မြင်ရမည်ဖြစ်သည်။

ဂန္ဓကုဋိတိုက် ကျောင်းတော်ကြီးပတ်လည်ကို သံကြွပ်ပန်းကြွတွင်က, ဒေါင်းရုပ်များ တစ်ကောင်စီနှင့် ဝရန်တာအကာအဖြင့် ကာရံထားသည်။ ရန်ပြေမာန်ရှင်ဘုရားကြီး၏ မျက်နှာစာအဝင်ဝမှာ လက်ရာမြောက်လှသော မြန်မာပန်းပုပန်းဆွဲ တံကဲဖြစ်သည်။

ခြူးသီး၊ ခြူးရွက်၊ ခြူးဖက်၊ ခြူးညွန့်၊ ခြူးနွယ်၊ ခြူးပွင့်တို့ စုံလင်စွာ ဖွဲ့ခန်းစီးသဖွယ် ပန်းပုပန်းခင်း အလှရုပ်လုံးရုပ်ကြွများဖြင့် မြန်မာ့ပန်းပုပညာ လက်စွမ်းပြခြယ်သထားသည်။

ရိုးတံတွင် ပွင့်နေသော ပန်းပွင့်ပန်းဖူး အထူးထူးသော လူ၊ ငှက်၊ လှည်း၊ တွဲရရွဲနှင့် သက်ဝင်ပွဲဆင်၊ နွဲ့သဘင်အသွင်သို့ ထင်ထင်ရှားရှား မြင်ကြရသည်။

ကြက်လျှာစွန်း၊ ကြက်မောက်စွန်း၊ မွန်းချွန်စုလစ်၊ ဘုံအံ့ဆင့်ခေါင်အုပ်၊ ရွှေကနုတ်များ ခြယ်သထားသည်။

ဂန္ဓကုဋိ ကျောင်းတော်ကြီးအတွင်း အလယ်တွင် တံခါးသုံးပေါက် ခိုင်ခံ့စွာ ပန်းဆွဲတံကဲများ ခြံရံလျက် ရန်ပြေမာန်ရှင်း ကြေးသွန်းဆင်းတုတော်ကြီးသည် မှန်စီရွှေချ ကျောက်မျက်အလှပလ္လင်ပေါ်တွင် စံနေတော်မူသည်။

ရန်ပြေမာန်ရှင်ဘုရားကြီးဂန္ဓကုဋိတိုက်
အမြင်တရုံတော သံကြွပ်ပန်းကြွကြ
ဆိုင်းရုပ်များ



www.burmeseclassic.com

www.burmeseclassic.com





လောကီကိစ္စနှင့်လောကုတ္တရာအလှူရှင်  မိန်းတုံးသီလရှင်

မင်းတုန်းမင်းတရားကြီးနှင့်
မိန်းတုံးမိဖုရားကြီးတို့ တရားဆွေးနွေးစဉ်

မိန်းတုံးမိဖုရားကြီး မော်လမြိုင်မြို့သို့
ရောက်လာချိန်



ကိန္နရီကိန္နရာ အခြေတည် ပန်းဆွဲများကြားမှ
တာဝန်ရှိသူ ခံစားရေးဖွဲ့ထားပါသည်

ကျောင်းအမကြီး ဒေါ်ရွှေနှင်း








www.burmeseclassic.com

www.burmeseclassic.com





◆ စိန်တုံးမိဖုရားကြီး၏ [illegible]

ကြေးသွန်းဘုရား ဆိုသော်လည်း ရွှေစစ်များပါသဖြင့် အနည်းငယ် ပွတ်တိုက်လိုက်လျှင် ရွှေရောင် လင်းလက် တောက်ပလာသည်။

ဘုမိဖသသမုဒြာဖြစ်သဖြင့် ရန်တကာတို့ကို အောင်မြင်နိုင်ခြင်း၊ တရားအမှုတွင် မိမိမှ အနိုင်ရခြင်း၊ ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားကြမ်း၊ သရဲ အစိမ်းကြမ်းတို့ကို အောင်နိုင်ခြင်း၊ ရဲရင့်စေခြင်း၊ အာဏာတန်ခိုးထက်မြက်ခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးမားခြင်း' စသည့် အကျိုးကျေးဇူးများခံစားရသည်ဟု မှတ်သားရပါသည်။

လက်မောင်းတော်များ အနီးတွင် ဒေါင်းရုပ်၊ ယုန်ရုပ်တို့ ထုထားသည်။ ဝိဓူရအမတ်၊ ပုဏ္ဏကမြင်းတို့၏ ရုပ်လုံးရုပ်တုများ၊ ပန်းခက်ပန်းနွယ်များ သွယ်တက်၍ ပလ္လင်ကို အလှဆင်ထားသည်။

ပလ္လင်၏နောက်ခံ နံရံတွင် ငွေရောင်လင်းလက်သော ရွှဲခြမ်းကို အလယ်မှာထားကာ ရွှဲတောင့်ငယ်များနှင့် အနားကွပ် လေးထောင့်ကွက်များ အပြည့် ကာရံထားသည်။

စိန်တုံးမိဖုရားကြီး၏ စိတ်အစဥ်တွင် အစ်ကိုတော် မင်းတုန်းမင်းကြီးနှင့် လွမ်းဆွတ်ကွဲကွာဟန်ပြကွက်တစ်ခု၊ ပန်းပုထု၍ ဖော်ပြထားသည်မှာ...

ဘုရားအတွင်း ကနုတ်ပန်းဆွဲတိုင်း၏ အောက်အခြေတို့တွင် ကိန္နရီကိန္နရာ ရုပ်ကြွများနှင့် အခြေတည်ထားသည်။

အခန်းထောင့်များတွင်လည်း ကိန္နရီကိန္နရာ ရုပ်ကြွပုံများနှင့် အခြေတည် ပန်းနွယ်တက် ခန်းစီးပန်းပု ရုပ်ကြွများ ထုလုပ်ထားသည်မှာ လှပလက်ရာမြောက်မြန်မာ့ပန်းပုပညာ ဖြစ်ပေသည်။

ထိုကိန္နရီကိန္နရာတို့သည် အတူယှဉ်တွဲခြင်းမရှိ။ တကွဲတပြားစီ ကွဲကွာ ချောင်းခြားဟန် ပုံရိပ်များကို စိတ်ဖြင့် ခံစား စိန်တုံးမိဖုရား၏ ညွှန်ကြား ထုလုပ်ခဲ့ပုံရပါသည်။

ခဏတာ ဝေးကွာ၍ များမကြာ ပြန်ဆုံရမည့် နိမိတ်ပုံ - ဇာတ်တော်ရှိသည်မို့ ကျွန်မသည် စိန်တုံးမိဖုရားကြီး၏ စိတ်အစဥ်ကို ပျော်ဝင်ခံစားရင်း...

'မပျောက်မစွန်း၊ မယွန်းသစ္စာ
ကိန္နရာတို့၊ ကြင်နာစုံမက်
တစ်ညတွက်ကြောင့် သက်ခုနစ်ရာ
ပူဆာမိန်းပြတ်၊ ငိုအားသတ်သား'

ဘလ္လာတိယပျို့မှ တွင်းသင်းမင်းကြီး၏ စာဖြင့် စိန်တုံးမိဖုရားကြီးကို အားပေး လျှောက်ထားနေမိပါသည်။

ရန်ပြေမာန်ရှင်း ကြေးသွန်းဘုရားကြီး၏ ဂန္ဓကုဋိတိုက်ကြီးနှင့် တွဲလျက် ဘုရားဖူးပရိသတ်များ နားနေ၍ အေးဆေးစွာ ကျိုက်သန်လန်စေတီတော်မြတ်ကြီးကို အရှေ့ဘက်သို့ မျက်နှာမူ ပူဇော်နိုင်သလို အနောက်ဘက်တစ်ခွင် မော်လမြိုင်ရှုခင်းများကို ကြည့်ရှုခံစားနိုင်ရန် အထူးစီမံဆောက်လုပ်ထားသော ဇရပ်တန်ဆောင်း တစ်ခုပါ တည်ဆောက်ထားပါသည်။

သန့်ရှင်းသပ်ရပ် အေးချမ်းသော သံလွင်မြစ်ကြီးကိုဖြတ်၍ တိုက်ခတ်လာသည်။ လေသန့်နုအေးကို ခံစားရင်း သီတင်းနေ့တိုင်း ဥပုသ်သည်များ ထမင်းချိုင့်နှင့် လာရောက် စုဝေးနေရာ အဖြစ်တွေ့ရသည်။

ရွှေ့လ ဆက်ဖတ်ပါရန်

**သီတာဆန်း (မော်လမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com



# သွေးစုနာနှင့် အနာဆိုးများကို

## ပျောက်သည့် ပဒိုင်းနက်ရွက်

ပဒိုင်းနက်ရွက်နှင့် ပတ်သက်၍ လက်တွေ့ သုတေသနပြုပြီး မိမိကိုယ်တိုင်လည်း အသုံးပြု၊ အခြားသူများကိုလည်း လက်တွေ့ကုသပေးပြီး အောင်မြင်နေသည့် ဝန်းသိုမြို့မှ ဦးတင်မောင်၏ ပြောကြားချက်ကို ကျွန်တော်ကိုယ်တိုင် လက်တွေ့စမ်းသပ်ပြီးဝေဒနာခံစားနေရသော ပုဂ္ဂိုလ်များ လက်တွေ့ အသုံးပြုနိုင်စေရန် စေတနာထား၍ ဖော်ပြလိုက်ရပါသည်။

သွေးစုနာ၊ ပေါင်ရင်းသက်တန့်နာ၊ အနာဆိုးများ၊ အကျိတ်ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း၊ အနာဖြစ်ပေါ်နေလျှင်သော်လည်းကောင်း ပဒိုင်းနက်ရွက်ကို အနာအခြေအနေကြည့်၍ **လေး,ငါးရွက်ခန့် အပင်မှ ဆွတ်ယူပြီး ဆားသင့်ရုံထည့်၍ ကျောက်ပျဉ်တွင် ကြိတ်ပါ။ ကျောက်ပျဉ် မရှိပါက ကျောက်ဆုံတွင်လည်း ထောင်းနိုင်ပါသည်။**

ထိုကြိတ်၍ ရရှိသော ပဒိုင်းနက်ကြိတ်ဆေးကို အကျိတ်ဖြစ်ပေါ်နေသောအနာ(သို့မဟုတ်)အနာဖြစ်နေသည့်အပေါ်သို့ အုံမိနိုင်ရန် ပြုလုပ်၍ ကပ်ပါ။

ထိုအပေါ်မှ ပတ်တီးစခံပြီး ပလာစတာနှင့် ကပ်ထားပါလေ။ အနာမှ ပြည်များ (သို့မဟုတ်) မကောင်းသောသွေးပုပ်များရှိပါက ပဒိုင်းနက်ရွက်ကြိတ်ဆေးက စုပ်ယူသဖြင့် အနည်းငယ် နာတတ်ပါသည်။ သည်းခံ၍ ကပ်ထားပါလေ။

ဤကဲ့သို့ အနာအကြီးအသေး အပေါ် မူတည်၍ အနာသေးလျှင် နှစ်ကြိမ်,သုံးကြိမ်ခန့် အနာကြီးပါက တစ်ပတ် (သို့မဟုတ်) ဆယ်ရက်ခန့် ကြိတ်ဆေးကို အုံပေး၊ ကပ်ပေးမှ ပျောက်ကင်းပါသည်။

**မှတ်ချက်** ။ ။ **ပဒိုင်းနက်ကို အသုံးပြုရာတွင်ပန်းသုံးဆင့်ပွင့်သော ပဒိုင်းနက်ကပို၍အစွမ်းထက်ပါသည်။**

မောင်ညီစု(ဝန်းသို)

မည်သူမဆိုပါဝင်ရေးသားနိုင်ပါသည်...

စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။

၀၉-၇၇၆၃၄၉၇၅
၀၉-၉၆၈၀၀၄၁၅



www.burmeseclassic.com

www.burmeseclassic.com

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး။ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် 'ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

ကြော်ငြာစဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

**စကြာမင်း**

အမှတ်တံဆိပ်

**အားတိုးဆေး** မှီဝဲပါ

(ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၇၁၁ YR ၀၀၆၀၂၄))




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုခမ္မာလမ်းမကြီး၊ သွန္တာမှတ်တိုင်အနီး
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၁၅၃၀

ကိုကြီးကောင်း



www.burmeseclassic.com


www.burmeseclassic.com

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ပွဲဦးပူဇော် ဂါထာတော်များ (၅၀)

ဇော်ရွှေမြတ်
(စစ်ကိုင်းတောင်)





▲ သီကြားကျစေတီတော်မှ အဝင်မုခ်ဦး

သီကြားကျစေတီတော်အား တောင်ဘက်မှ မြင်ရပုံ
(လက်ယာဘက်တွင် ပူညှုဂ်စေတီကို မြင်တွေ့နိုင်ပါသည်) ▶

## သီကြားကျစေတီတော်

**နမောတဿ ဘဂဝတော အရဟ တော သမ္မာသမ္ဗုဒ္ဓဿ။**

***[၃–ကြိမ် ရွတ်ပါ။]***

နရပတိ ပါကဋ္ဌေန၊
အဝရာဋေန ကာရိတံ။
သက္ကရာမဂ္ဂ စေတီယံ၊
ဝန္ဒာ ယံ တံ သုခါဝဟံ။

***[ဆရာကြီး ဦးညွန့်ရင်]***

## မြန်မာပြန်

**နရပတိ ပါကဋ္ဌေန** – နရပတိဟု ထင်ရှား ကျော်ကြားသော၊

**အဝရာဋေန** – အင်းဝပြည့်ရှင် မင်းဘုရင်သည်၊

**သုခါဝဟံ** – လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်သည့်၊

**ယံ သက္ကရာမဂ္ဂ စေတီယံ**–အကြင် "သီကြားကျ" ဘွဲ့မည်ရှိသော စေတီတော်ကို၊

**ကာရိတံ** – လူရှင်အများ ကုသိုလ်ပွားအောင် တည်ထား ကိုးကွယ်ခဲ့လေပြီ။

**တံ** – ထို သီကြားကျစေတီတော်မြတ်ကြီးအား၊

**အဟံ** – "..."ဟု နာမသမုတ် အကျွန်ုပ်သည်၊

**ဝန္ဒေ ဝန္ဒာမိ** – လွန်စွာရိုကျိုး ရှိခိုးပါ၏ ဘုရား။

## ဘုရားတည်နှစ်

သက္ကရာဇ် ၈၂၈ ခုနှစ်။

## ဘုရားဒါယကာ

ထူပါရုံဘုရားဒါယကာ ဘုရင် နရပတိမင်းကြီး။

## တည်နေရာ

စစ်ကိုင်းတောင်ရိုး၊ အရိယဝံသချောင်၊ မဟာဗောဓိပင်အနောက်ဘက်။

## ပွဲတော်ရက်

သီးသန့်သတ်မှတ်ထားခြင်း မရှိပါ။

## အောင်မြေဌာန

စေတီတော်တစ်ဆူလုံး အောင်မြေဖြစ်၍ လိုရာအတွင်း သတ်မှတ်ပါသည်။

## အစောင့်အရှောက်

မဟာဗောဓိ ရုက္ခစိုးဘိုးဘိုးကြီး။

## ထူးခြားချက်

သီကြားကျစေတီတော်ကြီး ပေါ်ပေါက်လာပုံမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်များနှင့် လဖ္ဖိသူတော်ကောင်းကြီးများ ပါဝင်နေခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

အသင့်ယုတ္တိကောင်းများလည်း တည်ရှိနေပြန်လေသည်။

စစ်ကိုင်းမြို့၏ သာသနာသမိုင်းတွင် အထူးအရေးပါလှသော **"ရေငုံဆရာတော်ကြီး"**သည် ထူပါရုံစေတီတော် ဒါယကာ နရပတိမင်းကြီးလက်ထက်မှ ဒုတိယ ဘုရင်မင်းခေါင်တိုင်အောင် စစ်ကိုင်းတောင်ရိုး ပုညရှင်တောင်၏ အရှေ့ဘက်ချောက်အတွင်း လျှိုမြောင်တောတန်းတွင် သမိုင်းဝင်ပဘာချောင်၊ ကိန္နရာချောင်နှင့် ဥတ္တရမောဓိလျော်ဖြူခေါ် ရေငုံချောင်ကြီး ရှိလေ၏။

ဥတ္တရမောဓိချောင်တွင် ကျမ်းဂန်လည်းတတ်၊ အကျင့်မြတ်လည်း ရှိတော်မူသော ဆရာတော်ကြီး သီတင်းသုံးနေလေ၏။

ဆရာတော်သည် အချည်းနှီးသော မဂ်ဖိုလ်၏ ဗီလာစကားများကို မပြောလိုသောကြောင့် ရေငုံနေလေ့ရှိ၍ ရေငုံဆရာတော်ဟု ထင်ပေါ်ကျော်ကြားခဲ့သည်။ ဆရာတော်ကြီး၏ ဥတ္တရမောဓိချောင်သည်လည်း ယနေ့တိုင် ရေငုံချောင်ဟု တွင်လာပါ၏။

စစ်ကိုင်း၊ အင်းဝ၊ ပင်းယ သာသနာ့မိုးကောင်းကင်တွင် အလွန်ထင်ရှားကျော်ကြားလှသော ဆရာတော်ကြီး ဖြစ်လေ၏။

မကောင်းမှုပြုရန် ရှက်တတ်သူ။
သီလဂုဏ်နှင့် အမြဲယှဉ်သူ။

ရှေးသာသနာဝင် အရှင်ဆပ္ပဒတို့၏ အနွယ်တော်ဝင် လဇ္ဇီသူတော်ကောင်းကြီးဖြစ်လေ၏။

## အရိယဝံသဆရာတော်

ဆရာတော်သည် ပင်းယမြို့၏ တောင်ဘက်**"စကားအင်းရွာ"**တွင် ဖွားမြင်ခဲ့၏။ ထိုရွာကြီး၌ သက္ကရာဇ် ၇၈၉ ခုနှစ်ခန့်တွင် ဖွားမြင်ခဲ့သည်ဟု



သိကြားကျွဲစေတီတော်၏ အောက်ခြေ လိုဏ်အတွင်းမှ အရိယဝံသ ဆရာတော်ကြီး ပုံတော်နှင့် အင်းဝခေတ်လက်ရာ ရုပ်ပွားတော်ကြီး



သိကြားကျွဲစေတီတော်၏ အဓိကကျသော သိကြားမင်းကြီးပုံအား ဖောင်းကြွ ပန်းတမော့ပညာဖြင့် တန်ဆာဆင်ထားပုံ

သိကြားကျွဲစေတီတော်မှ တရားအားထုတ်ရာ ရေပေါက်ဂူကြီးများအား မြင်တွေ့ရပုံ



သုတေသီများက မှန်းဆခဲ့ကြ၏။

ရှင်သာမဏေ ပြုပြီးသည်မှစ၍ ပင်းယမြို့၏ နာမည်ကျော်လှသော **"စကား ၇-ကျောင်း"** ဆရာတော်ကြီးများထံ ပိဋကတ်စာပေကျမ်းဂန်ကျမ်းကုန်အောင် ပညာသင်ခဲ့လေ၏။ ဉာဏ်ပညာအရာ၌လည်း သူမတူအောင် ထက်မြက်ပေသည်။

**ကိုယ်ဝန်ဆောင် မိန်းမ၏ တစ်ရွက်ခန့် စာပေများကို နှုတ်ငုံဆောင်နိုင်သော ဟူ၏။**

သို့ရာတွင် **"ကျမ်းဂန်တတ်မြောက်သည်"**၊ **"စာပေတတ်မြောက်သည်"**ဟူသော သဘောကို မသိသေး၊ စကား(၇)ကျောင်း ဆရာတော်များထံမှ ကျမ်းများ အားလုံးပင် အာဂုံရလေပြီ ဖြစ်၏။


စကား(၇)ကျောင်းမှာကား "ဥဇနာ မင်းကြီး"မှ စကားသားဖြင့် ဆောက်လုပ်လှူဒါန်းသော ကျောင်း(၇)

www.burmeseclassic.com

www.burmeseclassic.com





◆ အရိယဝံသဆရာတော်ကြီး ကျင်စော

မြရာ ရှမ်းပုံကျောင်း၏ မြိုးမာမှု အနုပညာကို မြင်တွေ့ရပုံ

◆ အရိယဝံသ ရှမ်းပုံကျောင်းတော်၏ အဝင်ဝ မြိုးမာမှုအနုပညာ တံခါး

◆ ဂုဏ်ရှိန်ကြီးလှသော အရိယဝံသဘိုးဘိုးကြီး၏

မဟာဗောဓိပင်နှင့် ဘိုးဘိုးကြီး၏ နန်းဆောင်



ကျောင်းပင် ဖြစ်လေသည်။

၁။ ဇမ္ဗူကပဓာနကျောင်းတော်၊

၂။ ဝေဠုဝန်ကျောင်းတော်၊

၃။ အိမ်နိမ့်ကျောင်းတော်၊

၄။ ဇေတဝန်ကျောင်းတော်၊

၅။ ကုလားကျောင်းတော်၊

၆။ မြောက်စွန်းကျောင်းတော်၊

၇။ တောင်စွန်းကျောင်းတော်

စသည် အရှင်မြတ်တို့ထံမှ ပိဋကတ် ကျမ်းဂန်များကို ကျမ်းကုန် သင်ကြားပြီး ဖြစ်သော်လည်း အားရတင်းတိမ်ခြင်း မရှိသောကြောင့် အထူးနာမည်ဂုဏ် သတင်းကြီးလှသော ရေငုံဆရာတော် ကြီးထံ ချဉ်းကပ်ခဲ့လေသည်။

ပင်းယကိုယ်တော်လေးသည် ရေငုံ ချောင်၏အနီး အရှေ့ဘက် မန်ကျည်း တော၌ ကမ္မဋ္ဌာန်းကျောင်းဆောက်၍ ရေငုံဆရာတော်ကြီးထံ စာဝါတက်ခွင့် ရဖို့ သွားလေ၏။

ရှင်အရိယဝံသသည် (၂)ရက်တိုင် တိုင် စကားမပြောခဲ့ရ၊ ဝတ်ဖြည့်၍သာ ပြန်ကြွခဲ့ရ၏။ သို့နှင့်ပင် (၃)ရက် မြောက်သောနေ့တွင်လည်း မိမိထိုင် သော သားရေနွှယ်ကို ခေါက်သည် တွင်မှ အသံကြား၍ ရေကို ထွေးထုတ် ပြီး မေးမြန်းလေတော့သည်။

စာဝါတက်လိုကြောင်း လျှောက် ထားရလေ၏။

'ငါ့ရှင် သင်ကြားလေ့ကျက်ဖူးသော ကျမ်းဂန် အဘယ်မျှ ရှိပါသနည်း'

'အရှင်မြတ်ဘုရား တပည့်တော် မသင်ကြားဘူးသော ကျမ်းဂန် မရှိပါ'

'အသို့နည်း...ငါ့ရှင် ဘာအတွက် စာဝါ တောင်းပါသလဲ'

'တပည့်တော် ကျမ်းဂန်များကို အာဂုံဆောင်နိုင်သည် မှန်ပါ၏။ သို့ရာ တွင်"**စာတတ်သည်၊ ကျမ်းဂန်တတ် သည်**"ဆိုသည့် သဘောအား မသိ သောကြောင့် စာတတ်ရန် ရောက်လာ ရခြင်း ဖြစ်ပါသည် အရှင်ဘုရား'

'ငါ့ရှင်...ငါ့မှာ နေ့စဉ် စာဝါ သုံးဝါ ပို့ချရသည်။ မွန်းယိမ်းသောအခါ ပုညရှင်စေတီတော်သို့ တံမြက်စည်း လည်း ပြု၏၊ ငါ မအားလပ်၊ သို့တစေ **"စာတတ်မှန်းမသိ ဆိုသည်ကို ငါ၏**



www.burmeseclassic.com

www.burmeseclassic.com



▲ ဆင်မယဉ်သာ ချိုးစာချဲသော မဟာဗောဓိပင်



အရိယဝံသကျောင်းတော်မှ ကမ္မဋ္ဌာန်းကျောင်းဆောင်ကလေး ▶



◀ အရိယဝံသဆရာတော်ကြီး၏ ရုပ်ထုကျောင်းဆောင်ကြီးအား ခမ်းနားလှပစွာ မြင်တွေ့ရပုံ

**တံမြက်ဝတ် ပျက်ပစေဦး၊ ဋီကာလက်သန်းကို သင်ပေတော့**''ဟု အမိန့်ရှိကာ ဋီကာလက်သန်းအား စာဝါပေးလေ၏။

ဋီကာလက်သန်း ဆိုသည်ကား ရှင်အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းကို ဖွင့်ဆိုသော **ဘဒ္ဒန္တသုမင်္ဂလသာမိ၏ "အဘိဓမ္မတ္ထဝိဘာဝနီဋီကာ**''ပင်ဖြစ်သည်။

လက်ငါးချောင်းတွင် အငယ်ဆုံး လက်ချောင်းကို လက်သန်းဟု ခေါ်ဆိုရသလို ကျယ်ပြန့်စွာ ဖွင့်ဆိုရေးသားထားသော ဋီကာကျမ်းများတွင် အငယ်ဆုံးဖြစ်၍ ဋီကာလက်သန်းဟု ဆိုရခြင်းဖြစ်၏။

အဖွင့်အပြ သိသာခြားနားသော ကြောင့် ဋီကာလှ ဟူ၍လည်း ခေါ်သည်။ ဤ ဋီကာလှအား သုံးရက်မျှ သင်ယူလေ၏။ ယင်းသုံးရက်အတွင်း အရှင်အရိယဝံသလည်း ကျမ်းဂန်တတ်လေသောကြောင့် **ဋီကာကျော်**ဟု တွင်ခဲ့လေသည်။

ရေငုံဆရာတော်ကြီး၏ စေတနာ အသွယ်သွယ် သောဓနာအဝဝ အာဘော်ပြ၍ နည်းရပြီး သုံးရက်မျှ နည်းခံရုံနှင့် ပညာသားပါရာ ဉာဏ်ပညာ ဖြန့်နိုင်သောကြောင့် စာတက် သွားဖို့ သုံးရက်မျှ မေ့လျော့နေခဲ့လေ၏။

**"စာတတ်သည်၊ ကျမ်းဂန်တတ်သည်ဆိုသည်မှာ ဤအသိအမြင်မျိုးတည်း**''ဟု သိရှိပြီး ဆရာတော်ထံ လျှောက်ထားဖို့ ကြွလာလေ၏။


ရေငုံ ဆရာတော်ကြီးကလည်း **"ပင်းယကိုယ်တော်လေး သုံးရက်မြောက် စာဝါတက်ပြီးနောက် သုံးရက်တိုင်အောင် စာတက်မလာသောကြောင့် မမာမကျန်း ရှိလေသလော''** ဟု သိလို၍ မန်ကျည်းတော ကမ္မဋ္ဌာန်း ကျောင်းငယ်သို့ လိုက်လာတော်မူသ သည်။

လမ်းခရီးအကြား ကင်ပွန်းထိပ်တွင် ဆုံတွေ့ကြလေတော့၏။ ရေငုံဆရာ



www.burmeseclassic.com

www.burmeseclassic.com





◆ အရိယဝံသဆရာတော်ကြီး၏ အမှတ်တရ စေတီတော်များအား မှုမြင်ရပုံ

◆ သိကြားကျော့ဘုရား သိကြားကျော့စေတီတော်၏ အရံစေတီရှင်စေတီတော်

◆ အရိယဝံသရုပ်ထုကိုးကိုးကြီး



တော်ကြီးမှ အကျိုးအကြောင်း မေးမြန်းလေ၏။

'အရှင်ဘုရား သင်ကြားပြသသော နည်းကို မှီ၍ ဆင်ခြင်ကြံစည်သော ကြောင့် တပည့်တော် စာတတ်သည်၊ ကျမ်းဂန်တတ်သည်ဆိုသော သဘောကို အမှန်သိရပါပြီဘုရား'

'ငါ့ရှင်... ငိုကာလက်သန်းကို အရင်းအစ နှစ်ကန့်ပတ်လောက် သင်ယူကာမျှနှင့် စာတတ်ပေသည်။ ငါ တံမြက်ဝတ် ပျက်ရကျိုး နပ်လေပြီ။ ငါ ပေးသော နည်းနယဖြင့် ဉာဏ်ပွင့်သွားပြီကော။ စာတတ်သည် ကျမ်းဂန်တတ်၏ သဘောကို ရရှိလေပြီ။

ကျေးဇူးဆပ်ပေတော့ ငိုကာလက်သန်းကိုပင် အဖွင့်ငိုကာကြီးတစ်စောင် ရေးလေတော့ ငါ့ရှင်'

ဟု မိန့်မြွက်၍ ကျေနပ်စွာ ပြန်ကြွသွားလေ၏။

ဆရာသမား၏ ဂုဏ်ကျေးဇူးကို သိတတ်သူပီပီ ရှင်ငုံ့ဆရာတော်ကြီး ပူဇော်ပြုပူဇော်သောအားဖြင့် **"မဏိသာရမဉ္ဇူသာဋီကာကြီး"**ကို မန်ကျည်းတောမှာပင် ရေးသားတော်မူလေသည်။

ဋီကာကျော် အဖွင့်ကျမ်းကို ရေးပြီး သမျှ သီတင်းနေ့ရောက်တိုင်း မွန်းယိမ်းချိန်တွင် ပုညရှင်စေတီတော်သို့ တက်ရောက်လေ၏။ ကြွရောက်လာကြသော ကျမ်းဂန်တတ် တောင်ရိုးပျော် သံဃာတော်များ၏ ရှေ့မှောက်တွင် ဖတ်ကြားလေ၏။


သီတင်းနေ့တိုင်းမှာပင် "စာတမ်းဖတ်ပွဲ"ပြုလုပ်လေရာ တစ်ခုသော သီတင်းနေ့၌ ပုဂံပြည်မှ ဘုရားဖူးကြွလာသော ရဟန်းတစ်ပါးလည်း မှတ်သားစာနာရန် ပုဆစ်တုပ် ထိုင်နေလေ၏။

ရှင်အရိယဝံသ ဖတ်ကြားသော အခါ အာဂန္တုရဟန်းတော်လေးက **"အေး...အေး"**ဟု နှစ်ကြိမ်၊ နှစ်ခါ အသံပြုလေ၏။ အခြားသော သံဃာတော်များလည်း ကြားသိကြလေ၏။ မပြင်းမပြ ဖွင့်ဟသော "အေး...အေး" အသံကိုလည်း နေရာတွင် မှတ်သားထားလိုက်လေ၏။

ကျောင်းပြန်ရောက်သော် ရဟန်းငယ်၏ "အေး...အေး" အသံပြုသော

www.burmeseclassic.com

www.burmeseclassic.com



▲ အရိယဝံသဆရာတော်ကြီး၏ ရုပ်ရုံကျောင်းအနီးမှ ထူးခြားသော မန်ကျည်းပင်ကြီး

▼ ရေကုံဆရာတော်ကြီးနှင့် အရိယဝံသဆရာတော် ဆုံတွေ့ခဲ့ရာ မန်ကျည်းတောကလေး





▲ ရေကုံဆရာတော်ကြီး၏ ကျောင်းတော်သို့ အဝင်မုခ်ဦးနှင့် လမ်းကလေး

နှစ်နေရာအား စစ်ဆေးလေ၏။ တစ်နေရာ၌ ဝါကျထပ်နေသည်ကို တွေ့ရ၏။ နောက်တစ်နေရာ၌ကား "**ဣဿမံဂဏ္ဍံ**"ဟု ခွဲရမည်ကို "**ဣဿဒံဂဏ္ဍံ**" ဟု အခွဲမှားနေသည်ကို တွေ့ရလေသည်။

ဤသို့ မိမိ၏ အမှားကို ပြင်ဆင်တော်မူလေ၏။ "အေး...အေး" ဟူ၍ ထောက်ပြသော ရဟန်းငယ်အားလည်း စုံစမ်းခေါ်ယူစေရလေ၏။

'ငါ့ရှင်... ငါသည် ကျမ်းကို သာယာမှုပြု၍ လူသံ့ဂုဏ်သံ ဆိတ်ငြိမ်သော ညဉ့်အခါမှသာ ပုရပိုက်ဖွင့်၍ရေးသည်။ လူသံ့ဂုဏ်သံ ကြားရသော နေ့အခါ၌ ပုရပိုက်အုပ်၍ ထားပါသည်၊ ဤနှယ် ကြိုးစားအားထုတ်ထားပါလျက် အဘယ်အတွက်ကြောင့် မနှစ်သက်သလို "အေး...အေး" ဆိုရပါသနည်း ငါ့ရှင်'

'အရှင်ဘုရား စီရင်အပ်သော ကျမ်းသည် ဆိုဖွယ်ရာ များစွာမရှိပါ။ လူသူ တစ်ဦးတစ်ယောက်သည် ကျောက်စရစ်ခဲ လက်တစ်ဆုပ်ဖြင့် တိုက်နံရံကို ပစ်ပေါက်ခဲ့သော် တစ်စေ့မကျန် တိုက်နံရံကို ထိမှန်သကဲ့သို့ မိန့်ဆိုထားသမျှ စကားရပ်သည် အလိုရှိအပ်သော စကားအနက်အဓိပ္ပါယ်သို့သာ ရောက်ပါသည်။

**"ဝါကျတစ်ချက် ထပ်သည်၊ အခွဲတစ်ချက် ပျက်သည်ကိုသာ "အေး... အေး" ဆိုပါသည်"**

ဟု လျှောက်ထားလေ၏။

ရှင်အရိယဝံသသည် မိမိ ပြန်လည်သုံးသပ်ပြင်ဆင်အပ်သည်နှင့် တစ်ထပ်တည်း ကျနေသည်ကို မြင်တွေ့ရလေသည်။ ထိုရဟန်းတော်လေး၏ ဉာဏ်ကို အားရနှစ်သက်တော်မူလှ၍ မိမိအသုံးပြုသော ဒုကုဋ်သင်္ကန်းကြီးကို ပေးတော်မူသည်။

'ငါ့ရှင်ကို ပူဇော်သည်မဟုတ်၊ ငါ့ရှင်၏ ဂုဏ်ကိုသာ ပူဇော်သည်၊ ယူပါလော့'

ဟု အလှူခံဝံ့အောင် မိန့်တော်မူပါသည်။

www.burmeseclassic.com

ရဟန်းတော်လေးကား ပုဂံသို့ ပြန်မကြွဖြစ်တော့ဘဲ စစ်ကိုင်းတောင်မှာပင် သီတင်းသုံးတော်မူပါ၏။ နောင်သောအခါ၌ အရှင်အရိယဝံသ ဆရာတော်က ထိုရဟန်းတော်လေး၏ ဗျတ္တိကို ဘုရင်မင်းခေါင်အား ပြောကြားသဖြင့် ဘုရင်မင်းမြတ်၏ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိလေ၏။

ဤသို့အားဖြင့် ရေှ့ဆရာတော်ကြီး၏ ပညာဂုဏ်ကျေးဇူးတော်ကို ပူဇော်သောအားဖြင့် **"မဏိသာရမဥ္ဇူသာဋီကာ အဖွင့်ကျမ်း"**ကြီး ပြီးစီးအောင်မြင်သွားလေသည်။

ကျမ်းတော်ကြီး ရေးပြီးသည့် ညဉ့်မှာပင် သိကြားမင်းက တိတ်တဆိတ်ယူဆောင်သွားလေ၏။ ထပ်မံ၍ အသစ် ရေးရလေ၏။ ရေးပြီးတိုင်းလည်း ထပ်မံ ခိုးယူပြန်လေ၏။

သုံးကြိမ်တိုင်အောင် အစမှ အဆုံး စိတ်ရှည်လက်ရှည် ရေးသားခဲ့ရလေရာ စာသား၊ ပုဒ်၊ ပါဋ်၌ မကျန် တစ်ပါဒမျှ မလွဲ ရေးသားနိုင်လေသည်။

သက္ကဒေဝါ သိကြားမင်းက ဆရာတော်ကြီး၏ ဉာဏ်ပညာစွမ်းရည်နှင့် သီလ၊ သမာဓိတို့ကို စမ်းသပ်ခြင်းဖြစ်သည်ဟု ဆရာတော်ကြီး ဦးဝါသဝက မိန့်ကြားခဲ့ပါသည်။

သုံးကြိမ်မြောက် ယူဆောင်ထားသော ကျမ်းတော်ကြီး အားလုံးကို သိကြားမင်းကိုယ်တိုင် ဆင်းသက်၍ **"သမန္တပါသာဒိက အရှင်မဟာအရိယဝံသဓမ္မသေနာပတိ"** အရှင်မြတ်အား ပြန်လည် ပေးအပ်ခဲ့လေသည်။

ထိုပါရုံဘုရားဒါယကာ အင်းဝဘုရင်နရပတိမင်းကြီးက **"အံ့ရှင်မဟာအရိယဝံသဓမ္မသေနာပတိ"** အရှင်မြတ်အား ပူဇော်သောအားဖြင့်



◆ အရိယဝံသဆရာတော်ကြီး စာတက်လာစဉ်
ကမ္မဋ္ဌာန်းကျောင်းကလေး ဆောက်လုပ်နေထိုင်ခဲ့သော နေရာ

◆ အရိယဝံသဆရာတော်ကြီး စင်္ကြံလျှောက်လှမ်းလေ့ရှိသော
လမ်းကလေး၏ အမှတ်အသားနေရာ



ထိုအောင်မြေဌာနတွင် စေတီတစ်ဆူ တည်ထားလေသည်။

စေတီတော်တွင်လည်း ဋီကာကျော်တစ်ဆူကိုလည်း ဌာပနာထားသောကြောင့် စေတီတော်၏ ဘွဲ့ကိုလည်း **"သိကြားကျဘုရား၊ သိကြားကျစေတီ"**ဟူ၍ ယနေ့တိုင် သမိုင်းတွင်နေလေသည်။

နေရာဌာနမှာလည်း အလွန်အေးချမ်းလှသည့် အောင်မြေဌာနကောင်း ဖြစ်လေ၏။ မူလက မန်ကျည်းပင်အုပ်အုပ်ကြီးများ ဝိုင်းရံလျက် ရှိနေသောကြောင့် **"မန်ကျည်းတောချောင်"** ဟု တွင်ခဲ့ပါသော်လည်း ဆရာတော်ကြီး၏ ထူးခြားပြောင်မြောက်လှသော ဂုဏ်တော်တို့ဖြင့် မူလ အမည်အစား **"အရိယဝံသချောင်၊ သိကြားကျဘုရား"**ဟူ၍သာ သာသနာ့အလင်းကို ထွန်းလက်စေခဲ့ပါ၏။

တစ်ရံရောအခါ ဘုရင်မင်းခေါင် ကြွရောက်တော်မူ၍ အရိယဝံသဆရာတော်ကြီးထံ တရားနာတော်မူပါသည်။ ဆရာတော်ကြီးက တရားပေးပြီးနောက် **"စစ်ကိုင်းနှင့်အင်းဝရေလမ်းခရီးအတွက် ယာဉ်ရှင်ကို ချမ်းသာစေ"**ဟု အလှူခံပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၇၉ စာမျက်နှာ (၁၄၃) သို့

www.burmeseclassic.com



နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
ဝ၃ဝ၆ Y ဝ၆၆၅၃
လိုင်စင်–၃/၂ဝဝ၄၊
တဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"** ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။




အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံသဏ္ဍာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ကျပ်ခြင်းတို့ဟာ သီတန္တဉတု ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ . မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်–(၁၉၂) ဈေး(ဂ)လမ်း (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ဝ၉ ၈၆၃၅၂၂၅၊ ဝ၉ ၂၅ဝဝ၁ရ၈၇။

မြောင်းမြ မောင်ယဉ်တင်



www.burmeseclassic.com

www.burmeseclassic.com

ဆားလင်းကြီးမြို့နယ်

# ဝက်တောကျောင်းနှင့်

မြောက်ကျောင်း ဘုရားအစုများမှ

# ရှေးလက်ရာများ (၂)

ဝေဠုမောင်

ယခင်လမှ အဆက်

ခေါင်းလောင်းမှောက် ပတ်လည်တွင် ဘီလူးပန်းဆွဲများအစား ညောင်ရွက်များ တန်ဆာဆင်ထားသည်။ စေတီတစ်ဆူ၌မူ ကြာဖူးပုံကို ထူးခြားစွာ တန်ဆာဆင်၏။ ဤစေတီ တစ်ဆူသာ ကြာဖူးပုံ တန်ဆာဆင်ထားခြင်းဖြစ်သည်။

ထူးခြားသော စေတီတည်ပုံစံအဖြစ် ရှစ်မြှောင့်ကြွယ် အုတ်ဖိနပ်ခံကာ အထက်၌ အဝိုင်းပုံ ပစ္စယံများဖြင့် ပွတ်စေတီ တည်ထားသည်ကို တွေ့ရသည်။

စေတီစုအလယ်တွင် ရှေးဟောင်းသိမ်နေရာတစ်ခု မြင်ရသည်။ ကြမ်းပြင်အုတ်ပြားခင်း၍ ခေါင်းရင်းဘက်တွင် ဘွတ်ခုံအရာ ရှိသည်။ တင်ပျဉ်ခွေရုပ်ပွားတော် ပူဇော်ခဲ့ပေမည်။ သိမ်နိမိတ်ကျောက်ပြားတိုင်များအရ ပုဂံခေတ်ကာလခန့်က သိမ်ဖြစ်ကြောင်း မှန်းဆရသည်။

စေတီများအစု၏ တောင်ဘက် မနီးမဝေးတွင် ရဟန်းများ သီတင်းသုံးခဲ့ကြသည့် အုတ်ကျောင်းကြီးများ တွေ့ရသည်။ အထက်ပိုင်း ပြိုပျက်၍ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းထားကြသည်။ ပုဂံခေတ်နှင့် စလေတို့တွင် တွေ့ရသော



▲ ဝက်တောကျောင်း ဘုရားများကို အဝေးမှ မြင်ရပုံ

▼ ဝက်တောကျောင်းဘုရားများ



အုတ်ကျောင်းများနှင့် ပုံစံတူလေသည်။

မြင်တွေ့ရသော သိမ်၊ ကျောင်း၊ စေတီများ ပုံစံအသွယ်သွယ်အရ မြောက်ကျောင်းသည် ပုဂံခေတ်နှောင်း



www.burmeseclassic.com

www.burmeseclassic.com



ကုလားကျောင်းဝင်းစေတီ



ကုလားကျောင်းအထက် ထိပ်ဖလားမှောက်နှင့် ကလသအိုးများ



အင်းဝဗိသုကာလက်ရာ ကနုတ်ပန်းကဲ




ရုပ်ပွားမရှိတော့သော မုခ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com




▲ နံရံမှ မုခ်ကပ်များ



▲ လိုဏ်နံရံမှ ဇာတ်သရုပ်ဖော် ဆေးရေးပန်းချီများ

▼ မဂ္ဂိုဟ်ထိပ်မှ ဘုရားရှင်အား မင်း၊ မိဖုရား ပရိသတ်များဖူးမြော်ပုံ ဆေးရေးပန်းချီ



▼ ဝေဿန္တရာ ဆင်လှူခန်းမှ လူအချို့ဝတ်စားဆင်ယင်မှု



ပိုင်းမှ စ၍ ရဟန်းတော်များ သိတင်းသုံး၍ စာဝါသင်ယူရာ နေရာဖြစ်ဖွယ်ရှိသည်။

မြို့တော်၊ လူနေအိမ်ခြေတို့နှင့် အလှမ်းဝေးသဖြင့် အရညဝါသီတောကျောင်း ဖြစ်ပုံရသည်။ စေတီပုံဟန် အမျိုးမျိုးက ခေတ်အဆက်ဆက် တည်ဆောက် လှူဒါန်းကြသဖြင့် စုံလင်စွာ ဖူးတွေ့ရခြင်း ဖြစ်သည်။

မပျက်မယွင်း ကျန်ရစ်သမျှ ဆေးရေးပန်းချီများမှာ အင်းဝခေတ်လက်ရာများ ဖြစ်ကြသည်။ အုတ်ကျောင်းများကား ပုဂံခေတ်ကပင် ဆောက်လုပ်ခဲ့ဟန်ရှိသည်။

ကျောက်စာ၊ ပေစာ၊ မင်စာ အထောက်အထားများ မတွေ့ရသဖြင့် ပုဂံခေတ်တောကျောင်းကိုဏ်း စတင် ထူထောင်ခဲ့သောပေါင်လောင်ရှင်ကဿပ သာသနာပြုရာဌာနဟု တထစ်ချ မဆိုနိုင်ချေ။

ပေါင်လောင်ရှင်ကဿပ သာသနာ



www.burmeseclassic.com

www.burmeseclassic.com

ပြုခဲ့သော တုံတောကျောင်းရှိ စေတီများနှင့် ဆင်တူသည်ကိုလည်း သတိပြုမိသည်။ တုံတောကျောင်းမှာ တုံရွာအနီး တည်ရှိသည်။ ယခု မြောက်ကျောင်းအနီးတွင်မူ ကျေးရွာအိမ်ခြေ မတွေ့ရချေ။ ဝက်တောကျောင်းအနီး၌လည်း ကျေးရွာမရှိပါ။ လယ်ကွက်များ တူးဖော် ထွန်ယက်ကြရာ အိမ်ရာဟောင်း အထောက်အထား အိုးခွက်အကွဲစများ၊ အသုံးအဆောင်ပစ္စည်းများ မတွေ့ကြရဟု သိရသည်။

ထို့ကြောင့် ဝက်တောကျောင်းသည် ကျေးရွာကို အမှီပြု၍ ခေါ်တွင်ခြင်း မဟုတ်ဟု ယူဆဖွယ်ရှိသည်။ သံဃာတော်များ ပရိဝုါသ်ဆောက်တည်ရာ ကျောင်း၊ ဝတ်တော်ကျောင်းမှ ဝက်တောကျောင်း ဖြစ်လာနိုင်ခြေ ရှိသည်ဟု တွေးဆလျက် မြောက်ကျောင်းဘုရားများမှ ထွက်ခွာ၍ ဝက်တောကျောင်း ဘုရားများအစုသို့ ဦးတည်ခဲ့ကြသည်။

## ဝက်တောကျောင်းဘုရားများ

မြောက်ကျောင်း ဘုရားကုန်းမှ အလာ ကုန်းထိပ်တစ်ခုသို့ ရောက်သော် ဝက်တောကျောင်း ဘုရားအစုကို ပုဂံရှုခင်းသဖွယ် လှမ်းမြင်ရသည်။

ဘုရားများအစုသို့ ရောက်သောအခါ ကုလားကျောင်း လိုဏ်တစ်ထပ်ပါ စေတီတစ်ဆူနှင့် မြေစိုက်စေတီများ ဝန်းရံလျက်ရှိသည်ကို တွေ့ရသည်။

လိုဏ်ပါစေတီကြီးမှာ လေးမျက်နှာမုခ်လေးခုနှင့် ကုလားကျောင်းအထက် ပစ္စယံ သုံးဆင့်ပေါ်၌ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ ခေါင်းလောင်းပတ်လည်တွင် ကြာဖူးများ တန်ဆာဆင်ထားသည်။ ပစ္စယံထောင့်စွန်းများတွင် ကလသာအိုးများ တင်





▲ အကြည့်စိုက်နေသော မျောက်

▲ သစ်သီးပိုက် လမ်းလျှောက်ရင်းစားနေသော မျောက်

▼ အသီးဆွတ် မျောက်

▼ အကိုင်းပေါ်ထိုင်၍ အသီးစားသော မျောက်





www.burmeseclassic.com

www.burmeseclassic.com





◄ အနောက်မှန်ကာပ် တံတဲအထက်မှ ဓားကိုင်နတ်ရုပ်

ကျင်းကန်းဝမ်နှင့် ဆင်တူသော ဓားကိုင်နတ်ရုပ် ►

ထားသည်။

မှန်တံတဲများမှာ စိုင်ပေါင် ရာမမီးလျှံကို သစ်ရွက်ကနုတ်များဖြင့် စီခြယ်ထား၏။ အောက်ခြေအနားကို ရေလှိုင်းသဏ္ဍာန် အင်္ဂတေကွက် ဖော်သည်။ အင်းဝခေတ် ဗိသုကာဟန်ဖြစ်သည်။

အတွင်းမဏ္ဍိုင်မှ မုန့်လိုဏ်လေးခုတွင် စံပယ်တော်မူသည့် ရုပ်ပွားတော်များ ကင်းမဲ့နေသည်။ လိုဏ်နံရံတွင်လည်း မှန်ကပ်ငယ်များ တွေ့ရသည်။

ဗဟိုမဏ္ဍိုင်ထိပ်ပိုင်းတွင် နံရံ ဆေးရေးပန်းချီများ တွေ့ရသည်။ ဘုရားရှင်အား မင်း၊မိဖုရား၊မှူးမတ်များ ရှိခိုးပူဇော်နေဟန် ကနုတ်ပန်းများ ဝန်းရံရေးခြယ်ထားသည်။ အစိမ်း၊အပြာ ဆေးရောင်များ ကောင်းမွန်စွာ တွေ့ရသည်။ အလင်းရောင် ရာသီဥတု နှောင့်ယှက်မှု နည်းပါး၍ ဆေးစပ်ပညာ နည်းစနစ်များလည်း တိုးတက်ကောင်းမွန်လာသည်ဟု ခန့်မှန်းရသည်။

နံရံအထက်တွင် ဇာတ်၊ နိပါတ်တော် သရုပ်ဖော် ပန်းချီများ ရှိသည်။ ဆေးသန္တရာမင်းသည် ကာလိင်္ဂရာဇ်ပြည် ဆင်ဖြူတော် လှူခန်းစသည်ဖြင့် ကမ္ပည်းစာများ ရေးထိုးထားသည်။ အင်းဝခေတ် ဝတ်စားဆင်ယင်မှုကို ခန့်မှန်း သိရှိနိုင်သဖြင့် ထိုသို့ ဆင်လှူခန်း ပန်းချီပုံအချို့ကို အနီးကပ် မှတ်တမ်းပြု ဖော်ပြပါသည်။

## ထူးခြားရုပ်ပုံများ

စေတီလိုဏ် အနောက်ဘက်မှန်တံခါးဝတွင် တံခါးစောင့်ရုပ်သဖွယ် မျောက်ရုပ်များ ရေးခြယ်ထားသည်။ သစ်သီးဆွတ်ဟန်၊ သစ်သီးစားဟန်၊ အကိုင်းပေါ်တက်၍ သစ်သီးဆွတ်ဟန်၊ ဆောင့်ကြောင့်ထိုင်၍ စားဟန်၊ လမ်းလျှောက်လျက် လက်တစ်ဖက်မှ သစ်သီးပိုက်ကာ တစ်ဖက်မှ ပလုတ်ပလောင်းစားနေဟန် စသဖြင့် စုံလင်စွာ ရေးခြယ်ထား၏။

စာတန်း ကမ္ပည်းမရှိပါ။ ကျွန်းနက်ကို သစ်သီးစားနေသော မျောက်ရုပ်ပုံစံ ထုကာ သမ္မုဒ္ဒေတစ်ထောင်၊ သရဏဂုံ တစ်ထောင်၊ ပဋ္ဌာန်း ၂၄ ပစ္စည်း တစ်ထောင်စုတ်၊ ဆောင်ထားက စားရေရိက္ခာမပူမပင်ရဟု ကျော်အောင်စံထား ဂူစေတီမှ သစ်သီးစားဟန် မျောက်ရုပ်များကား မည်သည့် ရည်ရွယ်ချက်ရှိမှန်း မသိရပေ။

အနောက်ဘက်ဆင်းတု ပူဇော်ရာ မှန်တံကဲအထက်နံရံတွင် ဓားကိုင်နတ်ရုပ်ကို တွေ့ရသည်။ တရုတ်ဟန်နွယ်သည်။

ရန်ဘေးအနှောင့်အယှက်များ နှိမ်နင်းရသော နတ်၊ ကျင်းကန်းဝမ် နတ်မင်းရုပ်နှင့် တူနေသည်။ အဝင်မှန်အထက်ပေါင်းခုံးအနီး မြင်းမိုရ်ပိတ်မှ တင်းပုတ်ကိုင်ဘီလူး၊ တံကဲအနီးမှ ဓားကိုင်ဘီလူး၊ မုတ်ဆိတ်ဖားဖား လက်ဗလာနှင့် တံခါးစောင့်နတ်ရုပ်တို့မှာလည်း တရုတ်ပြဇာတ်များမှ ဇာတ်ကောင်များနှင့် ဆင်တူနေသည်။

နံရံထက်မှ ဆေးစိမ်းအားပြု ရေးဆွဲထားသော နဂါးမှာလည်း တရုတ်နဂါး ဖြစ်နေလေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ချောမောင်

ဆရာတော်ကြီး မိန့်မြွက်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com





▲ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊
ပေါက်တန်း ဒိပ်ကုန်းရွာထိပ်ရှိ
လောကချမ်းသာမင်္ဂလာစေတီတော်

◀ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊
ပေါက်တန်း ဒိပ်ကုန်းရွာ
ပရိယတ္တိ စာသင်တိုက် ကျောင်းထိုင်ဆရာတော် ဦးနန္ဒိယ

ကျော်ဇေယျ

ပေါက်တန်းဒိပ်ကုန်းရွာ သာသနာပြုဆရာတော်

# အရှင် နန္ဒိယ

ချီးမြှင့်သည့်

# ဓာတ်လေးပါး မှတ်းစိပ်နည်း

ရွှေပြည်သာမြို့၊ ထန်းခြောက်ပင်ကွေ့ ရွှေစင်ဓာတ်ပုံတိုက်မှ ကိုသန်းနိုင်၏ အကူအညီဖြင့် ရွှေပြည်သာမြို့ အနောက်ဘက် တစ်ဖက်ကမ်း ပေါက်တန်းဒိပ်ကုန်းရွာ သာသနာပြုဆရာတော် အရှင်နန္ဒိယနှင့် ၁၉၉၅ ခုနှစ်တွင် ရင်းနှီးခွင့် ရခဲ့လေသည်။

ဆရာတော် အရှင်နန္ဒိယသည် ပေါက်တန်းရွာဇာတိဖြစ်ပြီး ၁၃၀၇ ခုနှစ်၊ ဝါခေါင်လဆန်း(၁၀)ရက်နေ့ စနေနေ့တွင် ဖွားမြင်သည်။

အသက်(၁၂)နှစ်အရွယ်မှ စ၍ သာသနာ့ဘောင်သို့ ဝင်ခဲ့သည်။

ပေါက်တန်းဒိပ်ကုန်း ပရိယတ္တိ စာသင်တိုက်ကို တည်ထောင်ထားကာ တပည့်စာသင်သား ကိုရင်များထံတွင် နှလုံးသားကို ရင်းနှီးမြှုပ်နှံထားသူ ဖြစ်သည်။

ကျွန်တော် သွားရောက်စဉ် ၁၉၉၅ ခုနှစ်က စာသင်သား ကိုရင် နှစ်ဆယ့်ခုနစ်ပါး ရှိနေသည်ကို တွေ့ခဲ့ရသည်။

ဆရာတော်ကား ဓမ္မာစရိယပေါင်း မြောက်မြားစွာကို မွေးထုတ်ပေးခဲ့သူ ဖြစ်သည်။ တပည့် သံဃာများ၏ ဓမ္မာစရိယ အဆောင်လက်မှတ်များကို စီ၍ချိတ်ထားရာ တိုင်လုံးရေ (၂၅၆)လုံး ရှိသော ဘုန်းတော်ကြီးကျောင်းအပြည့် ပင်ဖြစ်၏။

ဤသည်ကို မြင်နေခြင်းသည်ပင် ဆရာတော်အား ကြည်နူးပီတိစိတ်ကို ဖြစ်စေသည်လား။

ဆရာတော်သည် သဘောကောင်းကာ ခင်မင်ဖွယ် ကောင်းပါသည်။

ထိုနေ့က ဆရာတော်ကျောင်း ဘုရားခန်းရှိ တန်ခိုးကြီး စန္ဒာသူရိယ ရုပ်ပွားတော်ကို လိုက်လံပြသပါသည်။

'အဲဒီတော် ဒီဘုရားဟာ ထူးခြားတယ်။ အဓိဋ္ဌာန်ပြုသူတိုင်းလိုလို အောင်မြင်ခဲ့တယ်။ ဘုရား၏ လက်ယာဘက်မှာက ဒေါင်းပုံ ထွင်းထားပြီး လက်ဝဲဘက်မှာ ယုန်တံဆိပ် ထွင်းထားတယ်။

နေနဲ့လဆိုပါတော့...“နေနဲ့လနဲ့ နှစ်ပါးဆို သိကြားကိုယ်တိုင် မ,ဖယ့်ယောက်၍ လို့ ရေးက စာဆိုရှိတယ်။ အဲဒီတော့ တစ်ခုခု အဓိဋ္ဌာန်ပြုပေါ့'



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ရင်ထဲက အတောင့်တဆုံး ဆန္ဒတစ်ခုကို အဓိဋ္ဌာန်ပြုခဲ့ပါသည်။

ထို့နောက် ဆရာတော် ဦးစီး တည်ထောင်ထားသော ဘုန်းတော်ကြီးကျောင်း ပညာရေးအားလည်း လေ့လာခဲ့ပါသည်။ ပြီးသော် ပေါက်တန်းဒိပ်ကုန်းရှိ ကျက်သရေဆောင် လောကစူဠာမဏိ စေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ပါသည်။



ဘုရားသို့ အဝင်လမ်းတွင် နှစ်ရှည် ကုက္ကိုပင်ကြီး တစ်ပင်နှင့် ထန်းပင်ကြီး တစ်ပင်အနီးမှ ဖြတ်သွားရကာ လွန်စွာ ချမ်းမြေ့လှပါသည်။

'အကာတော် ဒီထန်းပင်နဲ့ ကုက္ကိုပင်ကို အဝင်လမ်းမှာ စိုက်ထားတာဟာ လေးနက်တယ်ကွယ့်'

'ဘယ်လိုများ လေးနက်တယ်ဆိုတာ အမိန့်ရှိပါဦး ဘုရား'

'**ကုက္ကိုက** တနင်္လာနံလေ၊ **ထန်းက** စနေနံပေါ့။ တနင်္လာနဲ့ စနေနဲ့ဆိုတော့ နဝင်းပေါ့'

**ကုက္ကို၊ ထန်း**

၂ + ၇ = ၉(နဝင်း)

ထိုနေ့က ဆရာတော်နှင့် ကျွန်တော် စကားတွေ အများကြီး ပြောဖြစ်ပါသည်။

"စကား စကား ပြောပါများ စကားထဲက ဇာတိပြ"ဆိုသကဲ့သို့ စကားပြောရင်းမှ ကျွန်တော်သည် ပုတီးသမားတစ်ယောက်ဖြစ်ကြောင်း ဆရာတော် သိသွားပါသည်။

ထို့ကြောင့် ယခု ဖော်ပြမည်ဖြစ်သော လွန်စွာ အကျိုးထူးသည့် ဓာတ်လေးပါးပုတီးစိပ်နည်းအား ချီးမြှင့်ထိုက်ပါသည်။

ဓာတ်လေးပါး ပုတီးစိပ် အဓိဋ္ဌာန်ဝင်နည်းမှာ "**အန္တော ဂဗ္ဗေ စရေ ဝံသေ**" ဟူသော ဓာတ်ကြီး(၄)ပါး ဓာတ်သက်အတိုင်း ဖြစ်ပါသည်။

မိမိ နှစ်သက်ရာ စေတီပုထိုး ဘုရားတစ်ဆူဆူ၌ အန္တောမှ စကာ အစဉ်အလိုက် ဆရာတော်ပေးသော ဂါထာကို စိပ်ရန်ဖြစ်သည်။

ဤသို့ စိပ်ခြင်းသည် (၈)ရက်တိုင် ဖြစ်ပါသည်။ ဓာတ်သက်(၄)ပါး ကုန်သလို...ကြိုပ်(၈)ခွင် ပြီးပါသည်။

(၉)ရက်မြောက် နောက်ဆုံးနေ့တွင်မူ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားမှ ကြိုပ်ရှစ်ပါး စေတီတွင် စိပ်ရမည်ဖြစ်ပါသည်။

**ဆရာတော်ပေးသော ဂါထာမှာ...**

'ဗုဒ္ဓေါ နန္တလာဘာသ အတ္ထိ
တထာ မေ ဟောတု'

**အနက်အဓိပ္ပါယ်**

**ဗုဒ္ဓေါ** – မြတ်စွာဘုရားတို့သည်၊ **အနန္တလာဘာသ** – အဆုံးမရှိသော လာဘ်ရှိသည်၊ **အတ္ထိ** –ထင်ရှားမသွေ ဖြစ်ပါ၏။

**တထာ**–ထို့အတူ၊ **မေ**–အကျွန်ုပ်အား၊ **ဟောတု**–ဖြစ်ပါစေသတည်း။

**ပုတီးစိပ်ရန်မှာ...**

* * *

| ရက် | ထောင့်/အရပ် | ပုတီးပတ် |
|---|---|---|
| ပထမရက် | တနင်္ဂနွေထောင့် | ၁၆-ပတ်(အန္တောဓာတ်) |
| ဒုတိယရက် | စနေထောင့် | ၁၆-ပတ်(အန္တောဓာတ်) |
| တတိယရက် | တနင်္လာအရပ် | ၁၄-ပတ်(ဂဗ္ဘေဓာတ်) |
| စတုတ္ထရက် | ကြာသပတေးအရပ် | ၁၄-ပတ်(ဂဗ္ဘေဓာတ်) |
| ပဥ္စမရက် | အင်္ဂါထောင့် | ၂၀-ပတ်(စရေဓာတ်) |
| ဆဋ္ဌမရက် | ရာဟုထောင့် | ၂၀-ပတ်(စရေဓာတ်) |
| သတ္တမရက် | ဗုဒ္ဓဟူးအရပ် | ၁၈-ပတ်(ဝံသေဓာတ်) |
| အဋ္ဌမရက် | ရာဟုထောင့် | ၁၈-ပတ်(ဝံသေဓာတ်) |
| နဝမရက် | ကြိုပ်မင်းရှစ်ပါးစေတီ | ၉-ပတ်(ဂုဏ်တော်ကိုးပါး) |
| **၉-ရက်(နဝင်း)** | **၉-နေရာ(နဝင်း)** | **၁၂၅-ပတ်(နဝင်း)** |

လွန်စွာ ထူးခြားသော ပုတီးစိပ်နည်း ဖြစ်ပါသည်။ ကျွန်တော့်အနေနှင့် ဒီထက်ပို၍ ရှင်းပြချင်ပါသေးသည်။ သို့ရာတွင် မဂ္ဂဇင်းစာမျက်နှာကို ငဲ့ကွက်သောအားဖြင့် ယခုလောက်ထိသာ ဖော်ပြလိုက်ရပါသည်။

ကျွန်တော် ဤထူးခြားသည့် ပုတီးစိပ်၏အကျိုးကို ကိုယ်တွေ့ ခံစားနေရပါပြီ။ ဒါကြောင့် ချစ်စွာသော စာဖတ်ပရိသတ်ကြီးထံ ပါရမီမဂ္ဂဇင်းစာမျက်နှာမှတစ်ဆင့်...

**ကျော်ဖေယျ**



www.burmeseclassic.com

www.burmeseclassic.com

မှတ်ပုံတင် - ၀၁၁၄ / ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တအတလ၊တိုး (၁၃၁၂)

# နှလုံးရောဂါ ကင်းဝေးအောင် မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွစသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အစဲကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၃၅၆)ဗိုလ်ချုပ်လမ်းမကြီး မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၈၀၆၁၂

---

**ကြော်ငြာ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

နုဘူးကျိုင်း ရန္တတင်းတောရ

စာဆိုကိုယ်

# ဆရာတော် ဦးတိသရ

အား ကြည်ညိုပူဇော်မှုခရီး (၃)

ယခင်လမှ အဆက်

သို့သော် တောရသည် လူနေအိမ်ခြေ၊ ရွာ (လင်စုံမယားဖက် ညည့်အိပ်ညည့်နေ နေထိုင်သည့်အိမ် တစ်အိမ်ရှိပါက အကျုံးဝင်၏။) မှ ကုလလေးတာ (လေးတောင်အရှည်ရှိသော လေးဖြင့် တိုင်းသောအကွာအဝေး) ငါးရာအကွာ (အတောင် ၂၀၀၀ = ၃၀၀၀ပေ) အပြင်ဘက်၌ ရှိရမည်ဆို၏။

**ဥပမာ** အရှင်မဟာသီလဝံသ လက်ာတွင်...

'အရည်ကင် ဓုတင်ရအောင်၊ ရွာကိုရှောင်၍ လေးတောင်တာမြှတ်၊ အစွန်းလွတ်၍ ကိုင်းညွတ်ကွေးကွေး၊ ကုလလေးတာ ပြန်ငါးရာတွင်၊ သင်္ချာမှန်လှ တကောသဖြင့်'

ဟု စပ်ဆိုထားလေသည်။

ထို့ကြောင့် ခုနစ်တောင်ရှိသော **"မြန်မာတာ"**ဖြင့် တိုင်းထွာခြင်း မဟုတ်ဘဲ လေးတောင်ရှိသော **"ကုလလေးတာ"**ဖြင့် တိုင်းထွာလျက် (၃၀၀၀)ပေ ထက်ပို၍ ဝေးကွာသော နေရာတွင် တောရ ဆောက်တည်ကြကြောင်း သိမှတ်ရသည်။

### မဟာတိဿရစေတီနှင့် ကျောက်စာများ



◆ အဋ္ဌိမဈာပနသဘင်ကျင်းပရာ နေရာ

မဟာသိမ်ကျောင်းဝင်း၏ အရှေ့တောင်ထောင့်ကုန်းမြေတွင် မဟာတိဿရစေတီတော်ကြီးကို ဖူးမြင်ရသည်။


ဆရာတော် အရှင်တိဿရသည် (၂၂-၇-၂၀၀၄)နေ့တွင် ပျံလွန်တော်မူရာ ရုပ်ကလာပ်တော်ကို (၅)ရက်ကြာ ပူဇော်ထား၍ (၂၆-၇-၂၀၀၄)နေ့တွင် အဋ္ဌိမအဂ္ဂ ဈာပနသဘင် ကျင်းပပူဇော်ကာ အရိုးတော်ဓာတ်များကို ဌာပနာပြုပူဇော်ခဲ့သည့် စေတီဖြစ်သည်။

လက်ရှိဆရာတော် ဦးဇောတိကဓဇ (ထိုစဉ်က ရန်ကုန်ဆရာတော်ဟု ခေါ်

www.burmeseclassic.com



◆ မဟာတိဿရစေတီ



သာမန်လက်ဝဲရစ်နွယ် ▶

ကြသည်။) ဦးဆောင်၍ ဒကာဒကာမများ မ,တည်ငွေ သိန်း(၄၀) ကျော်ဖြင့် တည်ဆောက်ပူဇော်ခဲ့ကြောင်း သိရသည်။

ဤစေတီတော်မှ ရောင်ခြည်တော် ကွန့်မြူးသည်ကို ရဟန်းရှင်လူအများ အကြိမ်ကြိမ် ဖူးတွေ့ရသည်ဆို၏။

ဤစေတီ၌ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြု၍ဆုပန်လျှင် လိုရာဆန္ဒပြည့်ဝသည့် အထောက်အထားများရှိသည်။ **(မောင်ပန်းမွှေး၏ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများစာအုပ်စာမျက်နှာ(၁၄၃၂)မှ ထုတ်နုတ်သည်။)**

ယင်းစေတီ၏ အရှေ့ဘက် အခြေတွင် ကျောက်စာတန်ဆောင်း တည်ရှိသည်။

ဆရာတော်ဦးတိဿရ ပြုစုခဲ့သည့် ကျမ်းများမှ ပါဠိစာများကို ကျမ်းအလိုက် ကျောက်ထက်အက္ခရာတင်ကာ ကျောက်စာချပ်ရေ (၅၀)ချပ်ကို စိုက်ထူထားသည်။

စစ်အပြီးကာလတွင် ပိဋကတ်ကျမ်းစာများ စစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရာ မန္တလေးရှိ မင်းတုန်းမင်း၏ ကုသိုလ်တော် ကျောက်စာများကို အားပြုခဲ့ရသည်ဟု ကြားသိခဲ့ရသည်။

ဆရာတော် ဦးတိဿရ၏ ပါဠိကျောက်စာ ချပ်များသည်လည်း နောင်အနာဂတ်တစ်ချိန်တွင် များစွာ ကျေးဇူးပြုနိုင်လိမ့်မည်ဟု မှန်းဆရလေသည်။

## နှုတ်ဆက်ဂါရဝ

ထို့နောက်တွင် နဘူးကျင်းရန်ကင်းတောရမှ ပြန်ထွက်လာရာ တောရအဝင်ကုန်းမြေ၌ အုတ်တံတိုင်း ခတ်ထားသော ဆရာတော်၏ အထိမ်းအမှတ် ကျောက်တိုင်ကို တွေ့ရသည်။ ကျောက်တိုင်တွင် **"ဆရာတော်ဦးတိဿရ၏မော်ကွန်းလွှာ"** ဟူသော ခေါင်းစဉ်ဖြင့် ကမ္ပည်းထိုးထားသည်။

ဆရာတော်ကြီးသည် သက်တော် (၈၃)နှစ်၊ ဝါတော်(၆၃)ဝါအရ ၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၆)ရက်



www.burmeseclassic.com

www.burmeseclassic.com

(၂၂-၇-၂၀၀၄) ည(၈)နာရီ(၂၅)မိနစ် ပျံလွန်တော်မူ၍ (၂၆-၇-၂၀၀၄) ရက်နေ့ နေ့လယ်(၁)နာရီတွင် တေဇောရျာပနသဘင် ကျင်းပပူဇော်ရာ နေရာဖြစ်ကြောင်း ပါရှိလေသည်။

ဆရာတော် ဦးတိဿရသည် ဝိနယဂရုကဂုဏ်၊ ဂန္ထကာရကဂုဏ်တို့နှင့် ပြည့်စုံသော ကြည်ညိုဖွယ် ဆရာတော်ကြီးဖြစ်ကာ ဝိနည်းတော်နှင့်အညီ အောင်မြင်သော သမ္မုတ္တိသိမ်ဖြစ်မှသာ ထိုသိမ်တွင် ရဟန်းဖြစ်ကြသော သံဃာများသည်လည်း ရဟန်းစစ်များ ဖြစ်ကြလိမ့်မည်ဟု ကြောင့်ကြမကင်း နှလုံးသွင်းလျက် သိမ်သမုတ်ခြင်းကိစ္စကို အလေးထား အားပေးချီးမြှောက်ခဲ့သည်။

သိမ်ပေါင်း (၁၇၀)ပြည့်မြောက်အောင် ဦးဆောင်သမုတ်ပေးခဲ့သူ၊ နဝကမ္မဝတ္ထုငွေ ကိုင်ခံသာယာမှု မရှိသူ ရဟန်းထူးတစ်ပါးဖြစ်လေရာ **တိပိဋက ယောဆရာတော်ကြီး**ကပင် လျှင် (၁၅-၃-၁၉၉၅)နေ့တွင်...

**"သာသနာတော်မှာ အလွန်ကြည်ညိုစရာကောင်းတဲ့ တောရဆရာတော်ကြီးပါ"**ဟု ချီးကျူး မိန့်ကြားတော်မူခဲ့သည်ဟု သိမှတ်ရလေသည်။

ဤသို့ ရပ်နီးရပ်ဝေးမှ ကြည်ညိုဆည်းကပ်သူ ပေါ်များ၍ ဝိနည်းလေးစားသည့် မုတင်ဆောင် ရဟန်းထူးဖြစ်သော ဆရာတော်အရှင်တိဿရအား ကိုယ်တော်တိုင် ဖူးတွေ့ခွင့်ရခဲ့သည့် ဖြစ်စဉ်ကလေးအား နိဂုံးပူဇာအဖြစ် တင်ပြပါမည်။

**၂၀၀၀ပြည့်နှစ်လွန် ကာလ** ရွှေစက်တော်ဘုရားပွဲတော် ကျင်းပချိန်ဖြစ်သည်။ မကွေးမြို့ သမာဓိဆီစက်ပိုင် ဦးဇော်ဝင်းလှိုင်၏ ကူညီမှုဖြင့် မကွေးမင်းဘူးဒေသ စာပေမှတ်တမ်းပြု ခရီးဆန့်ဖြစ်ခဲ့ရာ ရွှေစက်တော် ကုန်းတော်သို့လည်း သွားရောက်ပူဇော်ဖြစ်ခဲ့သည်။


ရွှေစက်တော်ပူဇော်မှုတွင် သာသနာ့အကျိုးဆောင် ဦးမျိုးမြင့်သိန်းက လိုလေသေးမရှိ ကူညီပေးသည်။ အထက်စက်တော်ရာမှ ပြန်ဆင်းလာသောအခါ သူက လက်ဆွဲ၍ ကျောင်းခန်းတစ်ခု အတွင်းသို့ ဦးဆောင်သွားသည်။

'ဘာဖြစ်လို့လဲ'

'ရမည်းသင်းဆရာတော် ရောက်နေသတဲ့။ ရဟန္တာလို့ သမုတ်ကြတယ်'


'ဆရာတော်နဲ့ပတ်သက်ပြီး နောက်ခံဖြစ်စဉ်တွေသိရမှ ပူဇော်ရေးသားတာကောင်းတယ်'

ကျောင်းခန်းအတွင်း၌ ရဟန်းရှင်လူ ပရိသတ် များပြားလှသဖြင့် အခန်း



◆ နဘူးကျောင်းတောရ အောင်မြေမှ လက်ယာရစ်နွယ်

www.burmeseclassic.com





▲ ကျောက်စာတန်ဆောင်း

◀ ကျောက်စာအချို့

ဧထောင့်တစ်နေရာ၌ နေရာယူ ဝတ်ဖြည့်ကန်တော့ရသည်။

ထိုအခါ အနီးရှိ အသက်(၇၀)ခန့် ဦးလေးက ဤသို့ ပြောပြသည်။

'ရမည်းသင်း နဘူးကျောင်းတောရ လယ်ဝေး ထန်းတပင်တောရတွေမှာ သီတင်းသုံးတယ်၊ ဟိုးအရင် ၁၃၂၄ ခုနှစ်လောက်က ရွှေစက်တော်တောင်စောင်းလိုဏ်ဂူမှာ တောကြမ်းလွန်းလို့ သံဃာမရှိတဲ့ နှစ်(၂၀)လောက်ကြာခဲ့တာ။ ဒီဆရာတော်ကြီး သီတင်းသုံးလို့ အခုဆိုရင် ယဉ်ပါးသွားပြီ။

ဆရာတော်ကြီးက ရမည်းသင်း၊ နေပြည်တော် တပ်ကုန်း၊ နေပြည်တော် လယ်ဝေး၊ ဝမ်းတွင်း၊ ရေတာရှည်၊ စကု၊ နတ်မောက် မြို့နယ်တွေထဲမှာ တောရ(၂၈)ခုလောက် ထူထောင်ပြီး ဓုတင်ဆောင်တောရ သံဃာတပည့်တွေနဲ့ လွှဲပေးခဲ့တယ်။

သာသနာတော် အဓွန့်ရှည်ဖို့ တောရဓုတင်ဆောင်သံဃာတွေကို ဦးဆောင် လမ်းပြတာပါ။ ကောင်းကင်ရာနှံပုံနိုင်တဲ့ ရဟန္တာလို့ ယုံကြည်ကိုးကွယ်ကြတယ်'

သို့လျှင် ကြားသိရသော်လည်း ထေရုပ္ပတ္တိနှင့်တကွ နောက်ခံ ဖြစ်စဉ်တော်တို့ကို မေးလျှောက်ခွင့်ရရန် မဆိုထားနှင့် အနီးကပ်ဖူးမြော်ရန်ပင် မလွယ်လှသော ပရိသတ်ထုကြီးကြောင့် ဦးချကန်တော့ကာ လှည့်ပြန်မည်ပြုစဉ် ဆရာတော်ကြီးက မျက်နှာကို တည့်တည့်ကြည့်၍ **"ဒကာ ဘာအခက်ခဲများရှိလို့ မေးချင်တာလဲ"**ဟု လှမ်း၍ မိန့်တော်မူလေသည်။

'တင်ပါ့ တပည့်တော်မှာ ဘာအခက်အခဲမှ မရှိပါဘုရား။ ရွှေစက်တော် ဘုရားဖူးလမ်းညွှန်ဆောင်းပါး ရေးဖို့ ရောက်လာတာပါ။ အရှင်ဘုရားကြွ ရောက်နေတယ်ကြားလို့ လာပြီး ဖူးမြော်တာပါ ဘုရား'

ဟု နှုတ်ထွက် ဝံလျှောက်ထားပြီးနောက်...

'အရှင်ဘုရားရဲ့ ထေရုပ္ပတ္တိနဲ့ သာသနာပြုခရီးကို မှတ်တမ်းတစ်စောင် တင်ဖွဲ့ရေးသားချင်ပါတယ်'

ဟူ၍ စိတ်တွင်းမှ လျှောက်ထားမိသည်။

'အင်း ညောင်လွန့်ဆရာတော်ကြီးရဲ့တပည့်တစ်ပါးက ညောင်လွန့်တောရ ပျောက်ပျက်သွားမှာကို ကြောင့်ကြမကင်းလို့ ဝါယမစိုက်သတဲ့။ ဆရာတော် ဦးမေဓာဝီက ပျက်ချင်ပျက်တန်လျှင် ပျက်မယ်။ စည်ကားချိန်တန်ရင် စည်ကားမယ်။ ဖျက်ချင် ဝါယမနဲ့ တောရကို အဓွန့်ရှည်အောင် မစွမ်းသာဘူးလို့ မိန့်တော်မူပါတယ်။

ဒီလိုပါပဲ မြတ်ဘုရားရဲ့ သာသနာတော်ထွန်းကားရေးမှာ အချိန်တော် အခါသင့်ရင် ဒကာကူညီခွင့် ရမှာပါ'

ဟူ၍ မိန့်တော်မူလေသည်။

ထိုစဉ်က ဒီဂျစ်တယ်ကင်မရာရှိ ရိန်းဖိုင်ဒါခေါ် အပျော်တမ်း ဖလင်သုံးကင်မရာကလေးဖြင့် နယ်လှည့်ရစဉ် ဖြစ်ရာ အဝေးမှနေ၍ ဆရာတော်၏ ရုပ်လွှာကို ဓာတ်ပုံမှတ်တမ်းပြု ပူဇော်ခွင့် မရခဲ့ချေ။

ယခုသော် အချိန်တော် အခါသင့်ပြီ (ဟု ယူဆမိသဖြင့်)ဖြစ်၍ ဆရာတော်၏ရုပ်ပုံလွှာနှင့် ဖြစ်စဉ်တော်အချို့အား ပူဇော်ရေးသားလိုက်ရပါသည်။

***သမုတိ ပရမတ် သံဃာနှစ်ရပ်အား ဦးတင်လျက်...***

**ဧင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

# အကြောနှင့်ဆရာ ဆက်စပ်ပါ

မြန်စွာပျောက်ကင်းမှု

ဆရာဦးလှသိန်း
(အကြောပညာရှင်)
[တံတားဦး၊ အင်းဝ]

## လေဖြတ်ပြီး လျှာရှည်နေ၍ ကုမရသော်

ကျွန်တော် (၃၈)လမ်း၊ ၈၂×၈၃ ကြား မန္တလေးမြို့တွင် ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော်၏ ဆေးခန်းသို့ ရေဦးမြို့မှ ဆရာဦးလှမြင့်နဲ့အတူ ပါလာသော အသက်(၃၅)နှစ်ခန့်ရှိသော အမျိုးသမီးအား "ဘာဖြစ်တာလဲ" မေးတော့...


'ကျွန်မ မျက်နှာလေဖြတ်ပြီး လျှာက သိပ်မလှုပ်ဘဲ ရှေ့ကို အနည်းငယ်ရှည်ထွက်နေလို့ လျှာကို မကိုက်မိစေဖို့ အမြဲတမ်း သတိထားပြီး နေရပါတယ်'


လို့ ပြောသဖြင့် ကျွန်တော်မှ ဝေဒနာရှင်ကို ဆရာဦးလှမြင့်က ကုသမပေးဘူးလားမေးတော့ ဦးလှမြင့်မှ...

'ဆရာရယ် ကျွန်တော် ကုသပေးတာပေါ့။ ဒါပေမယ့် "လျှာ"က မိမွေးတိုင်း၊ ဖမွေးတိုင်း မဟုတ်ဘဲ အနည်းငယ် ကျန်နေလို့ပါ။ ပြီးတော့ ဆရာက လေဖြတ်လို့ "လျှာ"တိုတဲ့ အကြောင်းရေးပြီး လေဖြတ်လို့ "လျှာ" ရှည်တဲ့အကြောင်း မရေးလို့ ဆရာ့ထံ လာရောက်ပါတယ်'

လို့ ပြောသဖြင့်...

'ကဲ...ဒီလိုဆိုရင်တော့ ဦးလှမြင့်ရေ ဒီမိန်းကလေးရဲ့ လက္ခဏာက လေကြောင့်ဖြစ်တဲ့ လက္ခဏာလား၊ သလိပ်ကြောင့်ဖြစ်တဲ့ လက္ခဏာလား၊ သည်းခြေကြောင့်ဖြစ်တဲ့ လက္ခဏာလား'




လို့ မေးတော့ ဦးလှမြင့်က...

'ဆရာရေးထားတဲ့ လေကြောင့်ဖြစ်တဲ့လက္ခဏာ၊ သည်းခြေကြောင့်ဖြစ်တဲ့လက္ခဏာ၊ သလိပ်ကြောင့်ဖြစ်တဲ့လက္ခဏာ ဒီသုံးမျိုးမှာ လေကြောင့်ဖြစ်တဲ့ လက္ခဏာပဲ။

လေကြောင့်ဖြစ်တဲ့ လက္ခဏာကတော့ သွားရည်ယိုမယ်၊ အလွန်ကိုက်ခဲမယ်၊ ကိုယ်တုန်လှုပ်မယ်၊ ခံတွင်းမဟနိုင်ဖြစ်မယ်၊ နှုတ်ခမ်းရောင်မယ်။ အဲဒီလက္ခဏာကတော့ လေကြောင့်ဖြစ်တဲ့ လက္ခဏာပဲ။

သည်းခြေကြောင့်ဖြစ်တဲ့ လက္ခဏာကတော့ မျက်နှာဝါမယ်၊ ဖျားမယ်၊ ရေငတ်မယ်၊ အဲဒီလက္ခဏာက သည်းခြေကြောင့် ဖြစ်တာပဲ။

သလိပ်ကြောင့်ဖြစ်တဲ့ လက္ခဏာကတော့ တွေဝေမိန်းမောမယ်၊ လည်ချောင်း၊ ဦးခေါင်း၊ လည်ကုပ်ရောင်မယ် ဆိုပြီး ဆရာရေးထားတာကို ဖတ်ရတယ်'

လို့ ပြောသဖြင့်...

'ကဲ...ဆရာဦးလှမြင့် ကျွန်တော့်ရှေ့မှာ ဒီမိန်းကလေးကို ခင်ဗျားကိုယ်တိုင် သေချာကျနစွာ အကြောပြင်ပေးပါဦး'

လို့ ကျွန်တော်က ပြောတော့...

'ဆရာရယ်... ရွှေဘိုမှာကတည်းက ကျွန်တော်ကုလို့ မပျောက်တာ၊ အခု ကျွန်တော် မန္တလေးမှာကုလဲ မပျောက်နိုင်ပါဘူးဆရာ'

လို့ ပြောသဖြင့်...

'ကဲ... ဦးလှမြင့် ခင်ဗျားက ကျွန်တော့်ရဲ့ ပညာကို ယူထားတော့ ဒီပညာကို ယုံယုံကြည်ကြည်နဲ့ ကုသစမ်းပါ။ ပျောက်ကို ပျောက်ရမယ်'

ဆိုပြီး မိန်းကလေးကို အကြောပြင်ခိုင်းပါတယ်။

'ဆရာဦးလှမြင့်လေဖြတ်ပြီး "လျှာ" တိုတဲ့ ဝေဒနာရှင်ကျတော့ "လျှာ"ကို ဘယ်လိုအရာဝတ္ထုနဲ့ ပွတ်သလဲ'

လို့ ကျွန်တော်က မေးတော့...

'**စပါးကြီးသည်းခြေ၊ ခါးသော ဆေးများဖြင့် "လျှာ"ကို** ပွတ်ပေး



www.burmeseclassic.com

www.burmeseclassic.com

တယ်'

'ဆေးကလဲ ခါးတယ်၊ စပါးကြီး သည်းခြေကလဲ ခါးတော့ မျိုချမှာလား၊ ထွေးပစ်မှာလား'

မေးတော့...

'ထွေးပစ်မှာပေါ့ ဆရာရယ်'

'အဲဒီလိုထွေးပစ်တော့ ဝင်နေတဲ့ "လျှာ"က အပြင်ကို မထွက်ပေဘူးလား။ အခု ခင်ဗျား ဝေဒနာရှင် "လျှာ" ရှည်နေတဲ့ မိန်းကလေးကိုတော့ **ပျားရည်၊ ရှောက်ရည် ဆတူရော ပြီး "လျှာ"**ကိုပွတ်ပေးရင် လျှာက (၃)ရက်အတွင်း နဂိုအတိုင်း ပြန်ဖြစ်မှာပါ။

ဘာလို့လဲဆိုတော့ ပျားရည်က ချိုတယ်။ ရှောက်ရည်က ချဉ်တယ်။ ချိုတာ၊ ချဉ်တာကို "လျှာ"ပွတ်ပေးရင် မျိုချတာနဲ့ "လျှာ"က ပြန်ဝင်သွားမှာပဲ။

စကားကြုံတုန်း ပြောရဦးမယ်။ အလွန်ကျော်ကြားတဲ့ တိုင်းရင်းဆေးသမားတော်ကြီးမှာ တပည့်တစ်ယောက်ရှိတယ်။ သမားတော်ကြီး မရှိတဲ့နောက် သမားတော်ကြီးရဲ့ ဆေးနည်းအတိုင်း ဖော်စပ်ပြီး ဆေးကုသတာ ဆေးက အစွမ်းမထက်ဘူး။

ဆေးက အစွမ်းမထက်တော့ အခြားသမားတော်များကို ဖော်စပ်ထားတဲ့ ဆေးများသွားပြတော့ မင်းရဲ့ဆေးတွေက ညက်အောင်မှ မထောင်းတာ ပြောတော့ နောက်တစ်ခါ ဆေးကို ညက်အောင် ထောင်းပြီး ကုသပေးမယ့် ဆေးက အစွမ်းမထက်ပါဘူး။

ဒီတော့ နောက်တစ်ခါ ဆေးကို ထပ်ပြတော့ မင်းဆေးက နှံ့အောင်မှ မမွှေတာလို့ ပြောပြပါတယ်။ ဒီတော့ ပညာအလွန်ကျယ်ပြန့်သလို အကြောပညာကလဲ အလွန်နက်ရှိုင်းတယ်။

ဒါကြောင့် ရှေးသမားတော်ကြီးတွေက လက်နှိပ်တစ်ချက်ဟာ ဆေး(၁၀)ခွက်နဲ့ ညီမျှတယ်လို့ ပြောတယ်။

အရာရာကို အကြောပညာချည်းအားမကိုးဘဲ ရှေးသမားတော်များရဲ့ လက်သုံးစကားအရ အကြောပညာဟာ ထွန်ခြစ်နဲ့တူတယ်၊ ဆေးပညာဟာ တံမြက်နဲ့တူတယ်။ အဲဒါကို သေချာမှတ်ထားပါ။

ကဲ...အခု ဝေဒနာရှင်ကို ခင်ဗျားရဲ့ အကြောပညာ နှိပ်ကွက်များကို ကျွန်တော့်ကို ပြောပြပါဦး'

'၁။ ဝေဒနာရှင်အား တင်ပျဉ်ခွေ ထိုင်ပါ။ မျက်မှောင်ကြောကို ဖိနှိပ်ပြီး ရင်ဘတ်နဲ့ ဦးခေါင်းထိတဲ့ အထိ တွန်းပြီး လက်ခလယ်ဖြင့် အထက်ကို ဆွဲထားပါ။

၂။ "မျက်ခုံးကြော" ယင်းအကြောကို လက်ဖြင့် ဖိချ၍ လက်မဖြင့် မျက်ခုံးအပေါ်မှ အကြောများကို ဖိ၍တွန်းပါ။

၃။ "ပါးအာရုံကြော" ယင်းဝေဒနာရှင်အား ပါးစပ်ဟစေ၍ အတွင်းမှ "လျှာ"ကို လက်မက အပေါ်တင်ထားပြီး လက်ညှိုးက အောက်ကထားပါ။

ပါးရှဲ့သောဘက်ကို ဆွဲ၍ လုပ်ပေးပါ။ ဝေဒနာရှင်အား ပက်လက်အိပ်စေ၍ မျက်နှာပေါ်ရှိ အကြောများကို ဖိပြီး ဖွပေးပါ။

၄။ လေဖြတ်သော ဝေဒနာရှင်အား ကြပ်ထုပ် (သို့မဟုတ်) ရေနွေးပုလင်းဖြင့် လိုမ့်ပေးပါ'

ကျွန်တော် ၂၀၀၆ ခုနှစ်၊ ဖွန်လ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၂၃၉)မှာရေးထားတဲ့ **မျက်နှာ လေတစ်ခြမ်းဖြတ် ဝေဒနာကုသနည်းမှာ...**

လေ၊ သည်းခြေ၊ သလိပ်ကြောင့် မျက်နှာ လေတစ်ခြမ်း ဖြတ်ပြီဆိုလျှင် နှိပ်ကွက်ကတော့ အတူတူပါပဲ။ မှတ်သားထားဖို့ကတော့ **လေဒေါသပြုရင်** လေလမ်းလွှဲတဲ့ နည်းနဲ့ လိမ့်လိမ့်ပြီး ပြုပြင်ပေးရမယ်။

**သည်းခြေဒေါသ ဖြစ်ရင်တော့** ဖွဖွပြီး ဖော်ဖော်ပေးတဲ့ နည်းနဲ့ ပြုပြင်ပေးရမယ်။ **သလိပ်ဒေါသဖြစ်ရင်တော့** ခြေ၍ခြေ၍ ပေးတဲ့ ပြုပြင်နည်းနဲ့ ပြုပြင်ပေးရမယ်။

'ဦးလှမြင့်ရေ လေဖြတ်ပြီး "လျှာ" တိုတဲ့ ဝေဒနာရှင်ဖြစ်စေ၊ "လျှာ" အနည်းငယ်ရှည်တဲ့ ဝေဒနာရှင်ဖြစ်စေ လက်သုံးဆေးကတော့ စပါးကြီး သည်းခြေ (သို့မဟုတ်) အလွန်ခါးတဲ့ ဆေး။ ပျားရည်၊ ရှောက်ရည် ရောစပ်ထားတဲ့ဆေး ဉာဏ်ရှိသလို အသုံးပြုပါ။ မျက်နှာလေဖြတ်တဲ့ ဝေဒနာရှင်အား အကောင်းဆုံး ဆေးနည်းကတော့...

၁။ သက်ရင်းကြီးမြစ် (၂)ကျပ်သား။
၂။ တောရှောက်မြစ် (၂)ကျပ်သား။
၃။ ညလျှိုမြစ် (၂)ကျပ်သား။
၄။ ဖျောက်ဆိပ်မြစ် (၂)ကျပ်သား။
၅။ သနပ်ခါးမြစ် (၂)ကျပ်သား။
၆။ နံ့သာဖြူ (၄)ကျပ်သား။
၇။ ကရက်မက် (၄)ကျပ်သား

ဆေး(၇)မျိုးကို အမှုန့်ပြု၍ တစ်နေ့ (၃)ကြိမ် လိမ်းပါ'

ဒါလောက်ဆိုရင်တော့ ဆရာဦးလှမြင့်လဲ နောက်ထပ် ပညာတိုးလို့ ကျွန်တော်လဲ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ဝါသနာရှင်များ၊ ဝေဒနာရှင်များ အသုံးပြုနိုင်ရန်အတွက် ရုပ်ပုံကားချပ်နဲ့ တကွ အကြောပြင် နှိပ်ကွက်များကို ရေးသားတင်ပြလိုက်ပါတယ်။

ဆရာဦးလှညီမိန်း(အကြောပညာရှင်)
[တံတားဦး။ အင်း၁]



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၈၈၁၃ Y ၁၁၀၆၇၂) (တဆ၈၈(စာနယ်ဇင်း) ၀၀၇/၀၂၁၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းအောင့်၏။ ဖျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်ခဲ့ မိ၍ အပုဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်ကုန်လာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာပိန်လာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်တလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ ... ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော ... ဆရာတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ် ... စစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို ... ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ... ဆင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာ ... ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ... ခံနိုင်ရည်ဖြစ်သူတို့မှာ ချွေးခေါင်ခေါင် မိုးကြိုးပစ်ခံ ... ခံစားလိုက်ရ၏။

... ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျီးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျီးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေကတစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မပြတ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။


**ဦးအိုက်စံ (လားရှိုး)**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၉၁၀၉၁၊ ၀၉၇၃၂၄၃၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘုတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။
ဖုန်း-၀၈၂၂၆၂၉၁၊ ၀၉၄၇၃၂၂၂၄။

www.burmeseclassic.com



▲ အနယ်နယ် အရပ်ရပ်မှ သာသနာပြုပုဂ္ဂိုလ်များ အစဉ်သဖြင့် လာရောက် အားထုတ်လေ့ရှိသော ထင်တောင်စေတီတော်

# မိုးနဲမြို့မှ ရှေးကြီးသော ဘုရား ၏ အရိပ်ကို ရှာကြရာဝယ်

ရဲမြင့်ဦး (ချယ်ရီမြေ)

စိမ်းစို အုံ့မှိုင်းနေသော တောအထပ်ထပ်နှင့် မြင့်မောက်စွာ ဝိုင်းရံထားသောတောင်စွယ် တောင်တန်းတို့ကြား မိုးနဲမြို့ကလေး၏ အလှသည်ကား လွှမ်းမောဖွယ်ရာပင်။

မိုးနဲမြို့သည် ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင်တွင်ရှိပြီး ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့မှသည် ခရီးစခဲ့ပါလျှင် **ဟိုပုံး၊ မိုင်းပွန်၊ လွိုင်လင်၊ နမ့်စန်** မြို့များကို ကျော်လွန်ပြီးပါက မိုးနဲမြို့သို့ ရောက်ရှိပေမည်။

ဦးအောင်ဇေယျ (အလောင်းဘုရား) ထိုင်းနိုင်ငံသို့ စစ်ချီသည့် (ယခု ပြည်ထောင်စုလမ်းမကြီး)ပေါ်တွင် တည်ရှိသည်။

မိုးနဲမြို့သည် မြို့ငယ်ကလေးတစ်မြို့ဖြစ်သော်လည်း စေတီပုထိုးမြောက်မြားစွာရှိလျက် မြို့၏မြောက်ဘက်မှ စတင်ရေတွက်ပါလျှင် **တစ်ဆယ့်နှစ်ပါးဂူစေတီ၊ နန်းဦးစေတီ၊ မြွေတော်စေတီ၊ စိန်တောင်ဆွာင်းစေတီ၊ မောင်နိုင်မောင်နိုင်စေတီ၊ မြောက်နှစ်ကျိပ်ရှစ်ဆူစေတီ၊ တောင်နှစ်ကျိပ်ရှစ်ဆူ စေတီ၊ ဆုတောင်းပြည့်စေတီ၊ ရွှေကျောင်းဆော်စေတီ၊ ဆင်တောင်စေတီ၊ ချိုင်မြေစေတီ၊ ဦးရွှေအောင်စေတီ၊ ချမ်းမြေစေတီ၊**



ထိုင်းရပ်ကွက် အတွင်းရှိ ချမ်းသာကြီးစေတီတော် ▶

www.burmeseclassic.com


◆ ဦးအောင်ဇေယျ(အလောင်းဘုရား)၏ နာခံတော် စစ်ကဲကြီးဦးရွှေအောင် တည်ထားကိုးကွယ်ခဲ့သော ဦးရွှေအောင်စေတီတော်


◆ ဦးရွှေအောင်စေတီအတွင်းမှ နာခံတော် စစ်ကဲကြီး၏ ရုပ်တု


◆ လှိုင်မြေ စေတီတော်

**ချမ်းသာကြီးစေတီ၊ ကျောင်းတိုစေတီ၊ လှိုင်ဆယ့်စေတီ၊ တံခွန်တောင်စေတီ၊ ကောင်းမှုစစ်ဗိုလ်စေတီ၊ သာခေါင်ကျောင်းစေတီများ** ရှိပြီး ဖော်ပြပါ စေတီများမှာ မိုးနဲမြို့ပေါ်တွင် တည်ထားကိုးကွယ်သော စေတီပုထိုး များဖြစ်သည်။

ထင်ပေါ်ကျော်ကြားမှု မရှိသည့်မြို့ငယ်ကလေးတစ်မြို့ ဖြစ်သော်လည်း ဒေသခံ တိုင်းရင်းသားတို့မှ မိမိတို့မြို့ကလေးကို ဒုတိယပုဂံဟု ထင်စားနေမှုမှာ ယနေ့တိုင်ပင်ဖြစ်သည်။

ဒေသခံများအနေဖြင့် ထိုကဲ့သို့ ဒုတိယပုဂံဟု တင်စားခေါ်ဝေါ် ပြောဆိုနေမှုကိုလည်း ငြင်းပယ်စရာ မရှိ၊ ရေးသားဖော်ပြသည့် စေတီများအပြင် ဘွဲ့အမည်မဲ့ စေတီပုထိုးပေါင်းများစွာ တည်ထားကိုးကွယ်မှုကို ကိုယ်တိုင်မြင်တွေ့နေရသောကြောင့်ပင် ဖြစ်သည်။

ဤခရီးကို ၁၉၉၆ ခုနှစ်က သွားရောက်စဉ်က အတွေ့အကြုံများ ဖြစ်ပါသည်။ ရုံးပိတ်ရက်တစ်ရက်နေ့ နံနက်စောစောတွင် ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ဆင်တောင်စေတီသို့ ဘုရားဖူးထွက်ခဲ့ကြပါသည်။

ဆင်တောင်စေတီသည် မြို့၏ အနောက်မြောက်ဘက် ဥယျာဉ်ရပ်ကွက်တွင်ရှိပြီး တောင်ပေါ်တွင် တည်ထားကိုးကွယ်သည့် စေတီဖြစ်ကာ အနယ်နယ် အရပ်ရပ်မှ သာသနာပြုပုဂ္ဂိုလ်များ အစဉ်သဖြင့် လာရောက်တရားအားထုတ်လေ့ရှိသော စေတီဖြစ်ပါသည်။

ထိုတောင်ပေါ်မှ ကြည့်လျှင် မြို့၏ ရှုခင်းအလှကို လွမ်းခြုံမြင်တွေ့ရပြီး စိမ်းစိုနေသော လယ်ကွင်းပြင်နှင့် လှေကားထစ်စိုက်ခင်းတချို့၊ မိုးသားတိမ်လိပ်တို့အကြား တရိပ်ရိပ် ပြေးလွှားနေသည့်အလား မြင့်မောက်မောက်တောင်တန်းပြာကြီးတို့၏ အလှ၊ ဟိုးဝေးဝေးတွင် မြင်တွေ့နေရသော ပန်းချီကားအသွင်နှင့် ထုံးဖြူဖွေးဖွေး တောင်ပေါ်စေတီလေးများ၏ ကြည်ညိုဖွယ်ရာတို့ကို လွှမ်းခြုံမြင်တွေ့ရပေသည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် တောင်ပေါ်ရှိ စေတီနှင့် ရုပ်ပွားတော် ခြေရာတော်တို့ကို ကြည်ညိုဖူးမြော်ပြီး ထိုဆင်တောင်စေတီပေါ်မှ မြင်တွေ့နေရသော ရှုခင်းများကို ငေးမောရင်း ခြေတော်ရာအနီး အုတ်ခုံလေးတွင် ခေတ္တ ထိုင်ခဲ့ကြပါသည်။

မြို့၏အလယ်တွင် ထင်ထင်ရှားရှား မြင်တွေ့ရသော **ဦးအောင်ဇေယျ (အလောင်းဘုရား)**၏ နာခံတော် စစ်ကဲကြီး ဦးရွှေအောင်မှ ယာယီစစ်စခန်းချစဉ် တည်ထားကိုးကွယ်ခဲ့သည့် ဦးရွှေအောင်စေတီ၊

မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် မိုးနဲစော်ဘွားကြီး စ(ဝ်)ခုံစုံ တည်ထားကိုးကွယ်ခဲ့သည့် လှိုင်မြေစေတီ၊


မြန်မာသက္ကရာဇ် ၁၁၄၂ ခုနှစ်တွင် မိုးနဲစော်ဘွားကြီး စ(ဝ်)ရွှေမြတ်ကျော် တည်ထားကိုးကွယ်ခဲ့သည့် တောင်နှစ်ကျိပ်ရှစ်ဆူစေတီနှင့်


ပုံပြင်ဆန်ဆန် ဇာတ်လမ်းအသွင်ဖြင့် တစ်ဆယ့်နှစ်ပါးဂူစေတီ၏ သမိုင်း



www.burmeseclassic.com

www.burmeseclassic.com





▲ မောင်ဒိုင်မောင်ဒိုင်စေတီ

◀ ရန်ပြေစေတီတော်

ကြောင်းတချို့ကို တင်အောင်ဝင်း (ရှေ့နေ)မှ လေ့လာသိရှိထားသမျှ ကျွန်တော့်အား ရှင်းပြနေဆဲ တောင်ပေါ်မြေ၏ လေအနှော့တွင် ယိမ်းနွဲ့ဆော့ကစားနေသည့်အလား ဆည်းလည်းလေးများ၏ ရိုက်ခတ်မြည်ထွက်သံကို အမှတ်မထင် နားပျော်ဖွယ် ကြားလိုက်ရ၍ ကျွန်တော်တို့အားလုံး စေတီထီးတော်မှ ဆည်းလည်းလေးများ၏ ချိုလွင်သံသာ လာရာ အရပ်ဆီသို့ စူးစိုက်ကြည့်လိုက်မိကြပါသည်။

'ကိုတင်အောင်ဝင်း အဲဒါ မြောက်နှစ်ကျိပ်ရှစ်ဆူနော်'

'ဟုတ်တယ် ကိုရဲ၊ ဒီမြို့ရဲ့ ဘုရားဖူးတော်အမြင့်ဆုံး စေတီတော်တွေထဲမှာ တစ်ဆူအပါအဝင်ပေါ့။ သမိုင်းဝင်စေတီတစ်ဆူဖြစ်သလို တန်ခိုးလဲကြီးတယ်။ **အရိပ်မထွက်ဘူး။**

စေတီရဲ့အရှေ့ဘက်မှာ ကားလမ်းရှိတယ် မဟုတ်လား၊ ညနေ(၃)နာရီ (၄)နာရီ အနောက်ဘက်နေ ရောက်တဲ့အချိန် စေတီအရိပ်ဟာ ကားလမ်းပေါ်မှာ မရှိဘူး။

မြို့ရဲ့ အရှေ့ဘက် (၅)ဖာလုံလောက်ဝေးတဲ့ နေရာမှာ ကျွန်းမျော အနည်းငယ်နဲ့ အင်းတစ်ခု ရှိတယ်။ **စေတီရဲ့ အရိပ်ဟာ အဲဒီအင်းထဲမှာပဲ ပေါ်တယ်။ နေသာတဲ့နေ့တိုင်း ဘယ်အချိန်ပဲဖြစ်ဖြစ် စေတီရဲ့ အရိပ်ကို မတွေ့မြင်ကြရဘူး'**

'ဟုတ်လား ကိုတင်အောင်ဝင်း၊ အဲဒီစေတီရဲ့ အရိပ်ကို ကျွန်တော် ဖူးချင်တယ်'

'အခုလို ရာသီမျိုးမှာ သွားရခက်တယ်ဗျာ၊ ဆောင်းနဲ့နွေရာသီ တစ်နေ့နေ့မှာ သွားဖူးကြတာပေါ့'

ကျွန်တော်တို့ ရောက်ရှိနေသည့် ဆင်တောင်စေတီနှင့် အရိပ်မထွက်သည့် မြောက်နှစ်ကျိပ်ရှစ်ဆူစေတီမှာ (၂)ဖာလုံနီးပါးမျှသာ ဝေး၍ ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် တောင်ပေါ်မှဆင်းကာ အရိပ်မဲ့ မြောက်နှစ်ကျိပ်ရှစ်ဆူစေတီသို့ ထွက်ခဲ့ကြပါသည်။

ကျွန်တော်တို့ အရိပ်မဲ့စေတီသို့ ရောက်သည့် အချိန်မှာ နံနက်(၉)နာရီသာ ရှိသေး၍ စေတီ၏အရိပ်ကို အနောက်ဘက်တွင် ရှာခဲ့ကြပါသည်။

လူစုခွဲ၍ တံတိုင်းပေါ်မှ ကြည့်သည်၊ ဘေးဘယ်ညာတွင် ကြည့်သည်၊ မတွေ့ရပါ။ ထို့နောက် စေတီအတွင်းသို့ ဝင်ခဲ့ကြပါသည်။

စေတီအတွင်းတွင် ဘုရားဖူးတချို့ကို တွေ့ရပြီး ကျွန်တော်တို့သူငယ်ချင်းတစ်စုသည်လည်း မိမိနှင့်ဆိုင်ရာ မွေးနံ့အရပ်ထောင့်များတွင် ဘုရားဝတ်ပြုဆုတောင်းမေတ္တာပို့ပြီး ပြန်လည် လူစုကြသောအခါ သူငယ်ချင်း ကိုမြတ်ဝင်းနှင့် ကိုကံချွန်(အဘိဓမ္မာ)တို့မှာ ယခင်ကတည်းက သိကျွမ်းရင်းနှီးဟန်ရှိသော သံဃာတော်တစ်ပါးနှင့် စကားပြောနေသည်ကို တွေ့ရပါသည်။


ကျွန်တော် အနားသို့ ရောက်စဉ် ဆင်တောင်စေတီသို့ ဘုရားဖူး သွားရောက်ရာမှ ဒီစေတီသို့ ရောက်ရှိ အရိပ်ရှာခဲ့ကြပုံကို သံဃာတော်အား ရှင်းပြပြီး သံဃာတော်မှာ စိန့်တောင်ကျောင်းတိုက်မှ ကိုရင်ကြီးဝိမလ ဖြစ်ကြောင်းကို ကိုမြတ်ဝင်းမှ အသိပေးမိတ်ဖွဲ့ပေးမှုကြောင့် စေတီတော်နှင့် ပတ်သက်၍ သိလိုသမျှအား လျှောက်ထားမေးမြန်းခွင့်ရခဲ့ပါသည်။

မြောက်နှစ်ကျိပ်ရှစ်ဆူ စေတီတော်မှာ မိုးနဲမြို့၊ နာကျောင်းရပ်ကွက်၊

www.burmeseclassic.com



အရိပ်မဲ့ ကျောက်နှစ်ကဗ္ဗိရှိသော စေတီတော်မြတ်ကြီး



ဦးတွေအောင်စေတီတော်အား အရှေ့မျက်နှာစာမှ ဖူးတွေ့ရပုံ



နန်းဦးစေတီတော်

ပြည်ထောင်စုလမ်းမကြီး ဘေးတွင် ရှိပြီး ဉာဏ်တော်(၁၂၀)ပေရှိကာ အရံစေတီတော်များ ဝန်းရံလျက် အောက်ခြေပစ္စယံတွင် (၂၈)ဆူသော ဗုဒ္ဓရုပ်ပွားတော်များအား လိုဏ်ဂူဖွဲ့လျက် တည်ထားပါသည်။

စေတီတော်အား စတင်တည်ထား ကိုးကွယ်ခဲ့သည့် ခုနှစ်သက္ကရာဇ်ကို အတိအကျ မသိရသော်လည်း သိရှိရမှာ



www.burmeseclassic.com

www.burmeseclassic.com





◄ တရားသူတို့အဖွဲ့ ဗွိုင်မြေစေတီပေါ်တွင် အမှတ်တရ

◄ မြောက်နှစ်ကျိပ်ရှစ်ဆူ စေတီတော်၏ သမိုင်းတချို့ကို ရှင်းလင်းပြောပြသည့် ကိုရင်ကြီးဝိမလ

သောကမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော စေတီပေါင်း ရှစ်သောင်းလေးထောင်အနက် တစ်ဆူအပါအဝင် ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် မိုးနဲစော်ဘွားကြီးစ(ဝ်)လားခမ်းက မူလထီးတော်ကြီးအား ပထမဆုံးအကြိမ် ပြုပြင်လှူဒါန်းကာ မြန်မာသက္ကရာဇ် ၁၀၄၁ ခုနှစ်တွင် စော်ဘွားကြီး စ(ဝ်)ဆေစုံက စေတီအား ပြုပြင်မွမ်းမံကာ ၁၀၄၆ ခုနှစ်တွင် မဟာအရံထံတိုင်းကြီးကို ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း...

မြန်မာသက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် မြေငလျင်ဒဏ်ကြောင့် အနည်းငယ်ချို့ယွင်းခဲ့သော စေတီတော်ကြီးအား စော်ဘွားကြီးစ(ဝ်)ကျော်စွာမှ သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင်ပြုပြင်လှူဒါန်းခဲ့ကြောင်း...

မြန်မာသက္ကရာဇ် ၁၂၀၂ ခုနှစ်တွင် မိုးနဲစော်ဘွားကြီး စ(ဝ်)ခုံစုံမှ ထီးတော်ကြီးအား အသစ် ပြုလုပ်လှူဒါန်းခဲ့ပြီး သက္ကရာဇ် ၁၂၅၂ ခုနှစ်တွင် စော်ဘွားကြီးစ(ဝ်)ရွှေကြည်က ထီးတော်အသစ်အား ထပ်မံ လှူဒါန်းခဲ့ကြောင်းနှင့်...

ခရစ်နှစ် ၁၉၇၁ ခုနှစ်တွင် မိုးနဲမြို့ သံဃာ့နာယက ဆရာတော်ကြီးများနှင့်စေတနာရှင် လုပ်သားပြည်သူတို့မှ ထီးတော်ကြီးအား ရွှေသင်္ကန်းကပ်လှူ ပူဇော်ထားရှိကြောင်းကို ကိုရင်ကြီးဝိမလမှ စိတ်ရှည်လက်ရှည် ရှင်းပြပေးပါသည်။

'ကျုပ် လေ့လာသိရှိထားတာကတော့ ဒီလောက်ပါပဲ ဒကာကြီး'

'ကျေးဇူးတင်ပါတယ် ဘုရား'

'တစ်ချိန်တုန်းက ကျုပ်လဲ ဒကာကြီးတို့လို ဒီစေတီတော်ရဲ့ အရိပ်ကို ရှာခဲ့ဖူးပါတယ်။ စေတီရဲ့ အရိပ်ဟာ ဒီပရိဝုဏ်မှာ မရှိဘူး ဒကာကြီး။ စေတီရဲ့ အရှေ့ဘက် မြို့နဲ့ (၅)ဖာလုံလောက်ဝေးတဲ့အင်းထဲမှာပေါ်တယ်။ နေသာတဲ့နေ့ နံနက်နဲ့ ညနေဘယ်အချိန်မျိုးမှာပဲ ရှာရှာအရိပ်ကို မတွေ့ရဘူး ဒကာကြီး။ အဲဒါ ဒကာကြီးတို့ လက်တွေ့မြင်ရတဲ့အတိုင်းပဲ မဟုတ်လား။ ထူးခြားမှု တစ်မျိုးပေါ့ ဒကာကြီးရယ်'

'မှန်ပါ့ဘုရား အရှင်ဘုရား ဒီစေတီမှာ နေ့စဉ် နေ့တိုင်း ကုသိုလ်ယူနေကြလား ဘုရား'

'နေ့တိုင်းတော့ မဟုတ်ပါဘူး ဒကာကြီး။ ဥပုသ်နေ့ မွေးနေ့ နံနက်တိုင်း ဒီစေတီတော်မှာ ဆွမ်းတော်လှူကြပြီး ဆီမီးလှူ ပန်း ရေချမ်းကပ်လှူပြီး ကုသိုလ်ပြုမယ်ပါ'

ကိုရင်ကြီး၏ စကားစ ပြတ်သည်နှင့် စေတီတော်သို့ မော့ကြည့်လိုက်မိပါသည်။ ဆည်းလည်းလေးများ၏ နာပျော်ဖွယ် သံသာလေးများကို ကြားနေရဆဲ။


မြူမှုန်နှင်းတို့ ကင်းစင်သော်လည်း မိုးသားတိမ်လိပ်တချို့ သည် ခပ်နိမ့်နိမ့်တွင် တရိပ်ရိပ် ပြေးလွှားလျက် မှန်စီထားမှုကြောင့် တဖျပ်ဖျပ် တောက်ပနေသော ရောင်ပြန်အလင်းတန်းများ ကွန့်မြူးကာ စေတီတော်အား ကြည်ညိုစွာ ဖူးတွေ့နေရပါသည်။

ထူထပ်သည့် တောတောင်ရေမြေ သဘာဝအလှနှင့် ထာဝရ စိမ်းစိုလန်းဆန်း နုပျိုနေဆဲ မောမြေသို့ ဗဟုသုတ ရှာမှီးလိုလျှင်ပဲဖြစ်ဖြစ်၊ တာဝန်အရပဲဖြစ်ဖြစ် အခါအခွင့်ကြုံလို့ အလည်တစ်ခေါက် ရောက်ခဲ့လျှင်ပဲဖြစ်ဖြစ် အရိပ်မဲ့ မြောက်နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်ကြီးနှင့် သမိုင်းဝင်စေတီပုထိုးပေါင်းများစွာ ဖူးမြော်ကြည်ညိုလေ့လာနိုင်ဖို့အတွက် **ဒုတိယ ပုဂံဟု တင်စားမွမ်းခြယ်နေဆဲ တောင်ပိုင်းရှမ်းပြည်နယ်မှ မိုးနဲမြို့ကလေးသို့ အရောက်လှမ်းခဲ့ပါလို့** ဖြူစင်ရိုးသားသည့် ဒေသခံတိုင်းရင်းသားများ ကိုယ်စားဖိတ်ခေါ်ပါရစေ။

**ရဲမြင့်ဦး (ချယ်ရီမြေ)**

www.burmeseclassic.com

# ချူရိုး၊ ဓားပြနှင့် ကက်ကင်းဓာတ်



ချင်းတွင်း မောင်ဝေမင်း

'လက်ပံ့မြင်းလား ရောက်နဲ့ဝါး'

ဟု ကက်ကင်းဓာတ်၏ သဘောကို ကျွန်တော် ငယ်စဉ်က ကြားဖူးခဲ့သည်။

**လက်ပံမှာကို ခြွေစလိုလျှင် ပင်စည်ကို မြင်းလားစွယ်(မြင်းသွား)ဖြင့် ခိုက်သေးရသည်။ ရောက်ပင်ကို ခါးလုံး ထောက်ပေးမိလျှင် ရောက်ပင် သေ တတ်သည်ဟု ဆိုကြသည်။**

၁၉၈၆ ခုနှစ်က စာရေးသူ မုံရွာကောလိပ်တွင် မြန်မာစာအဓိကဖြင့် စာပေးစာယူ တက်စဉ်ကဖြစ်သည်။

မြန်မာစာဌာနမှူး ဆရာဦးတင်မြင့်သည် စလေဦးပုည၏ အတ္ထုပ္ပတ္တိကို ပြောပြရင်း ဆက်စပ်ပြီး ဗေဒင်အကြောင်းကို ရောက်သွားသည်။

ထိုအခါ ဆရာ၏ စကားထဲတွင် ကက်ကင်းဓာတ် အကြောင်းလည်း ပါလာ၏။ ဆရာက ဤသို့ ဆို၏။

'ဓာတ်ပြန့်ကက်ကင်း ဘေးရန်ကင်းတဲ့ကွ။ စီးပွားရေးလုပ်ငန်းရှင် တချို့ဆိုရင် သူတို့လုပ်ငန်းရဲ့ အမည်ကို ကက်ကင်းသဘောနဲ့ ပေးလေ့ရှိတယ်။

ဥပမာပြောရရင် "ကျားပျံမကောက်"ဆေးလိပ်ကိုကြည့်၊ အိမ်တွေမှာ ဓားပြတိုက်မှာ ကြောက်ရင်လဲ ပုလင်းလေးလုံးထဲမှာ ပြဒါးထည့်ပြီး အိမ်လေးထောင့်မှာ တစ်လုံးစီမြှုပ်၊ ဒါမှမဟုတ်ရင် ဝင်းလေးထောင့်မှာ မြှုပ်ကွ၊ အဲဒါ ကက်ကင်းဓာတ်ပဲ'

ဆရာ၏စကားကြောင့် ကျွန်တော် အတွေးနယ်ချဲ့မိတော့သည်။ ထိုအခါ ကက်ကင်းသဘောတရားကို အောက်ပါအတိုင်း ခွဲခြားလေ့လာကြည့်မိသည်။

* * *

၇ ဓား — ၅ ပြ

၅ ပြ — ၇ ဒါး

၂ ကျား — ၅ ပျံ

၅ မ — ၂ ကောက်

စာရေးသူ ပညာရေးလောကသို့ ရောက်သောအခါ မုံရွာမြို့ အရှေ့ဘက်ရှိ အရာတော်မြို့နယ်တွင် တာဝန်ကျခဲ့သည်။ စာရေးသူ နေထိုင်ရာ ဝက်ခဲရွာ သာသနာ့ကာရိကာရုံကျောင်းတိုက်မှ ဆရာတော်က ကက်ကင်းဓာတ်နှင့် ပတ်၍ ဤသို့ အမိန့်ရှိပြန်ပါသည်။

'ကိုယ့်နေအိမ်မှာ သူခိုးအန္တရာယ်ကင်းချင်ရင် **ကြက်သွန်နီဥ လေးလုံး** ကို အိမ်ဝင်းလေးထောင့်မှာ တစ်လုံးစီ ဖောက်ထိုးမြှုပ်ရတယ်'

ဆရာတော်၏ စကားကြောင့် ကျွန်တော် ဆက်လက်စဉ်းစားမိပြန်တော့သည်။

* * *

၆ သူ — ၂ ခိုး

၂ ကြက် — ၆ သွန်

နွေရာသီ ကျောင်းပိတ်သောအခါ မိမိ၏ ဇာတိရွာဖြစ်သော မြောင်းမြို့နယ်၊ ရွှေပန်းရွာသို့ ပြန်လာခဲ့သည်။ ရွာသို့ ရောက်သောအခါ ဦးဘထွန်း ဒေါ်တင်ကြည်တို့၏ "**ကုမ္ဘာသကဖေး**"တွင် ညစဉ် စကားဝိုင်း၌ ရောက်တတ်ရာရာများကို ဆွေးနွေးလေ့ ရှိကြသည်။

ထိုအခါ ဦးလေးဦးဘရှင်၏ စကားထဲတွင် ဓားပြကာကွယ်နည်းနှင့် ပတ်သက်၍ "**ကက်ကင်းငါးဆင့်**" ဟူသော စကားလုံး ပါလာသည်။

'ဓားပြရန် ကြောက်ရင် ကက်ကင်းငါးဆင့်နဲ့ ကာကွယ်တာက ပိုပြီးကောင်းတယ်။ ကက်ကင်းငါးဆင့် ဆိုတာက ပထမအနေနဲ့ ပိတောက်သားနဲ့ လုပ်ထားတဲ့ လှည်းပဒေါင်း (ပုံတောင်း) အပျက်ကို ရှာရမယ်။

ပြီးတော့ အဲဒီ လှည်းပဒေါင်းကို ပိတုန်းရုပ် ထုရမယ်။ ထုတဲ့အခါမှာလဲ ပိတုန်းရုပ်လေးရုပ် ထုရမယ်။ ပိတုန်းရုပ် လေးရုပ်ကိုလဲ နောက်ပိုင်းက အပေါက်ဖောက်ပေးရမယ်။

အပေါက်ဖောက်ပြီးရင် "ပြဒါး" ထည့်ပေးရမယ်။ ပိတုန်းရဲ့ အပေါက်ထဲမှာ ပြဒါးထည့်ပြီးရင် ပဒိုင်းရိုးနဲ့ ပိတ်လိုက်ရမယ်။

ကိစ္စအားလုံးပြီးရင် အိမ်ဝင်းလေးထောင့်မှာ ပိတုန်းရုပ် တစ်ရုပ်စီ လိုက်မြှုပ်၊ ပြီးရင် အကောင်းဆုံးဖြစ်ပြီ ဒါတွေဟာ ရှေးဟောင်းနည်းတွေပဲ။ ဒီနည်းအတိုင်း လုပ်ထားရင် ဓားပြလဲ မကြံစည်နိုင်ဘူး။ တကယ်လို့ ဝင်တိုက်ရင်တောင် အဲဒီဓားပြဟာ ဒုက္ခရောက်တတ်သတဲ့'



www.burmeseclassic.com

www.burmeseclassic.com

ဦးဘရှင်၏ စကားကြောင့် ကက်ကင်းငါးဆင့်ကို ဆက်လက်ဆန်းစစ်မိပြန်ပါတော့သည်။

* * *

| (၇)တား ၅ ပြ ၅ ဝိ (၇)တောက် | (၇)တား ၅ ပြ ၅ ပ (၇)ဒေါင်း | (၇)တား ၅ ပြ ၅ ဝိ (၇)တုံး | (၇)တား ၅ ပြ ၅ ပြ (၇)ဒါး | (၇)တား ၅ ပြ ၅ ဝိ (၇)ဒိုင်း |
|---|---|---|---|---|
| ပထမအဆင့် | ဒုတိယအဆင့် | တတိယအဆင့် | စတုတ္ထအဆင့် | ပဥ္စမအဆင့် |

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်သူတို့အား ကက်ကင်းဓာတ်နှင့် ပတ်သက်သော ရိုးရာနည်းဟောင်းများကို တင်ပြအပ်ပါသည်။

တစ်ခုတော့ ရှိပါသည်။ သူခိုးဓားပြကာကွယ်နည်း ကက်ကင်းဓာတ်အစီအရင် ပြုလုပ်ရာတွင် **မိမိမှအပ အိမ်သူအိမ်သားများ မသိစေရပါ**ဟု ဆိုပါသည်။ ဤအချက်ကိုလည်း သတိထားရပေမည်။

**ချင်းတွင်း မောင်ဝေမင်း**

---

### သိသူများက ဖြေကြားပေးပါ

# မြေထွက် ကြေးနက် ရှိပါရဲ့

မကြာသေးမီက စာရေးသူထံသို့ ပုဂ္ဂိုလ်တစ်ဦး ရောက်လာသည်။ သူ့တွင်ရှိသော အဆောင်ရုပ်ကလေးတစ်ရုပ်ကို ပြသသည်။


အောက်ခံ ဆင်ရုပ်အနက်ကလေးပေါ်တွင် အပေါ်မှ ရှင်သီဝလိရုပ်တုဖြူဝင်းဝင်းလေးနှင့်ဖြစ်သည်။ ကိုင်တွယ်ကြည့်သောအခါ အတော်လေးလေးနှစ်နှစ်ရှိသည်။ ထိုပုဂ္ဂိုလ်က ရှင်းပြပေးသည်မှာ...

'အောက်ခံဆင်ရုပ်က ကြေးနက်အစစ်၊ အပေါ်က ရှင်သီဝလိရုပ်တုက ကြေးဖြူအစစ်ဗျ'

ဟု ဆိုသည်။ **"လာဘ်ရွှင်၊ ချက်နှာပွင့်၊ စီးပွားရေးအခြေခိုင်မာစေသောအဆောင်"**ဟုလည်း သိရသည်။ စာရေးသူမှာ ထောက်ခံသည့်အနေဖြင့် ပြုံး၍ ခေါင်းညိတ်ခဲ့ပါသည်။

သို့သော် စာရေးသူ၏ ခေါင်းထဲတွင် ယနေ့ထိ တွေးနေမိသည်မှာ **ကြေးနက်**ကိစ္စပင် ဖြစ်သည်။

မြေကြီးမှ ထွက်သော သဘာဝသယံဇာတပစ္စည်းထဲတွင် ကြေးဖြူ၊ ကြေးနီ၊ ကြေးဝါ သာလျှင် တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူးခဲ့ပါသည်၊ ကြေးနက်ကိုမူ မတွေ့ဘူး၊ မမြင်ဘူးပါ။



**မြေမှထွက်သော ကြေးနက် အမှန်တကယ်ရှိမရှိ သိသူများက ဖြေကြားပေးစေလိုပါသည်။**

ထို့အပြင် စာရေးသူ လေ့လာသိရှိမှတ်သားထားဖူးသည်မှာ **ကြေးနီ**နှင့် **ဆေးဒန်း** ရောနှော၍ ဖိုထိုးလျှင် **ကြေးနက်**ကို ရရှိစေသည်ဟု လေ့လာဖူးသဖြင့် ကြေးနက်ဆိုသည်မှာ ထိုသို့ဖန်တီးလုပ်ကိုင်မှ ရရှိသော ပစ္စည်းလား၊ သူ့သဘာဝ မြေမှထွက်သော သီးခြား ကြေးနက် ရှိနေသေးသလား သိလိုသောဆန္ဒ ပြင်းပြလျက် ရှိပါသည်။

အကယ်တန္တ ဖန်တီးသော ကြေးနက်လည်း ရှိသည်။ မြေမှထွက်သော ကြေးနက်အစစ်လည်း ရှိသည်ဆိုပါလျှင် အကျိုးသွား အာနိသင်သက်ရောက်မှုများကို ပညာရှင်သုတေသီများက ကျယ်ကျယ်ပြန့်ပြန့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ကိုကျေးတော(ရောင်ခြည်သစ်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁ YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်… ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
အမှတ်စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုဓမ္မာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

**ဦးဇော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# ရှေးမင်းခံ ပေါ်တော်မူကုန်းတော်မှ

## သာသနိက အဆောက်အအုံများ (၂)

စင်သိုင်း

ယခင်လမှ အဆက်

**သိမ်သမုတ်သောကာလ** (သာလွန်မင်းလက်ထက်) ရွှေနန်းတော်ရှိရာ အင်းဝမြို့ဆီသို့ညွှန်သော အရပ်ညွှန်းဖြစ်ကာ မူလရည်ရွယ်ချက်ကို မသိခဲ့ရပါ။

ဘီလူးများမှာ နောက်ကျောဘက် လည်ကုပ်အောက်တွင် ညောင်ရွက်ဝန်းသဏ္ဌာန် အဆင်တန်ဆာ ပါရှိ၏။ သာမန်ဘီလူးများ မဟုတ်ကြပါ။ **နတ်မှူးမည်သော ကုမ္ဘဏ်များဖြစ်ကြောင်း ညွှန်းဆိုသည်ဟု ယူဆဖွယ် ရှိသည်။**

**အင်းဝတ်ခေတ်ကာလ** (သာလွန်မင်းလက်ထက်)တွင် နန်းတော်ကဲ့သို့ အရေးကြီးသော အဆောက်အအုံများ ဆောက်လုပ်ရန် တောမှ သစ်များ ခုတ်ရွေ့ သယ်ဆောင်လာပြီးနောက် အသုံးမပြုမီ ပူဇော်ဖွယ်များဖြင့် ဘီလူးမင်းအား ပူဇော်ပသကြသည်။ ပြီးမှ ပုရောဟိတ်များက မန္တန်ရွတ်ဆို ရေစင်လောင်းကာ ဆေးကြောအသုံးပြုလေ့ရှိကြသည်။

သာလွန်မင်းလက်ထက် အင်းဝနန်းတော်အတွက် သစ်များ စီရင်ပုံကို အောက်ပါအတိုင်း တွေ့ရ၏။

ရွေးချယ်ပြီးသော သစ်များကို ရေချကာ မင်းညီမင်းသား စော်ဘွားခေါ်ခံ သူဌေးသူကြွယ် မှူးကြီးမတ်ရာ ဆင်သည် မြင်းသည်တို့က လှေကြီးလှေငယ်များကို ပုံမောင်းနှင့်တကွ



▲ ပေါ်တော်မူ ဇာတ်တော်ကျောင်းပုထိုး

▼ ပေါ်တော်မူ ရုပ်ပွားရုပ်တုများ



တီးမှုတ်မြူးထူးလျက် **"မဟာမော်"** တိုင်အောင် ဆန်၍ကူးသော် နန်းတော် (ဆောက်ရန် ရွေးထားသော) သစ်များသည် အလိုလို ရေ့သို့ အလျင်လွန်၍ ကူးကြသည်။

ကြက်ယက် အရှေ့အင်းပြင်တွင် လှေတက်က မြူးလျက် အဝမြို့မာန်အောင်ထိပ်တွင် ထားရ၏။


ထိုသစ်များကို အချိုအဆိမ့် အစေ့အစုံ, ကြံ, ငှက်ပျော, အုန်းသီး, ပန်း, နံ့သာ, တံခွန်, ဆီမီး, ကွမ်း, လက်ဖက်, တန်ဆောင်တို့ဖြင့် ဘီလူးမင်းအား






www.burmeseclassic.com

www.burmeseclassic.com



▲ ဘုရားရှင် ဆွမ်းဘုဉ်းပေးဟန်



▲ ပြုံးနေသော သာဝကရုပ်တု

မန္တန်ရွတ်၍ အစာပေးပြီးမှ အရင်း လက်လေးသစ်၊ အဖျားလက်လေးသစ် ရွှေလွှငွေလွှတို့ဖြင့် ဖြတ်၍ အမြိန် အရသာ ထီးတံခွန်တို့ဖြင့် ဘီလူးမင်း အားပို့၏။

ပုရောဟိတ်တို့က ရွှေဖလား၊ ငွေဖလား လက်ယာရစ် ခရုသင်းတို့ဖြင့် မန္တန်ရွတ်၍ စင်စွာဆေး၏။ ***(မှန်နန်းရာဇဝင် တတိယတွဲ စာမျက်နှာ ၂၂၇ မှ စ၍ ရှုပါ)***

ဤသို့ စီရင်ခြင်းကို "**တောစ**"ပယ် သည်ဟုဆို၏။ သိမ်တော်ဝန်းကျင် အရပ်ရှစ်မျက်နှာတွင် တွေ့ရသော ဘီလူးမင်းခေါ် ကုမ္ဘာဏ်ရုပ်များသည် **တောစ**ခေါ် တောမှ အနှောင့်အယှက် မကောင်းသော အာနိသင်များ ပျောက်ပျက်စေရန် ရည်ရွယ်သွန်းလုပ်လေသည်ဟု ယူဆဖွယ် ရှိလေသည်။

ဘီလူးရုပ်များမှာ ကြောက်မက်ဖွယ် အဆင်းကိုမဆောင် ပြုံးရယ်နေသော ချစ်စဖွယ်ဟန်ပန်များ ဖြစ်ကြသည်။

စစ်ကိုင်းမြို့ စာပေခရီးစဉ်များတွင် လေ့လာဖွယ်များကို ညွှန်ပြအကြံပေး လေ့ရှိသည့် စိန်ကုန်းရပ်ကွက်နေ မိတ်ဆွေကြီး **ဦးအောင်မျိုးမြင့်(၇၄)နှစ်**က ဤသို့ ပြောပြခဲ့သည်။

'ကျွန်တော် စစ်ထွက်တစ်ယောက်မို့ မြန်မာနိုင်ငံနေရာ အတော်များများကို ရောက်ဖူးပါတယ်။ ရွှေမင်းဝံပေါ်တော်မူကုန်းက ဘီလူးရုပ်ကောင်ရဲ့ သိမ်မျိုး ဘယ်နေရာမှာမှ မတွေ့ခဲ့ဖူးဘူး။

စစ်ကိုင်းက ဘီလူး စောင့်ရှောက်တဲ့မြို့ ခင်ဗျ။ ဘီလူးမှ သာမန်ဘီလူး မဟုတ်ဘူး။ သောတာပန် ဘီလူးတွေ။

မြတ်စွာဘုရားရှင် ဝါတော်(၂၀)အရမှာ ရှင်အာနန္ဒာနဲ့ ကောင်းကင်ခရီး ကြွချီမြန်းစဉ် အခု စစ်ကိုင်းမြို့ သောတာပန်ရပ်ကို ရောက်လာပြီး ဘီလူး(၅၀၀)ကို တရားဟော ချွတ်တော်မူတယ်။


ဘီလူး(၉၉)ဦးက သောတာပန် တည်သတဲ့၊ အဲဒီနေရာမှာ နောင်အခါ စေတီတည် ကိုးကွယ်ကြတော့ လေးကျွန်းမာန်အောင် စေတီလို့ တွင်တယ်။ ဘီလူး(၉၉)ဦး သောတာပန်တည်တဲ့အရပ်မို့ သောတာပန်စေတီ လို့လဲ ခေါ်ကြတယ်'

'ကျွန်တော် ရောက်ဖူးတယ် စစ်ကိုင်းကနေ ဝတ်ချက်မင်းကွန်းဘက် သွားတဲ့လမ်း သရက်တစ်ပင်ဆိပ်နား




www.burmeseclassic.com

www.burmeseclassic.com



◆ တည်ကြည်သော မျက်နှာသာဖြင့် သာဓက ရုပ်တု



◆ ညောင်တော်မှန်စကာ ပန်းများ ရောက်လာစဉ်

က စေတီ မဟုတ်လား။ **ဘုရားရှင်ကို ဝန်းရံပြီး တရားနာနေတဲ့ ဘီလူး (၃၃)ကောင်ရုပ်တု ထွန်းလုပ်ထားတယ်'**

'ဟုတ်တယ် ဒါကြောင့် သာမန် ဘီလူးမဟုတ်ဘူးလို့ ပြောတာပါ။ သုစရိုက်သမားတွေကို ပိုပြီး ကူညီစောင့်ရှောက်ပေးကြတယ်။ **ဒါတွေကြောင့် ရွှေမင်းဝံပေါ်တော်မူက ဘီလူးရှစ်ကောင်သိမ်မှာ ကောင်းမှုကို သစ္စာပြုပြီး လိုရာဆုတောင်းရင် ပြည့်သတဲ့။** လိုက်ပို့ပေးပါ ဆိုရင်လဲ ရတယ်။ ကျွန်တော့်မှာ စက်ဘီးရှိပါတယ်'

ထို့အပြင် ထိုသိမ်တော်တွင် သစ္စာ ဆုပန်၍ ပြည့်ဝကြသူများကို အမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ များနှင့်တကွ ကြားသိရလေသည်။

## သိမ်အတွင်းဝယ်

သိမ်တော်အတွင်းသို့ ဝင်ရောက် လေ့လာကြည့်ရှုသောအခါ ပလ္လင် ထက်တွင် ဘူမိဖဿမုဒြာဖြင့် စံပယ် တော်မူသော ညောင်ရမ်းခေတ်လက် ရာ တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရသည်။

သိမ်အတွင်း၌ အင်္ဂတေများ ကွာ၍ မူလ အုတ်စီလက်ရာကို ကောင်းစွာ လေ့လာနိုင်သည်။ နှစ်ကာလ ကြာမြင့် ပြီ ဖြစ်သောကြောင့် ပြိုကျပျက်စီးမှု ဒဏ်မှ ကာကွယ်နိုင်ရန် ထောင့်မှန်ချိုး သံအင်ဂလန်များ ခံ၍ ဝါးမူးလုံး သံချောင်းများ ပိုက်ကွန်ရက်ကာ ပေါင်းကူး ခုခံပေးထားသည်။

အချို့နေရာများတွင် အပေါ်ထည် အုတ်ထု၏ အလေးချိန်ကြောင့် သံကွန်ချာမှာ ပိပြားနေသည်ကို တွေ့ရ သည်။

နံရံပတ်လည်တွင် အလျားလိုက် အုတ်ထပ်စီကာ ပေါင်းကူးခုံး အမိုး နေရာ၌ ထောင်လိုက်အုတ်နှင့် သပ် အုတ်များ ညုပ်လျက် အပ်ထိုးမဝင် အောင် စီထပ်ထားသည့် ရှေးမြန်မာ ဗိသုကာ အုတ်စီလက်ရာများကို ပီပြင်စွာ လေ့လာနိုင်သည်။

## သိမ်တော်မှသည်

ညောင်ရမ်းခေတ် ဆရာတော်



www.burmeseclassic.com

အရှင်အနန္တဇေသည့် တောင်ဘီလာ ဆရာတော် အံရိယာလင်္ကာရ၊ တိလောကာလင်္ကာရ၊ တောင်ငူ လောကုတ္တရာဆရာတော်တို့နှင့် မဟာ မြတ်မုနိရင်ပြင် သုဓမ္မာဇရပ်၌ သာလွန် မင်း မေးလျှောက်သည့် **ကောလီဓာတ် သတ်ဖြတ်ခြင်း အနိုက်ပြေ အစီ အရင်ကို** အညီအညွတ် တိုင်ပင် ဖြေကြားပေးတော်မူကြသည်။

**ထို့ကြောင့် ဆရာတော်သည် လောကီ လောကုတ္တရာ နှစ်ဖြာ ကျွမ်းကျင်တော်မူရာ ဆရာတော် သမုတ်စီစဉ်သည့် ဤသိမ်နှင့် ဘီလူး ရုပ်တုများမှာ နက်နဲသော အကြောင်း ရင်းခံ ရှိနိုင်ကောင်းသည်ဟု ယူဆ မှုသာရှိသည်။**

သုတေသနပြု ဖော်ထုတ်နိုင်ပါက မြန်မာ့လောကီပညာအတွက် အထူး အထောက်အပံ့ ပေးနိုင်ပေလိမ့်မည်ဟု တွေးဆရသည်။

သိမ်တော်တွင်းရှိ မြတ်စွာဘုရား အား ရှိခိုးကန်တော့ပြီးနောက် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များ အရင်းပြု တိုင်တည်ကာ သိမ်တော်နှင့်တကွ ပေါ်တော်မူ ကုန်းတော်နေ သတ္တဝါ ဝေနေယျ အပေါင်းအား ကုသိုလ်အဖို့ အမျှပေးဝေခဲ့သည်။


ထို့နောက် စစ်ကိုင်း၊ နန်းဦးတိုက်သစ် မှ ဦးပဥ္စင်းသြဘာသ အကြံပေးသည့် အတိုင်း စနေထောင့်ရှိ ရွှေထုပ်ပိုက် ဘီလူးမင်းထံသွားကာ စီးပွားလာဘ် လာဘ တိုးပွားစေသည့်ဂါထာကို (၂၇) ခေါက် ရွတ်ဖတ်ပူဇော်ခဲ့သည်။

ဤဂါထာကို **ရာဇာအမည်ပါသော ဘုရားစေတီ** (ဥပမာ ရာဇာမဏိစူဠာ စေတီ)တွင်လည်းကောင်း၊ **ရာဇာ အနက်ဆောင်သည့် သိကြားမင်း** (နတ်တို့သနင်း)၊ **ခြင်္သေ့မင်း** (သား တိရစ္ဆာန်တို့၏ ဘုရင်)၊ မြို့ရွာအရှင်



▲ ဘုရားရှင် ဥရုဝေလတောသို့ကြွစဉ်

▼ ဘုရားရှင် နဂါးမင်းကို ချွတ်ခြင်း



စသည်တို့အား ရည်ရွယ်ဦးခိုက်၍ ပူဇော်နိုင်သည်ဟု မိန့်တော်မူသည်။

ယခုမြင်တွေ့ရသော ဘီလူးရုပ်များ မှာ ဘီလူးမင်း(သာမန်ဘီလူးထက် မြင့် သော)ဖြစ်လေရာ ရွှေထုပ်ပိုက် ဘီလူး မင်းထံ နိမိတ်ကောင်းယူ ရွတ်ဖတ် ပူဇော်ခဲ့ခြင်း ဖြစ်လေသည်။

## ကြက်သွန်ခင်းဆရာတော် အုတ်ကျောင်း

ဘီလူးရှစ်ကောင်သိမ်တော်၏ နံရံ တိုင်းအပြင် မြောက်ဘက်ကပ်လျက် တွင် ပြိုပျက်နေသော အရိုးအိုးစေတီရှိ ၏။ ကြက်သွန်ခင်းဆရာတော် အရှင် ပါသံယ၏ အရိုးအိုးစေတီဖြစ်ကြောင်း သိရသည်။

ဆရာတော်ဦးကုဏ္ဍက,က မြောက် ဘက် မနီးမဝေးရှိ ကြက်သွန်ခင်း ဆရာတော်၏ အုတ်ကျောင်းနေရာသို့ ခေါ်ဆောင်သွား၏။ အလျားပေ (၄၀)၊ အနံပေ(၂၅၀)ခန့်ရှိသော ရှေးအုတ်ချပ် များဖြင့် တည်ဆောက်ထားသည့် ကျောင်းဝင်းအုတ်တံတိုင်းကို တွေ့ရ သည်။

www.burmeseclassic.com



◄ သဲထူးနေ နံရံပန်းချီ



သဲပိတ်လျှယ်ထားသည့် ဘုရားရှင် ►

အုတ်တံတိုင်း လေးဖက်အနက် အရှေ့နှင့် တောင်ဘက် အုတ်တံတိုင်း သာကျန်ရှိ၏။ မူလအုတ်ကျောင်းမှာလည်း လှေကားခုံနေရာမျှကို ချုံများ ပိတ်ဖုံးလျက်မြင်ရ၏။ အနီးဝန်းကျင်၌ နေထိုင်ကြသူများက အုတ်များကို တူးဖော် ယူငင်ကြသဖြင့် ဤမျှသာ ကျန်ရှိသည်ဆို၏။

မူလအုတ်ကျောင်းတွင် တောင်၊ မြောက်နှင့် အနောက်ဘက်လှေကား သုံးစင်းပါဝင်ကာ **"သုံးထပ် ဇေတဝန် ရွှေကျောင်းတော်"**ဟု တွင်ကြောင်း သိရသည်။

ဇေတဝန်ကျောင်းအမည် တွင်ရခြင်းကား စစ်ကိုင်းတောင်ရိုးရှိ "ဇေတ" ဘီလူးမင်း တည်ထားကိုးကွယ်ခဲ့သော ဇေတဝန်စေတီအနီး ဘုရင်ဆောက်လှူသော ဇေတဝန်ကျောင်းတော်ကို **"တိသာသနဓဇထေရ်"**အား လှူဒါန်းခဲ့သဖြင့် ပထမဇေတဝန် ဆရာတော် အရှင်တိသာသနဓဇတွင်၏။

ဒါယကာမင်းကြီးအမည်ကို မသိရ သေး သာလွန်မင်းလက်ထက်တွင် အရှင်တိသာသနဓဇ၏တပည့် အရှင် **"အနန္တဓဇ"**က ဆက်ခံသဖြင့် ဒုတိယ ဇေတဝန်ဆရာတော် အရှင်အနန္တဓဇ တွင်၏။

အင်းဝခေတ် ညောင်ရမ်းမင်းဆက် (၁၀)ပါး၏ နောက်ဆုံးဘုရင် ဟံသာဝတီ ရောက် မင်းလက်ထက်တွင် အရှင် အနန္တဓဇ၏တပည့် ကြက်သွန်ခင်းရွာဇာတိ၊ အရှင်ပါသံယ ဆက်ခံသဖြင့် တတိယဇေတဝန်ဆရာတော် တွင်၏။

ဇေတဝန်ဆရာတော်အား ကုန်းဘောင်ခေတ် မြေဒူးမင်းခေါ် ဆင်ဖြူရှင် မင်းတရားက ဤနေရာတွင် ကျောင်းဆောက်လှူရာ ဇေတဝန်ရွှေကျောင်းတော်ဟု တွင်ရခြင်း ဖြစ်လေသည်။ ဆရာတော်၏ဇာတိကို စွဲ၍ ကြက်သွန်ခင်းကျောင်းဟုလည်း ခေါ်ဝေါ်ကြသည်။

တတိယ ဇေတဝန်ဆရာတော်ခေါ် ကြက်သွန်ခင်းဆရာတော်သည် မြန်မာသက္ကရာဇ် ၁၀၅၅ ခုနှစ်တွင် ထီးချိုင့်မြို့နယ်၊ ကြက်သွန်ခင်းရွာတွင် ဖွားမြင်ခဲ့သည်။

ညောင်ရမ်းမင်းဆက် မင်းရဲကျော်ထင်ခေါ် ဝမ်းဘဲအင်းစံ မင်းလက်ထက်တွင် ဖွားမြင်ခြင်းဖြစ်၏ နံတော်တနင်္လာ ဖြစ်သည်။

အရွယ်ရောက်၍ သာမဏေပြု သောအခါ **ရှင်ပုဏ္ဏ**ဘွဲ့မည်ရ၍ ရဟန်းဖြစ်သောအခါ **အရှင်ပါသံယ** ဘွဲ့မည် တွင်၏။ ဟံသာဝတီရောက်မင်း ဆက်ကပ်သော သီရိမဟာဂုဏာဒိပါသံယ မဟာဓမ္မရာဇဂုရုဘွဲ့ တံဆိပ်တော် လက်ခံရရှိသည်။

အင်းဝမြို့တော် အနောက်ဘက်ရှိ ကြက်သွန်ခင်းကျောင်းတွင် သီတင်းသုံးရာမှ ဆရာတော်ဖြစ်သူ ဒုတိယ ဇေတဝန်ဆရာတော်အနန္တဓဇ ပျံလွန်အပ် တော်မူသဖြင့် ဇေတဝန်ကျောင်းကို ဆက်ခံရသည်။

ရွှေလ ဆက်ဖတ်ပါရန်

ဇင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com

# ဂါထာတစ်ချက်

ခွေးအတွက်

ကျွန်ုပ်သည် ဗေဒင်ဟောခြင်း၊ ဇာတာဖွဲ့ခြင်း။ လက်ဖွဲ့စီရင်ခြင်း။ ဂမ္ဘီရ အဓိဋ္ဌာန်ဝင်ခြင်းဖြင့် အလုပ်ရှုပ်လျက် ရှိသည်။

တစ်နေ့သ၌ ဗေဒင်ဟောခန်းသို့ အမျိုးသမီးတစ်ယောက် ရောက်ရှိလာလေသည်။ မွေးနေ့ ခုနှစ် သက္ကရာဇ် အချိန် ဇမွေးရာပါဒေသ စသည်တို့ဖြင့် တွက်ချက်၍ ဟောပြောလေသည်။

ထိုသို့ ဟောပြောနေစဉ် လက္ခဏာကို ကြည့်ရှုစစ်ဆေးလေသည်။ ထိုအခါ နှလုံးလမ်းကြောင်းမှ လမ်းကြောင်း ငယ်ကလေးများသည် အောက်သို့ (၇)ကြောင်းခန့် ဖွာ၍ ဆင်းနေသည်ကို တွေ့ရှိရလေသည်။

ထို့ကြောင့် **သံယောဇဉ် တွယ်တာ တတ်သူဖြစ်ကြောင်း။ သံယောဇဉ် ကြောင့် ဒုက္ခရောက်ခံရသူဖြစ် ကြောင်း။** ယခုလည်း ဒုက္ခရောက်နေ ကြောင်း...

ခွေးကလေး, ကြောင်ကလေးက စပြီး သံယောဇဉ် တွယ်တာတတ်သူ ဖြစ်ကြောင်း (အင်္ဂဝိဇ္ဇာ)ကို အဟောခန်း၌ စနေအချိန်ရောက်၍ တနင်္လာသမီး သည် ခြေ(၄)ချောင်းအတွက် စိတ် သောကရောက်ရကြောင်း စသည်ဖြင့် စီကာပတ်ကုံး ဟောပြောရလေသည်။

ဟောပြောမှု ပြီးသောအခါ ထိုအမျိုး သမီးက...

'ဆရာဟောပြောတာတွေ မှန်ပါ တယ် ဆရာ၊ လူ ဒုက္ခရောက်တာတော့ ရှောက်ရောက်ပါဆရာ၊

အိမ်မှာ မွေးထားတဲ့ ခွေးကလေး ဒုက္ခရောက်နေလို့ပါဆရာ၊ သူ့အတွက် ဗေဒင်တွက်လို့ ရဦးမလားဆရာ'

'ကျုပ် တစ်ခါမှ ခွေးကို ဗေဒင် မတွက်ခဲ့ဘူး။ ခွေးကို ဗေဒင်တွက်တဲ့ သူလဲ မကြားဖူးပါဘူး။ အခုနက ဟောလိုက်တဲ့ အထဲမှာ ပါသွားပြီ မဟုတ်လားဗျာ။

ကဲ... အိမ်က ခွေးက ဘယ်လိုဖြစ် တာလဲ၊ လင်းစမ်းပါဦး'

'ဒီလိုပါ ဆရာ... အိမ်က ခွေးမှာ ဘယ်သူက ဓားနဲ့ခုတ်လိုက်မှန်း မသိ တဲ့ဒဏ်ရာက အနာဖြစ်ပြီး လောက် တွယ်နေတယ်။ ဘယ်လိုမှ ကုလို့ မရသေးဘူးဆရာ၊ ကျွန်မလဲ ဇာဂနာနဲ့ လောက်တွေနုတ် အရက်ပျံလောင်း ထည့်၊ ခဏပါပဲ ဆရာရယ်'

စသည်ဖြင့် ခွေးအကြောင်းကို ဝတ္ထုဇာတ်လမ်းပမာ စိတ်ရှည်ရှည် နားထောင်ရလေတော့သည်။ ခွေး သည် သစ္စာရှိကြောင်း၊ လိမ္မာကြောင်း ရေမသောက်ဘဲ ပြောလေသည်။

'ကဲ...တော်ပါပြီ။ ဒါဆိုလဲ ကျုပ်လဲ သိပါပြီ။ \ကျုပ် အတတ်နိုင်ဆုံး လုပ် ပေးလိုက်မယ် မဟုတ်လား'

ထို့နောက် ကျွန်ုပ် ဘဝတွင် ဂန္ဓာရီ ခရီးစဉ်ဖြင့် ဂမ္ဘီရအဓိဋ္ဌာန်များ ဝင်ခဲ့စဉ် လွန်ခဲ့သော (၁၅)နှစ်လောက်ကအဖြစ် သွား၍ သတိရလေသည်။ သို့နှင့်...



'ကဲ ခင်ဗျားခွေးကို ကျုပ် အတတ်နိုင်ဆုံး အကူအညီပေးလိုက်မယ်။ ထန်းရွက်ကိုရှာ၊ နွားသဂျွတ်နဲ့ ကတ်ကြေးနဲ့ညှပ်၊ ပြီးရင် ချည်မျှင်အပ်ချည်နဲ့ချည်၊ ကိုးမနိုးခင် ထပြီး ခွေးရဲ့လည်ပင်းမှာ ဆွဲကြိုးပုံသဂျွတ်နဲ့ ဆွဲပေး။ အဲဒီနွားရုပ် ပြုတ်ကျသွားတာနဲ့ လောက်တွေလဲ ထွက်ကျကုန်လိမ့်မယ်။

ရွတ်ရမယ့် ဂါထာက "ဥ ပြိတ္တာဗို ပြိတ္တာမ မရဏာလားဟာ" အဲဒီဂါထာကို (၁၇)အုပ်ရွတ် ပြီး ခွေးလည်ပင်းမှာ ချည်ပေးပေတော့' ဟု ပြောဆိုပြီး ပေးလိုက်လေသည်။

(၃)ရက်လောက် ကြာသောအခါ ထိုအမျိုးသမီးနှင့် သူ၏ အမျိုးသား ကိုပါ လမ်း၌ တွေ့ရလေသည်။ ထိုအမျိုးသားက...

'ဆရာရေ... အိမ်က ခွေးကလေး တော့ လောက်တွေ မရှိတော့ဘူး။ အနာလဲ သက်သာလာပြီ။ ဆရာ့ကို ကျေးဇူးတင်တယ်။ လက်ဖက်ရည် တိုက်ပါရစေ'

'ခင်ဗျားကျွေးတာတော့ ကျေးဇူး တင်တယ်။ ဒါပေမယ့် ကျုပ် မအား သေးဘူးဗျာ'

ဟု ပြောဆိုပြီး ထွက်လာခဲ့လေရာ အမျိုးသမီးကို ဖနီးမောင်နှံတို့သည် ပြုံးပြုံးကြီး နောက်က ကြည့်နေလေ တော့သည်။

***ဂမ္ဘီရဂါထာဖြင့် အနာကင်း၍ ဘေးရှင်း စေသော်။***

**ခင်ညီ(ပေါက်ခေါင်း)**
**နက္ခတ္တဝေဒလက္ခဏာ**



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

(ကြွက်ခြေသောင်းတို)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးထိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောတင်းတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာ ပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခဲတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခဲတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

# ဆီး၀မ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




ကြော်ငြာခွင့်ပြုချက်အမှတ် - တသဝက(တနယ်ဝင်း)(၁၁၂/၁၂၂)

"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်၊ ဆီးကျန် ဝမ်းချုပ်၊ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကိုဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ၊နှုတ်ခမ်း၊ အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးမာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုခမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၁၉၇၅၄



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရက်ကြီးဦးအောင်မြင့် (ဥပဒေဘွဲ့) လက္ခဏာဗေဒပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သည့် ညာလက်ဖဝါးပုံစံပိုင်ရှင်မှာ အသက်သုံးဆယ်ကျော် အမျိုးသားတစ်ဦး ဖြစ်ပါသည်။


ထိုလက်ဖဝါးပြင်ကို ဂရုတစိုက်ကြည့်ရှု လေ့လာစစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ မြည်းနှင့် မြည်းတွင်းဆိုလျှင် မည်သည့်နေရာမှာ နေထိုင်လုပ်ကိုင်ပါက ပိုပြီး အကျိုးပေးမည်နည်း။

၂။ စီးပွားရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့ လုပ်ကိုင်ပါက အောင်မြင်နိုင်ခြင်းရှိမည်လား။

၃။ စားသောက်ဆိုင်လုပ်ငန်းမျိုးနှင့် စီးပွား တိုးတက်နိုင်မလား။

မိမိတို့၏အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြား စာရွက်လွတ်မှာ ရေးမှတ်ပြီးမှသာလျှင် ပဟေဠိအဖြေများနှင့် ညှိနှိုင်း တိုက်ဆိုင်ကြည့်ပါရန် အကြံပြုတိုက်တွန်းအပ်ပါသည်။




ပဟေဠိ အဖြေများကို စာမျက်နှာ( ၁၁၇ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

# စပါးကြီးသည်းခြေ အလွမ်း

အံ့မခန်း

မောင်ကံ
(တံတားရွာ)

စပါးကြီးသည်းခြေသည် အလွန်အစွမ်းထက်ပြီး ဘက်စုံ အသုံးဝင်ကြောင်း ကိုယ်တွေ့ကြုံသူများက မဂ္ဂဇင်းများတွင် ရေးသားကြသည်ကို ဖတ်ရပါသည်။

ဆောင်းပါး(၁)ပုဒ်တွင် လေဖြတ်၍ ပါးရွဲ့ပြီး လျှာတိုဝင်ကာ စကားမပြောနိုင်သူကို ဆရာဝန်များက လက်လျှော့ရသည့်အချိန်တွင် ဆွေမျိုးတစ်ဦးက စပါးကြီးသည်းခြေကို အမှုန့်လုပ်ပြီး လျှာပေါ်တွင် ပွတ်ကာ လျှာကို သုံး, လေးကြိမ်ခန့် ဆွဲထုတ်ရာ သိသာလာသဖြင့် နောက်ရက်များတွင်လည်း နေ့စဉ် ပြုလုပ်ပေးသောအခါ ရက်အနည်းငယ်အတွင်း ပါးရွဲ့ လျှာတိုခြင်းလုံးဝကောင်းသွားပြီး စကားလည်း ကောင်းစွာ ပြောနိုင်ကြောင်း ဖတ်ဖူးပါသည်။

ကျွန်တော်သည် စပါးကြီးသည်းခြေကို ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့ရှိ တိုင်းရင်းဆေး ဆရာကြီးဦးဘရီထံတွင် ပထမဆုံး စတင် မြင်ဖူးပါသည်။


ဆရာကြီးက ကျွန်တော့်ကို စပါးကြီးသည်းခြေအခြောက်တစ်ခုကို ပြပြီး သည်းခြေမှ ရှည်ထွက်နေသော (၆) လက်မခန့်ရှိ အမျှင်လေးတစ်ခုကို ပြကာ...

'စပါးကြီးသည်းခြေ အစစ်ဆိုရင် ဒီလို ညှို့ကြိုး ပါရတယ်'

ဟု ပြောပါသည်။ ထိုညှို့ကြိုးဖြင့် လူတိရစ္ဆာန်တို့၏ ခြေရာကို "ညှို့" သည်ဟု ကြားဖူးပါသည်။

## စပါးကြီးသည်းခြေ ရှိုးပို

၂၀၀၉ ခုနှစ်တွင် ကျွန်တော်သည် ကချင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်နေစဉ် လုပ်ငန်းတာဝန်ဖြင့် နေပြည်တော်သို့ သွားရာ စည်ပင်ဧည့်ရိပ်သာတွင် တည်းခိုပါသည်။



ညနေခင်း တစ်ခုတွင် အသက်(၂၀) ဝန်းကျင်ရှိ ကရင်တိုင်းရင်းသူလေး တစ်ယောက်သည် ပလတ်စတစ်ခြင်းထဲတွင် ပစ္စည်းတချို့ ထည့်ကာ တည်းခိုခန်းများသို့ လှည့်လည်ရောင်းချနေသဖြင့် "**ဘာရောင်းတာလဲ**" ဟု မေးရာ...

'ဆေးမြစ်စုံနဲ့ စပါးကြီးသည်းခြေ'

ဟု ပြောပါသည်။ ခြင်းထဲမှ စပါးကြီးသည်းခြေအခြောက်(၂)ခုကို ယူပြီး ပြပါသည်။

တစ်ခုက အတော်ကြီးပြီး တစ်ခုက သေးပါသည်။ အကြီးတွင် (၈)လက်မခန့် ရှိသော ညှို့ကြိုးပါရှိပြီး အသေးတွင် (၆)လက်မခန့် ရှိသော ညှို့ကြိုးပါရှိပါသည်။ "**ဘယ်ကရလဲ**" ဟု မေးရာ...

'သမီးအဖေက ဖာပွန်မှာ ဆင်ဦးစီး လုပ်တယ်။ အဖေ မနေ့ကပြန်လာတော့ စပါးကြီးသည်းခြေနဲ့ ဆေးမြစ်စုံတွေ ပါလာလို့ လိုက်ရောင်းနေတာ။ သမီးနဲ့ အမေက စည်ပင်ပျိုးခင်းမှာ အလုပ် လုပ်တယ်။

အဖေပြောတာက စပါးကြီးသည်းခြေဆိုတာ အဖိုနဲ့အမ(၂)မျိုးတွဲသုံးရင် ပိုအစွမ်းထက်တယ်။ ဒီအကြီးက အဖိုသည်းခြေ ဒီအသေးက အမသည်းခြေလို့ အဖေက ပြောတယ်'

ဟူ၍ မိန်းကလေးငယ်က သူသိသမျှ ရှင်းပြပါသည်။ အဖိုသည်းခြေ၊ အမသည်းခြေ ဟုတ်,မဟုတ်တော့ ကျွန်တော်လည်း မခွဲခြားတတ်ပါ။

ရောင်းဈေးကိုမေးရာ (၂)ခု (၆၀၀၀) ကျပ်ဟု ဆိုသဖြင့် တန်သောဈေးဖြစ်သောကြောင့် ဈေးမဆစ်ဘဲ ဝယ်လိုက်ပါသည်။

မြစ်ကြီးနားပြန်ရောက်လျှင် အဆိုပါ စပါးကြီးသည်းခြေ (၂)ခုကို ပုလင်းငယ် တစ်လုံးထဲတွင် ထည့်ကာ မုန်ညင်းဆီဖြင့် စိမ်ပြီး သိမ်းထားလိုက်ပါသည်။

## ကိုယ်တွေ့ခြမ်း

### လေဖြန်းသလို ဖြစ်လာ

ကျွန်တော်သည် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်နယ်တော်မရှင်

www.burmeseclassic.com

အဖွဲ့ခွဲ၏ ဖွဲ့စည်းပုံအရ အတွင်းရေးမှူး တာဝန် ထမ်းဆောင်ရပါသည်။ ဥက္ကဋ္ဌမှာ ရပ်မိရပ်ဖတစ်ဦး ဖြစ်ပါသည်။

၂၀၁၀ ပြည့်နှစ်၊ ဧပြီလတွင် နေပြည်တော်ဗဟိုကော်မရှင်၌ သင်တန်းတက်ပြီးနောက် ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို မနားတမ်း ဆောင်ရွက်ရပါတော့သည်။

ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများအဖြစ် မဲစာရင်းများ ပြုစုခြင်း၊ မဲဆန္ဒနယ်မြေများ သတ်မှတ်ခြင်း၊ မဲရုံနေရာများသတ်မှတ်ခြင်း။ မဲပုံး,ဆန္ဒမဲလက်မှတ်အမျိုးမျိုး, မဲရုံသုံးပစ္စည်းအမျိုးမျိုး, ကော်မရှင်သုံးပုံစံအမျိုးမျိုး ဆောင်ရွက်ခြင်း၊ လွှတ်တော်အဆင့်ဆင့်၏ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းခြင်း...

စိစစ်ခြင်း၊ ဗဟိုကော်မရှင်သို့ ထောက်ခံပေးပို့ခြင်း စသည့် များပြားလှသောလုပ်ငန်းများကို ပြည်နယ်ကော်မရှင် အတွင်းရေးမှူးအနေဖြင့် ကချင်ပြည်နယ်တွင်းရှိ (၁၈)မြို့နယ်အတွက် တာဝန်ယူ ဆောင်ရွက်ရသည့်အခါ နားချိန်ပင် မရှိတော့ပါ။

နေ့စဉ် နံနက်(၈)နာရီမှ ည(၁၀)နာရီထိ စာရေးစားပွဲမှ မထတမ်း ဆောင်ရွက်ရသောအခါ ကျွန်တော်၏ ညာဘက် လက်ပြင်တစ်ခြမ်းသည် လေးလံခြင်း၊ ကိုက်ခဲခြင်း၊ ကျဉ်ခြင်း၊ လက်များ တုန်လာခြင်း၊ ပစ္စည်းတစ်ခုခုကိုကိုင်လျှင် မြဲမြဲစွာ မကိုင်နိုင်ဘဲ လွတ်ကျခြင်း စသော လေဖြတ်ရောဂါ၏ လက္ခဏာ တွေ့လာရပါသည်။

ရောဂါတိုးလျှင် စာရေးနေရင်းပင် ဆက်မရေးနိုင်တော့ဘဲ အလုပ်ကို ရပ်ထားရသည်အထိ ဖြစ်လာပါသည်။

ပြည်နယ်ရုံးနားတွင် ပြည်နယ်



ဆေးရုံကြီးလည်း ရှိသဖြင့် ဆေးရုံကြီး၌ ဆရာဝန်ကြီးများက ကြပ်မတ်ကုသပေးပါသော်လည်း အလုပ်မှ (၁)ရက် နား၍ပင် မရဘဲ နေ့စဉ် လုပ်နေရသဖြင့် သက်သာလိုက် ပြန်ဖြစ်လိုက်နှင့် ရက်ရှည်လာပါသည်။

ထို့နောက် မြစ်ကြီးနားပြည်နယ် တိုင်းရင်းဆေးရုံကြီးတွင် ပြသရာ လက်ပြင်ကို ဆေးစည်းပေးပြီး သောက်ဆေးများ ပေးသော်လည်း သက်သာလိုက် ပြန်ဖြစ်လိုက်နှင့် ရက်ရှည်လာပါပြီ။

ရွေးကောက်ပွဲလည်း နီးကပ်လာပြီဖြစ်၍ ကော်မရှင်လုပ်ငန်းများကို နေ့အချိန်တွင် သာမက ညတစ်ဝက်ဖြစ်စေ၊ မိုးလင်းထိဖြစ်စေ မပြတ်လုပ်နေရသည်ဖြစ်ရာ အလုပ်က အရေးကြီး၊ ရောဂါက ပိုဆိုးနှင့် အလွန်စိတ်ဆင်းရဲရသော နေ့ရက်များ ဖြစ်ပါသည်။

## စပါးကြီးသည်းခြေအစွမ်းကို ပထမအကြိမ် ကိုယ်တွေ့ကြုံခြင်း

ထိုသို့ ကိုယ်တစ်ခြမ်း လေဖြန်းသလို နာကျင်ကိုက်ခဲနေလျက်နှင့် နေ့ညမနားတမ်းလုပ်နေရာ ဒီရောဂါ ပျောက်အောင် ဘယ်လိုလုပ်ရပါမလဲဟု စဉ်းစားပါသည်။

ထိုတွင် မဂ္ဂဇင်းများတွင် ပါရှိသည့် စပါးကြီးသည်းခြေအကြောင်း ဆောင်းပါးများကို သတိရသဖြင့် မုန်ညင်းဆီစိမ်ထားသော စပါးကြီးသည်းခြေပုလင်းကိုယူပြီး ရုံးမှ စာရေးဖြစ်သူ ကိုဝင်းရွှေ(ယခု ထွေ/အုပ်အရာရှိ)က ကျောကုန်းတစ်ခုလုံးကို မုန်ညင်းဆီဖြင့် ဖိ၍ လိမ်းပြီး နှိပ်နယ်ပေးပါသည်။

နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် လိမ်းပါသည်။ စ,လိမ်းသည်နှင့် သိသိသာသာ သက်သာလာသဖြင့် နေ့စဉ် တစ်နေ့(၃)ကြိမ် ဆက်လိမ်းရာ ရွေးကောက်ပွဲနီး၍ နေ့ရောညပါ အလုပ် လုပ်နေရသော်လည်း ရောဂါမှာ တိုးမလာဘဲ တစ်နေ့ထက်တစ်နေ့ ပို၍ပင် သက်သာလာသည်ကို တွေ့ရပါသည်။

ဆေးရည်ကိုလည်း နေ့စဉ် လိမ်းနေရာ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့တွင် ကျင်းပသည့် ရွေးကောက်ပွဲကြီး မငိုင်မီကပင် ကျွန်တော်၏ ကိုယ်တစ်ခြမ်း လေဖြန်းသလို ဖြစ်နေသော ရောဂါသည် အပြီးအပိုင် ပျောက်ကင်းသွားပြီး ယခုစာရေးသည့် (၅)နှစ်ကျော်သည့်တိုင် ထိုရောဂါသည် လုံးဝ ပြန်မဖြစ်တော့ပါ။

စပါးကြီးသည်းခြေအစွမ်းကို ပထမအကြိမ် ကိုယ်တွေ့ကြုံခြင်း ဖြစ်ပါသည်။

## စပါးကြီးသည်းခြေအစွမ်းကို ဒုတိယအကြိမ် ကိုယ်တွေ့ကြုံခြင်း

ကျွန်တော်သည် ၂၀၁၂ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ပါသည်။

မြစ်ကြီးနားမြို့တွင် အသုံးပြုခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

မုန့်ညင်းဆီ စိမ်ထားသည့် စပါးကြီးသည်းခြေပုလင်းသည် ကျွန်တော်နှင့်အတူ ပါလာသည်။

ပူပြင်းလှသော ဧပြီလ နေ့တစ်နေ့တွင် လပွတ္တာခရိုင်တွင်း ပါရှိသော မော်လမြိုင်ကျွန်းမြို့သို့ လုပ်ငန်းတာဝန်ဖြင့် ညအိပ်ခရီး သွားပါသည်။

မော်လမြိုင်ကျွန်းမြို့တွင် တည်းခိုသော ရေယာဉ်ရုံးရိပ်သာတွင် ညအချိန် အလွန်ပူလှသဖြင့် မတ်တတ်ပန်ကာကို ခုတင်နောက်ခြေ(၂)ချောင်းနားတွင် ထားပြီးအိပ်ပါသည်။

ပန်ကာလေသည် ခြေဖဝါး(၂)ခုကို တစ်ညလုံး ရိုက်ခတ်နေပါသည်။ နောက်တစ်နေ့ ညနေတွင် လုပ်ငန်းများ ပြီးဆုံး၍ လပွတ္တာသို့ ပြန်လာရာ မည်သို့မျှ မဖြစ်ပါ။

လပွတ္တာတွင် (၁)ညအိပ်ပြီး နောက်တစ်နေ့ အိပ်ရာထတွင် ကျွန်တော့်ခြေဖဝါးနှစ်ခုသည် လမ်းလျှောက်သောအခါ ကြမ်းပြင်နှင့် ထိလိုက်တိုင်း မခံနိုင်အောင် နာကျင်ပါသည်။

လမ်းလျှောက်လိုက်တိုင်း ခြေဖဝါးမှ နာကျင်မှုသည် ဦးခေါင်းထိပင် "ဒိန်းခနဲ ဒိန်းခနဲ" ရောက်ပါသည်။

လမ်းပင် ရဲရဲမလျှောက်ရဲသဖြင့် ရုံးခန်းထဲ၌ပင် တစ်နေကုန် ထိုင်၍ အလုပ် လုပ်နေရပါသည်။ တစ်ညအိပ်ပြီး နောက်တစ်နေ့ နံနက်တွင် မသက်သာသဖြင့် ဆေးတိုက်တွင် ပြရာ ဆေးထိုးဆေးသောက် ဆောင်ရွက်စေပါသည်။

နောက် (၂)ရက်ကြာသည်ထိ မပျောက်ပါ။ လမ်းမြန်မြန် မလျှောက်နိုင်သေးပါ။

ထိုအခါ မြစ်ကြီးနားမှ ယူလာသော မုန့်ညင်းဆီစိမ်ထားသည့် စပါးကြီး



သည်းခြေပုလင်းကို သတိရ၍ ထိုဆီကို ဒူးမှ ခြေဖဝါးထိ ဖိ၍ လိမ်းပေးပါသည်။

စ,လိမ်းပြီး နောက်နေ့တွင် သက်သာလာသဖြင့် နေ့စဉ် တစ်နေ့(၃)ကြိမ် လိမ်းပေးရာ (၃)ရက်အကြာ၌ပင် ခြေချတိုင်း မခံနိုင်အောင် နာကျင်နေသော ကျွန်တော်၏ ခြေဖဝါး(၂)ဖက်သည် နာကျင်မှု လုံးဝ ပျောက်သွားပြီး ပုံမှန်အတိုင်း လမ်းပြန်လျှောက်နိုင်ပါသည်။

စပါးကြီးသည်းခြေ၏ အစွမ်းကို ဒုတိယအကြိမ် ကိုယ်တွေ့ကြုံခြင်းဖြစ်ပါသည်။

### စပါးကြီးသည်းခြေအစွမ်းကို တတိယအကြိမ် ကိုယ်တွေ့ကြုံခြင်း

လပွတ္တာမြို့တွင် ကျွန်တော်နှင့်အတူ လိုက်နေသော အသက်(၁၆)နှစ်အရွယ်ရှိ တူဖြစ်သူသည် လူငယ်တို့ သဘာဝ ဘောလုံးကန်ဝါသနာ ပါသဖြင့် ညနေတိုင်း ဘောလုံးကန်ပါသည်။

တူဖြစ်သူသည် လူကောင်က သေးသေး ခါးနွဲ့နွဲ့နှင့် အားအင် ပြည့်ဝသူ မဟုတ်သောကြောင့် ဘောလုံးကန်တိုင်း လူကြီးများကြားတွင် သူပင် နာကျင်လာသည်က များပါသည်။

တစ်ညနေ ဘောလုံးကစားရင်း လူကြီးတစ်ယောက်၏ ခြေထောက်နှင့် ထိခိုက်မိရာ သွေးပူစဉ်က မသိသာသော်လည်း ညအိပ်ချိန် ရောက်သောအခါ ခြေခွင်သည် ရောင်ကိုင်းနေပြီး ထိလိုက်တိုင်း နာနေပါသည်။

အရိုးကြောင့် နာတာလား အကြောကြောင့် နာတာလား မသိပါ။ ထွန်းရွှေဝါလိမ်းပြီး အိပ်ပါသည်။

နောက်တစ်နေ့နံနက် အိပ်ရာထတွင် ခြေထောက်မှာ ပိုမိုရောင်ကိုင်းနေပြီး လမ်းပင် ကောင်းကောင်း မလျှောက်နိုင်တော့ပါ။ ဆေးရုံသွားပြရန်ခေါ်ရာ လူငယ်ဖြစ်ခြင်းကြောင့် မာနကလည်းရှိသဖြင့် သတ္တိနည်းသည်ဟု ထင်မှာစိုးသောကြောင့်...

'ဒီလောက်နဲ့ ဘာမှ မဖြစ်ပါဘူး။ ခံနိုင်ရည် ရှိပါတယ်'

ဟု ပြောပြီး ဆေးရုံကို ခေါ်၍မရပါ။

"ခံနိုင်ရည်ရှိပါတယ်"ဟုသာ ပြောသော်လည်း လမ်းပင် မလျှောက်နိုင်တော့သဖြင့် အိပ်ရာထဲ လှဲနေပါသည်။

ထိုအခါ ကျွန်တော်က...

'ဆေးရုံ မသွားချင်လဲနေ အဘ လေဖြတ်မလိုဖြစ်တုန်းက လိမ်းတဲ့ စပါးကြီးသည်းခြေဆီကို မကြာမကြာ လိမ်းပေးတာ အရိုးရော အကြောရော အားလုံးကောင်းတယ်'

ဟု ပြောပြီး ပေးလိုက်ရာ ချက်ချင်းပင်လိမ်းပြီး ခြေခွင်ကို ခြေစွပ်(Angless)ဖြင့် စွပ်ထားလိုက်ပါသည်။

ထိုနေ့တွင် (၃)ကြိမ် လိမ်းပြီး ညအိပ်ရာ နောက်တစ်နေ့ နံနက်တွင် ရောင်ကိုင်းနေသည်များ လျော့သွားပြီး ဖြည်းညင်းစွာ လမ်းပြန်လျှောက်နိုင်ပါသည်။

ဆက်လိမ်းရာ (၂)ညအိပ်ပြီး (၃)ရက်မြောက်နေ့တွင်တော့ တူဖြစ်သူ၏ ခြေထောက်မှာ ပကတိအတိုင်း ကောင်းသွားပါသည်။

စပါးကြီးသည်းခြေ အစွမ်းကို



www.burmeseclassic.com

တတိယအကြိမ် ကိုယ်တွေ့ ကြုံခြင်း ဖြစ်ပါသည်။ အစွမ်းထက်လှသည့် စပါးကြီးသည်းခြေပုလင်းကို မပျောက်ပျက်အောင် ယနေ့တိုင် ကျွန်တော် သိမ်းထားပါသည်။

### စပါးကြီးသည်းခြေ
### အစစ်ရရန်
### လွန်စွာခက်ခဲ

စပါးကြီးမြွေသည် မြွေပွေး၊ မြွေဟောက်တို့ကဲ့သို့ ပေါပေါများများ တွေ့ရသည့် မြွေမျိုးမဟုတ်ပါ။ တွေ့ရန်ခက်ခဲပြီး တွေ့လျှင်လည်း ကြင်နာတတ်သော မြန်မာလူမျိုးတို့၏ စိတ်ဓာတ်ကြောင့် သတ်ဖြတ်ခြင်း မပြုဘဲ တိရစ္ဆာန်ဥယျာဉ်သို့ ပို့ပေးခြင်း၊ ဇီဝိတဒါနအဖြစ် ဘုန်းတော်ကြီးကျောင်းသို့ ပေးပို့လှူဒါန်းခြင်းတို့ကြောင့် စပါးကြီးသည်းခြေအစစ် ရရန်မှာ လွန်စွာခက်ခဲပါသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီးကျောင်း အချို့တွင် ရွာသားများ ဖမ်းမိ၍ လာရောက်လှူဒါန်းထားသော စပါးကြီးမြွေများကို တွေ့ဖူးပါသည်။

စပါးကြီးသည်းခြေ အသုံးဝင်ပုံသည် ကျွန်တော်ရေးပြသည်ထက် များစွာ အသုံးဝင်ပါသည်။ အသုံးပြုနည်းအားလုံးကို ကျွန်တော် မသိပါ။ လေ့လာရန်လိုပါသေးသည်။

ကျွန်တော့်အနေဖြင့် ကိုယ်တိုင် အသုံးပြုခဲ့သော စပါးကြီးသည်းခြေ၏ အစွမ်းများကို စာဖတ်သူများ သိရှိနိုင်ရန် မေတ္တာရှေ့ထား၍ မျှဝေပေးလိုက်ပါသည်။

**မောင်ကံ(တံတားရွာ)**


စာမျက်နှာ (၁၁၃)မှ အဆက်

**လက္ခဏာဗေဒရှု့ အဖြေများ**

**၁။ ပြည်ပနှင့် ပြည်တွင်းဆိုလျှင် ပြည်တွင်းမှာ နေထိုင်လုပ်ကိုင်ပါမှ ပိုပြီး အကျိုးပေးနိုင်ပါမည်။**

အဘယ်ကြောင့်ဆိုသော် အသက်လမ်းကြောင်းအရင်းက ပြည်တွင်းနှင့် သက်ဆိုင်သော သောကြာဂြိုဟ်ကွက်အောက်ခြေသို့ ကွေးပိုက်တိုးဝင် အဆုံးသတ်နေခြင်းကြောင့် ဖြစ်ပါသည်။ **"က" အကွက်ရာ**

* * *





**၂။ စီးပွားရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့လုပ်ကိုင်ပါက အောင်မြင်နိုင်ပါမည်။**

အဘယ်ကြောင့်ဆိုသော် လက်ဖဝါးပြင်ပုံစံမှာ ကျယ်ပြန့်သော ဝါယောလက်ပုံစံနှင့် လက်ချောင်းတို့၊ လက်ဖဝါးရည်၊ တေဇော လက်ဖဝါးပုံစံ ပေါင်းစပ်ထားခြင်းကြောင့် ဖြစ်သည်။

လုပ်ငန်းခွဲများစွာကို နေရာဒေသ အနှံ့အပြားတွင် တိုးချဲ့လုပ်ကိုင်နိုင်သော လက်ပုံစံမျိုးဖြစ်သည်။

ထို့ပြင် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ကွက်မှာ စီမံခန့်ခွဲမှု ကျွမ်းကျင်ထူးချွန်စေသည့် **ဆော်လမွန်ကွင်းသင်္ကေတ**လည်း ထင်ရှား ပါရှိခြင်းကြောင့်ဖြစ်သည်။ **"ခ" အကွက်ရာ**

* * *




**၃။ စားသောက်ဆိုင် လုပ်ငန်းမျိုးနှင့် စီးပွားတိုးတက်နိုင်ပါသည်။**

အဘယ်ကြောင့်ဆိုသော်...


ဦးခေါင်းလမ်းကြောင်းတို့ အဖျားတွင် (၁)လက်မခန့်ပူးခြင်း **"ဂ" အကွက်ရာ**ကြောင့် စေ့စပ်သေချာ၊ စိစစ်သည်းခံ၊ စိတ်အေးတတ်သော ပင်ကိုဗီဇရှိခြင်းကြောင့် ပြောဆိုဆက်ဆံရေး ကောင်းမွန်မည်။

အစားအသောက်၊ အချက်အပြုတ်နှင့် ဆိုင်သန့်ရှင်းရေး၊ ဝန်ထမ်းများ တာဝန်ကျေရေးတို့ကို ကောင်းစွာ စနစ်တကျ ဖန်တီးပေးနိုင်မည်။

အသက်လမ်းကြောင်း အတွင်းဘက် သောကြာဂြိုဟ်ကွက်မှာ ထောင်လိုက်လမ်း များစွာရှိ၍ ဖောက်သည်များကို ဆွဲဆောင်နိုင်မည်။ **"ဃ" အကွက်ရာ**

ဦးခေါင်းလမ်းကြောင်း အဆုံးမှာ ကြာဖူးပုံ အဖြောင့်နှင့် တနင်္လာဂြိုဟ်ခုံဘက် ကွေးဆင်းကာ လက်ဖဝါးစောင်းဘက် ပြန်ဖြောင့်သောလမ်းမျိုးရှိ၍ လက်တွေ့ကျသော၊ စိတ်ကူးစိတ်သန်း ကောင်းများ ဖန်တီးတီထွင်နိုင်စွမ်းများ ပေါင်းစပ်ထားသည့် ဗီဇပါရမီရှိခြင်း **"င" အကွက်ရာ**တို့ကြောင့် ဖြစ်သည်။

* * *




**မှတ်ချက်။ ။ အထက်ပါ လက္ခဏာရှင်အမျိုးသားသည် မြန်မာနိုင်ငံ အထက်ပိုင်း၊ အောက်ပိုင်းတို့တွင် စားသောက်ဆိုင်ခွဲများစွာ ဖွင့်လှစ် လုပ်ကိုင် အောင်မြင်နေသူ ဖြစ်ပါသည်။**

***(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***


**ဆရာကြီး ဦးအောင်မြင့်**
*(ဥပဒေ၊ ဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၂၃)မှ အဆက်



◆ [illegible] ရောက်ရှိလာသည်ဟု အယူရှိကြသော ဆင်ယင်သားအမိပုံ

၆။ တောင်ပေါ်မှကြည့်လျှင် အရပ်လေးမျက်နှာ ရှုခင်းသာယာမှု မြင်တွေ့ရခြင်း။

၇။ တောင်ပေါ်တွင် ရေကာ နွားလားဥသဘကြီး ရှိရာ ကျောပေါ်တွင် ပဲတစ်ခွဲတင်၍ အရှေ့ဘက်သို့ စုန်ဆင်းရာ ပဲမဖိတ်စဉ်သော ကြောင့် ယခုထက်တိုင် ပဲမစင်ကုန်ဟု တွင်နေသည်။

ကျောက်နွားကြီးဖြစ်သောနေရာ ယင်းကျောက်ကို လမ်းအလုပ်သမားများ ထုခွဲရာ ဝိတုန်းကောင်နှင့် ကြွက်(၂)ကောင် ပေါ်လာ၍ အလွတ်ပြေးခဲ့ရှုံးသည်။

၈။ ချီးမင်း၏ တဝဂ္ဂု ရုန့်ကင်းတောင် ကူးသန်းရာ ရုန့်ကင်းသာ၊

၉။ အထက်ခြေတော်ရာ အောက်ခြေတော်ရာ မန်းရွှေစက်တော်ပမာ တည်ထားကိုးကွယ်ထားခြင်း။

၁၀။ တောင်ဘက်ခြေတော်ရာ တိုက်တွင်းမှာ လေးကျွန်းစကြာရှင်ဘုရား။

၁၁။ မြောက်နားလိုဏ်တွင် ရှင်ပင်လာဘဘုရား။

၁၂။ ဘုရားပေါ်မှ ဆင်ယင်သားအမိရှိပြီး ကျန်းမာရေးအတွက် ဖိနှိပ်လျှင် ရောဂါကင်းစင်ခြင်း။

ဒီ ထူးဆန်းအံ့သြဖွယ်ရာတွေ ကြောင့်လဲ ဒီနယ်တစ်ဝိုက်မှာ တန်ခိုးကြီးမားသမိုင်းဝင်ဘုရားတစ်ဆူအဖြစ် ကျော်ကြားလှတယ်’

ဆရာတော် ဦးတေဇောသာရမှ စိတ်ရှည်စွာဖြင့် ရှင်းပြတော်မူသည်။ စာရေးသူ ငယ်စဉ်က ဘုရားပင့်ပူဇော်ကြရာမှ ပြန်လည် ပေးပို့ဆောင်ရွက်တိုင်း တောင်တော်ပေါ်မှ ဆင်ယဉ်သားအမိ အရုပ်ဗိုက်အောက်အတွင်း ဝင်လိုက်ထွက်လိုက် ပြုလုပ်ခြင်း၊

မျက်စိနားက မျက်စိနှိပ်နယ်ခြင်း၊ ဗိုက်နာက ဗိုက်နှိပ်ပေးခြင်း၊ ခြေလက်နာက ခြေလက်အား နှိပ်နယ်ပေးခြင်း ပြုလုပ်သော ဆင်ယဉ်သားအမိအရုပ်အားလည်း မြင်တွေ့လိုက်ရသည်။

မုဋ္ဌောစေတီအား ဖူးမြော်ကန်တော့ရင်း အနောက်စောင်းတန်းမှ ဆင်းခဲ့ကြသည်။

‘သားဆုပန် ရွှေချီးတောင်ဘုရားလို့တင် မဟုတ်ဘူး၊ မိုးကောင်းဘုရားလို့လဲ ခေါ်ကြပြန်တယ်။ အညာဒေသဆိုတော့ မိုးရွာရေရှား မိုးနည်းရပ်ဝန်းဒေသ မဟုတ်လား။

ဒီ ဒက္ခိဏာသာခါဆုတောင်းပြည့်ဘုရားကို ပင့်ဆောင်ပူဇော်ရင်း မိုးရွာတဲ့ သာဓကတွေ၊ လက်တွေ့တွေ၊ မျက်မြင်ကိုယ်တွေ့တွေ မကွေး,ရေနံချောင်း, ချောက်,ကျောက်ပန်းတောင်း,စလေ, ဆိပ်ဖြူ မြို့တွေမှာ ကိုးကွယ်ပူဇော်ပင့်ဆောင်ရင်းနဲ့ သက်သေထူခဲ့တယ်။

ပတ်ဝန်းကျင်ကျေးရွာတွေ ဖြစ်တဲ့ ရှားပင်၊ လင်းတကိုင်း၊ အိုးတွင်းရွာ၊ ဒဝါး(၅)ရွာဖြစ်တဲ့ (ဘိုးတွင်း,ဆင်နှပ်ကျင်း, ပန်းပဲ, မင်းကန်, ဒဝါး)ရွာတွေအားလုံးကလဲ နှစ်စဉ်နှစ်တိုင်း ပူဇော်ခဲ့ကြတယ်။

ဒီရွှေချီးတောင်တော်မှာ ပွဲတော်အနေနဲ့ ဘုရားပွဲတော်ရက်က သီတင်းကျွတ်လပြည့်ကျော် (၂)ရက်နေ့မှာ ကျင်းပခဲ့တယ်။ ကဆုန်လပြည့်နေ့ဟာ မဟာဗောဓိညောင်ရေသွန်းပွဲနဲ့ သံဃာဒါန ဆွမ်းလောင်းပူဇော်ပွဲ၊ ဝါဆိုလပြည့်ကျော်(၉)ရက်နေ့က ချီးမင်းစေတီ ပူဇော်ပွဲနှစ်စဉ် ကျင်းပတယ်’

စာရေးသူနှင့် ဆရာတော် ဦးတေဇောသာရတို့ စကားစမြည်ပြောဆိုရင်း ဆရာတော် သီတင်းသုံးရာ (၂)ထပ်တိုက်ကျောင်းကြီးဆီသို့ ပြန်လည် ရောက်ရှိလာခဲ့ကြသည်။

www.burmeseclassic.com

'ဆရာတော် တစ်ခုပြောဖို့ ကျန်သွားတယ်။ သီပေါမင်းကြီးရဲ့ တောင်ညာစံ ဒေဝီ မဟေသီမိဖုရားကြီးပင့်လို့ နန်းတော်မှာ သီတင်းသုံး စံပယ်နေရတဲ့ **"ရှင်ပင်မဟာဒက္ခိဏသာခါ နန်းဦး ဆုတောင်းပြည့်မြတ်စွာဘုရား"** ဟာ ရွှေနန်းတော်မှာ မပျော်ပိုက်ကြောင်း ရွှေချိုးတောင် ဆရာတော် ခင်ကြီး ဘူတာကို ၁၂၅၃ ခုနှစ်၊ တန်ခူးလ တစ်ညတည်း (၃)ကြိမ်တိုင်တိုင် အိပ်မက်ပေးတယ်။

ဒါနဲ့ ဆရာတော် ခင်ကြီးဘူတာက ဒက္ခိဏသာခါဆုတောင်းပြည့် ဘုရားကို ပြန်လည်ပင့်ဆောင်ပြီး မုဒ္ဒောစေတီတွင်း ပြန်လည်တည်ထား ကိုးကွယ်ရပြန်တယ်။

**ဒီဘုရားမှာ လူတွေဟာ မိမိ အားသန်ရာ ယုံကြည်မှုလေးတွေ ရှိနေကြပြန်တယ်။**

၁။ သမထနဲ့ ဝိပဿနာများ အာရုံရလွယ်ခြင်း။
၂။ မိုးကောင်းဘုရားဟု ယုံကြည်ခြင်း။
၃။ သားသမီးခြွေရံကိစ္စ ပြည့်စုံစေသည်ဟု ယုံကြည်ခြင်း။
၄။ ဘုရားမျက်နှာတော် မြင်ရ၍ ရွှေသင်္ကန်းကပ် လှူဒါန်းလိုခြင်း။
၅။ ရောဂါဥပဒ်အတွက် ဆုတောင်းလျှင် ဆေးဆရာ တွေ့လွယ်ခြင်း။
၆။ ရောင်ခြည်တော် ဖူးမြင်ရခြင်း။
၇။ ပညာရေးကိစ္စ ဆုတောင်းပြည့်ခြင်း။
၈။ စီးပွားရေးကိစ္စအောင်မြင်ခြင်း။
၉။ ရန်ဘက်များကို အောင်နိုင်ခြင်း။
၁၀။ ဂန္ဓာရီခရီးလမ်းမှ ဓာတ်စေလွှတ်၍ ရောက်လာကြခြင်း။
၁၁။ နတ်စေလွှတ်၍ ရောက်လာကြခြင်း။
၁၂။ ဤနယ်မြေတွင် သာသနာစောင့်နတ်များ အထူးစောင့်ရှောက်ခြင်း။
၁၃။ ဓာတ်တော်မွေတော် ကိန်းဝပ်ပျော်စံရာဟုလည်း ယုံကြည်ကြခြင်း ဖြစ်တယ်'

ဆရာတော်၏ လေ့လာထားသော ရွှေချိုးတောင် သားဆုပန် မိုးကောင်းဘုရား၏ ထူးခြားမှုများကား များပြားလှသည်။ ဗဟုသုတစုံလှသည်။

ဆရာဆန်းလွင်(မြန်မာစာ)၊ ဆရာ ရေနံမြေကျော်သူ၊ ဆရာတော် ဦးဣန္ဒဝံသ၏ တောင်တော်သမိုင်းစာတမ်းတို့၏ အကိုးအကားများနှင့် ပေါင်းစပ်ကြည့်ပါက ထူးဆန်းအံ့ဖွယ် သမိုင်းဝင်စေတီအဖြစ် ခိုင်မာစွာ တည်ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။

▲**'ဆရာတော်အနေနဲ့ ဒီရွှေချိုးတောင် ရှင်ပင်ဒက္ခိဏသာခါ နန်းဦးဆုတောင်း ပြည့်ဘုရားနဲ့ ပတ်သက်လို့ ဘာများ မိန့်ချင်ပါသေးလဲဘုရား'**

○'ပုဂံ၊ ပုပ္ပါး၊ မကွေး၊ မြသလွန်၊ မင်းဘူးဘုရားဖူးရင်း ငွေချိုနဲ့ မဝေးလှတဲ့ ရေနံချောင်းသွား ကားလမ်းဘေးမှာ သွားရေလာရေ လွယ်ကူပြီး မဝေးလွန်းတာမို့ သမိုင်းဝင် ဘုရားတစ်ဆူဖြစ်ပြီး တန်ခိုးကြီး ဆုတောင်းပြည့်တာမို့ စီးပွားရေး အခက်အခဲရှိသူများ၊ လုပ်ငန်း အခက်အခဲရှိသူများ၊ သားသမီး မရရှိသူများ လာရောက်ဆုတောင်း အဓိဋ္ဌာန်ဝင်နိုင်ကြပါတယ်။

သာသနိက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းလိုပါကလည်း ဆရာတော်ထံ ဆက်သွယ်ဆောင်ရွက် နိုင်ကြောင်း ပြောပါရစေ'

▲**'ဆရာတော်ရဲ့ အတွေ့ထူးရာဇာလေးတွေ ပြောလို့ရရင်...'**

○'သရဏဂုံသုံးပါး(၃-ပတ်)၊ ဂုဏ်တော်ကိုးပါး(၉-ပတ်)၊ သမ္ဗုဒ္ဓေ တစ်နေ့ အခေါက်(၃၀၀) ရွတ်ပွားခြင်းနဲ့ ဆရာတော်ရဲ့ သာသနာပြု လုပ်ငန်းမှာ ပြည့်စုံစေတယ်'

စာရေးသူ အညာတစ်ခေါက် သွားရောက်ခဲ့စဉ်က ချောက်မြို့နယ်၊ ငွေချို "ဇီးပွားရွာဦး"တွင် တည်ထားကိုးကွယ်ထားသော **"ငွေချိုတောင်၊ မိုးကောင်းဘုရား၊ သားဆုပန်ဘုရား" အမည်သညာ အမျိုးမျိုးဖြင့်** ပညတ်ခေါ်ဝေါ်သမုတ်ထားသော သမိုင်းဝင် **"ရှင်ပင်မဟာဒက္ခိဏသာခါ နန်းဦး ဆုတောင်းပြည့်ဘုရား"**၏ ထူးဆန်းအံ့ဩဖွယ်ရာတို့ဖြင့် ပြည့်နှက်နေရာ ဘုရားလောင်း ချိုးမင်း ဖြစ်ခဲ့စဉ်က ကျင်လည်ကျက်စားခဲ့သော ရွှေချိုးတောင်တော်မြတ်သို့ သွားရောက် အဓိဋ္ဌာန်ဝင်နိုင်ပါကြောင်း အကျိုး မျှော်၍ နိုးဆော်လိုက်ရပါသည်။

**ကိုရွှေမောင်**
***(ဒေါင်းအင်းကုန်း)***

အကိုးအကား

○**ရေနံမြေကျော်သူ ရေးသော "ရွှေချိုးတောင် မုဒ္ဒောစေတီနှင့် သိကြားမင်း ဆက်ကပ်သော ဆုတောင်းပြည့် ဒက္ခိဏသာခါ ဘုရား"**
○**ရေနံမြေကျော်သူ ရေးသော "မြေလတ်ဒေသမှ ဘုရားများ"**
○**ဆန်းလွင်(မြန်မာစာ) ရေးသော "ဗုဒ္ဓတန်ခိုးရတနာမိုး"**
○**ဆန်းလွင်(မြန်မာစာ) ရေးသော "အံ့ဖွယ်ထူးခြား မိုးဘုရား"**
○**ဆရာတော်ဦးဣန္ဒဝံသ ရေးသော "ရွှေချိုးတောင်တော်သမိုင်း"**
○**ဆရာတော် ဦးတေဇောသာရ၏ ကိုယ်တွေ့ပြောပြချက်များ။**


www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဩော်ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထမျှားတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ်**
**တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

**ဆရာမြင့်**


**စကြာမင်း တိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊**
**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၇၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com




# သိဒ္ဓိဆယ်ပါး ဖြစ်တရား

ရွတ်ပွားပူဇော်ပါ

ခရီးယာယီ အသွားအလာများ နေရသဖြင့် လည်းကောင်း၊ ခရီးက အပြန် ကျန်းမာရေးအရ လည်းကောင်း၊ နှစ်လကျော်ကြာ မထိုင်ဖြစ်ခဲ့သော စာရေးစားပွဲ၊ ကုလားထိုင်များဆီသို့ မောင်အုံ့တစ်ယောက် ကြိုးစားထိုင်မိသည်။

ထိုနှစ်လတာအတွင်း ရောက်ရှိလာသည့် ဖိတ်စာလေးများကို စားပွဲပေါ်၌ အစီအရီ တွေ့ရပါ၏။ ရှင်ပြုနားသ အလှူတော်မင်္ဂလာနှင့် ထိမ်းမြားမင်္ဂလာဖိတ်စာများသာ အများဆုံး ဖြစ်ပါသည်။

ထိုဖိတ်စာများကြားတွင် ထူးခြားသည့် ဖိတ်စာလေးကို တွေ့ရ၍ အသာအယာ ဆွဲယူဖတ်မိသည်။

"ဆရာတော် ဘဒ္ဒန္တနေမိန္ဒ၏
(၂)နှစ်ပြည့် နှစ်ပတ်လည်
ရည်စူးကုသိုလ်တော် ဖိတ်ကြားလွှာ"

ကမ္ပည်းထိုးထားသည့် ဖိတ်စာလေး ဖြစ်သည်ကို တွေ့ရသည်။

ဩော်...ဘာလိုလိုနှင့် ကျေးဇူးရှင်ဆရာတော်ဘုရား ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်မှာ (၂)နှစ်တောင် ပြည့်ခဲ့ပါပြီကော။

ဆရာတော်၏ ကျေးဇူးတော်များကို ပြန်လည် တွေးတောရင်း လွန်ခဲ့သော နှစ်(၃၀)ကျော်ကာလဖြစ်သည့် အတိတ်၏ အရိပ်များကို ပြန်လည် လွမ်းဆွတ်တမ်းတမိပါတော့သည်။

* * *

မောင်အုံ့ ဝန်ထမ်းဘဝဖြင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ ရောက်ရှိစဉ် ၁၉၈၂ ခုနှစ် ပတ်ဝန်းကျင်ကာလများက လွိုင်ကော်မြို့မှာ ယခုလို စည်ပင်ဖွံ့ဖြိုးမှု မရှိသေးပါ။ မြို့မှ (၅)မိုင်ကျော်လျှင်ပင် လုံခြုံရေးကန့်သတ်နယ်မြေ ဖြစ်ပါသည်။

မောင်အုံ့တို့ ဝန်ထမ်းများ နေထိုင်ခဲ့ရသော အိုးအိမ်ဦးစီးဌာနပိုင် တိုက်(၆)လုံးတန်းဆိုလျှင် ထိုစဉ်က မြို့မြောက်ဘက် အစွန်ဆုံးတွင်ရှိပြီး ယင်း၏မြောက်ဘက်တွင် ရဲကင်းစခန်းလေး တစ်ခုနှင့် ကွင်းပြင်ကျယ်ကြီးသာ ရှိပါတော့သည်။

**[ယခုအခါ မောင်အုံ့ နေခဲ့ဖူးသော တိုက်(၆)လုံးကို ဖျက်၍ အသစ်တိုက်ခန်းများ ဆောက်နေပြီ ဖြစ်သလို၊ အသစ်အသစ် ဆောက်လုပ်ပြီးသော တိုက်ခန်းအသစ်များ၊ သုံးထပ်တိုက်ခန်း၊ အသစ်များဖြင့် တိုးတက်ဖွံ့ဖြိုးလျက် ရှိနေပါပြီ။]**

ကွင်းပြင်ကျယ်ကြီးကို ကျော်ပါက "ကြိုဆိုပါ၏"ဟူသော မြို့၏ ဆိုင်းဘုတ်လေးသာရှိပြီး၊ ထိုမှ မိုင်ဝက်ခန့် အကွာတွင် **ဆရာတော် ဘဒ္ဒန္တနေမိန္ဒ** သီတင်းသုံးရာ"**မြို့ဦးကျောင်းတိုက်**" တည်ရှိပါသည်။

ထိုစဉ်က နှစ်ဧကခန့် ကျယ်ဝန်းသည့် မြေပေါ်တွင် သစ်သား နှစ်ထပ်ကျောင်းလေးဖြင့် ဆရာတော်တစ်ပါးတည်းသာ ကေစာ ကျင့်သုံးနေထိုင်သည့် အချိန်ဖြစ်သည်။

ဆရာတော်သည် ခရစ်နှစ် ၁၉၄၉ ခုနှစ်တွင် ဖွားမြင်ပြီး ခမည်းတော်ဦးပုံ၊ မယ်တော်ဒေါ်စိန်ပွင့်တို့၏ တတိယမြောက် ရင်သွေးရတနာ ဖြစ်သည်။

မွေးဖွားရာဇာတိမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ သစ်ချိုကျေးရွာဖြစ်သည်။ ရဟန်းဘဝသို့ ရောက်စမှပင် လွိုင်ကော်မြို့သို့ ရောက်ရှိခဲ့ပြီး မင်းကျောင်းတိုက်ကြီးတွင် ပရိယတ်,ပဋိပတ်တို့ကို သင်ကြားနာယူအားထုတ်ခဲ့သည်။

မြို့ဦးကျောင်းတွင် ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးနေစဉ် စာပေးစာယူ တက္ကသိုလ်ကျောင်းသားများအား မြန်မာစာ၊ ပါဠိနှင့် အင်္ဂလိပ်စာ ဘာသာများကို သင်ကြားပေးခဲ့သည်။

လွိုင်ကော်တက္ကသိုလ် ဖွင့်လှစ်ပြီးသည့်အခါမှာလည်း ပါမောက္ခချုပ် ဆရာကြီးဦးစိန်ဦး အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် ဆရာ/ဆရာမများ၏ အားထားပူဇော် ကိုးကွယ်ရာ ဆရာ ဒကာများအဖြစ် ဘဝနတ်ထံ ပျံလွန်ချိန်ထိ ရှိနေခဲ့ပါသည်။

မောင်အံ့တို့၏ ကျေးဇူးရှင် ဆရာတော်ဖြစ်ကြောင်း တင်ပြပါဦးမည်။ မောင်အံ့တို့ဟု ဆိုရခြင်းမှာ တိုက်(၆)လုံးတန်းတွင် အတူနေ တစ်ဌာနတည်းမှ ဝန်ထမ်း(၅)ဦးရှိ၍ ဖြစ်ပါသည်။

လူပျိုလူလွတ် ဝန်ထမ်းများ ဖြစ်သည့် အားလျော်စွာ သောက်သောက်စားစားနှင့် တစ်ပတ် (၂၀)ရက်ကျော်လျှင် ရသည့် လစာလေးများမှာ တစ်ကျပ်မျှ မကျန်အောင် ကုန်ကြပါတော့၏။

ထိုအခါ မောင်အံ့တို့၏ အားကိုးရာမှာ မြို့ဦးကျောင်းဆရာတော်ကြီး ဖြစ်ပါသည်။ နံနက်လင်းသည်နှင့် မျက်နှာသစ်ကာ တိုက်(၆)လုံးအခန်းမှ မြို့ဦးကျောင်းသို့ ခြေကျင် ယွန်းကြပါသည်။

ကျောင်းဝေယျာဝစ္စကိုလုပ်၊ နံနက်စာနှင့် နေ့လယ်စာများကိုပါ တပေါင်းတည်း စားပြီး (၂)မိုင်ခန့် ဝေးသည့် ရုံးသို့ ချီတက်ကြပါသည်။ ညနေရုံးဆင်းပြန်တော့လည်း တိုက်ခန်းကို မပြန်သေးဘဲ ဆရာတော့်ကျောင်းကို ညစာအတွက် တန်းသွားကြပါသည်။

ဆရာတော်မှာ ငြီုငြင်မှု၊ တွန့်တိုမှု လုံးဝမရှိဘဲ တပြုံးပြုံးနှင့် ပီတိဖုံးကာ ရှိသမျှ စားဖွယ်ရာများကို ချကျွေးသည့်အပြင် ကျက်သရေခန်းထဲမှ ဆန်ကိုလိုသလောက် ယူစေကာ ညစာ ချက်စေခဲ့ပါသည်။

ဤသည်မှာ တစ်နေ့၊ တစ်ည၊ တစ်ခဏ မဟုတ်ပါ။ လစဉ် ရက်(၂၀) ကျော်လာပြီဆိုလျှင် ဆရာတော်၏ ဒါနတစ်ခုလို ဖြစ်နေပြီး ၁၉၈၇ ခုနှစ် ရောက်၍ မောင်အံ့ ဖားဆောင်းမြို့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရချိန်ထိ ဖြစ်ပါသည်။

ပြောင်းရွှေ့ခဲ့သော်လည်း ဆရာတပည့် ဆက်ဆံရေးကား မပျက်ခဲ့ပါ။ လှိုင်ကော်ကို ရောက်သည့်အခါတိုင်း ဆရာတော် ဦးတိုက်ရှိခိုးမြဲ ဖြစ်ပါသည်။ သို့ဖြစ်၍ ဆရာတော်ကြီးသည် မောင်အံ့တို့၏ ကျေးဇူးရှင်အစစ် ဖြစ်ပါတော့သည်။

ဆရာတော်မှာ ဆင်းရဲနွမ်းပါးသူများကို ကျွေးမွေးပြုစုရုံမျှမက လူ့စရိုက်နှင့် လိုက်လျောညီထွေစွာ ဆုံးမသွန်သင်မှုများလည်း ပေးခဲ့သူဖြစ်သည်။

ဆိုခဲ့ပြီးသည့်အတိုင်း မောင်အံ့တို့မှာ လူငယ်ပီပီ အသောက်အစားများ ရှိခဲ့ရာ ဆရာတော်က သင်ခန်းစာယူဖွယ်ရာ နည်းယူစရာများဖြင့် ဗုဒ္ဓအဆုံးအမ တရားဓမ္မများကို သွန်သင်ညွှန်ပြပေးခဲ့သဖြင့် မောင်အံ့တို့ လူမိုက်တစ်စု မိုက်ဇာတ်များ ဇာတ်ခန်းရပ်ခဲ့ရသည်။

ဆရာတော်သည် သူတစ်ပါးအား တရားပြ သွန်သင်ဆုံးမတတ်သလို သူကိုယ်တိုင်လည်း ဝိပဿနာအလုပ်များကို တစ်နေ့မပျက် အားထုတ်ခဲ့သည်။

အချိန်ရလျှင် မူတင်အကျင့်မြတ် (၁၃)ရပ်ကိုလည်း စီးဖြန်းလေ့ရှိသည်။ တချို့ဒကာများကဆိုလျှင် "**ဆရာတော်ကြီးမှာ သိဒ္ဓိပေါက်နေပြီ**"ဟု ပြောဆိုသည်ကို ကြားရသည်။

အလျဉ်းသင့်သဖြင့် ဒကာတို့၏ ယုံကြည်မှုအချို့ကို တင်ပြပါဦးမည်။ တစ်ညနေ မောင်အံ့တို့ ညစာအတွက် ချက်ပြုတ်နေကြစဉ် ဆရာတော်ကို ဆည်းကပ်ကိုးကွယ်နေသော ဒကာတစ်ယောက် ရောက်လာပါသည်။

'ဒကာကြီး မောင်သစ်(အမည်ရင်းမဟုတ်ပါ။) နေဝင်မိုးချုပ် ဘာကိစ္စများရှိလို့တုန်းကွ၊ အံ့မယ် လက်ထဲမှာလဲ ဘာတွေလဲ...များလှပါလားဟ'

'မှန်ပါဘုရား... ဆရာတော်ပေးတဲ့ ဂဏန်းလေးကို ထိုင်းထီထိုးတာ ပေါက်လို့ လှူဖွယ်ပစ္စည်းလေးတွေ လာကန်တော့တာပါ ဘုရား'

'ဟဲ့...မင်းကို ဘယ်တုန်းက ဂဏန်းပေးဖူးလို့လဲကွ။ ဒီအလုပ်တွေ ငါ မလုပ်ရပါလား မောင်ရာ။ ဒီလိုလောင်းကစားလို့ ရတဲ့ငွေနဲ့ ဝယ်လာတဲ့ အလှူပစ္စည်းတွေကိုလဲ လက်မခံဘူး။ ပြန်ယူသွား'

'အဲဒီလိုတော့ မလုပ်ပါနဲ့ဘုရား၊ အရင်အပတ် တပည့်တော် လာတုန်းက အရှင်ဘုရားကို အသိမပေးဘဲ တပည့်တော် စိတ်ထဲက အဓိဋ္ဌာန်ပြီး ဂဏန်းတောင်းကြည့်ပါတယ် ဘုရား။

ဘုန်းဘုန်းက တပည့်တော်ကို ထူးထူးခြားခြား ပေါက်ပေါက်ဆုပ် ချကျွေးတာကို အတိတ်ယူပြီး ထိုးလိုက်တာ ပေါက်တာကြောင့် ဝမ်းသာလွန်းလို့ လာလှူရတာပါဘုရား။

ဘုန်းဘုန်း စရဏအားကောင်းပြီး သိဒ္ဓိပေါက်နေပြီလို့ ယုံကြည်တာကြောင့် ကြည်ညိုလွန်းလို့ပါဘုရား'

ဆရာတော်ကြီးမှာ လွန်စွာ ဒေါသထွက်ပြီး လှူဖွယ်ပစ္စည်းများကို လက်မခံဘဲ ထိုပုဂ္ဂိုလ်အား မောင်းထုတ်ခဲ့သည်ကို ကြုံခဲ့ရဖူးပါသည်။

(၅)နှစ်တာမျှ ဆရာတော်၏ ကျွေးမွေးထောက်ပံ့မှုကို ခံယူရင်း ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလထဲတွင် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရမည့် ဒေသသို့ မသွားမီ ဆုံးမဩဝါဒများ ခံယူရန် ဆရာတော်ထံ ရောက်ရှိခဲ့သည်။

'ဒကာမောင်အံ့ လာကွယ်၊ မင်းလဲ





www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရွှေ့ရတော့မယ်ဆိုတာ ဘယ်ရက်လောက် သွားမလဲ။ ဘုန်းဘုန်းက ဘာတွေ ချီးမြှင့်ရမလဲကွ'

ဟု အပြုံးနှင့် ဆီးကြိုခဲ့သည်။

'ဘာမှ မလိုတော့ပါဘူး ဘုရား၊ ဘုန်းဘုန်းရဲ့ ပဋိသန္ဓာရစကား ချီးမြှင့်တာနဲ့တင် တပည့်တော် အားရှိလှပါပြီ ဘုရား။ ပြောင်းရွှေ့ရမယ့် ဒေသကလဲ ဒီပြည်နယ်ထဲမှာဆိုတော့ လွှိုင်ကော်ရောက်တိုင်း ဘုန်းဘုန်းဆီ အမြဲလာပြီး ဦးခိုက်နေမှာပါဘုရား။

တပည့်တော် တစ်ခုတော့ တောင်းခံလိုပါတယ်ဘုရား။ တပည့်တော် သွားမယ့်ဒေသက လုံခြုံရေး စိတ်မချရတာမို့ အရံအတား တရားတော်များ အဆောင်ကောင်းများ ချီးမြှင့်ပေးပါလို့ လျှောက်ထားအပ်ပါတယ် ဘုရား'

'အေး...ပေးရမှာပေါ့ကွယ်။ အချိန်တိုင်း၊ အခါတိုင်း၊ နေရာတိုင်းမှာ ရတနာသုံးပါးကို ကိုးကွယ်အားထားပါ။ အနန္တောအနန္တငါးပါးကို မမေ့ပါနဲ့။

အရံအတားဆိုတဲ့အတိုင်းပဲ ပရိတ်တော်၊ တရားတော်တွေကို အမြဲ ရွတ်ဖတ်သရဇ္ဈာယ်ပါ။

နောင် သံသရာအတွက်လဲ ဒါန သီလ ဘာဝနာ အလုပ်တွေကိုလဲ တတ်စွမ်းသမျှ လုပ်ဆောင်ပါလို့ ဘုန်းဘုန်းက အမှာစကား လက်ဆောင်ကောင်းတွေ ပေးလိုက်ပါတယ်'

'ကျေးဇူးကြီးလှပါတယ် ဘုရား၊ အခုလို ကြုံတုန်း တပည့်တော် သိချင်ရချင်တဲ့ သိဒ္ဓိပိုင်းဆိုင်ရာ တရားများနဲ့ ကျင့်ကြံအားထုတ်မှုတွေကို ရှင်းပြစေချင်ပါတယ်ဘုရား။

ဒကာတွေက ဘုန်းဘုန်းကို သိဒ္ဓိပေါက်နေပြီလို့ ယုံကြည်နေကြလို့ အခုလို လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား'

'အင်း... မောင်အံ့တို့က ဘုန်းဘုန်းကို



အရမ်း အထင်ကြီးနေကြတာကိုး။ ဘုန်းဘုန်း ဘာသိဒ္ဓိမှ မပေါက်သေးပါဘူး။ အေး... ဒါပေမယ့် (၁၀)ပါးသော သိဒ္ဓိတန်ခိုးတွေနဲ့ ပြည့်စုံတဲ့ တို့များရဲ့ မြတ်စွာဘုရား အရှင်မြတ်ကြီးကိုတော့ အမြဲရှိခိုးဆည်းကပ် ပူဇော်တယ်ကွ။

သိဒ္ဓိ(၁၀)ပါး ရှိခိုးဂါထာဆိုတာလဲ အထင်အရှား ရှိပြီးသားပါလေ။ အဲဒီ သိဒ္ဓိတင်ဂါထာနဲ့ မြတ်စွာဘုရားရဲ့ တန်ခိုးတော်၊ ဂုဏ်တော်တွေကြောင့် ဘုန်းဘုန်းရဲ့ လုပ်ကိုင်ပြောဆို ကြံစည်သမျှ အဆင်ပြေချောမော ပြီးမြောက်ခဲ့တာပါ။ ဒါတွေကို မြင်ပြီး ဘုန်းဘုန်းကို သိဒ္ဓိပေါက်နေတယ်လို့ ယူဆနေကြဟန် တူပါရဲ့ကွယ်'

'မှန်လှပါ ဘုရား...ဘုန်းဘုန်းအနေနဲ့ အပန်းမကြီးဘူးဆိုရင် တန်ခိုးထက်မြက်လှတဲ့ ဒီသိဒ္ဓိ(၁၀)ပါးဂါထာတော်ကို ချီးမြှင့်ပေးဖို့ လျှောက်ထားအပ်ပါတယ် ဘုရား'

'ကဲ...ကဲ...ငါ့တပည့်ကြီး လိုချင်လှတယ်ဆိုရင်တော့ ဘုန်းဘုန်း ချီးမြှင့်ပေးပါမယ်။ ဒီဂါထာက သိဒ္ဓိ(၁၀)ပါးနဲ့ ပြည့်စုံတဲ့ ဘုရားရှင်ကို ရှိခိုးကန်တော့တဲ့ ဂါထာပါပဲ။ တန်ခိုးဂုဏ်တော်ကတော့ အလွန်ကြီးတာပေါ့။

ဒီဂါထာကို မနက်,နေ့လယ်,ညစသဖြင့် (၉)ခေါက်စီရွတ်ပါ။ အားတဲ့အချိန်၊ သတိရတဲ့ အချိန်တိုင်း ရွတ်ပွားနေရင်တော့ အကောင်းဆုံးပေါ့။ ကြံသမျှ ဆန္ဒတွေ ပြည့်စုံပြီး လုပ်သမျှ မှုချအောင်မြင်ပါလိမ့်မယ်။

အန္တရာယ်ဟူသမျှ ကင်းပစေမယ်ဆိုတာတော့ အထူး မပြောလိုတော့ပါဘူး။ အေး...တစ်ခုတော့ရှိတယ်။ ငါးပါးသီလတော့ အထူးလုံခြုံပါလို့ မှာလိုက်ပါရစေ။ ကဲ...လိုက်ရေးပေတော့'

<u>သိဒ္ဓိ(၁၀)ပါး ဂါထာတော်</u>

သမာဓိ ဉာဏဝိပ္ဖါရာ၊ အဓိဋ္ဌာန ဝိကုဗ္ဗနာ၊ မနောမယာ ရိယာဣဒ္ဓိ၊ တထာကမ္မ ဝိပါကဇာ ဝိဇ္ဇာမယာ ပုညဝတော၊ ပယောဂ ပစ္စယိဒ္ဓိတိ၊ အဂ္ဂပတ္တံ ဒသိဒ္ဓိနံ၊ ပါဋိဟာရံ ကရုံနမေ။

ခက်ခဲသော ပါဠိအသံထွက်

**ဉာဏဝိပ္ဖါရာ** = ညနဝိပ်ဖာရာ
**အဓိဋ္ဌာန** = အဓိတ်ထာန
**ဝိကုဗ္ဗနာ** = ဝိကုပ်ဗနာ
**ရိယာဣဒ္ဓိ** = ရိယာအိတ်ဓိ
**ကမ္မ** = ကမ်မ
**ဝိဇ္ဇာ** = ဝိတ်ဇာ
**ပုညဝတော** = ပုန်ညဝတော
**ပစ္စယိဒ္ဓိတိ** = ပစ်စယိတ်ဓိတိ
**အဂ္ဂပတ္တံ** = အက်ဂပတ်တံ
**ဒသိဒ္ဓိနံ** = ဒသိတ်ဓိနံ
**ပါဋိဟာရံ** = ပါတိဟာရံ

အနက်

၁။**သမာဓိဉာဏဝိပ္ဖါရာ** – သမာဓိ ပျံ့နှံ့ခြင်း အရှိန်အဟုန်ကြောင့်ဖြစ်သော တန်ခိုး=သမာဓိဝိပ္ဖါရဣဒ္ဓိ၊

၂။အရဟတ္တမဂ်ဉာဏ်၏ ပျံ့နှံ့ခြင်း အရှိန်အဟုန်ကြောင့် ဖြစ်သော တန်ခိုး = ဉာဏဝိပ္ဖါရာဣဒ္ဓိလည်းကောင်း၊

၃။**အဓိဋ္ဌာနဝိကုဗ္ဗနာ**– အဓိဋ္ဌာန်ခြင်း အစွမ်းကြောင့်ဖြစ်သော တန်ခိုး= အဓိဋ္ဌာနိဒ္ဓိ၊

www.burmeseclassic.com

၄။ မိမိရုပ်အဆင်းမှတစ်ပါး အထူးထူးသော ရုပ်အဆင်းကို ပြုလုပ်ဖန်ဆင်းနိုင်သောတန်ခိုး=ဝိကုဗ္ဗနိဒ္ဓိလည်းကောင်း၊

၅။**မနောမယာရိယာဣဒ္ဓိ**–ဈာန်စိတ်ဖြင့် ပြီးသောတန်ခိုး=မနောမယိဒ္ဓိ၊

၆။အရိယာတို့၏ ဥစ္စာဖြစ်သောတန်ခိုး=အရိယိဒ္ဓိလည်းကောင်း၊

**တထာ**–ထိုမှတစ်ပါး၊

၇။**ကမ္မ ဝိပါကဇ** – ကံ၏အကျိုးကြောင့်ဖြစ်သောတန်ခိုး=ကမ္မဝိပါကဇိဒ္ဓိလည်းကောင်း၊

၈။**ဝိဇ္ဇာမယာ**–အတတ်ပညာကြောင့်ဖြစ်သောတန်ခိုး=ဝိဇ္ဇာမယိဒ္ဓိလည်းကောင်း၊

၉။**ပုညဝတော**–ပြုခဲ့သော ကုသိုလ်ကံ လွန်ကဲသောသူ (ဝါ) ကောင်းမှုအရှိန် ဘုန်းကံကြီးသောသူ၏ တန်ခိုး = ပုညဝတောဣဒ္ဓိလည်းကောင်း၊

၁၀။**ပယောဂပစ္စယိဒ္ဓိ**–သင့်လျော်စွာ ပြုမှုအားထုတ်ခြင်း စသည့် အကြောင်း အထောက်အပံ့ကြောင့် ဖြစ်သောတန်ခိုး=ပယောဂပစ္စယဣဒ္ဓိလည်းကောင်း၊

**ဣတိ**–ဤသို့၊ **ဒသိဒ္ဓိနံ**–ဆယ်ပါးသော ဣဒ္ဓိတို့တွင်၊ **အဂ္ဂပတ္တံ**–အထွတ်အထိပ်သို့ ရောက်တော်မူသော၊ **ပါဋိဟေရံ**–အံ့ဖွယ်အမျိုးမျိုး တန်ခိုးပြာဋိဟာကို၊ **ကရံ ကရန္တံ**–လူနတ်အများ ဖြဟ္မာများတို့ ထင်ရှားမသေွ မြင်ငြားစေရန် ပြုဖန်တော်မူသော မြတ်စွာဘုရားကို၊ **နမေ**–ရှိခိုးပါ၏။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ*



*ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

'မှန်လှပါ ဘုရား၊ ဂါထာတော်ကိုတော့ ရပါပြီဘုရား။ အနက်အဓိပ္ပါယ်ကို သိရရင်ဖြင့် အကျိုးအနန္တ ဖြစ်ရမှာပါဘုရား။ ဒါကြောင့် အနက်ပါ ရှင်းပြပေးစေချင်ပါတယ် ဘုရား'

မောင်အံ့၏ ထပ်ဆင့်လျှောက်ထားမှုအပေါ် ဆရာတော်က ရေနွေးကြမ်းတစ်ခွက်ကိုသောက် ချောင်းတစ်ချက်ဟန့် နှုတ်အာရှင်းပြီးနောက်...

'ဈာန်သမာပတ် ဉာဏ်တန်ခိုးတို့နှင့် ပြည့်စုံတော်မူသော၊ ဆောက်တည်ရသည့် အဓိဋ္ဌာန်ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော၊ အထူးထူးသော တန်ခိုးတော်တို့နှင့် ပြည့်စုံသော၊ စိတ်အကြံကို ပြီးမြောက်စေသည့် တန်ခိုးတော်နှင့် ပြည့်စုံသော...

လောကဓံတရားတို့မှ ကင်းဝေးရာ အရိယာသူတော်စင်တို့၏ တန်ခိုးတော်နှင့် ပြည့်စုံသော၊ အတိတ်ကုသိုလ်ကံ ဘုန်းလက်ရုံးနှင့် ပြည့်စုံသော၊ လုံ့လအားထုတ်မှုနှင့် ပြည့်စုံတော်မူသော၊ ထိုသဒ္ဓိဆယ်ပါး တန်ခိုးတော်များနှင့် ပြည့်စုံ၍ အထွတ်အထိပ်သို့ ရောက်တော်မူသော မြတ်စွာဘုရား အရှင်မြတ်ကြီးကို ထိုတပည့်တော်သည် ရှိသေမြတ်နိုး ရှိခိုးပါ၏ ဘုရား'

ကဲ... ဒါကတော့ သိဒ္ဓိဆယ်ပါး ဂါထာတော်ရဲ့ အနက်အဓိပ္ပါယ်အကျဉ်းပါပဲ။ ဒီအနက် သိထားပြီး နှလုံးသွင်းနိုင်ရင် ပိုကောင်းတာပေါ့'

ဟု ရှင်းပြမိန့်ကြားခဲ့ပါသည်။

မြို့ဦးကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒ ချီးမြှင့်ပေးသော သိဒ္ဓိ(၁၀)ပါး ဂါထာတော်ကို မိန့်မှာချက်နှင့်အညီ နံနက်,နေ့,ည (၉)ခေါက်စီ ရွတ်ပွားပူဇော်မှုကို နေ့စဉ် ဝတ္တရားတစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့သည်ကို ရိုးသားစွာ ဝန်ခံပါသည်။

သို့သော် သတိရသည့် အခါများတွင် ရွတ်ဆိုခြင်း၊ ဘုရားဂုဏ်တော်များနှင့် တွဲကာ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းများကို အခါအားလျော်စွာ ဆောင်ရွက်ခြင်းကပင် မောင်အံ့တစ်ယောက် ယခုချိန်တိုင်အောင်ပင် ကြီးမားသော အခက်အခဲ ပြဿနာ အန္တရာယ်များ ကြုံတွေ့ရခြင်းမျိုး မရှိခဲ့ဘဲ ဘဝကို အေးချမ်းသာယာစွာ လျှောက်လှမ်းနိုင်ခဲ့ပါကြောင်း ဖော်ပြအပ်ပါသည်။

သို့ပါ၍ စာရှုသူ သူတော်စင်များအနေနှင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီဖြစ်သော ဆရာတော်ကြီး၏ ဩဝါဒမိန့်မှာ လမ်းညွှန်ချက်တို့နှင့်အညီ ကျင့်ကြံပွားများ အားထုတ်ခြင်းဖြင့် သိဒ္ဓိအမျိုးမျိုး အကျိုးခံစားနိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းတင်ဆက်အပ်ပါသည်။

**[ဆရာတော်ကြီး ညွှန်ပြသည့် ဘုရားဂုဏ်တော်များနှင့် သိဒ္ဓိဆယ်ပါး အဓိဋ္ဌာန်ကျင့်စဉ်ကို ဆက်လက် တင်ပြသွားပါမည်။]**

**အံ့ကြွယ်**



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းကိုက်
# ဝမ်းသွားရောဂါ

## ပျောက်စေသောအစီအမံ ဂါထာစွမ်းအင် သိစေချင်

ရေဆိုသည်မှာ ထွက်ပေါက်ရှိမှ သန့်ရှင်း၏၊ ကြည်လင်၏။ ထို့အတူ ဓာတ်လေးပါးနှင့် တည်ဆောက်ထားသည့် လူ၏ခန္ဓာကိုယ်သည်လည်း အစာသစ်ဝင်ဖို့ အရေးတကြီးလိုအပ်သလို အစာဟောင်းထွက်ဖို့လည်း အရေးကြီး၏။

သို့သော် လိုအပ်သည်ထက်ဝင်ပြီး လိုအပ်သည်ထက် ထွက်ပြန်ရင်လည်း ဒုက္ခရောက်တတ်၏။

ထိုသို့ အစာမကြေ၍ အစာသစ်လက်မခံခြင်း၊ အစာကြေလွန်း၍လွန်ကဲစွာ ဝမ်းသွားခြင်းတို့ သက်သာပျောက်ကင်းစေရန် ဆေးထိုး၊ ဆေးစားလုပ်သည့်အခါဖြစ်စေ ဗမာဆေးဝယ်စားလျှင်ဖြစ်စေ ငွေကုန်ဦးမည်။

ယခုအစီအမံကား ငွေမကုန်ဘဲ သက်သာပျောက်ကင်း၏၊ ဒုက္ခလည်း မများပါ။ ဗမာဆေးနှင့် ယင်းအစီအမံများကို ယုံကြည်မှုနည်းသော စာရေးသူသည် အကြောင်းကိစ္စတစ်ခုနှင့် အလွန်ခေါင်သော ရွာတစ်ရွာသို့ရောက်ရင်း ရေပြောင်းအစာပြောင်းနှင့် တွေ့ပြီး ဝမ်းတွေ ဒလဟောသွားနေ၏။

ဆေးခန်းလည်းမရှိ၊ အင်္ဂလိပ်ဆေးလည်း ဝယ်မရနှင့် အကြီးအကျယ် ဒုက္ခရောက်နေ၏။

နောက်ဆုံး ရွာအသိမိတ်ဆွေတွေ အကူအညီနှင့် ဘုန်းကြီးကျောင်းဆရာတော်၏ကျောင်းမှ အစီအမံတွေကြောင့် ထိုဝမ်းသွားခြင်းရောဂါ ပျောက်ကင်းသက်သာခဲ့၏။

ဝမ်းသာခြင်း၊ ကျေးဇူးတင်ခြင်းနှင့်အတူ ထိုထူးဆန်းသော အစီအမံကို စူးစမ်းလိုစိတ်များ ယိုဖိတ်လာ၍ ဆရာတော့်ဆီသွားပြီး ချဉ်းကပ်တောင်းယူခဲ့ပါ၏။

သို့သော် လွယ်လွယ်နှင့်တော့မရ၊ အကြိမ်ကြိမ်အခါခါ တောင်းယူမှ ရသလို သည်အစီအမံ ပြုလုပ်ပေးသည့်အခါတွင်လည်း...

- ငွေကြေးဖြင့် မပြုလုပ်ပါ။
- လာဘ်ကို မမျှော်ကိုးပါ။
- စိတ်စေတနာ ကောင်းပါမည်။
- ပညာကို တန်ဖိုးထားပါမည်။
- မလိုအပ်တဲ့ သည်ပညာရပ်ကို လက်ဆင့်မကမ်းပါ။

စသော ကတိများပေးပြီးမှ တန်ဖိုးရှိရှိရခဲ့ခြင်းဖြစ်၏။

စာရေးသူနည်းတူ အခက်အခဲ အကျပ်အတည်းတွေ့လျှင် ချမ်းသာသုခရစေနိုင်ရန် ယခုတော့ ဤနည်း ဤအစီမံကို တစ်ဆင့် ဗီဇိတဒါန ပြုလိုက်ရပါ၏။

**အစီအမံပြုလုပ်နည်း**

၁။ ယခု အစီအမံပြုလုပ်တော့မည်ဆိုလျှင် ကိုယ်လက်သန့်ရှင်း၍ သီလကို စင်ကြယ်ပါစေ။

၂။ အပ်ချည်လုံးမှ ကြိုး(၇)ချောင်း ဝမ်းဗိုက်ပတ်လောက်ရုံ ဖြတ်ယူပါ။

၃။ ယင်း အပ်ချည်ကြိုးကို ဘုရားစင်ရှေ့မှာ...

'ဦ ဗုဒ္ဓသက္ခ၊ ဓမ္မသက္ခ၊ သံဃသက္ခ၊ မရဏာသွားဟာ'

ဟု ထိုဂါထာကို (၃၇)ခေါက်ရွတ်ပြီး ခါးမှာချည်ပေးပါ။ ထိုသို့ခါးမှာချည်၍ ပါးစပ်က အစာတွေ အန်ထွက်လျှင် ဤနည်းအတိုင်း **အပ်ချည်မျှင်(၇)ချောင်းနှင့် အထက်ပါဂါထာ (၃၇)ခေါက်ရွတ်ပြီး ထိုကြိုးကို လည်ပင်းမှာ စီးပေးလိုက်ပါ။**



ဝမ်းသွားခြင်း၊ ဝမ်းကိုက်ခြင်း၊ အထက်လှန်အောက်လျှော ရောဂါဝေဒနာများ ဒိဋ္ဌပျောက်ကင်းပါလိမ့်မည်။

***ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ...။***

**စလင်းဒီင်**

www.burmeseclassic.com

# တစ်ချက်ကောင်းဟောကွက်




ကြည့်ပါ။

**လက်သန်းသေးပြီး** တိုနေပါတယ်။ (A.A)

ဒါကတော့...

- ❖ ရှက်ရွံ့မယ်။
- ❖ ဆင်ခြင်တုံ အားနည်းမယ်။
- ❖ သားသမီးနည်းပါးမယ်။
- ❖ အကောင်းပါးမှုမရှိဘူး။
- ❖ တွဲတိုးပြောတတ်မယ်။
- ❖ နားလည်မှုလွဲမယ်။
- ❖ လူမှုရေးညံ့မယ်။
- ❖ လောကဝတ် မပြုတတ်ဘူး။
- ❖ ပရိယာယ်မာယာကင်းမယ်။
- ❖ ဘုဘောက်ကုလားလို ဖြစ်မယ်။
- ❖ စကားပြော မပြေပြစ်နိုင်ဘူး။
- ❖ ရှင်းရှင်းဘွင်းဘွင်း ပြောမယ်။

စသည်ဖြင့် ဟောပြောလို့ရပါတယ်။ လက္ခဏာရှင်ရဲ့ အမေးကို ကြည့်ပြီး အဖြေပေးလိုက်ရုံပါပဲ။ ဗဟုသုတ အလို့ငှာ တင်ပြပေးလိုက်ပါတယ်။

*ပရံ ရက္ခန္တော*
*အတ္တာနံ ရက္ခတိ*

ဦးသော်ခင် (တာသိတ)

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျီးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန်
(စက်မှု-ဂ)




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ဟော့... ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်၊ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့၊ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်၊ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လိုရှိပါသလဲ ဆရာ'

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည်အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမို့ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးညာဏ်ထွန်းရှိန် (စက်မှု-၃)**

www.burmeseclassic.com

www.burmeseclassic.com

ရှေးထုံးစဉ်လာ ဂါထာနှင့်

# ကုသိုလ်ယမြာ

ဇော်မြင့် (မြင်းခြံ)

'ဝင်းနိုင် ခုနက စကားပြန်ပြောဦး' ဟု အနည်းငယ် အသံမာမာဖြင့် ဆရာဦးအောင်သန်း ပြောလိုက်သည်။

'ဆရာ စဉ်းစားကြည့်လေ၊ ကျွန်တော်တို့ မြန်မာလူမျိုးက အလှူဒါန လက်နဲ့မကွာ ဆိုသလို ရာသီအလိုက် ဘုရားပွဲတွေ၊ နေ့စဉ်နေ့တိုင်း ဆွမ်းလောင်းတာ၊ တတ်အားသမျှ တောင်းရမ်းတဲ့လူတွေမကျန် တိရစ္ဆာန်တွေရော ကုသိုလ်တွေ ပြုနေလျက် ကျွန်တော်တို့ မြန်မာလူမျိုးတွေက ဘာဖြစ်လို့လဲ ပွဲပြာကျနေရလဲ ဆရာ'

ဟု ထပ်မံ ပြောလိုက်သည်။



'ဘယ်လို ပြောတာလဲ ဝင်းနိုင်၊ မြန်မာနိုင်ငံမှာ မြန်မာဗုဒ္ဓဘာသာ လူမျိုးဆိုတာ ကံနဲ့ ကံ၏အကျိုးကို ယုံကြည်ရမှာ၊ လှူဒါန်းတိုင်း ချမ်းသာလိမ့်မယ်လို့ မှတ်နေလား။

ပထမ ကုသိုလ်အကြောင်းတရားကို လုပ်ထားနိုင်မှ ဒုတိယကုသိုလ်ရဲ့ အကျိုးတရားကို ရရှိမှာ၊ မင်းက ခုရေတွင်းတူး ခုရေကြည်ကို လိုချင်လို့ ဘယ်မှာ ရနိုင်မှာတုံး'

ဟု ဆရာကြီးက ပြောလိုက်၏။

'အားမလို အားမရ ကျွန်တော် ဖြစ်နေလို့ပါဆရာ'

ဟု မျက်နှာငယ်ငယ်လေးဖြင့် ဝင်းနိုင်က ပြောလိုက်သည်။

'ဘာများ အားမလို အားမရ ဖြစ်နေတုန်း၊ ပြောကြည့်လေ'

'ဩော်...ကျွန်တော်တို့ နိုင်ငံက ထေရဝါဒနိုင်ငံ ဒါန,သီလ,ဘာဝနာ အလုပ်တွေ အားထုတ်နေတဲ့နိုင်ငံ၊ ဒါတောင်မှ လူအတော်များများ ဆင်းရဲတွင်းကြီးထဲက မထွက်နိုင်တာကို စဉ်းစားမိလို့ပါဆရာ'

'မင်း အတော်ခက်ဦးမယ့် ကောင်ပဲ'

ဟု ဆရာကြီးက ငေါက်ဆတ်ဆတ် ပြောလိုက်၏။

'ဘာများ ခက်ဦးမှာလဲ ဆရာ'

ဟု ဝင်းနိုင်က မေးလိုက်သည်။

'မင်းတို့ ငါတို့က ဖြစ်တတ် ပျက်တတ်တဲ့ ကာမဘုံသား သီလအားနည်းတယ်။ သီလအားမနည်းရင် ကိုယ်ကျင့်တရားက ဘယ်မှာရှိမတုံး။

ခုဘဝမှာ ကုသိုလ်ကောင်းမှုတွေ များများ လုပ်နေပေမယ့် အတိတ်ဘဝက အကုသိုလ် အကျိုးပေးတွေ မင်း မြင်နိုင်လား။ ကံ,ကံရဲ့ အကြောင်းနဲ့ အကျိုးပေးကို နားလည်ထားလား'

ဟု ဆရာကြီးက မေးလိုက်လေ၏။

မောင်ဝင်းနိုင်သည် စကားတစ်ခွန်းမျှ ပြန်ပြီးမပြောနိုင်ဘဲ ဆွံ့အနေသူကဲ့သို့ ဆရာကြီး၏ မျက်နှာကို ကြည့်နေလေ၏။

'ဘယ့်နှယ်လဲ ဆရာမေးတာ ဖြေဦး'

ဟု ဆရာကြီးက ထပ်ဆင့်မေးမြန်းလိုက်ပြန်ရာ...

'ဆရာပြောတဲ့ ကံနဲ့ကံရဲ့ အကြောင်းတရား အကျိုးတရားကို မသိဘူးဆရာ၊ ကျွန်တော်သိတာက တတ်နိုင်သမျှ ငွေနဲ့စာလေးနဲ့ လူတွေ လှူနေကြတာ မြင်နေရတော့ တို့မြန်မာတွေ ကုသိုလ်ကောင်းမှုတွေက အကျိုးမပေးတဲ့ ဘာကြောင့် ဆင်းရဲတွင်းနက်နေကြလဲ၊

လုပ်ထားတဲ့ ကုသိုလ်တွေ ဘယ်ရောက်နေလဲ၊ ကောင်းကျိုးမပေးဘူးရယ်လို့ စိတ်မှာ ကသောက်ကရောက် ဖြစ်နေလို့ပါ ဆရာ'

ဟု ပြောလိုက်သည်။

'**နတ္ထိဒိဋ္ဌိ**လို့ ဟောတဲ့အတိုင်း မင်း နတ္ထိကဒိဋ္ဌိ ဖြစ်တော့မယ် ဝင်းနိုင်'

'နတ္ထိကဒိဋ္ဌိဆိုတာ ဘယ်လို သဘောလဲ ဆရာ'

'မြန်မာ ဗုဒ္ဓဘာသာဝင်တိုင်း





www.burmeseclassic.com

www.burmeseclassic.com

ကံတရားလျှင် အကြောင်းခံ၊ အမွေခံ၊ ကံလျှင်မိမိဉစ္စာ၊ ကံတရားလျှင် မှီခိုရာရယ်လို့ အကြွင်းမဲ့ လက်ခံပြီး ယုံကြည်ထားရမှာ၊ လှူဒါန်းပေးကမ်းမှုတွေ အကျိုးမပေးဘူးလို့ ထင်မှတ်တာကို နတ္ထိကဒိဋ္ဌိ ခေါ်တယ်'

ဟု ပြောလိုက်ရ၏။

ဝင်းသည်နိုင်သည် နတ္ထိကဒိဋ္ဌိဆိုသော စကားကို မကြားဘူး၍လား မသိ၊ သူ၏စိတ်၌ သို့လော သို့လော စဉ်းစားနေပုံရှိသည်။

'ဒါဖြင့် ဆရာရယ်၊ တတ်နိုင်သမျှ ကောင်းမှုတွေ လုပ်နေပါလျက် ဘာဖြစ်လို့ ကောင်းကျိုးကို မရသေးတာတုံး'


ဟု မောင်ဝင်းနိုင်က မေးလိုက်သည်။

ကံတရားလေးပါး အကြောင်းနှင့် အကျိုး နားမလည်သူတိုင်း မောင်ဝင်းနိုင်လို စိတ်အတွေး ဖြစ်မည်ကား မလွဲပေ။

ကံလေးပါးတို့၏ အကြောင်းနှင့် အကျိုးဆက်တို့ကို ဘယ်က စ,ပြောရမည်ကို အစပျိုးရခက်သောကြောင့် ကျွန်ုပ်သည် အိုက်စပ်ပူလောင်စိတ် ဖြစ်လာ၏။

မိမိအနေဖြင့် စင်ကြယ်သော လှူဖွယ်ပစ္စည်း၊ မလှူခင် လှူဆဲ လှူပြီးနောက် စေတနာ ပြည့်စုံပါမှ အလှူခံပုဂ္ဂိုလ်သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာ စသော ပုဂ္ဂိုလ် ဖြစ်ရမည်ကို သာမန်မျှ သိထားသည်။ သူ့စိတ်ကို အာရုံပြောင်းဖို့ စဉ်းစားပြီး နောက်...

'ကဲ...မောင်ဝင်းနိုင် ကံတရားကိစ္စမှာ ဆရာရော မင်းပါ ခြေခြေမြစ်မြစ် သိကြတာ မဟုတ်ဘူး၊ ကံကိစ္စက ကြီးကျယ်လွန်းနေတယ်။ ချမ်းသာ ဆင်းရဲအကြောင်းကို ဆရာက မဖြေ



ရှင်းနိုင်မှတော့ မင်းဆို ဝေးလေပေါ့'

ဟု ပြောလိုက်ရ၏။

'ဟုတ်ပါတယ် ဆရာ'

ဟု မောင်ဝင်းနိုင်က ဖြေလိုက်သည်။

မောင်ဝင်းနိုင်သည် ကံကိစ္စကို နောက်ထပ်ပြောလိုစိတ် ရှိဟန်တူသည်။

ကျွန်ုပ်က သူ၏အနီးမှ ထကာ ဆေးပေါ့လိပ်ကို မီးညှိလိုက်သည်။

အဝေးသို့ ကြည့်ပြီး ဆေးလိပ်ကို ဖွာနေလိုက်သည်။ စကားဖြတ် အာရုံလွှဲခြင်းကို နားလည်သောကြောင့်လားမသိ နှစ်ဦးလုံး တိတ်ဆိတ်သွားသည်။

ခဏကြာသော်...

'မောင်ဝင်းနိုင် ဆရာ့ဆီလာခဲ့တာ၊ အလည်သက်သက်ပဲလား'

ဟု ကျွန်ုပ်ကပင် စပြီး မေးလိုက်သည်။

'ကိစ္စလေးနည်းနည်းတော့ ပါလာတယ် ဆရာ၊ ဆရာ့ကို မေးရဦးမယ်'

'လာပြန်ပြီလား ဝင်းနိုင်၊ အမေးစမ်းကများလှချည်လား၊ ဘာများ မေးဦးမှာလဲ'

'ကျွန်တော့်ရဲ့ မိခင်က ဒီနှစ်မှာ ကျန်းမာရေးက တစ်ခုမဟုတ် တစ်ခု ခဏခဏ ချူချာတယ်။ ဆေးခန်းလဲ မကြာမကြာ သွားနေရတာ၊ ကျန်းမာရေးကောင်းလာနိုင်တဲ့ နည်းလေးတစ်ခုလောက် တောင်းချင်လို့ ဆရာ့ဆီ လာခဲ့တာ'

'လာခဲ့မှတော့ ပေးမှာပေါ့၊ ကျန်းမာရေးကောင်းအောင် နေ့စဉ် ရွတ်ဆိုရမယ့် ဂါထာမန္တရားကို ယူမှာလား၊ ကိုယ်မှာဆောင်ထားရမယ့် အင်းလက်ဖွဲ့ကို ယူမှာလား၊ ဒါမှမဟုတ် ကျန်းမာရေး ကောင်းစေတတ်တဲ့ ကုသိုလ်ယတြာနည်းကို ယူမှာလား'

ဟု ကျွန်ုပ်က မေးလိုက်၏။

'စိတ်ထဲ ရှင်းအောင် မေးပါရစေလား ဆရာ'

'မေးလေ ဘာမေးချင်တုံး'

'ဂါထာကို ရွတ်ဆိုလို့ ကျန်းမာရေးကောင်းဖို့ကို ရနိုင်လား ဆရာ'

'ရနိုင်တယ် မောင်ဝင်းနိုင်၊ မောရသုတ်ပရိတ်တော်မှာ ရွှေဒေါင်းမင်း နံနက်,ညနေ ဝင်မှာဂါထာကို ရွတ်လို့ ဘေးရန်ကင်းပြီး အသက်ရှည်စွာ နေရတယ်လို့ပါတယ်။

ဒုဋ္ဌဂါမဏိမင်းကြီးတို့၊ သထုံပြည်မနူဟာမင်းတို့ စစ်ကိုင်းစည်သူကျော်ထင်မင်းတို့လဲ ဂါထာရွတ်ခဲ့တဲ့ အထောက်အထားရှိတယ်'

ဟု ကျွန်ုပ်က မောင်ဝင်းနိုင်ကို ပြောပြလိုက်၏။

'ဟုတ်ကဲ့၊ အဲဒီတော့ ကျွန်တော့်မိခင်အတွက်ဆို ဂါထာကော ကုသိုလ်ယတြာပါ နှစ်မျိုးလုပ်ပေးပါ ဆရာ'

'အင်း...ယတြာဆိုရင် ကြာဦးမှာ ဝင်းနိုင်'

'ဒါဖြင့် ဆရာရယ်... ဂါထာနဲ့ ကုသိုလ်ယတြာကို ပေးပါဆရာ'

ကျွန်ုပ်သည် မှတ်စုစာအုပ်ကို ယူလိုက်ပြီး မောင်ဝင်းနိုင်၏ မိခင်ဇာတာ ပုံစံကို အတန်ကြာ ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရသဖြင့်...

'မောင်ဝင်းနိုင် မိခင်ဇာတာမှာ မွေးနံနဲ့ လက်ကြိုဟ်ထက်မှာ ကောဇာ စနေဂြိုဟ်က စီးထားသလို သုံးတန့်ပေါ်နိစ်ကို ကြည့်ပြန်တော့ မွေးနံက တိုင်ခြေမြေလူးကို ရောက်နေတော့ ကျန်းမာရေးက ညံ့ရောပေါ့ ဝင်းနိုင်။

ရာသီဥတု အစားအသောက် အသွားအလာ မဆင်ခြင်လို့ကတော့ ဒါထက် ကျန်းမာရေက ဆိုးရွားလာနိုင်တယ်'

ဟု ကျွန်ုပ် ပြောလိုက်ရသည်။

'ဆရာ ပြောသလိုဆို ကျန်းမာရေးက ညံ့ဦးမှာပေါ့'

'ဟုတ်တယ် ဝင်းနိုင်၊ ကျန်းမာရေးဂရုစိုက်ရမယ့် နှစ်ပဲ'

'ဒါဖြင့် ဆရာ ကျန်းမာရေးကောင်းနိုင်မယ့် နည်းလမ်းကို ပြောပြပါဦး'

ဟု မောင်ဝင်းနိုင်က တောင်းလိုက်သည်။

'စနေဂြိုဟ်စီးအတွက် ရှေးထုံးစဉ်လာ ကုသိုလ်ယကြာက ရှုံ့ဖွက်ထူထပ် သွားလာလို့ ခက်ခဲတဲ့နေရာမှာ မြေဖို့ပေးခြင်း၊ တံတား(ပျဉ်ပြားချ၊ ဝါးလုံးချ)ခင်းပေးခြင်း။

လမ်းပေါ်ရှိ အမှိုက်သူးသစ်ခက် စတာတွေကို မိခင် ကျန်းမာရေးကောင်းစေရန် ဆုတောင်းရှင်းလင်းပေးခြင်း၊ ရေလှူခြင်းကုသိုလ်ကောင်းမှုများက ကြီးမားသော အကုသိုလ်ကံများ မပါမရှိရင် ဖြစ်ပေါ်နေတဲ့ ကျန်းမာရေးအညံ့ကို ဟန့်တားလို့ ရတယ်။ အသက်အန္တရာယ်ကို မကျရောက်နိုင်ဘူး'

ဟု ကျွန်ုပ်က ပြောလိုက်ရ၏။

မောင်ဝင်းနိုင်သည် ကျွန်ုပ်ပြောသော စကားတို့ကို အဝေးသို့ မကြည့်ဘဲ မျက်လွှာချပြီး ဂဃနဏ မှတ်နေပုံကို တွေ့မြင်ရသည်။

'ဆရာပြောတာ မှတ်မိရဲ့လား'

ဟု မေးလိုက်သည်။



'ဒီလောက်တော့ မှတ်မိပါတယ် ဆရာ'

ဟု ခေါင်းညိတ်ပြီး ဖြေလိုက်သည်။

'နောက် ဂါထာနည်းကို မှတ်လိုက်ဦး'

'ဟုတ်ကဲ့ ပြောပါဆရာ'

'ခု ပြောမှာက ဂါထာပဲ။ ဂါထာဆိုတော့ အလွတ်မှတ်နိုင်ပါ့မလား'

ဟု ကျွန်ုပ် မေးလိုက်သည်။

'အလွတ်တော့ ကျွန်တော် မှတ်နိုင်မှာ မဟုတ်ဘူးဆရာ၊ ဆရာ ပြောပြတာကို နောက်ကလိုက်ပြီး ရေးမှတ်ပါရစေ'

ဟု ပြောလိုက်သည်။

'အေး... ရတယ်၊ ဘောလ်ပင်နဲ့ စာရွက်ကို ထုတ်လိုက်'

မောင်ဝင်းနိုင်သည် အိတ်ကပ်ထဲမှ စာရွက်ရှည်နှင့် ဘောလ်ပင်ကို ထုတ်လိုက်ပြီး အသင့်ရေးဟန် ပြုလိုက်သည်။

'ကဲ လိုက်ပြီးရေး **အဋ္ဌာရသဟတ္ထုဗ္ဗေဓေါ......**'

ဟု ကျွန်ုပ် ရွတ်ဆိုလိုက်သည်။

'ဟိုး...ရပ်ပါဦးဆရာ၊'

'ဘာဖြစ်လို့တုံး'

ဟု ကျွန်ုပ်က မေးလိုက်ရသည်။

'ကျွန်တော် ဆရာရွတ်ဆိုသံကို မရေးမတတ်သလို ဖြစ်နေတယ်'

'ခေတ်ပညာတတ် လူငယ်တစ်ယောက် ဖြစ်လင့်ကစား ပါဠိစာပေကို များများမဖတ်ဘူးရင်၊ ဖတ်ဖူးသော်လဲ အလေ့အကျင့် မရှိသေးပါက မှန်အောင်ရေးနိုင်ဖို့မှာ မလွယ်ကူလှ'

ဟု ကျွန်ုပ်သည် စိတ်ထဲမှ ပြောလိုက်သော်လည်း အသံမှာ ထွက်မလာခဲ့။

မောင်ဝင်းနိုင်ဆီက ဘောလ်ပင်နှင့် စက္ကူကို ယူလိုက်ပြီး အောက်ပါအတိုင်း ရေးနေလိုက်သည်။

၁။ အဋ္ဌာရသ ဟတ္ထုဗ္ဗေဓော
ဂေါတမော သကျပုင်္ဂဝေါ၊
သဗ္ဗညူ သဗ္ဗတိလကော၊
သဗ္ဗလောက သုခပ္ပဒေါ။


၂။ သမ္ဗုဒ္ဓေါ သဗ္ဗဓမ္မာနံ
ဘာဂေဟိ ဘာဂျဝါယုတော၊
ဝိဇ္ဇာစရဏသမ္ပန္နော၊
သောတ္ထိ၁ ရောဂ်ဒြါတုနော၊

အနက်

၁။ **သကျပုင်္ဂဝေါ**–သာကီဝင် မင်းတို့၏ နှလုံးကို ပွားစေတတ်သော၊ **သဗ္ဗညူ**–အလုံးစုံသော တရားတို့ကို သိတော်မူသော၊ **သဗ္ဗတိလကော**–ခပ်သိမ်းသော လောက၏ မှန်ကူသဖွယ် ဖြစ်တော်မူသော၊ **သဗ္ဗလောကသုခပ္ပဒေါ**– အလုံးစုံသော သတ္တလောကအား ချမ်းသာကို ပေးတော်မူသော၊ **ဂေါတမော**–ဂေါတမအနွယ်ဖွား မြတ်စွာဘုရားသည်၊ **အဋ္ဌာရသဟတ္ထုဗ္ဗေဓော**–ဉာဏ်တော်တွက်စစ် ဆယ့်ရှစ်တောင် မြင့်တော်မူပါပေ၏။

၂။ **သဗ္ဗဓမ္မာနံ** – ခပ်သိမ်းသော တရားတို့ကို၊ **သမ္ဗုဒ္ဓေါ**–ကိုယ်တိုင် မှန်စွာ

www.burmeseclassic.com



သိတော်မူသော၊ **ဘဂဝါ**– ဘဂ ဆိုငြား ဘုန်းခြောက်ပါးတို့နှင့်၊ **ယုတော** – ယှဉ်သည်ဖြစ်၍၊ **ဘဂျဝါ**–ဘုန်းကျက်သရေ ရှိတော်မူသော၊ **ဝိဇ္ဇာစရဏသမ္ပန္နော**– သုံးပါးရှစ်ဖြာ မြတ်ဝိဇ္ဇာနှင့် ကျင့်ရာမများ ဆယ့်ငါးပါးသော စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ **နော**–အကျွန်ုပ်တို့အား၊ **သောတ္ထာရောဂျံ**– ချမ်းသာမယွင်း ကျန်းမာခြင်းကို၊ **ဒဒါတု**–ပေးတော်မူပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

မောင်ဝင်းနိုင်သည် ကျွန်ုပ် ရေးနေသမျှကို စူးစူးစိုက်စိုက် ကြည့်နေသော်လည်း ဖတ်တတ် ရွတ်ဆိုတတ်မည့်ပုံ မရ ဖြစ်နေမှန်းကို သဘောပေါက်မိသဖြင့် ...

"မောင်ဝင်းနိုင်"ဟု ခေါ်လိုက်ရသည်။

"ဗျာ...ဆရာ"ဟု သူက စာရွက်ကို ငုံ့ကြည့်လျက် ထူးလိုက်၏။

'အောက်က ပါဠိကို မြန်မာရွတ်သံလေး ရေးပေးရဦးမလား'

ဟု မေးလိုက်ရပြန်သည်။

'အဲဒီလိုဆို ကောင်းမှကောင်းပေါ့ ဆရာ'

ကျွန်ုပ် မြန်မာအသံထွက်တတ်ရန် အောက်မှာ ဆက်ရေးရပြန်သည်။

၁။ အပ်ထာရသ ဟတ်ထုတ်ဆေဝေါ
ဂေါတမော သက်ကျပတ်ခနော။
သတ်ဗင်ညူ သတ်ဗတိလကော
သတ်ဗလောက သုခပ်ပဒေါ၊
သမ်ဗုတ်ဓေါ သတ်ဗဓမ်မာနံ၊
ဘဂေဟိ ဘာဂျဝါယုတော။
ဝိတ်ဇာစရဏ သမ်ပန်နော၊
သွတ်ထရာ ရောဂျံ ဒဒါတုနော။

ရေးပြီး စာရွက် မောင်ဝင်းနိုင်ရှေ့သို့ တိုးပေးလိုက်သည်။

'ဒီလိုရေးတော့ ရွတ်ဖတ်နိုင်ပါ့မလား မောင်ဝင်းနိုင်'

'ဟုတ်ကဲ့ ရနိုင်ပါပြီ ဆရာ'

'အဲဒီဂါထာက ရှင်တော်ဂေါတမ မြတ်စွာဘုရားရဲ့ ဂါထာ အဓိပ္ပါယ်ပါ သိချင်ရင် **ဥပ္ပါတသန္တိ မြန်မာပြန်ထဲမှာ** ပါတယ်၊ ရှင်တော်ဂေါတမ မြတ်စွာဘုရားကို သောက်တော်ရေချမ်း အလင်းထိုင်၊ ပန်း အမွှေးတိုင်တို့ကို မနက်နဲ့ညမှာ ကပ်လှူပူဇော်ပြီး မောင်ဝင်းနိုင်ရဲ့ မိခင်ကို အနည်းဆုံး ခုနစ်ရက်လောက် ရွတ်ဖတ်ပူဇော်ပါစေ။ ဗုဒ္ဓရဲ့ ဘုန်းတန်ခိုးတော်ကြောင့် မကောင်းသော ဂြိုဟ်စီး ဂြိုဟ်ပြောင်း ဂြိုဟ်သွား ဂြိုဟ်ပျက် ဂြိုဟ်ဝင် စသော ဘေးအန္တရာယ်တို့ကို ကာကွယ်တားမြစ်ပြီး ကျန်းမာရေး ကောင်းလာမယ်'

ဟု ပြောပြီး စကားကို ရပ်လိုက်သည်။ မောင်ဝင်းနိုင်သည် ကျေနပ်သော မျက်နှာဖြင့် ကြည့်နေ၏။

လူတိုင်း ကျန်းမာရေးကောင်း၍ အသက်ရှည်ရှည် နေလိုကြသည်။ မည်သည့် ကျန်းမာရေးအညံ့ကိုမှ မဖြစ်ချင်ကြ၊ ရုပ်နှင့်နာမ် ရှိထားသော သူများအတွက် အခါခပ်သိမ်း ကျန်းမာရေး မကောင်းနိုင်ပေ။

ရစ်မသည် မိမိဥကို စောင့်၏။ စာမရီသည် မိမိအမြီးကို စောင့်၏။ အမိသည် ချစ်စွာသော သားကို စောင့်၏။ ထိုနည်းတူစွာ **ရုပ်နာမ်နှစ်ချက် မပျက်တည်ရေးအတွက် မိမိအသက်ကို ဉာဏ်ပညာဖြင့် စောင့်ရမည်မှာ** မိမိ၏တာဝန်ဖြစ်သည်။

ဉာဏ်ပညာမှတစ်ပါး ကုသိုလ်ယတြာများနှင့်ဖြစ်စေ၊ ဗုဒ္ဓမပါဠိ ဖရိတ်တော်များနှင့်ဖြစ်စေ၊ လောကီပညာရပ် ဖြစ်ကြသော အင်း၊ မန္တန်၊ ဂါထာတော် များနှင့်ဖြစ်စေ အခါခပ်သိမ်း အနာကင်းပြတ် ဥပဒ်ကင်းဝေး အန္တရာယ်မဲ့ပြီ ချမ်းသာခြင်း ရှိနိုင်သော နည်းလမ်းအသွယ်သွယ်တို့ဖြင့် မိမိအသက်ကို ရှည်အောင် စောင့်ရှောက်နေထိုင်ကြရမည်ဖြစ်ရာ...။

**ဇော်မြင့်(မြင်းခြံ)**



www.burmeseclassic.com

www.burmeseclassic.com

ဘဝတက်လမ်း

# ဝိဇ္ဇာဓရ ဓာတ်ပညာစခန်း

(၂)

မြန်မာ့သမားတော်
မင်းတင်မြောင်
(တဆ-၄၁၉)
ဝိဇ္ဇာဓရဂမ္ဘီရ
ဓာတ်ဆေးပညာရှင်



စာရေးသူသည် မြို့သစ်ရောက်ပြီး ဒုက္ခသုက္ခမျိုးစုံ ရောက်နေသည့်အချိန် တိုင်းရင်းမြန်မာ ဆေးဆရာဘဝနှင့်ပဲ ရပ်တည်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီးသည့်နောက် ပြဒါးဓာတ်ရှည်ကို တေဖော်မီး၌ ပူတန်ပူ၊ အေးတန်အေး၊ *မီးကစားပေး ဆိုထားသော* ***နတ်လမ်း၊ ညွှန်အဖြေဦကာကျမ်း၏ ဖွင့်ဆိုချက်*** အတိုင်း မီးကစားပေးခြင်းကြောင့် *ငွေစလေး နည်းနည်းပါးပါး ဝင်လာတာ*ကို အကြောင်းပြုပြီး အဂ္ဂိရတ် ဓာတ်ပညာအပေါ်၌ အစွဲကြီးစွဲကာ နေ့စဉ် နေ့တိုင်း ငွေဝင်ရလေအောင် လေ့ဖိုမီးနှင့် အားထုတ်လုပ်ကိုင်ပါသည်။

စာရေးသူသည် အဂ္ဂိရတ်ဓာတ်ပညာကို လုံးဝ နားမလည်ခဲ့ပါ။ မြို့တွင်းမှာ ဆေးခန်းဖွင့်စဉ်အခါကဆိုလျှင် အဂ္ဂိရတ်ဖိုထိုးသည့် အနားတောင် သီ၍သွားမကြည့်ခဲ့ပါ။ အဂ္ဂိရတ်ဖိုထိုးသည် ဆိုသည်နှင့် ရွှေဖြစ်ငွေဖြစ် ထိုးကြတာပဲဟု အောက်မေ့မိပါသည်။

ဆရာ့မိတ်ဆွေ ပန်းထိမ်ဆရာတစ်ဦး *ပြောဖူးပါသည်။ ရွှေဖြစ်ငွေဖြစ် ဖိုထိုး*သည် ဆိုသည်မှာ ပန်းထိမ်ဆရာတွေမှ ရွှေဖြစ်ငွေဖြစ်ထိုးတာ အမှန်ပါဟု *ပြောဖူးပါသည်။*

ပန်းထိမ်ဆရာ၏ စကားကို သံယောင်လိုက်ပြီး "ဟုတ်မှာပါ။ ပန်းထိမ်ဆရာတွေမှ ခြေနင်းလေဖိုမီးနဲ့ ရွှေလဲဖြစ်တယ်၊ ငွေလဲဖြစ်တယ်"ဟု ပြောမိပါသည်။

ပြဒါးမီးကျင့်စဉ် ပူတန်ပူ အေးတန်အေး ကျင့်စဉ်လေးကို ငွေဝင်ရလေ အောင် လေ့ကျင့်နေသည့်အချိန် အခြား အခြားသော အဂ္ဂိရတ်ဖို ထိုးနေကြကုန်သည့် ရှင်လူ ရဟန်း ရသေ့ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည့် အခါမှာ သူတို့၏ ပြောဆိုရှုတ်ဖတ်သည့် အဂ္ဂိရတ်ဓာတ်လက်ာ လက်တွေ့ လုပ်ရတ်များကိုလည်း အမြင် ဗဟုသုတပွားများရအောင် လေ့လာပြီး လိုတာယူ ပိုတာပယ်၍ သုတပညာ ပွားများလာအောင် ဆောင်ရွက်ရပါသည်။

လူအများစုက အဂ္ဂိရတ်ဖိုထိုးသည် ဆိုလျှင် အထင်သေးသည့်စိတ်နှင့် ကြည့်တာ ခံရပါသည်။ ဘာဖြစ်လာ*မလဲတော့မသိပါ။* လောလောဆယ်တော့ လုံဝယ်ဖို့ ငွေပေးရ၊ မီးသွေးလို၍ ငွေပေးရနှင့် တစ်ပြားမှ မဝင်လာသည့်အပြင် အိတ်ထဲမှာရှိသည့် ငွေကိုသာ ထုတ်ထုတ် ပေးနေရ၍ ဖိုထိုးတာကို ဖွတ်သတ္တဝါနှင့် သဏ္ဌာန်ထားပြီး ပြောနေကြတာကို ကြားနေရပါသည်။

အဂ္ဂိရတ် တေးထပ်တစ်ခုကလည်း ရေးဖွဲ့ထားပြန်ပါသေးသည်။

'ဆော်ဘင်နာသံ၂ျတ်နဲ့၊ ဒုန်းပွဲကိုသေ

www.burmeseclassic.com



အောင် စိန်ဆေးအုန်း ကန့်လက်ရှော်ပ
ဉာဏ် သက်ရောက်တတ်တဲ့ အတူမှု
ဂုဏ်မှာ မူလကို ထိုးကြတန်း ။ ဟုတ်နိုးနဲ့
ဖြစ်ကြိုး ရှာသည်၊ ညစ်နိုးသာပျောက်တဲ့
ရှုစ်ကိုဒါ ပေါက်နွဲ့ပေါ် စောက်လွဲသာနေရော်ပ၊
ငွေသာကုန် မေထုံကွဲပါလို့ မြေပုံလဲ
မလောက်နိုင်အောင်၊ ။ ကုတ်ကတ်လို့
လုပ်ရတ်ဘောင်မှာ ဟုတ်ဟတ်အောင်
မဆွယ်ကြပါနဲ့ ဆယ်ဘဝထိုးတော်မူရှေ့မှ
မဖြူ ။ ဘဝင်ကပ်လို့ ထင်မှတ်သူတွေ
ရင်ဘတ်ပူ ပူလွန်းလို့နော်'

စာရေးသူကတော့ ဘယ်လိုပင် ပြောပြော၊ ရေးရေး သိမ်ငယ်သောစိတ် မဖြစ်ပေါ်ပါ။ ဝိဇ္ဇာခရ အင်္ဂရတ်ဓာတ် ပညာအပေါ် အကြွင်းမဲ့ ယုံကြည်သည့် အပြင် အင်္ဂရတ်ဖိုထိုးနေကြကုန်သော ရှင်လူရဟန်း ပုဂ္ဂိုလ်ထူးအပေါင်းတို့ ကိုလည်း အထူးလေးစားကြည်ညို လျက်ရှိပါသည်။

အင်္ဂရတ်ဖို မီးကစားနေစဉ်အခါမှာ အကုသိုလ်ကင်းသော စိတ်အစဉ်ရှိနေခြင်း၊ ရွှေဖြစ်, ငွေဖြစ် ဖြစ်ရမည် ဟူသော စိတ်နှင့် ထိုးခြင်းမဟုတ်မူဘဲ **''ဒါထိုးတဲ့ဓာတ် ဘယ်လိုဖြစ်လာမလဲ၊ ဘယ်လိုရုပ် ပြောင်းလဲသွားမလဲ'' ဆိုတဲ့ စိတ်သာရှိခြင်းကြောင့်** လောဘစိတ် အပြည့်အဝ ဖြစ်ပေါ်မနေခြင်း။

တေဇောမီး၏အရောင် မီးတောက် အပြောင်းအလဲကိုသာ မမိုတ်မသုန် စိုက်၍ကြည့်နေခြင်းကြောင့် (တေဇော) မီးကသိဏ်းကျင့်စဉ်နှင့် သဏ္ဍာန်ထား၍ စိတ်အစဉ် မလွင့်ပါးခြင်း။ တည်ငြိမ်ခြင်း၊ စိတ်သမာဓိကို ထူထောင်နိုင်သကဲ့သို့ စိတ်တည်ငြိမ်လာခြင်း ဖြစ်သောကြောင့် လေးစားမိခြင်း ဖြစ်ပါသည်။

ရှေးဝိဇ္ဇာခရ ဆရာတော်များ ရေးသားထားသော ဓာတ်ကျမ်းစာပေ အစောင်စောင်တို့၏ စာမြွက် စာဖွက် ဓာတ်အခေါ်အဝေါ်များ အစရှိသည်တို့ကို အဓိပ္ပါယ်ပေါ်အောင် မဖော်နိုင်၊ အချို့ မသိခြင်း၊ နားမလည်ခြင်းများ ရှိနေပါသည်။

ဤသဘောတရားကို ကြည့်ရှုဖြင့် ရှေးဝိဇ္ဇာခရ ဆရာတော်များ၏ ဉာဏ်ရည်ဉာဏ်သွေး၊ သီလ၊ သမာဓိ၊ ပညာ၊ ကတိ၊ သစ္စာ၊ မေတ္တာ၊ ကရုဏာ၊ စိတ်တည်ငြိမ်ရင့်ကျက်မှုများကို စာရေးသူတို့ အင်္ဂရတ်လိုက်စားသူ အများစု လိုက်မမီခြင်းကြောင့် မဖြစ်တာဘဲဟု နှလုံးသွင်းမိပါသည်။

ထူးခြား အောင်မြင်ပြီးမြောက်သော ဝိဇ္ဇာခရ အင်္ဂရတ်ဓာတ် ပုဂ္ဂိုလ်များလည်း ရှိကောင်းရှိနိုင်ပါသည်။ စာရေးသူတို့ မတွေ့မကြုံရသေးတာလည်း လည်း ဖြစ်နိုင်ပါသည်။

ထို့ကြောင့် တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေး ခြေတစ်လှမ်း လှမ်းခြင်းသည် စ၍ အောင်မြင်သောနေ့ဖြစ်သလို ရှေ့အများများကို ပညာယူ၍ ရှေ့သို့ ကြိုးစားရာ၏ ဟူသော ဆုံးမစာ အတိုင်း...

**မဟာဘူတဓာတ်ကျမ်းအလာ...**

'အသွင်မတူ အိမ်သူမဖြစ်'
'လူမိုက်နှင့်ငွေ အတူမနေ'
ဟူ၍ လည်းကောင်း...
'သူတော်ချင်းချင်း သီတင်းလွေ့လွေ့'
'ရွှေရွှေချင်းထပ် မြတ်၏'
ဟူ၍ လည်းကောင်း...
'အင်္ဂါယတ္တံ ကရောတီတိ အင်္ဂယတ္တံ'

ဟူသော ပရိဘာသာအရ တေဇောမီး၌ အားထုတ်တတ်ခြင်းကြောင့် အင်္ဂရတ်မည်၏ ဟူ၍ (နာရဒ) အစရှိသော ရှေးဘုရားအလောင်း ရသေ့မြတ်တို့မှ ရေးသားထားကြကုန်၏။

''အသွင်မတူ အိမ်သူမဖြစ်'' ''လူမိုက်နှင့်ငွေ အတူမနေ'' စာစကား ဝှက်အရ ပြဒါးသည် အရည်ဓာတ်ဖြစ်သောကြောင့် အခဲဓာတ် အမာဓာတ် မီးရင့်သော ဓာတ်များနှင့် ပေါင်းဖက်၍ မရနိုင်။

ထို့ကြောင့် ပြဒါးအရည်ဓာတ်ကို လက်ချား, ယမ်း, ဆား, ဖေက်သာ အစရှိသော အမာအခဲများနှင့် ပေါင်း၍ ပူတန်ပူ၊ အေးတန်အေး၊ မီးကစားပေး လုပ်၍ မရနိုင်ကြောင်းကို ဆိုလိုပါသည်။

''သူတော်ချင်းချင်း သီတင်းလွေ့လွေ့''၊ ''ရွှေရွှေချင်းထပ် မြတ်၏'' စာစကားဝှက်အရ အမာအခဲဓာတ် ဖြစ်သော **ယမ်း, ဆား, ဖေက်သာ, ကျောက်ချဉ်ဓာတ်များကို အရည်ဓာတ်ဖြစ်အောင် ပြောင်းလဲပြီး (ဝါ)** အရည်ဖျော်ပြီး ယင်းအရည်ဓာတ်ကို ပြဒါးအရည်ဓာတ်နှင့် ပေါင်းဖက်၍ ပူတန်ပူ၊ အေးတန်အေး မီးကစားပေးသော ပြဒါးတေဇောမီးကျင့်စဉ် ဖြစ်ပါသည်။

ပြဒါးဓာတ်ကို ဓာတ်ကျမ်းအသီးသီးမှ ရုပ်လည်းသည်မှာ နာမ်လည်းသည်မှာ ဟူ၍ ရုပ်ဓာတ် နာမ်ဓာတ် နှစ်ပါးကိုနှိုင်းသော တရားအဖြစ်ဖြင့် ညွှန်းဆိုကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြဒါးဓာတ်အရည်ကို အခြား ဓာတ်သားများနှင့်ရောပြီး အမာအခဲ ဘဝသို့ မပြောင်းလဲခင် ပြဒါးအရည် သက်သက်ကို နာမ်ဓာတ်ဟူ၍ သတ်မှတ်ပြီး သွပ်ဓာတ်၊ နာဓာတ်၊ ဂျတ်ဓာတ်၊ ဘင်ဓာတ်များနှင့် ရောနှောပေါင်းမိ သွားပါက ရုပ်ဓာတ်ဟူ၍ ယူဆကြပါသည်။

စာရေးသူသည် ကျောက်ချဉ်ကို ရေတွင်ဖျော်၍ ကျောက်ချဉ်ရည် ဖြစ်သွားပါက လုံဖောက်အတွင်းသို့ ပြဒါးထည့်ပြီး အပေါ်မှ ကျောက်ချည်ရည် လုံပြည့်အောင် ထည့်၍ မီးအပူပေးပါသည်။

ကျောက်ချည်ရည် လုံဖောက်အတွင်း ထက်ဝက်ခန့် လျော့သွားပါက ထပ်၍ ကျောက်ချဉ်ရည် ဖြည့်ပေးခြင်းဖြင့် ပြဒါးဓာတ်လည်းပူ၊ ကျောက်ချဉ်ရည်လည်းဆူ၊ ထိုမှ ကျောက်ချဉ်ရည်အေး ထပ်ဖြည့်ပေးခြင်းကြောင့် ပြဒါးဓာတ်လည်းအေး၊ ကျောက်ချဉ်ရည်လည်းအေးသော **(ပူတန်ပူ၊ အေးတန်အေး)** မီးကစားပေးသော နည်းလည်းဖြစ်ပါသည်။

**ဓာတ်ကျမ်းအလို...**

**၁။ ဝတ္ထု** –မြေဓာတ်နိုင်မာခြင်းသဘော
**၂။ ပြဒါး** –သောမ
**၃။ ကျောက်ချဉ်** –သောမ
**၄။ ပြဒါး** –ဓာတ်မ
**၅။ ကျောက်ချဉ်** –ဓာတ်ဖို

ဟူ၍ ခွဲခြားပြပါသည်။

လုပ်ရတ်အတတ် တစ်ဖက်ကမ်း ခတ်တတ်မြောက်တော်မူကြကုန်သော ထွက်ရပ်ပေါက် ဆရာတော်များသည် [...]ခဲ့သော ဓာတ်သဘာဝတို့ကို [...]အောင် စီရင်ရေးသားတော်မူခဲ့ကြကုန်သော ဓာတ်ကျမ်းအစောင်စောင်တို့မှာ နောင်လာနောက်သားတို့ မမှားမယွင်း ထင်လင်းစွာ သိမြင်ကြစေခြင်းငှာ အကျဉ်းစုရုံး၍ မိမိတို့ လုပ်ထုံးထွက်လမ်းနှင့်တကွ ထွက်ရပ်ပေါက် အောင်မြင်ကြသည့် အနက်တွင် ဆရာတော် ရှင်မထီးမှာ ကြီးမားသော အကြံအစည်ဖြင့် သံနှင့် ထွက်ရပ်ပေါက် အောင်မြင်၏။

သတုံဝိဇ္ဇာမိုရ်သည် ဓာတ်လေးပါးကို စီရင်၍ ထွက်ရပ် အောင်မြင်တော်မူ၏။ **ဘေသဇ္ဇဆရာသည် သာမဏကျောက်ဆေးဒန်းဖြင့်** ဆုံးခန်းတိုင်ရောက် အောင်မြင်တော်မူ၏။

**စရကဆရာသည်**လည်း ပြဒါးပြာစား၍ ပေါက်မြောက် အောင်မြင်တော်မူပြီ။ **နက္ခတ္တပုဏ္ဏားကျော်သည်**လည်း လေးဘော်ဗေဒင်၊ ဂြိုဟ်ခွင်ရှစ်ခု၊ ကောက်မှုမလွဲ(ဓာတ်တွဲပြဒါး)နှင့် ထွက်မြောက်သည်တဝ။ ဂေါဏာစကျွလုတ်ရတ်မှုကျော်ကြား၊ ဓာတ်ပြဒါးနှင့် ထွက်မြောက်လေ၏။

သမုဒ္ဒရာဇ်ရာဇာ၊ နာနှင့်ပြဒါး၊ ပေါင်းထားလုပ်ဆောင်၊ ထွက်ရပ်အောင်၏။ တောင်ဖီလာတွင် ထေရ်အရှင်မှာ သစ်ပင်သစ်ဥ၊ မူလစုနှင့် ချုပ်မှုပြဒါး၊ ထွက်ရပ်သွား၏။ မမှားစုံစေ့၊ ရသေ့ဦးအောင်၊ လုပ်ဆောင်ဓာတ်လမ်း၊ ဖမ်းသည့်နဂါးပတ်၊ ထွက်ရပ်ဆုံးတိုင်၊ အပြီးတိုင်၏။

ဆရာ ငါမှာ နာသေကာစ၊ ပြဒါးကြအောင်၊ လုပ်ဆောင်ထွက်ပြီး၊ ဦးရွှေဝလည်း၊ သေလာနာဂ၊ သတ္တုရသဖြင့် ထွက်ကြပျော်ပျော်။ ဦးပိန်ကျော်မှာ လေးဖော်ဓာတ်ပ၊ တွဲဖက်ကြ၍ လုပ်ရတ်ထွက်ကိန်း၊ ဦးစံငြိမ်းမှာ မတိမ်းမမှား၊ သံပြဒါးနှင့် နှစ်ပါး ပေါင်းစပ် ထွက်ရပ်မြောက်၏။

စဥ္စပါဘုန်းမော်၊ ဆရာတော်မှာ ဘော်သေထုံတင်၊ ပြဒါးစင်ကို ယူငင်လုပ်ဆောင်၊ ထွက်ရပ်အောင်၏။ ထို့နောက်တစ်ချက်၊ ဆရာနက်မှာ၊ အချက်ကျစွာ၊ ချော်ဆင်ခါဖြင့်၊ ဖမ်းရာပြဒါး၊ စီရင်ငြားက၊ တောဖျားမြို့ငြိ၊ ထွက်ရပ်ခို၏။

ထိုမှတစ်ဖြာ၊ နက္ခတ်ဆရာ၊ ဦးဖြိုးမှာကား၊ ပြဒါးကိုချုပ်၊ နွေးနွေးပြုတ်၍၊ လုပ်ရတ်ရှည်ကြာ၊ ထွက်ရပ်ပါ၏။ ဟေမာဝန်နိုင်၊ စိမ့်မြိုင်ခိုခို၊ တောရိပ်ညိုတွင်၊ ဝိဇ္ဇာမိုရ်များ၊ ထွက်ရပ်သွားသို့၊ ရေးသားကျန်ရစ်၊ ကျမ်းဆီညှစ်၍၊ အနှစ်ကိုရှာ၊ အကာကိုပြစ်၊ ရသာစစ်ကို၊ သုံးရစ်စေငှာ၊ ဖွေရှာပေါင်းရုံး၊ ကမ္ဘာဖုံး၍ နိဂုံးချုပ်လိုက်ပါသတည်း။

***လူနတ်ပြဟ္မာသတ္တဝါအများ ချမ်းသာသုခ ပွားနိုင်ကြပါစေ။***


**မြန်မာသမားတော် မင်းတင်မောင်**
**(တဆ–၄၁၉)**
**ဝိဇ္ဇာဓရဂန္ဓိရ ဓာတ်ဆေးပညာရှင်**
**တိုင်းရင်း(ဗီဝက)**
**အထူးကုဆေးခန်း**




www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ပေါ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေါ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောတိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်။ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၀၉၂၅၄၁။

---



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကျန်းမာပါစေ တိုင်းရင်းဆေးကုခန်း

# ဆရာဦးသီဟ

(တဆ-၀၃၉၈၀)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# နှလုံးလေးဖက်နာ

## နှလုံးအဆီဖုံး ရောဂါကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်တင့်



◆ ဆရာ ဦးသီဟ(တဆ-၀၃၉၈၀)

နှလုံးဟာ စိတ်ရဲ့ တည်ရာဖြစ်တာကြောင့် သာမက သည်းခြေရဲ့ တည်ရာလဲ ဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုအာရုံတွေ မှန်သမျှဟာ နှလုံးမှာ လာပြီး ဖြစ်ပေါ်ရပါတယ်။

**နှလုံးဟာ ရွေ့လျားသည့်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့၊ ည မပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့် စက်ယန္တရားတစ်ခုဖြစ်ပါတယ်။**

နှလုံးရောဂါ အမျိုးမျိုးရှိတဲ့အနက် နှလုံးနဲ့ လေးဖက်နာရောဂါနဲ့ နှလုံးအဆီဖုံးရောဂါတွေအကြောင်း ဆွေးနွေးဖို့ တောင်ဥက္ကလာပမြို့နယ်ကို ရောက်တဲ့အခါ ဆရာဦးသီဟနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသီဟက တိုင်းရင်းဆေးဆရာကြီးဦးဝင်းလေးနဲ့ တိုင်းရင်းဆေးဆရာမကြီး ဒေါ်လှသိန်းတို့ရဲ့သား ဖြစ်ပါတယ်။

ဆေးကုသက် (၁၇)နှစ်ရှိနေပြီဖြစ်တဲ့ ဆရာဦးသီဟနဲ့ တွေ့ဆုံ ဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

■ **"ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးမှာကတော့ နှလုံးလေးဖက်နာရောဂါနဲ့ နှလုံးအဆီဖုံးရောဂါ ကာကွယ် စောင့်ရှောက်နည်းများကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဦးစွာ ပထမ နှလုံးရောဂါ ဖြစ်စေတဲ့အကြောင်းရင်းများကို ပြောပြပေးပါ ဆရာ"**

○ 'နှလုံးရောဂါဟာ ကံ,စိတ်,ဥတု, အာဟာရ ဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် ဖနေထိုင် စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ ရောဂါပါ။

အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ နှလုံးဟာ စိတ်ရဲ့ တည်ရာဖြစ်တာကြောင့် သာမက သည်းခြေ တည်ရာလဲ ဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုအာရုံတွေ မှန်သမျှဟာ နှလုံးမှာ လာပြီး ဖြစ်ပေါ်ရပါတယ်။

လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေဟာ ပရိဒေဝမီး တောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ'

■ **"နှလုံးလေးဖက်နာ ဖြစ်စေတဲ့ အကြောင်းရင်းများကို ဆက်ပြီး ပြောပြပေးပါဦး"**

○ 'နှလုံးလေးဖက်နာ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင် စားသောက်မှုမရှိခြင်းကြောင့် နှလုံးသွေးကြောတွေ အဆီဖုံးပြီး သွေးကြောတွေ ကျဉ်းမြောင်းလာပါတယ်။

နှလုံးရဲ့ စွမ်းဆောင်ချက်တွေ အားနည်းလာတဲ့အခါ အဆီအစေး၊ ဓါလ အညစ်အကြေးတွေဟာ သွေးကြောတွေ အရိုးအဆစ်တွေမှာ ပိတ်ဆို့ကုန်





www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း၊ နေ့အချိန် အအိပ်များခြင်းစတဲ့ ကံကြောင့် လည်းကောင်း၊ ချို့,ဆိမ့်,ဖန်,ခွဲ စတဲ့ အစာအာဟာရတွေ လွန်ကဲစွာ *စားသောက်တဲ့ အာဟာရသမ္ဗန္ဓ* ကြောင့် လည်းကောင်း၊ သလိပ်ဓာတ်များ၊ အဆီအဆေးဓာတ်များ တစ်စထက် တစ်စ ပွားများလာစေပါတယ်။

အဲဒီ အဆီ၊ အစေး၊ သလိပ်ဓာတ်များလာမှုကြောင့် ခြင်ဆီဓာတ်၊ သုက်ဓာတ်တွေ ဖြစ်ပွားမှု နည်းသွားပြီး အဆီသာ ဆက်လက် တိုးပွားလာပါတယ်။

တစ်စထက် တစ်စ တိုးပွားလာတဲ့ အဆီတွေဟာ မလဓာတ်နဲ့ မကွဲတော့ဘဲ ရောနှောကြီးပွား များပြားလာတဲ့ အခါ တစ်ကိုယ်လုံးရှိ အကြောပေါက်၊ အသားပေါက်၊ အရိုးပေါက်တို့မှာ မလ အခိုးအမျိုးမျိုးတို့ ဝင်ရောက် အပြစ်ပြုကြပါတယ်။

အဲဒီအချိန်မှာ အရိုးအဆစ်အဆက်တွေ နာခြင်း၊ ရောင်ခြင်း၊ ကိုက်ခဲခြင်း၊ ခြေဖျားလက်ဖျားများ ကျဉ်ခြင်း၊ နံနက်အိပ်ရာထမှာ ခြေဖဝါးများ ကျိန်းခြင်း ဖြစ်လာတတ်ပါတယ်။ ဘာကြောင့်လဲဆိုရင် တေဇော+ဝါယောတို့ အကျဉ်းကျပြီ ပိတ်ဖွဲ့သွားခြင်းကြောင့် ဖြစ်ပါတယ်။

အဲဒီလို တေဇော+ဝါယော အခိုးအငွေ့များ ပိတ်ဖွဲ့သွားခြင်းကြောင့် နှလုံးသွေးဟာ ပုံမှန်လည်ပတ်စီးဆင်းမှု မပြုနိုင်တော့တဲ့အတွက် သွေးထဲမှာ ပါတဲ့ အဆီအစေး၊ အနယ်၊ အနှစ်၊ မလ အညစ်အကြေးများဟာ စီးဆင်းရာ တစ်လျှောက် အပြစ်ပြုကြပါတယ်။ အဓိကအားဖြင့် ခြေဆစ်၊ လက်ဆစ်၊ ဒူးခေါင်းတွေ ရောင်တင်း ကိုက်ခဲလာ

သွေးကာဖြစ်တဲ့
အညစ်အကြေးတွေနဲ့
အဆီကာဖြစ်တဲ့
အညစ်အကြေးတွေ
ကြောင့်
နှလုံးမှာ ...

တတ်ကြပါတယ်။

**အဆစ်ရောင်၊ အဆစ်ကိုက်ခေါ်တဲ့ အဲဒီလေးဖက်နာဟာ** နှလုံးကို အခြေခံပြီး ဖြစ်ပွားတဲ့အတွက် **နှလုံးလေးဖက်နာ**လို့ ခေါ်ကြပါတယ်။ အထက်မှာ ပြောခဲ့တာတွေဟာ နှလုံးလေးဖက်နာရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းတွေ ဖြစ်ပါတယ်'

■ **'နှလုံးလေးဖက်နာရောဂါရဲ့ လက္ခဏာများကိုဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'နှလုံးလေးဖက်နာရောဂါ လက္ခဏာများကတော့...

၁။ ဘယ်ဘက်ရင်ဘတ် အထက်နားစူးအောင့်ခြင်း၊
၂။ မောပန်းခြင်း၊
၃။ အသက်ရှူကျပ်ခြင်း၊
၄။ ရင်လေးခြင်း၊
၅။ နှလုံးတုန်ခြင်း၊
၆။ ခြေဆစ်လက်ဆစ်နာခြင်း၊ ရောင်ခြင်း၊ ကိုက်ခဲခြင်း၊
၇။ ခြေဖဝါးလက်ဖဝါးတင်းခြင်း၊ ကျိန်းခြင်း၊
၈။ နံနက်အိပ်ရာထချိန်တွင် ချက်ချင်းလမ်းလျှောက်မရဘဲ သွေးပူလာမှ လမ်းလျှောက်၍ ရခြင်းစတဲ့ လက္ခဏာများဟာ နှလုံးလေးဖက်နာ ရောဂါလက္ခဏာများ ဖြစ်ပါတယ်'

■ **'နှလုံးလေးဖက်နာရောဂါ ကာကွယ်စောင့်ရှောက်နည်းများကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'နှလုံးလေးဖက်နာရောဂါ ကြိုတင်ကာကွယ်ဖို့ဆိုရင် ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား *လေးပါးကို ညီညွတ်မျှတအောင်* နေထိုင်စားသောက်ဖို့ လိုပါတယ်။ အထူးသဖြင့် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ လောင်မီးကိလေသာကို ငြိမ်းသတ်နိုင်ဖို့ လိုပါတယ်။

နှလုံးရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ခြင်းဟာ နှလုံးလေးဖက်နာရောဂါမဖြစ်အောင် ကာကွယ်နိုင်ခြင်းရဲ့ အဓိကအချက်ပဲ ဖြစ်ပါတယ်။

နေ့စဉ် နံနက်စောစော လမ်းလျှောက်ခြင်း၊ မပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ အချို့,အဆိမ့်,အဖန်,အခွဲ စတဲ့ အစာအာဟာရများ လွန်ကဲစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်ရပါမယ်။

အထူးသဖြင့် စားအုန်းဆီ၊ အချိုမှုန့် သုံးစွဲခြင်းကို ရှောင်ကြဉ်ရပါမည်။ ရသ (၆)ပါး မျှတအောင် စားသောက်ရပါမယ်။ ဆီး,ဝမ်း,လေ မှန်အောင် ကျင့်ကြံနေထိုင် စားသောင်ရပါမယ်။

အထက်မှာ ပြောခဲ့တဲ့အတိုင်း နေထိုင်ကျင့်ကြံ စားသောက်မယ်ဆိုရင် နှလုံးလေးဖက်နာရောဂါ ကြိုတင်ကာကွယ်နိုင်ပါတယ်'

■ **'နှလုံးလေးဖက်နာအကြောင်း ဆွေးနွေးပြီးတဲ့နောက် နှလုံးအဆီပုံးရောဂါ အကြောင်း ဆက်လက် ဆွေးနွေးမှာ ဖြစ်တဲ့အတွက် နှလုံးအဆီပုံးရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို သိပါရစေဆရာ'**

○ 'နှလုံးအဆီပုံးရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့ လူရဲ့ ခန္ဓာကိုယ်မှာ အသားဓာတ်၊ အသွေးဓာတ်၊ အဆီဓာတ်၊ အရည်

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ဆိုတဲ့ ဓာတ်(၄)မျိုးရှိပါတယ်။

အဲဒီဓာတ်(၄)မျိုးထဲက အံသဂ္ဂိမီးဟာ မိမိတို့ရဲ့ အစိတ်အပိုင်း အားလျော်စွာ ကြေညက်ခြင်းကိစ္စကို ဆောင်ရွက်ရပါတယ်။

အဲဒီလို ဆောင်ရွက်ချက်မရှိခဲ့ရင် အသားမှာတည့်တဲ့ အံသဂ္ဂိမီးဟာ ပျော့ညံ့ပြီး ကြေညက်အောင် မချက်နိုင်တဲ့အတွက် အသားနဲ့မလ ကွဲပြားအောင် မဖြစ်စေနိုင်တော့ပါဘူး။

အဲဒါကြောင့် အညစ်အကြေးတွေဟာ ပြင်ပကို ထွက်ခွင့်မရတော့ဘဲ သွေးနဲ့ရောပြီး၊ နှလုံးမှာ ရစ်ပတ် တွယ်ကပ်နေတာကို နှလုံးအဆီဖုံးခြင်းလို့ ခေါ်ကြတာ' ဖြစ်ပါတယ်။

သွေးကဖြစ်တဲ့ အညစ်အကြေးတွေနဲ့ အဆီကဖြစ်တဲ့ အညစ်အကြေးတွေကြောင့် နှလုံးမှာ အဆီဖုံးခြင်းဖြစ်ပါတယ်။ အထူးသဖြင့် ရုပ်စိုရုပ်ဝသူတွေ ဖြစ်တာ များပါတယ်။

ဝက်သား၊ ဘဲသား၊ အုန်းနို့၊ နွားနို့၊ ထောပတ်၊ ကြက်ဥ၊ ဘဲဥ၊ စားအုန်းဆီ၊ အသားဆီ၊ ဆီကြော်မုန့်မျိုးစုံ၊ ဒံပေါက်ထမင်း၊ ထောပတ်ထမင်းများကို လွန်ကျူးစွာ စားသောက်ခြင်း၊ အရက်၊ ဆေးလိပ်၊ စီးကရက်တို့ကို လွန်ကျူးစွာ သုံးစွဲခြင်း ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေ့အချိန် အအိပ်အထိုင်များခြင်းစတဲ့ အကြောင်းအချက်များဟာ နှလုံးအဆီဖုံးရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများ ဖြစ်ပါတယ်'

■ **'နှလုံးအဆီဖုံးရောဂါရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'နှလုံးအဆီဖုံးရောဂါရဲ့ လက္ခဏာများကတော့...

၁။ ငိုက်မျဉ်းခြင်း၊

၂။ ပူလောင်ခြင်း၊

၃။ ရေသောက်များခြင်း၊

**နှလုံးရဲ့**
**စွမ်းဆောင်ချက်တွေ**
**အားနည်း**
**လာတဲ့အခါ**
**အဆီအခဲ၊**
**မလ အညစ်အကြေး**
**တွေဟာ...**

၄။ မေ့လျော့တတ်ခြင်း၊

၅။ မူးဝေခြင်း၊

၆။ အစားအသောက်မပျက်ခြင်း စတဲ့ လက္ခဏာများဟာ နှလုံးအဆီဖုံးရောဂါရဲ့ လက္ခဏာများဖြစ်ပါတယ်'

■ **'နှလုံးအဆီဖုံးရောဂါ ကြိုတင်ကာကွယ် စောင့်ရှောက်နည်းများကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'နှလုံးအဆီဖုံးရောဂါ ကြိုတင်ကာကွယ် စောင့်ရှောက်နည်းများကတော့ ဝက်သား၊ ငါးမြင်း၊ ငါးတန်၊ အုန်းနို့၊ ထောပတ်၊ စားအုန်းဆီ၊ အသားဆီ စတဲ့ အဆီအစေးများသော အစာအစားများကို လုံးဝ ရှောင်ကြဉ်ဖို့လိုပါတယ်။

အရက်ဘီယာ၊ ဆေးလိပ်၊ စီးကရက်နဲ့ မူးယစ်ဆေးဝါးများကို လုံးဝ ရှောင်ကြဉ်ဖို့ လိုအပ်ပါတယ်။

အထူးသဖြင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ နှလုံးရောဂါ မဖြစ်အောင် ကြိုတင် ကာကွယ်နိုင်ဖို့ လိုအပ်ပါတယ်၊

နေ့စဉ် နံနက်စောစော ပုံမှန်လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု တစ်မျိုးမျိုး ပြုလုပ်ခြင်းများဟာ နှလုံးအဆီဖုံးခြင်းရောဂါအတွက် ကြိုတင်ကာကွယ်နိုင်တဲ့ နည်းလမ်းတစ်မျိုး ဖြစ်ပါတယ်။

အစာလဲဆေး ဆေးလဲအစာ ဆိုသလို ရာသီပေါ် အသီးအနှံများဖြစ်တဲ့ ပန်းသီး၊ လိမ္မော်သီး၊ ထောပတ်သီး၊ ဖရဲသီး၊ ရှောက်ချိုသီး၊ စပျစ်သီး၊ စတော်ဘယ်ရီသီး၊ ကမ္ဘလာသီး၊ ကျွဲကောသီး၊ နာနတ်သီး၊ သရက်သီးမှည့်၊ သင်္ဘောသီးမှည့် စတဲ့ အသီးအနှံများကို အလျဉ်းသင့်သလို စားသောက်ရပါမယ်။

ကာမဂုဏ်၊ ဒေါသ၊ မောဟ၊ လောဘ၊ မာန်မာန စတဲ့ ညစ်ညူးတဲ့ အကုသိုလ်စိတ်များ ပယ်ရှားပြီး ကာမဂုဏ် လွန်ကဲခြင်းကို ဆင်ခြင်ရပါမယ်။

နောက်ဆုံး ပြောချင်တာကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေ့စဉ် စားသောက်သွားမယ်ဆိုရင် နှလုံးလေးဖက်နာရောဂါ၊ နှလုံးအဆီဖုံးရောဂါသာမက ရောဂါအမျိုးမျိုးကို ကြိုတင်ကာကွယ်နိုင်ကြောင်း ပြောချင်ပါတယ်'

■ **'ကျေးဇူးတင်ပါတယ် ဆရာ'**

○ 'ဆရာဦးသီဟနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာ ဦးသီဟ**
ကျန်းမာပါစေ တိုင်းရင်းဆေးကုခန်း
အမှတ်(၈၂)၊ ဈေးလမ်း၊ (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၀ ၆၆ ၁၃၈၀၉ ၄၃၀ ၈၅၅၀၀
၀၉ ၅၁၅ ၉၇၀၀

**မြောင်းမြ မောင်ယဉ်ထွဋ်**



www.burmeseclassic.com

www.burmeseclassic.com

# ရိုးရှင်းလှ မိုးပြိုကြီးပေးရော့



ဦးအောင်ကြည်
(မြန်အောင်)

## သံကောင်းအတွက် နည်းလမ်း

**"ပြဒါးသေ တစ်ခေွဝ–သံသေလျှင် တစ်ပြည့်ဝ"** ဆိုတာ ကြားဖူးကြမှာပါ။ ကျွန်ုပ်ကိုယ်တိုင် သံလမ်းအမျိုးမျိုးကို ထိုးစမ်းကြည့်ဖူးပါသည်။ သံကောင်းကောင်းရှိသူတွေ လုပ်နိုင်ကြဖို့ အပန်းမကြီးသည့် သံနည်းလမ်းကို လက်ဆောင်ပေးချင်ပါသည်။

**၂၀၀၀ ပြည့်နှစ်လောက်က** ဖြစ်ပါသည်။ ဒီနည်းကို **ကြံခင်းမြို့နယ်၊ အင်းကောက်ကျောင်းဆရာတော်ကြီး** ရရှိတာပါ။ ရရှိပုံ ရရှိနည်းကလည်း အင်းလေးဆရာတော်က ကြံခင်းသဲဘို့ ဆရာတော်ထံ ကျေးဇူးရှိသည့်အတွက် ကျေးဇူးဆပ်သည့် အနေနှင့် မိမိကိုယ်တိုင် လုပ်ကိုင်အောင်မြင်ခဲ့သည့် သံလမ်းကို သံကောင်းကောင်းရလျှင် လုပ်ပါရန် စာရေးပါသည်။

အဲဒီစာကို လူကြုံက အင်းကောက်ဆရာတော်ထံ ဆက်ကပ်ပါသည်။ သဲဘို့ဆရာတော် ပျံလွန်တော်မူပြီးမှ ရောက်လာသည့် စာဆိုတော့ အရေးကြီးလျှင် ချက်ချင်းသွားပေးနိုင်ရန် ဖောက်ဖတ်လိုက်တော့ အဲဒီသံလမ်းဖြစ်နေတာကို တွေ့ရပါသည်။

ဒီသံလမ်းကို အင်းကောက်ဆရာတော်ကြီးနှင့် ကျွန်ုပ်တို့ ထိုးကြပါသည်။ သံကောင်းကောင်း မရသည့်အတွက် တချို့သံသည် တစ်လုံး၊ နှစ်လုံးနှင့်၊ တချို့သံကျတော့ သုံး၊ လေးလုံးနှင့် ပြာဖြစ်သွားကြသည်။

နောက်ဆုံး ဆရာတော့် တပည့်တစ်ဦး ပေးလိုက်သည့် ပဲခူးသံကျတော့မှပဲ ခုနစ်လုံးပြည့်အောင် ခံတော့သည်။ ဆေးနှင့်သံကို ခုနစ်လုံးထိုးပြီး နောက်ဆုံးထိုးပြီးသည့် လုံးခွံထဲမှာ **ဘော်နဘော်ကောင်း ငါးမူးသား**ထည့် ကျင်းလိုက်တော့ ဘော်သည် မယုံနိုင်လောက်အောင် ဝါသွားခဲ့ပါသည်။

နောက်တစ်လုံး သံကိုထိုးပြီး လုံးခွံတွင် ဘော်ထည့်ကျင်းလိုက်သည့်အခါ ဘော်သည် မည်းသွားပါသည်။ ဒီတော့ ဆရာတော်ရော ကျွန်ုပ်တို့ပါ စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြပါသည်။

ဆရာတော်က ဘယ်လို အမိန့်ရှိသလဲဆိုလျှင်…

'ဒီလောက် အလုပ်ကြီး လုပ်ပြီးကာမှ တစ်ခါပဲ ဝါတယ်ဆိုတော့ ဒီနည်းဟာ အားမကိုးထိုက်ဘူး'

ဟု မိန့်ဆိုပါသည်။

ယင်း ဘော်အနက်လုံးလေးနှင့် သံလုံးကို ဆွမ်းဟင်းခွက် အဟောင်းကလေးထဲသို့ ပစ်ထည့်လိုက်ပါသည်။ ဒီနည်းနှင့် ကျွန်ုပ်တို့ အိုးစားကွဲခဲ့ရပါပြီ။

နောက် (၂)လလောက်အကြာ မြန်အောင်ရေနံမြေမှ ထန်းတပင် အစမ်းတွင်းစခန်းသို့ ရေနံတာဝန်ဖြင့် ပြန်ရောက်ခဲ့ရာ အင်းကောက်ဆရာတော်ကြီးအား သွားရောက် ကန်တော့ခဲ့ပါသည်။

ဆရာတော်နှင့် ဓာတ်အကြောင်းများ ပြောကြရင်း ယခင် ကျွန်ုပ်တို့ ထိုးခဲ့သော သံလုံးကို ဆရာတော် ဆက်ထိုးဖြစ်၊ မထိုးဖြစ်ကို မေးလျှောက်ကြည့်ရာ ဆရာတော် ဘာမှ မလုပ်ဖြစ်ကြောင်း မိန့်ကြားပါသည်။

သံလုံးအား ကြည့်ချင်ကြောင်း လျှောက်ထားရာ ဆရာတော်က ဆွမ်းဟင်းခွက် အဟောင်းလေးအား လက်ညှိုးထိုးပြပြီး "အဲဒီထဲမှာ ရှိတယ်" ဟု မိန့်ဆိုပါသည်။

ဆွမ်းဟင်းခွက် အဖုံးဖွင့်ကြည့်ရာ ကျွန်ုပ်တို့ ကျင်းထားခဲ့သော ဘော်အနက်လုံးလေး တစ်လုံးသာ တွေ့ရှိရပေသည်။

ဒီတော့မှ ဆရာတော်လည်း ဓာတ်လုံးပျောက်ဆုံးကြောင်း သိတော့သည်။ ကျွန်ုပ် ဘော်အမည်းလုံးလေးအား အသေအချာ ကြည့်တော့မှ ကျွန်ုပ်တို့ ကျင်းထားသည့် ဘော်ဖြစ်ကြောင်း မှတ်မိသိရှိလိုက်ပါသည်။

အနီးအနားမှာ သံလုံး တွေ့လိုတွေ့ငြား ရှာကြည့်ရင်း မှတ်ကျောက်တစ်ခုကို တွေ့ရတော့ ဆွဲယူလိုက်ပြီး အမှတ်မထင် ဘော်အမည်းလုံးလေးအား မှတ်တိုက်ကြည့်မိသည်။ ကျွန်ုပ် အံ့အားသင့်ခဲ့ရပါသည်။

ဆရာတော့်ဘက် လှည့်၍…

'ဒါ…တပည့်တော်တို့ ကျင်းထားတဲ့ ဘော်ပါနော်'

ဟု အတည်ပြုရန် ကောင်းခံ လျှောက်ကြားလိုက်ရာ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

က...

'အကာကြီးကလဲ အနက်ဆိုလို့ ဒီတစ်လုံးတည်းရှိတဲ့ဟာ'

'ဒီမှတ်ကို ကြည့်ပါဦး ဘုရား'

'ဟာ...'

ဆရာတော်ထံမှ အာမေဋိတ်ပြုသံ ကြားလိုက်ရပြီး...

'မှားကုန်ကြပြီဗျို့... မှားကုန်ကြပြီ... ကျုပ်ဓာတ်လုံးပေါ်မှာ ဆုံးဖြတ်လိုက်တာဟာ အပြင်အရောင်တစ်ခုတည်း ကြည့်ပြီး ဆုံးဖြတ်မိတယ်။ ပထမဆော်က ဝါတယ်။ ဒုတိယဆော်က မည်းတယ်။

မှတ်နဲ့ တစ်ချက် မမေးမိဘူး။ ဒါက ပထမအမှား။ ဒုတိယအမှားကတော့ သံလုံးကို ပစ်တောင်း ပစ်စလက်ခတ် ထားမိတယ်ဗျာ သွားပြီ...သွားပြီ'

ဆရာတော်သည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း မိမိကိုယ်မိမိ ပြောဆိုနေဘိသို့ ရေရွတ်လျက် ရှိပေသည်။

ဤနည်းလမ်းကို ကျွန်ုပ်တို့ နောက်ထပ် လုပ်လိုပါသော်လည်း သံကောင်းမရ၍ မလုပ်ဖြစ်ခဲ့ပါ။

သံနှ သံကောင်းရှိပြီး အဂ္ဂိရတ်မိတ်ဆွေများအတွက် အဖိုးနည်းပြီး အကျိုးကြီးသော သံလမ်း မူရင်းမူမှန်အား လုပ်ကိုင်နိုင်ကြစေရန် လက်ဆင့်ကမ်းအပ်ပါသည်။

* * *

ရေသယံသံ၊ ကုန်းသယံသံ

ခြသံ၊ ပထဝီမုခသံ၊

သတ်ဆေး ချုပ်ဆေး

| | |
|---|---|
| အား | (၃)ကျပ်သား |
| ထက်ချား | (၂)ကျပ်သား |
| ကန့် | (၂)ကျပ်သား |
| ထမ်း | (၄)ကျပ်သား |
| ခေါက်ထုံး | (၇)ကျပ်သား |

ခေါက်ထုံး(၇)ကျပ်သားကို ရေနှင့် တစ်ညဉ့်စိမ်ပါ။ ယင်းထုံးရေကြည် (၁၀)ကျပ်သားခန့်ကို သံဒယ်တွင်ထည့်၊ ကျန်ဆေးလေးပါးအား အမှုန့်ထောင်း၊ သံဒယ်တွင် ထည့်ပြီး၊ မီးပြင်းပြင်းနှင့် ချက်ပါ။

ကန္နဆီ ကြည်လာမည်။ မခြောက်တခြောက်အနေကို ကြည့်ပြီး မီးဖိုပေါ်မှချ၊ အေးလျှင် လေလုံသော ပုလင်းဘူး၊ ဖန်ဘူးနှင့် ထားပါ။

ယင်းဆေးနှင့် သံလေးတူ (ရ)လုံ ထိုးပါက သံကောင်းလျှင် ကျန်ပါလိမ့်မည်။ ယင်း (ရ)လုံထိုးပြီး လုံခွံတွင် ဘော်ထည့်၍ ကျင်းပါက (ရ)မူးရေ ဝါလိမ့်မည်။ ကြေးနီကို ကျင်းပါက ဖြူ၍ ဘော်ဖြစ်၏။ ဤကား လုံကျင်းစားရပ်ပေတည်း။

## ဒုတ်ပေါ်လမ်း

ယင်းဒုတ်ပေါ်လမ်းကား (ရ)လုံ ထိုးပြီးသော သံသေကို **သံပရာရည်နှင့် နှမ်းဆီ ရောပြီး (၁၂)ကြိမ် လောင်းပါ။ ထောပတ်**(၁၂)ကြိမ်၊ **ဝက်ဆီ**(၁၂)ကြိမ် **လူ၏ကျင်ငယ်ရည်၊ နွားနက်ကျင်ငယ်ရည်** နှစ်မျိုးပေါင်းပြီး အရက်ချက်သကဲ့သို့ ပေါင်းခံယူပါ။

ယင်းပေါင်းခံရည်တွင် (၁၂)ကြိမ်၊ **ပျားရည်မှာ** (၁၂)ကြိမ် လောင်းသည်ရှိသော် အသမ္ဘိန္နဓာတ်လုံး ဖြစ်တော့၏။

နာ(၁)ပိဿာကို အရည်ကျိုအရည်ဖြစ်လျှင် ဓာတ်လုံး ပစ်လိုက်ပါက နာပေါ်မှာ ဓာတ်လုံး ပေါ်ထွက်လာ၏။ ညှပ်နှင့် ဓာတ်လုံးကို ပြန်ယူထား၊ နာသည် ရွှေအစစ်ဖြစ်ရ၏။ ဤကား **ပေါ်လမ်းတည်း**။

## ပြာလမ်း

ဒုတ်ပေါ်လမ်းမှ ပြာလမ်း တက်လိုသော် **သံသေ(၄)ပဲသား၊ ရွှေ(၄)ပဲသား ဓာတ်(၂)ပါးပေါင်း မီးပြင်းနာနာထိုး** ထုံးခြောက်ကျ၏။

ယင်းထုံးခြောက်ကို ထုကြိတ်ခြေ၍ **မြဒါးလေးတူသွင်း** ဖွဲတစ်စိတ်ကစ၍ တစ်တင်းခွဲထိအောင်ဖုတ် ပြာကျ၏။ **ယင်းပြာ(၂)ရွေး နာ(၁၀)တွင်ပစ်** သုဝဏ္ဏဖြစ်၏။

## အာယုသိဒ္ဓိ

အာယုသိဒ္ဓိကို အလိုရှိသော် **ယင်းပျားရည်** တစ်ပိဿာမှာ ပြာ(၃)ရွေးခန့်ထည့်၊ နာနာမွှေ၊ ည,နံနက် တစ်ဖွန်းစား၊ ရေဝအောင်ချိုး၊ တစ်နေ့စားလျှင် တစ်လအတွက် တားဆီးနိုင်၏။ ဉာဏ်နှင့် ချင့်ချိန်၍ စားလေ။ ဤကား အာယုဗလ၊ အာယုသိဒ္ဓိလမ်းတည်း။

* * *

ဤနည်းလမ်းသည် လမ်းကြီး၊ လမ်းငယ်၊ လမ်းသွယ်၊ လမ်းချိုး၊ အမျိုးမျိုး ပြထားသော်လည်း ကျွန်ုပ်တို့ လုပ်ကိုင်ဖူးသည်မှာ ဘော်ဝါသည့် အထိပင် လုပ်ကိုင်ခဲ့ဖူးပါ၏။

သံကောင်း၍ (ရ)လုံအထိ အထိုးခံလျှင် အမှန်ပင် ဘော်ဝါသော လမ်းဖြစ်ပါသည်။ သံ၏ အဆီသည် ဘော်ကို ဝါစေတတ်သော ဆိုးဆေး ဖြစ်ပါသည်။ ယုံမှားမရှိလင့်။

ကိုယ်တိုင်ထိုးစမ်းပြီးသော နည်းလမ်းကို အရင်းခံအတိုင်း လက်ဆင့်ကမ်းလိုက်တာပါ။ လိုချင်လျှင် ဖိုပြင်ပြီး ဇောက်ချလုပ်လိုက်စမ်းပါ။ အကြောင်းတရားနောက်မှ အကျိုးတရားရှိပါသည်ဟု ပြောဆိုလိုရင်းဖြင့်...

***အဂ္ဂိရတ်သုတေသီတို့ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေသော်...***

**ဦးအောင်ကြည်(မြန်အောင်)**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဧပြီလ

# လာဘ်လာဘ

ရှင်လန်းကြပါစေ



၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ငွေကြေးလာဘ်လာဘများ ရှင်လန်းအဆင်ပြေကြစေရန် ပြုနိုင်သော ယတြာ အပြင်အဆင်ဖြစ်သည်။

◎ **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)**တို့သည် ဩဇာညွန့်(၆)ညွန့်၊ ဥသျှစ်ညွန့်(၆)ညွန့်၊ ရဲယိုညွန့်(၆)ညွန့်နှင့် ဖယောင်းတိုင် (၃)တိုင်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

◎ **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)**တို့သည် သီဟိုဠ်ညွန့်(၈)ညွန့်၊ ရွက်လှပန်း(၈)ရွက်၊ ပိတောက်ညွန့်(၈)ညွန့်နှင့် ဆွမ်းထမင်း(၆)ပန်းကန်တို့ကို စနေနေ့တွင် ဘုရားစေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် ခရေညွန့်(၂)ညွန့်၊ မာလကာညွန့်(၂)ညွန့်၊ သပြေ(၂)ညွန့်နှင့် တံခွန်ကြက်လျှာ(၈)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ကရကဋ်ရာသီဖွား (ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ကံ့ကော်ညွန့်(၁)ညွန့်၊ အုန်းလက်(၁)ညွန့်၊ နှင်းဆီပန်း(၁)ပွင့်နှင့် သောက်တော်ရေ(၂)ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် အုန်းလက်(၄)ရွက်၊ သီဟိုဠ်ညွန့်(၄)ညွန့်၊ ကံ့ကော်ညွန့်(၄)ညွန့်နှင့် ဖယောင်းတိုင်(၁)တိုင်တို့ကို အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ကန်ရာသီဖွား (ဩဂုတ်လ ၂၂ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်းမွေးသူ)**တို့သည် ရဲယိုညွန့်(၆)ညွန့်၊ ဥသျှစ်ညွန့်(၆)ညွန့်၊ သပြေညွန့်(၄)ညွန့်နှင့် ဆွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ ရာဟုဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်းမွေးသူ)**တို့သည် သီဟိုဠ်ညွန့်(၃)ညွန့်၊ ဇီး(ဆီး)(၃)ညွန့်၊ ပိတောက်ညွန့်(၃)ညွန့်နှင့် တံခွန်ကြက်လျှာ(၆)ခုတို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်းမွေးသူ)**တို့သည် ဩဇာညွန့်(၉)ညွန့်၊ ရဲယိုညွန့်(၉)ညွန့်၊ သပြေ(၉)ခက်နှင့် သောက်တော်ရေ(၃)ခွက်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက် အတွင်းမွေးသူ)**တို့သည် ငှက်ပျောသီး(၇)လုံး၊ သီဟိုဠ်ဆန်(၇)စေ့၊ နှမ်းယို(၇)ယှက်နှင့် ဖယောင်းတိုင်(၅)တိုင်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **မကာရရာသီဖွား (ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်းမွေးသူ)**တို့သည် ပိတောက်ညွန့်(၁၀)ညွန့်၊ အုန်းလက်(၁၀)ရွက်၊ သပြေ(၁၀)ခက်နှင့် ဆွမ်းတော်(၇)ပန်းကန်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ကုံရာသီဖွား(ဇန်နဝါရီလ ၂၀ရက်မှ ဖေဖော်ဝါရီလ ၁၈ရက်အတွင်းမွေးသူ)**တို့သည် စွယ်တော်ညွန့်(၅)ညွန့်၊ အုန်းလက်(၅)ရွက်၊ သပြေ(၅)ခက်နှင့် တံခွန်ကြက်လျှာ(၁၀)ခုတို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်းမွေးသူ)**တို့သည် ပေါက်ပေါက်(၃)ပန်းကန်၊ ဇီး(ဆီး)ယို(၃)ပန်းကန်၊ သီဟိုဠ်ဆန်(၃)ပန်းကန်နှင့် သောက်တော်ရေ(၅)ခွက်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

*ငွေကြေးအခက်အခဲများ ပြေပျောက်လွယ်ကူသွားပါလိမ့်မည်။*

**ထက်မင်းကျော်မှာ**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၇၉)မှ အဆက်

ဘုရင်မင်းခေါင်ခပ်မဆိတ်သာ နေလေ၏။

အင်းဝသို့ ဖောင်တော်စီး၍ အပြန်ခရီးတွင် ရွှေကြက်ယက်အနီး ရောက်လျှင် ဖောင်တော်၏ တက်မကို မိကျောင်းကြီးက ခဲထားခြင်းကြောင့် ဖောင်တော် မရွေ့နိုင် ရှိနေလေ၏။

အတိုင်အပင်ခံ ပညာရှိများက...

'ဆရာတော်ကြီး အလိုအတိုင်း ရေယာဉ်ခွန် အလှူပေးပါ၏'

ဟု ဟစ်အော်လှူစေသည်တွင်မှ မိကျောင်းက တက်မကို လွှတ်လိုက်လေသည်။

မင်းကြီး နောက်တစ်ကြိမ် ကြွရောက်တော်မူစဉ်တွင် သိကြားကျစေတီရှိ မဟာဗောဓိညောင်ပင်၏ အရွက်များကို စီးတော် ဆင်မယဉ်သာက ချိုးဖဲ့စားသောက်လေ၏။

ထိုဗောဓိပင်ကြီး၏ အရိပ်မှာပင် ဆင်မယဉ်သာ လဲပြိုကျသွားလေ၏။ အသက်ရှူရှိုက်ခြင်းလည်း လုံးဝမရှိတော့။

အရိယဝံသ ဆရာတော်ကြီးက သစ္စာပြု မေတ္တာရေ သွန်းပေးတော်မူသောကြောင့် ဘုရင်မင်းမြတ်၏ စီးတော်ဆင် အသက်ချမ်းသာရာ ရရှိလေသည်။


ဘုရင်မင်းခေါင်လည်း စီးတော်ဆင်မ၏ တန်ဖိုးနှင့် ညီမျှသော [illegible]လမ်းမကို ဖောင်တော်နားရာ [illegible]စေတီမြစ်ကမ်း တိုင်အောင် [illegible]ဖျာစီခင်း၍ အခိုင်အမာ [illegible]တော်မူလေ၏။ ဆင်ဖိုးလေးဆူ [illegible] တည်တော်မူ၏။

[illegible]မျှ သီလ၊ သမာဓိ၊ ပညာ [illegible] ထူးခြားပြောင်မြောက်လှ [illegible] ဆရာတော်ကြီးအား ထူပါရုံ [illegible] ဘုရင်နရပတိက [illegible]သောကြောင့် သိကြားမင်းကြီး ဆင်းသက်၍ ပြန်လည်ပေးအပ်သော "မဏိသာရမဉ္ဇူသာဋီကာအဖွင့်ကျမ်းကြီး" ကို ဌာပနာပြု၍ စေတီတော်တစ်ဆူ တည်ထားပူဇော်လေ၏။



▲ သိကြားကျစေတီတော် ပရိဝုဏ်

▼ အင်းဝဘုရင်မင်းခေါင်၏ စီးတော် ဆင်မ ရတနာကာ ဘိုးဘိုးကြီး၏ မဟာဗောဓိပင် အရွက်အစား စားသောက်မိရာမှ သေဆုံးရာ၍ ဆရာတော်ကြီး၏ မေတ္တာဖြင့် ပြန်ရှင်ခဲ့၍ ဘုရင်မင်းမြတ်က လှူဒါန်းခဲ့သော ကျောက်ကန်ကလေး



စေတီတော်၏ ဘွဲ့တော်ကိုလည်း **"သိကြားကျဘုရား၊ သိကြားကျစေတီတော်"** ဟု ဘွဲ့မည် သမုတ်ခဲ့လေသည်။

သိကြားကျစေတီတော်မှာ သက္ကရာဇ် ၈၈၈ ခုနှစ် သိုဟန်ဘွား၏ **ဂငယ်သုံးခုဥသျှစ်ထုကိန်း** ဆိုက်လာစဉ်မှာပင် သိုဟန်ဘွား၏ ဖျက်ဆီးခြင်းမှ ကင်းဝေးခဲ့ရ၏။

သဘာဝရာသီဥတုများ၏ ဘေးဒဏ်၊ တောမီး၏ ဘေးရန်နှင့် ငလျင်တို့၏ ဘေးအန္တရာယ်အပေါင်းတို့မှ ကြံ့ကြံ့ခိုင်ခိုင် ပယ်ရှားနိုင်ခဲ့သော **အောင်မြေစေတီတော်** ဖြစ်ပါပေသည်။

ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃဂုဏ်တော်တို့ဖြင့် ထုံမွမ်းလျက် တည်ရှိနေခြင်းမှာ အထင်အရှားပင် ဖြစ်လေတော့၏။

## ပုံဟန်တော်မှာ

လိုဏ်ဂူပေါက် (၄)မျက်နှာ ရှိနေဟန် ပုထိုးစေတီတော် ဖြစ်လေ၏။ အရှေ့အရပ်သို့ မျက်နှာပြု လိုဏ်ဂူတော်အတွင်း အင်းဝခေတ် အနုပညာဖြင့် **"ဘူမိဖဿ"** ရုပ်ပွားတော်မှာ



www.burmeseclassic.com

www.burmeseclassic.com



▲ ရှေးကျောင်းသမိုင်းဝင် အရိယဝံသ သိမ်တော်ကြီးအား ယခု တွေ့မြင်ရပုံ




▲ နာမည်ကျော် အရိယဝံသ ဘိုးဘိုးကြီး၏ နန်းဆောင်

အားတော်ဆယ်ပါးဖြင့် ကိန်းဝပ်စံပယ်တော်မူပါသည်။

ကျန်ရှိသော အနောက်ဘက်၊ မြောက်ဘက်နှင့် တောင်ဘက်တို့တွင် မှန်သဏ္ဌာန်များဖြင့် တန်ဆာဆင်ထားရှိလေ၏။ ထိုမျက်နှာသုံးဖက်တွင် သိကြားမင်း၏ ဖောင်းကြွပန်းတော့လက်ရာများကို စီမံထားရှိလေသည်။

ဘုရားဆောင်၏ အထက်၌ ပစ္စယံသုံးဆင့် တင်ထားသော်လည်း **ပထမပစ္စယံတွင် ပဒေသာကြာသွတ်အိုးများဖြင့်** အလှဆင်ထားပါသည်။ ဒုတိယပစ္စယံ၌ **အရံရွှေစေတီများ**နှင့်သာ အပူဇော်ခံထားပါ၏။ ရွှေခေါင်းလောင်းကိုယ်ထည်တွင် **ရွှေခါးစည်းဖြင့် အထက်အောက်နှီး၍** ပန်းကနုတ်များ ထားရှိလေ၏။

သိကြားကျဘုရား၏ ဖောင်းရစ်များကို အလယ်ဗဟိုချက်မတွင် ဘုရားရှင်အား ရည်ညွှန်း၍ ရဟန္တာကြီးရှစ်ပါးတို့ဖြင့် အရပ်ရှစ်မျက်နှာကို ဖော်ပြထားရှိလေသည်။ ရေငုံဆရာတော်ကြီးသည် ကျေးဇူးဆပ်ခိုင်းရာတွင် ဗုဒ္ဓဂုဏ်ကျေးဇူးနှင့် သံဃကျေးဇူးတော်ကို ပေါ်လွင်ထင်ရှားပါပေ၏။

**ဘုရား(၉)ဆူ အစီအမံတွင်...**

၁။ အလယ်ဗဟိုချက်မတွင် ဗောဓိပင်နှင့် ဘုရားရှင်၊

၂။ အရှေ့မြောက်ထောင့်အရပ်တွင် တနင်္ဂနွေသား အရှင်ရာဟုလာ၊

၃။ အရှေ့အရပ်တွင် တနင်္လာသား အရှင်ကောဏ္ဍည၊

၄။ အရှေ့တောင်ထောင့်အရပ်တွင် အင်္ဂါသား အရှင်ရေဝတ၊

၅။ တောင်အရပ်တွင် ဗုဒ္ဓဟူးသား အရှင်သာရိပုတ္တရာ၊

၆။ အနောက်တောင်ထောင့်အရပ်တွင် စနေသား အရှင်ဥပါလိ၊

၇။ အနောက်အရပ်တွင် ကြာသပတေးသား အရှင်အာနန္ဒာ၊

၈။ အနောက်မြောက်ထောင့်အရပ်တွင် ရာဟုသား အရှင်ဂဝမ္ပတိ၊

၉။ မြောက်အရပ်တွင် သောကြာသား အရှင်မောဂ္ဂလာန်၊

အရှင်မြတ်တို့အား လောကီအကျိုး၊ သံသရာအကျိုး စီးပွားအလို့ငှာ လေ့လာတွေ့ရှိနိုင်ကြလေသည်။

ယနေ့ခေတ် မျက်မြင်အနေအထားမှာ မန်ကျည်းပင်အုပ်များ၊ လျှော်ဖြူပင်ကြီးများ၊ သန်း,ဒဟတ်,အင်ကြင်းနှင့် တရုတ်စံကားပင်များက ဥယျာဉ်သဖွယ် လှပအေးမြနေလေ၏။

သိကြားမင်းကြီးကိုယ်တိုင် သီလ, သမာဓိ,ပညာ (၃)ရပ်ကို အထူးပြုသောကြောင့် **ဗုဒ္ဓစည်း၊ ပညာစည်းတို့ဖြင့် ထုံမွမ်းပြည့်ဝသော "ပညာအောင်မြေ"** ဖြစ်လေတော့သည်။

သိကြားကျဘုရား၏ အရှေ့အရပ်တွင် ဆင်ရှင်စေတီတော်၊ တောင်ဘက်အရပ်တွင် ဆင်ဖိုးစေတီတော်၊ မြောက်ဘက်အရပ်တွင် ဆင်ဖိုးစေတီ(ခေါ်)ဥမင်ကိုးဆယ်စေတီတော်နှင့် အနောက်ဘက်တွင် ရေငုံစေတီတော်၊ ဆွမ်းဦးပုညရှင်စေတီတော်များ၏ ဗဟိုချက်အောင်ပန္နက် အောင်မြေ၌ တည်ရှိလေရာ တောင်ဆင်းလမ်း၏ ဘေးတွင် အလွယ်တကူ ဝင်ရောက်ကြည်ညိုရင်း ဗောဓိပင်ရုက္ခစိုးကြီးထံ ဆုပန်နိုင်ကြလေသည်။

**မှီငြမ်းကိုးကား**

- ❖ သာသနာလင်္ကာရကျမ်း။
- ❖ စစ်ကိုင်းသာသနာဝင်ကျမ်း။
- ❖ မှန်နန်း တ-တွဲ၊
- ❖ အင်းဝမင်းများ၏ သမိုင်းနေရာကျမ်း။
- ❖ သမြူမြသောင်း၏ ဘုရားများ။
- ❖ အရှင်ကောမုဒိဝရတို့ကျမ်းများကို မှီငြမ်း[illegible]သည်။

***အဝေရာ ဘေးမဲ့ အေးမြချမ်းသာကြပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

သရော်ကြီးဦးအောင်မြင့်
(ဥပဒေသွဲ့)
[လက္ခဏာဗေဒင်ပညာသုတေသီ]

# စီးပွားဥစ္စာ

## ချမ်းသာကြွယ်ဝလာသူတစ်ဦး၏ လက္ခဏာနှင့် လျှို့ဝှက်ချက်

"စီးပွားရေးအခြေအနေပဲ သိချင်တယ်။ အခု ဘယ်လိုဖြစ်နေလဲ၊ လာမယ့် တစ်နှစ်အတွင်း ဘာတွေ ဆက်ဖြစ်မလဲ၊ ဘယ်လို လုပ်ငန်းမျိုး အကျိုးပေးဆုံးလဲ၊ ဘာ လုပ်သင့်သလဲ"

အသက်(၄၀)ဝန်းကျင်၊ တရုတ်–မြန်မာကပြားလို့ ယူဆရတဲ့ အမျိုးသားတစ်ဦးက လက္ခဏာ စစ်ဆေးခံရင်း အထက်ပါ မေးခွန်းကို မေးမြန်းခဲ့တာ ဖြစ်ပါတယ်။


• လက္ခဏာပညာနဲ့ ဟောပြောသူအဖို့ လူတစ်ဦးရဲ့ စီးပွားရေး အခြေအနေ သိလိုရင်၊ အတိတ်ပါရမီကို ညွှန်ပြတဲ့ ဘယ်လက်ဖဝါးကို အရင်ကြည့်ဖို့ မမေ့သင့်ပါဘူး။

၁။ ကျန်းမာ သန်စွမ်းခြင်း။
၂။ ဉာဏ်ရည် ထက်မြက် ထူးခြားခြင်း။
၃။ လုပ်ရှား တက်ကြွ ကြိုးစားခြင်း။
၄။ စေ့စပ် သေချာခြင်း။
၅။ ချမ်းသာကြွယ်ဝနိုင်ခြင်း။


အဲဒီ အချက်(၅)ချက်ဟာ ပစ္စုပ္ပန်စီးပွားရေးအတွက် သိပ် အရေးကြီးပါတယ်။

ဘယ်လက်ဖဝါးပြင်က **အသက်လမ်းကြောင်းဟာ သေးသွယ်နက်ရှိုင်းပြီး၊ အဖျက်ဥပဒ်လမ်းတွေ ကင်းရှင်းနေတယ်။** ဒါကြောင့် သူဟာ ကျန်းမာသန်စွမ်းသူဖြစ်ဖို့ ပါရမီကောင်း ရှိတယ်။ **(က)**

ဉာဏ်လမ်းကြောင်းဟာ တစ်ဆစ်ချိုးကွေ့ပြီး အရင်းမှာ **တြိဂံဖြစ်နေတာ တွေ့ရတယ်**။ ဒါက ဉာဏဗလယုဂ်ချပြီး ထူးခြားထက်မြက်တဲ့ ဉာဏ်ရည် ရှိကြောင်း သိနိုင်ပြီ။ **(ခ)**



***



လက်ခလယ် လက်ချောင်း အရှည် (၇)စင်တီ၊ လက်ဖဝါးအရှည် (၁၀)စင်တီ၊ ကွာခြားမှု(၃)စင်တီ၊ အကောင်းဆုံး တေဇော လက်ဖဝါးပြင်၊ တက်ကြွလှုပ်ရှားကြိုးစားတဲ့ဘက်မှာ နံပါတ်–

www.burmeseclassic.com





ဝမ်း။

လက်ဖနောင့်ပိုင်းကလဲ အပြင်ကို ဝိုင်းပြီးထွက်နေတယ်။ လုံ့လဝီရိယ ကြီးမားကြောင်း ထင်ရှားတာပေါ့။ (ဂ)


အသက်လမ်းကြောင်း အဖျားနဲ့ ဦးခေါင်းလမ်းကြောင်းအဖျားဟာ (၁) စင်တီမီတာ အရှည်လောက် ထိစပ် ပူးကပ်နေတယ်။ ဒါဟာ ဘယ်အလုပ် ပဲဖြစ်ဖြစ် သေချာစဉ်းစားဝေဖန်ပြီးမှ ဆုံးဖြတ်ခြင်း၊ အလုပ်လုပ်ရင် စေ့စပ် သေချာခြင်းတို့အတွက် ပါရမီခံကောင်း ရှိကြောင်း ညွှန်းဆိုတယ်။ (ဃ)

***




တနင်္လာဂြိုဟ်ခုံပေါ်မှာ ထူးခြားတဲ့ ဗွေနှစ်ထပ်ရှိနေတယ်။ နိုင်ငံရပ်ခြားနဲ့ အကျိုးပေးခြင်း၊ လုပ်ငန်းများ အောင် မြင်ခြင်း၊ ပစ္စည်းဥစ္စာ ကြွယ်ဝနိုင်ခြင်း တို့အတွက် အစဉ်တံပါရမီရှိကြောင်း သိနိုင်ပါတယ်။ (င)

***



အသက်လမ်းကြောင်းပေါ်က ထိုး တက်တဲ့ လမ်းခွဲဟာ **ဦးခေါင်းလမ်း ကြောင်းနဲ့ ပေါင်းစပ်ပြီး၊ တြိဂံကြီး**လို ဖြစ်နေတယ်။ ရတနာဘဏ်တိုက်လို့ တင်စားကြပါတယ်။ ငွေကြေး ပစ္စည်းဥစ္စာ စုဆောင်းရရှိမှု အတွက် အာမခံချက် ဖြစ်တယ် လေ။ (စ)

***



ဘယ်လက်ဖဝါးပြင်အရ လက္ခဏာ ရှင်ဟာ စီးပွားရေးအခြေအနေ ချမ်းသာ ပြည့်စုံဖို့ အတိတ်ကံ ပါရမီရှိနေပြီပေါ့။ ပစ္စုပ္ပန် လက်ရှိကာလမှာ စီးပွားရေး ပြည့်စုံဖို့ဆိုတာ ညာလက်ဖဝါးမှာ စစ် ဆေးရဦးမယ်။

၁။ အတွေးအခေါ်ကောင်းကို လက်တွေ့ အကောင်အထည်ဖော်တတ်ခြင်း။
၂။ တီထွင်ဖန်တီးစွမ်းအား လုပ်ကိုင်ရဲခြင်း။
၃။ ဦးစီးခေါင်းဆောင်နိုင်ခြင်း။
၄။ အပျော်အပါးကိစ္စ ကင်းရှင်းခြင်း။
၅။ ကံကောင်းခြင်း။





www.burmeseclassic.com


www.burmeseclassic.com

အထက်ပါ အချက်(၅)ချက်နဲ့ ပြည့်စုံမှ ပစ္စုပ္ပန်ကာလမှာ ချမ်းသာကြွယ်ဝမှု ရှိနိုင်ပါမယ်။

လက္ခဏာရှင်ရဲ့ ညာလက်ဖဝါး ဦးခေါင်းလမ်းဟာ ဖြောင့်တန်း ရှည်လျားပြီး အဆုံးမှာ **သရဖူလို** ဖြစ်ပေါ်စပြုနေတယ်။ **(ဆ)**

အတွေးအခေါ်ကောင်းခြင်း၊ လက်တွေ့အကောင်အထည်ဖော်မှု လျင်မြန်ခြင်းရဲ့ သင်္ကေတ ဖြစ်ပါတယ်။

***




အသက်လမ်းကြောင်းနဲ့ ဦးခေါင်းလမ်းကြောင်းတို့ဟာ အဖျားမှာ (၀.၅) စင်တီမီတာလောက် သင့်လျော်ရုံကွာဟနေပြီး အသက်လမ်းရော၊ ဉာဏ်လမ်းကြောင်းပါ **အချက်လမ်းကောင်းခြင်း၊ ဖြောင့်တန်းရှည်လျားခြင်းတို့** ရှိတယ်။ **(စ)**

လွတ်လပ်စွာ တွေးခေါ်လုပ်ကိုင်၊ တီထွင်စွန့်စားနဲ့ခြင်းရဲ့ သင်္ကေတဖြစ်ပါတယ်။

ဦးခေါင်းလမ်းနဲ့ နှလုံးလမ်းကြားက **ဂမ္ဘီရအောင်လံ**ဟာ ထူးခြားပါတယ်။ တီထွင်စွန့်စားလုပ်ကိုင်မှုတွေ၊ ခရီးသွားလာမှုတွေမှာ ဘေးအန္တရာယ်ကင်းပြီး အောင်မြင်မှု များပြားစေပါတယ်။ **(ဈ)**

***




အသက်လမ်းကြောင်း အတွင်းဘက် သောကြာဂြိုဟ်ခုံမှာ လမ်းကြောင်းများနဲ့ **သံဆန်ခါကွက်နည်းပါးပြီး** နှလုံးလမ်းဟာလဲ လမ်းခွဲလမ်းမြွာ ရှင်းလင်းနေတယ်။ သောကြာခါးပတ်ရဲ့ အရိပ်အယောင်လဲ မရှိဘူး။ **(ည)**

ဒါဟာ အသောက်အစား၊ အပျော်အပါး ငြိမ်ခံမှု၊ ချစ်မှုရေးရာ နည်းပါးခြင်း၊ ကင်းရှင်းခြင်းရဲ့ သင်္ကေတဖြစ်ပါတယ်။

လက်ခလယ်အောက် **စနေ ဂြိုဟ်ခုံမှာ ဂံကောင်းမှတ်** ရှိနေတယ်။ **(ဋ)**

***



ငွေ သိန်းပေါင်းများစွာ ချမ်းသာကြွယ်ဝစေနိုင်တဲ့ မင်္ဂလာအမြဲအရံပေါ့ဗျာ။

အခု ဘယ်လိုဖြစ်နေလဲ။ ဘယ်လုပ်ငန်း အကျိုးအပေးဆုံးလဲ ဆိုတဲ့ အချက်ကို သိနိုင်ဖို့ ညာလက်ဖဝါးပြင်ကို စစ်ဆေးရပါတယ်။ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံပေါ်မှာ နှလုံးလမ်းနဲ့ကပ်လျက် **ထောင်လိုက်မျဉ်းမတ်(၃)ချောင်း** တွေ့ရတယ်။ တစ်ချောင်းက ဖြောင့်တန်းရှည်လျားတယ်။ နှစ်ချောင်းက တိုပြီး၊ တွန့်လိမ့်နေကြတယ်။ **(ဌ)**

***



"အသက်လေးဆယ်ကျော်မှာ မူလလုပ်ငန်းအပြင် လုပ်ငန်းခွဲ လုပ်ငန်းသစ် နှစ်မျိုးလောက် မြေစမ်း ခရမ်းပျိုးလုပ်ကိုင်မယ်။ မအောင်မြင်ဘူး။ မူလလုပ်ငန်းပဲ ကောင်းပါတယ်။"

အသက်လမ်းကြောင်းဟာ တနင်္လာဂြိုဟ်ခုံဘက်ကို လမ်းခွဲတွေ ထွက်နေတယ်။ **(ဍ)**။ တနင်္လာဂြိုဟ်ခုံပေါ်မှာလဲ ပွေတစ်ခု ရှိတယ်။ **(ဗ)**


ဒါတွေဟာ နိုင်ငံရပ်ခြား ကူးသန်းသွားလာ၊ ဆက်သွယ်ရောင်းဝယ်မှုမျိုးနဲ့သာ အကျိုးစီးပွား ဖြစ်ထွန်းမယ်လို့ ညွှန်ပြချက်တွေဖြစ်ပါတယ်။

***



အသက်လမ်းကြောင်းက ခွဲထွက်တဲ့ လမ်းခွဲဟာ ဉာဏ်လမ်းကို ဖြတ်ကျော်ပြီး လက်ညှိုးရင်း ကြာသပတေးဂြိုဟ်ခုံမှာ ရောက်ရှိနေတယ်။ ဒါဟာ အကြီးအကဲဖြစ်ခြင်း၊ ဦးစီး ခေါင်းဆောင်နိုင်မှု စွမ်းရည်ရှိခြင်းလို့ အဓိပ္ပါယ်ရရှိတယ်။ **(ဏ)**

***



အဲဒီအချက်တွေကြောင့် ပြည်တွင်းမှာ လုပ်သားဝန်ထမ်းများနဲ့ လုပ်ငန်း တည်ထောင်ပြီး ကုန်ပစ္စည်းထုတ်လုပ်၊ ပြည်ပကို တင်ပို့ရောင်းချတဲ့ လုပ်ငန်းမျိုး(သို့မဟုတ်)ပြည်ပကမှာယူတင်သွင်းတဲ့ ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာ လုပ်သားတွေနဲ့ ပြန်လည်တပ်ဆင် ပြုပြင်ဖြန့်ဝေ ရောင်းချတဲ့ လုပ်ငန်းမျိုး အကျိုးပေးပါမယ်။

"ကျွန်တော်ဟာ ငယ်စဉ်က သိပ်ဆင်းရဲခဲ့တာခဲ့ပါတယ်။ အရွယ် ရောက်လာတော့ ချမ်းသာကြွယ်ဝချင်ပါတယ်။ လောကမှာ ချမ်းသာတဲ့သူ နည်းတယ်။ ဆင်းရဲသူများတယ်။ ဒီတော့ "အများနဲ့ မတူအောင် နေထိုင်လုပ်ကိုင်ရင် ချမ်းသာမယ်" ဆိုတဲ့ အတွေးမျိုး ပေါ်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း)၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) (၆)



ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

ယခင်လမှ အဆက်

## လျှို့ဝှက်သိုင်းပညာ

"လျှို့ဝှက်သိုင်းပညာကို" သိုင်းသမားတိုင်း လိုချင်ကြပါသည်။ "ငါ့ဆရာက ငါ့ကို လျှို့ဝှက်သိုင်းပညာတွေ သင်ပေးသွားတာ" ဟုလည်း ခပ်ကြွားကြွားလေး ပြောတတ်ကြပါသည်။

တပည့်တွေရှိသည့်အနက် သူ့ကိုပဲ အချစ်ဆုံး၊ သူ့ကိုပဲ ပညာအပေးချင်ဆုံးဟု တပည့်ချင်းမှာ ခေါင်းတစ်လုံးပိုသာချင်သူတွေကလည်း အများကြီးပါ။

ပညာသင်ယူသူ အချင်းချင်း သူက ဆရာ၏ လျှို့ဝှက်ပညာတွေ ပိုတက်သည်ဟု ပြောချင် ဂုဏ်ယူချင်သူတွေကလည်း အများကြီး။

ဆရာကြီး ဦးချစ်သန်း၏ သိုင်းတပည့်တွေထဲမှာလည်း သိုင်းပညာသက် အနှစ်သုံးဆယ်လောက် ကွာသူတွေက ကျွန်တော့်အား သူ့ကို ဆရာကြီးဦးချစ်သန်းက လျှို့ဝှက်သိုင်းပညာတွေ သင်ပေးသွားတယ်ဟု ခပ်ကြွားကြွားလေး လာပြောသူတွေကို ကျွန်တော်က လက်ပိုက်ပြီး ခပ်ပြုံးပြုံးလေး နားထောင်နေရုံမှ တစ်ပါး တခြားဘာမှ မရှိပါ။

အဲဒီလျှို့ဝှက်သိုင်းပညာကို ဆရာကြီးဦးချစ်သန်းက သင်ပေးသွားတယ်လို့ ပြောသည့်သူတွေဟာ သိုင်းလောကမှာ သိုင်းဆရာ၊ သိုင်းသမားတစ်ယောက်အဖြစ် ပြောင်ပြောင်မြောက်မြောက် နာမည်တစ်လုံးနှင့် ဖြစ်မလာကြပါ။

ကျွန်တော့်အနေဖြင့် ဆရာကြီးဦးချစ်သန်းထံမှ လျှို့ဝှက်သိုင်း ပညာဟုပဲ ပြောရမလား၊ အကြောင်းတိုက်ဆိုင်လို့ သင်ပေးသွားသည့် "ကြုံပေး" ပညာဟုပဲ ပြောရမလား မသိသော သိုင်းပညာနည်းစနစ်သုံးခုကို ရရှိခဲ့ပါသည်။

၁၉၆၈ ခုနှစ်က ဆရာကြီးဦးချစ်သန်းသည် ပညာရေးဌာန လူငယ်ရေးရာဌာနခွဲတွင် စည်းရုံးရေးမှူး(သိုင်းပညာနည်းပြချုပ်)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ကျောင်း ဆရာ၊ ဆရာမများအား သိုင်းဆရာဖြစ်သင်တန်း သင်ကြားပို့ချပေးခဲ့ရပါသည်။ ဆရာကြီး ဦးချစ်သန်း၏ လက်ထောက်ဆရာများအဖြစ်...

၁။ ကိုပြည်သိမ်းလေး၊

၂။ ကိုထွန်းစိန်(မင်းယက္ခ)၊

၃။ ကိုဇော်ဝင်း (နောင်ယဉ်ကျေးမှုကဇာတ်ဌာန၊ သိုင်းနည်းပြဆရာ)၊

၄။ မဥမ္မာ (မမြမြ၏ညီမ) တို့ဖြစ်ကြပါသည်။

တစ်ရက်တွင် သင်တန်းနားသောကြောင့် ဆရာ၊ ဆရာမများနှင့် ကိုပြည်သိမ်းလေး၊ ကိုဇော်ဝင်းနှင့် မဥမ္မာတို့ ဘားအံမြို့အတွင်းသို့ လျှောက်လည်ကြပါသည်။

ကျွန်တော်က လျှောက်မလည်ချင်၍ သင်တန်းတည်းခိုဆောင်တွင် နားနေခဲ့ပါသည်။ နံနက်စာစားပြီး ကျွန်တော်ဝါသနာ ထက်သန်သော တုတ်ရှည်သိုင်းကို ကစားရန်အတွက် တုတ်ရှည်တစ်ချောင်းကို ဆွဲပြီး သင်တန်းကျောင်းဘေးရှိ တောင်ကုန်းလေးပေါ်သို့ တက်လာခဲ့ပါသည်။

ထို့နောက် ကျွန်တော်တို့၏ ပင်မပညာဖြစ်သော ရှမ်းကြီးတုတ်သိုင်းကို အစအဆုံး ပြန်၍ လေ့ကျင့်ပါသည်။

ထို့နောက် ၁၉၆၄ ခုနှစ်တွင် **ဆရာကြီးဦးထွန်းစော (မဟာဗိုဒ္ဓိသိုင်း)** ပေါင်းစပ်တီထွင်ထားသော တုတ်ရှည်ကွင်းဆက်တစ်ရာကို လေ့ကျင့်ပါသည်။

ရှမ်းကြီးတုတ်ရှည်သိုင်းကို သိသူများလည်း ရှိပါသည်။ တချို့ ဆရာများ မသိရှိကြသည်ကိုလည်း တွေ့ရပါသည်။

ထို့ကြောင့် မသိရှိသေးသူများ သိရှိရန်၊ သိလိုသူများ သိရှိရန် ရှမ်းကြီးတုတ်ရှည်သိုင်း အမည်များ(မ–စဉ်များဟု ခေါ်လေ့ရှိပါသည်။)ကို ဖော်ပြပေးလိုက်ပါသည်။

## ရှမ်းကြီးတုတ်ရှည်သိုင်းလက်ကာ

***ထီး၊ ဖော်၊ လက်၊ ဆီး၊ ထိုး၊ ရှေ့၊ ဆီး ကျား၊ ကျား၊ စ၊ ထိုး၊ တော၊ ဘော၊ တုတ်**



www.burmeseclassic.com

www.burmeseclassic.com

**ကျား,တုတ်၊ မြင်း,ဝန်,အုပ်၊ တောင်,ခုတ်, ဆင်,ထိုး,စုံ"**

၁။ ထီး ထီးတော်မိုးတုတ်(ဝါ)ထီးတုတ်
၂။ ဇော် ဇော်ဂျီတုတ်(မြောက်ထားစဉ်)
၃။ လက် လက်ဟန်ချီတုတ်
၄။ ခါး ခါးပတ်နှုတုတ်
၅။ ဝါး ဝါးကျိုတ်လိမ်တုတ်
၆။ ရှေ့ ရှေ့ဖြီးနောက်ဖြီးတုတ်
၇။ ခါး ခါးပတ်နှုတုတ်
၈။ ကျား ကျားအုပ်တုတ်
၉။ ကျား ကျားလှန်တုတ်
၁၀။ စ စလွယ်လုံထိုးတုတ်
၁၁။ ဝါး ဝါးကျိုတ်လိမ်လုံထိုး
၁၂။ တော တောရမ်းကြီးရှေ့ထွက်တုတ်
၁၃။ တော တောရမ်းကြီးနောက်ထွက်တုတ်
၁၄။ တုတ် တုတ်ထောက်ကြောင်လိမ်တုတ်
၁၅။ ကျား ကျားမြီးဆွဲတုတ်
၁၆။ တုတ် တုတ်ကျော်တုတ်
၁၇။ မြင်း မြင်းစီးတုတ်
၁၈။ ဝန် ဝန်ထမ်းထံပိုးတုတ်
၁၉။ အုပ် ချိုင်းထုပ်ခေါင်းအုပ်တုတ်
၂၀။ တောင် တောင်ဝှေးထောက်တုတ်
၂၁။ ခုတ် သဘော်စက်ခုတ်တုတ်
၂၂။ ဆင် ဆင်နှာမောင်းတုတ်
၂၃။ ထိုး လုံထိုးခြေကာတုတ်
၂၄။ စုံ တောရမ်းကြီးစုံတုတ်

တို့ ဖြစ်ကြပါသည်။

ဆရာကြီးဦးပြည်သိမ်း၊ ဆရာကြီး ဦးချစ်သန်းတို့၏ တုတ်ရှည်သိုင်းအပြင် အင်းလေးတုတ်သိုင်းဟူသော ပညာရပ်လည်း ရှိပါသေးသည်။

ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသမှ သိုင်းပညာ မဟုတ်ပါ။ တောင်ငူခရိုင်၊ အင်းလေးရွာရှိ ဆရာကြီးဦးရစ်ကာယ်၏ သိုင်းပညာ ဖြစ်ပါသည်။ ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါသည်။

## အင်းလေး တုတ်ရှည်သိုင်း လင်္ကာ

**"ထိုး,ကော်,ထုတ်,သိမ်း၊ ညှပ်,ရင်း, ဖျား,ပက်၊ ပြန်,ပတ်,ဇော်,က၊ ထောက်, နောက်,ထပ်၊ တုတ်ရှည်အစဉ်သတ်"**

၁။ ထိုး လုံထိုးခြေကာတုတ်
၂။ ကော် လုံကော်ထိုးတုတ်
၃။ ထုတ် ချိုင်းထုတ်ခေါင်းအုပ်တုတ်
၄။ သိမ်း ခြေသိမ်းခေါင်းအုပ်တုတ်
၅။ ညှပ် ဝါးကျိုတ်လိမ်း ချိုင်းညှပ်တုတ်
၆။ ရင်း အရင်းဆွဲသက်သက်တုတ်
၇။ ဖျား အဖျားဆွဲသက်သက်တုတ်
၈။ ပက် ပက်လက်ကျော်ရိုးရိုးတုတ်
၉။ ပြန် ပက်လက်ကျော်ပြန်ထိုး
၁၀။ ပတ် ခြေသိမ်းခေါင်းအုပ် ခါးပတ် စလွယ်တုတ်
၁၁။ ဇော် ဇော်ဂျီတုတ်ထမ်း (လက်နှစ်ဖက် မြှောက်လျက်)တုတ်
၁၂။ က ကုလားမချေးတွန်းတုတ် (ချေး တွန်းတုတ်ဟုလည်း ခေါ်သည်။)
၁၃။ ထောက် တောင်ဝှေးထောက်တုတ်
၁၄။ နောက် နောက်ဖြီးပြန်ထိုးတုတ်
၁၅။ ထပ် ဆက်ရက်ခုန်ခြေထပ်တုတ်

အင်းလေး တုတ်ရှည်သိုင်းနှင့် ရှမ်းကြီးတုတ်ရှည်သိုင်းတို့မှာ ကစားကွက်ချင်း၊ တုတ်နည်းချင်းတူသည်ကို တွေ့ရလိမ့်မည်။ အင်းလေးတုတ်ရှည်သိုင်းက **"ခြောက်ကွက်ပက်လက်၊ ခြောက်ကွက်လ,ခြမ်း၊ ခြောက်ကွက် ပ–စောက်"ဟုခေါ်သော ၆–ကွက်ကို မူတည်၍ လေ့ကျင့်သည်။**

အင်းလေးတုတ်ရှည် သိုင်း၏ ထူးခြားချက်မှာ (တုတ်–မ–စဉ်)များတွင် အသုံးချတိုက်ကွက်များကို ထည့်သွင်းထားခြင်းဖြစ်သည်။ ပမာအားဖြင့် ဇော်တုတ်ထမ်း လက်မြှောက်လျက် အနေအထားမှ တိုက်ခိုက်နည်း (၁၁) နည်းရှိသည်။

တောင်ဝှေးထောက် ဆိုလျှင်လည်း သင်ရိုးခြောက်ကွက် တတ်မြောက်သည်နှင့် တောင်ဝှေးထောက် တိုက်ချက် (၂၆)ချက် ရှိပေသည်။

ယင်းအချက်များကို သိသူ နည်းပါသည်။ ထို့ကြောင့် ကျွန်ုပ် သိထားသမျှကို သိရှိလိုသူတို့ သိရှိနိုင်ရန် တင်ပြရခြင်းဖြစ်ပါသည်။

**မှတ်ချက်။ ။ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလက "အင်းလေးသိုင်း".နှင့် "ခြေစောက်ထောင် သိုင်းပညာ" တူသည်ဟု "နိုင်ငံ့ဂုဏ်ရည် ဘွဲ့ရ သောကြောင့် ယင်းအကြောင်း၊ကို ခြေစောက်ထောင်ဆရာကြီး ဦးမြသီးနှင့် ဆရာကြီး ဦးခင်ထွန်း(ကွယ်လွန်)တို့၏ မေတ္တာရပ်ခံချက်အရ အင်းလေးသိုင်းပညာနှင့် ခြေစောက်ထောင်သိုင်းပညာရပ်တို့ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် (၆)လတာမျှ နှိုင်းယှဉ်ရေးသားခဲ့ဖူးပါသည်။**

**ဆရာကြီးဦးရစ်ကာယ်ထံမှ ဆင်းသက်လာသော သိုင်းပညာရပ်များ ဖြစ်ကြသောကြောင့် တုတ်သိုင်း မ–စဉ်ရော၊ ဓားသိုင်းမ–စဉ်များပါ တူညီကြပါသည်။**

**နောက်ပိုင်း ဆရာများ၏ အတွေ့အကြုံ ပညာသဘာဝတို့ကြောင့် ခြေစောက်ထောင်သိုင်းပညာမှာ (၆)ကွက်တွင် ချွန်းတစ်ခေါက် ထည့်၍ ခြေကို ခြေစောက်အတိုင်း တည့်–မ၍ ခြေချလျှင်ခြေထိုးပြီး ခြေဆန့်ရသည့်အတွက် ကစားကွက်ချင်း၊ ခြေအယူအဆချင်း မတူတော့ခြင်း ဖြစ်ပါသည်။**

ကျွန်တော်သည် သိုင်းပညာရပ်နည်းများစွာ ရှိသည့်အနက် တုတ်ရှည်သိုင်းကို ဝါသနာအပါဆုံး အကြိုက်နှစ်သက်ဆုံး ဖြစ်ပါသည်။

(ဗ–လ–စ)သိုင်းပညာ သင်ရပ်ပြအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြီးတွင် တုတ်ရှည်သိုင်း ယှဉ်တိုက် ပြကွက်ကို ပြသလေ့ ရှိပါသည်။ ထို တုတ်ရှည်တိုက်ကွက်ကို **ဆရာကြီး ဦးခင်မောင်(၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သိုင်းပြိုင်ပွဲကြီးတွင် ဓားတစ်လက်သိုင်းယှဉ်တိုက်ပြိုင်ပွဲ၊ တုတ်ရှည်သိုင်း ယှဉ်တိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်သိုင်းယှဉ်တိုက်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှစ်ဆုနှင့် ငွေတံဆိပ်တစ်ဆု ရရှိခဲ့သူဖြစ်သည်။)**က သင်ကြားလေ့ကျင့်ပေးခဲ့ပါသည်။

ကျွန်တော်နှင့် တွဲဖက်ကစားသူမှာ ကိုအောင်သောင်း(ယခု မဟာရန်ကုန်တွင် နာမည်ကျော်ဆဲဖြစ်သော သချာ အောင်သောင်း ဖြစ်ပါသည်။)

ကျွန်တော် တုတ်ရှည်သိုင်းများကို လေ့ကျင့်ပြီး၍ သစ်ပင်ရိပ်တွင် ထိုင်၍ အမောအပန်းဖြေနေစဉ် သစ်ပင်များကြားမှ ဆရာကြီး ဦးချစ်သန်းက တုတ်ရှည်တစ်ချောင်းကို တောင်ဝှေးထောက်သလို ထောက်ရင်း ထွက်လာပါသည်။

ကျွန်တော်လည်း အံ့အားသင့်သွားကာ ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်ပါသည်။ ဆရာကြီး ဦးချစ်သန်းက...

'မောင်တွန်းစိန်က တုတ်ရှည်သိုင်းကို တော်တော်လေးကစားနိုင်တာပဲ။ အေးသင်ရိုးကွက်တွေကို ကြေညက်အောင် ရှိုကစားနိုင်သလို အသုံးချ တိုက်ကွက်နည်းစနစ်ကိုလဲ တက်မြောက်ရမယ်။

ဒါကလဲ တစ်ဖက်လူနဲ့ ယှဉ်တဲ့အခါမှာ မထင်မှတ်တဲ့အချိန်မှာ လျှပ်တစ်ပြက် တိုက်နိုင်ရမယ်။ ကဲ...လာ ဆရာ မင်းကို အသုံးချ တိုက်ကွက်(၃)ကွက်လောက် သင်ပေးမယ်။ ဆရာလုပ်သလို လိုက်လုပ်'

ဟု ဆိုကာ ဆရာကြီးဦးချစ်သန်းက



သစ်ရိပ်များကျနေသော မြေကွက်လပ်လေးသို့ ထွက်သွားပါသည်။

ကျွန်တော်ကလည်း ဆရာ့နောက်မှ လိုက်သွားခဲ့ပါသည်။ ဆရာက အသုံးချ တိုက်ကွက်သင်ပေးမည်ဆို၍ ဝမ်းသာပီတိ ဖြစ်မိပါသည်။

'တုတ်ရှည်ရှင်း ယှဉ်တိုက်မယ်ဆိုရင် အများအားဖြင့် ညာသန်တွေများတော့ ဘယ်ခြေခံပြီး (ဘယ်ခြေကို ရှေ့မှာထားပြီး) အသင့်ပြင်တတ်ကြတယ်'

ဟု ပြောပြီး ဆရာကြီးဦးချစ်သန်းက ဘယ်ခြေခံပြီး ဘယ်လက်ပက်လက်၊ ညာလက်မှောက်လျက် အနေအထားဖြင့် ဘယ်တုတ်စအရှည်ကို ရှေ့မှထုတ်ထားပြီး အသင့်ပြင်ထားလိုက်ရပါသည်။

ကျွန်တော်ကလည်း ဆရာ့ပုံစံအတိုင်း ဘယ်ခြေခံ၍ တစ်ဖက်မှောက် တစ်ဖက်လှန်ကိုင် နည်းဖြင့် ဘယ်တုတ်စအရှည်ကို ရှေ့သို့ ထုတ်ထားပါသည်။ ဆရာကြီးက...

'မင်းအနေနဲ့ ဘယ်စ အရှည်နဲ့ ဖြစ်ဖြစ်၊ ညာစကို အရှည်ဆွဲပြီး အဲဒီ ညာစအရှည်နဲ့ ဆရာ့ကို မိုးတုတ်ချက်ဖြစ်စေ စလွယ်တုတ်ချက်ဖြစ်စေ ရိုက်ချလိုက်'

ဟုပြောရာ ကျွန်တော်ကလည်း ဆရာမှာသည့်အတိုင်း ဘယ်တုတ်စအရှည်ဖြင့် ခေါင်းပေါ်မှ မိုးရိုက်ချလိုက်ပါသည်။

ကျွန်တော့်တုတ်စ မြေကြီးကို ရိုက်မိလိုက်သည်နှင့် ကျွန်တော့်ခေါင်းမှာ ပူခနဲ ဖြစ်သွားပါသည်။ ခေါင်းတော့ မကွဲပါ။ မှတ်လောက်အောင် တော်တော်လေး နာသွားပါသည်။

ဆရာ့တုတ်ချက်က ကျွန်တော့်ခေါင်းကို ထိလိုက်၍ "ဒေါက်"ခနဲ မြည်သံနှင့်အတူ ကျွန်တော့်ပါးစပ်မှလည်း "အား"ဟူ၍ အော်သံမှာ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာပါသည်။

ဆရာက လက်ကို တအားဖိမရိုက်ဘဲ လက်ကိုထိန်း၍ ခပ်ဖွဖွလေး ရိုက်လိုက်ဟန် တူပါသည်။ ဆရာက **"ကဲ...ဆရာပြောသလို လိုက်လုပ်"** ဟု ဆိုကာ...

'တစ်ဖက်လူနဲ့ ယှဉ်ပြိုင်နေတဲ့အခါမှာ တစ်ဖက်လူ မရိပ်မိရလေအောင် ညာတုတ်စ (တုတ်အရင်းပိုင်းကို)မိမိရဲ့ညာဘက် ပေါင်ရင်းနားကို ဆွဲပြီး ညာလက်ကို မှောက်ကိုင်ထားရာကနေ ညာလက်ကို ပက်လက်လှန်ပြီး ကိုင်လိုက်ပါ။

တစ်ဖက်လူက မိမိကို ရိုက်ချလိုက်တာနဲ့ မိမိရဲ့ ဘယ်ခြေကို ညာခြေနောက်ကို ရုတ်တရက် ဆုတ်ပြီး ဘယ်လက်ကိုလွှတ် တုတ်ရင်းစကို ညာတစ်ဖက်တည်း ကိုင်ပြီး လက်ပြန်အုပ်ပြီး ရိုက်ထည့်လိုက်'

ဟု ပြောရင်း ဆရာက ဘယ်ခြေကို ညာခြေနောက်သို့ ရောက်အောင် ရုတ်တရက် ဆုတ်လိုက်ပြီး တုတ်ရင်းကို ညာလက်ပက်လက် အနေအထားကိုင်ပြီး လက်ပြန်ရိုက်ချလိုက်ပါသည်။

အခုမှ ကျွန်တော်ခံလိုက်ရသော အကွက်ကို သိလိုက်ရပါသည်။ ဆရာသာ လက်မထိန်းလျှင် ကျွန်တော့်ခေါင်းမှာ (၄)စိတ်လား၊ (၈)စိတ်လား မသိ ကွဲသွားနိုင်ပါသည်။ တစ်ချက်တည်းနှင့် သေသွားနိုင်ပါသည်။

'ကဲ...လာ ဟောဒါက နောက်တစ်ကွက်



www.burmeseclassic.com

www.burmeseclassic.com

ဒီသိုင်းကွက်က ပြင်းထန်လို့ သတိထားပြီး ထိန်းထိန်းသိမ်းသိမ်း လုပ်ရမယ်။ ခေါင်းကွဲသွားနိုင်တယ်။ လည်ပင်းကို ပြင်းပြင်းထန်ထန် ထိခိုက်နိုင်တယ်။ ပါးရိုးမေးရိုးတွေ ကျိုးသွားနိုင်တယ်'

ဟု ပြောပြီး ဘယ်ခြေခင်းပြီး တစ်ဖက်မှောက် တစ်ဖက်လှန် အနေအထားနှင့် တုတ်ကို ကိုင်ထားပါသည်။

'ကဲ...မင်းကို ဆရာက ဘယ်တုတ်စအရှည်နဲ့ ထိုးလိုက်တဲ့အခါ မှာ မင်းက ဘယ်တုတ်စအရှည်နဲ့ ဆရာ့တုတ်ကို အပြင်ကနေ အတွင်းဘက်ကို ခပ်ပြင်းပြင်းလေး ခတ်ထုတ်လိုက်'

ဟု ပြောပြီးသည်နှင့် ဆရာက ဘယ်တုတ်စအရှည်ဖြင့် ကျွန်တော့် မျက်နှာကို လှမ်းထိုးလိုက်ပါသည်။

ကျွန်တော်ကလည်း ထိုစဉ်က အသက်(၂၆)နှစ်သား။ သန်တုန်းမြန်တုန်း ကျင့်အားကောင်းတုန်း အရွယ်ဖြစ်၍ ကျွန်တော့်မျက်နှာသို့ ဝင်လာသော ဆရာ့ဘယ်တုတ်စ အရှည်ကို ကျွန်တော့် ဘယ်တုတ်စအရှည်ဖြင့် အားကုန်ခတ်ထုတ်လိုက်ပါသည်။

ကျွန်တော် ခတ်ထုတ်လိုက်သော တုတ်ချက်ကြောင့်''ထောက်''ခနဲ မြည်သံနှင့်အတူ ကျွန်တော့်နားထဲတွင် ''ဗိုး''ခနဲ ကြားလိုက်ရပြီး ဆရာ့ ဘယ်တုတ်စသည် ကျွန်တော့် ဘယ်ဘက်လည်ဘေးကို လာထိ၍ အသက်ထွက်မတတ် ကြောက်ရွံ့တုန်လှုပ်သွားပါသည်။

ဆရာသာ လက်မထိန်းလိုက်လို့ ကတော့ ကျွန်တော့်ဘယ်ဘက်လည်မင်း ဘေး၊ နားထင်၊ ပါး၊ မေးရိုးတို့မှာ ပြင်းထန်စွာ ဒဏ်ရာ ရရှိသွားနိုင်ပါသည်။ ထိုနည်းကို အလွန်လည်း ကြိုက်သလို အလွန်လည်း ကြောက်သွားပါသည်။



ဆရာကြီးဦးချစ်သန်းက...

'ဒီနည်းက သူ့ရဲ့ ခတ်ထုတ်လိုက်တဲ့အားရယ်၊ မိမိရဲ့ ဘယ်ခြေ နောက်သို့တက်ပြီး ညာဘက်မှ လည့်ရိုက်တဲ့ "တွက်" အားရယ်... အားနှစ်အားကို ပေါင်းလိုက်တဲ့အတွက် ဒီနည်းကို မသိရင် သတိမထားမိရင် တစ်ဖက်လူမှာ ပြင်းပြင်းထန်ထန် ထိခိုက်ခံရနိုင်တယ်။

ဒါကြောင့် အချင်းချင်း လေ့ကျင့်ရင် သတိထားပြီးကျင့်ပါ။ "အား"ကို ထိန်းပါ။ အားကို အကုန်မထုတ်ပါနဲ့'

ဟု သတိပေးပါသည်။ ဆရာကြီးဦးချစ်သန်းက...

'အခု တစ်နည်းကတော့ သူ့အားကို ပြန်အသုံးချသွားတာပဲ။ သူ့အားပြင်းလေ သူခံရလေပဲ။ ကဲ...လာ'

ဟု ခေါ်ကာ ကွက်လပ်တွင် ဘယ်ခြေခင်းပြီး ဘယ်စအရှည်ဖြင့် အသင့်ပြင်ထားပါသည်။

ကျွန်တော်ကလည်း ''ငါတော့ ဘယ်လို ခံရဦးမှာလဲ''ဟု တွေးတောကာ ခပ်ကြောက်ကြောက်ဖြင့် ဆရာ့အား ရင်ဆိုင်လိုက်ပါသည်။

ဆရာကြီးက သူ၏ ဘယ်တုတ်စအရှည်ဖြင့်(တုတ်ရင်းညာစကို) ညာတစ်ဖက်တည်းဖြင့်ကိုင်ကာ ကျွန်တော့် ညာဘက်လည်ပင်းဘေးသို့ လက်တစ်ဆန့် ထိုးထည့်လိုက်ပါသည်။

တုတ်ရှည်သိုင်းသမားတို့၏ အလေ့အကျင့်အတိုင်း တုတ်ကို အဝင်မခံဘဲ ဘယ်စအရှည်ဖြင့် အပြင်မှ အတွင်းသို့ ခတ်ထုတ်လိုက်ရာ ဆရာ၏ ဘယ်တုတ်စအရှည်သည် ကျွန်တော်၏ ညာဘက်နားရင်းသို့ ရိုက်မိသွားပါတော့သည်။

ကျွန်တော်လည်း လေးဖက်ပစ်ကျကာ လက်မှ တုတ်လည်း လွတ်ကျသွားပါသည်။ ထိလိုက်စက တော်တော်လေးနာသော်လည်း ပါးစပ်ဟာနိုင် ထမင်းစားနိုင်ပါသေးသည်။ ညနေဘက်ကျတော့ ပါးစပ် မဟာနိုင်တော့ပါ။

ကျွန်တော်က ဝင်လာသော ဆရာ့တုတ်စကို ကြောက်ကြောက်နှင့် အားကုန်ခတ်လိုက်သောကြောင့် ကိုယ့်အားပြင်းသလောက် ကိုယ်ပြန်ခံရခြင်းဖြစ်ပါသည်။

ဒီလိုနှင့် ကျွန်တော်သည် မမျှော်လင့်ဘဲ ဆရာကြီးဦးချစ်သန်းကိုယ်တိုင် သင်ကြားပေးလိုက်သော တုတ်ရှည်သိုင်းအသုံးချ သိုင်းကွက် သုံးကွက်ကို ရရှိလိုက်ပါသည်။

**[လျှို့ဝှက်သိုင်းပညာကို ကျွန်တော့် တစ်ယောက်တည်းကို သင်ပေးလိုက်သည်ဟုတော့ မပြောရဲပါ။ ဂုဏ်မယူရဲပါ။ သင့်တန်းတွင် သင်ပေးရန် အခွင့်မသာသော နည်းများပင် ဖြစ်ပါသည်။ လျှို့ဝှက်ဝှက်၊ မဝှက်ဝှက် ကျွန်တော်ကတော့ ရလိုက်ပါသည်။]**

**ဆရာကြီးမင်းယကွ**
*(တိုက်ပွဲဝင်)*

www.burmeseclassic.com

www.burmeseclassic.com



▲ ရေဆင်စွယ်

ကမ်းနားမှုကစမ်းပိုး (ကသာ)

# ရေဆင်စွယ်

ကိုဇော်ထိုက်သည် ကသာမြို့ အမှတ်(၁၀)ရပ်ကွက်တွင် နေထိုင်ပြီး ထိုစဉ်အခါက ကသာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့တွင် တပ်စုမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။

ကိုဇော်ထိုက်နှင့် သူငယ်ချင်းဖြစ်သူ ကိုကျော်မင်း (မင်းလယ်ရွာ ရယက စာရေး)တို့နှစ်ဦးသည် အကြောင်းကိစ္စတစ်ခုဖြင့် ဝန်းသိုမြို့သို့ **၂၀၀၂ ခုနှစ် နှစ်ဦးပိုင်း**က ခရီးထွက်ခဲ့ကြသည်။

ဝန်းသိုမြို့တွင် သစ်တောဦးစီးဌာန ဆင်ဦးစီးဟောင်းဖြစ်သူ ဦးဒုံးကြီး၏ နေအိမ်တွင် တည်းခိုကြသည်။ ဦးဒုံးကြီးသည် ထိုစဉ်က အသက်(၇၀) ကျော်ခန့်ရှိပြီး သန်မာဖျတ်လတ်ဆဲပင် ရှိသေးသည်။

ထိုသို့ တည်းခိုနေကြစဉ် ဦးဒုံးကြီးက မြန်မာနိုင်ငံအနောက်ပိုင်း တနိုင်းဘက်တွင် ဆင်ဦးစီးအဖြစ် လုပ်ကိုင်စဉ်က ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြားရင်း **ရေဆင်**အကြောင်း စကားစပ်မိကြသည်။

**ဦးဒုံးကြီးက...**

'ရေဆင်သတ္တဝါ အမှန်တကယ်ရှိကြောင်း၊ အရွယ်အစားမှာ ကြွက်နှင့်ဆင်ပြီး ကြွက်သာသာခန့်ရှိကြောင်း၊ ရေဆင်ရှိသည့် ချောင်း၊ မြစ်၊အင်းအိုင်များသို့ ဆင်ကြီးများ ဖြတ်မောင်းခိုင်း၍ မရကြောင်း၊ နောက်သို့သာ ပြန်ဆုတ်ပြေးကြောင်း...

ရေဆင်၏ အနံ့ကို ရရှိ၍ ဖြစ်ကြောင်း၊ ရေဆင်တွင် နှာမောင်းအစွယ်၊ အင်္ဂါအစုံ အလင်ပါကြောင်း၊ ရေဆင်စွယ်နှင့်ထိုးမိပါက ဆင်ကြီးများ တဖြည်းဖြည်းပိန်ချုံး၍ သေဆုံးကြောင်း...

ငှက်ပျောပင်နှစ်ပင်ကို ဓါးလယ်မှ တဖြင့်ခုတ်၍ တစ်ပင်ပေါ်တွင် ရေဆင်စွယ်ကို တင်ထားပါက ထိုအပင်သည် အလယ်အူတိုင်ညွန့် ထွက်မလာတော့ဘဲ သေဆုံးသွားကြောင်း၊ ကျန်ငှက်ပျောပင်မှာ အလယ်အူတိုင်ညွန့်ထွက်လာကြောင်း'

စသဖြင့် ဗဟုသုတဖြစ်ဖွယ်ရာများ ပြောပြခဲ့သည်။

ကိုဇော်ထိုက်နှင့် ကိုကျော်မင်းတို့မှ ဦးဒုံးကြီးအား **"ရေဆင်စွယ်ကို ယခု တွေ့ချင်လျှင် တွေ့နိုင်ပါမည်လား"** ဟု စုံစမ်း မေးမြန်းခဲ့သည်။

ဦးဒုံးကြီးမှ ဝန်းသိုမြို့ အနောက်ဘက်(၄)မိုင်ခန့်အကွာ လက်ပန်ကျင်းကျေးရွာ၌ ယခင်က ဆင်ဦးစီးအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ ဦးအုန်းဖေထံတွင် ရေဆင်စွယ်တစ်စုံတော့ရှိကြောင်း ပြောပြခဲ့သည်။

ကိုဇော်ထိုက်နှင့် ကိုကျော်မင်းတို့၏ အကူအညီ တောင်းခံချက်အရ ဦးဒုံးကြီးသည် လက်ပန်ကျင်းကျေးရွာသို့ လိုက်ပို့ပေးခဲ့၏။

လက်ပန်ကျင်းကျေးရွာ ဦးအုန်းဖေ၏ နေအိမ်တွင် ဦးအုန်းဖေနှင့် တွေ့ဆုံပြီး လာရင်းကိစ္စကို ပြောပြခဲ့ရာ ဦးအုန်းဖေမှ ယွန်းအစ်ငယ်ကလေးဖြင့် ထည့်သိုသိမ်းဆည်းထားသည့် ရေဆင်စွယ် တစ်စုံကို ထုတ်ပြခဲ့သည်။

တစ်ချောင်းမှာ ဓါးလယ်မှ ကျိုးနေပြီး တစ်ချောင်းမှာ အကောင်းပကတိ ရှိသည်၊ ရေဆင်စွယ်မှာ အရင်းတုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အဖျားဘက်သို့ သေးသွယ်ချွန်ထက်သွားသည်။ တကယ့် ဆင်စွယ်ကြီးများ၏ ပုံသဏ္ဌာန်အတိုင်းပင်ဖြစ်သည်။

**အလျား (၂)လက်မခန့် ရှိသည်။ အရွယ်အစားမှာ လက်ချိုးအစ် အကြီးသာသာခန့် ရှိသည်။ ဓာတ်ပုံတွင် မီးခြစ်ဆံနှင့် နှိုင်းယှဉ် ဖော်ပြထားပါသည်။**

ကိုဇော်ထိုက်သည် ရေဆင်စွယ်ကလေးအား စိတ်ဝင်စားလှသဖြင့် ရောင်းချပေးပါရန် ဦးအုန်းဖေ ပြောကြားခဲ့သည်။

ဦးအုန်းဖေက မိမိ ဆင်ဦးစီးအဖြစ် ဆောင်ရွက်စဉ် ဆင်များကို ထိန်းခဲ့သော ပစ္စည်းဖြစ်၍ မရောင်းချနိုင်ကြောင်း ငြင်းဆန်ခဲ့ပါသည်။

နောက်ဆုံးတွင် ကိုဇော်ထိုက်၏ အတန်တန်တောင်းပန်မှု ဦးအုန်းကြီး၏ မေတ္တာရပ်ခံချက်တို့အရ ဦးအုန်းဖေက...

'မောင်ရင်တို့ တကယ်စိတ်ဝင်စားပြီး မြတ်နိုးတယ်ဆိုရင် ဆင်စွယ်အကျိုးလေး တစ်ခုတော့ ယူသွားကြပါ။ ရောင်းတော့ မစားကြပါနဲ့'

ဟု ဆိုပြီး ဝမ်းနည်းစွာဖြင့် ခွင့်ပြုခဲ့သည်။

ကိုဇော်ထိုက်သည် မိမိတွင် ပိုက်ဆံပြည့်စုံစွာ အဆင်သင့် မပါလာခဲ့သဖြင့် ကိုကျော်မင်း(ထိုစဉ်က မင်းလယ်ရွာ ရယက စာရေး)ထံမှ ငွေတစ်သောင်း ခေတ္တ ချေးယူပြီး ဦးအုန်းဖေအား ကန်တော့ကာ ရေဆင်စွယ်အကျိုးကလေးတစ်ခုအား ယူဆောင်ခဲ့ပါသည်။

ဦးအုန်းဖေ ရေဆင်စွယ် ရရှိခဲ့ပုံမှာ ချောင်းတစ်ခုအတွင်းသို့ ဆင်အား ဖြတ်မောင်းစေရာ ဆင်မှာ နောက်သို့ ဆုတ်နေသဖြင့် ချောင်းအနီး ပတ်ဝန်းကျင်တွင် ရှာဖွေသည်။

ထိုအခါ ချောင်းကမ်းပါးတစ်နေရာတွင် **အရိုးကျနေပြီဖြစ်သည့် ရေဆင်အသေတစ်ကောင်အား** တွေ့ရှိသဖြင့် ထိုရေဆင်၏ အစွယ်အား ရယူခဲ့ခြင်းဖြစ်သည်။

ကိုဇော်ထိုက် ကသာသို့ ပြန်လည်ရောက်ရှိပြီးနောက် ငှက်ပျောပင်နှင့် စမ်းသပ်ရာ ငှက်ပျောပင်မှာ ညှိုးပုပ်၍ သေဆုံးသွားကြောင်း တွေ့ရှိရသည်။

ဆင်စခန်းနှင့် အလှမ်းကွာဝေးသဖြင့် ဆင်နှင့် မစမ်းသပ်ရသေးပါ။

ရေဆင်စွယ်အကြောင်း ဗဟုသုတ ရှာမှီးသူများ သိရှိစေရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြခြင်းဖြစ်ပါသည်။

**(ဖြစ်ရပ်မှန်ပြောပြသည့် ကိုဇော်ထိုက်အား ကျေးဇူးမှတ်တမ်းပြုလျက်...)**

**ကမ်းနဖူးကစမ်းဦး(ကသာ)**

စာရှုသူ...သုတေသီ...ဝါသနာရှင်များသို့...

ဤဆောင်းပါးမှာ **၃၀-၄-၂၀၀၂ ခုနှစ်** နေ့စွဲဖြင့် ရောက်ရှိလာသော စာမူဖြစ်ပါသည်။ အခွင့်မသင့်၍ မဖော်ပြနိုင်ခဲ့ပါ။ ယခုမှ ဖော်ပြလိုက်ရပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

စာမျက်နှာ (၁၄၇)မှ အဆက်

ဆင်ရဲကြသူအများစုကို လေ့လာတဲ့အခါ တီထွင်ဖန်တီးမှု ကြိုးစားအားထုတ်မှု အားနည်းတယ်။ ရှာဖွေရသမျှ ငွေကြေး အားလုံးကို ဖြစ်စေ တက်တက်ကြောင်ကို ဖြစ်စေ ဖိမ်ခံမှု အပျော်အပါးကိစ္စတွေမှာ ဖြုန်းတီးကြတယ်။ အချိန်ကိုလဲ တန်ဖိုးမထားကြဘူး။ ဒါကြောင့် ကျွန်တော်က ထင်ရဲတဲ့ လူတွေရဲ့ မှားတဲ့ ထုံးစံများအောင် အချိန်အမှု အလုပ်လုပ်တယ်။ အလုပ်တာဝန် မကုတ်တက်ဘဲ ရှာလုပ်တယ်။ အိမ်ရှိ တချိန်၊ ပျော်ပါးချိန် လျှော့ပစ်တယ်။ သူများတွေ စီးပွားရေးလုပ်ငန်းမျိုးမှာ သူများ မလုပ်နိုင်တာ၊ မလုပ်ရဲတာ၊ မစဉ်းစားမိတာတွေကို တီထွင်လုပ်ကိုင်တယ်။ ငွေကျပ်တစ်သောင်းရရင် တစ်သောင်းပဲ သုံးတယ်။ ဝင်ငွေရဲ့ သုံးပုံ တစ်ပုံလောက်ကို စုတည်နိုင်အောင် အသုံးအစွဲ ကျစ်လျစ်စေခဲ့တယ်။

ဥပမာ ကိုယ့်မှာ ကိုယ်ပိုင်ကား ဝယ်စီးနိုင်လောက်တဲ့ ငွေကြေးစုဆောင်း ရှိနေပေမယ့် ချက်ချင်း ဝယ်မစီးဘူး။ ကိုယ်စီးချင်တဲ့ ကားရဲ့ ထုတ်ဖိုးထက် (၅)ဆလောက် ပိုလျှံလာမှ ဝယ်စီးတယ်။ ရှာဖွေရရှိတဲ့ ငွေကို လုပ်ငန်းတိုးချဲ့ ရင်းနှီးမှုတွေမှာပဲ အများဆုံးသုံးပြီး ကိုယ်ရေးကိုယ်တာ ဇိမ်ခံမှုတွေအတွက် အနည်းဆုံး သုံးခဲ့တယ်။ ဒါကြောင့် ကျွန်တော်ဟာ ခုအချိန်မှာ ကြွယ်ဝချမ်းသာပြည့်စုံမှု အဆင့်အတန်းကို ရောက်ရှိခဲ့တာပါ'

ကျွန်ုပ်ရဲ့ လက္ခဏာ ဟောပြောမှုကိစ္စ ပြီးဆုံးချိန်မှာ ထိုလက္ခဏာရှင် အမျိုးသားက သူ့ဘဝရဲ့ တစ်စိတ်တစ်ဒေသကို အခုလို ရှင်းပြခဲ့ပါတယ်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များအနေနဲ့ ချမ်းသာကြွယ်ဝပြည့်စုံချင်ကြရင်ဖြင့် သူညွှန်ပြခဲ့တဲ့ လျှို့ဝှက်ချက်ကို လိုက်နာကျင့်သုံးအောင်မြင် တိုးတက်နိုင်ကြပါစေ။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြင့်**
***(ဥပဒေဘွဲ့)***
**[လက္ခဏာဗေဒင်ပညာသုတေသီ]**





www.burmeseclassic.com

www.burmeseclassic.com



# ၁၃၇၉ ခုနှစ် နှစ်သစ်မှာ

ခုနှစ်ရက်သားသမီးများ ဟောကိန်းပြီးရင်း

# ကောင်းကြပေစေလို့

ဇော်နန္ဒ
(ကျိုက်လတ်)

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်သို့ ရောက်ရှိ၍ လာခဲ့ပါပြီ။

၁၃၇၉ ခုနှစ်၏ **မူလဘူတ မဟာဘုတ်မှာ (ဝ)ကြွင်း** မဟာဘုတ် ဖြစ်ပါသည်။

***

ဝ ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

(ဝ)ကြွင်း မဟာဘုတ်နှစ်တွင် **သောကြာဂြိုဟ်သည် အထွန်းဌာန၊ တနင်္လာဂြိုဟ် သိုက်ဌာန၊ ကြာသပတေးဂြိုဟ်သည် ရာဇဌာန**တို့တွင် အသီးသီး ရပ်တည်၍ နေပါသည်။

**အထွန်းဌာန၏ သဘောမှာ** ကျော်စောထင်ရှားမှု၊ ထွန်းလင်းတောက်မှု၊ နှစ်သက်မြတ်နိုးမှု၊ အောင်မြင်မှု၊ စီးပွားဖြစ်ထွန်းမှု၊ ဘုန်းကြီးမှု၊ နာမည်ကောင်းရမှုတို့ ဖြစ်သည်။

**သောကြာဂြိုဟ်၏ ပရိယာယ်မှာ** ကုန်သည်ကြီး၊ သီလ၊ သာသနာ၊ ခရီး သစ်...အစရှိသည်တို့ ဖြစ်ပါသည်။ သို့ဖြစ်၍ ဌာနနှင့် ဂြိုဟ်ပရိယာယ်ကို ပေါင်းစပ်၍ ဟောချက်ထုတ်ရသော်...

ယခု ၁၃၇၉ ခုနှစ်၌ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးတွင် ကုန်သည်ကြီးများ စီးပွား အလွန်ဖြစ်ထွန်း ပွင့်လန်းလာကြမည်။ **အထွန်းဂြိုဟ်**သည် မြင့်မြတ်သောဂြိုဟ်ဖြစ်သဖြင့် ယနေ့ ကုန်သည်ကြီးများတို့သည် အများပြည်သူအကျိုး၊ နိုင်ငံအကျိုးကို အထူးတလည် ကြည့်ရှုလာကြမည်။

အကျင့်သီလ၊ စရဏအားကောင်းသော လူ၊ ရဟန်း၊ သူတော်စင်၊ သူတော်ကောင်းများ ပေါ်ထွန်းလာကြမည်။ သာသနာတော်ကြီး နေလိုလလို ထွန်းတောက်မည်။

ပြည်တွင်းပြည်ပ ခရီးသွားလာမှု ဝန်ဆောင်မှုလုပ်ငန်းများ အထူးအောင်မြင်ဖြစ်ထွန်းမည်။

ပြုန်းတီးနေသော သစ်တောများ တစ်ကျော့ပြန် ပြန်လည် ရှင်သန်ထမြောက်ပြီး စိမ်းစိုအုံ့မှိုင်းနေသော သစ်တောကြီးများ မြန်ပြည်အနှံ့ ပြန်လည် ဖုံးလွှမ်းလာကြမည် ဖြစ်ပါသည်။

**သိုက်ဌာန၏ သဘောမှာ** အေးငြိမ်းချမ်းသာမှု၊ ရွှင်လန်းအောင်မြင်မှု၊ မြင့်မြတ်တိုးတက်မှု၊ အကြံအစည်ကြီးမှုတို့ဖြစ်သည်။

တနင်္လာဂြိုဟ်၏ ပရိယာယ်မှာ ပွဲစား၊ ဟောပြောရေး၊ ကား၊ ကျောက်၊ ငွေ၊ အလှူ၊ မိခင် အစရှိသည်တို့ ဖြစ်ပါသည်။

သို့ဖြစ်၍ ဌာနနှင့် ဂြိုဟ်ပရိယာယ်ကို ပေါင်းစပ်၍ ဟောချက်ထုတ်ရသော်...

ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးတွင် ပွဲစား အကျိုးဆောင်လုပ်ငန်းများ အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်ဖြင့် ကောင်းနေမည်။ ဟောပြောပွဲများ နေရာအနှံ့ ပေါ်များလာမည်။

ကားကုမ္ပဏီအသစ်များ၊ ကားကောင်းများ တိုးဖောက်ဝင်ရောက်လာမည်။ ကျောက်မျက်တူးဖော်ရေး လုပ်ငန်းများ ထူးထူးခြားခြား ကျောက်ကြီးများ တူးဖော်ရရှိမည်။

ငွေကြေးဆိုင်ရာ ဘဏ်လုပ်ငန်းများ အဆင်ချောမည်။ အလှူဒါနပြုသူများ များပြားလာပြီး အလှူအတန်း ဖြောင့်သံ၊ စည်သံတညံညံ ဖြစ်မည်။

မြန်မာနိုင်ငံကြီး၏ မိခင်ကဲ့သို့ နေသောသူသည်လည်း အေးချမ်းသာယာဘေးကင်းစွာ မြင့်မြတ်သော လုပ်ဆောင်ချက်များဖြင့် တိုးတက်မှုများ ဝေဆာနေမည်ဖြစ်ပါသည်။

**ရာဇဌာန၏ သဘောမှာ**ထက်မြက်မှု၊ မင်းကျွမ်းဝင်မှု၊ လာဘ်ပေါများမှု၊ အောင်မြင်မှု၊ လုပ်ရှားမှုတို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးဂြိုဟ်၏ ပရိယာယ်မှာ** မိတ်ဆွေ၊ အမတ်၊ ပညာ၊ ဘာသာရေး၊ ဆရာ၊ မိန်းမ၊ (လူမျိုး ပရိယာယ်) မြန်မာ...အစရှိသည်တို့ ဖြစ်ပါသည်။

သို့ဖြစ်၍ ဌာနနှင့် ဂြိုဟ်ပရိယာယ်ကို ပေါင်းစပ်၍ ဟောချက်ထုတ်ရသော်...

ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးတွင် ထူးချွန်ထက်မြက် ဩဇာကြီးမားသော မိတ်ဖက်နိုင်ငံများ တိုးပွားလာမည်။ ဝန်ကြီး၊ အမတ်များ၏ ထိရောက်သော စွမ်းဆောင်မှုများ ထမြောက်ဖြစ်ထွန်းလာမည်။


မှန်ကန်၍ ထိရောက်သော ပညာရေးကဏ္ဍ မြင့်မားပေါ်ထွန်းလာမည်။ နည်းပညာများ တိုးတက်မည်။ ပညာရှင်များ များစွာ ပေါ်ထွက်လာမည်။

ဘာသာရေး လုပ်ငန်းစဉ်များ၊ ဘာသာရေးပွဲတော်များ ပျံ့နှံ့ပြန့်ပွား စည်စည်ကားကား ဖြစ်လာမည်။ ထူးချွန်ထက်မြက်သော ဆရာကောင်းများ ပေါ်ထွက်လာပြီး မြတ်ဆရာပူဇော်ပွဲများ မြန်ပြည်အနှံ့ တွင်တွင်ကျယ်ကျယ် တိုးတက် ပြန့်ပွားဆောင်ရွက်လာကြမည်။

မိန်းမသားများ၏ အခွင့်အရေး၊ အခန်းကဏ္ဍများ အရေးပါလာပြီး ထက်မြက်ထူးချွန်သော မိန်းမသားများ ပေါ်ထွက်လာမည်။

မြန်မာလူမျိုးများ၏ ကံကြမ္မာများလည်း ထက်ထက်မြက်မြက် ဖြစ်လာကာ အရာရောက်လာကြမည် ဖြစ်ပါကြောင်း မင်္ဂလာနိမိတ်ကောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။

ဤတွင် ကျွန်ုပ်ကလည်း ယခု ၁၃၇၉ ခုနှစ်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားများအပေါင်း ဘေးကင်းရန်ရှင်း အန္တရာယ်ကင်းစွာဖြင့် မကောင်းသော



အညံ့များ ကင်းစဉ်လွင့်ပျောက်၍ ကံပွင့်ကံမြင့်စေကာ...

ကံကောင်းပြီးရင်း ကံကောင်းအောင် မေတ္တာစေတနာ ရှေ့ထား၍ တစ်နှစ်တာအတွင်း ဆောင်ရန်၊ ရှောင်ရန်နှင့် အစွမ်းထက်ယတြာများကို မြန်မာ့ရိုးရာ ဆန်းကျမ်းဗေဒင်ပညာဖြင့် သေသေချာချာ စိစစ်တွက်ချက်၍ ရေးသား တင်ပြပေးလိုက်ပါသည်။

ယုံယုံကြည်ကြည် လေးလေးစားစား လိုက်နာကျင့်သုံးခြင်း၊ ကံ အကောင်းကြီးကောင်းကြပါစေ။

အန္တရာယ်ရှင်း ဘေးကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒဟူသမျှ တစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေသတည်း။

**(အဟောပိုင်းတွင် မွေးနံဂြိုဟ် ပရိယာယ်တစ်ခုတည်းကိုသာ ရွေးချယ်၍ ဟောပေးထားပါသည်။ ဆောင်ရန်၊ ရှောင်ရန်နှင့် ယတြာများကိုသာ ဦးစားပေး တင်ပြသွားမည်ဖြစ်ပါသည်။)**

### တနင်္ဂနွေသားသမီး

စိတ်ဓာတ်ကျ၊ စိတ်လေစိတ်မော၊ စိတ်ဒေါသထွက်စရာများ ကြုံတွေ့ရတတ်သည်။ အကောင်းမလာခင် အဆိုးများ ရှေ့ကခံသောကိန်း ဖြစ်သည်။

အဆင်ပြေ ကံကောင်းနေရာမှ ရုတ်တရက် ပြဿနာပေါ်ခြင်း၊ အတိုက်အခံများပေါ်ခြင်း၊ ကျန်းမာရေးညံ့ခြင်းတို့ ကြုံတွေ့ရတတ်သည်။

ပြီးမှ အဆင်ပြေ ပြန်ကောင်းမည်။ ပြဿနာရှာလိုစိတ်တို့ ပေါ်တတ်သည်။

အလုပ်ကိစ္စ၊ အိုးအိမ်ကိစ္စ၊ အတိုက်အခံပေါ်၊ ရန်ပေါ်၊ စိတ်ဆင်းရဲ ငြိုငြင်ရတတ်သည်။ ဖခင်၊ ကြီးကဲသူတို့နှင့် အဆင်မပြေဖြစ်မည်။ ယင်းတို့၏ ကျန်းမာရေး ဂရုစိုက်ရမည်။

အိမ်ထောင်ရေး ရန်တကျက်ကျက်ဖြစ်နေမည်။ အိမ်ပြင်အိမ်ဆောက် မဆောင်ရွက်သင့်သေးပါ။ အင်း၊ အဆောင်တို့ အဝင်မခံသင့်ပါ။

အိမ်ထောင်ဦးစီးသည် ပြဿနာများပေါ်ခြင်း၊ ကျန်းမာရေးညံ့ခြင်း ကြုံမည်။ စက်ပစ္စည်းများ ဒုက္ခပေးတတ်သည်။

စာရွက်စာတမ်းများ ပျောက်ရှတတ်သည်။ အစွပ်အစွဲ အတိုင်အတောခံရတတ်သည်။ အောက်လက်ငယ်သားတို့ ဒုက္ခပေးတတ်သည်။ ပတ်ဝန်းကျင်နှင့် ပြဿနာပေါ်မည်။ ခင်ပွန်းအတွက် စိတ်ငြိုငြင်ရမည်။

**ဆောင်ရန်**

ဗုဒ္ဓဟူး, သောကြာ, စနေ ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်**

တနင်္ဂနွေ, တနင်္လာ, ကြာသပတေး ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးပါ။ **[မှတ်ချက်။ ။ ပုံတွဲ[illegible]ဖြင့် အသုံးချရန်]**



www.burmeseclassic.com

www.burmeseclassic.com

မကောင်းသောအညွှန့်များ လျော့နည်းပပျောက်ရန်

❖ ငါး(၂၄)ကောင် လွှတ်ပါ။

❖ သူတောင်းစားကို ပဲကြော်(၅)ခု ကျွေးပါ။

❖ ဘုန်းကြီးကျောင်းကို အုန်းခြေသုတ်ခုံ လှူပါ။

ကံပွင့်ကံမြင့်ရန်

◎ တနင်္ဂနွေအရပ်မှနေ၍ သပြေ(၂၁) ညွန့် ဘုရားရှင်ကို ကပ်လှူပါ။

◎ အိမ်မှ ဘုရားရှင်ကို သဘော်သီး(၆) စိတ် ကပ်လှူပါ။

◎ ဘုန်းကြီးကို ဖိနပ် လှူပါ။

◎ ကိုရင်ကို ဆီး(ဖီး)ယို ကပ်လှူပါ။

◎ **"သမ္ဗုဒ္ဓေ"** ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

◎ **"အရဟံ သိဒ္ဓိ"** ကို ပုတီး (၉)ပတ် နေ့စဉ်စိပ်ပါ။

---

**တနင်္လာသားသမီး**

---

ရပ်ဝေးဒေသ အကျိုးပေးမည်။ တည်ငြိမ်နေသော ကံကြမ္မာများ တဖြည်းဖြည်းချင်း ပြန်လည်နိုးထ ကောင်းမွန်လာမည်။ အစစအရာရာ အနေအထားများ တဖြည်းဖြည်း ပြန်လည် ကောင်းမွန်လာမည်။

ရပ်ဝေးမှ ငွေတို့ ဝင်လာမည်။ ဧည့်သည်များလည်း ရောက်လာမည်။ မိခင်၊ အစ်မတို့ထံမှ အကျိုးပြု ကူညီခံရမည်။

ရစရာရှိသော ငွေများ တဖြည်းဖြည်း ပြန်လည်ရရှိလာမည်။ ငွေကြေး ကူညီမစမှုများ ခံရမည်။ တစ်ရပ်တစ်ရွာတွင် ချစ်သူတွေ့တတ်သည်။ ကားအဝင်ကံ ရှိသည်။

ဆွေမျိုးသားချင်းတို့ အကျိုးပြု ကူညီလာမည်။ အနုပညာအသံထွက် ပစ္စည်း၊ ဇိမ်ခံပစ္စည်းတို့ ဝင်လာမည်။ ခရီးဝေး သွားလာရမည်။ သူတော်စင်၊ သူတော်ကောင်းတို့နှင့် ဆုံတွေ့ရမည်။

ဇနီးနှင့်ပတ်သက်၍ စိတ်ချမ်းသာစရာများ ကြုံတွေ့ရမည်။ စကားကောင်းများ ပြောဆိုရမည်။ အစားအသောက်ကောင်းများ စားသောက်ရမည်။ အလုပ်ကိစ္စ၊ မင်္ဂလာကိစ္စ ပြုမူဆောင်ရွက်ရတတ်သည်။ ကျောက်တို့ ဝင်လာမည်။

ဆောင်ရန်

တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

ရှောင်ရန်

အင်္ဂါ၊ သောကြာ၊ စနေ ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ **[မှတ်ချက်။ ။ ပူးတွဲဇယားဖြင့် အသုံးချရန်]**

မကောင်းသောအညွှန့်များ လျော့နည်းပပျောက်ရန်

❖ သူစိမ်းကလေးများကို နာနတ်ယို ကျွေးပါ။

❖ သူတောင်းစားကို ဆန်ထုပ်(၃)ထုပ် လှူပါ။

❖ ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူ (သို့မဟုတ်) သိုး(သို့မဟုတ်) သမင်ကို အစားအစာကျွေးပါ။

❖ ဆရာတစ်ဦးကို လိမ္မော်သီး ဒါနပြုပါ။

ကံပွင့်ကံမြင့်ရန်

◎ သောကြာအရပ်မှနေ၍ အုန်းပန်း၊ အုန်းဖူးများ ဘုရားရှင်ကို ကပ်လှူပါ။

◎ အိမ်မှ ဘုရားရှင်ကို ကြံရည် ကပ်လှူပါ။

◎ ဘုန်းကြီးကို မြေပဲကြော် ကပ်လှူပါ။

◎ ကိုရင်ကို အာလူးကြော် ကပ်လှူပါ။

◎ **"အောင်စကြာ"** မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

◎ **"အရဟံဗုဒ္ဓေါ"** ကို ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။

---

**အင်္ဂါသားသမီး**

---

ရောဂါဟောင်း၊ အနာဟောင်း၊ ဝေဒနာဟောင်းတို့ ဆရာသမားကောင်းတွေ့ပြီး သက်သာပျောက်ကင်းလာမည်။ ထင်မှတ်မထားသည်များ ထဖြစ်တတ်သည်။ ဖြစ်လာသည်က အကောင်းတွေဖြစ်မည်။

အခက်အခဲ၊ အကျပ်အတည်း ပြဿနာများကြားမှ အဆင်ပြေ လွတ်မြောက်လာမည်။ မုဆိုးဖို/မတို့၏ အကျိုးပြု ကူညီမှုကို မထင်မှတ်ဘဲ ရလာမည်။

စက်ပစ္စည်းအဟောင်း၊ ရှေးဟောင်း စိန်တို့ ဝင်လာမည်။ ပတ်ဝန်းကျင်နှင့် အဆင်ပြေလာမည်။ ကျိတ်၍ ချီးကျူး ခံလာရမည်။ ညီငယ်၊ ညီမငယ်တို့ အဆင်ပြေ တိုးတက်လာမည်။ အပြိုင်အဆိုင်၊ မလိုသူတို့ ရှိသော်လည်း ကျော်လွှားအနိုင်ရမည်။

အခက်အခဲ၊ ပြဿနာများကြားမှ ခင်ပွန်းသည် အဆင်ပြေလာမည်။ အောက်လက်ငယ်သားဟောင်းများ ၏ အကျိုးပြု ကူညီခံလာရမည်။

အခက်အခဲဖြစ်နေသော ငွေကြေး ကိစ္စများ အဆင်ချောလာမည်။ မိခင်၊ အစ်မတို့အတွက် စိတ်ချမ်းသာစရာ ရမည်။ လျှို့ဝှက်အချစ်ရေးများ အဆင် ပြေလာမည်။ ; အခက်အခဲကြားမှ



www.burmeseclassic.com

www.burmeseclassic.com

အလှူဒါနပြုရတတ်သည်။

**ဆောင်ရန်**

သောကြာ,စနေ ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်**

တနင်္ဂနွေ,ဗုဒ္ဓဟူး, ကြာသပတေး ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ **[မှတ်ချက်။ ။ ပုံးတွဲဖယားဖြင့် အသုံးချရန်]**

**မကောင်းသောအညွှံများ လျှော့နည်းပပျောက်ရန်**

❖ သူစိမ်းကလေးများကို ဖရုံယိုကျွေးပါ။

❖ သူတောင်းစားကို အုန်းယို(သို့မဟုတ်) အာလူးကြော် ကျွေးမွေးပါ။

❖ ဝက်(သို့မဟုတ်)လိပ်များကို အစာသွားကျွေးပါ။

❖ ဆရာတစ်ဦးကို ကြက်ဥဒါနပြုပါ။

**ကံပွင့်ကံမြင့်ရန်**

◎ တနင်္ဂနွေအရပ်မှနေ၍ သစ်ခွ(၆)ခိုင် ဘုရားရှင်ကို ကပ်လှူပါ။

◎ အိမ်မှ ဘုရားရှင်ကို နွားနို့ကပ်လှူပါ။

◎ ဘုန်းကြီးကို ဆေးဝါးလှူဒါန်းပါ။

◎ ကိုရင်ကို သရက်ယို ကပ်လှူပါ။

◎ **"ထဟိ ထဟိ"** အစချီ ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။


◎ **"သုဂတော သိဒ္ဓိ"** ကို ပုတီး (၉) ပတ် နေ့စဉ်စိပ်ပါ။

---

**ဗုဒ္ဓဟူးသားသမီး**

---

ညီအစ်ကိုမောင်နှမ၊ သားသမီးတို့



ထံမှ လက်ဆောင်ရတတ်သည်။ လာဘ်လာဘတို့ ရွှင်လာမည်။ ချူချာတတ်၊ ရောဂါဘယများတတ်သော်လည်း စိုးရိမ်စရာမရှိပါ။

မျှော်လင့်မထားသည်များ ဖြစ်လာတတ်သည်။ ဖြစ်လာသည်က အကောင်းတွေဖြစ်မည်။ သတင်းကောင်း ကြားရမည်။

ရွှေထည်ပဟောင်းတို့ လက်ဆောင်ရမည်။ သားသမီးတို့၏ ပညာရေးကောင်းလာမည်။ ညီအစ်ကိုမောင်နှမတို့ စီးပွားရေး အဆင်ပြေလာကြမည်။

မိတ်ဆွေများနှင့် အဆင်ပြေမည်။ သင်တန်းတက်ရတတ်သည်။ အတွေးအခေါ်ကောင်းတို့ ပေါ်လာမည်။ မိန်းမသားတို့နှင့် အဆင်ပြေမည်။ ဘာသာရေးလုပ်ငန်းများ လုပ်ဖြစ်မည်။

ပေါင်ထားသော ရွှေတို့ ပြန်ဝင်လာမည်။ အနုပညာလုပ်ငန်းများ၊ ရေထွက်ကုန်၊ လက်ဖက်ရည်ဆိုင်၊ ရွှေဆိုင်လုပ်ငန်းများ အဆင်ပြေလာမည်။ ရေလမ်းဖြင့် ဆရာတော်ဖူး၊ ဘုရားဖူးခရီးများ သွားလာရတတ်သည်။

**ဆောင်ရန်**

တနင်္ဂနွေ,ဗုဒ္ဓဟူး, ကြာသပတေး ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်**

တနင်္လာ,အင်္ဂါ,သောကြာ ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ **[မှတ်ချက်။ ။ ပုံးတွဲဖယားဖြင့် အသုံးချရန်]**

**မကောင်းသောအညွှံများ လျှော့နည်းပပျောက်ရန်**

❖ စာလွှတ်ပါ။ စာကလေးများကို အစာကျွေးပါ။

❖ သူတောင်းစားကို သဘော်သီး(၆) စိတ် ကျွေးမွေးပါ။

❖ ခွေး(သို့မဟုတ်) ကျီးကန်းများကို အစာကျွေးပါ။

❖ ဆရာတစ်ဦးကို နို့ဆီဘူး လှူဒါန်းပါ။

**ကံပွင့်ကံမြင့်ရန်**

◎ သောကြာအရပ်မှနေ၍ အာလူးကြော်တစ်ပန်းကန် ဘုရားရှင်ကို ကပ်လှူပါ။

◎ အိမ်မှ ဘုရားရှင်ကို အုန်းဆွမ်း မကြာခဏ ကပ်လှူပါ။

◎ ဘုန်းကြီးကို ပန်းသီး ကပ်လှူပါ။

◎ ကိုရင်ကို လိမ္မော်သီး ကပ်လှူပါ။

◎ **"၂၄ ပစ္စည်း"** ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

◎ **"ဗုဒ္ဓေါသိဒ္ဓိ"** ကို ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။

---

**ကြာသပတေးသားသမီး**

---

အငြိမ်မနေရ၊ လှုပ်ရှားမှုများနေတတ်၊ အိမ်မကပ်၊ အသွားအလာများနေမည်။ မတည်မြဲသော သဘောတရားတို့ကို မျက်ဝါးထင်ထင် ကြုံတွေ့ရတတ်သည်။ ဟိုလိုလိုသည်လိုလိုနှင့် မရေရာသော အနေအထားများကို ကြုံတွေ့ရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကံကောင်းခြင်းနှင့် ကံဆိုးခြင်းကို ယှဉ်တွဲ၍ ကြုံတွေ့ရမည်။ မတင်မကျ စိတ်ဒွိဟာဖြစ်စရာတို့ ပေါ်မည်။

မိတ်ဆွေ၊ ဆရာသမားတို့ စိတ်ထားမှုမမှန်တတ်ပါ။ ပညာရေးတွင် စိတ်ဝင်စားလိုက်၊ မဝင်စားလိုက်ဖြစ်နေမည်။

အတွေးအခေါ်တို့ ဝေဝါးနေတတ်သည်။ ဘာသာရေးလုပ်ငန်းများ လုပ်ဖြစ်လိုက်၊ ပျက်ကွက်လိုက်ဖြစ်နေမည်။ မိမိအပေါ် ကောင်းတစ်လှည့် ဆိုးတစ်လှည့် ဆက်ဆံတတ်သော ကြီးကဲသူတို့နှင့် ဆုံတွေ့ရမည်။

လုပ်ငန်းများ ကောင်းလိုက်၊ မကောင်းလိုက် ဖြစ်နေမည်။ ဖခင်၊ အစ်ကိုတို့နှင့် တည့်လိုက်၊ မတည့်လိုက် ဖြစ်နေမည်။

ပဲ၊ ပိတ်၊ မြေထည်၊ ဖိုက်ဘာ၊ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ အဆင်ပြေလိုက်၊ မပြေလိုက်ဖြစ်နေမည်။

**ဆောင်ရန်**

**(ပထမကောင်း)** သောကြာ၊ **(ဒုတိယကောင်း)** တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်**

ဗုဒ္ဓဟူး၊ စနေဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ **[မှတ်ချက်။ ။ ပူးတွဲဗေဒါးဖြင့် အသုံးချရန်]**

**မကောင်းသောအညွှန်းများ လျှော့နည်းပပျောက်ရန်**

❖ ဦးခေါင်းမကောင်းသူကို အစားအစာ ကျွေးမွေးပါ။

❖ သူတောင်းစားကို ဝက်သားဟင်း (၄)တုံး ဒါနပြုပါ။

❖ စာသင်ကျောင်းများကို တံမြက်စည်း လှူပါ။

**ကံပွင့်ကံမြင့်ရန်**

❂ တနင်္ဂနွေအရပ်မှနေ၍ သစ္စာပန်းများ ဘုရားရှင်ကို ကပ်လှူပါ။

❂ အိမ်မှ ဘုရားရှင်ကို သကြားသာကူ ကပ်လှူပါ။

❂ ဘုန်းကြီးကို ဆေးဝါးလှူဒါန်းပါ။

❂ ကိုရင်ကို ငှက်ပျောသီး ကပ်လှူပါ။

❂ **"သီရသွီ"** **ဂါထာ**ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

❂ **"အရဟံ သီဒွိ" ကို** ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။

---

**သောကြာသားသမီး**

---

အစစအရာရာ အနေအထား ကောင်းနေပါသော်လည်း သောကများပါဒများကတော့ တွေ့ကြုံနေရမည်။ အဆိုး၊ အညွှံများ အနည်းငယ်ရှေ့က ခံပြီးမှသာ အကောင်းကြုံရတတ်သော နှစ်ဖြစ်သည်။

ဇနီး၊ ဆွေမျိုးသားချင်းတို့အတွက် ပူပင်သောက တွေ့ရတတ်သည်။ အစားအသောက် အဆင်မပြေ ဖြစ်တတ်သည်။

ခရီးသွားလျှင် စိတ်အနှောင့်အယှက် ဖြစ်စရာတို့ ကြုံမည်။ အနုပညာ အသုံးအဆောင်ပစ္စည်းများ၊ အိမ်ခံပစ္စည်းတို့ ပျက်တတ်သည်။

ရေတွင်း၊ ရေပိုက်၊ ရေနှင့်ပတ်သက်၍ သောကမအေး ဖြစ်တတ်သည်။ ရွှေတို့ဝင်လာလျှင် စိတ်ညစ်စရာ ကပ်ပါလာမည်။

ညီအစ်ကိုမောင်နှမ၊ သားသမီးတို့အတွက် ရတက်မအေး ဖြစ်နေရမည်။

သစ်၊ သံ၊ သွပ်၊ ခရီးဝန်ဆောင်မှု လုပ်ငန်းများ သောကနှင့်ယှဉ်၍ အဆင်ပြေ အောင်မြင်နေမည်။

**ဆောင်ရန်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်**

တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ **[မှတ်ချက်။ ။ ပူးတွဲဗေဒါးဖြင့် အသုံးချရန်]**

**မကောင်းသောအညွှန်းများ လျှော့နည်းပပျောက်ရန်**

❖ သူတောင်းစားကို ကိတ်မုန့်ကျွေးမွေးပါ။

❖ မျက်စိမကောင်းသူကို ဆေးဝါး လှူဒါန်းပါ။

❖ ဆိတ်(သို့မဟုတ်) စာကလေးများ အစာကျွေးပါ။

❖ သူစိမ်းကလေးများကို သရက်သီး ကျွေးပါ။

**ကံပွင့်ကံမြင့်ရန်**

❂ သောကြာအရပ်မှနေ၍ သပြေ(၆)ညွှန့်၊ အုန်း(၁)ညွှန့် ပေါင်း၍ ဘုရားရှင်ကို ကပ်လှူပါ။

❂ အိမ်မှ ဘုရားရှင်အား အုန်းသီးစိတ်ကို သကြားဖြူး၍ ကပ်လှူပါ။

❂ ဘုန်းကြီးကို လက်ဖက်ရည် ကပ်လှူပါ။

❂ ကိုရင်ကို ထန်းလျက် ကပ်လှူပါ။

❂ **"အောင်စကြာ" မန္တန်**သို့ နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com

သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။

❂ "အရဟံ" ကို ပုတီး (၉)ပတ် နေ့စဉ် စိပ်ပါ။

**စနေသားသမီး**

စိတ်လေ၊ စိတ်တို၊ စိတ်ဓာတ်ကျ၊ စိတ်ဒေါသထွက်စရာများ ကြုံတွေ့ရမည်။ ထင်မှတ်မထားသော ကိစ္စများ ထဖြစ်တတ်သည်။ စိတ်မတည်မငြိမ် ဖြစ်မည်။ မကောင်းသောဘက်များသို့ စိတ်များ ယိုင်နေတတ်သည်။

သူများအတွက် အသက်ရှင်နေရ သကဲ့သို့ ခံစားရမည်။ ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဘာမဆို အကြိမ်ကြိမ် ကြုံမည်။

အိမ်မှ ထွက်ချင်စိတ် များနေမည်။ အိမ်မှ မကောင်းသောပုံစံ အနေအထား ဖြင့်ထွက်ရတတ်သည်။ မီး၊ အပူ လျှပ်စစ် သတိထား ကိုင်တွယ်ပါ။

သူခိုး၊ အဆိပ်ရှိသတ္တဝါရန် ဂရုစိုက်ပါ။ နတ်ပိုင်းဆိုင်ရာကိစ္စများ မမေ့မလျော့ မပေါ့ဆရပါ။ အတိုက်အခံ၊ အနှောင့်အယှက်၊ ရန်တို့ များနေမည်။

ဥပဒေနှင့် မလွတ်သောကိစ္စများ ရှောင်ပါ။ အမှုအခင်းဖြစ်ပွားလျှင် ရှုံးမည်။ လူမျိုးကွဲများနှင့် ပြဿနာပေါ်မည်။

ကိုယ်ဝန် ဆောင်ထားသူများ အန္တရာယ် ရှိသည်။ ထမင်းစားပျက် မည်။ ထိခိုက်ဒဏ်ရာ အနာတရတို့ ဖြစ်မည်။ အလုပ်သမားများ ပြဿနာရှာပြီး ထွက်သွားမည်။ လောဘကြီး လျှင် မှားမည်။ ထင်ပေါ်အောင်နေလျှင် အန္တရာယ်ရှိသည်။

**ဆောင်ရန်**

တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်၊ ထောင့်များ၊ မြို့



ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေး မည်။

**ရှောင်ရန်**

အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ ဆိုင်ရာ နာမည် ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန် ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ **[မှတ်ချက်။ ။ ပူးတွဲဇယားဖြင့် အသုံးချရန်]**

**မကောင်းသောအညွှန်များ လျော့နည်း ပပျောက်ရန်**

❖ ဝက်(သို့မဟုတ်) လိပ်များကို အစာ သွား ကျွေးပါ။

❖ သူတောင်းစားကို နွားနို့တိုက်ပါ။

❖ ဆိတ်သား (၃)တုံး (သို့မဟုတ်) စမူဆာ (၃)ခု ခွေးကျွေးပါ။

**ကံပွင့်ကံမြင့်ရန်**

❂ တနင်္ဂနွေအရပ်မှနေ၍ သီဟိုဠ်(၆) ညွှန့် ဘုရားရှင်ကို ကပ်လှူပါ။

❂ အိမ်မှ ဘုရားရှင်ကို သီဟိုဠ်စေ့ ကပ်လှူပါ။

❂ ဘုန်းကြီးကို ကျောက်ကျော ကပ် လှူပါ။

❂ ကိုရင်ကို မက်မန်းသီး ကပ်လှူပါ။

❂ **"သမ္ဗုဒ္ဓေ"** ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

❂ **"သုဂတောသိဒ္ဓိ"** ကို ပုတီး (၉) ပတ် နေ့စဉ် စိပ်ပါ။

***

***ဘဝအစစ လှကြပါစေ။***

**အောင်နန္ဒစံ(ကျိုက်လတ်)**

| | အရပ်/ထောင့် | မြို့/ဒေသ | ကုန်ပစ္စည်း/လုပ်ငန်း | ဂဏန်း | အရောင် |
|---|---|---|---|---|---|
| တနင်္ဂနွေ | အရှေ့မြောက် | အမေရိကန် အမေရိကန် | အိုး၊ အုတ်၊ ဥအမျိုးမျိုး၊ အိမ်ဆောက် ပစ္စည်း၊ အုန်းသီးထွက်ပစ္စည်း | ၁ | အနီ |
| တနင်္လာ | အရှေ့ | ကျိုက်ထို ကိုရီးယား | ကျောက်၊ကား၊ကြံ့ခိုင်၊ ကွမ်း၊ကွမ်းယာ၊ ငွေထည်၊ ငါးခြောက်၊ ကုန်ခြောက် | ၂/၉ | အဖြူပြောင် |
| အင်္ဂါ | အရှေ့တောင် | စစ်ကိုင်း စင်ကာပူ | ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စာအုပ်၊ စာရေးကိရိယာ၊ စက်ပစ္စည်း | ၃ | အဝါနု၊ နီညို |
| ဗုဒ္ဓဟူး | တောင် | လိုင်သာယာ လာအို | ရွှေ၊ ရေလုပ်ငန်း၊ ရေသန့်၊ ရေမွှေး၊ လက်ဖက်၊ လက်ဖက်ရည်၊ ရုပ်ရှင် | ၄/၈ | အစိမ်း၊ ရွှေအို |
| ကြာသပတေး | အနောက် | မှော်လေး ပလေရှား | ပဲ၊ ပိတ်၊ မြေ၊ ပညာရေးဝန်ဆောင်မှု၊ ပိုးထည်၊ ဖရဲ၊ ပွဲရုံ၊ ဖရုံ၊ ဖယောင်း | ၅ | အဝါရင့်၊ အပြာနု |
| သောကြာ | မြောက် | သာစည် ယော်လန် | သစ်၊သံ၊သွပ်၊အလံထွက်ပစ္စည်း၊ဟင်း၊ စားသောက်ဆိုင်၊ ခရီးဝန်ဆောင်မှု | ၆ | အောက်ခံအဖြူပေါ်အစင်း အပြောက် အကွက်အစင်း ပုလဲပေါက်အဆင်း |
| စနေ | အနောက်တောင် | တောင်ကြီး ထိုင်း | ထီး၊ ဖိနပ်၊ နာရီ၊ နှီး အထည်၊ ဓား၊ ဓာတ်သတ္တု၊ ဝန်း၊ ထင်း | ၇/၀ | အနက်၊ နက်ပြာ |




www.burmeseclassic.com

www.burmeseclassic.com

ဖွံ့ဖြိုးအောင်

# ပေစာမှုက ပညာယူ

## ၁၂-ခွင် ဗေဒင်ပညာဟောကိန်း



◆ ရှေးဟောင်း ပေစာထုပ်မှ ပေရွက်များ

၁၉၉၈ ခုနှစ်ခန့်က **သိမ်ဖရုပ်မှ ဦးညွန့်တင်က** ရှေးဟောင်းပေစာ တစ်ခုပေးခဲ့သည်။ **ဦးညွန့်တင်မှာ သိမ်ဖရုပ် စစ်တောင်းစက္ကူစက်မှ ဝန်ထမ်းတစ်ဦးဖြစ်သည်။**

သို့သော် ဝန်ထမ်းတာဝန် ထမ်းဆောင်နေရင်း သာသနာပြုလုပ်ငန်းများ၊ တရားကျင့်ကြံမှုများ၊ ရှေးဟောင်းပညာရပ်များ၊ သမိုင်းရာဇဝင် ကဗျာ့ပညာရပ်များ လေ့လာလိုက်စားကျင့်ကြံခဲ့သည်။

ဦးညွန့်တင်မှ ရရှိခဲ့သော ရှေးဟောင်းပေစာကို ပေးအပ်လေ့လာစေခဲ့သည်။ **ပေစာမှာ ဟောင်းနွမ်းနေပါပြီ။** ပေစာကို လေ့လာသောအခါ **ရှေးဟောင်း ဆေးပညာရပ်များ၊ (၁၂) ခွင် ဗေဒင်ပညာ ဟောကိန်းများ** ရေးသားထားသည်ကို တွေ့ရသည်။ ဆေးပညာရပ်များကို ချန်လှပ်ကာ (၁၂)ခွင် ဗေဒင်ပညာ ဟောကိန်းကို ဖော်ပြရေးသားပါမည်။

**ပေစာမူအရ...**

အသက်ကိုတည် (၁၂)ခု စားပါ။

၁ကြွင်းလျှင်...

## (၁)ကြွင်းလျှင်

**မြတ်စွာဘုရား တောခိုပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူသည့်ကိန်း ဖြစ်သည်။ (မှတ်ချက်-ပေစာမှ စာသားများကို ယခုရေးသုံး မြန်မာစာအရ ပြင်ရေးထားပါသည်။)**

**ထေရီသာအမင်းသားကို သုတာဘေသာမင်း တွေ့၍ ငုံမြင်ဆုံးမရာ နားယူ၍ မြင်ရှာထီးနန်းကို အုပ်ချုပ်ရသည်။ ကုမ္မာရမင်းသား၏ ခမည်းတော် နတ်ရွာစံ၍ ထီးနန်းကို ထက်ခံရရှိသည်။ နောက်ပန်းကုံးစွပ်ပွဲကိန်းနှင့် ဆိုက်ကြုံသည်။**

နရပတိစည်သူက ဇမ္ဗူဒီပါကျွန်းကို လှည့်လည်တော်မူရာ သစ်ကနက်ရွှေဖောင်ကို ရသည်။

သို့ပါ၍ ဤသို့ (၁)ကြွင်း အချိန်အခါတွင် ဇာတာရှင်သည် ဆရာကောင်း သမားကောင်း တွေ့မည်။ တရားဘာဝနာ အားထုတ်ရမည်။ လုပ်ငန်း အဆင်ပြေ အောင်မည်။ နေရာထိုင်ခင်း အိုးသစ်အိမ်သစ် ဝင်မည်။ ရာထူးရမည်။ ရာထူးတက်မည်။ သခင် ကျွန်းမာရေး ညံ့မည်။ မျက်နှာပွင့်လန်းနေသည်။ စန်းပွင့်သည်။ အိမ်ထောင်ကျကိန်း ရှိသည်။

ခရီး သွားလာရမည်။ လာဘ်လာဘ အောင်မြင်ခြင်း တွေ့ကြုံမည်။ လှေဝင်၊ လှည်းဝင်၊ ရွှေဝင်၊ ခြေနှစ်ချောင်းဝင်၊ ခြေလေးချောင်း ဝင်မည်။ မင်း၊ အကြီးအကဲ ချီးမြှင့်မြှောက်စားခံမည်ဟု ဟောပါသည်။

## (၂)ကြွင်းလျှင်

**ကာလျှမ်းကိုကို ပင့်ဆောင်၍ မဟာ အစေ့တော်များဆီ ရောက်ရာ အမြင်တင်ခံရသည်။**

မိန်းမပွေ့ပိုက်မှု ပေါ်သည်။ မိန်းမနှင့် စကားပြောဆိုရမည်။ မိန်းမ ဝင်လျှင် လက်မခံနှင့်။ လူအများ ကဲ့ရဲ့မှု၊ ဝေဖန်မှု၊ အပြစ်တင်မှု ခံရမည်။ **အလုပ်အကိုင်ကို တစ်ပိုင်းတစ်စ ရပ်တတ်သည်။ သတိပြုပါ။**


လောကီ၊ လောကုတ္တရာနှစ်ရပ်သော အလှူဒါန၊ ကိစ္စရပ်များ ပြုရမည်။ အလုံးစုံကို ဆင်ခြင်မှုဖြင့် ပြုလုပ်ပါ။ ဇာတိရပ်မြေသို့ ပြန်ရကိန်းရှိသည်ဟု ဇာတာရှင်ကို ဟောပါသည်။

## (၃)ကြွင်းလျှင်

**ကုမာရမင်းသား တက္ကသိုလ်ပြည်သို့ အရွယ်ရောက်(၁၈)နှစ် အတတ်သင်ရန် သွားရာ လမ်းခရီး၌ ဘီလူးမနှင့် တွေ့ရခန်း ဖြစ်သည်။**

သို့ဖြစ်၍ ထိုကိန်းအရ ပညာသင်သူများ အဖျက်အဆီးတွေ့မည်။ မိန်းမအဖျက်ရှိသည်။ အတတ်ပညာရပ်များ သင်ကြားရမည်။ မိန်းမကြောင့် ငွေကုန်ကြေးကျများမည်။ အရှုပ်တကွဲ အကျိုးနည်းဖြစ်မည်။ မိန်းမနှင့် အမှု

www.burmeseclassic.com



ယတြာကာ ပညာသူ့အစဉ်

ပွေမည်။ စုတ်လည်းရှိသည်။ ရန်လည်းရှိသည်။

သို့သော် ကူညီမည့်သူ၊ မ,စသူ ပေါ်မည်။ အခက်အခဲများကြားမှ အောင်မြင်မှုရမည်။ ဖွဲ၊ လုံ့လ၊ ပညာ ထားကာ လုပ်ကိုင် ဆောင်ရွက်ပါဟု ဇာတာရှင်ကို ဟောပါသည်။

## (၄)ကြွင်းလျှင်

**ဝေဿန္တရာမင်းကြီး ဝင်္ကပါတောင် ၌ နေရာ၊ ဂဏှာဇာလီကို ဇူဇကာပုဏ္ဏားကို လှူဒါန်းချိန်၊ မဒ္ဒီဒေဝီမှာ သစ်သီး ရှာမှီး စားသောက်နေရသည့် အချိန်ကိန်း ဖြစ်သည်။**

လုပ်ငန်း အဆင်မပြေမှု ရှိသည်။ ရာထူးဌာန ကျဆင်းတတ်သည်။ လောကုတ္တရာ တရားအားထုတ်မှု ကိစ္စအောင်မြင်မည်။ စီးပွားချမ်းသာ နည်းပါးမှု တွေ့ကြုံမည်။ ဇနီးသား မယား အထောက်အကူ ရရှိမည်။ ဥစ္စာပစ္စည်း ဆုံးရှုံးမည်။ သားသမီး ကျန်းမာရေး ညှိုးမည်။

အရပ်တစ်ပါး ထွက်တတ်သည်။ လင်မယား ကွဲကွာမှု ဖြစ်မည် သတိပြုပါ။ သားသမီးအတွက် သောကပေါ်မည်။သူတော်ကောင်းတရားအားထုတ်ရမည်ဟု ဇာတာရှင်ကို ဟောပါသည်။

## (၅)ကြွင်းလျှင်

**ဂဏှာ၊ ဇာလီ မောင်နှမ (၂)ယောက် မြန်ရကိန်း၊ မင်းနေပြည် မြန်ရကိန်း ဖြစ်သည်။**

ထို့ကြောင့် မိသားစု ပျော်ရွှင်မှုကိန်း ရှိသည်။ ကြွေးဟောင်း၊ မြီဟောင်း ပြန်လည်ရရှိမည်။ ဆုံးပြီထင်သော အကြွေး ပြန်ရ၊ ပျောက်ဆုံးပစ္စည်း ပြန်တွေ့မည်။

ခြေ(၄)ချောင်း၊ ခြေ(၂)ချောင်း ဝင်မည်။ ဝန်ထမ်းဖြစ်ပါက ရာထူးရမည်။ ထီ၊ ရွှေငွေ ရတနာပစ္စည်း ရရှိတတ်သည်။ လုပ်ငန်းအောင်မြင်မည်။ ရန်အောင်မြင်မည်။

စီးပွားတက်မည်။ လူကြီး၊ အကြီးအမှူး မ,စကူညီမည်။ အခြေအနေအားလုံး ကောင်းမွန်တိုးတက်မည်ဟု ဇာတာရှင်ကို ဟောပါသည်။

## (၆)ကြွင်းသော်

**အမတ်ကြီး(၄)ဦးကို အမရာဒေဝီ လှည့်ဖြား၍ ယန္တရားစက်မောင်းထောင်ကာ မစင်တွင်းကျအောင် လုပ်ကိန်း ဖြစ်သည်။**

သို့ပါ၍ လုပ်ငန်း လုပ်ဆောင်မှုတွင် အစစ သတိရှိပါ။ အရှက်တကွဲ အကျိုးနည်းဖြစ်မည်။ တရားတပေါင် ဖြစ်တတ်သည်။ အချုပ်အနှောင် ခံရမည်။ မိန်းမထုံမှ လက်ဆောင်ပစ္စည်း အန္တရာယ် မကောင်းတတ်ပါ။ မိန်းမနှင့် ရောထွေး ဆက်ဆံမှု သတိပြုရမည်။ ငွေကုန်ကြေးကျများမည်။ နေထိုင်ပြောဆိုမှု သတိပြုပါ။

ပညာမာန ထား၍ နမော်နမဲ့ မနေသင့်ပါ။ အခြားသူများကို အထင်မသေးမိပါစေနှင့်။ အခက်အခဲတွေ ရင်ဆိုင်ရတတ်သည် ဟူ၍ ဇာတာရှင်ကို ဟောပါသည်။

## (၇)ကြွင်းသော်

**သိဒ္ဓတ္ထမင်းသား တောထွက်ခန်း မောင်းခံတကဲ့ သိဒ္ဓတ္ထတကဲ့ကိန်း ဖြစ်သည်။**

သို့ပါ၍ အချင်းချင်း ဥကွဲဥကွာ ဖြစ်မည်။ အိမ်ထောင်ပျက်ကိန်း၊ မမြဲကွဲကိန်း တွေ့ကြုံမည်။ အလုပ် အကြံအစည် အောင်မြင်မှု တွေ့ကြုံမည်။ စိတ်ပိုင်းဆိုင်ရာ မတည်မငြိမ် ဖြစ်ဖတ်သည် သတိပြုပါ။

အမှုဟောင်းပေါ်မည်။ ခိုက်ရန်ဒေါသ ဖြစ်မည်။ သူတစ်ပါး အနှောင့်အယှက်ပေါ်မည်။ လောကုတ္တရာ လုပ်ငန်းကိစ္စ အောင်မည်။ လောကီကိစ္စ သတိနှင့် နေထိုင်ပြောဆို လုပ်ကိုင်ပါ ဟူ၍ ဇာတာရှင်ကို ဟောပါသည်။

## (၈)ကြွင်းသော်

**(၁၅)မင်း နတ်ကာ၍ နတ်ထိန်း ပန်ခွက်ကိုင် သန်လျက်ကိုင်ကိန်း ကျသည်။**

ထို့ကြောင့် လေနာ၊ ရင်နာ၊ ဝမ်းနာ ရောဂါဖြစ်မည်။ စိတ်ညစ်ညူးမည်။ အပျော်အပါး လောင်းကစားမှု ကိစ္စများမည်။ လောကီစီးပွားလုပ်ငန်း အကြံအောင်မည်။ သို့သော် အန္တရာယ် မကောင်းတတ်ပါ။

ရန် အောင်မြင်ကိန်း ရှိသည်။ မိရိုးဖလာ ရိုးရာ အိမ်တွင်းနတ် ပသပူဇော်မှု ပြုပေးရမည်။ ဘုရားစေတီ ပဒိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ရွေးသက်နိုး ကပ်ပေးပါ။ ကတိသစ္စာရှိခြင်းဖြင့် လုပ်ငန်း အောင်မည်ဟု ဇာတာရှင်ကို ဟောပါသည်။

## (၉)ကြွင်းသော်

**သုဝဏ္ဏလျှံမင်းသား၊ ပိဋကသကွမင်းလေးနှင့် ပင်၍ အဆင်ပြေတက်သနစ္စဉ် ဇာဂနာ၊ ပိဂိုကာ မျက်မမြင်တို့ သားဆီသွား၊ ဒိုကြွေ့စဉ် သိကြားမင်းသစ်၍ မ,သည်။ သား၊ ရှင်ဝလိုသလော၊ ချွဲအိုးလို သလော၊ မျက်စိမြင်လိုသလော ပေးရာ သားသွေဒိုထမ်းလာတာ မြင်လိုပါသည်ဟူသောကိန်း ကျသည်။**

သို့ပါ၍ မိဘကို လုပ်ကျွေးသမှု ပြုရမည်။ မိတ်သင်္ဂဟ ပေါများမည်။ ဝမ်း၊ ရင် ဥပဒ်ဖြစ်မည်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရမည်။ ကယ်မ,သူ၊ ကူညီသူ ပေါ်မည်။ ပညာဉာဏ် အကျိုး ခံစားရမည်။ စီးပွားဥစ္စာ အလိုဆန္ဒ အောင်မြင်မည်။ ဘဝတိုးတက်မှု လမ်းစ တွေ့မည်။ ထီပေါက်တတ်သည်။ အနာရောဂါဟောင်း ပျောက်ကင်းမည်။ ရန် အောင်မြင်မည်။ အိမ်တွင်းရေး အဆင်ပြေ သာယာမည် ဟူ၍ ဇာတာရှင်ကို ဟောပါသည်။

## (၁၀)ကြွင်းသော်

**နဂါး၊ ဂဠုန်၊ ကျားရက်၊ ယက္ခတို့ကို အနိုင်ရသော အကြောင်းကို ပတော်ဝတီမင်းသမီး သူ့ပြည်သူ့ရွာသို့ပြန်လွှားရာ အိုးထိန်း၊ ဖျာရက်၊ တားတောက်ထက် လုပ်ရသည့်ကိန်း ဖြစ်သည်။**

သို့ပါ၍ အခက်အခဲ အန္တရာယ်များမည်။ နေရာဒေသ ပြောင်းရွှေ့နေထိုင်ရတတ်သည်။ အလုပ်အကိုင် အဆင်မပြေ မတည်ငြိမ် ဖြစ်မည်။ အလုပ်အကိုင် အပြောင်းအရွှေ့ များမည်။

ဝီရိယ အကျိုး ခံစားရသော်လည်း လုပ်ငန်း ထင်မြင်သလောက် အကျိုးမပေးပါ။ စိတ်ညစ်ညူးမှု ကြုံမည်။ မိန်းမအတွက် ဗျာပါမကင်း ရှိမည်။ ခရီးဝေးမှ ပြန်ရတတ်သည်။ ငွေကြေး မပြည့်သေးပါ။ လုပ်ငန်း မှန်းချက် နှမ်းထွက်မကိုက်သေးပါ ဟူ၍ ဇာတာရှင်ကို ဟောပါသည်။

## (၁၁)ကြွင်းသော်

**ပုဏ္ဏား ခွားမျောက်ရှာရာ အသသံမိဘီလူးမ တွေ့ဆုံသန်း ကိန်းကျသည်။**

သို့ပါ၍ ငွေကုန်ကြေးကျ များမည်။ ဥစ္စာပစ္စည်း ပျောက်မည်။ အခြေ (၄) ချောင်း အနာအဖျား၊ အသေအပျောက် ရှိသည်။ သောကများမည်။ ပေးထားသော ကြွေးမြီများ ခက်ခဲ ကြန့်ကြာနေမည်။ မိန်းမရန်အတွင်း ကျရောက်တတ်သည်။

ငွေကြေး ဆုံးရှုံးမည်။ မချစ်၊ မနှစ်သက်သူများ၊ ဒုက္ခပေးမည့်သူများ တွေ့ကြုံမည်။ လုပ်ငန်း တစ်ပိုင်းတစ်စ ဖြစ်နေမည်။ ရည်ရွယ်ချက် တခြား၊ ဖြစ်နေတာ တခြား ဖြစ်မည်။

မမျှော်လင့်ဘဲ အိမ်ထောင်ကျကာ စိတ်ဆင်းရဲ သောကများမည်။ နေရာဒေသ ပြောင်းရွှေ့ရမည်။ အိုးသစ် အိမ်သစ် ဝင်မည်ဟု ဇာတာရှင်ကို ဟောပါသည်။

## (သုည)ကြွင်းသော်

**ဗေဿန္တရာမင်း၊ လှသားစားမိ၍ ဖွားမတော်တို့က ပြည်နှင်ကာ နှင်ထုတ်သော ကိန်းဖြစ်သည်။**

သို့ပါ၍ မလုပ်သင့်သော အလုပ်များ၊ ဥပဒေမကင်း လုပ်ငန်းများ အကျိုးမပြုပါ။ အစားအသောက်များ သတိနှင့် ဆင်ခြင် စားပါ။ အစားကြောင့် ရောဂါ ရမည်။ အန္တရာယ်ဖြစ်မည်။

လက်အောက်ငယ်သား မကောင်း ကြံစည်မည်။ အပြိုင်အဆိုင်ကိစ္စများ ပေါ်မည်။ စီးပွားရေး ကျဆင်းတတ်သည်။ အလုပ်အကိုင် ရာထူးကျဆင်းမည်။

အခက်အခဲများ တွေ့တတ်သည်။ ဇေဇာဘ၊ ဒေါသ၊ မောဟ၊ မာန်မာန တရားများကို ထိန်းသိမ်းကာ တရားဘာဝနာ ပွားများပါ။ စိတ်နှလုံး မသာ မယာ ရှိမည်။ မိမိ၌ ဥပဒ်ရောက်မည်။ အကိုက်အခဲ၊ အနာအကျင် ဖြစ်မည်။

ခရီးသွားလာနေမှု များပြီး အကျိုးပေးခရီး နည်းပါးမည်။ အစစ သတိထား လုပ်ကိုင်ဆောင်ရွက်ပါ ဟူ၍ ဇာတာရှင်ကို ဟောပါသည်။

**ရွှေဟောင်းပေစာမှ (၁၂)ခွင် ဟောကိန်းမှာ** ဤသို့ ဖော်ပြထားပါသည်။ မူရင်း ပေစာအရ စာသားများမှာ ရှေးစာသား ဖြစ်သည်။ သို့ပါ၍ အတတ်နိုင်ဆုံး မြန်မာစာ အရေးအသားဖြင့် ပြန်ရေးသားရပါသည်။

## ရှာ့ကြည့်နည်း

တွက်ချက်လိုသော သူသည် အသက်ကို တည်ရမည်။ (၁၂)နှင့် စား၍ရသော အကြွင်းကို မူတည်ကာ ကြည့်ရန် ညွှန်ထားသည်။

**ဥပမာ...**

(၃၆)နှစ်ရှိသူဖြစ်လျှင် (၁၂)စားသော် သုညကြွင်း၏။ သုညကြွင်း အဟောကို ကြည့်ကာ ရှောင်ရန်၊ ဆောင်ရန် သတိပြုနိုင်သည်။

**(၄၀)နှစ်ရှိသူဖြစ်လျှင်** (၁၂)စားသော် **(၄)ကြွင်း၏။** (၄)ကြွင်း အဟောကို ကြည့်ရန် ဖြစ်သည်။

သို့ပါ၍ မိမိတို့ ဇာတာကို မိမိတို့ ကိုယ်တိုင် တွက်ချက်စမ်းကြည့် လေ့လာနိုင်ရန် ဖော်ပြ ရေးသားလိုက်ရပါသည်။

***ဖြူစင် အလို ကင်းနိုင်ပါစေ။***

**ဖုံ့ဖြိုးအောင်**



www.burmeseclassic.com

www.burmeseclassic.com

# ထုကြွနှင့်သိမ်ပုထိုးတော်မှ

## ရှေးခေတ် ရခိုင်ပိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၁၄)

ပန်းချီဟူး၇ (ရွှေဟောင်းသုတေသန)

ပုံ-၆၆



ပုံ-၆၇



* * *[ပုံ–၆၆]

**ပုံ(၆၆)**ပုံဆွဲ ဒီဇိုင်းလက်ရာသည်
ထုကြွနှင့်သိမ်ပုထိုးတော်ကြီးဝင်ဝ လိုဏ်
ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံ
ကျောက်ဆစ်ရုပ်ကြွနံပါတ် **(၆၈)**
**လက်ရာ**မှ ကူးယူရေးဆွဲထားသော
ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွလက်ရာ
ကို ဘုရားမုခ်ငယ် နံပါတ်(၃၆) လက်
ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်
(၄၆)စင်တီမီတာခန့်၊ အကျယ်(၂၈)
စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၉)
စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင်
ခါးလယ်လောက်တွင် ကျောက်ဆက်
အက်ကွဲလျက် အဝတ်အဆင် တန်ဆာ
များ ချောမွတ်နေသည် တွေ့ရှိရပါ
သည်။

ဆံထုံးဖွဲ့စည်းပုံမှာ ဆံထုံးကို နောက်
တွင် ထုံး၍ ဆံထုံးအလုံးကို ညာဘက်
တွင် ချထားသည်ကို တွေ့ရှိရပါသည်။
ဤဆံထုံး,ထုံးပုံမျိုးကို နောက်ဆွဲ
ဆံထုံး,ထုံးပုံဖြစ်သည်ဟု ခန့်မှန်းရပါ
သည်။

မျက်နှာလုံးသွယ်ပြီး နားနှစ်ဖက်
ကားကား နားတောင်းဝန်းကြီးများ
ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။
မျက်ခုံးမှာ စင်ရော်တောင်ပံ့ခတ်သည့်
ဟန် တွေ့ရှိရပြီး မျက်လုံး၊ နှာခေါင်း၊
ပါးစပ် အားကောင်းသည်ကို တွေ့ရှိရ
ပါသည်။

လည်ပင်းတွင် လည်ရစ် သုံးရစ်
ပေါ်လွင်လှပါ၏။ တဘက်ကို ရင်ဘတ်
မှ ပတ်၍ ပခုံးနှစ်ဖက်တွင် တင်ကာ
တဘက်စနှစ်ဖက်ကို လက်ဝဲ,လက်ယာ
အောက်သို့ ဖြန့်ချထားပါ၏။

ဘယ်ဘက်လက်တွင် တံတောင်
ဆစ်မှ ကွေး၍ လက်ဖျားမြှောက်က
ပန်းဖူးတစ်ဖူး ကိုင်ထားပါသည်။ ညာ
ဘက်လက်ကို အောက်သို့ချ၍ ထောက်
ထားပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ရင်သားအရာ ဖော်ထားပါသည်။ အင်္ကျီကို တင်ပါးဖုံးအောင် ဝတ်ထားပါ၏။ အင်္ကျီအောက်စမှ ခါးကြိုးစ နှစ်ပင်ကို ပေါင်ပေါ်တွင် ချ၍ တင်ထားပါ၏။ ခါးကြိုးစ အဖျားကို ပန်းဖူးသဏ္ဍာန် အလှဆင်ထားပါ၏။ ထဘီအခေါက်ကို ဒူးပေါ်တွင် ဖော်ထားပါသည်။

ခြေဖနောင့်ကို တင်ပါးတွင် ထောက်၍ ခြေဖျား ကော့ထောက်ကာ ဒူးကို ဘယ်ဘက်သို့ လှည့်၍ ထိုင်ထားသည်ကို တွေ့ရှိရပါသည်။

**ဤပုံ(၆၆)** အမျိုးသမီးဒီဖိုင်းလက်ရာမှာ နောက်ဆွဲ ဆံထုံး, ထုံးပုံဖြင့် ဝတ်ဆင်ထားသော အမျိုးသမီး လက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

*** * *[ပုံ –၆၇]**

**ပုံ(၆၇)**ပုံဆွဲ ဒီဖိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီး ဝင်ဝ လိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၆၉)လက်ရာမှ ကူးယူ ရေးဆွဲထားသော ပုံဆွဲဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမှန်ငယ်(၃၆)၏ လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်း ကျောက်ဆစ် ရုပ်ကြွအမြင့် (၃၇)စင်တီမီတာခန့်၊ အကျယ်(၃၂) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၈) စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ဆောင်းတော်ချောမွတ်ပြီး မျက်နှာ [illegible]ဆန်ပြီး ပြုံးနေသည်ကို တွေ့ရှိရပါသည်။

အဆင်တန်ဆာများလည်း ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်




အောက်တွင် ကျောက်ဆက် အက်ကွဲပြီး ဟနေသည်ကို တွေ့ရှိရပါသည်။

ဖောင်းတော်ဖွဲ့စည်းပုံ အနေအထားမှာ အထက်ငယ်ပြီး အောက်ဘက်ကြီးသည်ကို တွေ့ရှိရပါသည်။ အောက်ပိုင်းတွင် ဖောင်းလုံးပြားကြီးဖြင့် ခံထားသည်ကို တွေ့ရှိရပါသည်။

ဖောင်းတော်ဖွဲ့စည်းပုံ အနေအထားအရ ခွင်ဆရာဖောင်းတော် ဖွဲ့စည်းပုံဟု သိရှိရပါသည်။ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ် ပေါ်လွင်လှပါ၏။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီး ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

လည်ပင်းတွင် လည်ရစ်သုံးရစ် ဖော်ထားပါ၏။ တဘက်ကို ညာဘက် ပခုံးတွင် တင်၍ လက်ဝဲ,လက်ယာ အစွန်းနှစ်ဖက်ကို ဘေးသို့ ဖြန့်ထုတ်ထားပါသည်။

လက်နှစ်ဖက်ကို ပူး၍ အဖျားမြောက်ကာ ညာဘက်သို့ ထုတ်ထားပါသည်။ လက်နှစ်ဖက်စလုံးတွင် လက်ကောက်ပြားကြီး တစ်ဖက်တစ်ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

ခါးတွင်လည်း ခါးပတ်ပြား တစ်ပြား ပတ်ထားပါ၏။ ဣန္ဒြေကာပြားကြီး တစ်ခုကို ပေါင်ပေါ်တွင် အပြားလိုက် တင်ထားပြီး အခြား အစတစ်စကို ခြေဖျားထိ ချထားသည်ကို တွေ့ရှိရပါသည်။

ဖနောင့်ကို တင်ပါးတွင် ကပ်ပြီး ခြေဖျား ကော့ထောက်ကာ ညာဘက်သို့ လှည့်၍ ထိုင်ထားပါသည်။ ဖောင်းတော်ဖွဲ့စည်းပုံ အနေအထားအရ ဤ ပုံ(၆၇)ပုံဆွဲ ဒီဖိုင်းလက်ရာကို ခွင်ဆရာ ဝတ်ဆင်ထုံးဖွဲ့မှု လက်ရာတစ်ခု ဖြစ်သည်ဟု သိရှိရပါသည်။

*** * *[ပုံ–၆၈]**

**ပုံ(၆၈)** ပုံဆွဲဒီဖိုင်းလက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ လက်ဝဲဘက် ကျောက်နံရံမှ ကျောက်ဆစ် ရုပ်ကြွ နံပါတ်(၇၀) လက်ရာမှ ကူးယူ ရေးဆွဲထားသော ပုံဆွဲ လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ဤပုံဆွဲ မူရင်းကျောက်ဆစ် ရုပ်ကြွ လက်ရာကို ဘုရားမှန်ငယ်(၃၇) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၈) စင်တီမီတာခန့်၊ အကျယ်(၂၀) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၈) စင်တီမီတာခန့် ရှိပါသည်ကို တိုင်းတာ တွေ့ရှိရပါသည်။

မူရင်းရုပ်ကြွတွင် ရင်အုပ် အောက် ကျောက်ဆက် အက်ကွဲနေပြီး ညာဘက် တံတောင်ဆစ် ကျိုးနေသည်ကို တွေ့ရှိရပါသည်။ အဝတ်အဆင် တန်ဆာများလည်း ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်ပြီး ခပ်ပြုံးပြုံး အနေအထားမျိုး တွေ့ရှိရပါသည်။

**ပုံ(၆၈)**၏ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်



www.burmeseclassic.com

www.burmeseclassic.com

လေးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အထက်ဆုံးအဆင့်မှာ ပွင့်ဖတ်များသဏ္ဌာန် ဖွဲ့စည်းထားပါ၏။ ဒုတိယအဆင့်မှာ ပထမအဆင့်ထက် ပိုကျယ်သည်ကို တွေ့ရှိရပါသည်။

ဒုတိယအဆင့်ထက် တတိယအဆင့် ပိုကျဉ်းပါ၏။ တတိယအဆင့်ထက် စတုတ္ထအဆင့် ပို၍ ကျဉ်းသည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာ လုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းလုံးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်အားကောင်း ပေါ်လွင်သည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင်လည်း လည်ရစ် သုံးရစ် ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ဘယ်ဘက်ပခုံးတွင် ပုဆိုးပိုင်း (တဘက်)ကို တင်ထားပြီး တဘက်ပတ်စတစ်ဖက်ကို ဘယ်ဘက်တံတောင်ဆစ်အောက်တွင် ဖြန့်ကား၍ ချထားပါသည်။

လက်နှစ်ဖက်ကို ပူး၍ ညာဘက်သို့ လှည့်ကာ လက်ဖျားထောင်ထားပါ၏။ ပူးထားသော လက်ဖျားတွင် ပန်းဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ ခါးတွင် ခါးကြိုးတစ်ပင် ပတ်ထားပါ၏။

ခါးကြိုးစ အစွန်းနှစ်ဖက်ကို ပေါင်ပေါ်တွင် တင်ထားပါသည်။ ခါးကြိုးစအဖျားကို ပန်းဖူးသဏ္ဌာန် အလှဆင်ထားပါသည်။ အကျီကို တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

ထဘီစအောက်နားကို ခြေချင်းဝတ်ေလာက်တွင် အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်ကို တင်ပါးထွင်ကပ်၍ ခြေဖျားကော့၍ ထောက်




ကာ ဒူးကို ဘယ်ဘက်သို့ လှည့်ထုတ်၍ ထိုင်ထားသည်ကို တွေ့ရှိရပါသည်။

ဆံထုံးဖွဲ့စည်းပုံ အနေအထားအရ ဤပုံ(၆၈)ဒီဖိုင်းလက်ရာ ဆံထုံးပုံကို နှစ်ဖက်ခွေဆံထုံး ထုံးပုံ ဖြစ်သည်ဟု သိရှိရပါသည်။ ဤဒီဖိုင်းလက်ရာ ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးရိုးနှင့် ယဉ်ယဉ် ဝတ်ဆင်ထုံးဖွဲ့မှု အနေအထားမျိုးသာ တွေ့ရှိရပါသည်။

*** * *[ပုံ–၆၉]**

**ပုံ(၆၉)** ပုံဆွဲဒီဖိုင်းလက်ရာသည်လည်း ထုတ္တန့်သိမ်ပုထိုးတော်ကြီးဝင်ဝ လိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွ **နံပါတ်(ရ၁)**လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ်(၃၇)လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၅)စင်တီမီတာ၊ အကျယ်(၂၉)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၁၀) စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ခါးအောက်ပိုင်း၌ ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။မျက်နှာလုံးဝန်းပြီး မေးစေ့ခွက်နေပါသည်။

**ပုံ(၆၉)**ပုံဆွဲလက်ရာ၏ ဆံထုံး ထုံးပုံအနေအထားမှာ ဘေးဘက်တွင် စောင်း၍ ထုံးထားသည်ကို တွေ့ရှိရပါသည်။ အဆင့်သုံးဆင့်ဖြင့် ထုံးထားပါသည်။ အရင်းဆံရစ်ကို အကြီးဆုံး တွေ့ရှိရပြီး ဒုတိယဆံရစ်မှာ အငယ်ဆုံး တွေ့ရှိရပါသည်။

တတိယဆံရစ်မှာ ဒုတိယဆံရစ်ထက် ပိုကြီးသည်ကို တွေ့ရှိရပါသည်။ ဆံထုံးအထက်တွင် ဆံခေါက်ကွင်း တင်ထားပြီး ဆံထုံးအောက်တွင် ဆံဖျားကို အရှည်ချထားသည်ကို တွေ့ရှိရပါသည်။

မျက်ခုံးနှစ်ဖက်မှာ စင်ရော် တောင်ပံခတ်သည့်ဟန် တွေ့ရှိရပြီး မျက်လုံးနှစ်လုံးစလုံးတွင် အထက်မျက်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

နှာခေါင်းမှာ ပေါ်လွင်လှပြီး ပါးစပ်တည်ငြိမ်စွာ ပြုံးနေသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင်လည်း လည်ရစ်သုံးရစ် ပေါ်လွင်လှပါ၏။ နားနှစ်ဖက်တွင် နားတောင်းလုံးဝန်းကြီးများ ဝတ်ဆင်ထားပါသည်။

ပခုံးနှစ်ဖက်တွင် တဘက်ကို တင်၍ ခန္ဓာကိုယ်ကိုလည်း တဘက်ဖြင့် ရစ်ပတ်ထားပါသည်။ ညာဘက်လက်ကို မြှောက်၍ ပန်းဖူးတစ်ဖူး ကိုင်ထားပါသည်။ ဘယ်ဘက်လက်ကို အောက်သို့ချ၍ တဘက်စ တစ်ဖက်ကို ကိုင်၍ တဘက်စအဖျားကို ဖြန့်ထားပါသည်။

ညာဘက် တဘက်စကိုလည်း ညာဘက်တွင် ဖြန့်ချထားပါသည်။ လက်နှစ်ဖက်စလုံးတွင် တစ်ဖက်လက်ကောက်လေးကွင်းစီ ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com

ထားသည်ကို တွေ့ရှိရပါသည်။

တဘက်ကို အစင်းကြောင်းများဖြင့် အလှဆင်ထားပြီး အဖျားကို ကန့်လန့်ဖြတ် ဖောင်းပြားတစ်ခုပေါ်ကာ ဆံမြိတ် အစင်းကြောင်းများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

ခါးကြိုးစနှစ်ဖက်ကို ပေါင်ရင်းပေါ်တွင် ချထားပြီး အဖျားကို အဆစ်ခံကာ ပန်းဖူးသဏ္ဍာန် ဖော်ထားပါသည်။ တဘီအခေါက်ကိုခါးကြိုးစနှစ်စအလယ်မှ အောက်ဘက်သို့ ဖော်ထားပါ၏။

တင်ပါးကို ခြေမျက်စိနား ရောက်အောင်ထိ ဝတ်ထားပါသည်။ ခြေဖျားနှစ်ဖက်ကို ညာဘက်သို့ လှည့်၍ ရပ်နေပါသည်။

ဆံထုံး ထုံးပုံအရ ဤပုံ(၆၉) ဆံထုံးထုံးပုံကို **"က"ယင်ဆံထုံး ထုံးပုံ** ဖြစ်သည်ဟု သိရှိရပါသည်။ ဤအမျိုးသမီးဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးသလိုနှင့် ဆန်းနေသည်ကို တွေ့ရှိရပါသည်။

*** * *[ပုံ-၇၀]**

**ပုံ(၇၀)** ပုံဆွဲဒီဇိုင်းလက်ရာသည် ညောင်ဦး ထုက္ကန်သိမ်ပုထိုးတော်ကြီးဝင်ဝ လိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံမှ **ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၅၂)**လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားဝင်ငယ်လက်ယာဘက်တွင် တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၅၂)စင်တီမီတာခန့်၊ အကျယ် (၃၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၀)စင်တီမီတာခန့် ရှိပါသည်။ မျက်နှာ ရှည်သွယ်ပြီး ပြုံးနေပါ၏။

မူရင်း ကျောက်ဆစ်လက်ရာ၌ ဝတ်ဆင်တန်ဆာများ ချောနေသည်ကို တွေ့ရှိရပါသည်။ လည်ဆစ်တွင်လည်း

ပုံ-၇၉



ကျောက်ဆက် အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်လေးဆင့်ဖြင့် ဖွဲ့စည်းထားကို တွေ့ရှိရပါသည်။ အထက်ဆုံးအဆင့်မှာ ကြာပွင့်ဖတ်များသဏ္ဍာန် ဖန်တီးထားပြီး ဒုတိယအဆင့်မှာ အထက်ဆုံးအဆင့်ထက် ပိုကျယ်သည်ကို တွေ့ရှိရပါသည်။

ဒုတိယအဆင့်ထက် တတိယအဆင့် ပိုကျဉ်းသည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်ထက် စတုတ္ထအဆင့် ပိုကျဉ်းပါ၏။ ဤဆံထုံးဖွဲ့စည်းပုံမျိုးကို နှစ်ပတ်ခွေ ဆံထုံး ထုံးပုံဟု သိရှိရပါသည်။

နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးမှာ စင်ရော် တောင်ပံခတ်သကဲ့သို့ တွေ့ရှိရပါ၏။ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များ အားကောင်းလှပါသည်။ မေးစေ့ချွန်ပါ၏။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါသည်။

တဘက်ကို ဘယ်ဘက်ပခုံးတွင် တင်၍ပတ်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို အဖျားပူး၍ အောက်သို့ အနည်းငယ်ချကာ တံတောင်ဆစ်မှ ကွေး၍ လက်နှစ်ဖက်ကို အဖျားပူး၍ ထောင်ထားပါသည်။

ပူး၍ထောင်ထားသော လက်နှစ်ဖက်ထဲတွင် ပန်းဖူးတစ်ဖူး ကိုင်၍ ဘုရားပူဇော်နေပုံ တွေ့ရှိရပါသည်။ တဘက်စ တစ်စကို ဘယ်ဘက် တံတောင်ဆစ်အောက် ဘေးနားတွင် ကား၍ ဖြန့်ထားပါသည်။

ခါးတွင် ခါးကြိုးတစ်ပင် ပတ်ထားပါ၏။ ခါးကြိုးစ နှစ်စကို ပေါင်ပေါ်တွင် ချထားပါသည်။ ခါးကြိုးစ အဖျားကို ပန်းဖူးသဏ္ဍာန် အလှဆင်ထားပါသည်။

အင်္ကျီကို တင်ပါးဖုံးအောင် ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီအခေါက်ကို ပေါင်ပေါ်တွင် ဖော်ထားပါ၏။ ခြေဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားကော့ထောင် ထောက်ထားပါသည်။

ထဘီကို ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားပါသည်။ ဒူးကုပ်၍ ဘယ်ဘက်တွင် လှည့်ထိုင်ကာ ဘုရားကန်တော့နေသည့် အနေအထားမျိုး တွေ့ရှိရပါသည်။

ဤအမျိုးသမီး ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးရိုးလေးသာ တွေ့ရှိရပါသည်။ အထက်ဖော်ပြပါ ပုံဆွဲဒီဇိုင်းလက်ရာများမှာ မြောက်ဦးခေတ်လယ်၏ ဝတ်ဆင်ထုံးဖွဲ့မှု စံနမူနာထိုက်သော ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများပင် ဖြစ်ပါသည်။

***အနန္တအနန္တငါးပါးကို ထာဝရ ဦးထိပ်ပန်ဆင် ကန်တော့လျက်...***

**ပန်းချီထူးလှ**
**(ရွှေမောင်းသုတေသန)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဧပြီလ

# ကျန်းမာရေးအတွက်

အကြံပေးချက်

ဤလတွင် **မိဿရာသီဖွား(မတ်လ ၂၁ ရက် မှ ဧပြီလ ၂၀ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားပြုစားသုံး၍ ဝါယောဓာတ်စာများကို လျှော့ပေါ့ သုံးဆောင်ပါ။

**တေဇောဓာတ်စာ ။ ။** မြွေပွေး၊ မြွေဟောက်သား၊ ငါးပြေမ၊ ငါးဖယ်းမ၊ ငါးတန်၊ ကဘီလူး၊ ကကတစ်၊ ငါးကြင်း၊ ငါးသလောက်၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်သား၊ ကြက်သား၊

ရဲယိုသီး၊ သဘော်သီးမှည့်၊ ဩဇာသီး၊ ဒူးရင်းသီး၊ စောင်းလျားသီး၊ မရန်းသီး၊ သံပရာသီး၊ ရှောက်ချဉ်သီး၊ ဆီးချဉ်သီး၊ ကနစိုးသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ၊ ချင်း၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊

ငရုတ်သီး၊ ဒန့်သလွန်ရွက်၊ တောင်သလဲရွက်၊ ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊ ကြိတ်မှန်ရွက်၊ ကင်ပွန်းချဉ်ရွက်၊ ချဉ်ပေါင်၊ ကန့်ချုပ်နီ၊ လဲလူရွက်၊ ဝါရွက်၊ ထန်းလျက်၊ ကြာဟင်း၊ ကုက္ကို၊ ဝ,ဥ၊ အင်ဥ၊ ပီလောပီနံ။

**ဝါယောဓာတ်စာများ ။ ။** ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ လိပ်ဥ၊ ငုံးဥ၊ ငှက်ဥ အမျိုးမျိုး။

မာလာပူ၊ ပုတတ်စာ၊ သရက်ကင်း(ဥ)၊ ခွေးတောက်ရွက်၊ သပွတ်ခါးရွက်၊ ကြောင်လျှာ၊ ကင်ပွန်း၊ တမာရွက်၊ သဘော်သီးရင့်၊ တမာရွက်၊ ရှားစောင်းခါး၊ လက်ဖက်၊ ကန့်ဇလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက် သခွတ်ပွင့်၊

လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ ဟင်းနုနယ်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ထန်းလျက်၊ မုန်ညင်းခါး၊ ကနဖော့။

ကဘီလူး၊ ကကတစ်၊ ကင်ပွန်းရွက် စသည်တို့မှာ တေဇော,ဝါယော ရောနှောပါဝင်သဖြင့် ချင့်ချိန်စားသောက်ရန် ဖြစ်သည်။

✦ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာကို ချင့်ချိန် စားသောက်သင့်သည်။

**ပထဝီဓာတ်စာ ။ ။** ကြက်သား၊ ချိုးသား၊ ခါသား၊ ဆတ်၊ ချေ၊ သမင်၊ ဒရယ်သား၊ ဆိတ်သား၊ ဝက်ပေါင်သား၊ အမဲ(နွားသား)၊ ဖွတ်သား၊ ပုတတ်သား၊ လင်းမြွေသား၊ ပုရစ်၊ ပလူ၊ ငါးခူ၊ ငါးကြင်း၊ ငုံးစင်ရိုင်း၊ ငါးစင်စပ်၊ ငါးသလောက်၊ ငါးပတ်၊ ငါးမြွေထိုး၊ ငါးရှဉ့် ပုစွန်၊ ဆိတ်နို့၊ နွားနို့၊ ထောပတ်၊

ပိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဥသျှစ်သီး၊ တညင်းသီး၊ မာလကာသီး၊ ဒူးရင်းသီး၊ မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊

ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ သစ်ကြားသီး၊ အုန်းသီး၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ စားတော်ပဲ။

**အာပေါဓာတ်စာ ။ ။** ကျွဲသား၊ ကြံ့သား၊ ရေမြွေသား၊ ရေကြက်သား၊ ဝက်သုံးထပ်သား၊ လိပ်သား၊ ခရု၊ ကဏန်း၊ ကန့်ကမာ၊ ဖျိုင်းသား၊ ငန်းသား၊ ဘဲသား၊ ဖားသား၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်း၊ ကသပိုး၊ ငါးသလဲထိုး၊

စပျစ်သီး၊ ဆီးချိုသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ သရက်သီး၊ သဘော်သီးနု၊ ဘူးသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ ပုံလုံသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ငှက်ပျောသီး၊

ကနဖော့၊ မန်ကျည်းသီးစိမ်း၊ သပွတ်သီး၊ ရေထိကရုံး၊ လယ်ပတူ၊ အောင်မဲညို၊ ရေညှိ၊ ကျောက်ပွင့်၊ တော်သလင်းဖူး၊ ရေသရက်ကင်းညွန့်၊ နံနံ၊ ဂေါ်ဖီထုပ်၊

ဆိတ်ဖူး၊ မုန်ညင်းဖြူ၊ ပုံးရည်ကြီး၊ ကြံရည်၊ အုန်းရည်၊ မဲဇလီကြီး၊ ဖလံတောင်ဖေး၊ စားတော်ပဲ၊ မင်းကွတ်သီး၊

ငါးခူ၊ ငါးပတ်၊ စားတော်ပဲတို့မှာ ပထဝီ, အာပေါ ရောနှောပါဝင်သဖြင့် ချင့်ချိန်သုံးဆောင်ပါ။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးဖွားသူ)**တို့သည် ဝါယောဓာတ်စာကို အားပြု စားသုံး၍ တေဇောဓာတ်စာကို ဆင်ခြင်စားသုံးပါ။



✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးဖွားသူ)**တို့သည် အာပေါဓာတ်စာကို အဓိကဖြည့်ဆည်း၍ ပထဝီဓာတ်စာကို လျှော့ပေါ့ စားသောက်ပါ။

✦ **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးဖွားသူ)**တို့သည် တေဇောဓာတ်စာကို အားပြု စားသောက်၍ ဝါယောဓာတ်စာကို သတိပြုဆင်ခြင်ပါ။

✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးဖွားသူ)**တို့သည် ပထဝီဓာတ်စာကို အဓိကသုံးဆောင်၍ အာပေါဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြု၍ တေဇောဓာတ်စာကို လျှော့ပေါ့ သုံးဆောင်ပါ။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို အဓိက စားသုံး၍ ပထဝီဓာတ်စာကို လျှော့ပေါ့မှီဝဲပါ။

✦ **ဓနုရာသီဖွား (နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားပြုသုံးဆောင်၍ ဝါယောဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။

✦ **မကာရရာသီဖွား(ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အဓိကထား၍ အာပေါဓာတ်စာကို လျှော့ပေါ့ စားသုံးရန်ဖြစ်သည်။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက် အတွင်းမွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြုသုံးဆောင်၍ တေဇောဓာတ်စာကို ဆင်ခြင်မှီဝဲရန်ဖြစ်သည်။

✦ **မိန်ရာသီ( ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို အဓိကထား၍ ပထဝီဓာတ်စာကို လျှော့၍ စားပါ။

**အာရောဂျဆုလာဘ်နှင့် ပြည့်စုံကြပါစေ**

**ဆေးသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



◆ ကျိုက်အေးပါးတောင်ထိပ်စေတီတော်

ရွှေကျွ (LL,B)

# ကျိုက်အေးပါး အောင်မြေရှင်

အစိဋ္ဌာနှံဝင်



◆ ကျိုက်အေးပါးတောင်ခြေကျောင်း

ပဒေသရာဇ်ခေတ်တွင် မုတ္တမမဏ္ဍလ၊ ပုသိမ်မဏ္ဍလ၊ ဟံသာဝတီမဏ္ဍလဟုခေါ်ဆိုသော ရာမညတိုင်းကို အုပ်ချုပ်စိုးစံခဲ့သည့် မွန်ရှင်ဘုရင်များ အနက် စစ်အင်အား အတောင့်တင်းဆုံး၊ ဘုန်းတန်ခိုးအကြီးဆုံးဟု သတ်မှတ်ခံရသည့် ရာဇာဓိရာဇ်မင်းသည် ဟံသာဝတီမင်းဆက်တွင် (၁၉)ဆက်မြောက်ဖြစ်ပြီး မြန်မာသက္ကရာဇ် ၇၄၅ ခုနှစ်တွင် နန်းတက်၍ ၇၈၅ ခုနှစ်တွင် နတ်ရွာစံခဲ့သည်။

ထိုမင်းလက်ထက်တွင် အင်းဝဘုရင်မင်းခေါင်နှင့် နှစ်(၄၀)ကြာ စစ်ပွဲဆင်နွှဲခဲ့ရသည်။

အထူးသဖြင့် အင်းဝဘုရင် မင်းခေါင်၏ တပ်များ ဟံသာဝတီကို တိုက်ဖျက်ရန် အကြိမ်ကြိမ် ချီတက်စစ်ဆင်လာသည်ကို ရာဇာဓိရာဇ်မင်းက အကြိမ်ကြိမ် တွန်းလှန်ဖြိုဖျက် အောင်မြင်နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ထိုကဲ့သို့ ရာဇာဓိရာဇ်မင်း၏ စစ်ပွဲများ အောင်မြင်ရခြင်းအတွက် လျှို့ဝှက်ချက်တစ်ခုမှာ စစ်ပွဲဆင်နွှဲခါနီးတိုင်း **အောင်မြေနင်းခြင်း၊ စေတီဘုရားတွင် အောင်အဓိဋ္ဌာန်ဝင်ခြင်း**ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဟံသာဝတီနယ်အတွင်း ရာဇာဓိရာဇ်အောင်အဓိဋ္ဌာန် ဝင်သော အောင်မြေနင်းသော ဆုတောင်းပြည့် စေတီတော်များစွာ ရှိခဲ့ပါသည်။

ယခု ဖော်ပြမည့် **ကျိုက်ဒေးပါးမှာ ရာဇာဓိရာဇ်မင်း၏ အောင်မြေနေရာ ထူးတစ်ဌာန** ဖြစ်ပါသည်။ ကျိုက်ဒေးပါးကို ယခုအခါ သိရှိသူ၊ ရောက်ဖူးသူ နည်းပါးလှသဖြင့်-တည်ရှိရာ နေရာကို အတော်ရှာရပါသည်။


သဲလွန်စအဖြစ် မော်ပီဆရာသိန်းကြီး၏ ရှေးဖြစ်စာတမ်းစာအုပ် စာမျက်နှာ(၁၉၉)နှင့် (၂၀၀)တို့မှာ ဖတ်ရှုရပါသည်။

'ဒုန့်ကလွန်းပြည်းမြို့၏ အနောက်ဘက်ချောင်းဖျားခရီး မြန်မာတစ်တိုင်ခန့်အကွာတွင် ကျိုက်ဒေးပါးခေါ် ကုန်းမြင့်မြင့်နှင့် ဘုရားစေတီ နှစ်ဆူကို တွေ့သည်။

ကုန်းထိပ်မှာတစ်ဆူ၊ အနိမ့်မှာတစ်ဆူ တည်ထားလေ၏။ ယင်းက အထက်ချောင်းဖျားခရီး မြန်မာ တိုင်တစ်တိုင်ခန့်အကွာမှာ ပန်းကျော်ချောင်းကို တွေ့သည်။ ခုနစ်ကျွေ့လည်းခေါ်ကြသည်။ ဤနေရာ၌ ရာဇာဓိရာဇ်မင်းနှင့် အင်းဝဘုရင်မင်းခေါင်တို့ စစ်ပြိုင်သော နေရာဖြစ်၏။

ထိုနေရာကား ဇိုင်းကနိမ်းမြို့နယ်အတွင်း ကျ၏။ ကျိုက်ဒေးပါးကုန်းမှာ ရာဇာဓိရာဇ်စီးတော်မူသော ဆင်ဖြူကုန်းအနောက် မြန်မာခရီးတစ်တိုင်ဝက်ကွာ ကျောက်အိုးကြီး ကျောက်အိုးကလေးစခန်းရှိသည်။

ဂဝံကျောက်သားရေတွင်းကဲ့သို့ ရှိသည်။



◆ ကျိုက်ဒေးပါးတောင်ထိပ်တောင်ကြောမှ အဓိဋ္ဌာန်ပြုစေတီ

◆ ကျိုက်ဒေးပါးတောင်ခြေကျောင်း ဆရာတော်



ရာဇာဓိရာဇ်မင်း၏ စစ်သည်တပ်သားအပေါင်းတို့သည် ယင်းကျောက်အိုးတွင်းက ရေကို အမှီပြုကြရသည်။ ရေလည်း အလွန်ကောင်းသည်။

ယင်းအထက် ပဲခူးမြစ်နှင့် သုံးဆယ်ချောင်းဖောင်းလင်းချောင်းတို့ဆုံသော ရေဝကြီးစခန်းရှိ၏။ ဖိုင်တွယ်မြို့အနောက်မြောက်ကျ၏။ ဤဖော်ပြသော နေရာတို့သည်ကား ရာဇာဓိရာဇ်မင်းနှင့် အင်းဝမင်းတို့၏ စစ်ပွဲပြုကြသော စခန်းချည်းဖြစ်လေ၏'

ထိုသဲလွန်စအတိုင်း ကျွန်ုပ်နှင့် မိသားစု ကိုယ်တိုင်မော်တော်ကားဖြင့် လိုက်လံရှာဖွေပါသည်။ အင်းတကော် မြို့နယ်အတွင်းရှိ တောင်သုံးလုံးမှ ဒေသခံ အဓိဋ္ဌာန်ပုဂ္ဂိုလ်တစ်ဦးက တောင်သုံးလုံး မြသိန်းတန်ဘုရား၏ ရာဟုထောင့်မှ အဝေး(၅)မိုင်ခန့်အကွာရှိ တောင်ကုန်းတစ်ခုကို ညွှန်ပြ၍ ထိုတောင်မှာ ကျိုက်ဒေးပါးတောင်ဟူ၍ ပြောပြသည်။

ထိုနည်းတူ ဒုန့်ဂလွန်းပြည်းမြို့ဟောင်း(ယခု မြို့လေးစွန်း) မရမ်းပင်ဆိပ်ကျောင်း ဆရာတော်ကို မေးမြန်းသောအခါ မရမ်းပင်ဆိပ်ကျောင်း၏ အနောက်ဘက် (၇)မိုင်ခန့်အကွာတွင် ကျိုက်ဒေးပါးတောင်ကုန်းနှင့် ဘုရား၏ ကြောင်း မိန့်ကြားပါသည်။

ကျွန်ုပ်တို့သွားသောအခါ ချောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

–ပဲခူး ဆက်သွယ်ထားသော ကြီးလေးကြီး လမ်းဘေးတစ်နေရာတွင် တောင်ကုန်းပေါ်မှ စေတီတော်တစ်ဆူကို ဖူးမြင်ရသဖြင့် စုံစမ်းကြည့်ရာ ကျိုက်ဒေးဖျတ်တောင်ကုန်းနှင့် ကျိုက်ဒေးဖျတ်စေတီဟူ၍ သိခဲ့ပါသည်။

ကျိုက်ဒေးပါးကို ရှာမတွေ့ပါ။ နောက်တစ်ပတ် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် **လှည်းကူးမြို့နယ်၊ ဝိုက်ကြီးဝဲကျေးရွာ မဟာဝိဇိတာရာမ စာသင်တိုက် ပဓာန နာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ရေဝတာလင်္ကာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အား** သွားရောက်ဖူးမြော်စဉ် ဆရာတော်၏ တပည့် ဦးပဥ္စင်း ပညာနန္ဒက လိုက်ပို့သဖြင့် ကျိုက်ဒေးပါးသို့ အဆင်ပြေချောမောစွာ ရောက်ရှိပါတော့သည်။

ဖောင်ကြီး–ပဲခူး ဆက်သွယ်ထားသော ကြီးလေးကြီးလမ်းအတိုင်း မော်တော်ကားဖြင့် သွားရောက်ရာ ရဲမွန်တပ်မြို့၏ မြောက်ဘက်တည့်တည့်လောက်တွင် လမ်းလေးခွဆုံတစ်နေရာ ရှိပါသည်။


မြောက်ဘက်သို့ ကတ္တရာလမ်းအတိုင်း ဆက်သွားရသည်။ တောင်ကုန်း အတက်အဆင်းများစွာကို ကွေ့ကောက်ဖြတ်သန်းပြီးမှ လမ်းဘေးတစ်နေရာ ကားလမ်း၏ လက်ယာဘက်ခြမ်းမှာ ကျိုက်ဒေးပါးဘုရားသို့ လမ်းညွှန်ဆိုင်းဘုတ် တွေ့ရသည်။

ထိုနေရာမှာ အိမ်ခြေအနည်းငယ်ရှိပြီး ကွဲ့တဲရွာဖြစ်ကြောင်း သိရသည်။ ထိုနေရာမှ မြေသားလမ်းအတိုင်း ကုန်းတက်ကုန်းဆင်းများကို ဖြတ်သန်းမောင်းနှင်ပြီး ကျိုက်ဒေးပါတောင်ခြေသို့ ရောက်ရှိသည်။ ထိုနေရာမှာ အိမ်ခြေအနည်းငယ် တွေ့ရပြန်သည်။ ဒန်းနီရွာဟု သိရသည်။



◆ ကျိုက်ဒေးပါးတောင်ပေါ်စေတီအား လက်ညှိုးညွှန်ပြနေသော မြတ်စွာဘုရား ရုပ်ပွားတော်

◆ ကျိုက်ဒေးပါးတောင်ထိပ်စေတီ ရင်ပြင်တော် အာရုံခံတန်ဆောင်း



တောင်ခြေမှ တောင်ကုန်းပေါ်သို့ မော်တော်ကားလမ်း မြေသားလမ်းအတိုင်း မောင်းတက်သွားရာ တောင်စောင်းပြန့်တစ်နေရာတွင် ကားရပ်နားရသည်။ ဘယ်ညာ တောင်ကုန်းစောင်းတွင် ကျောင်းဇရပ်အချို့ရှိသည်။

ကျိုက်ဒေးပါး အောက်ကျောင်းဖြစ်ပြီး ဤတောင်ခြေအနီး **"ဝါးတားရွာ"** ဇာတိ ဦးနန္ဒက သက်တော်(၃၅)နှစ်၊ ဝါတော်(၁၅)ဝါ သီတင်းသုံးသော ကျောင်းဟု သိရသည်။

ထိုနေရာမှာ တောင်ထိပ်ဘုရားရင်ပြင်သို့ အင်္ဂတေခင်း သွပ်မိုးစောင်းတန်းလမ်းအတိုင်း တက်သွားရာ တောင်ထိပ်ရောက်ခါနီး လမ်းညာဘက်စောင်းမှာ ကျိုက်ဒေးပါးတောင်ပေါ် ကျောင်းကို တွေ့ရသည်။

စောင်းတန်းလမ်း၏ ဘယ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



▲ ကျိုက်ဒေးပါးတောင်ထိပ် စေတီတော်ရင်ပြင် အရှေ့ဘက်မှ တောင်ဘက်တောင်စွန်းရှိ လှမ်းမြင်ရချောင်များသို့ အတက်အဆင်းပြုသော ရှေးဟောင်း ဝင်ကျောက်တုံးဆင်းလမ်းကို ညွှန်ပြနေသော အရှင်ပညာနန္ဒ

▼ ကျိုက်ဒေးပါးတောင်ထိပ် အရှေ့ဘက် ရင်ပြင်မှ ယခင်စေတီတော်ဟောင်းတစ်ဆူ ရှိခဲ့သောနေရာ



ဘေးတွင် အောက်ခြေလိုဏ်ဂူရှိသော စေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။

ကျိုက်ဒေးပါး ကျောင်းအနီးတွင် လူတစ်ဖက်မက ကြီးမားသော သပြေပင်ငုတ်တိုကို ထူးခြားစွာ တွေ့ရသည်။ ယခုအချိန်ထိ သပြေညွန့်များ စိမ်းစိမ်းစိုစိုထွက်နေဆဲဖြစ်သည်။ ရာဇာဓိရာဇ်ဘုရင် အမိဋ္ဌာန်နှင့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကျိုက်ဒေးပါး တောင်ပေါ်ကျောင်းတွင် လက်ရှိ သီတင်းသုံးနေသော ဆရာတော်ကို ဝင်ရောက်ဖူးမြင်ပါသည်။ ဆရာတော်မှာ ဘဒ္ဒန္တတေဇိန္ဒ ဖြစ်၍ သက်တော်(၈၀)၊ ဝါတော်(၂၉)ဝါ ရှိပြီ။ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ သပြေရှောင်ရွာဇာတိဖြစ်ပြီး ကျိုက်ဒေးပါးတောင်ပေါ်သို့ ယောဂီဝတ်ဖြင့် ရောက်ရှိအဓိဋ္ဌာန်ဝင်ရာ (၆)နှစ်ကြာမှ ရဟန်းဝတ်သဖြင့် ကျိုက်ဒေးပါးတွင် စုစုပေါင်း(၃၅)နှစ်ကြာပြီဟု သိရသည်။

မြို့ရွာဒေသ အတော်များများမှာ ဘုရားဟောင်းပြုပြင်ခြင်း၊ ဘုရားသစ်တည်ခြင်းများဖြင့် ကုသိုလ်ယူနေကြောင်း အတူနေဦးပဉ္စင်းကြီး ဦးသုမန သက်တော်(၆၂)နှစ်၊ ဝါတော်(၆)ဝါက ပြောပြပါသည်။

ပန်းတနော်မြို့နယ်၊ စိန်ကုလားကုန်းရွာဇာတိဖြစ်သော ဦးသုမနမှာ ဤကျိုက်ဒေးပါးဆရာတော် ပန်းတနော်မြို့တွင် ဘုရားလာတည်စဉ် လူဝတ်ဖြင့် လိုက်လာပြီး (၁)ဝါသာဝတ်မည်ဟု ဆုံးဖြတ်ထားရာမှ ယခု (၆)ဝါရှိပြီဟု သိရသည်။

အင်းတကော်မြို့နယ်၊ သာယာကုန်းရွာမှ သက်တော်(၅၁)နှစ်၊ ဝါတော်(၁၁)ဝါရှိ ဦးပဉ္စင်းဦးပညာသီရိလည်း ဤတောင်ပေါ်ကျောင်းမှာ သီတင်းသုံးကြောင်း သိရသည်။


ကျိုက်ဒေးပါးကျောင်း ဆရာတော်ဦးတေဇိန္ဒ ဤတောင်ကို ရောက်ရှိစက ဤနေရာမှာ သီတင်းသုံးသော ပုဂ္ဂိုလ်လုံးဝမရှိဘဲ ခေတ္တခဏ အဓိဋ္ဌာန်လာဝင်သူမျိုးသာ ရှိခဲ့ကြောင်း၊ စေတီတော်မှာလည်း ယိုယွင်းပျက်စီးနေကြောင်း၊ ကျောင်းကန်ဇရပ်လည်း မရှိကြောင်း၊ တောင်တက်ကားလမ်းလည်း မရှိဘဲ လူသွားလမ်းမျှသာရှိကြောင်း၊ တောဆင်ရိုင်းအုပ်များ မကြာခဏ တောင်ထိပ်ပေါ် တက်ရောက်လာသဖြင့် သစ်ပင်မြင့်ပေါ်မှာ လင့်စင်ထိုးပြီး နေခဲ့ရဖူးကြောင်း...

နောက်ပိုင်းတွင် မေတ္တာကမ္မဋ္ဌာန်းပွားများခြင်းဖြင့် တောဆင်ရိုင်းကြီးများနှင့် အဆင်ပြေခဲ့ကြောင်း၊ ယခုလည်း မကြာမကြာ တောဆင်ရိုင်းများ ရောက်လာကြောင်း၊ အန္တရာယ် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



◆ ကျိုက်ဒေးပါးတောင်ကုန်းထိပ် ဘုရားရင်ပြင်သို့ အတက်လမ်းတောင်တန်း



◆ ကျိုက်ဒေးပါးတောင်ထိပ်စေတီရင်ပြင် အရှေ့ဘက်အစွန်းရှိ ယခင်ဘုရင်ကြီးကိုရာ လိုဏ်ဂူအပေါ်ဘက်မှ သာသနိကအဆောက်အအုံအချို့

မပြုဘဲ ပြန်ဆင်းသွားကြောင်း စသည်ဖြင့် ဆရာတော်မှ မိန့်ကြားပါသည်။

ကျိုက်ဒေးပါးတောင်ပတ်လည် (၂) မိုင်ခန့်တွင် အုတ်ဖိုရွာ၊ တောင်လုံးပြောင်ရွာ၊ မောပြေရွာ၊ တုံအင်းရွာ၊ ထီးလေဖိုးရွာ၊ ဝါးဒမရွာ စသည်တို့ရှိပြီး ကျိုက်ဒေးပါးတောင်၏ အရှေ့ဘက် တောင်ခြေကပ်လျက်မှာ လဂွန်းပြင်ဆည်ကြီးရှိသည်။ တောင်ဘက်တွင် လဂွန်းပြင်ချောင်းရှိသည်။တောင်ကုန်းထိပ်မှ တောင်ခြေပတ်လည်သို့ ရှုခင်းများ အလွန်လှပါသည်။

ဆရာတော်အား ဦးချရှိခိုးပြီး ဘုရားရင်ပြင်ပေါ်သို့ ကျွန်ုပ်တက်ခဲ့ရာ လိုက်ပို့ပေးသော ဦးပဥ္စင်းဦးပညာနန္ဒနှင့် ဦးပဥ္စင်းဦးသုမနတို့က ကျွန်ုပ်နှင့်အတူ လိုက်ပါပြီး ကျွန်ုပ် သိသင့်သည်တို့ကို လိုက်လံပြသ ရှင်းပြကြပါသည်။

ကျိုက်ဒေးပါး ရင်ပြင်တော်သို့ ရောက်သည်နှင့် အနောက်ဘက်ရင်ပြင်မှာ စေတီတော်ကို လက်ညိုးညွှန်ထားဟန် ဗုဒ္ဓရုပ်ပွားတော် ရပ်တော်မူတစ်ဆူကို ဖူးတွေ့ရသည်။

အနောက်တောင်ဘက်တွင် အာရုံခံတန်ဆောင်းနှင့် ဇရပ်တစ်ဆောင်ရှိသဖြင့် ထိုအာရုံခံမှာ ခေတ္တထိုင်၍ ကျိုက်ဒေးပါးစေတီတော်ကို ဦးချရှိခိုး ဝတ်ပြုပူဇော်ပါသည်။ မေတ္တာသုတ်ရွတ်ဖွားခြင်း အမှိဋ္ဌာန်လည်း ဝင်ခဲ့သည်။

တောင်ထိပ်တွင် စေတီတော်ကို သပ္ပါယ်စွာ ဖူးမြင်ရသည်။ အရံစေတီငယ်များ ထီးတော် မတင်ရသေးပါ။

'ကျိုက်ဒေးပါးစေတီတော်ရဲ့ ထီးတော်ကို တစ်နှစ်တစ်ကြိမ် တပေါင်းလပြည့်နေ့တိုင်း ထီးတင်ပွဲ ကျင်းပပြုလုပ်လေ့ရှိနေတာ အစဉ်အလာပဲ။ ဒီနှစ် တပေါင်းလပြည့်မှာ လာခဲ့ပါဦး။ အဲဒီပွဲကို မြင်ဖူးအောင်လို့'

ကျိုက်ဒေးပါးဆရာတော်က အတန်တန် ဖိတ်မန္တကပြုခြင်း ဖြစ်ပါသည်။

ကျိုက်ဒေးပါးစေတီ ရင်ပြင်တော်ပတ်လည်တွင် ရုပ်ပွားတော်၊ ရုပ်တုတော်များစွာ ဖူးမြင်ရပါသည်။


တောင်ကုန်းထိပ်ရင်ပြင်မှာ အရှေ့အနောက် ပေ(၂၀၀)ခန့်ရှည်၍ တောင်မြောက်အကျယ် ပေ(၅၀)ခန့်သာ ရှိပါသည်။

'ဒီစေတီတော်အောက်မှာ ဟိုတုန်းက လိုဏ်ဂူကြီးရှိတယ်။ လူတွေဝင်ရင် အန္တရာယ်ရှိလို့ ဆရာတော်က အသေပိတ်ပစ်လိုက်တယ်။ အောက်က လိုဏ်ဂူက ဂဝံကျောက်တုံးကြီးတွေနဲ့ စနစ်တကျ သေချာ လုပ်ထားခဲ့တာ'

စေတီတော်ရင်ပြင် အရှေ့ဘက်တွင် အနည်းငယ်နိမ့်သော နေရာတစ်ခုတွေ့ရပြီး အောက်ခံဂဝံကျောက်တုံးများနှင့် ရှေးဟောင်းအုတ်ပြားအပိုင်းအစအချို့ကို တွေ့ရှိရသည်။

'ဒီနေရာမှာ ဟိုတုန်းက စေတီတော်တစ်ဆူရှိခဲ့တယ်။ တောင်ကုန်းထိပ်မှာတစ်ဆူနဲ့မှာ တစ်ဆူ စုစုပေါင်းနှစ်ဆူပေါ့။ ပြိုပျက်နေလို့

www.burmeseclassic.com





▲ ကျိုက်ဒေးပါးတောင်ကုန်းထိပ်အဝေးမြင်ကွင်း ကွဲတဲ့ရွာအနီး
ကဗ္ဗာရာလမ်းဘေးမှ မြင်ရပုံ

◀ ကျိုက်ဒေးပါးတောင်ခြေကျောင်းအနီးရှိ
လှတစ်မက်မကကြီးသော သစ်ပြပင်ထုတ်တို့

သရာတော်က တစ်ဆူကိုဖျက်ပြီး နှစ်ဆူ တစ်ဆူပေါင်းလိုက်တာပါ'

ဦးပဥ္စင်း ဦးသုမနက ရှင်းပြပါသည်။

**ကျိုက်ဒေးပါးမှာ** မွန်တိုင်းရင်းသားဘာသာစကားဖြစ်၍ **ကျိုက်**=ဘုရားစေတီ၊ **ဒေး**=တောင်ကုန်း၊ **ပါး**=၂ ဖြစ်ရာ ကျိုက်ဒေးပါး၏ မြန်မာလိုအဓိပ္ပါယ်မှာ **"တောင်ကုန်းဘုရားနှစ်ဆူ"** ဖြစ်ပါသည်။ ဘုရားနှစ်ဆူကုန်းဟုလည်း ခေါ်နိုင်သည်။

ယခုတော့ ဘုရားစေတီတစ်ဆူတည်းသာ ရှိတော့သဖြင့် ကျိုက်ဒေးပါး မခေါ်နိုင်တော့ပေ။ ပဌာန်းဆက်ပါရမီရှင် ဗုဒ္ဓဘာသာသူတော်စင်များမှ မူလနေရာတွင် စေတီတော်တစ်ဆူ ပြန်တည်ပေးနိုင်ကြလျှင် ကောင်းလေစွဟု ကျွန်ုပ် ဆန္ဒပြုမိပါသည်။

ယခင်စေတီဟောင်းတစ်ဆူ ရှိခဲ့သော နေရာမှ အရှေ့ဘက် မနီးမဝေးတွင် တောင်ဘက်သို့ ဂဝံကျောက်တုံးကြီးများ စီထပ်ပြုလုပ်ထားသော လှေကားထစ်လမ်း ရှိကြောင်း၊ ထိုဂဝံ ကျောက်လှေကားမှာ တောင်ခြေ လဂွန်းပြင်ချောင်းကမ်းပါးအထိ (၂)မိုင်ရှည်လျားကြောင်း ဦးပဥ္စင်းဦးပညာနန္ဒမှ ရှင်းပြပါသည်။

ရှေးက ဟံသာဝတီဘုရင် ရာဇာဓိရာဇ်တောင်ပေါ်သို့ အတက် အဆင်းပြုသော မင်းတက်လမ်းဖြစ်ပေမည်။ လဂွန်းပြင်ချောင်းအတိုင်း လဂွန်းပြည်းမြို့သို့ ရေလမ်းဖြင့် ရှေးက သွားလာခြင်းဖြစ်သည်။

ကျိုက်ဒေးပါးတောင်ထိပ် အရှေ့ဘက်အစွန်းတွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ စံကျောင်းတော်နှင့် နံကရိုင်းမယ်တော် နတ်နန်းဆောင်တို့ရှိသည်။

'ဒီအရှေ့ဘက်တောင်စောင်းမှာ လိုဏ်ဂူကြီးရှိတယ်။ ဘုရင်ကြီးဂူလို့ခေါ်တယ်'

ဦးပဥ္စင်း အရှင်ပညာနန္ဒမှ ရှင်းပြခြင်းဖြစ်ပါသည်။ ရာဇာဓိရာဇ်မင်းကြီး ယာယီစံနေသော လိုဏ်ဂူဖြစ်ပေမည်။ ဤနေရာမှ အရှေ့ဘက် (၅)မိုင်ခန့်တွင် လဂွန်းပြည်းမြို့ဟောင်းကိုလည်းကောင်း၊ တောင်သုံးလုံးကိုလည်းကောင်း၊ ဟံသာဝတီမြို့ဟောင်းကို လည်းကောင်း ခပ်ရေးရေး လှမ်းမျှော်ကြည့်နိုင်သည်။

တောင်စူးစူးတွင် ကျိုက်ဒေးဗျတ်၊ ကျိုက်ဒေးဝိ၊ ကျိုက်ဒေးစတိုးတို့ကို ခပ်ရေးရေးလှမ်း၍ ဖူးမြင်နိုင်သည်။

'ဒီလိုဏ်ဂူထဲက ကြက်တွန်သံကြားရင် ပတ္တမြားထွက်တယ်။ ပတ္တမြားမျက်ရှင်ထွက်တယ်ဆိုလို့ သိုက်သရာတွေ ခဏခဏ လာရှာကြလို့ အဲဒီဂူကြီးကိုလဲ ပိတ်လိုက်ရတယ်'

ကျွန်ုပ်က ကျိုက်ဒေးပါးတောင်ထိပ် အရှေ့ဘက်စွန်းမှ အောက်ခြေသို့ ငုံ့ကြည့်လိုက်ရာ လဂွန်းပြင်ဆည်ရေပြင်ကျယ်ကြီးကို ရှခင်းအလှအဖြစ် တွေ့မြင်ရပါသည်။


ရန်ကုန် မြို့သူမြို့သားများအတွက် သောက်သုံးရေပေးပို့နေသော လဂွန်းပြင်ဆည်ကြီးကို ရန်ကုန်သူ ရန်ကုန်သားများ တစ်ခါတစ်ခါ လာရောက် ကြည့်စေချင်ပါသည်။

'အခု ဒီတောင်ပေါ်မှာ မြင်ရတဲ့ ရုပ်ပွားတော်၊ ရုပ်တုတော်၊ စေတီတော်၊ အာရုံ



www.burmeseclassic.com

www.burmeseclassic.com




တန်ဆောင်း ကျောင်း ဇရပ် တောင်တက် မုခ်တာဝန်း တောင်တက်ဆယ်တော်ကား လမ်း ဆိုတာတွေ အားလုံးဟာ လက်ရှိ ဆရာတော် ဦးတေဇိန္ဒရဲ့ ဦးဆောင်မှုနဲ့ တပည့်အကာတွေ စုပေါင်းကုသိုလ်ပြုထား ကြတာပါ'

လိုက်ပို့သော ဦးပဋ္ဌင်း အရှင်ပညာ နန္ဒက ရှင်းပြမိန့်ကြားခြင်း ဖြစ်ပါသည်။ ကျိုက်ဒေးပါးတောင်ကုန်း ဝန်းကျင် တွင် ရှေးဟောင်းစေတီတော်များ ရှိသေးကြောင်း သိရသည်။

ကံကောင်းလျှင် ဗုဒ္ဓမြတ်စွာဘုရား ရှင်၏ သွားတော်ဓာတ် ဌာပနာထား သော စေတီတော်တစ်ဆူဆူကို ဖူးတွေ့ ရလိမ့်မည်ဟု အာရုံတွင် ပေါ်နေသည်။

ထို့ပြင် မော်ဘီဆရာသိန်းကြီး၏ စာအုပ်တွင် ဖော်ပြထားသော ကျောက် အိုးကြီး ကျောက်အိုးလေးစခန်း၊ ခုနစ် တွေ့ ပန်းကျော်ချောင်း စသည်တို့ကို လည်း ကိုယ်တိုင်တွေ့ချင်သည်။ ကျိုက် ဒေးပါးသို့ နောက်ထပ်လာစရာ အကြောင်းတွေ ရှိပါသေးသည်။

မွန်ဘုရင် ရာဇာဓိရာဇ်မင်း၏ စစ် အောင်မြေနေရာထူး တစ်ဌာနဖြစ် သော ကျိုက်ဒေးပါးသို့ တစ်ခါ တစ်ခေါက် လာရောက်အဓိဋ္ဌာန်ဝင် ရင်း၊ ဘုရားဖူးရင်း လဝွန်းပြင်ဆည်နှင့် လဝွန်းပြင်ချောင်းတို့၏ သဘာဝအလှ ကို အပေါ်စီးမှကြည့်ရှုရင်း အင်းဝ ဘုရင်မင်းခေါင်နှင့် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်တို့၏ စစ်မြေပြင်ကို သမိုင်း အမြင်ဖြင့် ကြည့်ရှုခံစားရင်း အကျိုး ထူးများ ရရှိခံစားနိုင်ကြစေရန် ဖော် ထုတ်လမ်းညွှန် ပေးလိုက်ရပါသည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇေ(LL.B)**

# နွားမျိုးဆိုး၍ သွေးပါ ကျလေရော



စာရေးသူ၏ အသိ မိတ်ဆွေ တောင်သူကြီး ဦးထွန်းကြိုင် သည် သူ၏ နိုင်းနွားကြီးကို ထွန်ယက်ရာ၌ စိတ် မရှည်သဖြင့် ခါးကိုတုတ်နှင့် ပြင်းထန် စွာ ရိုက်ပစ်လိုက်သည်။

သူ၏ ဒေါသကြောင့် ထိုသို့ စိတ် လိုက်မာန်ပါ ပြုမူလိုက်သောကြောင့် နောက်ဆက်တွဲ ဆိုးကျိုးမှာ သူ၏ နိုင်းနွားကြီး ဆီးသွားသောအခါ သွေးပါ လာလေ၏။

ဦးထွန်းကြိုင်သည် အတွေ့အကြုံ ရှိဖူးသော နွားမွေးမြူရေးမှာ ဝါသနာပါ သော တောင်သူကြီးဦးလှိုင်ထံ သွား ရောက် အကြံဉာဏ်တောင်းလေ၏။

နောက်ဆုံးတွင် တောင်သူကြီး ဦးလှိုင်၏ အကြံပေးချက်အတိုင်း သူ၏နိုင်းနွားကြီးကို ကုသလိုက်ရာ (၂)ရက်မျှအကြာတွင် သူ၏နိုင်းနွား ကြီးမှာ စွဲကပ်နေသောဆီး၌ သွေးပါ ရောဂါသက်သာပျောက်ကင်းသွားကြောင်း စာရေးသူအား ပြောပြပေးပါသည်။

တောင်သူကြီး ဦးလှိုင်ထံမှ ရပြီး ဦးထွန်းကြိုင်ကုသဖြစ်ခဲ့သောနည်းမှာ...

ဆီး၌ သွေးပါရောဂါဖြစ်နေသော နွားမင်း ကို ရေအေးများဖြင့် လောင်းပေးရမည်။

ပြီးလျှင် ကျောက်ချဉ်(၆)ပဲသားကို မြင်းခွာ ရွက်ရည်နှင့် စပ်ပြီး တိုက်ပေးရပါသည်။


ဆေးနည်းလွယ်သလောက် အစွမ်း ထက်လှပါကြောင်း ဦးထွန်းကြိုင်၏ ပြောပြချက်အရ တင်ပြပေးလိုက်ရပါ သတည်း။

**နတ်မောက်မြို့နယ် ဘော်အိုင် ကျေးရွာမှ တောင်သူကြီး ဦးထွန်း ကြိုင်အား ကျေးဇူးတင်လျက်...**

**ဆရာ သညာမှူး**

www.burmeseclassic.com

# အညှော်နံ့ ခံနိုင်အောင်



◄ ကသာမြို့ ရပ်ကွက်(၈) နတ်ကြီးကုန်းမှ တမူထူးကြော်သူ

စာရေးသူမှာ ဆေးသုတေသီ တစ်ယောက်ပါ။ တိုင်းရင်းဆေးကို ခေတ်စဉ်မျိုးဆက် ဝါသနာပါခဲ့ကြလို့ သွေးကပေးသော ပညာအဆက် ရှိခဲ့တယ်။ ပညာတတ်ဘွဲ့ရ တိုင်းရင်းဆေးဆရာတော့ မဖြစ်ခဲ့ရပါ။

ညှော်ကြော်တဲ့ အလုပ်တစ်ခုကို အိမ်တိုင်းမှာ အသုံးပြုကြပါတယ်၊ ဆီသန့်နဲ့ကြော်သူတို့အတွက် ကျန်းမာရေးထိခိုက်မှု နည်းပေမယ့် ဆီဆိုးများကို အသုံးပြုတာကတော့ လူတို့ ကျန်းမာရေးအတွက် ဆိုးကျိုးကို ဖက်ထားသလို ရောဂါရနိုင်ပါတယ်။

ညှော်နံ့ရရင် မီးနေသည်၊ ဝက်ခြံပေါက်နေသူ၊ အနာမန်းထနေသူ တို့ တကယ်ပင် လူနာကို သိသောင့်သိသာ ဒုက္ခပေးနိုင်ပါတယ်။

စာရေးသူ နိုဝင်ဘာလဆောင်း မနက်(၄)နာရီ လမ်းလျှောက်ထွက်ပြီး အပြန်မှာ ကသာမြို့ရပ်ကွက်(၈) နတ်ကြီးကုန်းရွာမှ မျက်နှာချင်းဆိုင်မှာ အကြော်ကြော်နေကြတဲ့သူတွေ ယခု ရှိနေပါတယ်။ တစ်ဖက်က စမူဆာ ကြော်တယ်။ တစ်ဖက်က ပဲကြော်၊ ဘူးသီးကြော်၊ ငှက်ပျောသီးကြော်တို့ကို ကြော်တဲ့ အကြော်သယ် ရှိပါတယ်။ အကြော်ကြော်တဲ့သက်တမ်းဟာ အနှစ်(၁၅)နှစ်ထက် လျော့မည်မဟုတ်သောသူ ဖြစ်နေတော့ စိတ်ဝင်စားနေပြီး ပညာရှာမိပါတော့တယ်။

'ညှော်ဆရာတို့ ကျွန်တော် မေးမိတာ ခွင့်လွှတ်ခွင့်ပြုပြီး ဖြေပေးပါလား၊ ညှော်ဆရာ...ညှော်ကြော်နေတာ ကျန်းမာရေး အတွက် မကောင်းဘူး'

'ကိုထွေးရေ... ကျွန်တော် ညှော်နဲ့ မတည့်ပါဘူး'

'မတည့်ဘဲ ဘာဖြစ်လို့ ညှော်ကြော်တဲ့အလုပ် လုပ်နေရတာလဲ'

'စားဝတ်နေရေးအတွက် ကိုယ်တတ်တဲ့ပညာနဲ့ အသုံးချနေရတာပါ'

'ဘာအတွက်ကြောင့် ဘာဆေးရှိလို့... ယခုအချိန်ထိ မဖျားမနာဘဲ နှစ်ရှည် ညှော်ကြော်နိုင်တာလဲ'

'ဆရာထွေး သိသားနဲ့ မေးနေပြန်ပြီ၊ ဆရာလုပ်နေတဲ့ သူတစ်ယောက်က ကျွန်တော့်လိုလူကို မေးနေတာပဲ အံ့သြမိတယ်'

'ပညာဆိုတဲ့ ပညာဟာသေတဲ့အထိ လိုက်လို့ မကုန်နိုင်ပါဘူး။ ပညာကုန်တတ်တဲ့ဆရာ လောကကြီးမှာ မရှိသေးပါဘူး'

'ဆရာထွေးကတော့ လုပ်ပြန်ပြီ'

ဘာဆေးတွေသုံးပြီး ညှော်နံ့ ခံနိုင်ကြတဲ့ အကြော်သည်တို့ဆီက ကျန်းမာရေးအတွက် ဆေးကောင်းတစ်လက် ရရှိခဲ့တာမို့ ဆေးနည်းကိုတော့ အများသိရအောင် စာရေးသူ ကျွန်တော်ကပဲ ဆရာကြော် အကြော်ဆရာဆီမှ ရရှိသော**ဆေးနည်းမှာ...**

"ပုဏ္ဏားစား" ရှိန်းဆိုကို နေ့တိုင်း(သို့မဟုတ်) သုံးရက်တစ်ခါ ဆင်းတုံးမနွယ်ပြုတ်ရည် ဖြစ်ဖြစ် ထုပြီးရေနဲ့စိမ်ထားတာဖြစ်ဖြစ် သားအနည်းငယ်ထည့်ပြီး သောက်ရပါတယ်။

**သာဂဒူး(ကသာမြေ)**



www.burmeseclassic.com

www.burmeseclassic.com

# လိပ်အင်းတစ်ကွက် ဆေးကုပေးသူ

ဦးခင်မောင်သန်း
(အမဖက–ပခန်းတန်း)





▲ လိပ်အင်းဖြင့် လက်တွေ့ကုသနေပုံ

လိပ်အင်းတစ်ကွက်ဖြင့် ဆေးကုပေးသူ ဦးဝရသာမိ ▶

▼ ဆရာတော် သီတင်းသုံးရာ ကျောင်းဆောင်မှတ်နေဆောင်ကြီး



အဝိုင်းမင်းကျောင်း သာသနာ့ နယ်မြေကြီးမှာ လိပ်အင်းတစ်ကွက်ဖြင့် သတ္တဝါတွေကို ကယ်တင်ရင်း သာသနာပြုနေသော ရဟန်းတော် ဦးဝရသာမိနှင့် ၁၉၉၅ ခုနှစ်လောက်က ဆုံဖြစ်ခဲ့ပါသည်။

ပေရွက်ပေါ်မှာ လိပ်အင်းချပြီး ဆေးကုပေးနေခြင်းဖြစ်သည်။ ကုသပုံကို လေ့လာကြည့်ရာတွင် လိပ်အင်းကို ပေရွက်(၂)ချပ်မှာ ချပြီး ထိုအင်းနှစ်ချပ်ကို ထပ်ပြီး ထိုအင်းနှစ်ချပ်ကိုပူးပြီး ကြိုးဖြင့်သပ်သပ်ရပ်ရပ် ချုပ်ထားပါသည်။

ကုသရာတွင် ရောဂါဖြစ်သည့်နေရာကို ဆီအနည်းငယ် သုတ်ပါသည်။ ပြီးလျှင် လိပ်အင်းကို တင်ပြီး မီးခဲဖြစ်နေသော ထင်းစဖြင့် (၅)လက်မအကွာမှ ထားပြီး အင်းရှေ့ပေးရပါသည်။ အင်းနှင့် လူနာကို မီးစဖြင့် မထိပါ။

သို့ရာတွင် ဝေဒနာရှိသော နေရာသို့ အင်းရောက်ရှိသွားလျှင် မခံနိုင်အောင် ပူလောင်နာကျင်မှုကို ဖြစ်ပေါ်စေပါသည်။ ထိုသို့ဖြင့် ဝေဒနာ ပျောက်ကင်းကြပါသည်။

**ယခု ပျောက်ကင်းနေကြသော ဝေဒနာရှင်များမှာ သဲနာ၊ သဲကိုက်၊ ဒူနာ၊ ဒူကိုက်၊ အသားဆွဲရောဂါ၊ အခြားအမျိုးအမည်မသိရသော ရောဂါများ ပျောက်ကင်းနေကြပါသည်။**

အနှစ် နှစ်ဆယ်လောက် အောင့်သောဝေဒနာမှာ လိပ်အင်းကြောင့် ပျောက်ကင်းသွားကြောင်း သိရပါသည်။ လိပ်အင်းတစ်ကွက်ဖြင့် ရောဂါမျိုးစုံကို လက်တွေ့ကျကျ ထူးထူးဆန်းဆန်း ပျောက်ကင်းလျက်ရှိပါသည်။

ထို့နောက် ထိုနည်းစဉ်ကို သိလိုကြောင်း ရဟန်းတော်ကို ခွင့်တောင်းရာ လိပ်အင်းချရေးစီရင်နည်းကိုသိခဲ့ရပါသည်။

လိပ်အင်းကို ပုံပါအတိုင်း **ပေရွက်တွင် ချပါ။** ပြီးလျှင် အင်းဆန်ဂါထာတော်ဖြစ်သော **"ဦး ပုထုသီလတာ ချာခြာချာ"**ဖြင့် အသက်သွင်းပါ။ လိပ်အင်းကို နှစ်ချပ်ထပ်ပါ။





www.burmeseclassic.com

www.burmeseclassic.com

(၁၀၈)စက်လက္ခဏာတော် အင်းကို မိုင်းကိုင်စက္ကူတွင် ချ၍ ပြာချပြီးတိုက်ပါ။ လိုအပ်လျှင် အသုံးပြုရန် ဖြစ်ပါသည်။ **အင်းအသက်သွင်းရန် ဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

'ဖျွဒီပါ ကျယ်စွာပတ်ကုန်း ကျွန်းလုံးကိုမျှ စောင့်တုံကြ၊ ယက္ခဒေဝါ နတ်တကာတို့ ဘုရားအာဏာ တရားအာဏာ သံဃာအာဏာ အာဏာတော်မွန် စက်အာဏာကြောင့် မကြာထုတ်ချင်း ရောက်စေသော။

ရောက်လျှင်ရောက်ချင်း မကျန်ကြွင်းအောင် ငါ၏အင်းကို သွင်းရန်အသက် ငါ့ရင်ငွေ့နှင့် မွှေးကြိုင်ကာအင်းအသက်ချက်ချင်းဝင်စေသော်။


ဝင်သည့်အင်းအသက် အာဏာစက် ဘဝ်ထုတ်ချင်း ခတ်စေသော်၊ ငါ့အင်းရာဇာ ရာဇမင်းကြီး ထိပ်ကစီး တောင်ကြီးခုနစ်လုံး ပြုန်းပြုန်းကြေစေသော်၊ မြင်းမိုရ်တောင်ကြီး ဖျောင်းဖျောင်းကျိုး၍ တောထဲလိပ် သဲကျောက်ဖျာရော ရောက်ပါစေ။

ကောင်းကင်မှာ စန္ဒာလမင်း ဆင်းစေ ဥုံ္ဖွာလေကာပ်လေနှင့် အတတ် မတ်တတ်သေ ဥုံ္ဖဘာသာ တံနိုး ဘိုးကလာသည် ထက်ကောင်းကင်က အင်းမြတ်ဘုန်းခေါင် ငါ့အကျိုးတိုးရှဲအောင် တောက်လောင်ရှိန်စက် ထိန်ထိန်လက် ဘဝ်ထုတ်ချင်း ခတ်စေသောဝ်'

* * *

အင်းဆန်ဂါထာတော်


ဦ ပု ထု သီး လာ ချာ ဩ ချာ




ပေရွက်တွင် ချထားသည့် လိပ်အင်းပုံ

* * *

ဖွော-သောက-အင်း၀-ရာဇာ-ဦးညို-ခေမာ-သုတ-ဝေရီ(ခရုပတ်ရေက်ခုန်)



(၁၀၈)စက်လက္ခဏာတော်အင်း

အင်းဆန်သွင်းရာတွင် အလွယ်တကူ ပြုလုပ်နိုင်ရန် ပုံစံနမူနာကို အောက်တွင် ရေးဆွဲပြလိုက်ပါသည်။

* * *

| ဦးညို | ခေမာ | သုတ | ဝေရီ |
|---|---|---|---|
| ၁၃ | ၂၅ | ၆၇ | ၄၈ |

| | | | | |
|---|---|---|---|---|
| ဖွော ၇၅ | ၇ | ၁၂ | ၁ | သောက ၆၂ |
| ၁၃ | ၂ | ဦးညို | ၆ | ၁၁ |
| ၈ | ဝေရီ | | ခေမာ | ၁၆ |
| ၃ | ၁၄ | သုတ | ၁၀ | ၅ |
| ရာဇာ ၈၃ | ၉ | ၄ | ၁၅ | အင်း၀ ၁၄ |

*သင်၏ဘဝ သာယာပါစေ။*

**ဦးခင်မောင်သန်း**
***(အ.မ.က-ပခန်းတန်း)***

**စာမျက်နှာ (၁၇၉)မှ အဆက်**

ပီယသွားၿ၏။ မလိုက်စားပါနှင့်။ ယင်းနေရာမှာ အမိကိုမျှ မျက်စိနှင့် မကြည့်ပါနှင့်။ အကြံမျက်တတ်ပါသည်။ သောက်လည်း သောက်ကောင်း၏။

ထို့နောက် ဓာတ်လုံးကို သဲမှာမြှုပ်တစ်လထား။ ညမှာ လက်ဝါးပေါ်တင်၍လုံး။ ရေစိမ်၊ နံနက်ဆယ်၍လုံး၊ နေလှန်း။ အထက်နည်းအတိုင်း လုပ်လေ။

မကြာမကြာချိန်၍ကြည့်၊ ဓာတ်လုံးသည် လက်လေးသစ်ခန့် အရောင်ထွက်၏။ အရောင်ထွက်လျှင် တန်၊ မထွက်လျှင် ပြန်ထားဦး။

အရောင်ထွက်လျှင် ပုံကြီးရွှေကိုခွာ၍ မိုင်းကိုင်စက္ကူတွင်ထည့်၊ ရွှေအလယ်က ဓာတ်လုံးကို မြှုပ်၍ တစ်ညထား၊ လင်းလျှင် ရွှေကုန်၏။ မကုန်လျှင် ထပ်မံ၍ထား။

ကုန်လျှင် ပျားရည်အစစ် တစ်ရွေးသားကျွေး။ ထိုပျားရည်အန်လျှင် နွားနို့တစ်ရွေးသားကျွေး၊ နွားနို့အန်လျှင် တန်၏။

ထို့နောက် ကိုယ်အလိုရှိသောအခါ ပုရပိုက်ခေါက် ရွှေတစ်မူးသားနှင့် ဓာတ်လုံး အတူထပ်၍ထား။ ရွှေပြာအန်၏။ မအန်လျှင် ထပ်၍ထားဦး။ အန်လျှင် ယင်းပြာကို ဘော်ဘင်နာမှာပစ်၊ မီတူဖတူ ဖြစ်၏။

သိဒ္ဓိထွက်လမ်းကြဲသော် ရွှေ(၁၂)ဆိုင်းကို (၁၂)ရက်ကျွေး။ သိဒ္ဓိပေါက်ထွက်၏။ ထွက်လျှင် တရားကို အားထုတ်ပါလေ။

*ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ*
*ပစ္စယော ဟောတု။*
*ပညာဝိဇ္ဇာ ဘဝိမယ်။*

နေ ဒေ လာ





www.burmeseclassic.com

www.burmeseclassic.com

# နေသူရိန်ဓာတ်လမ်း ဓာတ်လမ်း

နေ ဇော လ

နက္ခတ္တရောင်ခြည်မှ ပညာရှင်များ ခင်ဗျာ။ ဤပညာလမ်းစဉ်ကို ထည့်သွင်းရေးသားလိုက ရေးပါ။ ကျွန်တော့်အနေနှင့် ဝါသနာရှင် လူအပေါင်း ပညာပါရမီ ဖြည့်ဆည်းခြင်းသာ ဖြစ်ကြောင်း၊ ပညာရှင်တစ်ဦး မဟုတ်ကြောင်း ဝန်ခံအပ်ပါသည်။

ဤပညာလမ်းစဉ်ကို ရေးသားမည်ဟု ရည်ရွယ်ချက် မရှိပါ။ **နေသူရိန်ဓာတ်လမ်း ၁၉၉၈ခုနှစ် (၁)ပိုင်းနှင့် ၂၀၀၁ ခုနှစ် ဖွန်လတွင်ပါသော နေသူရိန်ဓာတ်လမ်း၊ (၂) ရေးသူ** (ဦးအောင်)နှင့် ၁၉၉၄ခုနှစ်၊ စက်တင်ဘာလ၊ စာမျက်နှာ(၉၅)တွင်ပါသော **အဂ္ဂိရတ်ပညာနှင့် နေသူရိန် ဓာတ်စခန်း၊ (ဒေါက်တာ ဝင်းကျော်ရေး)** ဆောင်းပါးများ ဖတ်မိ၍ နေသူရိန်လမ်းသည် အင်မတန် ကောင်းလှပါလားလို့ ဝမ်းသာဝမ်းမြောက်မိပါသည်။

သို့နှင့် စာရေးသူ၏ နေသူရိန်လမ်းစဉ်ကို ရေးသားရခြင်းဖြစ်သည်။ ထိုစာရေးသူတို့၏ လမ်းစဉ်များကို ကျွန်တော်မှတ်စုတွင်လည်း ကူးယူရေးသား မှတ်ထားပါသည်။

ပညာရှင်၊ ဆရာရှင်အပေါင်းတို့သည် ဤပညာလမ်းစဉ်ကို လွယ်လွယ်နှင့် ဖော်ပြရကောင်းလား စသည်ဖြင့် အပြစ်တင်ခြင်းမှ ခွင့်လွှတ်ပါရန် တောင်းပန်ပါသည်။

ဤပညာလမ်းစဉ်ကို ဖြစ်နိုင်၊ မဖြစ်နိုင်၊ မှန်,မမှန်ကိုတော့ မိမိ၏ကိုယ်ပိုင် ... ဉာဏ်နှင့်သာ စီစစ်၍ ပြု... ...နိုင်ကြ ...သာ ပြောကြ...လိုပါ...ည်။

အသယ်ဆိုသော ... ဆရာ၊ အသယ်



သို့သောသူသီက ရတာပါပဲ ဖော်ပြ ခွင့်မရှိတာကို ခွင့်လွှတ်စေလိုပါသည်။

စာရေးသူအနေဖြင့် မအောင်မြင်သေးပါ။ ဉာဏ်ကြီး ပါရမီကြီးသူတို့ လုပ်ကိုင်ကအောင်မြင်စေရန်ရည်ညွှန်း၍ နဂိုမူလ မူရင်းလမ်းစဉ်အတိုင်း ပြုပြင်ပြောင်းလဲခြင်းမရှိ ရေးသားဖော်ပြလိုက်ပါသည်။

## သုတခဲနည်းနှင့်

## နေသာဒပြဒါးလမ်း

### ၂။ နေသာဒပြဒါးလမ်း

**သုတ**(ဒိ)ကျပ်သားကို ဘော်(၄)ပဲသားနှင့် ကျောက်ပျဉ်မှာ အသာအသာသွေး သုတခဲ၏။

ထိုသုတခဲကို **သံပရာရည်**တွင် တစ်လစိမ်၊ **မဖောက်ထုံးရည်တွင်** တစ်လစိမ်၊ **မန်ကျည်းမှည့်ရည်**တွင် တစ်လစိမ်၊ **မစင်တွင်** သုံးလစိမ် နိဗ္ဗန္ဓဓာတ်ဖြစ်၏။

ထိုသုတခဲ...ကို ရေစိမ်၍သောက်သော်... အာယုဝဍ္ဍနပြီး၏။ အရောင် ဖြိုးဖြိုးပျက်ပျက်ထွက်၏။

ကြေးဖြစ်စေ၊ ခဲဖြစ်စေ၊ ဘော်ဖြစ်စေ၊ ဘင်ဖြစ်စေ ယင်းဓါတ်များကို ကျိုး၍ပစ် ရွှေဖြစ်၏။ မြွေမှစ၍ အဆိပ်ရှိသော သတ္တဝါတို့ကိုက်ခဲလျှင် ကိုက်သောနေရာကို တင်၍ထား စုပ်၏။ ပြီးလျှင် ယင်းဓာတ်လုံးကို နွားနို့သော်လည်းကောင်း၊ ဆန်ဆေးရည်သော်လည်းကောင်း ထည့်၍စိမ်လျှင် အဆိပ်ထွက်၏။

စုန်းနတ်တစ္ဆေ ဖုတ်ကဝေတို့ကို ရေစိမ်၍ပေးလျှင် ပြေးကုန်၏။ ဉာဏ်ရှိတိုင်း သုံးလေ။ ပျားရည်ထောပတ်၌ စိမ်၍သာ သောက်ရလျှင် သဗ္ဗသိဒ္ဓိပြီးခြင်းရှိ၏။

နည်းသိမှန်စွာ အဖွဲ့ဂေါဏ ရှိသမျှကို တစ်စမကြွင်း မရှင်းမပို လက်ာဆိုသည် ပုဂ္ဂိုလ်ထူးမြတ်တည်း။

### ၁။ သုတခဲနည်း(နေသူရိန်လမ်း)

ပြဒါး(ဒိ)ကျပ်သား ဘော်(၄)ကျပ်သား ကျောက်ပျဉ်မှာ ရေနှင့်သွေး၊ အခြောက်လှန်း သုတခဲ၏။ ယင်းအခဲကိုလက်ဝါးပေါ်တင်၍ အသာအယာလုံး မာ၏။

ပြီးလျှင် သံပရာရည်မှာ (၇)ရက်စိမ်၊ ပြီးလျှင် ရေမှာ တစ်ဖန်စိမ်၊ နေ့ကို သဲတစ်ပြည်မှာ လက်လေးသစ်ခန့်မြှုပ်၍ နေမှာလှန်း။ နံနက်တစ်ခါ,ညတစ်ခါ လက်ဝါးပေါ်မှာ တင်၍လုံး။

အထက်ပါနည်းအတိုင်း (၂၁)ရက်နေလှန်းလေ၊ ပြီးလျှင် ချိန်၍ကြည့်၊ မူလတည်ရင်း မလျော့စေနှင့်၊ လျော့လျှင် သုတထပ်၍သွင်း။ အပိုစာလောက်တိုးလျှင် သာ၍ကောင်း၏။

ထိုအခါ ဓာတ်လုံးသည် လက်(၂)သစ်ခန့် အရောင်ထွက်၏။ ယင်းဓာတ်လုံးစိမ်သော ရေကို မျက်နှာသစ်


စာမျက်နှာ (၁၅၈) သို့


www.burmeseclassic.com

www.burmeseclassic.com

စိတ်စွမ်းအင်

# သိဒ္ဓိဝင်မှန် အစီအရင်

ဝေဖြိုးမောင်



▲ သိဒ္ဓိဝင် မှန်အစီအရင် စီမံထားပုံ

လောကီဝိဇ္ဇာ ပညာရှင်ကြီးများ ကိုယ်တွေ့အရ ရှာဖွေတွေ့ရှိမှုကို လက်ဆင့်ကမ်း ပညာအမွေ ခံယူခဲ့ကြရသည်။ **စိတ်စွမ်းအင် သိဒ္ဓိဝင်မှန် အစီအရင်**ကို လေ့လာ ဆည်းပူးခွင့် ကြုံဆုံခဲ့ရသည်။

## သိဒ္ဓိဝင်မှန် အစီအရင်

○ **မှန်လေးထောင့်** (သို့မဟုတ်) **မှန်အဝိုင်း** ဖြစ်ရမယ်။

ရေမွှေးနဲ့ နေ့တိုင်း မှန်ရဲ့ထိပ်မှာ "အောင်ဗုဒ္ဓေါ အောင်ဓမ္မော၊ အောင်သံဃော" ဆိုပြီး မိမိရဲ့ ညာဘက် လက်သူကြွယ်နဲ့ ရေးရတယ်။

ဘောလ်ပင်**အနီ, အနက်**၊ ဆေးပင် **အနီ, အနက်** တစ်ခုခုနဲ့ **မှန်ပေါ်မှာ နာမည်ရေးရတယ်။** မောင်/မ/ဦး/ဒေါ် ထည့် မရေးနဲ့။ ဥပမာ **မြင့်အောင်၊ မိုးမိုးမြင့်** ဆိုသလိုပဲ နာမည်ပဲ ရေးရတယ်။

နောက် "**လာဘ်လာဘ**" ဆိုပြီး စာ(၃)ကြောင်း ပထမဦးဆုံးအပတ် **မိမိမွေးနေ့မှာ** ရေးရမယ်။

"**စီးပွားရေး**"ဆိုပြီး စာ(၃)ကြောင်း ဒုတိယအပတ် **မိမိမွေးနေ့မှာ** ရေးရတယ်။

"**ပစ္စည်းဥစ္စာ ရတနာ**"ဆိုပြီး စာ(၃)ကြောင်း တတိယအပတ် **မိမိမွေးနေ့** မှာ ရေးရမယ်။

ဒီတော့ တစ်ဦးချင်း၊ စီရင်မှုမှာ မှန်ပေါ်မှာ ဒီလိုပုံစံ ဖြစ်ရမယ်။

**တစ်ဦးချင်း မှန်ပေါ်တွင်**

***(အမည်... ... ...)***

**လာဘ်လာဘ စီးပွားရေး ပစ္စည်းဥစ္စာရတနာ**
**လာဘ်လာဘ စီးပွားရေး ပစ္စည်းဥစ္စာရတနာ**
**လာဘ်လာဘ စီးပွားရေး ပစ္စည်းဥစ္စာရတနာ**

ဒီလိုပုံစံ ရေးပြီးတာနဲ့ မိမိ ညာဘက် လက်သူကြွယ်လက်ကို ရေမွှေးဆွတ်ပြီး မှန်ထိပ်ကို လက်ထောက်ပြီး အမိန့်ပေး ပြောရတယ်။

## လက်ထောက်အမိန့်ပေး ပြောရန်

**ပထမအပတ်**

'ကျွန်ုပ်(...) ယုံကြည်ချသောအား ဖြင့် ကျွန်ုပ်(...)မှန်ပေါ် တည်ရှိသည့် အတွက် ကျွန်ုပ်၏ "**လာဘ်လာဘ**" တို့သည် ကျွန်ုပ်ထံ မှန်မှန်ဝင်လာ ရရှိပါစေသား'

**ဒုတိယအပတ်**

ဒုတိယပတ်မှာ "**စီးပွားရေး**"ဟု "လာဘ်လာဘ"နေရာမှာ အစားထိုး ရွတ်ဆိုရမယ်။

**တတိယအပတ်**

"စီးပွားရေး"နဲ့ "လာဘ်လာဘ" အစား "**ပစ္စည်းဥစ္စာရတနာ**"လို့ ပြောင်းရွတ်ပြီး ပြောင်းရေးရမယ်။

ဒါက တစ်ဦးချင်း လုပ်ဆောင်မှုပါ။ တကယ်လို့ **ဇနီးမောင်နှံ(၂)ဦး လုပ်ဆောင်လိုသူတွေအတွက်** စီရင်စီမံ နည်းပညာလဲ ရှိတယ်။

## ဇနီးမောင်နှံလုပ်ရန် အစီအရင်

ပထမပတ်တွင် ယောက်ျားရဲ့ မွေးနေ့မှာ ယောက်ျားကိုယ်တိုင် မင်နီ၊ မင်နက်၊ ဆေးနီ၊ ဆေးနက်နဲ့ နာမည် ရေးရမယ်။

ညာလက်သူကြွယ်နဲ့ ရေမွှေးဆွတ်ပြီး မှန်အပေါ်ဆုံးနေရာမှာ "အောင်ဗုဒ္ဓေါ အောင်ဓမ္မော၊ အောင်သံဃော" ဆိုပြီး ရေးရမယ်။

အဲဒီအောက်က နာမည်ရေး အောက်မှာ "**လာဘ်လာဘ**" ဆိုပြီး စာ(၃)ကြောင်းရေးရတယ်။ လက်သူကြွယ်လက်နဲ့ မှန်ပေါ် လက်ထောက်လို့ အမိန့်ပေး ပြောဆိုရတယ်။

**လက်ထောက်ပြောဆို အမိန့်ပေး ရန်..**

'ကျွန်ုပ်တို့ ဇနီးမောင်နှံဖြစ်သော ...နှင့်

www.burmeseclassic.com

ယတြာချေသောအားဖြင့် ကျွန်ုပ်တို့ ဇနီး မောင်နှံ မှန်ပေါ်တွင် တည်ရှိသည့်အတွက် ကျွန်ုပ်တို့ ဇနီးမောင်နှံ၏ "လာဘ်လာဘ" တို့ ကျွန်ုပ်တို့ထံ မှန်မှန်ဝင်လာ ရှိပါစေ သား'

ပထမပတ် နမူနာပုံစံ

"အောင်ဗုဒ္ဓေါ၊ အောင်ဓမ္မော၊ အောင်သံဃော"

**ကျားအမည်**…… …… (မောင်/မ/ဦး/ဒေါ်
**မအမည်**…… …… …… မထည့်ရ)

လာဘ်လာဘ
လာဘ်လာဘ
လာဘ်လာဘ

---

ဒုတိယအပတ်

အစီအရင် ပြုလုပ်ရန်

---

ဒုတိယပတ်မှာ ဇနီးရဲ့ မွေးနေ့မှာ ဇနီးကိုယ်တိုင် ညာဘက် လက်သူကြွယ်ကို ရေမွှေးဆွတ်"အောင်ဗုဒ္ဓေါ၊ အောင်ဓမ္မော၊ အောင်သံဃော"ဆိုပြီး မှန်ထိပ်ဆုံးမှာ ရေးပါ။ ပြီးရင် ဇနီး မောင်နှံ နာမည်ရေးပါ။ အောက်မှာ **"စီးပွားရေး၊ စီးပွားရေး၊ စီးပွားရေး"** ဟု စာ(၃)ကြောင်း ရေးပါ။ လက်သူကြွယ်လက်ထိပ်နဲ့ မှန်ပေါ်ထောက် အမိန့်ပေး ပြောဆိုရမယ်။

**အမိန့်ပေး ပြောဆိုရန်မှာ…**

'ကျွန်ုပ်တို့ ဇနီးမောင်နှံဖြစ်သော …နှင့်… ယတြာချေသောအားဖြင့် ကျွန်ုပ်တို့ ဇနီး မောင်နှံ မှန်ပေါ်တွင် တည်ရှိသည့်အတွက် ကျွန်ုပ်တို့ ဇနီးမောင်နှံ၏ "စီးပွားရေး"တို့ ကျွန်ုပ်တို့ထံ မှန်မှန်ဝင်လာ ရှိပါစေသား'

ဒုတိယပတ် နမူနာပုံစံ

"အောင်ဗုဒ္ဓေါ၊ အောင်ဓမ္မော၊ အောင်သံဃော"

**ကျားအမည်**…… …… (မောင်/မ/ဦး/ဒေါ်
**မအမည်**…… …… …… မထည့်ရ)

လာဘ်လာဘ စီးပွားရေး
လာဘ်လာဘ စီးပွားရေး
လာဘ်လာဘ စီးပွားရေး

---

တတိယအပတ်

အစီအရင် ပြုလုပ်ရန်

---

တတိယပတ်မှာ ယောကျ်ားကိုယ်တိုင် ယောကျ်ားမွေးနေ့မှာ အထက်က အတိုင်း စီမံပြုလုပ်ရမယ်။ မှန်ပေါ်မှာ ရေမွှေးနဲ့ **"အောင်ဗုဒ္ဓေါ၊ အောင်ဓမ္မော၊ အောင်သံဃော"**ဆိုပြီး ထိပ်မှာရေး။ ရေမွှေးလက်သူကြွယ်ဆွတ် ရေးရန်။

ဘောလ်ပင် မင်နီ၊ မင်နက်၊ ဆေးနီ၊ ဆေးနက်ဖြင့် ကျား့အမည်၊ မ့အမည် ရေး၊ ပြီးရင် **"ပစ္စည်းဥစ္စာရတနာ"** ဆိုပြီး စာ(၃)ကြောင်းရေးရမယ်။ ရေးပြီးရင် ညာလက်သူကြွယ်နဲ့ မှန်ကို ထောက် အမိန့်ပေး ပြောဆိုရမယ်။

**အမိန့်ပေး ပြောဆိုရန်မှာ…**

'ကျွန်ုပ်တို့ ဇနီးမောင်နှံ…………… ကျွန်ုပ်တို့ ဇနီးမောင်နှံ၏ ပစ္စည်းဥစ္စာရတနာတို့သည် ကျွန်ုပ်တို့ထံ မှန်မှန်ဝင်လာပါစေသား'

ဟု ပြောဆိုအမိန့်ပေးပါ။

ဒီလို ပထမပတ် ယောကျ်ား အစီအရင်ပြုလုပ်၊ ဒုတိယပတ် ဇနီး အစီအရင်ပြုလုပ်၊ တတိယပတ် ယောကျ်ားပြန်အစီအရင်ပြုလုပ်၊ ယောကျ်ားလုပ်တဲ့အခါ သူ့ရဲ့မွေးနေ့ မိန်းမ(ဇနီး)လုပ်တဲ့အခါ သူ့ရဲ့မွေးနေ့ မှာ လုပ်ရပါမယ်။

အဲဒီလို (၃)ပတ် အစီအရင် ပြုလုပ်ပြီးတာနဲ့ ထူးခြားတဲ့ လာဘ်လာဘ၊ စီးပွားရေး၊ ပစ္စည်းဥစ္စာရတနာတွေ မှန်မှန်ဝင်လာပါ့မယ်။

**ရှိတဲ့ တိုးတက်တဲ့ ပစ္စည်းဥစ္စာရတနာနဲ့ လာဘ်လာဘတွေကို (၃)ပုံ (၁)ပုံ (သို့မဟုတ်) (၄)ပုံ (၁)ပုံ အလှူဒါန [illegible]အောင်မှ သာသနာပြုသလို့ [illegible]။ [illegible]ကို ဆုံးဖြတ်ပြီး [illegible] ရပါတယ်။ ဒီလိုရင် စိတ်စွမ်းအင် သိဒ္ဓိဝင် မှန်အစီအရင် ပြီးပြည့်စုံပြီ။**

တတိယပတ် နမူနာပုံစံ

"အောင်ဗုဒ္ဓေါ၊ အောင်ဓမ္မော၊ အောင်သံဃော"

**ကျားအမည်**…… …… (မောင်/မ/ဦး/ဒေါ်
**မအမည်**…… …… …… မထည့်ရ)

လာဘ်လာဘ စီးပွားရေး ပစ္စည်းဥစ္စာရတနာ
လာဘ်လာဘ စီးပွားရေး ပစ္စည်းဥစ္စာရတနာ
လာဘ်လာဘ စီးပွားရေး ပစ္စည်းဥစ္စာရတနာ

▲ **'ဟုတ်ကဲ့ ဆရာ…ရှင်းပါပြီ။ တစ်ခုပဲ [illegible] ကျန်နေပါတယ်။ ရေမွှေးက [illegible]လား။ [illegible] ပါသလား'**

○ 'ရေမွှေး မွှင့်ပိတ်လို့ရတဲ့ ပုလင်းဆို ပိုကောင်းတယ်။ ရေမွှေးကို ဒီဂါထာတွေနဲ့ မန်းရတယ်။

"ဥုံ ပိယံ ဖဟိ၊ လာဘံ ဖဟိ၊ ဓနံ ဖဟိ ဖဟိ ဖဟိ ဥုံ ဖဟိ"

"အောင်ဗုဒ္ဓေါ အောင်ဓမ္မော အောင် သံဃော"

"လာဘံ ဖဟိ-ဓနံ ဖဟိ ဓနံ ဖဟိ-လာဘံ ဖဟိ၊ နာဂေဟ ဗုဒ္ဓိယ-မေ-သိဒ္ဓိ သဗ္ဗ အောင်သိဒ္ဓိ"

ဒီဂါထာတွေနဲ့ (၂၁)ခေါက် ရွတ်ဖတ် ပူဇော်ရပါတယ်'

သို့ပါ၍ အများပြည်သူ (၇)ရက် သားသမီးအပေါင်း လာဘ်လာဘ စီးပွားရေး၊ ပစ္စည်းဥစ္စာရတနာ တိုးပွားကာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ၊ သာသနာပြုလုပ်ဆောင်နိုင်ရန် **စိတ်စွမ်းအင် သိဒ္ဓိဝင် မှန်အစီအရင်ကို** ရေးသားဖော်ပြလိုက်ရပါသည်။

***[ဆရာတိုးအောင်ကို ကျေးဇူးတင်ပါသည်။]***

**ဝေဖြိုးမောင်**

**နက္ခတ္တ ဗေဒင်ပြည့်ဂျာနယ် ၁၈၁**

www.burmeseclassic.com

www.burmeseclassic.com

# ကြက်မောက်ဆူးပျံ

(သို့မဟုတ်) ကျွဲနှာခေါင်းချိတ်

# ရုက္ခမူဆား

## ပြုလုပ်နည်းနှင့် စွမ်းအားသတ္တိများ

မင်းမင်းဟန်
(မော်လမြိုင်)

ရေးမယ် ရေးမယ်လို့ ကြံရွယ်ထား ပေမယ့်လဲ အလုပ်မအားလပ်လို့ မရေး ဖြစ်ခဲ့ပါဘူး။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အဟောင်းတွေ ပြန်ကြည့်မိရင်း ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းပါ မြင့်သိန်း (ထားဝယ်)ရဲ့ **"အစာအဆိပ်ဖြေ ဆေး"**ကို ဖတ်လိုက်ရတော့ ရေးတော့ လို့ တိုက်တွန်းလိုက်သလိုပါပဲ။

ကြက်မောက်ဆူးပျံ (သို့မဟုတ်) ကျွဲနှာခေါင်းချိတ်ပင်သည် လမ်းနံဘေး တွင် အလေ့ကျပေါက်သော အပင်များ ဖြစ်ပါသည်။

အပွင့်မှာ ကြက်မောက်ပွင့်နှင့် ဆင်ဆင်တူသော်လည်း ရင့်လာသည့် အခါ ငှက်တောင်ပံကဲ့သို့ ဆူးများ ကော့ပျံနေသည့်သဏ္ဌာန် ရှိပါသည်။

ကျွဲ၊ နွားများ၏ နှာခေါင်းတွင် အလွယ်တကူ ချိတ်ပါနိုင်သောကြောင့် ကျွဲနှာခေါင်းချိတ်ပင်ဟု ခေါ်ပါသည်။

ကျွဲနှာခေါင်းချိတ်ပင်သည် အလွန် ဆေးဖက်ဝင်သောအပင် ဖြစ်ပါသည်။ ဆေးဘုရင်လည်း ဖြစ်ပါသည်။

လမ်းဘေးတွင် အလေ့ကျပေါက် သော ဆေးဖက်တွင် ကျွဲနှာခေါင်းချိတ် ပင်များ အလဟဿ မဖြစ်တော့ဘဲ မိမိအတွက် မိမိအိမ်သား ရောင်းရင်း များအတွက် အကျိုးရှိစေမည့် ဆေး နည်းကောင်းများကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း ပရိသတ်များ လက်ထဲသို့ လက်ဆင့်ကမ်းလိုက်ချင်ပါရဲ့...

---

### ကျွဲနှာခေါင်းချိတ် (သို့မဟုတ်)
### ကြက်မောက်ဆူးပျံ ရုက္ခမူဆား
### ပြုလုပ်ပုံအဆင့်ဆင့်

---

ကျွဲနှာခေါင်းချိတ်အပင် ပဉ္စငါးပါးကို နေပူပူတွင် ခြောက်သွေ့အောင် လှန်းပါ။

ခြောက်သွေ့ပြီးနောက် အောက်ခံ သံဒယ်အိုးထဲတွင် မီးရှို့ပါ။ အားလုံး ပြာဖြစ်သွားသည်အထိ မီးရှို့ပါ။

ပြာများကို အအေးခံ၍ စဉ့်အိုးထဲသို့ နို့ဆီဘူးဖြင့် ချင်ထည့်ပါ။

ပြာ(၁၂)ပြည်ကို ရေ(၂)ပြည်ဖြင့် စိမ်ထားပါ။(၂-ရက်,၃-ရက်ခန့် စိမ် ထားရန်)

အမှိုက်ကင်း၍ ကြည်လင်သော ပြာရည်ကို ရရန် ရေစစ်ဖြင့် အထပ်ထပ် စစ်ယူရမည်။

ယင်းပြာရည်များကို ရုက္ခမူဆားချက် ရန် စတီးအိုး(သို့မဟုတ်)စတီးခွက် တွင် ထည့်၍ မီးပြင်းပြင်းဖြင့်ကျိုပါ။ **[ကြွေရည်သုတ်ဇလုံဖြင့် သုံးက တစ်ခါသာ အသုံးပြုနိုင်သည်။]**

ကျိုခါစတွင် မီးပြင်းပြင်းဖြင့်ထိုးပါ။ ပြာရည်များ အရည်ပျစ်လာ၍ ခန်းခါနီး တွင် မီးလျှော့ထိုးပါ။ မီးမှျင်းမှျင်းဖြင့် ဆားများကို ခန်းခြောက်ပါစေ။

ဆားခဲများကို အအေးခံ၍ အေးလာ သောအခါ လေလုံလုံ ပုလင်းထဲသို့ ထည့်၍ သိမ်းထားနိုင်ပါသည်။

ရုက္ခမူဆား ဆားချက်လုပ်ပုံ ပြီးပြန် တော့ အသုံးချပုံလေးများလည်း သိထားရန် လိုအပ်ပါသည်။

**ကျွဲနှာခေါင်း ရုက္ခမူဆားသည်**



ကျွဲနှာခေါင်းချိတ်ပင်(သို့မဟုတ်)
ကြက်မောက်ဆူးပျံပင်

အဆိပ်ဖြေဆေးဖြစ်သလို များများ စားမိက အဆိပ်ဖြစ်ပါသည်။ ဆေးကို တန်ဆေးလွန်ဘေး ဆိုသကဲ့သို့ အနာ နှင့်ဆေး သင့်လျော်သလို ချိန်ဆ စားသုံးရန် လိုပါသည်။

ဆေးကောင်းလျှင် သန်းခေါင်ကျ ဆိုရိုးစကား ရှိပါသည်။

ရုက္ခမူဆားကို ရောဂါကောင်း(၂)ဆ



www.burmeseclassic.com

www.burmeseclassic.com

ခန့် တစ်နေ့ (၃)ကြိမ်မှ (၅)ကြိမ်အထိ နေ့စဉ်ပုံမှန်သောက်ပေးပါက အများ တကာ့ အဖျားတကာ့ အဖျားတွင် ဘုရင်ဖြစ်သော ငှက်ဖျားရောဂါကို အမြစ်ပြတ် ပျောက်ကင်းချမ်းသာစေပါ သည်။

အေးသော ဒေသများတွင် ငှက်ဖျား နှင့်အတူ အဖြစ်များသည့် မက် ကလောင်ရောဂါအတွက် အပ်ဖြင့် ဖောက်စရာမလို၊ သွေးခြည်ဥအောင် ခြစ်စရာမလိုဘဲ ဤရက္ခမူဆားကို နေ့စဉ် သောက်ပေးရုံနှင့် ပျောက်ကင်း စေနိုင်ပါသည်။

ချောင်းဆိုးရင်ကျပ် အဆုတ်အအေး ပတ်သူများအတွက် သံပရာရည်နှင့် သောက်ပေးက ပျောက်ကင်းနိုင်ပါ သည်။

သွေးကြောလေကြော ပိတ်၍ ထုံနာကျဉ်နာဖြစ်ပါက လေညှင်းပွင့် ကို ရေစိမ်၍ ဆေးနှင့်သောက်ပါ။ မိဿလင်ဥကိုထုထောင်း၍ သတ္တုရည် နှင့် ဆား၊ ငရုတ်ကောင်း(၂)စေ့ (၃)စေ ခန့်ဖြင့် သောက်ပါ။

သွေးလေချုပ်၍ ကိုက်ခဲကာ အကြောတင်း အကြောတက်သူများ အတွက် ပျားရည်တစ်ဖွန်းတွင် ငရုတ် ကောင်းစေ့(၃)စေ့ခန့် ဖျော်၍သောက် သုံးပါက သွေးကြောလေကြောများ ပွင့်၍ လေတဖြူးဖြူးလည်ကာ ကိုက်ခဲ မှု လျော့ပါးစေပြီး အကြောတက်ခြင်း ကို ပျောက်ကင်းစေပါသည်။

အမျိုးသမီးများ ဓမ္မတာဒုတ်ခြင်း၊ ထိန်းခြင်းနှင့် ဓမ္မတာလာချိန်တွင် ဆီးနာခြင်း၊ ဆီးစပ်ကိုက်ခဲခြင်း၊ သွေးနှင့် ဆေး မကွဲဘဲ သွေးလေများ ပွနေခြင်းတို့ အတွက် ဤဆားကို တစ်နေ့(၂)ကြိမ် အလုပ် ငရုတ်ကောင်း နှစ်စေ့ခန့် စားပေး ခြင်းဖြင့် နင်းနှိပ်စရာမလိုဘဲ ဓမ္မတာ များ ပုံမှန်လာကာ ပုံမှန်လှုပ်ရှား သွားလာနိုင်ပါသည်။

ထိခိုက်ဒဏ်ရာ သွေးထွက်သံယို များအတွက် ဤရက္ခမူဆားကို ထည့် ပေးခြင်းအားဖြင့် အနာရင်းခြင်း၊ ရောင်ရမ်းခြင်း၊ ကိုက်ခဲနာကျင်ခြင်း မရှိဘဲ အမြန်ဆုံး အနာကျက်သည့် မြန်မာ့တိုင်းရင်း (တင်ချာလိမ်းဆေး ဖြစ်ပါသည်။)

လက်ဖက်ကဲ့သို့ စားပြီးလျှင် ဗိုက် အောင့်ခြင်း၊ အစာမကြေခြင်း၊ သွေး ချုပ်ခြင်း၊ အိပ်မပျော်ခြင်း၊ မျက်လုံး ကြောင်သူများအတွက် ဖြေဆေးတစ် လက်အဖြစ် ငရုတ်ကောင်း(၂)စေ့ခန့် စားသုံးပါက လက်ဖက်၏ ဆိုးကျိုးများ ပျောက်ကင်းပြီး လက်ဖက်ကို အရသာရှိရှိ နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲ နိုင်ပါသည်။

အစားမှားခြင်း၊ အစာအဆိပ်ဖြစ် ခြင်း၊ မတည့်သော အစာများကို စားမိပါက ဤဆေးကို ငရုတ်ကောင်း စေ့ (၃)စေ့မှ (၅)စေ့အထိ စားသုံးနိုင် ပါသည်။

**ဝမ်းသွားသူများကို** တစ်နေ့ (၅)ကြိမ် (၇)ကြိမ်ထိ ရောဂါအလိုက် တိုက်နိုင်ပါသည်။

**ဝမ်းချုပ်သူများကို** တိုက်ပါက လေတဖြူးဖြူးလည်ကာ သက်သာ ပျောက်ကင်းစေပါသည်။

ဤဆေးကို အဆိပ်ရှိသော သတ္တဝါ များ ကိုက်ခဲပါက လိမ်းပေးခြင်းဖြင့် အဆိပ်တက်မှုကို ပျောက်ကင်းချမ်းသာ စေနိုင်ပါသည်။

အနာများ၊ အကြိတ်များ ရောင်နေ ပါက ပျားရည်နှင့် ရက္ခမူ ရောစပ်၍ ကပ်ထားပေးခြင်းဖြင့် အနာပိန်လာပေ မည်။

အပြေးသမားများအတွက် ဆေးကို ငုံ၍ ပြေးခြင်းဖြင့် အမောအပန်း ခံနိုင်၍ ခွန်အားကို တိုးစေပြီး သွက်လက် ပေါ့ပါးလျင်မြန် ဖျတ်လတ်စေပါသည်။

လေထိုးလေအောင့် ဗိုက်နာခေါင်းမူး ရောဂါများအတွက် ဆေး(၃)ခွက် အပြင် ဗိုမတိုက်ရဘဲ ပျောက်ကင်း ချမ်းသာစေပါသည်။

မိုးတွင်း, ဆောင်းတွင်း ရေချိုးရန် အလွန်ကြောက်သူများ အလွန်ချမ်း တတ်သူများအတွက် ၊ ရေမချိုးမီ တစ်ကြိမ်၊ ရေချိုးပြီးတစ်ကြိမ် ရေနွေး ဖြင့် သောက်ပေးခြင်းဖြင့် အအေးဒဏ် ကို ကြံ့ကြံ့ခံနိုင်ကြောင်း ဆေးကို လက်တွေ့သုံးစွဲကြည့်ပါက ဆေးက သက်သေခံပါသည်။

ဤဆေးကို နေ့စဉ် စားသုံးက သွေးလေညီညွတ်၍ သွက်သွက် လက်လက် ဖျတ်လတ်ပေါ့ပါးသွားလာ နိုင်သလို လေဖြတ်ထားသူများ စားသုံး ပါက သွေးလေညီညွတ်၍ ပြန်လည် ကျန်းမာလာနိုင်ပါသည်။

ဆီးနီခြင်း၊ ဆီးဝါခြင်း၊ ဆီးနည်းခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးခဏခဏသွား ခြင်း၊ ဆီးတစ်စက်စက်ကျနေခြင်း၊ ဆီးကျောက်တည်ခြင်းများ အတွက် နေ့စဉ် တစ်နေ့(၃)ကြိမ် ရေအေးဖြင့် သောက်သုံးခြင်းအားဖြင့် ဆီးရောဂါ မှန်သမျှကို ကိုယ်တွေ့ပျောက်ကင်းခဲ့ ကြောင်း ရဲရဲကြီး အာမခံပါသည်။

ဤဆေးကို ဖော်စပ်၍ အိမ်တွင် သုံးရန် အမြဲထားစေရန် တိုက်တွန်း လိုက်ရပါသည်။

***အနာမဲ့သူ ရှင်ပါကူကဲ့သို့ ဖြစ်ရပါ လို၏။***

**မင်းမင်းဟန် (*မော်လမြိုင်*)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဧပြီလအတွက်

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂနသိရှိစေရန် အလို့ငှာ စေတနာရှေ့ထားလက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်းကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**ဧပြီလ (၈)**ရက်နေ့ကို တွက်လိုသည်ဆိုပါစို့။ **(၈)**ရက်နေ့၏ စိုးမိုးဂဏန်းမှာ **(၄)**ဟုတွေ့ရပေလိမ့်မည်။ ယင်းမွေးရက် **(၂၃)**နှင့်ပေါင်းလျှင် **(၂၇)**ရ၏။ ယင်း **(၂၇)**ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် **၂ + ၇ = ၉** ရ၏။ ထို့ကြောင့်ထိုသူအတွက်**ဧပြီလ(၈)**ရက်နေ့တွင် **(၉) ဂဏန်းကြီးစိုးနေ၏။**

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် ၄၊ ၈၊ ၆ ဂဏန်းရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ ၃၊ ၅ ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂၊ ၇၊ ၉ ဂဏန်းရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ပြုလျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောက်အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု ကောင်း... ပြည့်ပါစေ။***

**သုခစုစ်(ကျွန်းလတ်)**

**❖ ၂၀၁၇ ခုနှစ်၊ ဧပြီလ ❖**

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| 30 ၈ | | | | | | 1 ၆ |
| 2 ၇ | 3 ၈ | 4 ၉ | 5 ၁ | 6 ၂ | 7 ၃ | 8 ၄ |
| 9 ၅ | 10 ၆ | 11 ၇ | 12 ၈ | 13 ၉ | 14 ၁ | 15 ၂ |
| 16 ၃ | 17 ၄ | 18 ၅ | 19 ၆ | 20 ၇ | 21 ၈ | 22 ၉ |
| 23 ၁ | 24 ၂ | 25 ၃ | 26 ၄ | 27 ၅ | 28 ၆ | 29 ၇ |



www.burmeseclassic.com

www.burmeseclassic.com

ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ၏

# မိတ်ဓာတ်(၄)ပါးကျင့်စဉ် (၂)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

ဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ၏ မိတ်ဓာတ်(၄)ပါး ကျင့်စဉ်တော်(၁)တွင် **ဥသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ ပုတီးဖြင့်** ကျင့်စဉ်တို့ကို ရှေ့ဆောင်ထား၍ ဖော်ပြပြီးဖြစ်သောကြောင့် ထိုကျင့်စဉ်တော်ကို အားထုတ်ပြီးခဲ့သူများအတွက် အထူးရည်ရွယ်၍ ရေးသားရခြင်း ဖြစ်ပါ၏။

ကျင့်စဉ်(၁)ကို အဓိဋ္ဌာန်ဝင် အားမထုတ်ခဲ့သူများ အတွက်လည်း အဓိဋ္ဌာန်ဝင် အားထုတ်နိုင်ပါသည်။

သရဏဂုံ(၃)ပါးနှင့်တကွ ငါးပါးသော သီလကို မြဲမြဲစွဲစွဲ ခံယူထားသော ပုဂ္ဂိုလ်များ၊ သူတော်ကောင်းများ အတွက် အထူးအကျိုးပြုသော ကျင့်စဉ် ဖြစ်ပါသည်။

မိတ်ဓာတ်(၄)ပါး ကျင့်စဉ်(၁)ဖြင့် အာရုံထူးခြားချက် ရရှိလျှင်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ယခုကျင့်စဉ်ကို ဆက်လက် အဓိဋ္ဌာန်တင် အားထုတ်သင့်ပါ၏။ အာရုံထူးခြားခြင်း ရှိခဲ့ပါလျှင် ပိုမို၍ ထက်မြက်စေပါလိမ့်မည်။

တက္ကသိုလ်ကြီး၌ ပထမနှစ်အောင်မြင်ပါက ဒုတိယနှစ်ကို ဆက်လက်ကြိုးစားရမည်သည်။ မလွဲမသွေပင် အောင်မြင်မှုပန်းတိုင်သို့ ဝင့်ကြွားစွာ ရောက်ရှိပေလိမ့်မည်။

ဆက်လက် မကြိုးစားလျှင်တော့ "ဇော်ကန့်လန့်" ဖြစ်သွားပေတော့မည်။ အမြင့်သဘင် ရွှေဘိုတင်မောင်၏



ရုပ်သေးပွဲတစ်ခုတွင် "ဇော်ဂျီ" အခန်း၌ ကြိုးဆွဲဆရာက ဇော်ရုပ်ကို ကြိုးဆွဲပြီး လိုက်ကာပေါ်မှ လွှားခနဲ ချလိုက်လေ၏။

ဇော်ရုပ်မှာ ကြိုးတစ်ပင်ပြုတ်၍ တောင်ဝှေး မထမ်းနိုင်ဘဲ စူပါမင်းလို အလျားလိုက် လေတွင်ဝဲနေရာ မတ်ရပ်လည်းမဟုတ်၊ ဇောက်ထိုးလည်း မဟုတ် ဖြစ်နေသောကြောင့် ကြိုးဆွဲဆရာက လုပစ္စာ လဟာပြင်တွင် ဝဲပျံစေ၍ သိမ်းဆည်းပြီး အခြားသော တောရုပ်ဖြင့် အစားထိုးရလေ၏။

ရွှေဘိုတင်မောင်က **"အဲဒါပေါ့ ကိုရင်ရဲ့...ဇော်ကန့်လန့်ဆိုတာ ဘာမှ မကောင်းဘူး၊ အထက်မရောက်၊ အောက်မရောက် မှောက်ခုံကြီး"**ဟု ဆိုခဲ့ဖူးလေသည်။

လှေကားတစ်ထစ် တက်ပြီးမှတော့ ငုတ်မိထက်တိုင် တက်နိုင်ဖျားရောက်အောင် ဓာတ်ပေါက်ဖို့ ကြိုးကုတ် အားထုတ်စေချင်ပါ၏။

---

ဒေါင်ပမိတ်ဓာတ်

---

အဓိဋ္ဌာန်ဝင်ပါက မင်္ဂလာရှိသော တနင်္ဂနွေနေ့ကို ရွေးချယ်ပါ။ အမြိတ္တစုတ်၊ ရက်ရာဇာနှင့် ကြုံဆုံသော ရက်မြတ်ကို စတင်ပါ။

**အောင်မြေလောက၊ အောင်မြေရွှေဘုံ၊ အောင်ချမ်းသာ** အစရှိသည့် အောက်ဓာတ်ပါသော သမိုင်းဝင် စေတီတော်များကို ရွေးချယ်ပါ။ မိမိတို့ အရပ်ဒေသဖြင့် မရှိပါလျှင် ရှေးဟောင်းတန်ခိုးကြီး သက်တော်ရှည် စေတီတော်၏ **"တနင်္ဂနွေထောင့်"**ကို ဧ ဘင်နိုင်ပါ၏။

နံနက် (၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း မိမိ စတင်အားထုတ်မည့် တနင်္ဂနွေထောင့်တွင် အောင်ခြင်းရှစ်ပါးဂါထာတော် အဆက်မပြတ်ရွတ်ဖတ်၍ သန့်ရှင်းရေးကုသိုလ်ပြုပါ။

အားထုတ်ရာ အဆင်သင့် ဖြစ်ပါက နေရာယူ၍ ပေါက်ပေါက် ကြဲဖြန့်ထားပါ။

တနင်္ဂနွေဂြိုဟ်မင်းကြီး၊ ဆရာအရှင်ပုဂ္ဂိုလ်များ၊ စေတီတော် အစောင့်အရှောက်များ၊ မိမိယုံကြည်လေးစားအားကိုးသော နတ်ပုဂ္ဂိုလ်၊ ဝိဇ္ဇာပုဂ္ဂိုလ်နှင့် မြို့တော်ရှင်တို့အား ပင့်ဖိတ်ပါ။

မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များ ဆက်ကပ် လှူဒါန်းပါ။

❖ တနင်္ဂနွေဂြိုဟ်မင်းကြီးအား အုန်း(၆)ညွန့်

F.24A. April, 2017.

www.burmeseclassic.com

❖ ကြာသပတေးဂြိုဟ်မင်းကြီးအား ငှက်ပျောသီးဖီး ယေမြို့ ပန်း(၁၉)ပွင့်

စုပေါင်း၍ အလှူဒါနပြုပါ။

***(အုန်းပန်း ရရှိပါက အုန်းပန်းတစ်ခိုင်ကို တနင်္ဂနွေနှင့်ကြာသပတေး ဂြိုဟ်မင်းတို့အား ရည်ရွယ်အပ်နှံ လှူဒါန်းနိုင်လေသည်။)***

စတင်၍ အဓိဋ္ဌာန်တင်နိုင်ပါပြီ။

**"မိမိ၏ ရှေ့တွင် ရေသန့်တစ်ဘူးကို ဖွင့်၍ ရေစင်အဖြစ်ထားရှိပါ"** အဓိဋ္ဌာန်တင်ပုံမှာ...

'တပည့်တော် ...နေ့သားသည်၊ ယနေ့ကို အစထား၍ ယခုနေရာ တနင်္ဂနွေထောင့်တွင် တစ်ရက်လျှင် ပုတီး(၂၇)ပတ်၊ (၂၇)ရက်တိုင်အောင် အားထုတ်ပါမည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အပေါင်းတို့အား ဒါနပြု၍ အသိပေးပါ၏။

တပည့်တော်အား အောင်မြင်စွာ အားထုတ်နိုင်ပါက အောင်ပတာတ်၏ အကျိုးကို ရရှိရပါစေသား'

အဓိဋ္ဌာန်တင်ပြီးပါက **"မေတ္တသုတ်"** (၇)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

စိတ်မငြိမ်သက်ပါလျှင် သမာဓိအား မွေးလိုက်ပါ။

**ပုတီးစိပ်ရန်ဂါထာ**

'ဩဘာင်း အရဟံ ဂုဏ နာထော'

တစ်ခေါက်ရွက် ပုတီးတစ်စေ့ချ၍ ပုတီး(၂၇)ပတ် စိပ်ပါ။ ပြီးစီးအောင်မြင်ပါလျှင် မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း၊ စရဏာအဖို့၊ ဒါနအဖို့တို့ကို အမျှဝေပါ။ လိုအပ်ရာ ဆုတစ်ဆုတောင်းပါ။

ယနေ့အတွက် အဓိဋ္ဌာန်မပျက်ကြောင်း သစ္စာဆိုပါ။ ရေစင်တော်ကို သောက်ပါ။ ပုဂ္ဂိုလ်အပေါင်းတို့အား ရှိသေစွာ ပြန်ပို့ပါ။

ကျင့်စဉ်တော်မှာ စာစကားအရသာ များပြားသည် ထင်ရသော်လည်း မိနစ်(၃၀)အတွင်း အချိန်တိုအတွင်း ပြီးစီးပါသည်။

<u>အောင်ခြင်းရှစ်ပါး ဂါထာတော်</u>

မာရံ ယက္ခံ ဂဇံ စောရံ၊
စိဥ္စမာဏဥ္စ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ
ယောတု မေ ဇယမင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

**ယက္ခံ** = ယက်ခံ
**စိဥ္စမာဏဥ္စ** = စိန်စမာနင်စ
**သစ္စကံ** = သစ်စကံ
**မင်္ဂလံ** = မင်ဂလံ

**အနက်**

**ဇိနော–** မြတ်စွာဘုရားသည်၊ **မာရံ–** မာရ်နတ်သားကို လည်းကောင်း၊ **ယက္ခံ–** အာဠာဝကဘီလူးကို လည်းကောင်း၊ **ဂဇံ–** နာဠာဂီရိ ဆင်ပြောင်ကြီးကို လည်းကောင်း၊ **စောရံ–** အင်္ဂုလိမာလ ခိုးသူကို လည်းကောင်း၊ **စိဥ္စမာဏဥ္စ–** စိဉ္စမာန မိန်းမယုတ်ကို လည်းကောင်း၊ **သစ္စကံ–** သစ္စက ပရိဗိုဇ်ကို လည်းကောင်း၊ **နာဂံ–** နန္ဒောပနန္ဒနဂါးမင်းကို လည်းကောင်း၊ **ဗကံ–** ဗကဗြဟ္မာကို လည်းကောင်း၊ **ဇိနိ–** အောင်တော်မူလေပြီ၊ **မေ–** အကျွန်ုပ်အား၊ **ဇယမင်္ဂလံ–** အောင်ခြင်းမင်္ဂလာသည်၊ **ယောတု–** ဖြစ်ပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအဃ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [မျှာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက – ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

သန့်ရှင်းရေးကုသိုလ်၊ လုပ်အားဒါနကုသိုလ် ပြုလုပ်နေစဉ် အဆက်မပြတ်ရွတ်ဆိုနိုင်ရန်အတွက် အလွတ်မရပါက ကျက်မှတ်ရွတ်ဆိုဖို့ လိုအပ်ပါသည်၊ လွန်စွာရွတ်ဆို၍ လွယ်ကူလှသော ဂါထာတော် ဖြစ်ပါသည်။

တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်(၂၇)ရက်စေ့ပါက နောက်တစ်နေ့ နံနက်တွင် **ကုလားမိတ်ခာတ်ကို** တစ်ဆက်တည်း အားထုတ်ရပါမည်။ ထိုနေ့မှာ **"စနေနေ့"** ဖြစ်ပါသည်။

---

ကုလားမိတ်ခာတ်

---

စနေနေ့ နံနက်(၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း။

စေတီတော်၏ အရှေ့ဘက် **တနင်္လာအရပ်တွင်** အောင်ခြင်းရှစ်ပါး ဂါထာတော် အဆက်မပြတ် ရွတ်ဖတ်၍ သန့်ရှင်းရေး ကုသိုလ်ပြုပါ။

အားထုတ်ရာ အဆင်သင့်ဖြစ်ပါက နေရာယူ၍ ပေါက်ပေါက်ကြဲဖြန့်ထားပါ။

တနင်္လာဂြိုဟ်မင်းကြီး၊ ဗုဒ္ဓဟူးဂြိုဟ်မင်းကြီး ဆရာအရှင်များ၊ စေတီတော် အစောင့်အရှောက်များ၊ မိမိလေးစားယုံကြည်အားကိုးသော ဝိဇ္ဇာပုဂ္ဂိုလ်၊ နတ်ပုဂ္ဂိုလ်နှင့် မြို့တော်ရှင်တို့အား ပင့်ဖိတ်ပါ။

မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များ ဆက်ကပ် လှူဒါန်းပါ။

▲ **တနင်္လာဂြိုဟ်မင်းကြီးအား ကွမ်းတော် ညွှန့်(၁၅)ညွှန့်၊**

▲ **ဗုဒ္ဓဟူးဂြိုဟ်မင်းကြီးအား ဓားညွှန့်(၁၇) ညွှန့်**

တို့ကို စုစည်း၍ အလှူဒါနပြုပါ။ မိမိ၏ရှေ့တွင် **ရေသန့်တစ်ဘူးကို ဖွင့်၍** ရေစင်အဖြစ်ထားရှိပါ။ **အဓိဋ္ဌာန်တင်ပါ။**

'တပည့်တော် ...နေ့သားသည် ယနေ့ကို အစထား၍ ယခုနေရာ တနင်္လာအရပ်တွင် တစ်ရက်လျှင် ပုတီး(၂၇)ပတ်၊ (၂၇)ရက်တိုင်





www.burmeseclassic.com

www.burmeseclassic.com

အောင် အားထုတ်ပါမည်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အပေါင်းတို့အား ဒါနပြု၍ အသိပေးပါ၏။

တပည့်တော်အား အောင်မြင်စွာ အားထုတ်နိုင်ပါက "ကုလားမိတ်ဓာတ်"၏ အကျိုးကို ရရှိရပါစေသား'

အဓိဋ္ဌာန်ပြုပြီးပါက "မေတ္တာသုတ်" (၇)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

စိတ်မငြိမ်မသက်ပါလျှင် သမာဓိအားမွေးလိုက်ပါ။

**ပုတီးစိပ်ဂါထာ**

'ပြောင်း အရဟံ ဂုဏ နာထော'

တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၊ (၂၇)ပတ်စိပ်ပါ။ ပြီးစီးအောင်မြင်လျှင် မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း၊ စရဏအဖို့၊ ကုသိုလ်ဒါနအဖို့တို့ကို အမျှဝေပါ။ လိုအပ်ရာ ဆုတစ်ဆုတောင်းပါ။

ယနေ့အတွက် အဓိဋ္ဌာန်မပျက်ကြောင်း သစ္စာဆိုပါ။

ရေစင်တော်ကို သောက်ပါ။

ပင့်ဖိတ်ထားသော ပုဂ္ဂိုလ်များကို ရိုသေစွာပြန်ပို့ပါ။

တနင်္လာအရပ်တွင် အဓိဋ္ဌာန်(၂၇) ရက် စေ့ရောက်ပါက **"ကုလားဓာတ်"** ပြီးစီးပြီဖြစ်၍ နောက်နေ့နံနက် **သောကြာနေ့**တွင် **"ဆွေသားမိတ်"** ဓာတ်ကို တစ်ဆက်တည်းအားထုတ်ရန် အဆင်သင့်ဖြစ်လေပြီ။

## ဆွေသားမိတ်ဓာတ်

သောကြာနေ့ နံနက် (၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း စေတီတော်၏ အရှေ့တောင်ထောင့် အင်္ဂါအရပ်တွင် နေရာယူရမည်။

အင်္ဂါထောင့်တွင် **"အောင်ခြင်းရှစ်ပါးဂါထာတော်"** အဆက်မပြတ် ရွတ်ဖတ်၍ သန့်ရှင်းရေးကုသိုလ် ပြုပါ။



အားထုတ်ရန်နေရာ အဆင်သင့် ဖြစ်ပါက နေရာယူ၍ ပေါက်ပေါက်ကြဲ ဖြန့်ပါ။ မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင် ဆက်ကပ်လှူဒါန်းပူဇော်ပါ။ အင်္ဂါဂြိုဟ်မင်းကြီး၊ သောကြာဂြိုဟ်မင်းကြီးတို့အား ပင့်ဖိတ်ပါ။

▲**ဖှန်းညှက်. (၈)ညှက်.**

▲**သီးညှက်. (၂)ညှက်**

တို့ကို စုစည်း၍ လှူဒါန်းပါ။

ဆရာအရှင်များ၊ စေတီတော် အစောင့်အရှောက်များ မိမိလေးစား ယုံကြည် အားကိုးသော ဝိဇ္ဇာပုဂ္ဂိုလ်၊ နတ်ပုဂ္ဂိုလ်များနှင့် မြို့တော်ရှင်တို့အား ပင့်ဖိတ်ပါ။

မိမိရှေ့တွင် **"ရေသန့်တစ်ဘူး"**ကို ဖွင့်၍ ရေစင်အဖြစ် ထားရှိပါ။

**အဓိဋ္ဌာန်တင်ပါ**

'တပည့်တော် ...နေ့သားသည် ယနေ့ကို အစထား၍ ယခုနေရာအရပ်တွင် တစ်ရက်လျှင် ပုတီး(၂၇)ပတ်၊ (၂၇)ရက်တိုင်တိုင် အားထုတ်ပါမည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အပေါင်းတို့အား ဒါနပြု၍ အသိပေးပါ၏။

တပည့်တော်အား အောင်မြင်စွာ အားထုတ်နိုင်ပါက "ဆွေသားမိတ်ဓာတ်" ၏ အကျိုးကို ရရှိပါစေသား'

အဓိဋ္ဌာန်ပြုပြီးပါက **"မေတ္တာသုတ်"** (၇)ခေါက် ရွတ်ဖတ်ပူဇော်ပါ။ စိတ်ငြိမ်သက်အောင် သမာဓိအား ရှိနေရပါမည်။

**ပုတီးစိပ်ဂါထာ**

'ပြောင်း အရဟံ ဂုဏ နာထော'

တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ ပုတီး(၂၇)ပတ် စိပ်ပါ။ ပြီးစီးအောင်မြင်တိုင်း မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း၊ စရဏအဖို့၊ ကုသိုလ်ဒါနအဖို့ကို အမျှပေးဝေပါ။ လိုအပ်ရာ ဆုတစ်ဆုတောင်းပါ။

ယနေ့အတွက် အဓိဋ္ဌာန်မပျက်ကြောင်း သစ္စာပြုပါ။ ရေစင်တော်ကို သောက်ပါ။ ပင့်ဖိတ်ထားအပ်သော ပုဂ္ဂိုလ်တို့အား ရိုသေစွာ ပြန်ပို့ပါ။

ဤသို့အားဖြင့် အင်္ဂါထောင့်တွင် အဓိဋ္ဌာန်(၂၇)ရက် စေ့ပါက **"ဆွေသားမိတ်"**ဓာတ်ကြီး ပြီးစီးလေပြီ။ ဗုဒ္ဓဟူးနေ့တွင် ပြီးမြောက်သောကြောင့် ကြာသပတေးနေ့ နံနက်တွင်တော့ **"တော်ရင်းမိတ်ဓာတ်"** အတွက် အဆင်သင့် ဖြစ်နေလေတော့၏။

## တော်ရင်းမိတ်ဓာတ်

ကြာသပတေးနေ့ နံနက် (၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း စေတီတော်၏ အနောက်တောင်ဘက် စနေထောင့်တွင် **"အောင်ခြင်းရှစ်ပါးဂါထာတော်"** အဆက်မပြတ် ရွတ်ဖတ်၍ သန့်ရှင်းရေးကုသိုလ် ပြုပါ။

အားထုတ်ရန်နေရာ အဆင်သင့် ဖြစ်ပါက နေရာယူ၍ ပေါက်ပေါက်ကြဲ ဖြန့်ပါ။ မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင် ဆက်ကပ်လှူဒါန်းပူဇော်ပါ။ စနေဂြိုဟ်မင်းကြီး၊ ရာဟုဂြိုဟ်မင်းကြီးတို့အား

www.burmeseclassic.com

ပင့်ဖိတ်ပါ။

▲ **စနေဂြိုဟ်မင်းကြီးအတွက် နှင်းပန်း (၁၀)ညှာ၊**

▲ **ရာဟုဂြိုဟ်မင်းကြီးအတွက် အသရာ ညှာ(၁၂)ညှာ၊**

တို့ကို ပေါင်းစည်း၍ လှူဒါန်းပူဇော်ရပါမည်။

ဆရာအရှင်များ၊ စေတီတော် အစောင့်အရှောက်များ၊ မိမိလေးစား ယုံကြည်အားကိုးသော ဝိဇ္ဇာပုဂ္ဂိုလ်၊ နတ်ပုဂ္ဂိုလ်များနှင့် မြို့တော်ရှင်တို့အား ပင့်ဖိတ်ပါ။

မိမိရှေ့တွင် "**ရေသန့်တစ်ဘူး**"ကို ဖွင့်၍ ရေစင်အဖြစ် ထားရှိပါ။

**အဓိဋ္ဌာန်တင်ပါ**

'တပည့်တော် ... နေ့သားသည် ယနေ့ကို အစထား၍ ယခုနေရာအရပ်တွင် တစ်ရက်လျှင် ပုတီး(၂၇)ပတ်၊ (၂၇)ရက်တိုင်တိုင် အားထုတ်ပါမည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အပေါင်းတို့အား ဒိနှပြု၍ အသိပေးပါ၏။

တပည့်တော်အား အောင်မြင်စွာ အားထုတ်နိုင်ပါလျှင် "တော်ရင်းမိတ်ဓာတ်"၏ အကျိုးကို ရရှိပါစေသား'

အဓိဋ္ဌာန်ပြုပြီးပါက "**မေတ္တာသုတ်**" (၇)ခေါက် ရွတ်ဖတ်ပူဇော်ပါ။ စိတ်ငြိမ်သက်အောင် သမာဓိအားပြုပါ။

**ပုတီးစိပ်ဂါထာ**

'ဩသြာင်း အရှာံ ဂုဓမ နာသော'

တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ ပုတီး(၂၇)ပတ် (၂၇)ရက် စိပ်ရပါမည်။

ပြီးစီးအောင်မြင်ပါက မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း၊ စရဏအဖို့၊ ကုသိုလ် ဒါနအဖို့ကို အမျှပေးဝေပါ။ လိုအပ်ရာ ဆုတစ်ဆု တောင်းပါ။

ယနေ့အတွက် အဓိဋ္ဌာန်မပျက်ကြောင်း သစ္စာပြုပါ။ ရေစင်တော်ကို သောက်ပါ။

ပင့်ဖိတ်ထားအပ်သော နတ်မင်းကြီးများ၊ ဆရာအရှင်များ၊ ပုဂ္ဂိုလ်များကို ရှိသေစွာ ပြန်ပို့ပါ။

ဤသို့အားဖြင့် **စနေထောင့် အရပ်ဌာနတွင်** (၂၇)ရက် ပြည့်မြောက်ပါက **မိတ်ဓာတ်လေးပါး(၂)** ကျင့်စဉ်တော်ကြီးလည်း ပြီးမြောက်အောင်မြင်လေတော့သည်။

---

မှတ်သားရန်

---

၁။ ကျင့်စဉ်တော် မှန်သမျှသည် ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃဂုဏ်၊ ဆရာအရှင်တို့၏ ဂုဏ်တို့ဖြင့် ထုံမွမ်းထားခြင်းကြောင့် သရဏဂုံ မပျက်အောင် လုံ့လပြုရပါမည်။

၂။ ငါးပါးသော သီလတော်မြတ်ကို အဓိဋ္ဌာန်ပြုထားသော (၁၀၈)ရက်အတွင်း၌ မြဲမြံထားဖို့အတွက် သစ္စာပြုထားပါက ပိုမို၍ တောက်ပလာပါလိမ့်မည်။

အဓိဋ္ဌာန်တင် အားထုတ်ကြသော ပါရမီရှင်၊ သူတော်ကောင်းတို့အတွက် ယခု ကျင့်စဉ်တော်ကြောင့် ရက်ပေါင်း (၁၀၈)ရက် ကာလအတွင်း သီလ၏ အကျိုး၊ ကုသိုလ်ဒါန၏အကျိုး၊ မေတ္တာ အကျိုး၊ စရဏ၏အကျိုးတို့ကို ကြိမ်ဖန်များစွာ ရရှိနိုင်ကြလေ၏။

တနင်္ဂနွေဂြိုဟ်ထောင့်တွင် တစ်ရက်လျှင် **ပုတီး (၂၇)ပတ်၊ (၂၇)ရက်** စိပ်ရခြင်းကြောင့် ပုတီးပတ်ပေါင်း **(၇၂၉)ပတ်** စိပ်၍ ပူဇော်ပြီးလေပြီ။

ထို့အတူ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တိုင်တို့တွင် (၂၇)ပတ်၊ (၂၇)ရက်စီ အားထုတ်ခဲ့သောကြောင့်...

| | | |
|---|---|---|
| **ပုတီးပတ်ပေါင်း** | = | **၂၉၁၆ ပတ်** |
| **သရဏဂုံတည်မှု** | = | **၁၀၈ ကြိမ်** |
| **သီလခံယူမှု** | = | **၁၀၈ ကြိမ်** |
| **ကုသိုလ်ဒါနအမှု** | = | **၁၀၈ ကြိမ်** |
| **မေတ္တာသပေဝေမှု** | = | **၁၀၈ ကြိမ်** |
| **မေတ္တာသုတ် ရွတ်ဆိုမှု** | = | **၇၅၆ ကြိမ်** |
| **ကာယဒါန** | = | **၁၀၈ ကြိမ်** |

စုစုပေါင်း **(၄၂၁၂)ကြိမ်**တိုင်အောင် (၁၀၈)ရက်အတွင်း သီလအမှု၊ ဒါနအမှု၊ စရဏအမှုတို့ကို အောင်မြင်စွာ အားထုတ်နိုင်ခဲ့လေပြီ။

- ကာယအားဖြင့် ပြုကျင့်သောအလှူ၊
- စိတ်မနောအားဖြင့် ပြုကျင့်သောအလှူ၊
- မေတ္တာအားဖြင့် ပြုကျင့်သောအလှူ၊

ထိုအလှူကြီးများကို သူမတူအောင် လုပ်ဆောင်ခဲ့ခြင်းလည်း ဖြစ်လေသည်။

ဤကျင့်စဉ်တော်၏ အကျိုးကြောင့် မိမိ မမျှော်မှန်းခဲ့သော အဓိဋ္ဌာန်ပါရမီ၊ သီလပါရမီ၊ ဒါနပါရမီ၊ သစ္စာပါရမီ၊ မေတ္တာပါရမီ၊ ဝီရိယပါရမီနှင့် ခန္တီပါရမီတို့ကို ဖြည့်ဆည်းပြီး ဖြစ်နေလေတော့သည်။

**အောင်ပဓာတ်မိတ်အားဖြင့်** အကြီးအမှူးဖြစ်ရခြင်း၊ အခြွေအရံပေါများခြင်း၊ နွေးထွေးစွာနေနိုင်ခြင်း၊ မိတ်ကောင်း ဆွေကောင်းများနှင့် နေထိုင်ရခြင်း၊ အမျိုးအဆွေတို့အား အထောက်အပံ့ပေးနိုင်ကြလေသည်။

**ကုလားဓာတ်မိတ်ဖြင့်** လုံခြုံအေးချမ်းစွာနေရခြင်း၊ မိခင်နှင့်တူသော နတ်တို့မှ စောင့်ရှောက်ခြင်း၊ ပစ္စည်းဥစ္စာ ရတနာများ တည်မြဲခြင်း၊ သောက်ရေ သုံးရေ မခက်ခဲခြင်း၊ ကျန်းမာစွာ နေထိုင်နိုင်ကြလေသည်။

**ဆွေသားဓာတ်မိတ်ကြောင့်** စိတ်ဆင်းရဲခြင်းမှ ကင်းဝေးစေ၏။ အများသူငါတို့မှ ဆရာတစ်ဆူအဖြစ် အတိုင်ပင်ခံရနိုင်၏။ လေကောင်းလေသန့်ကို ရှူရှိုက်ရသကဲ့သို့ လန်းဆန်းရွှင်လန်းခြင်း ဖြစ်စေနိုင်လေ၏။ ထို့မှတစ်ပါး ရေမြေ ကောင်းမွန်သော နေရာဌာန၌ အနားယူနေ ထိုင်ရတတ်လေသည်။

**တော်ရင်းဓာတ်မိတ်ကြောင့်** ပရ



www.burmeseclassic.com

www.burmeseclassic.com

ဟိတလုပ်ငန်းများကို ဦးဆောင်စီမံဆောင်ရွက်နိုင်ခြင်း၊ ပေါင်းစည်းမှုမရှိသော၊ ခက်ခဲသော လူပရိသတ်တို့အား ငြိမ်းချမ်းစွာ လက်တွဲစေနိုင်ခြင်း။ ရာသီဥတုတို့၏ လွန်ကဲဖောက်ပြန်သော အန္တရာယ်တို့မှ ခံနိုင်ရည် ပြည့်ဝခြင်း...

ကြိုဟ်ဆိုး ကြမ္မာဆိုးတို့၏ ဘေးမှ အေးချမ်းစေနိုင်သော ဂုဏ်သတ္တိ ရှိပါကြောင်း ဒီပဲယင်းဆရာတော်ကြီးက ညွှဝါဒအထူး မိန့်မြွက်ခဲ့ပါသည်။

ယခုဖော်ပြပါ မိတ်ခာတ်လေးပါး(၂) ကျင့်စဉ်တော် အားထုတ်ရာတွင် "အင်းပညာ"ဖြင့် တွဲဖက်အားထုတ်လိုပါက အောက်ပါအင်းတော်ကြီးကို **"အင်းစည်းကမ်း"** မချို့ယွင်းစေဘဲ (၁၀၈)ရက်အတွင်း အမိဋ္ဌာန်ဖြင့် တစ်ရက် တစ်အင်း သောက်မျိုခြင်းဖြင့် လိုရာဆန္ဒများ အောင်မြင်နိုင်ကြပါ၏။

ဒီပဲယင်းဆရာတော်ကြီး၏ တပည့်ရင်းများဖြစ်သော ရှင်သီရိနှင့် ကိုခင်မော်တို့မှာ ဤကျင့်စဉ်တော်ကို အင်းသောက်မျိုခြင်းဖြင့် ပေါက်မြောက်အောင်မြင်သွားကြသူများ ဖြစ်ပါသည်။

ကျွန်ုပ်၏ ကျောင်းနေဖက်လည်းဖြစ်၍ စာပေညီအစ်ကို ဖြစ်ခဲ့သော **"ဆရာကြီးဦးရွှေမြတ်"(စစ်ကိုင်း)**မှာ မိတ်ခာတ်လေးပါးကျင့်စဉ်တော် အစမှ အဆုံးတိုင် ပြီးမြောက်အောင်မြင်ခဲ့ပြီးနောက် ဂန္ဓာရီခရီးကို ငွေကြေးအသပြာ မဆောင်ဘဲ ခြေကျင်ထွက်နိုင်ခဲ့ဖူးလေသည်။

ကျွန်ုပ်၏ သူငယ်ချင်းများမှာ အောင်မြင်စွာ ပြီးမြောက်ပြီးမှ သံသရာတစ်ဖက်ကမ်းသို့ ကူးရောက်သွားကြလေပြီ။

* * * ⟶

မိတ်ခာတ်လေးပါး(၂) ကျင့်စဉ်တော် စတင်အားထုတ်ချိန်မှစ၍ (၁၀၈) ရက်စေ့အောင် တစ်ရက် တစ်အင်း စီရင်သောက်မျိုပါ။

**အင်းဆန်မှာ "ကြောင်း အရဟံ ဂုဓမ နာထော"**ကို **မြင်းသွားရေးသွင်းပါ။**

**အင်းအရန်မှာ** "အောင်ပ၊ ကုလား၊ ခွေသား၊ ဇော်ရင်း"ကို အင်းဂဏန်းဖြင့် ရံထားပါသည်။

အလယ်ဗဟိုချက်တွင် မိမိနံသွင်းပါ။

***အဝေရာ ဘေးမဲ့ အေးမြချမ်းသာကြပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

မိတ်ခာတ်(၄)ပါး အင်းတော်

| | | | | |
|---|---|---|---|---|
| 79 | 15 | 26 | 18 | 79 |
| 18 | ကြောင်း | ဟံ | နာ | 15 |
| 26 | ဓမ | နံ | အ | 26 |
| 15 | ရ | ထော | ဂု | 18 |
| 79 | 18 | 26 | 15 | 79 |

စာမျက်နှာ (၁၉၀)မှ အဆက်

**အဆင်ကာရ တတိယအဆင်အထိ ဖြောင့်ဖြောင့်တန်းတန်း တက်သွားတော တတိယအဆင်ရဲ့ တစ်သားတည်း ဖြစ်နေတာကို တွေ့ကြရပါတယ်။**

ပိုပြီး ထူးထူးခြားခြား ဖြစ်နေတာက ပထမအဆစ်ရင်းက ဖြစ်ပေါ်လာတဲ့ ယိုဒယားပန်းလိမ်သဏ္ဍာန် နွယ်ပင်လေး တစ်ပင်ကနေ ဒုတိယ အလယ်ဆစ်ကို ဖောက်ထွက်ပြီး တတိယအဖျားပိုင်း အထက်ဆစ်ကို ဖြောင့်ဖြောင့်တန်းတန်း တက်သွားရမှာတော့ နွယ်ပင်တစ်ပင်တည်း မဟုတ်တော့ဘဲ သုံးပင်ဖြစ်သွားတာကို တွေ့ကြရပါတယ်။

ဒီလို ထူးထူးခြားခြား ဖြစ်ပေါ်နေတဲ့ ဝါးမျိုးကိုတော့ တစ်သက်နဲ့တစ်ကိုယ် မတွေ့ဘူးတာကတော့ အမှန်ပါပဲ။ ဘယ်လိုကြောင့် ဒီလို ထူးထူးခြားခြား ဖြစ်ရတယ်၊ ဘယ်လို အစွမ်းသတ္တိမျိုးတွေ ရှိမယ်၊ ဘယ်လို အသုံးဝင်မယ်ဆိုတာကိုလဲ မသိကြရပါ။

ဒါပေမယ့်လဲ ရက္ခသုတေသီပညာရှင်တွေကတော့ သိကြပါလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ တစ်မျိုးမျိုးသော အစွမ်းသတ္တိထူးတွေနဲ့ အသုံးဝင်ပစ္စည်းတစ်ခု ဖြစ်လိမ့်မယ်လို့လဲ ထင်မြင်ယူဆမိကြပါတယ်။

ဘာပဲဖြစ်ဖြစ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကတော့ ထူးခြားဆန်းကြယ်တဲ့ အရာမှန်သမျှတွေကို ဖော်ပြလေ့ရှိပြီး ပညာရှင်သုတေသီတွေကလဲ ဘယ်လိုအရာမျိုးကိုမဆို ပြန်လည်ရေးသားပညာပေး ဖော်ပြနေကြတာမို့ ဒီလို ထူးထူးခြားခြား ဖြစ်နေတဲ့ ဝါးမျိုးကို ဘယ်လိုအစွမ်းသတ္တိထူးတွေ ရှိတယ်၊ ဘယ်လို အသုံးဝင်တယ်၊ ဘယ်လို အသုံးပြုရင် ဘယ်လိုအကျိုးဖြစ်ထွန်းနိုင်တယ်ဆိုတာတွေကို စာရေးသူနဲ့အတူ ဆရာတော်ဦးကေသရလဲ သိချင်ကြပါတယ်။

ဒါကြောင့်မို့ တတ်သိနားလည်ကြတဲ့ ပညာရှင်အပေါင်းကလဲ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ပြန်လည်ရေးသား ပြောပြစေကြလိုပါတယ်။

**[ဝေးလှမ်းစကား—စစ်ကိုင်းမြို့နယ် ချောင်းပေါက်ကျေးရွာမှ ခာတ်ပုံဆရာမောင်ကိုဦး(သီဟရာဇာခာတ်ပုံတိုက်) ပယ်ငါးဆယ်ကျေးရွာကို အထူးကျေးဇူးတင်လျက်...]**

***လိုအင်ဆန္ဒ ပြည့်ဝကြပါစေ။***

***အရှင်ကုမာရ(စစ်ကိုင်း)***



www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား

# ကြခတ်ဝါး

အရှင်ကုမာရ
(စစ်ကိုင်း)

စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတောင်ရိုးတန်းကြီးမြောက်ပိုင်း ထန်းတောကျေးရွာအုပ်စုအတွင်းမှာ တည်ရှိတဲ့ **ဝဂ်ဘာချောင်ကျေးရွာ သံဃာ့အကျိုးတော်ဆောင် ဆရာတော် ဦးကေသရထံသို့** ရောက်ရှိလို့ သွားခဲ့ပါတယ်။

ဝဂ်ဘာချောင်ဆရာတော် ဦးကေသရ အရှင်မြတ်ဟာ စာရေးသူနဲ့ ခင်မင်ရင်းနှီးကြတာမို့ စာရေးသူကို မြင်လိုက်တာနဲ့ အားရဝမ်းသာစွာဖြင့်…


'စာရေးဆရာ ကြွလာတာနဲ့ အတော်ပဲ၊ တပည့်တော်လဲ စာရေးဆရာကို မျှော်နေတာ။ ဒီတစ်ခါ ပျောက်ချက်သား ကောင်းလိုက်တာ။ ဘယ်တွေများ ဒေသစာရီ ကြွနေတော်မူသလဲ'

'အင်း… တပည့်တော်လဲ တပည့်တော် ဆရာတော်ကြီး ကျန်းမာရေး သိပ်မကောင်းတာနဲ့ ဆရာတော်ကြီး နေတဲ့ ကျောက်တာကျောင်းကို သွားနေတာနဲ့ အရှင်ဘုရားဆီကို မရောက်ဖြစ်တော့တာပါ။

ဒါနဲ့… စောစောက အရှင်ဘုရား ပြောလိုက်တဲ့အထဲမှာ တပည့်တော် လာတာနဲ့ အတော်ပဲ၊ တပည့်တော်ကို မျှော်နေတယ်ဆိုတာက ဘယ်လို အကြောင်းများ ရှိလို့လဲ ဘုရား'

'သိပ်ရှိတာပေါ့ ဘုရား…တစ်နေ့က တပည့်တော်ကျောင်း အနီးအနား တစ်ဝိုက်က သဘာဝအတိုင်း ပေါက်နေတဲ့ ဝါးရုံပင်တွေကို နည်းနည်း အသုံးပြုလိုတာနဲ့ ကိုရင်တွေကို လေး,ငါးလုံးလောက် ကပ္ပိနိုင်းလိုက်တယ်။

အဲဒီဝါးလုံးတွေကို အဆစ် နှစ်ဆစ်



စီကနေ တိုင်းဖြတ်ပြီး အလယ်တည့်တည့်ကနေ နှစ်ခြမ်းခွဲပြီး အသုံးပြုရမှာမို့ နှစ်ဆစ်ကျ ဖြတ်ပြီးတဲ့ ဝါးလုံးတွေကို နှစ်ခြမ်းစီ နှစ်ခြမ်းစီ ဖြစ်အောင် ခွဲလိုက်တယ်။

အဲဒီအခါမှာ အဲဒီဖြတ်ထားတဲ့ ဝါးလုံးတစ်လုံးထဲမှာ ထူးထူးဆန်းဆန်း ဖြစ်နေတာ တစ်ခု တွေ့ရတာနဲ့ အရှင်ဘုရားကို ပြချင်လို့ မျှော်နေတာဘုရား၊ ကဲ…ပြောနေတာ ကြာပါတယ်၊ ဒီအနား ခဏထိုင်စောင့်ဦး၊ တပည့်တော် သွားယူလိုက်မယ်'

ဆရာတော် ဦးကေသရဟာ အဲသလိုပြောပြီး သူ တွေ့ထားတဲ့ ဝါးခြမ်းလေးကို ယူပြီးပြပါတယ်။

ဝါးအမျိုးအစားက ကြခတ်ဝါးပါ။ အဆစ်နှစ်ဆစ် အကွာအဝေး ပြပြီး ဖြတ်ထားတာကို တွေ့ကြရပါတယ်။ အလျားအနေနဲ့ နှစ်ပေခွဲရှည်ပါတယ်။ လုံးပတ် သုံးလက်မကျော်ကျော် ရှိပါတယ်။ အဲဒီ ကြခတ်ဝါးလေးကို အလယ်တည့်တည့်ကနေ ထက်ခြမ်းခွဲထားပါတယ်။

**အဲသလို ခွဲခြမ်းထားတဲ့ ဝါးခြမ်းရဲ့ အတွင်းပိုင်းမှာတော့ အရင်းပိုင်းအဆစ်ကနေ စိမ့်ရှုပ်တဲ့ ခိုင်လှမ်းကြိုးလေးလောက်ရှိတဲ့ မာကျောလှတဲ့ ဘူးနွယ်ပင်မှာ အရွက်ပင်တစ်ချောင်းဟာ အဆစ်ကနေ ဖြစ်ပေါ်လာပြီး ယိုးယွားယန်းပေါ်လေးလောက် ရှောက်နွယ်တက်ကာ ဝါးရဲ့ အထက်ဆင် အဆစ်ကို အလယ်တည့် တည့်ကနေ ဖောက်သွားပြီး အဲဒီ နှစ်**





www.burmeseclassic.com

www.burmeseclassic.com

# ဖန်ခါးသီးဆေး

စားသုံးပေး

ဖန်ခါးသီးသည် လူတိုင်းနှင့်နီးစပ်သော အသီးတစ်မျိုးဖြစ်ပေသည်။ ဖန်ခါးသီးကို မြန်မာလူမျိုးတို့က အတို့အမြှုပ်တစ်ခုအနေဖြင့် အဓိက ထား၍ စားသုံးလေ့ရှိကြသည်ကို တွေ့ရ၏။

သို့သော် ဖန်ခါးသီးကို ဆေးဝါးအနေဖြင့် မည်သို့ သုံးစွဲရသည်ကိုမူ လူတိုင်းသိကြမည် မဟုတ်ပေ။

စာရေးသူအနေဖြင့် အလွယ်တကူ ရရှိနိုင်သော ဖန်ခါးသီးကို ဆေးဝါးအဖြစ် သုံးစွဲနိုင်သည်ကို မိမိနှင့် ရင်းနှီးသောတိုင်းရင်းဆေးဆရာကြီးများထံမှ သိရှိခဲ့ရသော ဗဟုသုတများနှင့် ပတ်သက်၍ စာရှုသူများ သိရှိကြစေရန် ဖော်ပြလိုက်ရပေသည်။


ဖန်ခါးသီးကို နွားကျင်ငယ်ရည်ဖြင့် ပြုတ်၍စားပါက သွေးအားနည်းသော ရောဂါ၊ အချဉ်၊ အဖော၊ အရောင်ရောဂါ များ ပျောက်ကင်းစေပါသည်။

မည်သည့်နည်းနှင့်မျှ ကုသ၍မရသော နာတာရှည် အချဉ်၊ အဖော၊ အရောင်ရောဂါများအတွက် ဖန်ခါးသီးကို နွားနက်ကျင်ငယ်ရည်တွင် စိမ်၍ အသီးကိုလည်းစား၊ အရည်ကိုလည်း သောက်ရသည်ဟု သိရပါသည်။

နွားကျင်ငယ်ရည်ကို အသုံးပြုခြင်းမှာ နွားကျင်ငယ်ရည်တွင် ထူးခြားသော အစွမ်းသတ္တိများရှိ၏။

[illegible]

ထို့ပြင် ဖန်ခါးသီးကို အသက်ရှည်ဆေးအဖြစ် သုံးစွဲနိုင်သော လျှို့ဝှက်ဆေးနည်းကြီးတစ်ခုရှိ၏။ ယင်းဆေးနည်းကို ကြက်သွန်ဖြူတို့က ဓာတ်ညှိဆေးကြီးဟု လည်း ခေါ်ကြပါသည်။



ယင်းဆေးကြီးကို စားသုံး ပေးခြင်းဖြင့် ဆီးကိုင်၊ လေထိုး၊ ဝမ်းကိုက်၊ လေအောင့်၊ ဒူလာ၊ အကြောသေ၊ လိပ်ခေါင်း၊ ထုံနာ၊ ကျဉ်နာ၊ အကိုက်အခဲ၊ မျက်စိဝေ၊ မျက်ရည်ကျခြင်းစသော ရောဂါဝေဒနာများပျောက်ကင်းချမ်းသာသည် ဟု ဆိုပါသည်။

ထို့ပြင် ဆံမဖြူ၊ သွားမကျိုး၊ အသား အရည်မတွန့်၊ မျက်စိဝေခြင်းစသော အကျိုးတရားများကိုလည်း ခံစားနိုင်ကြပေသည်။

စာရေးသူ၏မိတ်ဆွေ တိုင်းရင်းဆေးဆရာတစ်ဦးထံမှ သိရှိခဲ့ရသော ယင်းဆေးနည်းကို စာရှုသူများ သိရှိနိုင်စေရန် ဖော်ပြလိုက်ပါသည်။

ဆေးနည်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဆီးဖြူသီး
၂။ ဖန်ခါးသီး
၃။ သဘော်ဖာလာ
၄။ အိုင်မွှေသီး
၅။ နွားမြက်ရင်း
၆။ ဆင်တုံးမနွယ်
၇။ ရှောက်ကောင်း
၈။ ကန့်ကြတ်နီ
၉။ ကုံကော်ဝတ်ဆန်

အထက်ပါ (၉)မျိုးကို လေးပဲသားစီ စုဆောင်း၍ အမှုန့်ပြုလုပ်ပါ။ ထိုစုဆောင်းပြီးထားသော ဆေးအချိန်ထဲမှ **ဆေးလေးပဲသားကိုယူပြီး သကြား (၂၅)ကျပ်သား ရောစပ်ရမည်။ သမအောင် အကြိမ်ကြိမ်မွှေပေးပြီး တစ်နေ့လျှင် ကွမ်းသီး(အခွံနွာပြီး) တစ်လုံးခန့် စားပေးရမည်။**

ကုန်သွားပါက မူလဆေးလေးပဲသားကို သကြား(၂၅)ကျပ်သားနှင့် ထပ်မံရောစပ်၍ မှီဝဲနိုင်ပါသည်။

ယင်းဆေးနည်းမှာ လွယ်ကူစွာ ဖော်စပ်နိုင်သည့်ပြင် ငွေကြေးအကုန်အကျလည်း သက်သာ၍ လက်တွေ့လည်း အကျိုးများသောဆေးဖြစ်သဖြင့် စာရှုသူများအနေဖြင့် မိမိရောဂါဝေဒနာနှင့် သင့်လျော်သလို လွယ်ကူစွာ ဖော်စပ် သုံးစွဲနိုင်ကြစေရန် စေတနာမွန်ဖြင့် ရှာဖွေစုဆောင်းတင်ပြလိုက်ရပါသည်။

မြင်းကကုန်း-စိုးမြင့်



www.burmeseclassic.com

www.burmeseclassic.com

ရှေးလူကြီးများ

# ရွာချခြင်းစလေ့ ပြုလုပ်နည်း

ပရိတ်ကြီး (၁၁)သုတ်လာ ပုဗ္ဗဏှ သုတ်အစ...

**"ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ"** ရှိသောပုဒ်တွင် **"ယောပါပဂ္ဂဟော– အကြင်မကောင်းသော ဂြိုဟ်အိမ်စန်းကျ၊ ပါပသမသတ် ဂြိုဟ်ပြတ်ဂြိုဟ်စင်၊ ဂြိုဟ်နှင်းဂြိုဟ်စီးထွက်ပြီးမငြိမ်း၊ စန်းအိမ်လွှမ်းပြတ် နက္ခတ်ဂြိုဟ်ယိုင်၊ မနိုင်လှုပ်ရှား၊ မကောင်းထားသည့် တခြားတွင်းဆိုး၊ အကျိုးမထင်၊ တစ္ဆေတောသူ ဖမ်းယူစုန်းသုတ်၊ ရုပ်မြှုပ်နှံထား"**ဟု ပါရှိသည့် အနက် တစ္ဆေဖမ်းစားသည်၊ အစိမ်းပက်သည်၊ စုန်းပြုစားသည်ဟု အယူရှိ တတ်ခဲ့ကြသည်။

ထိုအခါမျိုးတွင် လူကြီးများသည် ရွာချခြင်းစလေ့ကို ပြုလုပ်တတ်ကြပါသည်။

**ရွာချနည်းမှာ** ရွာချမည့်နေရာသို့ ဆန်ကောတစ်ချပ် ယူသွားကာ ချခင်းရသည်။ ဆန်ကောအလယ်တွင် မြေထမင်းအိုးဖုံးသော မြေစလောင်းတစ်ချပ်ကို ပက်လက်လှန်လျက် တည်ထားရသည်။

စလောင်းထဲသို့ ထမင်းနှင့် ဟင်းဖြစ်စေ၊ အသားဟင်းချည်းဖြစ်စေ ထည့်ရသည်။

ထို့နောက် ဆန်ကောပတ်ချာလည်၌ လျက် ရေဖြင့် စက်ဝန်းစည်းသားရသည်။


ရေစည်းဝိုင်းအပြင်တွင် ပြာဖြင့် ဒုတိယစည်းဝိုင်း ပြုလုပ်ရသည်။

အားလုံး ပြီးစီးသောအခါ ယောက်မဖြင့် သုံးချက်ခေါက်ကာ...

'စားပါသောက်ပါ မေတ္တာနဲ့ ကျွေးပါတယ်၊ မကောင်းသော ဘေးရန်များကို စောင့်ရှောက်ပါ'

ဟူ၍ လည်းကောင်း...

ရွာချခြင်း ပြုလုပ်ထားပုံ




'ပြုထားသော ပညာများကို ဖယ်ရှားပေးပါ၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ'

ဟူ၍ လည်းကောင်း ဆိုပြီးလျှင် မေတ္တာပို့ရပါသည်။

**မှတ်ချက်။ ။အသုံး ပြုပြီးသော ဆန်ကော၊ စလောင်း စသည် အားလုံး တို့အား လွှင့်ပစ်လိုက်[illegible] ပြန်လည်၍ [illegible] ကောင်းပါ။**

**ရွှေဘီသိန်း**



www.burmeseclassic.com

www.burmeseclassic.com

# ကံကောင်းလာစေချင် အောင်မြင်လိုသူတိုင်း

ဆောင်ထားရမည့် သဗ္ဗပုဗ္ဗဘာဂတရား

ကောင်းမြင့်မြတ်စိန်

ယခု ကျွန်တော် မျှဝေပေးမယ့် **"သဗ္ဗပုဗ္ဗဘာဂတရား"**ဟာ အလွန်ရိုးရှင်း လွယ်ကူလှပါတယ်။ ကျင့်ပွားလို့ အလွန် လွယ်ပါတယ်။ ပျော်မွေ့ဖွယ်လဲ ကောင်းပါတယ်။ အကျိုးကလဲ အလွန်ပဲ များလှပါတယ်။ လက်တွေ့ကျင့်ဖို့ မဓမ္မမလျော့ ကျင့်ဖို့လေးပဲ လိုပါတယ်။

ဒီတရားဟာ မြတ်စွာဘုရား ဟောညွှန်ခဲ့တဲ့ တရားဖြစ်ပါတယ်။ ထူးထူးခြားခြား လိုက်နာကျင့်ပွားအကျိုးများကာ အောင်မြင်ထင်ရှားခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ **"ကျေးဖူးတော်ရှင် မိုးညှင်းဆရာတော်ကြီး"** ဖြစ်ပါတယ်။

ဆရာတော်ကြီးဟာ ဒီတရားတော်ကို ကိုယ်တိုင် ပေါက်ရောက်အောင် အားထုတ်ပြီးမှ ဒကာ, ဒကာမတွေကို နည်းပေး လမ်းညွှန်ခဲ့ပါတယ်။ သာသနာတော်ရဲ့ အကျိုး၊ သတ္တဝါတို့ အကျိုးကို အလွန် အံ့ဖွယ်ကောင်းအောင် စွမ်းဆောင်ပြနိုင်ခဲ့ပါတယ်။

ကမ္ဘာကျော် **"သမ္ဗုဒ္ဓေကပ်ကျော် စေတီတော်ကြီး"**ဟာ ယနေ့တိုင် ထင်ရှားတဲ့ သာဓက တစ်ခုပါပဲ။

ကျွန်တော်ဟာ ယခင်က ဒီ တရားတော်ကို မသိခဲ့ပါဘူး။ **မိုးညှင်း ဆရာတော်ကြီးရဲ့တပည့် "အရှင်သုမန (မွှာစရိယ)ရေးသားတဲ့ ကျေးဖူးရှင် မိုးညှင်းဆရာတော်ကြီး၏ မေတ္တာ ဘာဝနာအညွှန်း"**စာအုပ်ကို ဖတ်ရှုလေ့လာရတဲ့ အခါမှသာ သိခဲ့ရတာပါ။

အဲဒီ **စာအုပ်ရဲ့ စာမျက်နှာ(၅၅) မှာ...**

'ဤမေတ္တာပွားခြင်းမျိုးသည် အမှုကိစ္စ ဟူသမျှ၏ အဦးအစတိုင်းတို့မှာ မိမိတို့ကိစ္စ ပြီးစီးကြအောင် ပြုလုပ်သင့် ပြုလုပ်ထိုက်သောကြောင့် "သဗ္ဗပုဗ္ဗဘာဂတရား"ဟူ၍ ထည်းကောင်း၊ အဌကထာဋီကာတို့ ဖွင့်ပြတော်မူသည့် ထုံးကို နှလုံးထားကြ၍ နေရာတိုင်း တွေ့ရှိရ တိုင်းတို့မှာ မလစ်လပ်ကြအောင် အားသစ် ကြပါလေ ကြံတိုင်းအောင် ဆောင်တိုင်း မြောက်လိုသူတွေတို့'

ဆိုပြီး ဖော်ပြထားပါတယ်။



အလုံးစုံ ပြုလုပ်ပြောဆို ကြံစည် တွေ့ဆုံခြင်း စသော ကိစ္စအဝဝ မပြုခင် ရှေးဦးအစမှာ **"မေတ္တာစိတ်လေးပွားခြင်း"**ကို **"သဗ္ဗပုဗ္ဗဘာဂတရား"** ပွားခြင်းလို့ ဆိုလိုပါတယ်။

ကိုယ်နဲ့ ဆက်ဆံပတ်သက်ရမယ့် လူ,နတ်,သတ္တဝါတို့အား ဦးစွာ **"ချမ်းသာပါစေ၊ ချမ်းသာကြပါစေ" လို့ လေးလေးနက်နက် မေတ္တာပွားခြင်းပါ။** ထူးထူးခြားခြား သမာဓိ တူထောင်နေဖို့ မလိုပါဘူး။

အမှန်တကယ် ချမ်းသာစေချင်တဲ့ စိတ်နဲ့ မေတ္တာပွားပို့ခြင်းဟာ အလွန်ကောင်းတဲ့၊ လူပီသတဲ့ အလုပ်ပါ။ လူတိုင်းလဲ လိုက်နာ လုပ်ဆောင်သင့်ပါတယ်။ မဓမ္မမလျော့ဖို့တော့ လိုပါတယ်။ လက်တွေ့ ကျင့်ကြည့်ရင် အကျင့်ရသွားပါလိမ့်မယ်။

ကျွန်တော်ကိုယ်တိုင် ခရီးသွားတိုင်း အိမ်က အပြင်သွားတိုင်း မေတ္တာပွားသွားတာ အကျင့်ပါနေခဲ့လို့ ဒီလို ပြောနိုင်တာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ တောင်တန်းနယ်ခြားသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ တရားတော်တွေ၊ စာအုပ်တွေ ဖတ်ရှုလေ့လာရာမှ **"ခရီးသွား မေတ္တာပွားပို့နည်း"** ကို ရခဲ့ပါတယ်။ အဲဒီနည်းကို နှစ်သက်သဘောကျပြီး လက်တွေ့ ကျင့်ပွားခဲ့ပါတယ်။

၁၉၉၀ ခုနှစ်ကတည်းက ကျင့်ပွားခဲ့တာ ယခုအခါ အိမ်က အပြင်ထွက်လိုက်တာနဲ့ မေတ္တာပွားမိလျက်သားဖြစ်နေပါပြီ။ ပွားများပုံကတော့...

'ငါ့ရဲ့ ရှေ့တူရူမှာရှိသော သတ္တဝါတွေ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ချမ်းသာကြပါစေ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ'

'ငါ့ရဲ့နောက်၌ ကျန်ခဲ့ကြသော သတ္တဝါတွေ





www.burmeseclassic.com

www.burmeseclassic.com

ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ'

'ငါ၏ ညာဘက်၌ ရှိကြကုန်သော သတ္တဝါတွေ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ'

'ငါ၏ ဘယ်ဘက်၌ ရှိကြကုန်သော သတ္တဝါတွေ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ'

'ငါ၏ အောက်အရပ်၌ ရှိကြကုန်သော သတ္တဝါတွေ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ'

'ငါ၏ အထက်အရပ်၌ ရှိကြကုန်သော သတ္တဝါတွေ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ'

အဲဒီလို ပွားများပြီး သွားလာခဲ့တဲ့အတွက် ယနေ့အချိန်ထိ ခလုတ်မထိ ဆူးမငြိဘဲ တွေ့တဲ့သူတိုင်းနဲ့ ခင်မင်အဆင်ပြေစွာ နေထိုင်နိုင်ခဲ့ပါတယ်။ ခရီးစဉ်တိုင်း နီးနီး ဝေးဝေး မြန်ဆန်ခဲ့တာ များပါတယ်။

ကျွန်တော် ပြောချင်တာကတော့ ဒီကျင့်စဉ်ဟာ အလွယ်တကူ ကျင့်သွားလို့ရတယ် ဆိုတာပါပဲ။ မိုးညှင်းဆရာတော်ကြီး ညွှန်ပြတာကတော့ ပိုပြီး ပြည့်စုံကောင်းမွန်လှပါတယ်။ ဆရာတော်ကြီးကတော့ **"ဘယ်သွားသွား၊ ဘာလုပ်လုပ် မေတ္တာကို အရင်ဦးဆုံး ပွားစေပါတယ်။ ဥပမာ မန္တလေးသွားမယ်ဆိုရင် မန္တလေးနဲ့ စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ"**လို့ အကြိမ်ကြိမ် ပွားစေပါတယ်။ အမျှဝေဖို့လဲ တိုက်တွန်းပါသေးတယ်။

**(စပ်သမျှ ဆိုတာကတော့ မန္တလေးမှာ ရှိရှိသမျှသော သတ္တဝါတို့ကို အာရုံပြုရမယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။)**

ကိုယ်သွားမယ့် မြို့ရွာ၊ ရပ်ကွက်၊ ဌာနတွေကို **"နာမည်တပ်"**ပြီး ကြိုတင် မေတ္တာပွားပို့သွားခြင်း ဖြစ်ပါတယ်။

လုပ်ငန်းခွင်တွေမှာလဲ အလုပ်ရှင်၊ အလုပ်သမား၊ အကြီးအကဲ အောက်လက်ငယ်သား၊ ဆရာတပည့် စသဖြင့် ဆက်ဆံရသူအချင်းချင်း ဦးစွာ မေတ္တာပို့ပေးကြရမယ်။

'ဤအလုပ်နှင့် စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

လို့ အကြိမ်ကြိမ် မေတ္တာပွားပြီး အလုပ်လုပ်ကြပါလို့လဲ ဆုံးမခဲ့ပါတယ်။

ပြီးတော့ မနောကံမေတ္တာသာမက ဝစီကံ မေတ္တာလဲ အဓိက အရေးကြီးကြောင်း၊ ဒါကြောင့် ချိုသာယဉ်ကျေးပြောဆိုဆက်ဆံပေးကြဖို့ အခွင့်အခါ မသင့်ရင် မပြောဘဲ နေပြီး ပြောသင့်မှ ချိုချိုသာသာ ပြောကြပါလို့လဲ သတိပေးပါတယ်။

ပြီးတော့ ကာယကံမေတ္တာကိုလဲ လက်တွေ့ကျင့်ဆောင်ကြဖို့ ထောက်ပြထားပါသေးတယ်။ ဆိုင်ရာလုပ်ငန်းဌာနများမှာ တစ်စုံတစ်ဦး အရေးကိစ္စရှိက ထောက်ပံ့ကူညီကြဖို့၊ ကိုယ်အား၊ ဉာဏ်အား ပစ္စည်းအားနဲ့ စွမ်းနိုင်ရာ ကူကြဖို့ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်း ပြုကြဖို့ နည်းပေးလမ်းပြထားပါတယ်။

အလုပ်ရှင်နဲ့ အထက်လူကြီးတို့က အောက်လက်ငယ်သားတွေကို တစ်ခါတစ်ရံ လက်ဆောင်ပေးခြင်း၊ ချီးကျူးခြင်းလဲ လုပ်သင့်သလို၊ အောက်လက်ငယ်သားတွေကလဲ အချိန်မှီ လုပ်အားပေးခြင်း၊ အလုပ်ကြိုးစားခြင်းတွေ ပြုလုပ်ကြခြင်းဖြင့် မေတ္တာဓာတ်တွေ ဖလှယ်သင့်ကြောင်း မိုးညှင်းဆရာတော်ကြီးက စေ့စေ့စပ်စပ် သင်ပြပေးထားပါတယ်။

အဲဒီလို ကံသုံးပါးမေတ္တာတွေကို ကျင့်ပွားခြင်းဟာ **"သဗ္ဗပုဗ္ဗဘာဂ မေတ္တာ"**ကို ကျင့်ပွားခြင်းပါပဲ၊ တကယ်လက်တွေ့ကျင့်ပွားရင်တော့ မိမိတို့ရဲ့ ကိစ္စအဝဝ ပြီးမြောက်ကြမယ်လို့လဲ မိန့်ကြားခဲ့ပါတယ်။

မိုးညှင်းဆရာတော်ကြီးက ထပ်ပြီး လမ်းညွှန်ပါသေးတယ်။

ပစ္စည်း အသုံးအဆောင် နေရာထိုင်ခင်းတွေကို ရတဲ့အခါတိုင်း၊ သုံးဆောင်ရတဲ့အခါတိုင်းမှာလဲ မေတ္တာပွားကြဖို့ ညွှန်ပြပါတယ်။

'ဤဝတ္ထုပစ္စည်းနှင့် စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

'ဤအစားအစာနှင့် စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

'ဤအဝတ်အထည်နှင့် စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

'ဤစာအုပ်နှင့် စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

'ဤကားနှင့် စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

အကြိမ်ကြိမ်ပွားပါ။ ပြီးမှ သုံးဆောင်ကြပါလို့ အလေးထား မှာကြားခဲ့ပါတယ်။

တစ်စုံတစ်ဦးနဲ့ဖြစ်စေ၊ လူအများနဲ့ဖြစ်စေ တွေ့ဆုံတိုင်းမှာလဲ ကြိုတင်မေတ္တာပွားပို့ရန်လဲ ဆုံးမထားပါတယ်။

**ဦးဖြူနဲ့ တွေ့ဆုံဖို့သွားရင်...**

'ဦးဖြူ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

လို့ ပွားရမှာပါ။ **လူအများဆိုရင်...**

'သူတို့အားလုံး ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'



www.burmeseclassic.com

www.burmeseclassic.com

လို့ ပွားသွားရမှာပါ။ အကြိမ်များစွာ မေတ္တာပွားပို့ရမယ်လို့ သင်ပြခဲ့ပါတယ်။ ပြီးမှ ကိုယ်လိုရာ ပြောဆိုဆက်ဆံရမယ်လို့ သင်ပါတယ်။

ဘုရားစေတီ၊ အဆောက်အအုံများ သွားလျှင်လဲ အဲဒီနေရာတွေမှာ တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ နတ်တွေ ရှိနိုင်ကြောင်း၊ သူတို့ကို ရည်မှန်းပြီး ကြိုတင် မေတ္တာရေစင် ဖျန်းဖို့လိုကြောင်း သတိပေးခဲ့ပါတယ်။

'ဤစေတီတော်နှင့် စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

'ဤအဆောက်အအုံကြီးနှင့် စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

လို့ အကြိမ်ကြိမ် မေတ္တာပို့ပြီး အမျှဝေရမယ်လို့ နည်းပြပေးပါတယ်။

အခြားသစ်ပင်ကြီး၊ တောတောင်ကြီးတွေ၊ မြစ်ချောင်းပင်လယ်အင်းအိုင်တို့ကို သွားရင်လဲ ထို့အတူပင် မေတ္တာပို့ရန် အမျှပေးဝေရန် တိုက်တွန်းခဲ့ပါတယ်။

မိုးညှင်းဆရာတော်ကြီးက **"မိမိတို့ဩဇာအာဏာ စူးရှအောင် နေ့စဉ်မေတ္တာပွားနည်း"**ကိုလဲ ဟောကြားခဲ့ပါတယ်။

မိမိတို့ အိမ်ခြံဝန်းရှိ လူနတ်သတ္တဝါ ရှိရှိသမျှတို့ကို အာရုံမိမိ စူးစိုက်ကာ...

'တို့တစ်အိမ်လုံး ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

လို့(၁၀၈)လုံး ပုတီးကုံးဖြင့် (၁၀)ပတ် စိပ်ရမယ်။

တစ်ဖန် မိမိတို့ ရပ်ရွာအတွင်းရှိ သတ္တဝါတို့ကို ပိုက်ကွန်ယက်နှင့် အုပ်သလို ဉာဏ်နှင့် မိအောင်အုပ်ကာ ပွားများရန်မှာ...

'တို့တစ်ရွာလုံး ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

'တို့တစ်ရပ်ကွက်လုံး ချမ်းသာကြပါစေ၊



ချမ်းသာကြပါစေ'

လို့ ပုတီး(၁၀)ပတ် နေ့စဉ် စိပ်ရမယ်။

ပြီးရင် မိမိတိုင်းပြည်အတွင်း ရှိရှိသမျှ သတ္တဝါတို့ကိုလဲ ဉာဏ်ဖြင့် မိအောင်ဖမ်းပြီး...

'တို့တစ်တိုင်းပြည်လုံး ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'

လို့ ပုတီး(၁၀)ပတ် နေ့စဉ် စိပ်ရမယ် လို့ ထုတ်ဖော်နည်းပေးခဲ့ပါတယ်။

အမှန်တကယ် ချမ်းသာစေလို့လဲ စိတ်ရင်းနဲ့ ပွားများရမှာ ဖြစ်ပါတယ်။ ကိုယ့်အကျိုးထက် သူ့အကျိုး၊ အများအကျိုး လိုလားစိတ်နဲ့ ပွားများရမှာ ဖြစ်ပါတယ်။

နေ့စဉ် အားထုတ်ရင် လူနတ်ချစ်ခင်ခြင်း၊ နတ်များ စောင့်ရှောက်သဖြင့် **"ကြံတိုင်းအောင် ဆောင်တိုင်းမြောက်"**ခြင်း အကျိုးပြီးစေမယ်လို့ အတိအကျ မိန့်မှာခဲ့ပါတယ်။

မေတ္တာစွမ်းအား စူးရှထိရောက်တာ၊ တန်ခိုးအာဏာကြီးမားလာနိုင်လို့ အမြဲမပြတ် ပွားများအားထုတ်ကြဖို့ မိုးညှင်းဆရာတော်ကြီး တိုက်တွန်းသွားခဲ့ပါတယ်။

မိုးညှင်းဆရာတော်ကြီးဟာ ပြောသလိုလုပ်ပြီး လုပ်သလိုပြောတဲ့ ပုဂ္ဂိုလ်မြတ်ကြီးပါ။ အထူးသဖြင့် မေတ္တာကျင့်စဉ်ကို ပေါက်ရောက်အောင်မြင်အောင် ကိုယ်တိုင်ကျင့်ကြံအားထုတ်ခဲ့ပြီးမှ လောကအကျိုး သာသနာ့အကျိုး၊ ဒကာ,ဒကာမများရဲ့အကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပါတယ်။

ကိုယ်တိုင် ကျင့်ကြံအားထုတ်ခဲ့တဲ့ နည်းကောင်းလမ်းညွှန်တွေကို မချွင်းမချန် ချပြခဲ့ပါတယ်။ တပည့်သံဃာတွေ၊ တပည့် ဒကာ,ဒကာမတွေကို လက်တွေ့ကျင့်ကြံအားထုတ်ဖြစ်ခဲ့ပါတယ်။

တရားတော်တွေ၊ ကျမ်းစာအုပ်တွေလဲ ပြုစုပေးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ယုံယုံကြည်ကြည်နဲ့ ဒီမေတ္တာကျင့်စဉ်ကို ကျင့်ကြံအားထုတ်သင့်ပါတယ်။ လက်တွေ့လက်ငင်း ကျင့်ပွားပါလို့လဲ အလေးအနက် တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

မငြိမ်းချမ်းတဲ့ ကမ္ဘာ၊ နာမကျန်းတဲ့ ကမ္ဘာကြီးနဲ့ မငြိမ်းချမ်းသေးတဲ့ မြန်မာပြည်၊ မအေးချမ်းသေးတဲ့ မြန်မာပြည်ကြီးကလဲ (မေတ္တာ)ကို တောင်းဆိုနေပါပြီ။

မေတ္တာကို ကျွန်တော်လဲ လိုချင်ပါတယ်။ အသင်လဲ လိုချင်ပါတယ်။ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သတ္တဝါတိုင်း မေတ္တာကို လိုချင်ကြပါတယ်။

မေတ္တာကို မတောင့်တသူ မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့တစ်တွေ **"သဗ္ဗပုဗ္ဗဘာဂ မေတ္တာတရား"**ကို အမြဲထာဝရ လက်ကိုင်ထား ကျင့်ပွားကြပါစို့။

**ကောင်းမြင့်မြတ်နိုး**



www.burmeseclassic.com

www.burmeseclassic.com

# လင်းလေနှင့် တိမ်



စာရေးသူ ငယ်စဉ်က မျက်လုံးတွင် သုံးကြိမ် သုံးခါတိတိ ထိခိုက်ဒဏ်ရာ ရရှိခဲ့ဖူးပါသည်။

**ပထမအကြိမ်မှာ** စာရေးသူ အသက်(၈)နှစ်ခန့်တွင် ဖြစ်ပါသည်။ သူငယ်ချင်းများနှင့် စစ်တိုက်တမ်း ဆော့ကစားကြရာက လုံ့စွပ်အရိုး ကောင်းသည့် သူငယ်ချင်း၏ လက်ချက်ကြောင့် စာရေးသူ၏ ညာမျက်လုံးကို ဝါးချွန်ဖြင့် အထိုးခံခဲ့ရခြင်း ဖြစ်၏။

မျက်လုံးတစ်ခုလုံး နီရဲကာ သဲနှင့် ရှပ်ရှပ် ဖြစ်ခဲ့ရပါသည်။

**ဒုတိယအကြိမ်မှာ** စာရေးသူ (၁၃)နှစ်သားအရွယ် သတ္တမတန်း ကျောင်းသားဘဝတွင် ဖြစ်ပါသည်။

စာရေးသူတို့ဒေသတွင် ထိုစဉ်က လျှပ်စစ်မီး မရှိသေးသဖြင့် ညဘက် စာကြည့်လျှင် ရေနံဆီသုံး မီးအိမ်လေးဖြင့် စာကြည့်ကြရပါသည်။

စာကြည့်ပြီးသည်နှင့် မီးဘေးလုံခြုံရေးအတွက် မီးအိမ်ကို ငြိမ်းသတ်ထားရပါသည်။

တစ်နေ့ နံနက်စောစောတွင် စာကြည့်လိုသဖြင့် မီးထွန်းညှိရန် မှောင်ထဲတွင် မီးအိမ်လိုက်ရှာစဉ် မီးအိမ်ချိတ်ဆွဲသည့် သံချိတ်နှင့် စာရေးသူ၏ ဘယ်ဘက်မျက်လုံး ချိတ်မိပြီး စာရေးသူမှာ ချိတ်တွင် တန်းလန်း ဖြစ်နေ၏။

ငါ့မျက်လုံးတော့ ဆွဲ့သွားလောက်ပြီ ဟူသောအသိဖြင့် ဝမ်းနည်း ထိတ်လန့်စွာ တုန်လှုပ်မိပါသည်။

ဆေးခန်းတွင် ပြသသောအခါ မျက်ဖြူအိမ်တွင် အပေါ်ယံ မျက်လွှာတွင်သာ အနည်းငယ် ပွန်းပဲ့ပြီး သွေးခြည်ဥလာခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

**တတိယအကြိမ်မှာ** စာရေးသူ (၁၆)နှစ်အရွယ် နဝမတန်းကျောင်းသားဘဝတွင်ဖြစ်ပါသည်။ ကျောင်းတွင် သူငယ်ချင်းများနှင့် ဘောလုံးကစားကြရာမှ စာရေးသူ၏ ဘယ်ဘက်မျက်လုံးကို ဘောလုံး မတော်တဆ ထိမှန်ခဲ့ခြင်းဖြစ်၏။

ထိမှန်သည့် ဘောလုံး အရှိန်ပြင်းသဖြင့် မျက်လုံးမှာ ဖွင့်မရအောင် ဖူးရောင်ပြီး အောင့်လည်း အောင့်နေပါသည်။

တစ်ပတ်ခန့် ကြာသောအခါ အရောင် လျော့သွားသော်လည်း မျက်နက်အိမ်အစပ်တွင် ဆန်ကွဲကျိုးခန့် တိမ်လေး ဖြစ်ကျန်ခဲ့ပါသည်။

ဖော်ပြပါ (၃)ကြိမ်စလုံးတွင် စာရေးသူ၏ ကြီးဒေါ်သည် စာရေးသူ၏ မျက်လုံးကို သူ၏ **လက်စွဲတော်ဆေးတောင်ဝှေးဖြင့်** ထိရောက်စွာ ကုသပေးနိုင်ခဲ့ပါသည်။

စာရေးသူ ကုသခဲ့စဉ် ၁၉၉၇ ခုနှစ်က (၄၀)ကျော်ခဲ့ပါပြီ။ စာရေးသူ၏ မျက်လုံးနှစ်ဖက်စလုံးတွင် မည်သည့် ဒဏ်ရာ မည်သည့်တိမ်မျှ ထင်ကျန် မနေခဲ့ပါ။

စာရေးသူ၏ ကြီးဒေါ် အသုံးပြုခဲ့သည့် ဆေးတောင်ဝှေးလေး ဤမျှ အစွမ်းထက်ပါသည်။

စာရေးသူ၏ ကြီးဒေါ် အသုံးပြုခဲ့သည့် ဆေးတောင်ဝှေး ဆိုသည်မှာ အခြားမဟုတ်ပါ။ **လက်မလုံးခန့်ရှိ လင်းလေမြစ်(လင်းလေ၏ မြေအောက်ပင်စည်ပိုင်းကိုဆိုလိုပါသည်။)**

အရှည်တစ်မိုက်ခန့်ကို အလယ်တွင် ခဲတံလုံးခန့် အလျားလိုက် တိုးလျှိုပေါက် ဖောက်ကာ သန့်ရှင်းအောင် ဆေးကြောထားသည့် ဆေးမြစ်ဖြစ်ပါသည်။

ကြီးဒေါ်သည် ထိုဆေးမြစ်၏ အလယ်တွင် ဖောက်ထားသည့် အပေါက်ကတစ်ဆင့် စာရေးသူ၏ ဒဏ်ရာရထားသည့် မျက်လုံးကို အာပူငွေ့ဖြင့် မကြာခဏ မှုတ်၍ မှုတ်၍ ပေးခြင်း ဖြစ်ပါသည်။

လင်းလေကို အချို့က လင်းနေဟုလည်း ခေါ်ကြပါသည်။ မြန်မာ့ပရဆေးပင်များ စာအုပ်တွင်မူ လင်းလေဟု ဖော်ပြထားပါသည်။

လင်းလေတွင် လင်းလေအကြီးနှင့် အသေး(၂)မျိုးရှိရာ စာရေးသူ ယခု ရေးသားဖော်ပြခဲ့သည့် လင်းလေမှာ **လင်းလေအကြီး**ဖြစ်ပါသည်။

လင်းလေအကြီးက အနံ့လည်း ပို၍ စူးရှပြီး ဆေးစွမ်းလည်း ပို၍ ထက်ပါသည်။

လင်းလေကို အင်းအိုင် ချောင်းမြောင်းအစပ်တွင် သဘာဝ ပေါက်ပင်အဖြစ် တွေ့ရှိနိုင်ပါသည်။

မိမိတို့အိမ်ခြံဝင်းအတွင်းရှိ ရေတွင်း ရေကန်အနီး ရေဝပ်သည့်နေရာများတွင် အလယ်တကူ စိုက်ပျိုး၍လည်း ထားရှိနိုင်ပါသည်။

လွယ်ကူ ထိရောက်ပြီး အန္တရာယ်ကင်းသည့် ဆေးနည်းကောင်းတစ်ခု ဖြစ်သဖြင့် တိုက်ဆိုင်သူများ စမ်းသပ်အသုံးပြုကြည့်နိုင်ပါရန် စေတနာမွန်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

**ကိုကိုမောင်(အင်းလေး)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက် မှ (၃၀)ရက်နေ့အထိ
ခုနစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်

### ဟာနုဝိစ္ဆ

**စီးပွားရေး** ။ နိုင်ငံခြားသား အထူးသဖြင့် အနောက်နိုင်ငံခြားသားများနှင့် ပူးတွဲ၊ ဖက်စပ်လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းများ အောင်မြင်ကြီးပွားမည်။

**ထိုးတက်အရေးများ** ။ လုပ်ငန်း၊ ဌာန၊ နေရာပြောင်းရကိန်းရှိသည်။ အလုပ်နှင့် ပတ်သက်သော နိုင်ငံခြားခရီးသွားရကိန်းရှိနေသည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး သာယာမည်။ သားသမီးများ၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ကောင်းမည်။ မိသားတစ်စု အပျော်ခရီး ထွက်ရလိမ့်မည်။

**အချစ်ရေး** ။ အချစ်စစ်တို့မည်သည်မှာ ဖြောင့်ဖြောင့်ဖြူးဖြူး မရှိတတ်ပါ။ စိတ်အားငယ်ရန် မလိုပါ။ သူ့အချိန်နှင့်သူ သာယာချမ်းမြေ့ရပါလိမ့်မည်။

**ပညာရေး** ။ အချစ်ရေးအဆင်မပြေတာနှင့် ပညာရေးကို မထိခိုက်ပါစေနှင့်၊ စိတ်ညစ်နေရုံ၊ စိတ်ပျက်နေရုံနှင့် ဘာမှ ဖြစ်မလာနိုင်ပါ။

**ကျန်းမာရေး** ။ လေထိုးလေအောင့် ဖြစ်တတ်၍ လေပွစာများကို ရှောင်ပါ။ ဝမ်းရင်ကို အအေးမမိပါစေနှင့်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၃၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ပိခင်ဖခင် (သို့မဟုတ်) သက်ကြီးရွယ်အို နှစ်ဦးအား နွားနို့ကို သကြားထည့်၍ ပေါင်မုန့်ဖြင့် ကျွေးမွေးပါ။

### ဟာနုပါ

**စီးပွားရေး** ။ နိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်ရခြင်း(သို့မဟုတ်)ကိုယ်စားလှယ်လုပ်ငန်း ရရှိအောင်မြင်မည်။

**ထိုးတက်အရေးများ** ။ အေးအေးချမ်းချမ်း လုပ်ကိုင်ရမည်။ လုပ်ငန်းဆိုင်ရာ အခွင့်ကောင်းများရရှိမည်။ လူကြီးများ၏ ချစ်ခင်မှုကို ရရှိမည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေမည်။ လုပ်ငန်းဆိုင်ရာ ဝင်ငွေကောင်းသဖြင့် မိသားတစ်စု အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေကြရမည်။

**အချစ်ရေး** ။ ကြားစကားကို နားမယောင်ပါနှင့်။ မိမိတို့ချစ်ခြင်းကို ခွဲညှည့်သူများ ရှိနေသည်။ တစ်ဦးကိုတစ်ဦး ယုံယုံကြည်ကြည် သစ္စာရှိရှိ ချစ်သွားဖို့သာ အရေးကြီးပါသည်။

**ပညာရေး** ။ ချစ်လည်းချစ်ပါ၊ စာလည်းကြိုးစားပါ။ အချစ်ရေးသောကကြောင့် ပညာရေးကို အထိခိုက်မခံပါနှင့်။ ကံညံ့လျှင် ဘွဲ့,ဝီရိယ ကူမှ ရမည်။

**ကျန်းမာရေး** ။ ဦးခေါင်းမူးဝေတတ်၍ စိတ်ရောကိုယ်ပါ အနားယူပေးပါ။ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော တေးဂီတ၊ တေးသီချင်းများကို နားထောင်ပေးပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၇၊ ၈ ဂဏန်း များများပါအောင် ရွေးချယ်ပါ။













**အဆောင်ယတြာ** ။ အိမ်ရှိအတူနေသူများအား ကော်ဖီနှင့် ကိတ်မုန့် ကျွေးမွေးပါ။

### အင်္ဂါ

**စီးပွားရေး** ။ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ အောင်မြင်မည်။ အိမ်မြေအကျိုးဆောင်၊ ကန်ထရိုက်လုပ်ငန်းများ ပုံမှန်လုပ်ကိုင်နေရမည်။

**ထိုးတက်အရေးများ** ။ ငွေကြေးဆိုင်ရာ ပြဿနာပေါ်ကိန်းရှိ၍ ငွေကြေးကိုင်တွယ် သုံးစွဲရသူများ၊ ငွေကြေးတာဝန်ရှိသူများ စာရင်းဇယား အတိအကျထားပါ။ ကြိုတင်ပြင်ဆင်ထားပါ။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး သာယာမည်။ သားသမီးများ ပညာရေး၊ စီးပွားရေးကောင်းသော်လည်း ကျန်းမာရေးညံ့တတ်၍ သတိဖြင့် နေထိုင် စားသောက်ပါ။

**အချစ်ရေး** ။ အချစ်ရေးအဆင်ပြေမည်။ လူကြီးမိဘတို့ကလည်း သဘောတူ ကြည်ဖြူကြပါမည်။ ရုတ်တရက် အိမ်ထောင်ကျကိန်းရှိ၍ ဆင်ခြင်နေထိုင်ပါ။

**ကျန်းမာရေး** ။ ဆီးရောဂါ ဖြစ်တတ်၍ အပူအစပ်များကို လျှော့စားပါ။ အရက်သောက်တတ်သူများ အရက်လျှော့သောက်ပါ။ (သို့မဟုတ်) အရက်ဖြတ်ပါ။

**ပညာရေး** ။ အချစ်ရေး အဆင်ပြေ၍ ပညာရေးကို လျစ်လျူမရှုပါနှင့်။ အိမ်ထောင်ကျလျှင် ပညာရေး ပျက်သွားတတ်၍ ဆင်ခြင်စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၄၊ ၇၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၂၊ ၄၊ ၆၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၄၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆောင်ရွက်ရန် ကိစ္စရှိလျှင် ယှဉ်ပြိုင်ရန်ကိစ္စရှိလျှင် ကလေးများကို ချောကလက်ကျွေးပြီးမှ ဆောင်ရွက်ပါ။

### ဗုဒ္ဓဟူး

**စီးပွားရေး** ။ လုပ်ငန်းချဲ့ထွင်ရန် ငွေကြေး လိုအပ်ချက်ရှိလျှင် ကူညီသူများကြောင့်(သို့မဟုတ်)ရှယ်ယာဝင်သူများကြောင့် ငွေကြေး အဆင်ပြေသွားမည်။

**ထိုးတက်အရေးများ** ။ လုပ်ငန်းတာဝန်များ အချိန်မီပြီးစီးအောင် ကြိုးစားရလိမ့်မည်။ မိမိအရည်အချင်းကို ပြလိုက်ပါ။

www.burmeseclassic.com

**အိမ်တွင်းအရေး** ။ မိဘများ ငွေကြေးတောင့်တင်းခိုင်မာ၍ မိသားတစ်စု မတောင့်မတ မကြောင့်မကြ နေရမည်။
**အချစ်အရေး** ။ ချစ်သူပိုင်းပိုင်းလည်နေမည့်ကာလဖြစ်သည်။ ဘဝတစ်ခုလုံး အရေးဖြစ်၍ သေချာစဉ်းစား ဆုံးဖြတ်ပြီးမှ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ပါ။
**ပညာအရေး** ။အချစ်ရေးမှာ မျောပါပြီး ဘဝ၏ အဓိကကျသော ပညာရေးကို မပစ်ပယ်လိုက်ပါနှင့်။ ချစ်လည်းချစ်ပါ။ ပညာရေးကိုလည်း ကြိုးစားလိုက်စမ်းပါ။
**ကျန်းမာအရေး** ။ကိုယ်,လက်,ခြေထောက် အဆစ်အမျက်များ နာကျင်ကိုက်ခဲတတ်သည်။ ညဘက် ရေမချိုးပါနှင့်။ ရေချိုးချင်လျှင် ရေနွေးဖြင့် စပ်ချိုးပါ။
**ဆောင်ရန်ရက်များ** ။ ၁၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။
**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၃၊ ၆၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ ပိဝိမွေးနေ့တွင် အိမ်တွင် အတူနေသူများအား အုန်းနို့ထမင်း(အုန်းနို့သန့်ပြုတ်) ကျွေးမွေးဒါနပြုပါ။

## ကြာသပတေး

**စီးပွားအရေး** ။ တိုက်ခန်းအရောင်းအဝယ်၊ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းများ အလုပ်အကိုင်ကောင်းမည်။ အကျိုးအမြတ်များမည်။
**ရာထူးဝန်အရေးရာ** ။ စိတ်စေတနာကောင်းရှိပြီး ကူညီတတ်သော လုပ်ဖော်ကိုင်ဖက်များကြောင့် မိမိတာဝန်ယူထားရသော တာဝန်များ၊ လုပ်ငန်းများ အချိန်မီ ပြီးစီးမည်။
**အိမ်တွင်းအရေး** ။အိမ်ထောင်ဖက် ဝင်ငွေကောင်း၍ မိသားတစ်စု လိုချင်တာ ဝယ်နိုင်၊ သွားလိုရာ ရောက်နိုင်၊ စားလိုရာ စားနိုင်သောကြောင့် ပျော်ရွှင်စရာကာလလေးဖြစ်မည်။
**အချစ်အရေး** ။ ချစ်သူမရှိသေးသူများ ရုပ်ချောပြီး စိတ်ထားကောင်းသည့် ချစ်သူနှင့်တွေ့မည်။
**ပညာအရေး** ။ အချစ်ရေးကံ ကောင်းသလို ပညာရေးတွင်လည်း ကံကောင်းပါသည်။ ကျောင်းစာမေးပွဲများ၊ သင်တန်းစာမေးပွဲများရှိလျှင် ဝင်ရောက်ဖြေဆိုပါ။ အောင်မြင်မည်။
**ကျန်းမာအရေး** ။ဆေးမှား, အစာမှား ဖြစ်တတ်၍ အစားအသောက်များကို သတိထားစားပါ။ တွဲဖက်မစားသင့်သောအစာများကို မစားပါနှင့်။
**ဆောင်ရန်ရက်များ** ။ ၁၊ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇။
**ရှောင်ရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၁၀၊ ၁၃၊ ၁၇၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၄၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ သံဃာတော်တစ်ပါးပါးအား ဝက်သားဟင်း(၅)တုံး လှူဒါန်းပါ။

## သောကြာ

**စီးပွားအရေး** ။ နိုင်ငံခြားကုမ္ပဏီ လုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ရလိမ့်မည်။ ဖက်စပ်လုပ်ကိုင်ခွင့် မရပါက တစ်ဦးတည်းကိုယ်စားလှယ် ရရှိမည်။
**ရာထူးဝန်အရေးရာ** ။စိတ်ကောင်းနှလုံးကောင်းနှင့်သာ လုပ်ကိုင်ပါ။ မိမိကြီးပွားအောင်မြင်မှုကို မနာလိုသူတစ်စုက ဒုက္ခပေးတတ်သည်။





**အိမ်တွင်းအရေး** ။ တစ်မိသားစုလုံး ပျော်ရွှင်ရမည်။ အိမ်၏ကြီးပွားရေး၊ စီးပွားရေး အဆင်ပြေ၍ လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်မည့်ကာလ ဖြစ်ပါသည်။
**အချစ်အရေး** ။ အချစ်ရေး ကံကောင်းပါသည်။ လူကြီးမိဘများက သဘောတူကြည်ဖြူကြလိမ့်မည်။ ရုတ်တရက် အိမ်ထောင်ကျတတ်သည်။
**ပညာအရေး** ။အချစ်ရေးကောင်းနေ၍ ပညာရေးတွင် မပေါ့ဆပါနှင့်။ ချစ်လည်းချစ်ပါ။ ပညာရေးကိုလည်း ကြိုးစားပါ။
**ကျန်းမာအရေး** ။ သွေးတိုးရောဂါ ဖြစ်တတ်၍ လူပင်ပန်း စိတ်ပင်ပန်း မခံပါနှင့်။ စိတ်ချမ်းသာပျော်ရွှင်အောင် နေပါ။
**ဆောင်ရန်ရက်များ** ။ ၂၊ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၂၉။
**ရှောင်ရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၃၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ စာသင်သား ရဟန်းတစ်ပါးပါးအား ပြဿနာ်စာအုပ်(အနည်းဆုံး)တစ်အုပ် လှူဒါန်းပါ။

## စနေ

**စီးပွားအရေး** ။အလုပ်အကိုင်များ၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်မည်။ နိုင်ငံခြားသားများနှင့် ပူးတွဲဖက်စပ် ရှယ်ယာ လုပ်ကိုင်ခွင့် ရလိမ့်မည်။
**ရာထူးဝန်အရေးရာ** ။တာဝန်များ၊ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အောင်မြင်စွာ ပြီးစီး၍ လူကြီးများ၏ ချီးကျူးခြင်းကို ခံရမည်။ လုပ်ငန်းသစ်များ ထပ်မံရရှိလိမ့်မည်။
**အိမ်တွင်းအရေး** ။ မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ကောင်းမည်။ ပျော်ရွှင်ကြည်နူးဖွယ်ရာ ကာလတစ်ခု ဖြစ်ပါသည်။
**အချစ်အရေး** ။ အနေအထိုင် အပြုအမူကြောင့် ချစ်သံယစိတ်ဝင်တတ်သည်။ အနေအထိုင် အပြုအမူကို ပြုပြင်လိုက်ပါ။ သံသယများ ပြေပျောက်၍ ပျော်ရွှင်ကြည်နူးရပါလိမ့်မည်။
**ပညာအရေး** ။နိုင်ငံရပ်ခြားသို့ ပညာရေးခရီး သွားရကိန်းရှိသည်။ ရည်ရွယ်ချက်ရှိလျှင် ကြိုးစားလိုက်ပါ။ အောင်မြင်ပါလိမ့်မည်။
**ကျန်းမာအရေး** ။ လေးဖက်နာ ဖြစ်တတ်၍ နားလည်တတ်ကျွမ်းသော သမားတော်များနှင့် တိုင်ပင်ကုသပါ။
**ဆောင်ရန်ရက်များ** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၃၀
**ရှောင်ရန်ရက်များ** ။ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂
**ထီထိုးရန်ရက်များ** ။ ၄၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၆၊ ၂
**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ မွေးနေ့နံနက်(၉)နာရီ(၁၅)မိနစ်အချိန်မှစ၍ အိမ် ဘုရားရုပ်ပွားတော်ရှေ့တွင် ငါးပါးသီလခံယူ၍ "အရဟံ သိဒ္ဓိ ဘဂဝါ" ဂါထာတော်ကို အကြိမ်ခုနစ်ရာ ရွတ်ပွားပေးပါ။

***ကျန်းမာ ချမ်းသာကြပါစေ။***

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

လာဘ်ဝိတ်လျှင်

# လာဘ်ပွင့်မန္တန်

ဤသို့ စီရင်ပါ

မောင်ပယ်နီး
(အင်းတော်)





ပုထုဇဉ်များအဖို့ လိုအင်ဆန္ဒကား မည်သည့်အခါမျှ မပြည့်ဝနိုင်ပါ။ တစ်ခု ထပ်ရလျှင် နောက်ထပ်တစ်ခု ပြန်လိုလာတတ်သည်။ နိဗ္ဗာန်ခရီးသို့ သွားကြသည့် သူတော်ကောင်းများနှင့်ကား ဆန့်ကျင်ဘက်ပင် ဖြစ်သည်။

အရွတ်သည် အသားမဟုတ်မှန်း သိသော်လည်း ပုထုဇဉ်လောကီသားများအဖို့ အရွတ်ကိုကား မစွန့်နိုင်သေး။

လောကီနယ်ပယ်၌ အခြေအရုံနှင့် လိုအင်ဆန္ဒပြည့်ဝရေးသည် အမှန်ပင် လိုအပ်ပါသည်။

စာရေးသူ ယခုရေးသားတင်ပြမည့် လာဘ်အဖွင့်မန္တန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဘုရားဝတ်မပြုမီ ကိုယ်ခန္ဓာသန့်ရှင်းစေရန် ရေမိုးချိုးရပါမည်။ ရုပ်ခန္ဓာစင်ကြယ်သန့်ရှင်းပြီးသည့်အခါ စိတ်ခန္ဓာစင်ကြယ်ဖို့ လိုအပ်မည်ဖြစ်ပါသည်။

စိတ်ခန္ဓာအဖို့မူကား ဘုရားရှိခိုးဆီမီးပူဇော်ကာ ငါးပါးသီလ ဆောက်တည်ရမည်ဖြစ်သည်။

ဤသို့ ပရိကံအားဖြင့် ဆောင်ရွက်ပြီးမှ ပန်းမွှေးတိုင်ကိုညှိပြီး လက်နှစ်ဖက်နှင့် လက်အုပ်ချီလျက် (၉)ကြိမ် ရွတ်ဖတ်ပြီး ပူဇော်ပါ။

ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။
အ,ပရာဇိတပလ္လင်္ကေ၊
သီသေ ပုထု ဝိ,ပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊
အဂ္ဂပတ္တော ပမောဒတိ။

ဆိုလိုသော ပါဠိအသံထွက်

ဇယန္တော =ဇယန်တော
သကျာနံ =သက်ကျာနံ
နန္ဒိဝဍ္ဎနော =နန်ဒိဝတ်ဒနော
ပလ္လင်္ကေ =ပန်လင်ကေ
ဝိ,ပုက္ခလေ =ဝိပုတ်ခလေ
သဗ္ဗဗုဒ္ဓါနံ =သပ်ဗဗုတ်ဓါနံ

အနက်

**သကျာနံ** – သာကီဝင်မင်းတို့၏၊ **နန္ဒိဝဍ္ဎနော** – အားရနှစ်သက်ခြင်းကို တိုးပွားစေတတ်သော မြတ်စွာဘုရားသည်၊ **ဗောဓိယာ**–ဗောဓိပင်၏၊ **မူလေ**– အနီးတစ်ခွင် အ,ပရာဇိတပလ္လင်၌၊ **ဇယန္တောယထာ**– မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့၊ **ဧဝမေဝ**– ဤအတူသာလျှင်၊ (**တေ**– သင့်အား၊) **ဇယော**–ဘေးရန်ခပင်း အောင်မြင်ခြင်းသည်၊ **ဟောတု**– ဖြစ်ပါစေသတည်း၊ (**တွံ**–သင်သည်၊) **ဇယမင်္ဂလေ** – အောင်ရာအောင်ကြောင်း ကောင်းမြတ်သောမင်္ဂလာတို့ကို၊ **ဇယဿု**– ခရီးရောက်အောင်, ပြီးမြောက် လျင်လျင် အောင်မြင်ပါစေသတည်း။

**သဗ္ဗ ဗုဒ္ဓါနံ**–အလုံးစုံသော မြတ်စွာဘုရားတို့၏၊ **အဘိသေကေ**– ဗုဒ္ဓါဘိသေက ခံယူရာဌာနဖြစ်သော၊ **သီသေ**– မြေတို့၏ အထွတ်အထိပ်ဖြစ်သော၊ **ပုထု ဝိ,ပုက္ခလေ**၊ တင့်တယ်ထူးလွန် မြေမှန်မြေမြတ်ဖြစ်သော၊ **အ,ပရဇိတပလ္လင်္ကေ** – အ,ပရာဇိတမည်တွင် ပလ္လင်တော်၌၊ **အဂ္ဂ,ပတ္တော**– ထွတ်ဖျားတိုင်မြောက် ဘုရားအဖြစ်သို့ရောက်တော်မူသော ရှင်တော်မြတ်ဘုရားသည်၊ **ပမောဒတိယထာ**– အလွန် ရွှင်လန်း ဝမ်းမြောက်တော်မူရသကဲ့သို့ (**ဧဝမေဝ** – ဤအတူပင်၊ **တွံ** –သင်သည်၊ **အဂ္ဂ,ပတ္တော**– အထက်တန်းသို့ တက်လှမ်းပေါက်ရောက်သည်ဖြစ်၍၊ **ပမောဒဿု** – ဝမ်းမြောက်ပါစေသတည်း။)

ဤသို့ ဘုရားရှင်အား အမွှေးတိုင် (၉)တိုင်ဖြင့် ပူဇော်ပြီးပါက သူရဿတီမယ်တော်ကြီးအား အောက်ဖော်ပြပါ ဂါထာဖြင့် (၇)ကြိမ် ရွတ်ဖတ်ပူဇော်ပါ။

ပိဋကတ္တယ သမ္ဘုတ္တံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ။
ဝိဂ္ဃေ့မေ နိသိဒိတွာ၊ ယံဝါရေတု သူရဿတီ။

အနက်

**ပိဋကတ္တယ သမ္ဘုတ္တံ**–များစွာလုံးစုံ ပိဋကတ်သုံးပုံတို့နှင့် ပြည့်စုံတော်မူသော၊ **သဗ္ဗသိဒ္ဓိ သုခါဝဟံ**– များစွာသော သိဒ္ဓိအပေါင်းတို့ကို စွမ်းအားပိုင်ပိုင် ရွက်ဆောင်ခြင်းငှာ စွမ်းနိုင်ပေထသော၊ **သူရဿတီ**– သူရဿတီမည်ရ နာမလှုံညီး သူရဿတီ

 (စာမျက်နှာ ၂၀၀) သို့

www.burmeseclassic.com

ကျွဲ၊ နွားများအား

# ရေနွေးပူလောင်သောအနာအတွက်

မတော်တဆ ထိခိုက်မိသွားတယ် ဆိုတဲ့ စကားက အပြောလွယ် သလောက် အခံရခက်ပါတယ်။ မတော်တဆဖြစ်ခြင်း အကြောင်းအမျိုးမျိုး ရှိပါတယ်။ အမျိုးမျိုးထဲမှာမှ ရေနွေးပူလောင်ခြင်းလဲ တစ်ခုအပါအဝင် ဖြစ်ပါတယ်။

လူတွေကတော့ ခဏခဏ ရေနွေးပူလောင်တတ်ကြပါတယ်။ မိမိရဲ့ ပေါ့ဆမှုကြောင့်လဲ ပါပါတယ်၊ သူများကြောင့် ဖြစ်ရတာလဲ ရှိပါတယ်။





အသိဉာဏ်ပြည့်စုံတဲ့လူတွေတောင် ခဏခဏ ရေနွေးပူလောင်ရတာဆိုတော့ အသိဉာဏ်နည်းတဲ့ ကျွဲ၊ နွားတွေဆိုတော့ ဆိုးဆိုးဝါးဝါး ရေနွေးပူလောင်တာတွေ တွေ့ဖူးပါတယ်။

ကျွန်တော်တို့ ရမည်းသင်းမြို့နယ်က ငရုတ်သီးအတွက် ကောင်းပါတယ်။ ငရုတ်သီးတွေ မှည့်ပြီဆိုရင် အပင်က ဆွတ်ပြီး ရေနွေးဖြောရပါတယ်။

ငရုတ်သီးဆွတ်တဲ့ ရာသီရောက်ရင် အိမ်တိုင်းမှာ မိုးပြဲဒယ်ကြီးတွေနဲ့ ရေနွေးအိုးတွေ တည်ထားကြပါတယ်။ ကျွဲ၊ နွားတွေကလဲ ပြေးလိုက်လွှားလိုက်မို့ ရေနွေးအိုးတွေနဲ့ မတော်တဆ တိုက်မိပြီး ရေနွေးပူလောင်တဲ့ အနာတွေ ဖြစ်ကုန်တော့တာပဲ။

ဖြစ်ရခြင်း အကြောင်းရင်းကတော့ အမျိုးမျိုးပေါ့။ ဘာကြောင့်ပဲ ရေနွေးပူလောင်လောင် ကျွန်တော် ပြောပြချင်တဲ့ ဆေးနည်းတိုလေးက ကောင်းလွန်းလို့ပါ။

**ပထမဦးဆုံး လုပ်ရမှာက...**

'ကွမ်းစားထုံးကို စိမ်ထားတဲ့ အပေါ်ယံ အရည်အကြည်နဲ့ ဒထိရာတစ်ခုလုံးကို လိမ်းပေးပါ။

ပြီးရင် ခရမ်းချဉ်သီးအမှည့်ကို အရည်တွေ ညှစ်ထုတ်ပြီး အနာပေါ်ကို အုံပေးရပါမည်။ ဒါဆိုလျှင် ရပါပြီ။

နံနက်တစ်ကြိမ် ညနေတစ်ကြိမ်ပေါ့။ ရေနွေးပူလောင်တဲ့ အနာတွေ ပျောက်သွားပါလိမ့်မယ်။

ငွေသိန်း(တိ/မွေး/ကု )

စာမျက်နှာ (၁၉၉)မှ အဆက်

ရှင်နတ်သမီးသည်၊ **မမ မမ**– ခန္ဓာပဋ္ဌာက သမုပာကို ငါဟုခေါ်ဆို ကိုယ်ဟုသမုတ် အကျွန်ုပ်၏၊ **စီဝရွှေ**– လျှာဖျားသို့ **နိုသီဒိတ္တာ** – နေ့ရောညပါ ဘယ်ခါမလပ် အမြဲမပြတ် နေထိုင်စောင့်ကြပ်၍ မံ–ဘေးရန်လွတ်ကင်း ချမ်းသာခြင်းကို အလိုရှိသော အကျွန်ုပ်ကို၊ **ခာရေတု** – ချီမေတ္တာသွင်း နှစ်ကိုယ်ချင်း၍ ကိုယ်ချင်းယှက်ကာ ဆောင်ခြင်းပြုလိုက်ပါတော့၊ **သူရဿတီ**–သူရဿတီ သိင်္ဂီလှုံ့ညီး ရှင်နတ်သမီး။

*[ဤဂါထာတော်, ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဓိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ပန်းလှူရန်ကား နေ့သားအလိုက် အညွှန့်ပန်းများကို (၉)ညွှန့် ဘုရားလှူပါ။

| | |
|---|---|
| ၁။ တနင်္ဂနွေသား | ကံ့ကော်ပန်း |
| ၂။ တနင်္လာသား | ဖွန် |
| ၃။ အင်္ဂါသား | ခရေ့ချယား |
| ၄။ ဗုဒ္ဓဟူးသား | သပြေ |
| ၅။ ကြာသပတေးသား | သီးညွှန့် |
| ၆။ သောကြာသား | ဒန်း (သို့မဟုတ်)ဒေါနပန်း |
| ၇။ စနေသား | ဒုန်းညွှန့် |

ငွေလည်းရှင် လာဘ်လည်း ရှင်စေ ရန် ဤအစီအရင်ကို ရေးသားတင်ပြ လိုက်ရပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

မောင်ဗဟိန်း (အင်းတော်)



www.burmeseclassic.com

www.burmeseclassic.com

# ငှက်ပျောဥယျာဉ် လက်တွေ့စိုက်ပျိုးခြင်း

စလင်း ဦးကျော်

အတတ်ပညာ



ငှက်ပျောပင်စိုက်ပြီး နှစ်လနှင့် ရက်နှစ်ဆယ်တွင် တွေ့မြင်ရသော မြေကွက်

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ကုန်ခါနီးတွင် စာရေးသူသည် တစ်ရွာတည်းနေ ဦးဝင်းနှင့် စကားလက်ဆုံကြပါသည်။

ဦးဝင်းက သူ၏ ဒသမ(၄၀) အကျယ်အဝန်းရှိသော မြေကွက်ကို ငှက်ပျောပင်များ စိုက်ပျိုးပြီးသည်မှာ တစ်လခန့်သာ ကြာသေးကြောင်း ပြောပြပါသည်။

စိုက်ပျိုးပေးသော ပုဂ္ဂိုလ်များမှာ **မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မင်းရွာမှာ နေထိုင်ကြသည့် ဦးကျော်ဆန်း၊ ကိုဇော်နှင့် ကိုချစ်စိုး** တို့ဖြစ်ကြောင်း ပြောပြပါသည်။

သူတို့ ငှက်ပျောပင်စိုက်ပျိုးသောအဖွဲ့တွင် ဦးကျော်ဆန်းသည် ခေါင်းဆောင်ဖြစ်ကြောင်း ပြောပြပါသည်။

**မင်းရွာ**မှာ ပွင့်ဖြူမြို့ အရှေ့မြောက်နားရှိ မုန်းတံတားကြီး၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ တံတား၏ အရှေ့ဘက်ထိပ်မှ တောင်ဘက်သို့ သွားသော လမ်းအတိုင်း ဆင်းသွားလျှင် မင်းရွာသို့ ရောက်ပါသည်။

မင်းရွာသည် မုန်းချောင်းကမ်းပါးအမြင့်တွင် တည်ရှိပါသည်။ မင်းရွာရှိ တောင်သူများ၏ လယ်ယာကိုင်းမြေများသည် မုန်းချောင်းကိုင်းမြေများဖြစ်သဖြင့် မြေကွက်များမှာ မြေဩဇာ ထက်သန်လှပါသည်

စာရေးသူသည် ငှက်ပျောပင် စိုက်လို၍ ဦးဝင်းအား ငှက်ပျောပင် စိုက်ပျိုးပေးသော ဦးကျော်ဆန်းတို့အဖွဲ့နှင့် ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံပါသည်။ ဦးဝင်းသည် ဦးကျော်ဆန်းတို့အဖွဲ့နှင့် ဆက်သွယ်၍ တွေ့ဆုံပေးပါသည်။

ဦးကျော်ဆန်းတို့အဖွဲ့သည် ဒသမ (၅၀)ခန့်ရှိ ငှက်ပျောပင်စိုက်မည့် မြေကွက်ကို တိုင်းတာကြပါသည်။ မြေကွက်တွင် ဝင်ဆံ့မည့် ငှက်ပျောပင် ဦးရေကို တွက်ချက်ကြပါသည်။ ငှက်ပျောပင် တူးခ၊ စိုက်ပျိုးခ၊ သယ်ယူခများကို တွက်ချက်ကြပါသည်။

နောက်နေ့ စိုက်ပျိုးမည့်နေ့ကို ချိန်းဆိုပြီး ငှက်ပျောပင်စိုက်ရန် ကျင်းများ တူးကြပါသည်။ နေ့ချင်းပြီးအောင် တူးကြပါသည်၊ နောက်နေ့တွင် မင်းရွာရှိ ငှက်ပျောဥယျာဉ်ခြံများထဲမှ ငှက်ပျောပင်ငယ်များကို သားခွဲပေးကြပါသည်။

သားခွဲရသော ငှက်ပျောပင်ငယ်များကို ပုဇွန်းမှန်ထောင်ကားဖြင့် စာရေးသူ၏မြေကွက်ရှိရာ မန်ကျည်းပင်ပုရွာသို့ သယ်ခဲ့ပါသည်။

စိုက်ပျိုးမည့် မြေကွက်အတွင်းသို့ ရောက်သောအခါ ငှက်ပျောပင်ငယ်များကို နေ့ချင်းပြီး စိုက်ပျိုးပေးကြပါသည်။ စာရေးသူ၏မြေကွက်တွင် ငှက်ပျောပင်များ စိုက်ပျိုးပြီးသောနေ့မှာ (၃၀-၉-၂၀၁၆)နေ့ ဖြစ်ပါသည်။

ဦးကျော်ဆန်းတို့အဖွဲ့၏ ငှက်ပျောပင်များ စိုက်ပျိုးသော နည်းစနစ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပထမဦးစွာ ငှက်ပျောပင် စိုက်ပျိုးမည့်မြေကွက်တွင် ကောက်စိုက်သမများ ကောက်ပင်စိုက်ရန် ကြိုးတန်းဆွဲသလို မြေကွက် တည်နေပုံ အနေအထားကိုကြည့်ပြီး ကြိုးတန်းဆွဲပါသည်။

ကြိုးတန်းကို မှုသေတွားပြီး (၈)တောင်အရှည်ရှိသော ဝါးခြမ်း



www.burmeseclassic.com

www.burmeseclassic.com

နှစ်ချောင်းဖြင့် လေးထောင့်စတုရန်းကွက်များရအောင် ပန္နက်တိုင်များ ရိုက်ကြပါသည်။ **(ပုံတွင် ပြထားပါသည်။)**

ငှက်ပျောဥယျာဉ်တွင် လေဝင်လေထွက် ကောင်းအောင် ပန္နက်တစ်တိုင်လျှင် နှစ်ပင်[၂-ပင်]ကျ စိုက်ပျိုးပေးပါသည်။

ပန္နက်တစ်တိုင်လျှင် ငှက်ပျောပင် နှစ်ပင် စိုက်ဖြစ်ရန် ပန္နက်တိုင်၏ ဘေးတစ်ဖက်တစ်ချက်စီမှ တစ်ပေစီခွာ၍ ကျင်း(၂)ကျင်းစီ တူးပါသည်။

**ကျင်းအဝမှာ** အချင်း တစ်ပေခန့်ထားပါသည်။. ကျင်းအနက်မှာ လက်တစ်နှိုက်**(၂-ပေခန့်)အနက်** တူးပါသည်။

**ငှက်ပျောစိုက်ရန် ကျင်းတူးရာတွင် သတိပြုရမည်မှာ...** ငှက်ပျောကျင်းနှစ်ကျင်းကို ပန္နက်တိုင်၏ တောင်ဘက်နှင့် မြောက်ဘက်တွင် တူးပါက အခြားငှက်ပျောပင် ကျင်းများကိုလည်း တောင်ဘက်နှင့် မြောက်ဘက်တွင်သာ တူးရပါသည်။

အကယ်၍ စတင်တူးသော ငှက်ပျောပင်ကျင်း နှစ်ကျင်းကို ပန္နက်တိုင်၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် တူးပါက ကျန်ငှက်ပျောပင်ကျင်းများကိုလည်း ပန္နက်တိုင်၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင်သာ တူးရပါသည်။

သို့မှသာ ငှက်ပျောပင်များ ညီညာဖြောင့်တန်းပြီး လေဝင်လေထွက်ကောင်းပါသည်။ မည်သည့်နေရာမှ ကြည့်ကြည့် ငှက်ပျောပင်များ ဖြောင့်တန်းနေပါသည်။

ကျင်းများထဲသို့ ငှက်ပျောပင်များကို မစိုက်ခင် မြေတွင်းအောင်း ပိုးများကို ကာကွယ်သော **"ဖြူရာရမ်ဆေးမှုန့်"** များကို ကျင်းများထဲသို့ ထည့်စေပါသည်။

ဆေးထည့်ပုံမှာ ကျင်းတစ်ကျင်းလျှင် ဖြူရာရမ်ဆေးမှုန့် လက်ဖက်စားဇွန်းနှင့် တစ်ဇွန်းစီ ထည့်ပါသည်။

ကျင်းတစ်ကျင်းလျှင် ငှက်ပျောပင် တစ်ပင်ကျ စိုက်ပျိုးပါသည်။ ကျင်းထဲသို့ ငှက်ပျောပင်ကို တည့်မတ်စွာထားပြီး ကျင်း၏ ဘေးနှုတ်ခမ်းမှ မြေသားများကို ကျင်းထဲသို့ တူးရွင်းပြားဖြင့် ပတ်ချာလည်တူးဖို့ပါသည်။

ထိုဖို့မြေများအား **ငှက်ပျောပင်ကို ပတ်ချာလှည့်၍ ခြေဖြင့် နာနာနင်းပေးပါသည်။** ဤသို့ နင်းခြင်းမှာ ကျင်းအတွင်းသို့ ရေများ စိမ့်ဝင်ကာ ငှက်ပျောပင်ငယ် ခေါင်းမပုပ်စေရန်ဖြစ်သည်။

ငှက်ပျောပင်များ စိုက်ပျိုးပြီး ရက်(၂၀)ခန့်တွင် အလက်(အရွက်)များ ခြောက်သွေ့သွားပါသည်။ အပင်အပေါ်ခွံများ ခြောက်သွေ့ကာ ငှက်ပျောပင်ကလေးများ သေးလှီသွားပါသည်။ ငှက်ပျောပင်ကလေးများ သေသွားသည်ဟု ထင်ရပါသည်။

သို့သော် ငှက်ပျောပင်ကလေးများ မသေပါ။ တစ်လခန့်အကြာတွင် ရွက်နုကလေးများ ထွက်လာပါသည်။ ထိုအချိန်မှာ ငှက်ပျောပင်ကလေးများ၏ ပင်စည်အောက်ခြေကို နှစ်ပေခွဲခန့် အမြင့် ထားပြီး ဓား(သို့မဟုတ်) ထက်မြက်သော တံစဉ်တို့ဖြင့် ဖြတ်ပိုင်းပါ။ **(နှစ်ပေနှင့် နှစ်ပေခွဲခန့် အမြင့်ရှိသော ငှက်ပျောပင်တို့ကို ဖြတ်ရန်မလိုပါ။)**

ရက်အနည်းငယ်ကြာလျှင် တန်းတန်းမတ်မတ် ရှိနေသော ငှက်ပျောပင်ကလေးများမှ အရွက်အလက်ကလေးများ ညီညာစွာ ထွက်လာသည်ကို တွေ့ရပါသည်။ စိမ်းစိုလှပသော ငှက်ပျောဥယျာဉ်လေး၏ အသွင်ကို ဆောင်နေပါသည်။

အဖွဲ့ခေါင်းဆောင် ဦးကျော်ချစ်နိုး ပြောပြသည်မှာ...

'ငှက်ပျောပင်များမှာ အလက်ခြောက်များ တွေ့ရင် လက်ဖြားနဲ့ ဆွဲမချတ် မဖြတ်ပါနဲ့။ အပင်နာတတ်ပါတယ်။ ငှက်ပျောလက်ခြောက်များကို ရိတ်ဖြတ်ရာမှာ တံစဉ်ကို အသုံးပြုပါ။

ငှက်ပျောလက်ခြောက်ကို ဘယ်ဘက်လက်နဲ့ကိုင်ပြီး တံစဉ်ကို ညာဘက်လက်ဖြင့် ကိုင်ပါ။ တံစဉ်ကို အောက်မှ အထက်သို့ အလိုက်သင့်လှန်ပြီး ရိတ်ဖြတ်ပါ။(ငှက်ပျောပင် မနာစေရန် ဖြစ်ပါတယ်။)

ငှက်ပျောပင်များ ရေလိုပါက ရေသွင်းပေးပါ။ ကန်သင်းပေါင် မရှိပါက ရေစုပ်စက်နဲ့ ရေမှုတ်ပေးပါ။ ရေသွင်းတဲ့အခါမှာ ရေမအိုင်ဖို့ သတိပြုရမှာ ဖြစ်ပါတယ်။

ကုန်းကြော ရေမတင်သောနေရာဟာ အပင်သန်ပြီး ရေဝပ်သော နေရာက ငှက်ပျောပင်တွေဟာ အပင်ဝါတာတို့ အပင်အဖြစ်နေးတာတို့ ဖြစ်နေတာကို တွေ့နိုင်ပါတယ်။

ပေါင်းမြက်သင်တဲ့အခါမှာ ပေါက်တူးနဲ့ပဲရှင်းရှင်း၊ ထွန်ထယ်တို့နဲ့ပဲရှင်းရှင်း စိတ်ကြိုက်ပြုလုပ်လို့ ရပါတယ်။

ငှက်ပျောဥယျာဉ်အတွင်းမှာ ပဲပင်လို အပင်ငယ်များကို ကြားညှပ်စိုက်ပျိုးလို့ ရပါတယ်။ ပြောင်းပင်၊ နေကြာပင်လို လင်းရိပ်ကျစေတဲ့ သီးနှံပင်တွေကိုတော့ စိုက်ပျိုးခြင်း ရှောင်ပါ။ ငှက်ပျောပင် အဖြစ်နေးပါတယ်။ ငှက်ပျောပင်များ ချည့်နဲ့တတ်ပါတယ်။

မြေဩဇာ ထက်သန်တဲ့ မုန်းချောင်းတိမ် ကိုင်းမြေများမှာ ငှက်ပျောဥယျာဉ် စိုက်ပျိုးကြရင် မြေအခြေအနေကို ကြည့်ပြီး ပန္နက်တိုင်ကို အစိတ်အကျဲ သင့်တော်သလို စိုက်ပျိုးပေးပါတယ်။






www.burmeseclassic.com


www.burmeseclassic.com

(၈)တောင် လေးထောင့်စတုရန်းကွက်တွင် ငှက်ပျောကျင်းများ တည်နေပုံ








ငှက်ပျောပင်များ စိုက်ပျိုးမည့်မြေကွက်တွင် (၈)တောင် အရှည်ပတ်လည် စတုရန်းလေးထောင့်ကွက်များဖြစ်အောင် ပန္နက်တိုင်များ ရိုက်ထားပုံ




ပန္နက်တိုင်တစ်ခု၏ တစ်ဖက်တစ်ချက်တွင် တူးထားသည့် ငှက်ပျောကျင်း(၂)ကျင်းတည်ပုံ




ငှက်ပျောကျင်းတစ်ကျင်း၏ တည်နေပုံအနေအထား




ပန္နက်တိုင်အကွာအဝေးကို အချို့မြေကွက်များမှာ ပန္နက်တိုင်ကို တစ်တိုင် တစ်တိုင် (၉)တောင်ခြားပြီး စိုက်ပေးပါတယ်။ အချို့မြေများကို (၁၀)တောင်၊ (၁၁)တောင်၊ (၁၂)တောင် စသဖြင့် မြေသြဇာ ထက်သန်မှုကိုကြည့်ပြီး ငှက်ပျောပင်ကို စိုက်ပျိုးပေးပါတယ်။

ငှက်ပျောပင်တွေ သားတက်တွေ လိုက်လာတဲ့အချိန်မှာ ငှက်ပျောပင်ကြီး တစ်ပင်မှာ အသန်ဆုံး သားတက် (၂)ပင်သာ ချန်ထားပါ။ **ကျန်တဲ့ သားတက်တွေကို တူးဆွပြီး ဖြတ်ထုတ်ပစ်ပါ။** ဒါမှ ငှက်ပျောခိုင်မှာ အဖီးများများ ကျမှာ ဖြစ်ပါတယ်။

သားတက်ကို မဖယ်ထုတ်ဘူးဆိုရင် ငှက်ပျောခိုင်မှာ အဖီးကျ နည်းမှာပါ။ ရှေးဘိုးဘွားတို့ရဲ့ ဓလေ့ထုံးစံ နည်းစနစ်အရ ငှက်ပျောခြံတစ်ခြံ စိုက်ပျိုးပြီဆိုရင် ခြံရဲ့ ထောင့်တစ်ထောင့်မှာ **သူငယ်ငှက်ပျောပင် စိုက်ပျိုးပေးပါတယ်။**

အဲဒီလို စိုက်ခြင်းဟာ "**ခြံထိန်း**" တယ်။ ခြံကို စည်ပင်အောင် ထိန်းသိမ်းစောင့်ရှောက်တယ်လို့ သက်ကြီးစကား သက်ငယ်ကြားကာ မှတ်သားခဲ့ရပါတယ်'

***တစ်သက်လုံး ပျော်ရွှင်လိုက ဥယျာဉ်စိုက်ပျိုးပါ။***

**စလင်း ဦးကျော်**



www.burmeseclassic.com

www.burmeseclassic.com

(၁၂)လရာသီ နက္ခတ်ဓာတ်စာ



# တပို့တွဲလ

## ကုံရာသီ (Aquarius)

# နက္ခတ်ဓာတ်စာ

### ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ

ဆရာ ဇင်ချမ်းသာ

ကုံရာသီ တပို့တွဲလ ပေါက်လဲတို့ ဝေဆာပွင့်ဖူး ထူးတဲ့ရာသီဦးမယ် ရွှေစေတီ မြို့ပွဲနဲ့ အရုဏ်ဦး အလှူ ထမနဲ ဆွမ်းကပ်လှူပွဲ ကျင်းပလေမြဲ။

မြန်မာ့(၁၂)လ ရာသီခွင်မှာ တပို့တွဲလနှင့် ထမနဲပွဲ ခွဲ၍မရအောင် လိုက်ဖက်ညီလှသည့် ချစ်စရာ့မြန်မာ့ ဓလေ့ရိုးရာ အစဉ်အလာတစ်ခုအဖြစ် ဖော်ညွှန်းပြနေသည့် လရာသီ ဖြစ်ပေသည်။

မူလ ရာသီအိမ်ရှင် ဝါယောဓာတ်ကို အားဖြည့် ထောက်ကူပေးသည့်အနေဖြင့် **ကောက်ညှင်း၊ အုန်းသီးစိတ်၊ နှမ်း၊ ချင်း၊ မြေပဲ၊ ပဲဆီ၊ နှမ်းဆီစသည်**တို့ဖြင့် မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာ အမြင်နှင့် စီမံလိုက်သည့် ဆေးဖက်ဝင် ရာသီစာ **ထမနဲ**သည်...

**တေဇော၊ ပထဝီဓာတ်စာ**ဖြစ်၍ စားသုံးသူတို့၏ ရုပ်ခန္ဓာကိုယ်မှာ မူလရာသီ အိမ်ရှင်ဓာတ်ဖြစ်သော **ဝါယောဓာတ်ကို** ပံ့ပိုးအားဖြည့်ပေးခြင်းကြောင့်...

အလွန်အေးမြလှသည့် ဆောင်းလရာသီ တပို့တွဲမှာ ခန္ဓာကိုယ်တွင် သွေး၊ လေ၊ လှုပ်ရှားမှုကို အားကောင်းလာပြီး အခိုးပွင့်၍ ကျန်းမာရေးကို အလွန်အထောက်အကူ ပြုစေပါသည်။

"**နှာရည်ယိုရွဲ တပို့တွဲ**"ဟု ဆိုထားသည်ကို ဟန့်တားပေးနိုင်စေပြီး အအေးမိ၍ နှာစေး၊ နှာရည်ယို နှာခေါင်းပိတ်ခြင်းတို့ကို သက်သာပျောက်ကင်းစေသည့် ရာသီစာ ဆေးဖက်ဝင်ဓာတ်စာ "ထမနဲ"ဖြစ်ပေသည်။

အရသာ စား၍ ကောင်းမွန်ပြီး ရောဂါပျောက်စေခြင်းကြောင့် တပို့တွဲလတွင် လူတိုင်း ထမနဲကို မဖြစ်မနေ စားကြပါသည်။





**ကုံရာသီ တပို့တွဲလတွင် ပန်းနာရင်ကျပ်၊ အဆုတ်ပွရောဂါ၊ ထိခိုက်နာ ရောဂါအခံရှိသူများ အထူး သတိပြု နေထိုင်ရမည့် လရာသီဖြစ်သည်။**

သို့ဖြစ်၍ ရာသီအလိုက် ဓာတ်အကျိုက် နေထိုင်စားသောက်နိုင်ကြစေရန်အတွက်...

### ရှောင်ကြဉ်ရမည့် အစားအစာများ

မူလ ဝါယောလေဓာတ်ကို အကျဉ်းကျ ပျက်ပြားစေနိုင်သော အဖန်,အချပ်ဓာတ် လွန်ကဲသော အစားအစာများကို အထူးဆင်ခြင်၍ စားသုံးရပါသည်။

မန်ကျည်းသီးအနု၊ သရက်ရွက်နု၊ ကြက်ပေါင်သီး၊ ပိန္နဲသီးအနု၊ ကိုင်းဥ၊ အင်ဥ၊ တောင်ပို့မှို၊ ဘဲသား၊ ဘဲဥ၊ ငါးပြေမ၊ ကဘီလူးငါး၊

ငါးဖရုံငါး၊ ကလောဥ၊ ကင်းပုံခါး၊ ကြိမ်ခါးဖူး၊ ငှက်သီး၊ သခွားရွက်နု၊ ရွှေဖရုံသီး၊ ကြက်ဟင်းခါးသီး စသည်တို့ကို ရှောင်ကြဉ်ရပါမည်။

### ကျန်းမာရေးအတွက် အကျိုးပြု ဆေးဖက်ဝင် စားသုံးသင့်သည့် အစားအစာများ

#### အသီးအရွက်

ဂုံမင်း၊ ဇရစ်ရိုး၊ မြက်ကြက်သွန် မာလာဖူး၊ နနွင်းဖူး၊ ခံတက်ချဉ် ဟင်းဂလာချဉ်၊ တော်သလင်း ကဒတ်ဥ၊ စိန္နဘော်ညွှန့်၊ ကြာဟင်း ရွက်၊ သပွတ်ညွှန့်၊ ဂေါ်တခါးညွှန့်

ပဲနီလေး၊ ပဲလိပ်ပြာ၊ ကုလား ပဲစင်းငုံ၊ ချဉ်ပေါင်၊ သခွတ်ပွင့် ပွင့်၊ ပေါက်ပန်းဖြူ၊ ညက်ပွင့်၊ ဥသျှ



www.burmeseclassic.com

www.burmeseclassic.com

ရွက်၊ ဆန်ဆေးရွက်၊

မြင်းခွာရွက်၊ ကြိတ်မှန်ရွက်၊ ကန့်ချုပ်နီ၊ ခရမ်းသီး၊ မြေပုံသီး၊ မရွသီး၊ ကန်စွန်းရွက်၊ ကနဖော့၊ လယ်ပတူ၊ ပုစွန်စာရွက်၊ ပင်စိမ်းရွက်၊ ဖက်ဖယ်ရွက်၊ ပျဉ်းတော်သိမ်ရွက် စသည်တို့ကို စားသုံးပေးနိုင်ပါသည်။

## အသားငါး

ကြက်သား၊ ငုံး၊ ခါ၊ ချိုး၊ ငုံးသား၊ စာကလေး၊ ယုန်သား၊ အမဲကျပ်တိုက်ခြောက်၊ ပြောင်သား၊ ဆတ်သား၊ ဒရယ်သား၊ တောဝက်သား၊ ပွေးသား၊ ဖြူသား၊ ဆိတ်သား၊ သိုးသား၊

ငါးဖောင်ရိုး၊ ငါးခွေးလျှာ၊ ကကူရံ၊ ကသပေါင်း၊ ကသမျှင်၊ ကကတစ်၊ ငါးကြင်းဖြူ၊ ရွှေစရေးငါး၊ ငါးရှဉ့်ကျပ်တိုက်ကင်၊ ငါးရံ့ခြောက်၊ ငါးနုသန်း၊

ငါးခူ၊ ငါးကျည်း၊ ငါးစင်ရိုင်း၊ ပင်လယ်ငှက်မျှော့၊ ငါးလိပ်စွန်၊ ကင်းပွန်၊ ပြည်ကြီးငါး စသည်တို့ကို စားသုံးနိုင်ပါသည်။


## အချဉ်သီး

ရှောက်သီး၊ သံပရာသီး၊ ကင်ပလင်းချဉ်ရွက်၊ ညောင်ချဉ်ဖူး၊ ဇင်ပြွန်းသီး၊ ရေငန်းသီးချဉ်၊ မရန်းသီး၊ မန်းကျည်းမှည့်၊ ပအုန်းရည်၊ ထန်းရည်၊ ခါးအချဉ် စသည်တို့ကို အသုပ်ဟင်းပွဲများတွင် ထည့်သွင်းအသုံးပြုနိုင်ပါသည်။

## အထူးသဖြင့်

ကုံရာသီ **တပို့တွဲလတွင် နှာစေး၊ နှာမွန်၊ နှာရည်ယို၊ အအေးမိ၊ အဆုတ်ပွ၊ ရင်ကျပ် ရောဂါများ ခံစားခဲ့ရသော်...**

နံ့သာဖြူနှင့် ဇတိပ္ဖိုလ်သီးအဆန်ကို သွေးပြီး နဖူးနှင့် နှာတံတစ်ပိုက်ကို မကြာခဏ



လိမ်းပေးပါ။

## သောက်ဆေးအနေဖြင့်

လေးညှင်း(၁၂)ပွင့်၊ နာနတ်ပွင့်(၁၂)ပွင့်ကို ရေ ၆၀၀-ml ထည့်ပြီး ထက်ဝက်ခန့်ကျိုပြီး တစ်နေ့(၃)ကြိမ်၊ အကြမ်းပန်းကန်(၁)လုံးခန့် သောက်ပေးခြင်းဖြင့် သက်သာစေနိုင်ပါသည်။

## ကုံရာသီ တပို့တွဲလ

## မိသားစု ကျန်းမာရေး

## ထမင်းပွဲအတွက် ဆေးဖက်ဝင်

## ဓာတ်စာ ဟင်းစပ်အတွဲများ

## [(၇)ရက်(၁)ပတ်စာ ဟင်းပွဲများ]

**၁။ ငါးခူစဉ်းကော ရဲယိုရွက်ဆီပြန်ချက်**

▲ ခံတက်ချဉ်သုပ်၊

▲ ပဲနီလေးဟင်းချို၊

▲ ငရုတ်သီးဆားထောင်း ဆီဆမ်း

**၂။ ငါးနုသန်းကြော်နှပ် ငရုတ်သီးစပ်ကြော်**

▲ ခရမ်းသီးမီးဖုတ်သုပ်၊

▲ မဲဇလီဟင်းချို၊

▲ ငါးခူငါးပိကောင်, ဗာလချောင်ကြော်၊

**၃။ ဝက်သားသစ်တိုသီးချက်**

▲ မြင်းခွာရွက်သုပ်၊

▲ ချဉ်ပေါင်မှန်ရောင်ဟင်းချို၊

▲ ငါးပိရည်ကျို တို့စရာအစုံ

**၄။ ငါးရံ့ဒန့်သလွန်သီးအချဉ် ဆီကျန်ရေကျန်ချက်**

▲ ဟင်းဂလာချဉ်ကြော် *(ဝက်သားထည့်ကြော်)*

▲ ကန့်ချုပ်နီဟင်းခါး၊

▲ ပူဒီနာငရုတ်သီးဆားထောင်း၊

**၅။ ငါးပုပ်ခြောက် အာလူးကုလားဟင်း အရည်ချက်**

▲ ဝက်သားမုန်ညင်းချဉ်ကြော်၊

▲ ကင်ပွန်းချဉ်ရွက်ဟင်းချို၊

▲ ရခိုင်ငါးပိထောင်း၊

**၆။ ငါးစင်ရိုင်းဆိုးကပ်ချက်**

▲ ရှောက်သီးသုပ်၊

▲ ဖလံတောင်ဝှေးကြော်ချက်၊

▲ ငရုတ်သီး တောင်လုံးကြော် ဆားဖြူး၊

**၇။ ဆိတ်ကလီစာ မဆလာဗိန်ချဉ်နှပ်ချက်**

▲ ယိုးဒယားချဉ်စပ်ဟင်းချို၊

▲ သရက်သီးအချဉ်သုပ်၊

▲ ပုစွန်ခြောက် ဗာလချောင်ကြော်

## အချိုပွဲ

ထမနဲ၊ ကရေကရာ၊ ဟာလဝါ၊ ကျောက်ကျော၊ မြေပဲယို၊ ငှက်ပျောသီးပေါင်း၊ ကျောက်ဖရုံယို၊ စပျစ်သီးခြောက်၊ သီဟိုဠ်စေ့ကြော် စသည်တို့ကို တွဲဖက်၍ အချိုပွဲ တည်ခင်းစားသုံးနိုင်ပါသည်။

ယခု တင်ပြခဲ့သော (၇)ရက်(၁)ပတ်စာ ဟင်းစပ်အတွဲများသည် ကုံရာသီ တပို့တွဲလအတွက် ရာသီအလိုက် ဓာတ်အကြိုက် ဆေးဖက်ဝင် ကျန်းမာရေး အကျိုးပြု **"နက္ခတ်ဓာတ်စာ ဟင်းလျာ"**များ ဖြစ်ကြပါသည်။

***စားသမျှ ဆေးဖက်ဝင်၍ ကျန်းမာကြပါစေ။***

**ဆရာ မင်းချမ်းသာ**



www.burmeseclassic.com


www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ ＊ ＊ ＊



ယခုလအတွက် နံပါတ်(၁)နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသက်(၃၀) ကျော်၊ မကွေးဒေသခံ အမျိုးသား တစ်ဦး ဖြစ်ပါသည်။

**၁၃၃၇ ခုနှစ်၊ တပို့တွဲလ၊ တနင်္ဂနွေ** ဖွားဖြစ်ပြီး **"အေးမြင့်"** ဆိုသော နာမည်နှစ်လုံးတွဲကို မြန်မာအက္ခရာစာလုံးဖြင့် လက်မှတ်ရေးထိုးထားခြင်း ဖြစ်သည်။

**လက်မှတ်ပုံသဏ္ဌာန်ညံ့ပါသည်။ ခွက်ချောက်သင်္ကေတ၊ အမှားသင်္ကေတတို့ကြောင့် ဘာပဲလုပ်လုပ် ချောင်မကောင်းခြင်း၊ ထွက်ခွာများခြင်း၊ အစကောင်း၍ နောက်ပိုင်း အမှားအယွင်း လုပ်မိပြီး အညံ့အနှာက် ဆုံးရခြင်း ဖြစ်တတ်သည်။**


မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်နှင့် ဝုဒ္ဓိစဉ် ချကြည့်လျှင်...

＊ ＊ ＊ [နံပါတ်–၁]

တနင်္ဂနွေရာဇဖွားဖြစ်၍ **တနင်္ဂနွေ+ကြာသပတေး**နာမည်မှာ **ရာဇ+သိုက်**ဖြစ်၍ **ဣန္ဒ + ဣန္ဒ** ဖြစ်သော်လည်း ပက္ခမိခြင်း နာမက္ခရတိုင်စဉ်မှာ ဝုဒ္ဓိမှား ဖြစ်၍ နာမည်ပေးမှားပါသည်။ ညံ့ပါသည်။

ဤနာမည်မျိုးတွင် **နာမည်နှစ်လုံးတွဲ လက်မှတ်မထိုးသင့်ပါ။**နာမည်အစ မွေးနံ တနင်္ဂနွေရာဇဌာနရှိ **"အေး"**ကိုသာ လက်မှတ် ရေးထိုးသင့်ပါသည်။


＊ ＊ ＊



"သဝေထိုး"ကို ငွေအိတ်ပုံ တည့်တည့်လှလှ ကြီးကြီးဆွဲ၊ အညွှန့်တိုတို ထားသင့်သည်၊ လက်မှတ်အောက်က မျဉ်းမသားရပါ။



၂။ ＊ ＊ ＊



ယခုလအတွက် နံပါတ်(၂)နေရာတွင် ရွေးချယ်ပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ ပြင်ဦးလွင်ဒေသမှ အသက်သုံးဆယ်ခန့် အသားဖြူဖြူ အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

**"ဆွေဆွေမြင့်"** ဆိုသော နာမည်သုံးလုံးမှ နောက်ဆုံးစာလုံးကို အင်္ဂလိပ်အက္ခရာဖြင့် လက်မှတ်ရေးထိုးထားခြင်းဖြစ်သည်။

**ထိုးမြဲလက်မှတ်ပုံသဏ္ဌာန် မကောင်းပါ။ ခွက်ချောက်သင်္ကေတ၊ အိတ်ပေါက်သင်္ကေတ၊ အမြိုင်သင်္ကေတ ကြာရှည်သင်္ကေတတွေကြောင့် စီးပွားရေး မကောင်းတတ်ဘူး။**

နံပါတ်–၁

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၀ | |
| ၂ | ૭ | ၁ ＊ |
| ၆ | ၃ | ၄ |

(မူလမဟာဘုတ်ခွင်)

| | |
|---|---|
| ၂ | |
| ၁ | ၀ |
| ၆ | ၅ |
| ၄ | ၃ |

(နာမက္ခရတိုင်စဉ်)

၅ ၆ ၀ (၁) ၂ ၃ ၄

(ဝုဒ္ဓိစဉ်)




www.burmeseclassic.com

www.burmeseclassic.com

၁၃၄၉ ခုနှစ်၊ တပေါင်းလ၊ အင်္ဂါဖွား ဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရ တိုင်စဉ်တွေ ချကြည့်လျှင်...

* * *[နံပါတ်-၂]

၃။ * * *



| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃* |
| ၁ | ၅ | ၆ |

(မူလမဟာဘုတ်ခွင်)

နံပါတ်-၂

| | |
|---|---|
| ၄ | |
| ၃ | ၂ |
| ၁ | ၀ |
| ၆ | ၅ |

(နာမက္ခရတိုင်စဉ်)

အင်္ဂါရာဇဖွားဖြစ်သူကို **အင်္ဂါအစ၊ ကြာသပတေးအဆုံး** နာမည်ပေးထားတယ်။ **ရာဇ+ဘင်္ဂ=ဣဋ္ဌ+အနိဋ္ဌ** ဖြစ်ပြီး နာမက္ခရတိုင်စဉ် မှားနေတယ်။

အင်္ဂါနံအစစာလုံးကို ကြာသပတေး ဘုမ္မိဂြိုဟ်အုပ်ထားတာလဲ မကောင်းပါဘူး။ ထိုးမြဲလက်မှတ် ရွေးထိုးထားတာလဲ ဘင်္ဂ(အပျက်)ဌာနက စာလုံးလဲဖြစ်၊ အမည်းရောင်နှစ်သက်တဲ့ "ဖို+မ" အက္ခရာလဲဖြစ်လို့ အချစ်ရေး၊ အိမ်ထောင်ရေးပါ ညံ့နိုင်တယ်။

ဒီနာမည်မျိုးမှာ နာမည်အစ စာလုံး "ဆွေ"ကိုသာ လက်မှတ် ရွေးထိုးသင့်ပါတယ်။

* * *



ပြည်ပနိုင်ငံခြားမှာ သွားရောက်လုပ်ကိုင်ဖို့ ကြိုးစားနေသူဖြစ်လို့ အောက်ခြေလုံး ငွေအိတ်ပုံနဲ့ အညွန့်နေရာမှာ ပွင့်ဖတ်သုံးခုပါတဲ့ ပန်းပွင့်ပုံကို လေယာဉ်က ဒလက်ပုံလေး ဆွဲပေးသင့်ပါတယ်။

တတ်သည်။

မူလမဟာဘုတ်ခွင်နှင့် နာမက္ခရ တိုင်စဉ်ချကြည့်လျှင်...

* * * [နံပါတ်-၃]

ကြာသပတေး မရဏဖွားကို **ကြာသပတေး+တနင်္လာ+ တနင်္ဂနွေ =မရဏ+ဘင်္ဂ+အထွန်း= အနိဋ္ဌ+ အနိဋ္ဌ+ဣဋ္ဌ** နာမည်ဖြစ်သည်။

အနိဋ္ဌ(၂)လုံးပါနေ၍ နာမည်သိပ် မကောင်းပါ။ အညံ့များနေသည်။ လက်မှတ်ရွေးထိုးရာတွင်လည်း ဘင်္ဂ ဌာနမှ တနင်္လာနံသင့် အက္ခရာစာလုံး

နံပါတ်-၃

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅* | ၂ | ၃ |

(မူလမဟာဘုတ်ခွင်)

| | |
|---|---|
| ၁ | |
| ၀ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

(နာမက္ခရတိုင်စဉ်)


ယခုလအတွက် နံပါတ်(၃)နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ မွန်ပြည်နယ်၊ ရေးမြို့မှ အသက်(၄၆)နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ပါသည်။

**၁၃၃၂ ခုနှစ်၊ တော်သလင်းလ၊ ကြာသပတေးသားဖြစ်ပြီး** နာမည် **"မိုးကျော်အောင်"**ဖြစ်သည်။ နာမည်အလယ်စာလုံးနှင့် နောက်ဆုံးစာလုံးကို နှစ်လုံးတွဲ လက်မှတ်ရွေးထိုးထားခြင်း ဖြစ်သည်။

လက်မှတ်ပုံသဏ္ဌာန် သိပ်မညံ့ပါ။ သို့သော် အစစာလုံး **"ကျော်"** တနင်္လာကို အဆုံးစာလုံး**"အောင်"** တနင်္ဂနွေအုပ်ထားခြင်းက မကောင်းပါ။ ကြိုးစားသလောက် ခရီးမရောက် ဖြစ်ကိုအစထား၍ လက်မှတ်ထိုးခြင်း မကောင်းပါ။

ဤနာမည်မျိုးတွင် နာမည် နောက်ဆုံးစာလုံး "အောင်"ကိုသာ လက်မှတ်ရွေးထိုးသင့်ပါသည်။

* * *



"သဝေထိုး"ကို ငွေအိတ်သင်္ကေတ တည့်တည့်လှလှဆွဲရမည်။

***ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ။ အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီးဦးအောင်မြင့်(ဥပဒေဗွေ့)**
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# သွေးချို ဆီးချို အတွက်



## ဆေးကောင်းတစ်လက်

သရာဦးစန်းယု (ခေတ်မီအဘိဓမ္မာတောင်သာ)

သွေးချို ဆီးချိုနှင့် ပတ်သက်၍ သွေးချို ဆီးချို ဝေဒနာရှင်များအတွက် ဆေးမြီးတို ဆောင်းပါးတစ်ပုဒ်အဖြစ် ဖော်ပြလိုက်ရပါသည်။

သွေးချို ဆီးချို ဝေဒနာရှိသူတို့သည် အခြားသော ရောဂါများ ဝင်ရောက်နှိပ်စက်တတ်သောကြောင့် ရောဂါပေါင်းစုံတို့၏ စုပေါင်းရာ ဗဟိုဌာနဟု ပြောဆိုလျှင်လည်း မှားမည်မထင်ပါ။

ဆီးချို သွေးချို ဝေဒနာ ရှိခြင်းကြောင့် အစားအသောက် အနေအထိုင်မှစ၍ စား၍ကောင်းသော ချိုဆိမ့်အရသာ ဟူသရွေ့ကို ရှောင်ကြဉ်ရပါသည်။

ထို့ကြောင့် စာရေးသူအနေနှင့် မိမိတတ်စွမ်းသည့်ဘက်က တတ်နိုင်သရွေ့ လက်တွေ့ ပျောက်ကင်းသော တိုင်းရင်းဆေးမြီးတိုများကို ရှာဖွေစုဆောင်းပြီး စာရှုသူ ပရိတ်ထံသို့ အကျိုးရှိရှိ အသုံးပြုနိုင်စေရန် စေတနာမေတ္တာ ရှေ့ထား၍ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**သွေးချို ဆီးချို ဆေးမြီးတိုမှာ...**

ခရုဖင်ချွန်းခုနစ်လုံးကို ရအောင် ရှာ၍ ရရှိပါက ယင်းခရုဖင်ချွန်းကို အိုးတစ်လုံးမှာထည့်ပြီး ရေနှင့် မိနစ်လေးဆယ်,ငါးဆယ်ခန့် ပြုတ်လိုက်ပါ။

ပြုတ်ပြီးသော ခရုဖင်ချွန်းကို အေးသွားသောအခါမှသာ ယင်းခရုဖင်ချွန်း ပါးစပ်နှင့် ဝမ်းထဲမှ အဆန်များကို ထုတ်ပစ်လိုက်ပါ။

ခရုဖင်ချွန်းပါးစပ်နှင့် ဝမ်းထဲမှ အသားစနှင့် အဆန် ထုတ်ပြီးသောအခါမှာ ယင်းခရုဖင်ချွန်း ပါးစပ်အတွင်းထဲသို့ လူ၏ဆံပင် အပြည့်ထည့်လိုက်ပါ။

သိပ်ထည့်လိုက်ပြီးသော ခရုဖင်ချွန်းကို အိုးသေးသေးမှာဖြစ်စေ၊ လုံသေးသေးမှာဖြစ်စေ ထည့်သွင်းပြီး ခရုဖင်ချွန်းကို မီးကျွမ်းအောင် ဖွဲမီးမှာဖြစ်စေ၊ မီးသွေးမီးမှာဖြစ်စေ ဖုတ်ရပါမည်။

မီးဖုတ်ပြီး၍ မီးကျွမ်းသွားသော ခရုဖင်ချွန်းကို နူးညံ့သွားအောင် အမှုန့်ကြိတ်၍ ထားရပါမည်။

ဆေးကို သောက်လိုသောအခါမှာ မီးဖုတ်၍ **မီးကျွမ်းသွားသော ခရုဖင်ချွန်းတစ်လုံးအမှုန့်နှင့် သံပရာသီးအရည်နှင့် ရောစပ်၍ အဆာရပ်သောအခါမှာ သောက်ရမှာ ဖြစ်ပါသည်။**

တစ်ရက်လျှင် ခရုဖင်ချွန်း အကြီးတစ်လုံးနှင့် သံပရာသီး အရည်တစ်လုံးနှုန်းထားဖြင့် ဆေးသောက်ရမှာ ဖြစ်ပါသည်။ (၅)ရက်မှ (၇)ရက်အထိ ဆေးဆက်၍ သောက်ကြည့်ပြီး သွေးချို ဆီးချိုကို ပြန်၍ စစ်ကြည့်လိုက်ပါ။ သွေးချို ဆီးချို မကျသေးပါက နောက်ထပ်(၂)ပတ်လောက် ဆေးပြန်၍ သောက်ကြည့်ပါ။

ဆေးသောက်စဉ် ကာလအတွင်း၌ အချိုရည်မျိုးစုံများ၊ အချိုဓာတ် ပါရှိသော အစားအသောက်များ၊ အထူးသဖြင့် သရက်သီးမှည့်၊ ပိန္နဲသီး၊ ဒူးရင်းသီး၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ ကြက်မောက်သီးနှင့် ဂေါက်ညှင်းများကို ရှောင်ကြဉ်ရပါမည်။

**မှတ်ချက် ။ ။ ခရုဖင်ချွန်းသည် အမည်းရောင်၊ အနက်ရောင်ရှိ၍ အခွံထူပါသည်။ အရွယ်အစားမှာ အကြီးဆုံးမှာ လက်မသာသာ ရှိပါသည်။ ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ အိမ်မဲ့မြို့နယ် အသီးသီးမှ မြစ်ချောင်းများ၏ ကမ်းနဖူး [illegible]မ်းစပ်တွင်**

စာမျက်နှာ (၂၉၄) သို့



www.burmeseclassic.com

www.burmeseclassic.com

# ရွှေပေါ်ကျွန်းဆရာတော်ကြီး၏

## နောက်ဆုံးစကား

မြတ်လူထက်

အလုပ်မည်မည်ရရ မရှိသဖြင့် ဘုရားခန်းရှိ ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာ ရေးသားခဲ့သည့် **''ပါရမီစခန်းပညာလမ်း''** စာအုပ်ကို ပြန်လည်ဖတ်ရှုနေမိသည်။

ကျွန်တော် ငယ်စဉ် အထက်တန်းကျောင်းသားဘဝကပင် ဗိုလ်တာရာ၏ တောင်တန်းကေရီ၊ ဂူနန်းရှင်၊ ကတိသစ္စာနှင့် ပါရမီစခန်း ပညာလမ်း စာအုပ်များကို ဖတ်ရှုခဲ့ရပြီး လွန်စွာ စိတ်ဝင်စား နှစ်မြို့ခဲ့သည်။

ဗိုလ်တာရာသည် ကျွန်တော့်ကို ပါရမီလမ်းကြောင်းပေါ်သို့ ''ကတိသစ္စာ''စာအုပ်ဖြင့် သွယ်ဝိုက်တွန်းတင်ပေးခဲ့သည်။

ထိုစာအုပ်၏ ကျေးဇူးကြောင့် ကျောင်းသားဘဝတွင် လွန်မြောက်၍ စီးပွားရေးနယ်ပယ်သို့ ရောက်လာသည့် အချိန်မှစပြီး ဘာသာရေး၌ စိတ်ပါဝင်စားစွာ ဆောင်ရွက်လုပ်ကိုင်လာခဲ့သည်။

သို့သော် နည်းလမ်းညွှန်ပြသည့် ဆရာသမား မရှိဘဲ ကြားဖူးနားဝဖြင့်သာ ဘာဝနာခန်း၊ ပါရမီလမ်းတို့ကို စမ်းတဝါးဝါး လုပ်ဆောင်ခဲ့ရသည်။

ထို့ကြောင့် သာသနာပြုလုပ်ငန်းတွင် ထင်ရှားကျော်ကြားနေကြသည့် ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ကြီးများကို စိတ်ဝင်စားသည်။ ထိုပုဂ္ဂိုလ်ကြီးများ ရှိရာသို့ သွားရောက်လေ့လာဆည်းပူးလိုသည်။

ဗိုလ်တာရာ၏ ကတိသစ္စာစာအုပ်ကို



ရွှေပေါ်ကျွန်းဆရာတော်ကြီးအား


ပျံလွန်တော် မမူမီ သုံးရက်အလိုခ ဖူးတွေ့ရစဉ်

ဖတ်ရှုရချိန်တွင် စမတောင်၌ အဖေ့နှင့် အဖေလူတို့မှာ မရှိကြတော့။

သို့ဖြစ်၍ ရင်းနှီးသူတစ်ဦး၏ လမ်းညွှန်ကျေးဇူးပြုမှုဖြင့် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်တွင် သာသနာပြုနေသည့် ရွှေပေါ်ကျွန်းဆရာတော်ကြီးထံမှောက်သို့ ရောက်ရှိကာ အန္တေဝါသိက တပည့် ဖြစ်လာခဲ့ရသည်။

ဆရာတော်ကြီး၏ ညွှန်ကြားသွန်သင်မှုကြောင့် ပါရမီလမ်းကြောင်းကို လျှောက်လှမ်းတတ်လာသည်။

www.burmeseclassic.com



မုန်မသိုး ကျန်ရစ်သည့် ရွှေပါကျွန်းဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို သံဃာတော်များ အလှည့်ကျ စောင့်ကြပ်နေကြစဉ်

ယခုမူ ကျေးဖူးရှင် ဆရာတော်ကြီး ခန္ဓာဝန်ချခဲ့သည်မှာ နှစ်နှစ်ခွဲမျှ ရှိခဲ့လေပြီး၏။ "အမိမဲ့သား ရေနည်းငါး" ပမာ ဆောက်တည်ရာမရ ဖြစ်ခဲ့သည်။

သို့ပေမင့် ဆရာတော်ကြီး၏ လမ်းညွှန်မှုများမှာမူ ကျွန်တော့်နှလုံးသားတွင် အမြစ်တွယ် ကျန်ရစ်ခဲ့ပြီးဖြစ်၍ အားမလျှော့တမ်း ဆက်လက် လျှောက်လှမ်းဖို့သာ လိုပေတော့သည်။

သို့ဖြစ်၍ မိမိလျှောက်လှမ်းနေသည့် လမ်းကြောင်းကို အထောက်အကူ ဖြစ်စေမည့် စာအုပ်များကို လေ့လာရန် လှန်လှောရှာဖွေရင်းမှ ပါရမီစခန်း ပညာလမ်း စာအုပ်ကို တွေ့၍ ပြန်လည် မြည်းစမ်းနေခြင်း ဖြစ်၏။ မေ့ပျောက်နေသည့် အကြောင်းအရာများကို ပြန်တွေ့လာရသည်။

ပရိယတ္တိ,ပဋိပတ္တိ,ပဋိဝေဓ ဟူသည့် သာသနာသုံးရပ်တွင် ကျွန်တော်တို့ လုပ်ဆောင်နေသည်က ပဋိပတ္တိ သာသနာဖြစ်သည်။ သမထ,ဝိပဿနာကို အခြေပြု၍ ပါရမီလမ်းကို လျှောက်လှမ်းကြခြင်းဖြစ်သည်။

ဤသို့ လျှောက်လှမ်းရင်းက ဘာသာ,သာသနာအကျိုးကို ဆောင်ရွက်ကြရသည်။ ဘုရားတည်၊ ကျောင်းဆောက် စသည့် ကိစ္စများကို ပြုကြသည်။

ပါရမီစခန်း ပညာလမ်း နယ်ပယ်တွင် ရှေးကာလမှ ယခုအချိန်တိုင်အောင် "**ဣဒ္ဓိ, မဟိဒ္ဓိ, ထွက်ရပ်ပုဂ္ဂိုလ်**" စသည့် စကားအသုံးအနှုန်းများ ရှိနေခဲ့သည်။ **ဣဒ္ဓိ**–တန်ခိုး၊ **မဟိဒ္ဓိ=မဟာမဟိဒ္ဓိ** – ကြီးမြတ်သော တန်ခိုး၊ **သိဒ္ဓိ**–ပြီးမြောက်ခြင်း၊ ထွက်ရပ်ပုဂ္ဂိုလ်နှင့် ပတ်သက်၍မူ အရှင်ထွက် အသေထွက်ကို အမျိုးမျိုး ဖွင့်ဆိုနေကြ၏။ ထို့ပြင် "**နာမ်ကိန်းသည်**" ဟူသော စကားတစ်ရပ်ကလည်း ရှိနေ၏။

ပါရမီစခန်း ပညာလမ်းဟု ဆိုသည်နှင့်အညီ ပါရမီလုပ်ငန်းစဉ်သည် လောကီဂမ္ဘီရ ပညာရပ်များနှင့် ဆက်နွှယ်မှု ရှိနေသည်။ ထို့ကြောင့်လည်း အထက်ပါ စကားအသုံးအနှုန်းများနှင့် ပတ်သက်၍ **ပါရမီစခန်း၊ ပညာလမ်းစာအုပ် (ဒုတိယအကြိမ်၊ နာ–၃၂၇၊ ၃၂၈)**တွင် အဖေနွဲ့က ဗိုလ်တာရာကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

'.........အရှင်ထွက်နဲ့ အသေထွက်ဟာ လှည့်ကွက်ကလေးတွေကွယ့်။ နောက်ပါ ပရိသတ်များပြောတဲ့၊ တပည့်(တပဲ့)တွေ များတဲ့ ပုဂ္ဂိုလ်က နောက်လိုက်တပည့်တွေကို လုပ်ခဲ့တာပဲ။

သူတို့ မျက်စိအောက်မှာ သေပြီတာပါ။ တရားဝင်သေတယ်ပေါ့ကွား။ အဲ့ နောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်က သူတို့ ဆရာသမားတွေအပေါ်မှာ… တို့ဆရာကြီး သေသုံးအနိစ္စရောက်ပြီဆိုပြီး ယုံယုံကြည်ကြည်နဲ့ စိတ်ချပြီး လိုက်မရှာကြမှာကို။

တော်တော်ကြာတော့ သေပြီဆိုတဲ့ ဆရာကြီးကို တပည့်တွေက မမျှော်လင့်တဲ့ တစ်နေရာမှာ ပက်ပင်းသွားတိုးမိ၊ ဆုံမိကြမြန်တာကလား။

အရှင်ထွက်ကျတော့ ခပ်ရှင်းရှင်းပဲ။ နာမကျန်းဖြစ်တာတွေ၊ သေတာတွေ တစ်ချက်မှ မပြကြတာ များတယ်။ သူတို့ ဘယ်ခရီးထွက်သွားတယ်၊ ဘယ်ရောက်တယ်ဆိုတာကို အချင်းချင်းတွေကလွဲပြီး ဘယ်သူကမှ မသိကြဘူး။

အဆုံးမှာတော့ ကိုယ်ပျောက်နေကြတယ်။ ဒီပြင် ဒေသတွေမှာ ကျန်ရစ်တဲ့ ပါရမီရှင်ဖြစ်မယ့် ပုဂ္ဂိုလ်တွေကို လှည့်ပြီး ချွတ်ကြတရားဟောကြတယ်၊ နိုင်ငံခြားတွေကိုလဲ မကြာခဏ ဝင်ကြ ထွက်ကြတယ်။

ဘယ်ကမှ လေယာဉ်လက်မှတ်၊ သင်္ဘောလက်မှတ်၊ နိုင်ငံကူးလက်မှတ် ခံစရာမလိုဘူး။ သိဒ္ဓိအမျိုးမျိုးနဲ့ စိတ်သွားတိုင်း ကိုယ်ပါလိုရာရောက်ကြတာကလား’

ကျွန်တော်သည် ဗိုလ်တာရာ၏ စာအုပ်ကို ဖတ်နေရင်းမှ အထက်ပါ အကြောင်းရပ်နှင့် အလားတူ ဖွင့်ဆိုချက်တစ်ခုကို **ရွှေပေါက်ကျွန်းဆရာတော်ကြီး ခန္ဓာဝန်မချမီ ရက်ပိုင်းလောက်က** မိန့်ကြားခဲ့သည်ကို အမှတ်ရမိသဖြင့် မှတ်တမ်းစာအုပ်ကို ယူကြည့်လိုက်သည်။

ဆရာတော်ကြီး၏ အန္တိမစျာပနသို့ ကျွန်တော် ရောက်ရှိစဉ်က စခန်းနေ ဝေနေယျတစ်ဦးဖြစ်သည့် **ပခုက္ကူမြို့မှ ကိုအောင်ပွင့်**၏ ပြောပြချက် ဖြစ်ပါသည်။

ကျောင်းအရှေ့ဘက်ခြမ်း တနင်္ဂနွေထောင့်ရှိ မသန်းအေး၏ လက်ဖက်ရည်ဆိုင်တွင် ညဘက် လက်ဖက်ရည်ထွက်သောက်ရင်း သူနှင့် ဆုံသဖြင့် ကျွန်တော်က ဆရာတော် နာမကျန်းဖြစ်စဉ်က အကြောင်းကို မေးမြန်းမိသည်။

ကိုအောင်ပွင့်က သူသိသမျှ ရှင်းပြရင်းမှ ဆရာတော်၏ နောက်ဆုံးစကားကို သူ့ကိုယ်တွေ့ ကြုံခဲ့ရသည့်အတိုင်း ယခုလို ပြန်၍ ဖောက်သည်ချခဲ့သည်။

‘ကျွန်တော် ဆရာတော် ခန္ဓာဝန်မချမီ (၁၅)ရက်လောက်က ပြာသိုလဆန်း(၁၃)ရက်နေ့မှာ ဆရာတော့်တိုက်ထဲဝင်ပြီး ကန်တော့တယ်။ ဆရာတော်က ကျွန်တော့်ကို လှည့်ကြည့်ပြီး…

“အောင်ပွင့်ရေ တို့တစ်တွေ ကုန်းသွားဝါ ရှောင်တာကိုတောင် အပြစ်တင်လာကြပြီကွ”

လို့ မိန့်တယ်။ ဒါနဲ့ ကျွန်တော်က…

“မှန်ပါ…တပည့်တော် ဒီကိုအလာမှာ လမ်းမှာ သံဃာတစ်ပါးနဲ့ တွေ့ပြီး ဘာသဘောနဲ့ ရှောင်တာလဲလို့ အမေးခံခဲ့ရပါတယ်။ တပည့်တော်က…

ကုန်းနေတာတ်တူသားချင်းမို့ မစားသင့်လို့ပါ။ “မံသ ဘက္ခေ ကုတောဒယာ- အသားစားကြူးသောသူ၌ သနားကြင်နာခြင်းသည် အဘယ်မှာ ရှိအံ့နည်း”လို့ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ ဆုံးမခဲ့လို့ပါဘုရားလို့ ပြန်လျှောက်ခဲ့ပါတယ် ဘုရား”

လို့ လျှောက်တယ်။ ဒီတော့ ဆရာတော်က…

“အေး…မင်းရဲ့ အဖြေဟာ ဆီလျော်ပါတယ်။ ဝိဇ္ဇာတွေ ထွက်ရပ်လမ်း ကြုံကြတာနဲ့ ပတ်သက်လို့လဲ လူတွေက ရုပ်ခန္ဓာကြီး ကျန်နေခဲ့ရင် အသေထွက်၊ ရုပ်ခန္ဓာပါ ပျောက်သွားမှ အရှင်ထွက် ဒီလို ယူဆနေကြတယ်။ ဒါ မမှန်ဘူးကွ။

ဝိဇ္ဇာသာ မှန်ရင် ရုပ်ကလာပ်ကြီး ကျန်ခဲ့မကျန်ခဲ့ အရှင်ထွက်ချည်းပဲ။ ဝိဇ္ဇာသံဃာတွေကို အရိယာသံဃာလို့ ခေါ်တယ်။ သာမန် ပုထုဇဉ်ရဟန်းတွေ ပျံတော်မူသလိုလဲ မဟုတ်ဘူး။ ဘုရား,ရဟန္တာတွေ ခန္ဓာဝန်ချ နိဗ္ဗာန်ဝင်သလိုလဲ မဟုတ်ဘူး။

သူတို့က သေတာလဲမဟုတ်၊ နိဗ္ဗာန်ဝင်တာလဲ မဟုတ်တော့ ဒီလောက သံသရာကြီးထဲမှာ မင်းတို့တစ်တွေနဲ့ အတူရှိနေတယ်။

မင်းတို့က မြင်ရတာနဲ့ မမြင်ရတာပဲ ခြားနားတယ်။ နတ်တွေ,ဗြဟ္မာတွေလိုပဲပေါ့ကွာ။ သူတို့နဲ့ မေတ္တာဆက်သွယ်လို့ရတယ်၊ ကူညီနိုင်ကြတယ်။ ကူညီထိုက်ရင်ပေါ့လေ။

ဒီဝိဇ္ဇာတွေ နိဗ္ဗာန်မဝင်နိုင်တာက တရားကိစ္စ မပြီးသေးလို့ချည်း မဟုတ်ဘူး။ တချို့ဝိဇ္ဇာတွေက တရားကိစ္စ ပြီးသော်လဲ ဆုပန်ချက်က တားထားတာ ခံရလို့ မဝင်နိုင်တာ။

အထက်ပုဂ္ဂိုလ်ကြီးတွေဟာ မသေပါဘူး။ ဒါကြောင့် ဝိဇ္ဇာတွေ အမြင်ခံတာက နိဂုံးချုပ်ပြီဆိုရင် ဘယ်လိုပဲထွက်ထွက် အရှင်ထွက်လို့ ခေါ်ရမယ်။

အသေထွက်ဆိုတဲ့ သဘောက ဘုရား, ရဟန္တာတွေ ခန္ဓာဝန်ချ နိဗ္ဗာန်ဝင်ကြတာကို ခေါ်တာ။ **“ခန္ဓာဝန်ထမ်း ပင်ပန်းလှသူ၊ ဝန်ကိုပယ်ချ အေးမြကြည်ရှု ခန္ဓာအဆုတ်၊ မြစ်ဖြုတ်ဖြတ်သူ၊ ခန္ဓာညစ်အသစ်နောက်မယူ”**ဆိုတာလိုပဲ ဒီလောကကြီးကရော သံသရာကပါ အပြီးအပိုင် လွတ်မြောက်သွားပြီမို့ သူတို့ရဲ့ ရုပ်ဓာတ်,နာမ်ဓာတ်တွေဟာ အပြီးသတ် အနေနဲ့ လုံးဝ ငြိမ်းသွားပြီ၊ သေသွားပြီ။

သင်္ချိုင်းဆိုတဲ့ ဘဝသစ် ခန္ဓာသစ် ဘယ်တော့မှ မရတော့ဘူး။ အသစ်တခါတ် အမျိုးစစ်ရပ်ကို ဆိုက်ကပ်သွားတာကြောင့် အပြီးသတ် ချုပ်ငြိမ်းခြင်း(အသေထွက်)လို့ ခေါ်တယ်။ သံသရာ အပြီးအပိုင် ကျွတ်ပြီ လွတ်ပြီပေါ့။ အပြီးသတ် ဈေးပွဲကြီးပဲ”

လို့ မိန့်ကြားခဲ့လေသမဲ့’

www.burmeseclassic.com

ကျွန်တော် အဆိုပါ အကြောင်းရပ်ကို မှတ်တမ်းရေးစဉ်က ဆရာတော့် အကြောင်း၊ စခန်းအကြောင်း သိလိုသည့်အချက်များကိုသာ လိုက်လံမေးမြန်းစုဆောင်းနေသည့် ကာလဖြစ်သဖြင့် ရေးမှတ်၍သာ ထားသော်လည်း စေ့စေ့စပ်စပ် မဖတ်မိ မတွေးမိခဲ့။ စာရေးရန်. အကြောင်းတိုက်ဆိုင်မှုကလည်း မရှိသေးသဖြင့် မှတ်တမ်းစာအုပ်ထဲမှာပင် မေ့မေ့ပျောက်ပျောက် ရှိနေခဲ့ရသည်။

ယခုမှ ထိုမှတ်တမ်းကို စေ့စပ်စွာ ဖတ်ရှုပြီး ပါရမီစခန်းစာအုပ်ပါ အချက်အလက်များနှင့် ၂ ဆက်စပ်တွေးယူကြည့်မိသည်။ သည်တော့မှ ဆရာတော်ကြီး ခန္ဓာဝန်ချပုံကို အလေးအနက် ပြန်သုံးသပ်မိ၏။

ရွှေပေါ်ကျွန်း ဆရာတော်ကြီးသည် **၁၃၅၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၃)ရက်နေ့တွင် ခန္ဓာဝန်ချခဲ့သည်။** ရုပ်ကလာပ်တော်ကို ခန္ဓာဝန် ချသည့်နေ့မှ စံကျောင်းတော် ကမ္ဗဋ္ဌာနမဓမ္မလိုဏ်ဂူသို့ ပို့ဆောင်ဂူသွင်းမည့် တပို့တွဲလဆန်း(၁၃)ရက်နေ့ထိ (၁၆)ရက်တိုင်တိုင် အပူဇော်ခံ ထားရှိခဲ့သည်။

ရက်ရှည်ပူဇော်ခံနိုင်ရန် ဆေးထိုးခြင်း၊ ပြဒါးသွင်းခြင်း စသည် လုံးဝ မပြုပါဘဲနှင့် အနံ့အသက်မရှိ၊ ရုပ်ဆင်းအင်္ဂါ ဖောက်ပြန်ခြင်းမရှိ၊ ပကတိ ကျိန်းစက်နေသည့်အလား ဖူးတွေ့ခဲ့ရသည်။

**ခန္ဓာဝန် ချပြီးတွင် အနီးရှိ တပည့်များအား သူ၏ရုပ်ခန္ဓာကို မည်သူမျှ မကိုင်ကြစေရန်၊ မှန်ထည်ပြင် ထည့်မထားရန်နှင့် အန္တိမဈာပန မကျင်းပရန် ကြိုတင်မှာကြားခဲ့သည်။**

သို့ဖြစ်၍ ခန္ဓာဝန်ချသည်မှ ဓမ္မလိုဏ်ဂူသို့ ပို့ဆောင်ဂူသွင်းပြီးသည်အထိ မည်သူမျှ မထိမကိုင်မိကြစေရန်



တပည့်သံဃာတော်များက နေ့ရောညပါ အလှည့်ကျ တာဝန်ယူ စောင့်ကြပ်ပေးခဲ့ကြသည်။

အန္တိမဈာပနသဘော သက်ရောက်စေမည့် ယေင်ကျူးခြင်း၊ ပွဲခံခြင်း လုံးဝ မပြုလုပ်ဘဲ ဆရာတော် ရှိစဉ်ကကဲ့သို့ ဝင်ထွက်သွားလာ ဖူးမြော်ခြင်းသဘော ရှိခဲ့ကြ၏။

ရုပ်ကလာပ်တော်ကို မူလ သတ်မှတ်ချိန် (၄)နာရီ (၁၅)မိနစ်အစား မွန်းလွဲ (၁၂)နာရီခွဲတွင် ဓမ္မလိုဏ်ဂူသို့ ပျောင်းတော်မူသည့် ခုတင်နှင့်အတူ သံဃာတော်များ ဦးဆောင်မချီပြီး ဂူသွင်းခဲ့ကြသည်။

ထိုသို့ အနားကပ်ပြီး လက်သိပ်ထိုးအစီအစဉ် ပြောင်းလိုက်သည်ကို အဓိက ပါဝင်လုပ်ဆောင်နေကြသူများမှအပ ကျန်ပရိသတ်အားလုံး မသိရှိလိုက်ကြရပါ။

ရုပ်ကလာပ်တော်ကို သယ်ဆောင်ဂူသွင်းသည်မှာလည်း ဆရာတော့်တိုက်ဝင်းခြံအတွင်း၌ဖြစ်၍ ဝင်းတံခါးပိတ်ထားပြီး အုတ်တံတိုင်း အကာအရံရှိနေသဖြင့် မမြင်မတွေ့နိုင်ပါ။

ဝေနေယျများ၊ ရွာနီးချုပ်စပ်မှ လာရောက်ဖူးမြော်သူများသည် အချိန်လိုသေးသဖြင့် အနီးရှိ ဓမ္မသာလာကျောင်းဆောင် (၁),(၂)တို့တွင်လည်းကောင်း၊ အချို့လည်း မိမိတို့ တည်းခိုရာ အဆောင်များတွင်လည်းကောင်း ရှိနေကြသည်။

မွန်းလွဲတစ်နာရီခန့်တွင် ဆရာတော်၏ တိုက်ဝင်းတံခါး ပွင့်လာပြီး ဥပါသကာ ဝတ်စုံများ၊ နတ်ပြဟ္မာ အဝတ်တန်ဆာများ ဝတ်ဆင်ထားကြသူအချို့ ထွက်လာသည်ကို တွေ့လိုက်ရသည့်အတွက် ပရိသတ်များ ဖဝေဖဝါ ဖြစ်ကုန်ကြ၏။

ကျွန်တော်လည်း သံသယဖြစ်မိ၍ ထိုသူများကို မေးကြည့်မိသည်။ ဂူသွင်းပြီးမြောက်ကြောင်း သိလိုက်ရသည်။ ကျွန်တော် အပါအဝင် ပရိသတ်အားလုံး မချင့်မရဲ ဖြစ်ကြရပြီး အလိုမကျခြင်း၊ ဒေါသထွက်ခြင်းများနှင့် အတူ တစ်ယောက်တစ်ပေါက် ပြောဆိုကြနှင့် ပွက်လောရိုက်ကုန်တော့၏။

နောက်မှ ဆရာတော်၏ အမှာစကားများကို သတိပြုမိပြီး ရှုပါစေတော့ဟု၍ ကိုယ့်စိတ်ကို အတတ်နိုင်ဆုံး ဖြေသိမ့်လိုက်ရသည်။ လုပ်ဆောင်သူများအနေဖြင့် ဆရာတော့်ဆန္ဒအရ အမှားအယွင်း မရှိရအောင် မလွဲမရှောင်သာ ဆောင်ရွက်လိုက်ကြရခြင်းသာ ဖြစ်ပေသည်။

ဆရာတော်ကြီးသည် သူလျှောက်မည့်လမ်းကို နိမိတ်ပြစကားများဖြင့် ကြိုတင်ဖွင့်ဟခဲ့သကဲ့သို့ မိမိ၏ သီလ, သမာဓိ,ပညာဂုဏ်ကိုလည်း တပည့်များ အားရဂုဏ်ယူဖွယ်ဖြစ်အောင် လက်တွေ့ လုပ်ဆောင်ပြခဲ့ခြင်းဖြစ်ကြောင်း ဤ ဖြစ်စဉ် ဖြစ်ရပ်များကို ပြန်တွေးကြည့်ရင်း မှတ်ချက်ပြုမိပါတော့သည်။

**မြတ်ထူးထက်**




www.burmeseclassic.com

www.burmeseclassic.com

# သွပ်ဖမ်းဝိဇ္ဇာ

အပိုင်း(၁)

မြို့မငြိမ်း
(ရွှေနဝင်း)



အင်္ဂလိပ်ရုပ် ဝါသနာရှင် သုတေသီ လောကမှာ ရုပ်တော်(၉)ပါး အနက်မှ **"သွပ်(Zinc)" ဓာတ်**သည် ဝါသနာရှင် သုတေသီအများ အလွန်လိုချင်မက် မောလှသည့် Faviourite အဖြစ်ဆုံး ဓာတ်ဖြစ်ပါသည်။

သွပ်ဓာတ်သေ ဓာတ်လုံးကောင်း ကောင်း လက်ဝယ် ပိုင်ဆိုင်ထားပါက ရွှေ,ငွေလိုရာ ပဒေသာ ဇောန်ရလေ တော့မည် ဆိုသည့် စိတ်ကူးယဉ် အိပ်မက်များကို အင်္ဂလိပ်ဝါသနာရှင် များ မက်ဖူးကြပေမည်။

သို့သော် လက်တွေ့ ဓာတ်ဖမ်း သွပ်ဓာတ်စခန်းမှာ အောင်ပန်းဆင်နိုင် သူ လွန်စွာ နည်းပါးလှပါသည်။

သွပ်ဓာတ်(၁)ပိဿာ ဖမ်း၍ သွပ် (၁)ရွှေးသားလောက်ကိုပင် မီးထိုးခံ သွပ်သေဖြစ်ဖို့ရန် ရခဲပေစွ ဒုလ္လဘ ဖြစ်ကြရပေသည်။

စာရေးသူကိုယ်တိုင်- (၁၃)နှစ်သား အရွယ်အင်္ဂလိပ်ပိုး ဝင်ခဲ့သည်မှစပြီး ယခု အသက်(၅၀)ကျော် တိုင်အောင် လက်တွေ့ သွပ်ဓာတ်ကို နည်းအမျိုးမျိုး ပုံစံအထွေထွေတို့နှင့် ဖမ်းလာခဲ့သည် မှာ သွပ်ဓာတ်အစိမ်းများကို ပိဿာချိန် နှင့် တွက်ကြည့်မယ်ဆိုလျှင် ပိဿာချိန် (၃၀)ကျော် အထက်မှာပင် ရှိလိမ့်မည် ဟု ထင်ပါသည်။

သို့ပါသော်လည်း သွပ်ဓာတ်သေ ဓာတ်သား ကောင်းကောင်း (၁)ပဲ (၁)မူးရယ်လို့ မည်မည်ရရ မရရှိခဲ့တာ လက်တွေ့ပါ။

သွပ်ဖမ်းလိုက်တိုင်း ဖိုထဲမှာ **"ဝင်းဝင်းပြောင်ပြောင်"**နဲ့ သွပ်ခိုး တွေ ထွက်လာပြီး လုံ့ခွက်ပဲ ကျန်ခဲ့တာ ချည်း ကြုံရပေါင်း များလေပြီ။

အဲဒီလို သွပ်ဓာတ်ကို ဖမ်းလိုက်တိုင်း ကုန်ရပေါင်းများလာတော့ သွပ်ဓာတ် ဖမ်းရမှာကို စိတ်ကုန်လာပြီး လက် မြှောက် အရှုံးပေးရတော့မည်ဟု ထင်နေပါသည်။

အဲဒီတုန်းမှာ သွပ်ဓာတ်ကို လွန်စွာ နိုင်နင်း ကျွမ်းကျင်စွာ ဖမ်းပြပေးနိုင်တဲ့ သွပ်ဖမ်းဝိဇ္ဇာဟုပင် ခေါ်ဆိုလောက် အောင် သွပ်ဓာတ်ဖမ်းရာတွင် စာရေး သူ ကိုယ်တွေ့ လက်တွေ့မျက်မြင် သြချရသော ပုဂ္ဂိုလ်တစ်ယောက်နှင့် တွေ့ကြုံခဲ့ရသည့် ဓာတ်ကြောင်းလေး ကို ဓာတ်အင်္ဂလိပ်ဝါသနာရှင်များ အတွက် တစ်ဆင့် ပြန်လည်တင်ပြပေး ချင်သည့် စေတနာဆန္ဒကြောင့် ဤ ဆောင်းပါးကို ရေးသားတင်ပြပေးလိုက် ပါသည်။

တစ်နေ့မှာ အင်္ဂလိပ်ဝါသနာတူ မိတ်ဆွေတစ်ဦးက သတင်းကောင်း တစ်ခု ယူလာခဲ့တာနှင့် ကြုံရပါတော့ သည်။

'ဆရာရေ...သွပ်ဖမ်းဝိဇ္ဇာ ပုဂ္ဂိုလ် တစ်ဦး ကျွန်တော် တွေ့ထားတယ်။ အဲဒါ ဆရာစိတ်ဝင်စားရင် တစ်နေ့ လောက် သွားအကဲခတ်ကြတာပေါ့' ဟု ဆိုလာလေသည်။

'အိုး... ဒါဆိုရင်တော့ စိတ်ဝင်စား တယ်ဗျ၊ တစ်နေ့လောက် အချိန်ယူပြီး သွားကြတာပေါ့ဗျာ'

'ဟုတ်ပြီလေ၊ တနင်္ဂနွေနေ့ အလုပ် နားတဲ့ရက်မှာ သွားကြမယ်လေ'

ဝါသနာတူ မိတ်ဆွေနှင့် သူ ညွှန်း သည့် "သွပ်ဖမ်းဝိဇ္ဇာ" ဆိုသူ ပုဂ္ဂိုလ်ထံ ရောက်ပါသည်။

လူပုံက တောသူတောင်သားပုံစံ၊ နုတ်ခမ်းမွေး ပါးမြိုင်းမွေး ထူထူနှင့်၊ ကွမ်းတစ်ပျစ်ပျစ်ဝါး၍ ပင်နီတိုက် ပုံကြမ်းကို အတွင်းခံအင်္ကျီမပါဘဲ



www.burmeseclassic.com

www.burmeseclassic.com

ဒုန်းဝတ်ထားပါသည်။

တိုက်ပုံလက်ကို တံတောင်ဆစ်အထိ ပင့်တင်ထားပြီး ဘိုးမင်းခေါင်တင်ပလ္လင်ချိတ်ပုံစံနှင့် ထိုင်နေသည့် သက်လတ်ပိုင်းအရွယ်လောက် ရှိပေမည်။

စာရေးသူ၏ မိတ်ဆွေနှင့် ထိုပုဂ္ဂိုလ်က ခင်မင်လေတော့ သူကပဲစပြီး…

'ဆရာရေ… ဆရာ သွပ်ဖမ်းတာ အလွန်တော်တယ်လို့ သတင်းကြားနေလို့ ဆရာဆီကို နည်းခံ အကူအညီတောင်းမလို့ လာတာပါ'

ဟု နှုတ်ဆက်ခွင့်တောင်းစကားဆိုလိုက်တော့…

'ဟာ…ရပါတယ်ဗျာ ကိုယ့် လူရင်းတွေပဲ၊ ကျွန်တော်တတ်တဲ့ ပညာနဲ့ မျှဝေကူညီပေးရမှာပေါ့။

ဘာလဲ ခင်ဗျားတို့လာတာ အခု သွပ်ဖမ်းသွားကြမလို့လား'

'ဟုတ်တယ် ဆရာရေ…ကျွန်တော်တို့ သွပ်ဓာတ်သေ ကောင်းကောင်းလိုချင်လို့ပါ ဆရာ။ သွပ်ဖမ်းဖို့ ဘာပစ္စည်းတွေလိုမလဲ သိချင်ပါတယ် ဆရာ'


'ခင်ဗျားတို့က သွပ် ဘယ်လောက်သားလောက် ဖမ်းချင်လို့လဲ'

'ဆရာ… တစ်ခါဖမ်းရင် သွပ် ဘယ်လောက်သားအထိ အများဆုံးဖမ်းပေးနိုင်ပါသလဲ ဆရာ'

– 'ရပါတယ်… ခင်ဗျားတို့ သွပ်(၁၀)သား (၁၅)ကျပ်သားလောက်ကို ကျုပ် တစ်ကြိမ်တစ်မီးတည်းနဲ့ ဖမ်းပေးနိုင်ပါတယ်'

'ဟာ…ဒါဆိုရင်တော့ ဟန်ကြတာပေါ့ဆရာ၊ ဒါနဲ့ ပြဒါးလေးပါ ဖမ်းလို့ရရင် တစ်ပါတည်း ဖမ်းပေးပါလို့ တောင်းပန်ပါတယ် ဆရာ'

'အင်း… ပြဒါးတတ်ကြီးပဲ ဖမ်းရရင် နည်းနည်းအချိန်ပေး ရလေတော့… ဒီလို



လုပ်ကြဗျာ… သွပ်နဲ့ ပြဒါး ဆတူပေါင်းပြီး သွပ်+ပြဒါး ဓာတ်(၁)လုံးနဲ့ သွပ်ထီးတည်း (၁)လုံးစီ ဖမ်းပေးမယ်။ ကဲ…ကျေနပ်ပြီလား'

'ဟာ… အလွန်ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ဒါဆို ကျွန်တော်တို့ တနင်္ဂနွေနေ့ အလုပ်နားရက်မှာ ဆရာ့ဆီလာပြီး သွပ်ဖမ်းကြမယ်ဆရာ။ အဆင်ပြေမယ် မဟုတ်လား'

'ရတယ်ဗျာ… လိုအပ်တဲ့ ဓာတ်ပစ္စည်းတွေကို ဗိုလ်အောင်ဒင်ဆီမှာ စာရင်းယူပြီး အသင့်သာ ပြင်လာခဲ့ကြပေါ့'

**[ဗိုလ်အောင်ဒင် ဆိုသည်မှာ အသက်(၆၀)ကျော်အရွယ် အင်္ဂရိတ်ချိုးကျပြီး ဓာတ်နှင့် ပတ်သက်လာလျှင် အတော်ရှုံ့စပ်သည့် သွပ်ဖမ်းဝိဇ္ဇာ ဆရာ၏တပည့်ရင်း ဖြစ်ပါသည်။]**

စာရေးသူတို့လည်း သွပ်တစ်လုံး၊ သွပ်ပြဒါးတွဲ တစ်လုံးစီ ဆရာက ဖမ်းပေးမည်ဆိုတော့ ဝမ်းသာအားရ လိုအပ်သည့် ဓာတ်ပစ္စည်း စာရင်းကို ယူလာပြီး ဝယ်ယူစုဆောင်းရလေပြီ။

မှတ်မှတ်ရရ အနှစ်(၃၀)ကျော် ကာလက ဗိုလ်အောင်ဒင် ဆရာရေးပေးလိုက်သည့် ဓာတ်ပစ္စည်း စာရင်း စာရွက်လေးကို ယခုတိုင် မှတ်စု စာအုပ်ထဲမှာ သိမ်းဆည်းထားခဲ့ပါသည်။

**ဓာတ်ပစ္စည်းများကတော့…**

၁။ သွပ်လက်ညှိုးသန့်သန့် (၁၀)ကျပ်သား

၂။ သွပ်လက်ညှိုး(၅)ကျပ်သား + ပြဒါးသန့် (၅)ကျပ်သား

၃။ လက်ချား(၂၀)ကျပ်သား

၄။ ယမ်း(၁၀)ကျပ်သား

၅။ ဆား(၅၀)ကျပ်သား(၁)ထုတ်

၆။ မဖောက်ထုံး(၂၅)ကျပ်သား

၇။ နံပါတ်(၁၂)မင်းလှ နှစ်ထပ်လုံအကြီး(၃)လုံး *[လိုတာက လုံး(၂)လုံး။ (၁)လုံးက အပိုဆောင်း ထားတာ]*

၈။ ပန်းပဲမီးသွေး(၃)တင်းဝင် (၁)အိတ်

စာရင်းပါ ဓာတ်ပစ္စည်းများ ဝယ်ယူစုဆောင်းပြီးတာနှင့် စနေနေ့မှာ စာရေးသူတို့က **သွပ်လက်ညှိုး(၁၀)ကျပ်သားကို အရည်ကျိုပြီး (၁၀)ကျပ်သားအရွယ် သွပ်လုံး တစ်လုံး စုခဲထားပြီး သွပ်(၅)ကျပ်သား ပြဒါးရည်(၅)ကျပ်သားကို** ဓာတ်(၂)ပါး ကောလီကျအောင် အရည်ဖျော်ပြီး အလုံးစုခဲထားလိုက်ပြီး အဆင်သင့် ပြင်ထားလေသည်။

ဆရာနှင့် ချိန်းထားသည့် တနင်္ဂနွေနေ့ကျတော့ နံနက်စောစော အရောက် သွားကြပြီး ဓာတ်ဆေး ပစ္စည်းအပြည့်အစုံနှင့် ချီတက်သွားကြပါသည်။

ဆရာ့ထံကို ရောက်တော့…

'ကဲ…ခင်ဗျားတို့ ဓာတ်ဆေးပစ္စည်း အစုံအသင့် ပါလာကြတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

လား'

'ပါလာပါတယ်...ဆရာ'

'ဒါဆိုရင် ဘယ်ဟာကို အရင် ဖမ်းကြမလဲ၊ သွပ်+ပြဒါး ဖမ်းမလား၊ သွပ်ကို အရင်ဖမ်းမလား... ကြိုက်တာ စ,ဖမ်းပေးမယ်။

ဒါပေမယ့် ဓာတ်နှစ်လုံးစလုံးကို တစ်ခါတည်း လုံထဲထည့်ပြီး ကျုပ် အဆင်သင့် ပြင်ထားပေးမယ်။ ဖိုထိုးပြီး ဖမ်းတာက ခင်ဗျားတို့ကိုယ်တိုင် ဖိုဆွဲ ပြီး ဖမ်းရမှာနော်။

ကဲ... နံပါတ်(၁၂)လုံထဲကို သွပ် (၁၀)ကျပ်သားနဲ့ သွပ်ပြဒါးတွဲ (၁၀)ကျပ် သား (၁)လုံစီ အရင်ထည့်လိုက်ပါ။ ပြီးရင်...ကျုပ်ကိုပေး'

ထိုသို့ ပြောပြီး ဓာတ်ထည့်ထား သည့် လုံနှစ်လုံးကို ယူပြီး ဆရာက သူ့အခန်းထဲ ဝင်သွားပြီး မန်ကျည်းစေ့ ခန့်အရွယ် ဆေးမှုန့် မည်းမည်းလေး များကို ကော်ဖီဇွန်းဖျားလေးနှင့် ခပ်ပြီး ထည့်လိုက်ကာ ထိုဓာတ်လုံး(၂)လုံး ကို စာရေးသူတို့ထံသို့ ပြန်ယူလာပြီး ပေးပါသည်။

ထို့နောက် ကျန်ရှိနေသည့် **ယမ်း, လက်ချား,ဆား,ထုံးမှုန့်**များကို အစီ အစဉ်အတိုင်း ပါးစပ်က ပြောပြီး စာရေးသူတို့ကို ကိုယ်တိုင် ထည့်ခိုင်းပါ သည်။

စာရေးသူတို့လည်း ဆရာပြော သည့်အတိုင်း လက်မှန်းနှင့်ယူပြီး ဓာတ်ဆေးပစ္စည်းများကို ကိုယ်တိုင် ထည့်ကြပါသည်။

ပြီးလျှင် ဓာတ်အပေါ်က လက်ချား အခဲသေးလေးတွေကို လက်နှစ်လုံး လောက်အနေ ထည့်လိုက်၊ သူ့အပေါ် ကမှ ယမ်းကို လက်တစ်လုံးစာ ထပ် ဖြည့်လိုက်၊ ပြီးလျှင် ဆားကို လုံ နှုတ်ခမ်းသား လက်(၁)လုံးလောက် အလိုအထိ သိပ်ပြီး ထည့်ပါသည်။

ထို့နောက် ဆားပေါ်ကနေပြီး မဖောက်ထုံးမှုန့်ကို နောက်ဆုံး ဖြည့် ထည့်လိုက်ပြီး လုံကို ဇော်(၃)ထပ် မံလိုက်ပြီး၊ အပေါ်က လုံငှား အဖုံးလေး အုပ်ပြီး ဖိုခွင်မှာ မီးနေမီးထားကို လုံခါး တိုက် အနေထားပြီး ပြင်ခိုင်းပါသည်။

ဒီနေရာမှာ စာရှုသူ ဝါသနာရှင်များ မျက်စိထဲမှာ ထင်ရှားစွာ ပေါ်လွင်စေ ရန် ပြောရလျှင်...

ဟိုတုန်းက **မင်းလှ နံပါတ်(၁၂) နှစ်ထပ်လုံကြီးမျိုးသည်** လုံမျက်နှာဝ မှာ လက်(၃)ချောင်းစာ(၂-လက်မ) ခန့်ရှိပြီး လုံအရှည်မှာ (၇)လက်မ ရှိသည့် လုံကြီးမျိုးပါ။

ဒါလောက်ဆိုရင် လုံထဲမှာရှိသည့် ဓာတ်၏ အနေအထားနှင့် အပေါ်က ထည့်သည့် ဓာတ်ဆေးများ၏ အနေ အထားကို မြင်သာလောက်ပါပြီ။

**[ရှေ့လတွင် သွပ်ဓာတ်နှင့်သွပ်၊ ပြဒါးတွဲဓာတ်တို့ကို မီးပေးမီးယူနှင့် ဓာတ်ဖမ်းပုံကို အသေးစိတ် တင်ပြ ပေးပါမည်။]**

***ဝါသနာရှင်များ ဆရာကောင်းမှီလို့ အကြံကောင်း ကြံစည်နိုင်ကြပါစေ။***

**ဦးမင်းဇင်(ရွှေနဝင်း)**

စာမျက်နှာ (၂၁၆)မှ အဆက်

ကျွန်တော့်ကို ကြော်ချက်ခိုင်းတယ်။

ကျွန်တော်က ထုံးစံအတိုင်း ရေစင်အောင် ဆေးကြောပြီး ကြော်ချက်လုပ်လိုက်တာပေါ့။ ပင်လယ်ဆားကအရမ်း ငန်တော့ ငါးမန်းသားအရသာထက် ဆားအငန်ဓာတ်က များနေတယ်၊ စားမကောင်းဘူးပေါ့ဗျာ။

အဲဒီမှာ ပင်လယ်ငါးဖမ်းလုပ်ငန်းမှာ လုပ်ကိုင်ခဲ့ဖူးသူ ကိုစံလှရောက်ရှိလာတယ်။ ကိုစံလှက ဒီငါးမန်း မငန်အောင် ကျုပ်လုပ်ပြမယ်ဆိုပြီး အထက်ပါနည်းကို လုပ်ပြခဲ့တာပေါ့ဗျာ'

'ဆရာကျော် ကျွန်တော် မရှင်းလို့ တစ်ခုမေးဦးမယ်ဗျာ။ ငန်နေတဲ့ ငါးခြောက်ထဲကို နောက်ထပ် ဆားထည့်လိုက်တော့ ပိုပြီး ငန်သွားမယ် မဟုတ်လားဗျာ'

'ဒါကလဲ ဒီလိုရှိတယ်ဗျာ၊ မူလဆားအငန် ဓာတ်ကို နောက်ထပ် ဆားအငန်ဓာတ်က ထုတ်ယူတဲ့သဘောဖြစ်တယ်။ ရေနွေးအပူဓာတ်နဲ့ စိမ်လိုက်တဲ့အခါ ယခင်ရှိခဲ့တဲ့ ဆားအငန်ဓာတ်တွေ နည်းပါးသွားတယ်။ ရေနွေးနဲ့ စိမ်တဲ့အခါ အကြာကြီး စိမ်ထားလို့တော့ မရဘူး။ ရေနွေးအေးသွားလို့ရှိရင် အငန်ဓာတ်တွေ ပြန်ဝင်သွားတတ်တယ်။ ဒါကို သတိပြုရမယ်'

စာရေးသူမှ...

'ဆရာကျော် ခင်ဗျားကို ကျေးဇူး တင်တယ်ဗျာ။ အများအတွက် ဗဟုသုတ တိုးပွားကြစေဖို့ ဆောင်းပါးရေးပြီး အသိပညာ ဖြန့်ဝေလိုက်ပါရစေ'

**[သည်နည်းစနစ်ကို လက်တွေ့ ပြသပြောပြပေးသော ဆရာကျော် ညွန့်(စစ်တွေ) ဝေဠုဝန်ရပ်ကွက်၊ မင်းလှမြို့ အား ကျေးဇူးတင်အပ်ပါသည်။]**

***ဗိုလ်မင်း(မင်းလှ)***



www.burmeseclassic.com

www.burmeseclassic.com

# ငါးဆားနယ်နှင့်

## အငန်ဓာတ်များသော ငါးခြောက်များကို အငန်ပေါ့အောင် ပြုပြင် ချက်စားနည်း

ဖိုးမြင့်(မင်းလှ)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာဘတွင် သာယာဝတီခရိုင်၊ ရခိုင်မိသားစု ပဒေသာပင်မှ သံဃာတော် အရှင်သူမြတ်များအား ဆွမ်းလှူဒါန်းရန် အလှူငွေများ ကောက်ခံလျက် ရှိကြသည်။

ထိုအခါ စိန်ကန့်လန့်ရွာ၌ နေထိုင်ကြသော (ဥက္ကဋ္ဌ)ဦးမြင့်စိုး၊ ခ.လ.ရ(၁)မှ ကိုအောင်ကျော်မြင့်၊ သစ်ထုတ်လုပ်ရေးမှ ဦးတင်ဦး၊ စာရေးသူနှင့် စာရေးဆရာ ကိုကျော်ညွန့်(စစ်တွေ)တို့ ဆွမ်းကျွေးလှူဒါန်းရန် ငါးတံခွန်ခြောက် ဝယ်ယူကြပါသည်။

ငါးတံခွန်ခြောက်များသည် ဆားနယ်ခြောက်များဖြစ်၍ ဆားအငန်ဓာတ်များနေသဖြင့် အခက်ကြုံနေကြသည်။

စာရေးသူက...

'ဒီငါးခြောက်တွေ အရမ်းငန်နေတော့ စားလို့ အဆင်ပြေမယ် မထင်ဘူးဗျာ'

ဟု ပြောလိုက်ရာ...

ဆရာကျော်ညွန့်(စစ်တွေ)က...

'ဆရာဗိုလ် ဒီကိစ္စ ကျွန်တော့်တာဝန်ထားပါ၊ ဒီငါးခြောက်များ အငန်ပေါ့အောင် ကျွန်တော် ပြုပြင်တဲ့နည်းတွေ ရှိတယ်'

'ဟုတ်ပါ့မလား ဆရာကျော်ရေ ဒီလောက်ငန်နေတာ ဘယ်လိုပြုပြင်မှာလဲ ပြောပြစမ်းပါဦးဗျာ'

ဟု ပြောလိုက်သောအခါ...

ဆရာကျော်ညွန့်(စစ်တွေ)က...

'ခင်ဗျားတို့ကို ကျွန်တော် စကားနဲ့ ရှင်းပြမနေတော့ဘူးဗျာ၊ လာကြပါ လက်တွေ့လုပ်ပြမယ်'

ဟု ပြောပြီး ငါးတံခွန်ခြောက် တစ်ထွာ တစ်မိုက်ခန့်(၂)ခုကို ယူပြီး လက်(၂)သစ်ခန့် အတုံးလေးတွေ လုပ်ထားလိုက်သည်။



ရေနွေးအိုးထဲ ရေ(၂)ခွက် ထည့်ပြီး ရေနွေးတည်ထားသည်။ ခဏအကြာ ရေနွေး ပွက်ပွက်ဆူပြီ ဖြစ်၍ ငါးခြောက်တုံးလေးများကို ခွက်တစ်ခုတွင် ထည့်လိုက်သည်။

ပြီးလျှင် နောက် ဆားအနည်းငယ် ထပ်ထည့်လိုက်သည်။ ရေနွေးကို ငါးခြောက်တုံးများပေါ်သို့ လောင်းထည့်လိုက်ပါသည်။

စာရေးသူ...

'ဟော့ ဆရာကျော် ဒီလောက်ငန်နေတဲ့ ငါးခြောက်ထဲကို နောက်ထပ် ဆားထပ်ထည့်လိုက်တော့ ပိုပြီး ငန်မသွားဘူးလား'

ဟု ပြောလိုက်ရာ...

'ဆရာဗိုလ် ဆန္ဒမစောနဲ့လေ ပြီးရင် မြည်းကြည့်ပါ'

ဟု ပြောပါသည်။ (၂)မိနစ်ခန့် အကြာ ငါးခြောက်တုံးလေးများကို ပြန်လည် ဆယ်ယူပြီး ရေသန့်ဖြင့် ဆေးကြောလိုက်ပါသည်။

'ကဲ ဆရာဗိုလ်တို့ ငါးခြောက် အငန်ဓာတ်ပေါ့အောင် ပြုပြင်တဲ့နည်းက ပြီးသွားပြီ၊ ကြော်မှာလား၊ ချက်မှာလား ကြိုက်သလို စားသုံးလို့ရပြီ'

ဟု ပြောရာ စာရေးသူမှ ငါးခြောက်တုံးလေးတစ်ခုကို ယူ၍ မြည်းစမ်းကြည့်လိုက်ပါသည်။

'ဆားအငန်ဓာတ် မရှိတော့ဘူး ဆရာကျော်။ ခင်ဗျား တော်တယ်ဗျာ ဒီနည်းစနစ်ကို ရှင်းပြစမ်းပါဦးဗျာ'

'ဒီလိုဆရာဗိုလ်ရေ... ကျွန်တော် ငယ်စဉ်က ဦးလေး ဦးထွန်းမောင်နဲ့ ပင်လယ်ပြင် ငါးဖမ်းတဲ့နေရာ(ပိုက်ဆိပ်) ကို သွားရောက်ခဲ့ဖူးတယ်။

အဲဒီမှာ ပင်လယ်ငါးတွေ မျိုး တွေ့ရတယ်၊ ငါးဖမ်းလုပ်သားများ ငါး မျိုးစုံကို ရင်ခွဲ၊ဗိုက်ခွဲ၊ကျောခွဲ မျိုး ပြုလုပ်ပြီးတော့ ဆားနယ် အခြောက် နေလှန်းထားကြတယ်။

ဦးလေး ဦးထွန်းမောင်က ငါး ခြောက်တစ်ကောင် ဝယ်လာ

www.burmeseclassic.com



ပန်းတနော် နောင်လတ်

# ဒုဿာန်ကျောင်း

ဟု လူသိများသော. စတုသစ္စမ္မဝိဟာရကျောင်း

# ဆရာတော် ဦးသုဇာတ

၏ ထူးခြားဆန်းကြယ် ကြည်ညိုဖွယ်များ

လွန်ခဲ့သော (၂၅)နှစ်ဝန်းကျင်က ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၌ "**ရဟန္တာတစ်ပါး ထွက်ပေါ်နေတယ်**"ဆိုသော မင်္ဂလာစကားသံများ လျှံထွက်ခဲ့ဖူးသည်။

ရဟန္တာဟု ဒါယကာ,ဒါယိမကာများနှင့် တပည့်သံဃာတော်များ၏ ရိုသေလေးစားခြင်း ခံခဲ့ရသော ဆရာတော်ဦးသုဇာတသည် **ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ ဗောဓိကုန်းရွာရှိ "စတုသစ္စမ္မဝိဟာရကျောင်း"၏ ဦးစီးပဓာန နာယကဆရာတော်** ဖြစ်သည်။

ဆရာတော် ဦးသုဇာတသည် ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာရှိ "**သဟာပုညကာရီဘုန်းတော်ကြီးကျောင်း**"၌ ရဟန်းသံဃာ ဖြစ်ခဲ့စဉ်က ဆရာသမားဖြစ်သော ဥပဇ္ဈာယ်ဆရာတော်ထံ မိမိသည် သင်္ချိုင်းများတွင် "ဓူတင်"အကျင့် ကျင့်လိုကြောင်း ခွင့်ပန်ခဲ့ဖူးသည်။

ဥပဇ္ဈာယ်ဆရာတော်က...

'မောင်ပဉ္စင်း ဓူတင်အကျင့် ကျင့်တယ်ဆိုတာတော့ ကောင်းပါတယ်။ ဒါပေမယ့် ဆွမ်းအာဟာရကို မြဲမြဲဘုဉ်းပေးခြင်းဆိုတဲ့ တရားကို အရင်သတိပါဦး'

ဟု သတိပေးခဲ့မှုကို သတိပြုဆင်ခြင်ကာ ဆွမ်းသက်သက်ကို ဆီမဆမ်းဘဲ ဆားသက်သက်ဖြင့် ဘုဉ်းပေးတော်မူခဲ့သည်။

ဆားဖြူးသော ဆွမ်းဖြင့်သာ ဘုဉ်းပေးနိုင်လာပြီဖြစ်သော ... တပည့်၏

www.burmeseclassic.com

အခြေအနေကို မြင်သည့် ဆရာသမားက ဆရာတော် ဦးသုဇာတကို...

'မောင်ယွင်း သင်္ချိုင်းတွေကို သွားပြီး ရှုတင်အကျင့် ကျင့်လိုလျှင် ကျင့်တော့'

ဟု ခွင့်ပြုခဲ့သည်။ ထိုအခါမှ ဆရာတော်သည် သင်္ချိုင်း၌ စတင်ကျင့်သုံးသည်။ ဇောဓိကုန်းသင်္ချိုင်းကုန်းသည် မရမ်းသင်္ချိုင်းကုန်းဆိုကလည်း မမှား။ ထိုစဉ်က ထိုသင်္ချိုင်းကုန်းတွင် ဘုန်းကြီးကျောင်း မရှိသေး။ စတုသစ္စဓမ္မဝိဟာရကျောင်းဟု မခေါ်သေး။

ဆရာတော်ဦးသုဇာတက သူ ရှုတင်ကျင့်သည်ကို လူမြင်မခံ။ သူ့အလုပ်သာ သူလုပ်ခဲ့သည်။ သို့သော် ဆရာတော်ဦးသုဇာတကို လူများက မမြင်သော်လည်း ဝိညာဉ်လောကသားများ ကမြင်သည်။ ဆရာတော်ဦးသုဇာတကလည်း ဝိညာဉ်လောကများကို မြင်သည်။

နွားရိုင်းသွင်းချိန်ရောက်ပြီး အမှောင်ရောက်ချိန်မှစ၍ ဆရာတော်ဦးသုဇာတက ပထမအကြိမ်များက လောလောလတ်လတ် မြေမြှုပ်သင်္ဂြိုဟ်ထားသည့် မြေဖို့ထားသည့် မြေပုံများပေါ်ထိုင်ကာ ရှုတင်ကျင့်သည်။

လောလောလတ်လတ် မြေမြှုပ်ထားသည့် အလောင်းကောင်များ ဖြစ်ခြင်းကြောင့် အပုပ်နံ့ သိပ်မပြင်း၊ သို့သော် သင်္ချိုင်းကုန်းဖြစ်၍ ဟိုမှသည်မှ လာသော လူသေပုပ်နံ့များက လှိုင်နေသည်။

စူးစူးရှရှ ပြင်းနေသည်။ အော့ချင်အန်ချင်စရာ ဖြစ်နေသည်။ သို့သော် ဆရာတော်က သူ့အကျင့်၌သာ စူးနစ်စွာ ကျင့်ကြံခဲ့သည်။

နောက်ပိုင်းတွင် ဆရာတော်သည် မြေပုံအဟောင်းများပေါ် ထိုင်၍လည်း ရှုတင်ကျင့်ခဲ့သည်။ သင်္ချိုင်းသည် ချုံပုတ်များ,သစ်ပင်ကြီးငယ်များရှိခြင်း၊ အညှီအပုပ်များရှိခြင်းကြောင့် ခြင်များ၊ ဖြုတ်ကောင်များ၊ မှက်ကောင်များက တဝီဝီမြည်သံမစဲ။ မျက်နှာရှေ့၌ တဝဲလည်လည် ရှိနေကြသည်။

မှက်ခြင်ယင်များ၏ ကိုက်ခံရမှုကို ဆရာတော်က သတိမပြု ရှုတင်အကျင့်ကို သတိအပြတ်မခံ။

ညဥ့်နက်လေလေ တောခွေးအူသံများ ကြားရလေလေ။ သည်ကြားထဲ သစ်ရွက်ကြွေများကြား လျှောတိုက်သွားလာနေကြသော မြွေကြီးများကိုပင် မြင်ရသည်အထိ။ သို့သော် ဆရာတော်က သတိနှင့် အသိကို အလစ်အလပ် မပေးခဲ့။

ရှုတင်အကျင့်၊ ဝိပဿနာ ဘာဝနာအကျင့်မြတ်ကို ကျင့်နေစဉ် ဆရာတော်ဦးသုဇာတသည် သုံးလူ့ထွတ်ထား ဂေါတမရှင်တော်မြတ်ဘုရားကို ကြည်ညိုရိုသေစွာ ဖူးမြော်ခဲ့ရသည်။

ဂေါတမမြတ်စွာဘုရားကို ဖူးမြင်ရသောအခါ မြတ်စွာဘုရား မပွင့်ထွန်းမီ ပွင့်ထွန်းပေါ်ပေါက်ခါနီး အချိန်က မလျှော့မတင်းသော အစွန်းမရောက်သည့် မဇ္ဈိမပဋိပဒါ ကျင့်စဉ်အတိုင်း ကျင့်ခဲ့သည်ကို သတိရလိုက်သည်။

ထိုအခါမှ ဆရာတော်ဦးသုဇာတသည်...

'ငါ ညတိုင်း ရှုတင်အကျင့် ကျင့်တာတော့ မှန်တယ်။ ရှုတင်အကျင့် ရပ်နားချိန်မှာ ဝိညာဉ်လောကသားတွေကို တရားဓမ္မတွေ ဟောပြောပေးနေတာတော့ မှန်တယ်။

ဒါပေမယ့်... ငါ့ကျန်းမာရေးအတွက် တစ်အောင့်တစ်နား လဲလျောင်းအညောင်းဖြေဖို့နဲ့ တစ်ရေးတစ်မိုက် အိပ်စက်အနားယူဖို့လဲ လိုသေးပါလား'

ဟု တွေးတောဆင်ခြင်မိသောအခါ ပျက်စီးနေသည့် အနည်းငယ် နိုင်မာသေးသော လူသေကောင်များ မရှိတော့သည့် ခေါင်းပျဉ်များကို ယူကာ ကိုယ်တိုင် တစ်ပါးကျောင်းငယ်လေး ဆောက်လုပ် သီတင်းသုံးတော်မူခဲ့ဖူးပါသည်။

ထိုတစ်ပါးကျောင်းသည် ယခုအခါ စတုသစ္စဓမ္မဝိဟာရ ကျောင်းကြီး၏ အရှေ့ မျက်နှာစာအနီး၌ရှိသည်။ သို့သော် ဆရာတော်ကိုယ်တိုင် ဆောက်လုပ်ခဲ့သောကျောင်း မဟုတ်တော့။ တပည့် ဒါယကာ,ဒါယိကာမများ ဆောက်လုပ်လှူဒါန်းသည့် တစ်ပါးကျောင်းသစ် ဖြစ်နေပါပြီ။

တစ်ပါးကျောင်းတွင် သီတင်းသုံးသော ဆရာတော်ကို လူတို့ မြင်ကြသော်လည်း ဆရာတော်က သင်္ချိုင်းမြေပုံများပေါ်ထိုင်ကာ ရှုတင်အကျင့်ကျင့်နေမှန်း မသိခဲ့ကြ။

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော ပစ္စည်းလေးပါးကိုသာ စေတနာသဒ္ဓါတရား ထက်သန်စွာ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ထိုအချိန်က စာရေးသူသည် မရမ်းကျေးရွာနှင့် မျက်နှာချင်းဆိုင်ရွာဖြစ်သော ဘုရားငူရွာရှိ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းအုပ်ဆရာကြီးတာဝန် ထမ်းဆောင်နေချိန်၊ ကျောင်းမိသားစုခေါင်းဆောင်၊ နယ်မြေဒုခေါင်းဆောင် စသည့် တာဝန်များ ယူနေရချိန်ဖြစ်သည်။

တစ်နေ့သ၌ ပန်းတနော်မြို့နယ်၊ လက်ထောက်ပညာရေးမှူး ဆရာဦးစောနိုင်သည် နယ်သို့ ကျောင်းစစ်ဆင်းပြီး စာရေးသူနှင့်အတူ ပန်းတနော်သို့ စက်ဘီးကိုယ်စီဖြင့် ပြန်ခဲ့ကြသည်။

ထိုစဉ်က စာရေးသူတို့နယ်မြေ၌ ဆိုင်ကယ်စီးသူ မရှိသေး။ ဆရာဦးစောနိုင်ရော စာရေးသူပါ ပန်းတနော်တွင်





www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သူများဖြစ်၍ အတူတကွ ပြန်ခဲ့ကြခြင်းဖြစ်သည်။

စတုသစ္စမဟ္မဝိဟာရ ကျောင်းရှေ့မြေသားလမ်းပေါ်တွင် မတ်တတ်တံမြက်စည်းကိုင်လျက် တံမြက်စည်းလှည်းနေသော ဆရာတော်ဦးသုဇာတကို မြင်သည်နှင့် စာရေးသူတို့ စက်ဘီးပေါ်မှ ဆင်းလိုက်ကြသည်။

စာရေးသူတို့က ဆရာတော်ကို မြေပြင်ပေါ်ထိုင်ပြီး လက်အုပ်ချီကန်တော့ကြသည်။

'ဒကာလေး ဘယ်သွားမလို့လဲ'

ဆရာတော်နှင့် စာရေးသူက မကြာခဏ တွေ့ဆုံခဲ့ပြီးဖြစ်၍ ဆရာတော်နှင့်ဒါယကာ သဘော ဖြစ်နေသည်မှာ ကြာပြီ။

'ပန်းတနော် ပြန်မလို့ပါ ဘုရား'

စာရေးသူက ဆရာတော်၏ အမေးကိုဖြေပြီး ဆရာဦးစောနိုင်နှင့် မိတ်ဆက်ပေးသည်။

'ဒါက... ဆရာဦးစောနိုင်၊ လက်ထောက် မြို့နယ်ပညာရေးမှူးပါ ဘုရား'

'ဩော်... လက်ထောက်ပညာရေးမှူးကိုးကောင်းပါတယ်။ ပညာအလှူဆိုတာ ကောင်းတဲ့အလုပ်ပဲ။ ပန်းတနော်ကို အတူတူပြန်မှာလား'

'တင်ပါ့... တပည့်တော်တို့က ပန်းတနော်မှာ နေကြတာပါ ဘုရား'

ဆရာဦးစောနိုင်က ဆရာတော်ကို လျှောက်တင်ခဲ့ပြီး စာရေးသူတို့ ခရီးဆက်ခဲ့ကြတော့သည်။ ဆရာတော်ဦးသုဇာတနှင့် စာရေးသူတို့ စတုသစ္စမဟ္မဝိဟာရကျောင်းရှေ့နားတွင် တွေ့ခဲ့သည်မှာ ညနေ လေးနာရီကျော်ရုံရှိသေးသည်။

ပန်းတနော်ကို မရောက်သေး။ အဝေးကပင် မြင်ရရုံရှိသေးသည်။ မြင်ရသော နေရာက ပန်းတနော်မြို့နယ်လုံးဆိုင်ရာ ကျက်သရေဆောင် ဖြစ်တော်မူသော သမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ်ကြီးအနီး၌ ဖြစ်သည်။

ပုစွန်ဆီရောင် နေရောင်က အမှောင်မရောက်သေး။ ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ခြေတော်ရင်းကို စာရေးသူတို့ စက်ဘီးတွန်းဖြတ်ကျော်စဉ် ဘုရားရင်ပြင်ပေါ်တွင် ဘုရားဝတ်ပြုပြီး ပြန်လည် မတ်တတ်ရပ်လိုက်သော ဆရာတော်တစ်ပါးကို မြင်သည်။

'ဟာ......'

ဆရာဦးစောနိုင်နှင့် စာရေးသူ တစ်ပြိုင်တည်း အံ့အားသင့်သံ ထွက်သွားသည်။ အံ့အားမသင့်ခံနိုင်ရိုးလား၊ မရမ်းချွာ အလွန်ဗောဓိကုန်းရွာ စတုသစ္စမဟ္မဝိဟာရကျောင်းရှေ့ အနီးတွင် တွေ့ဆုံခဲ့သော ဆရာတော်ဦးသုဇာတ ဖြစ်သည်ကို တွေ့ရသောကြောင့် တည်း။

စတုသစ္စမဟ္မဝိဟာရ ကျောင်းဆောက်မည့် မျက်နှာစာ အရှေ့နားတွင် တစ်ပါးကျောင်းဖြင့် သီတင်းသုံးသောကြောင့်၊ တစ်နည်းအားဖြင့် သုသာန်အနီးတွင် တစ်ပါးကျောင်းဖြင့် သီတင်းသုံးသောကြောင့် ဆရာတော်ဦးသုဇာတကို ''သုသာန်ကျောင်းဆရာတော်''ဟု ခေါ်ဆိုခဲ့ကြခြင်း ဖြစ်ပါသည်။

သုသာန်ကျောင်း ဆရာတော်၏ ကြည်ညိုဖွယ်ရာကို ဆရာဦးစောနိုင်နှင့် စာရေးသူတို့ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ကြရသကဲ့သို့ ဆရာတော် ဦးသုဇာတ၏ ကြည်ညိုဖွယ်ရာကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့သူတစ်ဦးလည်း ရှိသည်။

ထိုသူသည် ထိုအချိန်က မြေစာရင်းဌာန ဝန်ထမ်းတစ်ဦးဖြစ်ပြီး နာမည်ကို ''ကိုစောမှံ''ဟု ခေါ်ပါသည်။

ကိုစောမှံသည် တစ်ခါက **သာမညတောင်ဆရာတော်** ရှိရာသို့ သွားရောက်ပူဇော်ကန်တော့ကာ သာမညတောင်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ထိုစဉ်က သာမညတောင်ဆရာတော်က ဦးပဉ္ဇင်းကိုစောမှံကို...

"မောင်ပဉ္ဇင်း ဒီဆရာတော်ကိုသိလား"ဟု ဓာတ်ပုံတစ်ပုံရှိ သံဃာတော်တစ်ပါး၏ပုံကို လက်ညိုးညွှန်ပြပြီး မေးသည်။ ဓာတ်ပုံမှာ သံဃာတော်များ ဆွမ်းဘုဉ်းပေးနေသည့်ပုံဖြစ်သည်။ ပြသော ဓာတ်ပုံရှိ သံဃာတော်မျက်နှာက ထင်ထင်ရှားရှား။

ကိုစောမှံဆိုသော ဦးပဉ္ဇင်းက ဖြေကြားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

'သိသလိုလိုပါပဲဘုရား၊ သံဃာတော် အရှင်သူမြတ်များရဲ့ မျက်နှာတော်တွေက ဆင်ဆင်တူသလို ရှိတော့ သိတယ်လို့ တိတိကျကျ မပြောရဲပါဘူး ဘုရား'

**သာမညဆရာတော်က နောက်ထပ် ဓာတ်ပုံတစ်ပုံကို ပြသည်။ ထိုဓာတ်ပုံက သပ္ပါယ်ကြည်ညိုဖွယ် ကောင်းသော လေးဆူဓာတ်ပုံ ရှုဓာတ်ပုံစေတီတော်ကြီးနှင့် စေတီတော်ကြီးနှင့် မနီးမဝေး အထက် ကောင်းကင်တွင် ကျွန်းအလယ်၌ တည်ငြိမ်စွာဖြင့် သပိတ်ပိုက်လျက် မတ်တတ်ရပ် နေသော သံဃာတော်အရှင်မြတ်တစ်ပါး၏ပုံ ပါရှိသည်။**



သာမညဆရာတော်က ထိုဆရာတော်ကို လက်ညှိုးညွှန်ပြီး...

'ဒီဆရာတော်ကိုတော့ မောင်ပဥ္စင်း သိမှာပေါ့'

ဟု မေးခဲ့သည်။

ထိုအခါမှ ကိုစောမွှံက ပထမဓာတ်ပုံရှိ ဆရာတော်နှင့် ဒုတိယဓာတ်ပုံရှိ ဆရာတော်မှာ တစ်ပါးတည်း အတူတူဖြစ်ကြောင်း၊ ထိုဆရာတော်မှာ မရမ်းကျေးရွာအုပ်စု၊ ဇောတိကုန်းရွာရှိ **"သုသာန်ကျောင်း ဆရာတော် ဦးသုဇာတ"**ဖြစ်ကြောင်း လျှောက်ထားဖြေကြားရာ သာမညဆရာတော်က အောက်ပါအတိုင်း မှာကြားခဲ့သည်ဟု ကိုစောမွှံက စာရေးသူကို ပြောကြားခဲ့ဖူးပါသည်။

'မှန်တယ် မောင်ပဥ္စင်း... ဒီဆရာတော်က သုသာန်ကျောင်းဆရာတော်ပဲ၊ မောင်ပဥ္စင်းတို့ ပန်းတနော်ဘက်က လူတွေ မြစ်ဝကျွန်းပေါ်ကလူတွေ ဒီသာမညတောင်ကို လာကြရတာ ဝေးလဲဝေးတယ်၊ ပင်လဲ ပင်ပန်းတယ်၊ ငွေလဲ အဆမတန်ကုန်တယ်၊

နောက်ကို သာမညတောင်အထိ မလာကြနဲ့တော့၊ အဲဒီသုသာန်ကျောင်းဆရာတော်ဦးသုဇာတဆီပဲ သွားကြ၊ သူ့ကို ပူဇော်ကန်တော့ကြ၊ အဲဒီဆရာတော်လဲ တန်ခိုးကြီးတယ်၊ အစွမ်းထက်တယ်'

ကိုစောမွှံ သာမညတောင်မှ ပြန်ရောက်ပြီးနောက် ပန်းတနော်မြို့နယ်သားများက မရမ်းအုပ်စု၊ ဇောတိကုန်းရွာ သုသာန်ကျောင်း ဆရာတော် ဦးသုဇာတထံ သွားရောက်ဖူးမြော်ကန်တော့ခဲ့ကြသည်။

ထိုစဉ်က ရေကြောင်းလမ်းရှိသည်။ ပန်းတနော်သားများသာမက မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ကျောင်းကုန်း၊ အိမ်မဲ၊ ပုသိမ်၊ ရန်ကုန် စသော မြို့များရှိ မြို့သူမြို့သားများပါ ကုန်းလမ်းရေ ရေလမ်းပါ လာရောက်ခဲ့ကြသည်။

စတုသစ္စဝမ္မဝိဟာရ ကျောင်း၏ မျက်နှာရှေ့ချောင်းရိုး ကမ်းနဖူးတွင် ဆိုက်ကပ်ထားသော စက်လှေများ၊ သင်္ဘောများမှာ ကြက်တောင်စိုက် ရှိခဲ့ဖူးသည်။

စာရေးသူနှင့် လက်ထောက်ပညာရေးမှူးဆရာဦးစောနိုင်က ဆရာတော် ဦးသုဇာတ၏ ကြည်ညိုရှိသေဖွယ်ရာကို မျက်မြင်ကိုယ်တွေ့ ဖူးတွေ့ခဲ့ကြရသည်။

ကိုစောမွှံက ဆရာတော်ဦးသုဇာတ၏ ကြည်ညိုရှိသေဖွယ်ရာ ဓာတ်ပုံကို ဖူးတွေ့ခဲ့ရသည်။ စာရေးသူတို့နည်းတူ ကိုစောဒိုင်းမွန်းကလည်း ဆရာတော် ဦးသုဇာတ၏ ကြည်ညိုရှိသေဖွယ်ရာ ရုပ်ပုံလွှာကိုလည်း အိပ်မက်ထဲ၌ ဖူးတွေ့ခဲ့ရသည်တကား။

လူရွယ်တစ်ဦးဖြစ်သော ကိုစောဒိုင်းမွန်းက လယ်သမား။ စိတ်ရင်းကောင်းသော်လည်း ဒေါသများသည်။ တစ်ခါက ချောင်းရိုးထဲရှိ ရေဖြင့် လယ်ထဲရေသွင်းသည်။ စက်ဖြင့် ရေတင်ခြင်းမဟုတ်။ ခန္ဓဲဖြင့် ရေတင်ခြင်း ဖြစ်သည်။

ခန္ဓဲဖြင့် ရေတင်ရန် ချောင်းရိုးထဲ ဆင်းရသည်။ ထိုသို့ ရေတင်စဉ် သူ့ခြေထောက်ကို ငါးပူတင်းကိုက်သည်။ စိတ်ဆိုးပြီး ငါးပူတင်းကို မိအောင်ဖမ်းသည်။

သူ့ခြေထောက်ကို ငါးစင်စပ် ငါးကလေးများ ကိုက်သည်။ ဆူးတောင်များရှိသော ငါးစင်စပ်ငါးလေးများကိုလည်း ကိုစောဒိုင်းမွန်း အလွတ်မပေး ဖမ်းသည်။

ထိုချောင်းရိုးတွင် ကွဲများ ရေစိမ်တတ်သောကြောင့် ကွဲများတွင် ကပ်တွယ်ခဲ့သော ကွဲမျှော့ကြီးများက ချောင်းရိုးထဲ ပြုတ်ကျသည်။ ပြုတ်ကျသော ကွဲမျှော့ကြီးတစ်ကောင်က သူ့ခြေထောက်ကို တွယ်၍ သွေးစုပ်သည်ကိုမြင်သောအခါ ကိုစောဒိုင်းမွန်း ဒေါသတော်တော် ဖြစ်သွားသည်။

ထိုကွဲမျှော့ကြီးကိုလည်း ဓားဖြင့် ထိုးကလော်ဖြုတ်ယူသည်။ ဓားဖြင့်ခုတ်မသတ်။ ငါးပူတင်း၊ ငါးစင်စပ်ကလေးများနှင့် ကွဲမျှော့ကို အရှင်



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ် မီးဖုတ်သတ်ခဲ့ဖူးပါသည်။

ထိုအကုသိုလ်ကြောင့် ကိုစောဒိုင်းမွန်းတစ်ယောက် အိမ်ထောင်ကျပြီးနောက် ဒုက္ခရောက်သည်။ သူ့နွားတင်းကုပ်ကို မီးလောင်သည်။ မီးလောင်မှန်း သိသည်နှင့် အပြေးသွားပြီး မီးငြိမ်းသည်။

နွား မီးလောင်မခံနိုင်သောကြောင့် နွားချည်ထားသည့် ကြိုးကိုဖြေရန် မီးလောင်နေသော တင်းကုပ်ထဲ ပြေးဝင်စဉ် ချော်လဲပြီး မီးပုံထဲ လဲကျသည်။

နွားတော့ မီးမလောင်။ ကိုစောဒိုင်းမွန်း၏ မျက်နှာနှင့် ခြေလက်များတွင် မီးလောင်ဖုများ ဖြစ်ခဲ့ရလေသည်။

မီးလောင်သည့် မီးလောင်ဖုများက အရည်တရွှဲရွှဲဖြစ်သည်။ ကုသော်လည်း မပျောက် ပိုဆိုးလာသည်။ ကိုစောဒိုင်းမွန်း အပြင်းဖျားပြီး ကယောင်ကတမ်း ပြောခဲ့ဖူးပါသည်။

'သရဲတွေ သရဲတွေ...ခေါင်းက ငါးပုတင်း ခေါင်းနဲ့သရဲ ဟာ... ငါးစင်စပ်တွေလို ဆူးတောင်တွေရှိတဲ့သရဲ ကြောက်တယ်... ကြောက်တယ် မျှော့ကြီးလို ခြေမပါ လက်မပါ ခေါင်းမပါတဲ့သရဲ ငါ့ကို မသတ်ပါနဲ့၊ မသတ်ပါနဲ့'

ကိုစောဒိုင်းမွန်းက ထိုစကားကိုသာ ခဏခဏ ကယောင်ကတမ်း ပြောနေသောကြောင့် သူ့မိန်းမ မစန္ဒာက...

'အစ်ကို ဘုရားကို မမေ့နဲ့၊ ဘုရား... ဘုရား...ဘုရား၊ ဘုရားဂုဏ်တော်တွေကို ရွတ်ပြီးပူဇော်၊ လှူခဲ့တာတွေ သတိပြန်ရအောင် ကြိုးစား'

ဆိုပြီး သတိပေးခဲ့ရသည်။

"ကြောက်တယ်၊ ကြောက်တယ်" ပြောနေသည့် ကိုစောဒိုင်းမွန်း၏ ကိုယ်ခန္ဓာမှာ ချွေးရွှဲနေသော်လည်း "ကြောက်တယ်" ဟု မပြောသောအခါ **"ချမ်းတယ်၊ ချမ်းတယ်၊ ချမ်းလိုက်တာ၊ စောင်ခြုံ၊ စောင်ခြုံ"** ဟု စောင်ခြုံခိုင်းတတ်သည်။

စောင်ခြုံပေးလိုက်သည်နှင့် "**အိုက်တယ်၊ အိုက်တယ်**" ဟူ၍ ပြောပြန်သည်။

ဘုရားကို ကိုစောဒိုင်းမွန်း သတိမရ။ လှူခဲ့သည့် အလှူဒါနများကိုလည်း သတိမရ။ သို့သော် သေကံမရောက်သေးသောကြောင့်ထင်သည်။

သူ့ကို သရဲများကဖမ်းပြီး ခြေထောက်နှစ်ချောင်းမှကိုင်ကာ အလွန်တရာနက်သော ရေတွင်းထဲ ပစ်ချတော့မည်ဟု မြင်နေစဉ် ရုတ်တရက် သုသာန်ကျောင်း ဆရာတော်ကို ကိုစောဒိုင်းမွန်း မြင်လိုက်ရသည်။

'ဟာ...ဆရာတော်...ဆရာတော်'

ဆရာတော်က သုသာန်သင်္ချိုင်း မြေပုံပေါ်ငးတစ်ခုပေါ် ထိုင်ရင်း တရားဟောနေစဉ် တရားနာနေသူများမှ ဝိညာဉ်လောကသား တစ္ဆေသရဲများ ဖြစ်နေသည်ကို မြင်ရခြင်းဖြစ်သည်။

မြင်ရသော တစ္ဆေသရဲများတွင် ကိုစောဒိုင်းမွန်းက သူနှင့် ရင်းနှီးခဲ့သူများ၊ သူငယ်ချင်းများနှင့် မမြင်မတွေ့ဘူးသူများ ပါပါသည်။ သံဃာတော်များနှင့် သီလရှင်များ၊ ဖိုးသူတော်များလည်း တွေ့ရသည်။

"ဆရာတော်" ဟု ကိုစောဒိုင်းမွန်းက ခေါ်ရင်းနှင့်... "တပည့်တော်ကို ကယ်တော်မူပါဘုရား" ဟု နှုတ်မှ ထုတ်ဖော်မိချိန်တွင် ဆရာတော်ဦးသုဇာတ၏ လက်တစ်ဖက်က သူ့လက်ကို ဆွဲကာ သရဲများလက်မှ လွတ်အောင် ပြုလုပ်ပေးသည်ဆိုသော အိပ်မက်ဖြစ်သည်။

ထိုအိပ်မက် မက်ပြီးနောက် ကိုစောဒိုင်းမွန်း၏ အပူလောင်သည့် အနာများမှာ သုသာန်ကျောင်းဆရာတော်၏ ပရိတ်ရေအေး အစွမ်းကြောင့် လုံးဝပျောက်ကင်းသွားလေသည်။ ကိုစောဒိုင်းမွန်း မသေတော့။

ယခုအခါ ဆရာတော် ဦးသုဇာတ ဘဝနတ်နန်း စံမြန်းခဲ့သည်မှာ ကြာပါပြီ။

သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု ဗောဓိကုန်းရွာရှိ "သုသာန်ကျောင်း" ဟုလူသိများသော စတုသစ္စာမဟာဝိဟာရကျောင်း ဆရာတော် ဦးသုဇာတ၏ ထူးခြားဆန်းကြယ် ကြည်ညိုဖွယ်ဂုဏ်များက ရှင်သန်နေဆဲ။

**ပန်းတနော် နောင်ညွတ်**

www.burmeseclassic.com

ကံကောင်းစေရာ

သန့်ဝေါင် (ပညာရေး)

# ကံမြှင့်ယတြာများ (၂)



**တနင်္လာ သားသမီးများအတွက်** ဖြစ်ပါတယ်။ တနင်္လာသားသမီးများရဲ့ ကံဇာတာ ပွင့်လန်းစေမယ့် နေ့ရက်နဲ့ အချိန်အခါများကို ဦးစွာ ဖော်ပြလိုပါတယ်။

**တနင်္လာ သားသမီးများအတွက် ကံမြင့်သော နေ့ရက်နဲ့ အချိန်အခါများကတော့...**

အာစရိယဝါဒအရ...

- ✤ တနင်္ဂနွေနေ့
- ✤ ဗုဒ္ဓဟူးနေ့
- ✤ ကြာသပတေးနေ့...

များ ဖြစ်သလို အချိန်အခါများကလဲ ထိုနည်းအတိုင်း ဖြစ်ပါတယ်။

ကဲ ဒါကြောင့်...

တနင်္လာ သားသမီးများအတွက် ကံကောင်းစေမယ့် နေ့အလိုက် အချိန်များကို ဦးစွာ မှတ်သားလိုက်ပါဦး။

*** * *(ယေား–၁)***

**ယေား(၁)**သည် အောင်မြင်မှုကိစ္စမှန်သမျှအတွက် ဆောင်ရွက်နိုင်ပါတယ်။ **"ချမ်းသာ"** ဆိုတဲ့ ဘွဲ့တော် ပညတ်ပါသော စေတီ၊ ရုပ်ပွားတော်တွင် သက်တော်ထင်ရှား မြတ်ဘုရားကို ရည်စူးပြီး အဖြူရောင်ပန်း ဝေဝေဆာဆာ လှူဒါန်းပါ။

**ချမ်းသာကြီးဂါထာတော်**ကို (၉) ခေါက်ရွတ်ဆိုပြီး ဆုတောင်းလိုက်ပါ။

<u>ချမ်းသာကြီးဂါထာတော်</u>

သုခံ ဘဂ္ဂံ ဗလံ ဇေယံ၊
ယသ တေဇော လာဘံ အာယု။
အဣဝရာနိ မာနေဝ၊
ဝမ္မန္တု ဇိနတေဇသာ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **အဣ** | = | အတ်ထ |
| **ဝမ္မန္တု** | = | ဝတ်တန်တု |

အနက်

**ဇိန တေဇသာ** – မြတ်စွာဘုရား တန်ခိုးတော်အစွမ်းကြောင့်၊ (**မေ**–အကျွန်ုပ်အား)၊ **သုခံ**–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းလည်းကောင်း၊ **ဘဂ္ဂံ**–ဘုန်းကျက်သရေလာဘ်ဝေခြင်း လည်းကောင်း၊ **ဗလံ**–ခွန်အားကြီးမားခြင်း လည်းကောင်း၊ **ဇေယံ**–အောင်မြင်စရာ အဖြာဖြာကို မကြာမတင် အောင်မြင်ခြင်း လည်းကောင်း၊ **ယသတေဇော**–အခြံအရံများလျက် ထက်မြက်သော တန်ခိုးရှိခြင်း လည်းကောင်း၊ **လာဘံ**–ရသင့်ထိုက်စွာ အဖြာဖြာကို ရရှိခြင်း လည်းကောင်း၊ **အာယု**–အသက်ရှည်ခြင်းလည်းကောင်း၊ **ဧဝံ**–ဤသို့ဆိုငြား အပြားအားဖြင့်၊ **ဣမာနိ အဣဝရာနိ**–ဤရှစ်ပါးသောဆုမြတ်တို့သည်၊ **ဝမ္မန္တု**–တစ်နေ့တခြား တိုးပွားပါစေကုန်သတည်း။

*** * *(ယေား–၂)***

**ယေား(၂)**သည် အေးအေးချမ်းချမ်း ဖြစ်စေလိုသောအခါမျိုးတွင် လည်းကောင်း၊ ရန်ကင်းစေလိုတဲ့ အခါမျိုးတွင် လည်းကောင်း ဆောင်ရွက်ရပါမယ်။

**ကျောက်တော်ကြီး** ဘွဲ့တော်ရှိ ရုပ်ပွားတော်တွင် အဖြူရောင်နှင်းဆီပန်း(၅)ပွင့်လှူပြီး **ရန်ကင်းစေတဲ့ဂါထာ**ကို (၉)ခေါက်ရွတ်ပြီး ဆုတောင်းရန်ပဲ ဖြစ်ပါတယ်။

<u>ရန်ကင်းစေတဲ့ဂါထာ</u>

ဃင္ဃေသိ ဃင္ဃေသိ၊
ကိင်္ကာရဏာ ဃင္ဃေသိ။
အဟမ္ပိ တံ ကာရဏံ၊
ဇာနာမိ ဇာနာမိ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဃင္ဃေသိ** | =ဂင်္ဂတေသိ |
| **ကိင်္ကာရဏာ** | =ကိန်ကာရနာ |
| **အဟမ္ပိ** | =အဟမ်ပိ |

အနက်

(**တွံ**–သင်သည်၊) **ဃင္ဃေသိ**–ချုပ်ချယ်ပြစ်မှားဘိ၏။ **ဃင္ဃေသိ**– ချုပ်ချယ်ပြစ်မှားဘိ၏၊ **ကိံ ကာရဏာ**–အဘယ်သို့သော အကြောင်းကြောင့်၊ **ဃင္ဃေသိ** – ချုပ်ချယ်ပြစ်မှားဘိလေသနည်း၊ **အဟံပိ**–ငါသည်လည်း၊ **တံကာရဏံ**–ထိုအကြောင်းကို၊ **ဇာနာမိ**–သိ၏၊ **ဇာနာမိ**– သိ၏။

*** * *(ယေား–၃)***

**ယေား(၃)**သည် ငွေကြေးကိစ္စများ လာဘ်ရမှုဆိုင်ရာ ကိစ္စများတွင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကြေးသွန်းရုပ်ပွားတော် ထံဆုဆူတွင် ရောင်တော်ဖွင့်ပြီး **လာဘ်ရဂါထာတော်**ကို (၉)ခေါက် ရွတ်ဆိုဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com

ဇယား-၁

| အချိန် | ၆း၀၀ ↓ ၇း၃၀ | ၇း၃၀ ↓ ၉း၀၀ | ၉း၀၀ ↓ ၁၀း၃၀ | ၁၀း၃၀ ↓ ၁၂း၀၀ | ၁၂း၀၀ ↓ ၁း၃၀ | ၁း၃၀ ↓ ၃း၀၀ | ၃း၀၀ ↓ ၄း၃၀ | ၄း၃၀ ↓ ၆း၀၀ |
|---|---|---|---|---|---|---|---|---|
| နေ့ | ကြာသပတေး | စနေ | တနင်္လာ | ဗုဒ္ဓဟူး | သောကြာ | တနင်္ဂနွေ | အင်္ဂါ | ကြာသပတေး |

ဇယား-၂

| အချိန် | ၆း၀၀ ↓ ၇း၃၀ | ၇း၃၀ ↓ ၉း၀၀ | ၉း၀၀ ↓ ၁၀း၃၀ | ၁၀း၃၀ ↓ ၁၂း၀၀ | ၁၂း၀၀ ↓ ၁း၃၀ | ၁း၃၀ ↓ ၃း၀၀ | ၃း၀၀ ↓ ၄း၃၀ | ၄း၃၀ ↓ ၆း၀၀ |
|---|---|---|---|---|---|---|---|---|
| နေ့ | တနင်္ဂနွေ | အင်္ဂါ | ကြာသပတေး | စနေ | တနင်္လာ | ဗုဒ္ဓဟူး | သောကြာ | တနင်္ဂနွေ |

ဇယား-၃

| အချိန် | ၆း၀၀ ↓ ၇း၃၀ | ၇း၃၀ ↓ ၉း၀၀ | ၉း၀၀ ↓ ၁၀း၃၀ | ၁၀း၃၀ ↓ ၁၂း၀၀ | ၁၂း၀၀ ↓ ၁း၃၀ | ၁း၃၀ ↓ ၃း၀၀ | ၃း၀၀ ↓ ၄း၃၀ | ၄း၃၀ ↓ ၆း၀၀ |
|---|---|---|---|---|---|---|---|---|
| နေ့ | ဗုဒ္ဓဟူး | သောကြာ | တနင်္ဂနွေ | အင်္ဂါ | ကြာသပတေး | စနေ | တနင်္လာ | ဗုဒ္ဓဟူး |

လိုက်ပါ။ သကြားခွမ်း ကပ်လိုက ကပ်လှူနိုင်ပါတယ်။

လာဘ်ရဂါထာ

သဗ္ဗံ ဟေမဥ္စ ရတနံ၊
ဂေဟံ ဝတ္ထဥ္စ ဘောဇနံ။
တဒညေပိ ယထာစိတ္တံ၊
မာပေယျံ တံ နမေ ဇိနံ။
သဗ္ဗံ ဟေမဥ္စ ရတနံ၊
ဂေဟံ ဝတ္ထဥ္စ ဘောဇနံ။
တဒညေပိ ယထာစိတ္တံ၊
မာပေယျံ ကမ္မဇိဒ္ဓိယာ။

ခက်ခဲသော ပါဠိအသံထွက်

**သဗ္ဗံ** = သဗ်ဗံ
**ဟေမဥ္စ** = ဟေမင်စ
**ဝတ္ထဥ္စ** = ဝတ်ထင်စ
**တဒညေပိ** = တဒင်ညေပိ
**ယထစိတ္တံ** = ယထာစိတ်တံ
**ကမ္မ** = ကမ်မ
**ဇိဒ္ဓိယာ** = ဇိတ်ဓိယာ

အနက်

**ယောဇိနော**-အကြင် မြတ်စွာဘုရား သည်၊ **သဗ္ဗံ**-ငွေကိုလည်းကောင်း၊ **ဟေမဥ္စ**-ရွှေကိုလည်းကောင်း၊ **ရတနံ**-ပုလဲစသော ရတနာကို လည်းကောင်း၊ **ဂေဟံ**-ကျောင်း,အိမ်ကိုလည်းကောင်း၊ **ဝတ္ထဥ္စ** - အဝတ်ကိုလည်းကောင်း၊ **ဘောဇနံ**-ဘောဇဉ်ကို လည်းကောင်း၊ **တဒညေပိ**-ထိုမှတစ်ပါး များစွာသော အလိုရှိသမျှတို့ကို လည်းကောင်း၊ **ယထာစိတ္တံ**-စိတ်ရှိသလောက်(စိတ် အလိုအတိုင်း)၊ **မာပေယျံ**-ဖန်ဆင်း တော်မူနိုင်ပါပေ၏။

**တံဇိနံ**-ထိုမြတ်စွာဘုရားကို(**အဟံ**-အကျွန်ုပ်သည်၊) **နမေ**-ရှိခိုးပါ၏။

(**အဟံပိ**-ငါသည်လည်း၊) **သဗ္ဗံ**-ငွေကို လည်းကောင်း။ **ဟေမဥ္စ**-ရွှေကို လည်းကောင်း။ **ရတနံ**-ပုလဲ စသော ရတနာကိုလည်းကောင်း၊ **ဂေဟံ**-ကျောင်း,အိမ်ကိုလည်းကောင်း၊ **ဝတ္ထဥ္စ**-အဝတ်ကို လည်းကောင်း။ **ဘောဇနံ**-ဘောဇဉ်ကိုလည်းကောင်း၊ **တဒညေပိ** -ထိုမှတစ်ပါး များစွာသော အလိုရှိသမျှတို့ကို လည်းကောင်း၊ **ယထာစိတ္တံ** -စိတ်ရှိသလောက်(စိတ် အလိုအတိုင်း)၊ **ကမ္မဇိဒ္ဓိယာ**-ကံ ကြောင့်ဖြစ်သော တန်ခိုးဖြင့်၊ **မာပေယျံ**-ဖန်ဆင်းနိုင်ရပါလို၏။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း အောင်ရွှေ မှော်စရိယ(မဟာဝဏ္ဏဒီမြန်မာ ဂုဏ်ထူး)၊ ဓိယဘာဓာက-ဓိယနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေး ပါသည်။]*

**မြေရင်မှာ ရှိပါစေ။**

**သန်းခေါင်(ပညာရေး)**



www.burmeseclassic.com

www.burmeseclassic.com

# သွားရောဂါ

တစ်သက်တာ ကင်းဝေးစေဖို့



လူ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းတိုင်းသည် သူ့နေရာနှင့်သူ အရေးပါအရာရောက်သည်ချည်း ဖြစ်ပါ၏။

မျက်စိ၊ နား၊ နှာခေါင်းတို့သည် အရေးပါအရာရောက်သလို သွားသည်လည်း အထူးအရေးပါအရာရောက်သော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

ငယ်စဉ်ဘဝကပင် သွားကိုဂရုတစိုက် မရှိခဲ့ပါလျှင် သွားပိုးစားခြင်း၊ သွားကိုက်၊ သွားနာဖြစ်ခြင်းစသော ရောဂါများ တစ်နေ့နေ့တွင် ခံစားရမည် မလွဲကေန်ပါ။

သို့ဖြစ်ပါ၍ သွားနှင့်ပတ်သက်သော ရောဂါဝေဒနာ ကင်းဝေးရလေအောင် စာရေးသူ လက်တွေ့အသုံးချနေသော ဆေးနည်းတိုကလေးတစ်ခုကို ဝေမျှပေးလိုပါသည်။

ဤဆေးနည်းမှာ ငွေကုန်ကြေးကျလည်းမများ၊ ပစ္စည်းရှာဖွေရန်လည်း မခက်ခဲလှသောကြောင့် ပြုလုပ်သုံးစွဲကြည့်ကြပါရန် တိုက်တွန်းလိုပါသည်။

**ဆေးနည်းမှာ...**

ပျဉ်းမပင်မှ အသီးအခြောက် (ပျဉ်းမပင်ကိုတော့ လူတိုင်းသိလောက်ပါ၏။ တန်ခူးလတွင် ကြည်ပြာရောင်အဆင်းနှင့် အပွင့်လှိုင် လှိုင်ပွင့်ပြီး အလွန်ကျက်သရေရှိသောအပင်)ကို ဒယ်အိုး (သို့မဟုတ်) သံပြားပေါ်တင်၍ ကျွန်းပြီး ပြာကျအောင်လှော်ပြီး အမှုန့်ဖြစ်သွားအောင် ကြိတ်ချေပါ။

အိမ်သုံးဆားကိုလဲ အသင့်အတင့် လှော်ပါ။ ယင်းနှစ်မျိုးကို သင့်တင့်အောင်ရောစပ်၍ ဖန်ပုလင်းတွင်ထည့်ပြီး နေ့စဉ်သွားတိုက်တိုင်း သွားပွတ်တံတိုက်ပေးပါ။ သွားရောဂါကင်းဝေး၍ သွားလဲ ဖြူဖွေးတောက်ပြောင်လာပါလိမ့်မည်။

ဤဆေးနည်းကို အသုံးပြုသူ ချစ်မိတ်ဆွေအပေါင်း သွားနှင့် ပတ်သက်သောရောဂါဝေဒနာများ ကင်းရှင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အထူးအားဖြင့် ဤဆေးနည်းကို ပြောပြရုံမျှမက လက်တွေ့ပြုလုပ် ဆောင်ရွက်ပေးလိုက်ပါသော် **အင်းစိန် ရွာမ အရှေ့ရပ်ကွက်မှ အဘဦးထွန်းရှိန်အား ဦးညွတ်ကန်တော့အပ်ပါသည်။**

**တင်ဆောင်**

***ပျဉ်ပုံကြီး-ပဲခူးမြို့နယ်***



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းဝင် ဆားခါတောင်မှ

# ဆားခါတောင်မယ်တော်ကြီး (၂)

ဂျိုကာဦးမြမောင် (မန္တလေး)



▲ ဆားခါတောင်မယ်တော်ကြီး (၈၃)နှစ်ကို ၂၇-၁၀-၂၀၁၆နေ့ မြင်ရပုံ



▲ မယ်တော်ကြီးနှင့် နှစ်ကိုယ်ရှိ ဆွေတော်များ ၂၇-၁၀-၂၀၁၆

ကျွန်တော် ဆားခါတောင်ကို ပထမဆုံးရောက်တော့ မယ်တော်ကြီး ရောက်နှင့်နေတာ ဆယ်နှစ်ကျော်ကျော် ရှိနေပါပြီ။ မယ်တော်ကြီး ရောက်စက ဆရာတော်အိုကြီးနဲ့ သူပါ နှစ်ကျောင်းတည်း ရှိပါတယ်။

နောက်မှ ကျောက်ပါးစပ် ဦးသံဝရ ရောက်လာမှ သုံးကျောင်းပါ။ ဒါက မြောက်ဖျားမှာပါ။

တစ်ခါ တောင်ဘက်ဖျားတွင် ကျောင်းသုံးကျောင်းနဲ့ ဇရပ်တစ်ဆောင် တိုးလာတဲ့အတွက် သာသနာနယ်မြေ စည်ကားစပြုလာပြီလို့ ပြောလို့ရပါပြီ။

သို့သော်လဲ အကြောင်းကြောင်းကြောင့် ကျွန်တော် ဆားခါတောင်ကို မရောက်တာ နှစ်ပေါင်းနှစ်ဆယ်ကျော် မည်လို့ ထင်ပါတယ်။ ၂၇-၁၀-၂၀၁၆ နေ့က ရောက်တော့ မယ်တော်ကြီး ကျွန်တော့်ကို မမှတ်မိရှာတော့ပါဘူး။

ဝ,တာနဲ့ ကြာတာ ပေါင်းလိုက်တော့ ဘယ်မှတ်မိတော့မလဲ။ ညီရင်းအစ်ကိုတမျှ ရင်းနှီးခင်မင်သော တောပျော်ရဟန်းကြီးဦးသံဝရပါ ပြောင်းလဲနေတဲ့အတွက် အပြန်အလှန် နှံမည်ပြောမိတ်ဆက် ယူရတဲ့အတွက် ခန္ဓာတွေ ပြောင်းလဲနေကြပြီလေ။

---

ဒုလ္လဘ ဘဝ

---

ဟိုတုန်းက ဆားခါတောင်တွင် ဒုလ္လဘ ဝတ်ခဲ့ဖူးတာကြောင့် ရင်းနှီးတဲ့ မိတ်ဆွေ ပုဂ္ဂိုလ်များဖြစ်ခဲ့တာပါ။ ဆားခါတောင်မှာ ပြောင်းလဲသွားတာ သိပ်အံ့ဩမိပါတယ်။

ဟိုလွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်က ဆိုရင် ဖယောင်းတိုင်မီးလေးတွေနဲ့ ကျောင်းတွေထဲမှာ လင်းနေပေမယ့် တစ်တောတစ်တောင်လုံး မည်းမှောင်နေတယ်၊

အံ့ဩရတာက ကျောင်းပေါင်း (၁၈) ကျောင်းရှိပြီး လျှပ်စစ်မီးရနေတာလဲ (၁၈)နှစ်ကျော်လောက် ရှိပြီဆိုပါတယ်။

ကျောင်းတိုင်း လျှပ်စစ်မီးနဲ့ ပြည့်စုံတဲ့အပြင် လျှပ်စစ်အသုံးအဆောင်များကလဲ ခေတ်မီတိုးတက်နေတာကြောင့် မြို့ကျောင်းများနဲ့မခြား ပြည့်စုံနေကြလို့ ဝမ်းမြောက်မိပါတယ်။

ရိုးသားသူ မယ်တော်ကျောင်းမှာ ပင်လျှင် လျှပ်စစ်ပစ္စည်းများ စုံလင်စွာ တွေ့ရပါတယ်။

တယ်လီဖုန်းလာရင် ကိုင်ဖတ်ပေမယ့်ပြန်မဆက်တတ်သူတဲ့။အများကောင်းမှု အလှူပစ္စည်းများ ဖြစ်ပါလိမ့်မယ်။

ထို့ပြင် ဟင်းမျိုးစုံနဲ့ ပို့ထားတဲ့ ဆွမ်းချိုင့်များနဲ့ မုန့်ပဲသရေစာများအပြင် အသီးအနှံမျိုးစုံ အလှူ့ပယ် လိုလေသေးမရှိ စုံလင်စွာ လှူထားကြသဖြင့် ဝမ်းမြောက်စွာ သာဓုခေါ်မိတယ်။

မယ်တော်ကြီးက အသက်(၈၃)နှစ်ရှိပြီဖြစ်တဲ့အတွက် အသားအရေက ယုတ်လျော့လာနေတယ်။ ညနေပဋ္ဌာန်းရွတ်ပြီး စကြံလျှောက် တရားမှတ်တယ်။ ည ဘုရားရှိခိုးပြီးရင် တရားထိုင်တယ်။

ညဥ့်သုံးယံ တစ်ယံသာ အိပ်ပြီး နံနက်လေးနာရီ ထိုးတာနဲ့ တောင်ပေါ်ရှိ သူတော်စင်အပေါင်းတို့ကို တစ်မိုးသောက်ပြီဖြစ်ကြောင်း ကုလားတက်ခေါက်၍ အချက်ပေးနိုးထစေတော့တယ်။

ဤဝတ္တရားများကို နှစ်ပေါင်းလေး





www.burmeseclassic.com

www.burmeseclassic.com

ဆယ်ကျော်မျှ ဆောင်ခဲ့ပြီဖြစ်ပါတယ်။

### ဇရာကို ဝေဒနာထောင်းပြီ

အုတ်သမံတလင်းပေါ်တွင် စောင်ထူထူ ခင်း၍ ညစဉ်ညတိုင်း နှစ်ယံလုံး တရားထိုင်ခဲ့သည်မှာလဲ နှစ်ပေါင်းလေးဆယ်ကျော်ဆိုတော့ ဇရာနဲ့ အပြိုင် ဝေဒနာကလဲ ထောင်းပြီဆိုပါတယ်။

တရားထိုင်ရာက ရုတ်တရက် မထနိုင်ဘူး ထပြီး ပြန်တော့လဲ ခြေထောက်တွေ ဆာတာတာနဲ့ လမ်းမလျှောက်နိုင်ဘူး ဖြစ်နေပါသတဲ့။

အိုနာသေဘေး နီးလာပြီဖြစ်သော်လဲ လူတိုင်းသွားနေကြတဲ့လမ်းကို ကိုယ်လဲ တစ်နေ့ရောက်မှာ မလွဲဘဲ။ ကိုယ့်တရားအလုပ်နဲ့ ကိုယ်အေးအေး လျှောက်ရုံပါပဲတဲ့။

ပြောခဲ့တဲ့ ဝေဒနာတွေကြောင့် ဣရိယာပုတ်ပြောင်းပြီး တုံးလုံး တရားမှတ်တယ်ဆိုပါတယ်။ ဒါကြောင့် သမံတလင်းပေါ်တွင် မထိုင်တော့ဘဲ စကြံလျှောက်၍သော် လည်းကောင်း၊ ကုလားထိုင်ဖြင့် ထိုင်၍သော် လည်းကောင်း ဣရိယာပုတ်ပြောင်းပြီး တရားမှတ်တရားထိုင်စေရန်အကြံပြုခဲ့ပါတယ်။

### မှတ်သားဖွယ်

### မယ်တော်ကြီးစကားများ

ဤဆားခါတောင်သည် အစောင့်အရှောက်ထူပြောတယ်။ ဤတောင်ကို အကြောင်းပြု ကိုယ်ကျိုးရှာသူများ သေသည့်တိုင်မကျွတ်မလွတ်ဟု ဆိုပါတယ်။

ကံမကောင်း အကြောင်းမလှ ကျန်ရစ်သူမိသားစုများပါ ဘဝ ထိခိုက်နိုင်ပါတယ် ဆိုပါတယ်။

တောင်ပေါ်ဝင် ထွက်သွားလာနေကြတဲ့ မိတ်ဆွေများ ကွယ်လွန်သွားကြတဲ့ အခါ ဘဝတစ်ပါးတွင် အခြေအနေကောင်း၏၊ မကောင်း၏ကိုလဲ မှန်းဆပြောပြနိုင်ပါတယ်။



◆ မယ်တော်ကြီးဘုရားစင်

တောင်ပေါ်တွင် နှစ်ပေါင်း လေးဆယ်ကျော် နေထိုင်ခဲ့တဲ့အတွက် တောင်အကြောင်း နှောကျေအောင် သိထားသူလဲ ဖြစ်တယ်။

တစ်တောလုံး တစ်ဦးတည်းသာ ရှိသော သတ္တိခဲ အမျိုးသမီးဆိုပါကလဲ မမှားပါ။

သံသရာမှ ကျွတ်မြောက်ရေးအတွက် တရားရှာနေသော်လဲ အများအတွက် ကုသိုလ်ရေးနဲ့ ဘဝလွတ်မြောက်စေရေးအတွက် ကုသိုလ်ရေး တစ်ခုကို တာစူဖန်တီးလိုက်ပါတယ်။

### နှစ်ကျိပ်ရှစ်ဆူ

ဤတောင်ပေါ်တွင် ရှေးဟောင်းဘုရားနှင့် ခေတ်သစ်ဘုရားများ ရှိနေသော်လည်း မရှိသေးသည်မှာ နှစ်ကျိပ်ရှစ်ဆူဘုရားများဖြစ်နေ၍ အများပါဝင်ကုသိုလ်ပြုနိုင်သဖြင့် တာစူလိုက်ရာ အလျှိုလျှို ပါဝင်လာကြသဖြင့် ယခုဆိုလျှင် (၁၃)ဆူ ပြီးမြောက်သွားပါပြီ။

ကျန်(၁၅)ဆူအတွက် ဤဆောင်းပါးကြောင့် သဒ္ဓါပေါက်၍ လှူလိုပါလျှင် တစ်ဆူလျှင် (၄၅၀၀၀ဝိ)ကျပ်ဖြင့် မယ်တော်ကြီးထံတွင် လှူနိုင်ပါသည်။

မယ်တော်ကြီးကျောင်း အနီးသို့ ကားလမ်းပေါက်သဖြင့် သွားလာရေး မခက်ခဲပါ။

မယ်တော်ကြီးသည် ပြီးခဲ့သည့် ဘုရား(၁၃)ဆူကို ကိုယ်တိုင်ကြပ်မတ်၍ ပန်းရန်ဆရာနှင့် ဆေးသုတ်ဆရာတို့ကို စိတ်တိုင်းကျ ဦးဆောင်ဦးရွက်ပြုခဲ့သဖြင့် သပ္ပါယ်သော ဘုရားများကို ဖူးမြော်ကြည်ညိုနိုင်ပါသည်။

### ဆံပင်နှင့် ဝတ်ကြောင်ကိုပယ်

သမုဒယအထုပ်ကို ဖြုတ်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ကိုယ်တွင်ကပ်ငြိနေသော ဆံပင်နှင့် ဝတ်ကြောင်ကို ပယ်ရန် ဆုံးဖြတ်လိုက်သည်။

ဆံပင်ကြောင့် ဖီးရသင်ရ၊ ခေါင်းလျှော်ရ အစရှိသောဒုက္ခ ဖြူနီ ပြောင်ကျား ဟိုအရောင် ဒီအရောင် ကိုက်၏၊ မကိုက်၏ အစရှိသော ဝတ်ကြောင်ဒုက္ခအပေါင်းမှ လွတ်မြောက်စေရန် ဆံပင်နှင့် ဝတ်ကြောင်ကို ပယ်ခဲ့သည်။

ဝတ်ဆင်ရာတွင် အရွယ်မရွေးကျက်သရေနှင့် ပြည့်စုံသောဂုဏ်တုဂုဏ်ပြိုင်ကင်းသော သာသနာ့ နယ်မြေတွင် သာသနအရောင်ကို ဆောင်လျက် တစ်ရောင်တည်းသော **ယောဂီရောင်ဖြင့် အစားထိုး** ဝတ်ဆင်ခဲ့သည်။ ကြာညောင်းခဲ့ပါပြီ။

သမုဒယအရှုပ်ကို ဖြုတ်၍ ကုမ္မာရီအပေါင်းတို့ တကယ်လုပ် အဟုတ်ဖြစ်ခဲ့သော ဆားခါတောင် မယ်တော်ကြီး ဒေါ်သောင်းလှိုင်ကဲ့သို့ သာသနာ့အလံတော်ကို မြင့်မြင့်လွှင့်တင်နိုင်ကြစေရန် စေတနာဖြင့် ကြိုးစား၍ တင်ပြလိုက်ရပါသည်။ **ဆားခါတောင်သည် မန္တလေးမိုးကုတ် သွားကားလမ်းဘေး (၁၃)မိုင်တွင် ရှိပါသည်။**

**အီကင်းဦးမြမောင်(မျှမလေး)**

F.29E. April, 2017.



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဇော
(ကသာမြေ)

ဒဏ္ဍာရီမဟုတ်သော

# ဒဏ္ဍာရီ (၂)

ယခင်လမှ အဆက်

နံနက်ဈေးထွက်ရန် မုန့်ညင်းရွက်တွေ စည်းနေသော မယဉ်လှတစ်ယောက် ညဆယ့်တစ်နာရီလောက်မှ အိပ်ရာဝင်ဖြစ်သည်။ နံနက်လေးနာရီကျော်လို့ မနိုးသေး။ အိပ်မက်တွေ ကမက်လို့ ကောင်းနေသည်ကိုး။

အိပ်မက်ထဲမှ အသက်(၂၀)ကျော်နှင့် အစိတ်အရွယ် ယောကျ်ားလေး (၃)ယောက်နှင့် (၁၇)၊ (၁၈) အရွယ်မိန်းကလေးတစ်ဦး (၁၃)၊ (၁၄)အရွယ်မိန်းကလေးကတစ်ဦး သူ့ထံ ရောက်လာသည်။

ရုပ်ရည် ချောမောလှပကြသဖြင့် မယဉ်လှက ငေးကြည့်နေမိသည်။ ရှမ်းတိုင်းရင်းသားများ ဖြစ်မည်ထင်ရသည်။ ရှမ်းခေါင်းပေါင်း၊ ရှမ်းဘောင်းဘီအင်္ကျီနှင့် မိန်းကလေးတွေကလည်း ခေါင်းပေါင်းကိုယ်စီ ရှမ်းလုံချည်လေးတွေနှင့် ဖြစ်သည်။

ပါးအို့လေးတွေဆို ရဲပြီး လှလိုက်တာ ချစ်စရာလေးတွေဟု မယဉ်လှချီးကျူးလိုက်သည်။ ထိုအထဲမှ အငယ်ဆုံးမလေးက မယဉ်လှကို အသံဝဲဝဲကလေးနှင့်...

'အမေ... ကျွန်မ အမေ့ဆီမှာ နေပါရစေ။ အမေ လက်ခံပေးပါလားဟင်'

ဆိုတော့ မယဉ်လှက...

'ဒီလောက်ချောပြီး ဒီလောက်ချစ်စရာကောင်းတာ ဘာလက်မခံနိုင်စရာရှိတုံး'

ဟု တွေးကာ...

'အေးလေ...လာနေချင်ရင်လဲ လာနေပေါ့။ ဒါပေမယ့် အမေတို့က ဆင်းရဲတယ်နော်။ တဲပုတ်နဲ့ နေနိုင်မှာလား'

'အို...နေနိုင်ပါတယ် အမေရဲ့'

ပျော်ရွှင် မြူးထူးသွားပုံလေးက မယဉ်လှ၏ နှလုံးသားကို လှုပ်ခါသွားစေခဲ့သည်။

ဖျတ်ဆို မယဉ်လှနိုးလာတော့



www.burmeseclassic.com

www.burmeseclassic.com

ယောင်၍ ဟိုဒီကြည့်မိသည်။ အိပ်မက်ဟုပင် မထင်မိ။ တကယ့်အဖြစ်အပျက်ထင်ရလောက်အောင် ပြက်ပြက်ထင်ထင် ရှိလှသည်။ နာရီ ကြည့်လိုက်တော့ (၅)နာရီမတ်တင်း။

'အို...ဈေးသွားဖို့ နောက်တောင်ကျနေပါရော့လား။ ငါ့နှယ် အိမ်ပျော်သွားလိုက်ပုံများ'

ချစ်စရာ ကလေးမလေးကိုကား မျက်စိထဲက မထွက်။

ဒီကိုယ်ဝန်ကို လွယ်ထားရချိန်မှစ၍ လက်ထဲ ငွေလေးရွှင်နေသည်ဟု မယဉ်လှ ထင်မိသည်။ ပြီးတော့ ထူးခြားတစ်ခုက ရှိသေးသည်။

အိပ်မက်လိုက်တိုင်း ရှမ်းတွေကိုချည်း မက်နေသည်။ မယဉ်လှရော သူ့ယောကျ်ားပါ ဗမာစစ်စစ်တွေဖြစ်ကြသည်။

ရှမ်းသွေးဆိုလို့ ငရုတ်သီးတစ်တောင့်လောက်ပင် မစပ်။ ဘာမှန်းမသိတာနှင့်ပင် သမီးလေး မွေးခဲ့သည်။ စနေသမီးမို့ **"တင့်တင့်ထွေး"**ဟု အမည်ပေးခဲ့သည်။

တင့်တင့်ထွေး၏ ဘဝတစ်လျှောက် ထူးခြားသော အဖြစ်အပျက်တို့ စတင်ကြုံတွေ့ရသည်မှာ (၇)တန်းကျောင်းသူဘဝမှာဖြစ်သည်။

တင့်တင့်ထွေး ပညာသင်ကြားနေသော ကသာမြို့ အ.ထ.က(၁)ကျောင်းတွင် နယ်မှ ကျောင်းလာတက်သော ကျောင်းသူ/သားများလည်း ရှိသည်။ တင့်တင့်ထွေးနှင့် ခုံချင်းကပ်လျက်ထိုင်သူ ကူးကာရွာသူလေး လှလှက...

'တင့်တင့်ရေ ဖါတို့ရွာမှာ ဘုရားထီးတင်ပွဲရှိတယ်။ ဇတ်လဲပါတယ်။ နင် လိုက်ခဲ့ဟာ၊ မြပြဝင်းနဲ့ ရွှေနက နင်ပါမှ လိုက်မှာတဲ့၊ ပျော်စရာကောင်းတယ်ဟ။ စနေ၊ တနင်္ဂနွေနဲ့လဲ ဆိုတယ်လေ။ တစ်ညအိပ်ပြီး ပြန်လာ



မှာ'

'လိုက်တော့ လိုက်ချင်တယ်။ နင် အမေကို လိုက်ပြောပေးပါလား'

'အေး...ဒါဆို ဒီနေ့ညနေ ကျောင်းဆင်းရင် ငါတို့သုံးယောက်လုံး နင့်အမေကို လိုက်ပြောကြမယ်'

သူငယ်ချင်းသုံးယောက်က မယဉ်လှကို ပိုင်းပြောကြတာရော သမီးက စိတ်ပါနေတာရောမို့ မယဉ်လှက သွားခွင့်ပြုလိုက်သည်။

'တစ်ညအိပ်တည်း နေရမှာနော်၊ ကောင်းကောင်းသွားကြ၊ သမီးက ခရီးထွက်ဖူးတာ မဟုတ်ဘူး၊ ဂရုစိုက်လိုက်ကြဦး'

သောကြာနေ့ ညနေပိုင်း နေ့တစ်ဝက်နှင့် ခွင့်ယူ၍ ကူးကာ ကူးတို့လိုင်းမော်တော်နှင့် သူငယ်ချင်း(၄)ယောက် လိုက်ခဲ့ကြသည်။ ကသာဆိပ်ကမ်းမှ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ခဲ့သည်။ ကူးကာရွာမှာ မြစ်ရေကျချိန်တွင် မြစ်ဆိပ်မှ လှည်းနှင့်တစ်ဆင့် သွားရသေးသည်။

ရေကြီးချိန်မှသာ ရွာထိပ်သို့ တိုက်ရိုက်ရောက်သည်။ အခုလည်း မြစ်ရေကြီးချိန်မို့ ညနေစောင်းတော့ ကူးကာရွာဘုရားဆိပ်သို့ ရောက်ရှိခဲ့ကြသည်။

ညပိုင်း ပွဲဈေးဘက် လျှောက်လည်ကြ၊ မုန့်စားကြနှင့် လူငယ်ဘာဝ အပူပင်ကင်းစွာ ပျော်ကြသည်မှာ ထုံးစံ။

နောက်နေ့နံနက်ပိုင်းမှ ထီးတင်ပွဲစသည်။ တင့်တင့်ထွေးတို့ (၄)ဦးသား ထီးတင်လှူရာ နေရာတွင် ရောက်ရှိနေကြပါပြီ။ ပတ်မကြီးကလည်း ဗေထိဗေထိနှင့် ထီးတင်ပွဲကို ပံ့ပိုးပေးလျက်ရှိသည်။

ထိုစဉ် တင့်တင့်ထွေးသည် သူ၏ခန္ဓာကိုယ်နှင့် လက်မောင်းတွေကို လက်နှင့် သပ်ချနေပြီး နှုတ်မှလည်း...

'ဘာဖြစ်တာပါလိမ့် ယားလိုက်တာ ရုတ်တရက် ခြေလက်တွေလေးပြီး ပျော့လာလိုက်တာ'

မြည်တွန်လျက် ထရိုက်နေတော့သည်။ လှလှက...

'တင့်တင့် ဘာဖြစ်တာလဲ'

မြဝင်းနှင့် ရွှေနတို့ကလည်း တင့်တင့်ထွေးကို နားမလည်နိုင်စွာ လှမ်းကြည့်နေချိန်တွင် တင့်တင့်ထွေးတစ်ယောက် ဘာမပြော ညာမပြော မျက်ရည်တို့ တွေတွေစီးကျလျက်က တလှပ်လှပ်ဖြစ်လာသောရင်ကို ဖိရင်း...

'ပြန်မယ်... ပြန်မယ်... မနေဘူး... မနေဘူး'

ဟု ပြောပြောဆိုဆို ထွက်ပြေးသွားတော့သည်။

ပြေးမိပြေးရာ ရေဆိပ်ဘက် ထွက်ပြေးသော တင့်တင့်ထွေး နောက်သို့ ကျန်သုံးယောက် ဘုမသိ ဘမသိ ပြေးလိုက်ကြရသည်။

ရေဆိပ်အရောက် ထွက်လုဆဲ လှေတစ်စီးပေါ် တင့်တင့်ထွေးက ခုန်တက်လိုက်ကာ ရှိုက်ငိုနေတော့သည်။

'တင့်တင့် ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ၊ လာ...လာ...ပြန်ဆင်းခဲ့'

ဆိုတော့...

'တော်ပြီ...ပြန်မယ်...ပြန်မယ်'

ဟုသာ တွင်တွင်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း တုန်ယင်ယိမ်းထိုးနေသည်။

ကူးတို့သမားက နားမလည်စွာကြည့်ရင်းက...

'ဘယ်ပြန်မှာလဲ... ကသာကိုလား။ ဒီလှေက ကသာထိ မသွားဘူး။ ဟိုဘက်ကမ်းကူးမလို့'

လှလှနှင့် မြမြဝင်းက လက်မောင်းတစ်ဖက်စီမှ ဆုပ်ကိုင်လျက် လှေပေါ်က ဆွဲဆင်းခဲ့ပြီး ချော့မော့ခေါ်လာကြသည်။

တည်းခိုသော လှလှတို့အိမ်သို့ ပြန်လာကြပြီး ယနေ့ပင် ကြုံရာ မော်တော်နှင့် ကသာသို့ပြန်ရန် ဆုံးဖြတ်လိုက်ကြတော့သည်။

ထိုအကြောင်းတွေ ပြန်တွေးမိတော့ တင့်တင့်ထွေးမှာ ရှက်လိုက်သည့်ဖြစ်ခြင်း။ မိမိကိုယ်ကိုလည်း နားမလည်နိုင်။ ဘာဖြစ်သွားသလဲဆိုသော မေးခွန်း၏အဖြေကို တခြားသူများထက် သူကိုယ်တိုင်က သိချင်နေသည်။

တစ်ရက်ကလည်း အိမ်မှာ ဝက်သားဟင်းချက်သည်။ တင့်တင့်ထွေး မြိန်ရှက်စွာ စားအပြီး မူးဝေအော့အန်ကာ သူ့ပါးသူ ပြန်ရိုက်နေသည်။

အိမ်ရှိလူများက ဝိုင်းဆွဲကြတော့...

'လွှတ်ကြစမ်း။ ဒီကောင်မကို ဆုံးမရမယ်။ ဒီအသားကို မစားဖို့ မှာထားရက်နဲ့ နားမထောင်ဘူး'

ဟု နှုတ်မှ တတွတ်တွတ် မယဉ်လှက အတင်းဆွဲခါလှုပ်ယမ်းပေးမှ သတိပြန်ဝင်လာသူကို "အင်း" "အယ်" နှင့် ဖြစ်နေသည်။ သူ ဘာမှ မသိဟူသော အဖြေကိုသာ ကြားကြရသည်။

တစ်နေ့တွင် တင့်တင့်ထွေး၏ ဖခင် ကို ကိုကျော်မြင့်ထံသို့ သူ၏ မိတ်ဆွေတစ်ယောက် အလည်လာသည်။ အထက်ဆေးဂိုဏ်း ဆရာတစ်ဦးလည်း



ဖြစ်သည်။

တင့်တင့်ထွေးက ရေခပ်ပြီး အိမ်ပေါ်အတက် ထိုဆရာကို တွေ့သည်နှင့် ရေပုံးလေးချကာ ဘာမပြော ညာမပြော ပစ်ထိုင်ချလိုက်ပြီး တစ်ကိုယ်လုံး နတ်ပူးသလို တုန်ယင်နေလေသည်။

အဖေကတော့ နားမလည်။ ဆရာက အတွေ့အကြုံအရ တစ်စုံတစ်ယောက် ဝင်ရောက်ပူးကပ်ပြီကို သိလိုက်သဖြင့် ကြမ်းပြင်ကို လက်နှင့် တောက်ကာ ခေါ်လိုက်သည်။

'အခု ဝင်နေတဲ့ ပုဂ္ဂိုလ်က ဘယ်သူလဲ၊ ဘာပြောချင်လို့လဲ ပြောပါ'

ဟု နှစ်ကြိမ်ခန့် ဆိုသောအခါ ညီမလေးကို လိုက်စောင့်ရှောက်နေသော အစ်ကိုကြီးဟု ဆိုသည်။

'ဘယ်က ညီမလေးလဲ'

ဟု မေးသော အခု ဝင်ပူးခံရသူဟု ပြောသည်။ ဆရာကလည်း အစုံမေးသည်။ ဘယ်နှယောက်ရှိလဲ၊ ဘယ်မှာနေလဲ၊ ဘာဖြစ်လာကြသလဲ၊ ဘယ်လိုလဲ စသဖြင့်...

အစ်ကိုကြီးဆိုသူက ဤဇာတ်လမ်းအစတွင် ဖော်ပြထားသော အကြောင်းအရာတို့ကို စုံလင်စွာ ပြောပြသည်။

အစ်ကိုကြီးပြီး အစ်ကိုလတ် ဝင်လာသည်။ သူက စိတ်ဆတ်သည်ထင်ပါ့။ သူ့ကြောင့် အားလုံး ဒုက္ခရောက်ရတာတွေ ဒေါ်နှင့် မောနှင့် ပြောသည်။ ဝက်သားစားတာကိုလည်း မကျေနပ်။

ပြီးတော့ အစ်မဖြစ်သူ စောနန်းဖော့တဲ့။ သူကလည်းတစ်မျိုး **"မြကို လူ့ဘဝမှာ ဆင်းဆင်းရဲရဲနဲ့ နေချင်စိတ်မရှိအောင်လုပ်မည်တဲ့။ ဒါမှ သူတို့ထံ မြန်မြန်ပြန်လာမည်တဲ့"** ရော...

ခက်ပြီ။ ဆရာက အဲလို မလုပ်ဖို့၊ လူ့ဘဝမှာ နေရတုန်း သာသနာပြုနိုင်အောင်၊ လှူနိုင်အောင်၊ အမျှအတန်း ပေးဝေလို့ သာဓုခေါ်နိုင်အောင် ကူညီဖို့၊ လာဘ်လာဘရအောင်ပေးဖို့ ပြောတော့ အခု စောင့်နေရသည့် ပစ္စည်းတွေက ဘုရားပစ္စည်းမို့ ပေးလို့မရကြောင်း၊ သူ့ကိုယ်ပိုင်ပစ္စည်းကို သူ့သဘောနှင့်သူ ထားခဲ့တာဖြစ်ကြောင်း ပြောသည်။

ကန်တော့ပွဲငါးပွဲ ပြင်ပေးရန် တောင်းဆိုသည်။ ဆရာက တင့်တင့်ထွေးကို ပြင်ခိုင်းပေးမည်။ ဝက်သားစားခြင်းကိုလည်း ရှောင်ကြဉ်နိုင်မည်ဟု ကတိပေးရသည်။

သူတို့အားလုံး ထွက်သွားကြတော့ တင့်တင့်ထွေးမှာ သတိမေ့လုမတတ် မောဟိုက်ပျော့ခွေပြီး ကျန်ခဲ့သည်။

နောက်ပိုင်းများတွင်တော့ ကန်တော့ပွဲပြင်ရာနေရာ၊ နတ်ကနားလိုနေရာ၊ ဂိုဏ်းဆရာများရှိရာတို့ကို တတ်နိုင်သမျှ ရှောင်တော့သည်။ ခဏခဏ ဝင်ပူးနေသောကြောင့်ပါ။ အပျိုရွယ်ဆိုတော့ ရှက်ရှာပေမည်။

ဆယ်တန်းကိုလည်း တဘုန်းဘုန်းကျနေသဖြင့် စိတ်ပျက်ပြီး မဖြေတော့ဘဲ (၁၀)တန်းအောင်လျှင် တခြားမြို့သို့ ထွက်သွားမှာစိုးသဖြင့် နှောင့်ယှက်



www.burmeseclassic.com

www.burmeseclassic.com

ထားသည်တဲ့။ အမေနှင့်အတူ ဈေးရောင်းရင်း ကသာမြို့မှ တစ်ဖဝါးမှ မခွာရ။

အိမ်လေးက ယိုင်နှင့်နေပြီး ပြင်ဆောက်ဖို့ အချိန်တန်နေပြီ။ သို့သော် အစ်ကိုကြီးဆုံးက နာတာရှည်ရောဂါသည်မို့ ဆေးဖိုးကုန်တာတစ်မျိုး။ ညီမငယ် နှင်းနှင်းအတွက် ကျောင်းစရိတ်တစ်ဖက်၊ အစ်ကိုလေး၏ သားသမီးနှစ်ယောက်က အိမ်လာပို့ထားတာနှင့်ဆိုတော့ စားဖို့ပင် မနည်းဖြစ်နေရသည်။

တင့်တင့်ထွေး ညည်းတွားမိသည်။

'လူဘဝ လာရတာလဲ ဆင်းရဲလိုက်တာ။ အိမ်လေးတောင် ပြင်မဆောက်နိုင်ဘူး'

ဆိုသည့် နောက်ပိုင်း ဈေးကရောင်းကောင်းလာသည်။ စကြေးတွေလည်း နှစ်ဆ,သုံးဆ ထည့်လာနိုင်သည်။ ရွှေတိုရွှေစလေးတွေလည်း ဝယ်လာနိုင်သည်အထိ ရှိလာပြီး တစ်နှစ်အတွင်း သင့်တင့်ကောင်းမွန်သော အိမ်တစ်လုံး ဆောက်လုပ်နိုင်ခဲ့ပါတော့သည်။

တင့်တင့်ထွေး၏မိခင် ဒေါ်ယဉ်လှမှာ အသက်(၆၀)ကျော်အရွယ်၌ သားအိမ်ကင်ဆာလက္ခဏာ တွေ့ရသည်ဆိုကာ ဒေါ်ယဉ်လှ၏ အဒေါ်ရှိရာ ရန်ကုန်မြို့သို့ တင့်တင့်ထွေးနှင့်အတူ ဆေးကုလာကြသည်။

ကသာမှ မန္တလေးသို့ အစုန်သင်္ဘောနှင့် လိုက်လာကြပြီး မန္တလေးရောက်မှ ရန်ကုန်ရထား စီးရမည်ဖြစ်သည်။

တင့်တင့်ထွေးက သင်္ဘောပေါ်မှ နေ၍ ကူးကာ ရွာတည့်တည့်အရောက်တွင်...

'အစ်ကိုတွေ...အစ်မတွေ ဘုရားဖူးချင်ရင် လိုက်ခဲ့ကြ'

ဟု ပါးစပ်ဆော့လိုက်မိသည်။



ဘဝဟောင်းက အစ်ကိုတွေ၊ အစ်မတွေက သူ့နောက် တကောက်ကောက် လိုက်ပြီး အလျှဉ်းသင့်လျှင် ဝင်ရောက်ပူးကပ်နေကြသည်။

တင့်တင့်ထွေးက ခပ်ပေါ့ပေါ့။ သူတို့တောင်းသောပွဲကိုလည်း မပြင်ပေးသေး။ သူ့အဖေက ဒါမျိုးတွေ လုံးဝ အယုံအကြည်မရှိ။ အိမ်မှာ ပွဲတွေပြင်ဖို့ အတော် အထိုက်အခဲ ဖြစ်ရလိမ့်မည်။

ဝက်သားကိုတော့ တတ်နိုင်သမျှ ရှောင်လိုက်သည်။ ဒါလည်း အရိုက်ခံရမှာ ကြောက်၍ဖြစ်သည်။

ရန်ကုန်ရောက်ပြီး ဒေါ်ယဉ်လှ၏ အဒေါ် တင့်တင့်ထွေး၏ အဘွားလေး ရှိရာ သုဝဏ္ဏမြို့နေအိမ်တွင် တည်းခိုနေစဉ် အိမ်ဝန်းကျင်၌ မြွေတွန်သံကို ထူးဆန်းစွာ ကြားကြရသည်။

မြွေများကို မကြာခဏ ဆိုသလို တွေ့ရသည်။ ယခင်က ဤသို့ မရှိဘူး ဟု အဘွားလေးက ပြောသည်။ ရောက်ပြီး(၅)ရက်မြောက် နေ့တွင်တော့ တင့်တင့်ထွေးကို ဝင်ရောက်ပူးကပ်ပါတော့သည်။

အဘွားလေးက တတ်သမျှ မှတ်သမျှ မေးခွန်းတွေမေးတော့ **ညီမလေးက ဘုရားဖူးရန် ခေါ်သဖြင့် လိုက်လာကြကြောင်း။ ထမင်းမစားရသည်မှာ (၁၀)ရက်လောက်ရှိပြီမို့ ပဲပုတ်နှင့် ထမင်း စားချင်ကြောင်း။ အိမ်ရှေ့ ပိတောက်ပင်မှာ နေကြကြောင်း** ပြောပြသည်။

အဘွားလေးက ချက်ချင်း ပဲပုတ်ရှာဝယ်ကာ သူတို့တောင်းဆိုချက်အရ ပန်းကန်ပြား၌ လေးယောက်စာ ပြင်ဆင်ပေးရသည်။ ရန်ကုန်မှာတော့ ဒီလောက်သာ ကြုံရသဖြင့် တင့်တင့်ထွေးမှာ စိတ်သက်သာရခဲ့သည်။

ကသာ ပြန်ရောက်တော့ မိခင် ဝေဒနာမှာ မသက်သာသေးသည်မို့ တင့်တင့်ထွေး တစ်ယောက်တည်း ဈေးရောင်းဖို့ တာဝန်ယူရသည်။ မိုးရာသီဖြစ်၍ အရောင်းအဝယ်က သိပ်မလိုက်။ ဒီကြားထဲ မနေ့ကမှ ကုန်သည်လာပို့ထားသော နှစ်တင်းဝင် ပဲတီစိမ်းအိတ်ကို အိမ်အောက်နံရံဘေးမှာ ထောင်ထားစဉ် ညပိုင်း၌ သူခိုးဝင်ခိုးသည်။

ဘယ်လိုက်ရမှန်းမသိ စိတ်ညစ်ညူးစွာ ဈေးထိုင်ရောင်းနေတုန်း နားတွင် ကပ်၍ပြောလိုက်သည့် အသံတစ်သံ...

'ဈေးရှေ့ဘက် ထွက်ကြည့်လိုက်' တဲ့။ ဟုတ်လိုဟုတ်ငြား ဈေးရှေ့ပေါက်ဘက် ထွက်လိုက်ပြီး ဟိုဒီကြည့်မိသည်။ တွေ့ပါပြီ။ ပဲမျိုးစုံရောင်းသည့်ဆိုင်ရှေ့ ချထားသော ပဲအိတ်။

သူ့ထံပို့သော ကုန်သည်၏ အမည်ကို အိတ်တွင် ရေးထိုးထားသည်မို့ မြင်တာနှင့် သူ့ပစ္စည်းမှန်း သိလိုက်သည်။ ခြေလှမ်းတို့ သွက်လှစွာနှင့်...

'ဒါ ဘယ်သူ့ပဲအိတ်လဲ'

ဟု ဆိုင်ရှင်ကိုမေးတော့

'ခုလေးတင် မြင်းလှည်းနဲ့ လာပို့တာ ရောင်းမလို့ပြောတယ်လေ...ဟိုမှာ



www.burmeseclassic.com

www.burmeseclassic.com

သူ့ဟာ'

အနားရောက်လာသော လူတစ်ယောက်။ သို့နှင့်...

'ဒါ...ကျွန်မပစ္စည်း၊ ညက ပျောက်သွားတာ။ ဒီမှာ ကုန်သည်''ဒေါ်ချို'' ဆိုတာ ကျွန်မရဲ့ ဖောက်သည်ပါ။ ငွေတောင် မချေရသေးဘူး'

ဘာညာပြောတော့ ဟိုလူ ဘာလိုလို ညာလိုလိုနှင့် လစ်ထွက်သွားပြီး မပေါ်လာတော့ ပဲအိတ်ပြန်ရခဲ့သည်။

ရာဇဂြိုဟ်တောင် ဘုရားပွဲရှိ၍ သူငယ်ချင်း သန်းခိုင်တို့နှင့် လိုက်သွားတော့ ဖြစ်ပုံကတစ်မျိုး။ တောင်ပေါ်တက်ကြသူတွေကတော့ အများကြီးပင်။ ဒါပေမယ့် သန်းခိုင်နှင့် သူက ထိပ်ဆုံးက ရောက်နေသည်။

တောင်ထိပ်ဘုရားကုန်းကို ရောက်တော့ ဆရာတော် သီတင်းသုံးသည့် ကျောင်းသို့ဝင်၍ ဆရာတော်ကို ဖူးတွေ့ပြီး ကျန်ကျောင်းဆောင်များနှင့် ဘုရားပေါ်တက်ကြသည်။

ဦးပဥ္စင်းများ သီတင်းသုံးရာ ကျောင်းပေါ်အရောက်တွင် လူတစ်ရပ်ခန့်ရှည်သော **ရှမ်းအိုးစည်တစ်လုံးနှင့် မောင်းဝိုင်းတစ်ခု**ကို ယှဉ်လျက် ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

တင့်တင့်ထွေးမှာ သတိလက်လွတ်စွာ အိုးစည်ကိုတစ်ဖက်၊ မောင်းကို တစ်ဖက် အသားကုန်တီးတော့သည်။ ထိုကျောင်းပေါ်မှက နေမကောင်းသော ဦးပဥ္စင်းတစ်ပါး ကျိန်းနေသည်။ သူငယ်ချင်း သန်းခိုင်မှာ ထိုဦးပဥ္စင်းကို အားနာလိုက်သည့်ဖြစ်ခြင်း။ ဦးပဥ္စင်းက...

'နေပါစေ... သူ စိတ်ချမ်းသာသလို လုပ်ပါစေ'

ဟု ပြောသဖြင့်သာ တော်တော့သည်။ စိတ်တိုင်းကျ တီးပြီးခါမှ သတိ



ပြန်ဝင်လာသော တင့်တင့်ထွေးက လူများ ကြားမကြား ဟိုဒီကြည့်ရင်း အရှက်သည်းနေတော့သည်။

ထုံးစံအတိုင်း ဘာဖြစ်လို့ ဖြစ်မှန်းမသိ။ ဒုက္ခပါပဲဟုသာ ညည်းတွားမိသည်။

တင့်တင့်ထွေးနှင့် စာရေးသူတို့မှာ ဆွေမျိုးရင်းချာပမာ ရင်းနှီးရကား မကြာမကြာ အလည်လာလေ့ရှိသည်။ အလျဉ်းသင့်တိုင်း ထိုအဖြစ်အပျက်တို့ ပြောပြလေ့ရှိသဖြင့် အစအဆုံး သိနေရသည်။

ယနေ့ အိမ်လည်လာရင်း ဘေးအိမ်မှ ဒေါ်ခင်လေးကို လှမ်း၍...

'ကြီးကြီးလေး စားပြီးပြီလား၊ ဘာတွေလုပ်နေလဲ'

ဟု နှုတ်ဆက်လိုက်သည်။ ဒေါ်ခင်လေးက...

'တင့်တင်လား... လာခဲ့ဦးလေ မုန့်ကြော်တွေရှိတယ်။ လာစားလှည့်ဦး'

ဟု ဆိုသဖြင့် တစ်ဖက်အိမ်သို့ ကူးသွားလိုက်သည်။ ဟိုမှာက နတ်ကတော် ဒေါ်ရွှေ ပွဲပြင်ပေးနေသည်လေ။ ဘာပွဲလဲမေးတော့ **''သိုက်ချုပ်ဘိုးဘိုးကြီးပွဲ''**တဲ့။ ဘာပြောကောင်းမလဲ၊ တင့်တင့်ထွေးတို့ ပွဲကြမ်းပြီ။

ဒိုင်းဆို ဝင်ပူးတော့ အကြောင်းသိသော ဒေါ်ခင်လေးက အစ်ကိုကြီးလား၊ အစ်ကိုလေးလား တန်းမေးလိုက်တော့သည်။

ကူးကာ ဘုရားမှ (၁၅)ယောက်အဖွဲ့ အထက်သို့ ဘုရားဖူးလာကြသတဲ့။ ဆိပ်ကမ်းမှာ လှေဆိုက်ကပ်ပြီး ညီမလေး မြခိ ခဏဝင်တွေ့တာဆိုပဲ။ တပေါင်းလဆိုလျှင် ဘုရားပွဲတွေ ကျင်းပကြသည့်ကိုး။ ပဲပုတ်နှင့် ထမင်းကျွေးပါဆို၍ ဒေါ်ခင်လေးမှာ ပျာပျာသလဲ။ ပျော်လိုက်တာတဲ့။ ပြုံးလို့ရွှင်လို့ မောင်းတီးသလိုပဲ လုပ်ပြသည်။

လက်ခုပ်တွေလည်း တီးသည်။ တစ်ယောက်ပြီးတစ်ယောက် ဝင်လို့ အားရမှ အဖော်တွေ စောင့်နေသည်ဆိုကာ သူ့ဘာသာပင် ပြန်ထွက်သွားပြန်သည်။ တင့်တင့်ထွေးက **''ဒါကြောင့် ပြောတာ ဒါမျိုးတွေနဲ့ မတွေ့ချင်ပါဘူးလို့''** ပါးစပ်က ပွစိပွစိပြောလျက် ထွက်လာသည်။ စာရေးသူမေးတော့ အကျိုးအကြောင်းပြောရင်း...

'ဘယ်လိုလုပ်ရမလဲ မသိဘူးနော်၊ ဒီလိုမျိုး ခဏခဏ အရှက်ကွဲနေတော့တာပဲ'

ဟု ပြောရှာသည်။

စာရေးသူကလည်း အကြံမပေးတတ်ပါ။ ကူညီချင်ပါသော်လည်း မည်သို့လုပ်ရမည်ကို မသိပါ။

**စာဖတ်ပရိသတ်များမှ တင့်တင့်ထွေး ကြုံတွေ့နေရသည်များကို မည်သို့ ကူညီနိုင်ကြောင်း သိပါက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ပြန်ကြားပေးစေလိုပါသည်**ဟုသာ တောင်းဆိုလိုက်ရပါတော့သည်။

ဆောင်းဝေ(ကသာမြေ)




www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ ဧပြီလတွင်

# ထီ

## ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ဆုငွေကြီးများနှင့် နီးစပ်ကံထူးနိုင်ကြစေရန် **မြ၊၁၊၃၊၂၊ ဂဏန်းများကို ကၤဆ၊ချ၊ဓ အက္ခရာများနှင့် တွဲဖက်ကံစမ်းပါ။**

ဂဏန်းတူ အပူးအထပ်များ အလိုရှိပါက ထိုဂဏန်း(၄)လုံးအနက် (၂)လုံးနှင့်အထက် ပါဝင်သော ထီလက်မှတ်ကိုရွေးချယ်ပါ။

မိမိတို့၏ မွေးလရာသီအလိုက် ကံအခွင့်အလမ်းများကိုလည်း ကံစမ်းအသုံးပြုနိုင်ကြပါသည်။ အောက်ပါဇယားတွင် ကြည့်ပါ။

**မွေးသူ)**တို့သည် (၃)ဂဏန်း၊ ပန်းရောင်၊ တောင်အရပ်၊ တနင်္လာနေ့၊ ခါးသောအရသာ၊ သန္တာကျောက်မျက်တို့က ကံလာဘ်ပွင့်လင်းစေလိမ့်မည်။

* * *

| မွေးလရာသီ | ဂဏန်း | အရောင် | အရပ် | လာဘ်ပွင့်နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီ မတ်၂၁မှဧပြီ၂၀ | ၃ | ပန်း | တောင် | တနင်္လာနေ့ | ခါး | သန္တာ | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| ပြိဿရာသီ ဧပြီ၂၀မှမေ ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေနေ့ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |
| မေထုန်ရာသီ မေ၂၁မှဇွန် ၂၀ | ၈ | ပြောက်ကျား | အနောက်တောင် | ကြာသပတေးနေ့ | ပုပ်သိုး | ခရီစိတ် | စနေသားသမီး | ဗုဒ္ဓဟူးသားသမီး |
| ကရကဋ်ရာသီ ဇွန်၂၁မှဇူ၂၀ | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါနေ့ | ငန် | ပုလဲ | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |
| သိဟ်ရာသီ ဇူ၂၂မှဩ၂၀ | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူးနေ့ | စပ် | ပတ္တမြား | ကြာသပတေးသားသမီး | အင်္ဂါသားသမီး |
| ကန်ရာသီ ဩ၂၂မှစက်၂၀ | ၄ | စိမ်း | မြောက် | တနင်္ဂနွေနေ့ | ရောနှော | မြ | တနင်္လာသားသမီး | ဗုဒ္ဓဟူးသားသမီး သားသမီး |
| တူရာသီ စက်၂၂မှအောက်၂၂ | ၆ | ပြာ | အရှေ့တောင် | စနေနေ့ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |
| ဗြိစ္ဆာရာသီ အောက်၂၃မှနို ၂၀ | ၃ | ပန်း | တောင် | တနင်္လာနေ့ | ခါး | သန္တာ | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| ဓနုရာသီ နို၂၂မှဒီ၂၀ | ၉ | ဖြူ | အနောက်မြောက် | အင်္ဂါနေ့ | ငန် | ကြောင် | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |
| မကာရရာသီ ဒီ၂၀မှဇန် ၁၉ | ၇ | နက် | အနောက် | သောကြာနေ့ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |
| ကုံရာသီ ဇန်၂၀မှဖေ ၁၈ | ၀ | နက် | အနောက် | သောကြာနေ့ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |
| မိန်ရာသီ ဖေ၁၉မှမတ် ၂၀ | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူးနေ့ | ချိ | ဥဿဖရား | တနင်္ဂနွေသားသမီး | တနင်္လာသားသမီး |

**ဥပမာ။ ။ မိဿရာသီဖွား (မတ်လ-၂၁ ရက်မှ ဧပြီ-၂၀ရက် အတွင်း** **စပ်တူထိုးလိုပါက** သောကြာသားသမီးနှင့် ကံစပ်ပါ။ တနင်္ဂနွေသားသမီးတို့နှင့် ပေါင်းစပ်ခြင်း မပြုသင့်ပါဟု ဆိုလိုပေသည်။

**ထီလက်မှတ် အရောင်းဆိုင်တည်ရာနှင့် ပတ်သက်၍ ရွေးချယ်လိုပါက** တစ်နေရာတည်း၌ စွဲမြဲစွာဖွင့်လှစ်ရောင်းချသောဆိုင် (တွန်းလှည်း,ကား စသည်ဖြင့် လှည့်လည်ရောင်းချသော ရွေ့လျားဆိုင်များကို ရှောင်ပါဟု ဆိုလိုသည်။) လွင်ထီးခေါင်အရပ် ကုန်းမြင့်ထိပ်တို့၌ ဖွင့်လှစ်ထားသောဆိုင်၊ သစ်ကြီးဝါးကြီးအောက်ရှိဆိုင်၊ ရဲစခန်း, စစ်တပ်များအနီးရှိဆိုင်... စသည်တို့က ကံထူးကံကောင်းစေနိုင်ပါသည်။

ဤလတွင် အင်္ဂါသားသမီးတို့ ထီကံထူးခြား၍ သောကြာသားသမီးတို့လည်း အံ့တန်အသင့် မျှော်လင့်နိုင်ခြေ ရှိပေသည်။

**ထီကံမြင့်ယတြာ ပြုလိုပါက** ဖြူဖျော့သော အရောင်ကို နင်းကြမ်းပြု၍ စိမ်းသောအရောင်ကို ဆောင်ပန်း ပြုပါ။ ဥပမာ ဖိနပ်အဖြူကိုစီး၍ အစိမ်းရောင်ထီး,ဦးထုပ် (သို့မဟုတ်) ခေါင်း စည်း,ကလစ် စသည် ဆင်မြန်းကာ ထီကံစမ်းနိုင်လေသည်။

***ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ***

**ထက်မင်းကျော်(ဗ)**



www.burmeseclassic.com

www.burmeseclassic.com



ဝေစည်
(ရွှေဘို)

နာယကဂုဏ်နှင့်

# ပကကားအရှင်ကြီး

စာရေးသူတို့ ငယ်စဉ်က ကျင့်ဝတ် ဆိုတာတွေ သင်ကြားခဲ့ရပါသည်။ **မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်၊ လင်မယားကျှ၊ဝတ်၊ ဇနီးမယားဝတ်** စသည်...စသည်တို့ ဖြစ်ပါ၏။

F.30A. April, 2017.

မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ် ဆိုတာတွေကို အလွတ်ကျက်ခဲ့ကြရ၏။ **"ဝတ်"ဆိုသည်မှာ ကျင့်ရာဆောင်ရာသော ဝတ္တရားဟု ဆိုရသော် မှားမည်မထင်**ပါ။ နာယကဂုဏ်(၆)ပါးဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



သင်ရ၏။

'ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန် ထောက်ရှု ဤခြောက်ခု ကြီးသူ့ နာယကာ' ဟု သင်ကြားခဲ့ရပါသည်။ အလွန်ကောင်းမွန်သော အဆိုအမိန့် ဖြစ်ပါ၏။

နာယက အကြီးကဲဖြစ်သူသည် မိမိ၏ လက်အောက်ငယ်သားများထက် ထထကြွကြွ ရှိရပါမည်။ နိုးကြားသော အသိစိတ်ဓာတ် ရှိရပါမည်။ မိမိလက်အောက်ငယ်သားများ အပေါ် သနားခြင်း ကရုဏာ ရှိရပါမည်။ ငယ်ရွယ်သူတို့၏ ကာယကံ၊ ဝစီကံ အမှားများကို သည်းခံနိုင်ရပါမည်။

ကိစ္စကြီးငယ် ရှိလာပါက ဝေဖန်ပိုင်းခြားတတ်ရပါမည်။ အမှားနှင့်အမှန်၊ အကောင်းအဆိုး၊ ကုသိုလ်နှင့် အကုသိုလ် အကျိုးနှင့်အပြစ်ကို ပိုင်းပိုင်းခြားခြား ဝေဖန်တတ်ရပါမည်။

မိမိထက် ငယ်ရွယ်သူ၊ ရာထူးအားဖြင့်နိမ့်သူ၊ မိမိထက် ဆင်းရဲသူများ အပေါ် ညှာတာထောက်ထားရပါမည်။ ငဲ့ညှာရပါမည်။ စောင်မကြည့်ရှုရပါမည် ဟု စာရေးသူတို့ သင်ခဲ့ကြရပါသည်။

ထို့ကြောင့် အိမ်၏ အကြီးအကဲ၊ ရပ်ရွာအကြီးအကဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းများမှသည် နိုင်ငံတော်၏ အကြီးအကဲများအထိ နာယကဂုဏ်(၆)ပါးအတိုင်းသာ ကျင့်ကြံကြပါလျှင် အဘယ်မှာလျှင် မပွံ့ဖြိုး၊ မတိုးတက်ဘဲ ရှိပါအံ့နည်း။ ခေါင်းဆောင်ကောင်းတို့တွင် နောက်လိုက်ကောင်းတို့ ရှိနေမည်မှာ မလွဲကေန် ဖြစ်ပါလိမ့်မည်။

ထိုသို့ မဟုတ်မူဘဲ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်ဖြင့် ခေါင်းဆောင်လုပ်လျှင် အကြီးအကဲ၏ နာယကဂုဏ်နှင့် မညီညွတ်သဖြင့် တစ်နည်းမဟုတ်တစ်နည်း တစ်နေ့မဟုတ်တစ်နေ့ ဒုက္ခရောက်မည်မှာ မလွဲကေန် ဖြစ်ပါ၏။

စာရေးသူ ငယ်စဉ်က ကျေးရွာကြီးတစ်ရွာတွင် နေထိုင်ခဲ့ပါ၏။ များသောအားဖြင့် တောင်သူ လယ်လုပ်သူများ လယ်ကူလီများသာ ဖြစ်ကြ၏။

မူးမြစ်ကြီး၏ ကမ်းဘေးတွင် ရှိသော်လည်း မည်သူမျှ ငါးမဖမ်းကြ၊ အရက်ပုန်းရောင်းသူများသည် ရွာစွန်ရွာဖျားတွင် နေကြပြီး အရက်သောက်သူများမှာလည်း မိမိတို့ အရက်သောက်သည်ကို လူမြင်မခံကြပါ။

မူးယစ်ရမ်းကား ဆဲရေးတိုင်းထွာဖို့ မဆိုထားနှင့် အရက်ဖိုကို ပုန်းလျှိုးကွယ်လျှိုး သွားပြီး သောက်ကြသလို လူကြီးသူမများ မမြင်အောင် ဝေးဝေးက ရှောင်ကြ၏။

များသောအားဖြင့် ဘာသာရေးကို အလေးထားကြ၏။ နှစ်သစ်ကူးချိန်၊ သီတင်းကျွတ်ချိန် ကာလများတွင် ဆွေမျိုးတော်စပ်သည်ဖြစ်စေ၊ မတော်စပ်သည်ဖြစ်စေ တစ်ရွာလုံးရှိ သက်ကြီးရွယ်အိုများကို တစ်ရွာလုံးက ကန်တော့ကြ၏။

**ရှေးက ကန်တော့ကြပုံမှာ စိတ်ဝင်စားစရာကောင်းလှသည်။ သင်္ကြန်ကာလဆိုလျှင် ရေပြည့်အိုးတစ်လုံး မပါမဖြစ် ပါပြီး အုန်းအဖြစ် မုန့်ပဲသရေစာများပါ ပါကြ၏။**

**သီတင်းကျွတ် ကန်တော့သွားသော အခါ ဖယောင်းတိုင်၊ ဆီမီးခွက်၊ ဆီမီးထွန်းရန်ဆီ၊ လက်ဖက်၊ ဆေးရွက်ကြီးနှင့် မုန့်ပဲသရေစာများပါ ကန်တော့ကြ၏။ ငှက်ပျော၊ သစ်သီးကိုလည်း ထည့်ပြီး ကန်တော့ကြ၏။**

စာရေးသူတို့ အိမ်အနီးမှ ကိုချစ်ကွန့်အား တစ်ရပ်တစ်ရွာလုံးက လူရိုးလူအေးဟု သတ်မှတ်ထား၏။ သောက်သောက်စားစားကင်း၏။ ဘာသာတရား ကိုင်းရှိုင်းပါ၏။ အများနှင့် သင့်အောင်နေ၏။ အရက်သေစာ မသောက်မစားသူဖြစ်၏။ မည်သူနှင့်မျှ ခိုက်ရန်ဖြစ်ပွားခြင်းမရှိ။ အချုပ်ဆိုရသော် လူရိုးလူအေးဟု ဆိုနိုင်ပါ၏။

ကိုချစ်ကွန့်သည် လယ်ဧက များစွာပိုင်သော တောသူဌေး၏ သမက်ဖြစ်၏။ တစ်နေ့တွင် ကျွဲ၊နွားများ အငှားကျောင်းသော ဖိုးဆယ်က နေမကောင်းသဖြင့် ကျွဲ၊နွားများကို ယောက္ခမဖြစ်သူက ကိုချစ်ကွန့်အား လိုက်ကျောင်းစေ၏။

ကျွဲ၊နွားကောင်ရေ (၂၀)ကျော် ရထားသူများကို အလကားကျောင်းခိုင်းလျှင် မသင့်လျော်သဖြင့် ယောက္ခမကြီးက စီစဉ်ပေးခြင်းဖြစ်၏။

ကိုချစ်ကွန့်တို့ လယ်တောတွင် သစ်ပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်း ရှိလှ၏။ မန်ကျည်းပင်၊ လက်ပံပင်၊ ခံတက်ပင်၊ ထောက်ရှာပင်၊ ညောင်ပင်များ အကွက်ချ စိုက်ထားသလို အရိပ်ကြီးကြီးမားမား ရနေပါ၏။

ထိုအထဲတွင် **ညောင်ပင်အကြီးကြီးသည် "ပကား"အရှင်ကြီးနေသည်ဟု ယုံကြည်ကြ၏။** ဤညောင်သို့ လာရောက်ကြသူ အားလုံးက ထမင်းဦး၊ ဟင်းဦးများ ပသကြ၏။





www.burmeseclassic.com

www.burmeseclassic.com

အပေါ့်အလေး သွားလျှင်ပင် ရှိရှိသေသေ ခွင့်တောင်းပြီးမှ သွားကြ၏။

**ကိုချစ်ကွန့်တို့ရွာတွင် ဘုရားပွဲရှိတိုင်း ဤ""ပကား""အရှင်ကြီး ညောင်ပင်သို့ ဖက်ယောင်း၊ အုန်း၊ မုန့်ပြု၊ မုန့်နှီ၊ လက်ဖက်၊ ဆေး၊ ကွမ်း၊ ရေတစ်မှုတ်ဖြင့် လာရောက်တင်ကြ၏။ ဤညောင်ပင်ရိပ်အောက် ဖြတ်လျှင်ပင် ""ကန်တော့ ကန်တော့"" ဟု တောင်းပန်ပြီးမှ သွားကြ၏။**

ကိုချစ်ကွန့် ကျွဲကျောင်း၊ နွားကျောင်း ရသောနေ့သည် **သရက္ကုံရွာ ဘုရားပွဲ**နေ့ ဖြစ်ပါ၏။ ကိုချစ်ကွန့် ရောက်လျှင် သရက္ကုံရွာသူရွာသားများက ""ပကား""အရှင်ကြီးအား လာရောက်တင်မြှောက်နေသည်ကို တွေ့ရ၏။ **(သရက္ကုံရွာဆိုသည်မှာ တောင်သူလယ်သမား အရေးတော်ပုံတွင် ပါဝင်ခဲ့သော ဆရာစံ၏ မွေးရပ်ဇာတိဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ သရက္ကုံရွာဖြစ်ပါ၏။)**

နေ့လယ်ပိုင်းတွင် နေအလွန်ပူသဖြင့် ကိုချစ်ကွန့်သည် အရိပ်ကောင်းသော ပကားအရှင်ကြီးပင်အောက်သို့ ဝင်နားလိုက်၏။ ညောင်ပင်ကြီး အောက်တွင် သရက္ကုံ၊ ညောင်ပုထိုး၊ မူအုန်းရွာများမှ နွားကျောင်းသား၊ ကျွဲကျောင်းသား လေးတစ်သိုက် ရောက်နေကြ၏။

ထိုကလေးတို့သည် နံနက်ပိုင်းက သရက္ကုံရွာမှ တင်သခဲ့သော မုန့်ပဲသရေစာများ ယူစားကြ၏။ အုန်းသီးခွဲစားကြ၏။ ဆေးလိပ်များ ဖွာရှိုက်ကြ၏။ ပျော်ပျော်ပါးပါး စားကြသောက်ကြ ငြင်းကြခုံကြဖြင့် **""ငါက ပကား အရှင်ကြီးကွ""**ဟု အချင်းချင်း ဗိုလ်လုကြ၏။

အမှန်တော့ ဆိုမည့် ပြောမည့်သူ မရှိသဖြင့် ကလေးတစ်သိုက် ထင်သလို ကြဲနေကြခြင်းဖြစ်၏။ ထိုအထဲမှ ကလေးတစ်ယောက်က ပကားအရှင်



ကြီး နတ်စင်ပေါ်တက်ပြီး ဆေးလိပ်သောက်ရင်း **""ငါ့ကို ခစားကြ ဘာဘာညာညာ""** အော်ဟစ်နေ၏။

ဘာသိဘာသာ နေတတ်သော ကိုချစ်ကွန့်က သူတို့အဖွဲ့အား ဘာစကားမှမဆို တားမြစ်ခြင်းမလုပ်၊ ညောင်မြစ်ကို ခေါင်းအုံး အိပ်နေလိုက်၏။ စိတ်ထဲမှာတော့ **""ဒါလောက်ကမြင်းတဲ့ကလေးတွေကို ပကားအရှင်ကြီးက ကိုင်(လုပ်)ပါတော့လား""**ဟု တောင့်တနေမိ၏။

မည်မျှကြာကြာ အိပ်လိုက်မိသည် မသိ ခေါင်းထဲက တစစ်စစ် ကိုက်လာသဖြင့် လန့်နိုးလာ၏။ ညောင်ပင်ကြီးအောက်တွင် ထင်သလို ဆော့ကစားသွားကြသော နွားကျောင်းသား၊ ကျွဲကျောင်းသားတစ်သိုက် ရွာပြန်သွားကြလေပြီ။ မူအုန်း ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံ ကြားရသဖြင့် ညနေလေးနာရီထိုးကြောင်း သိရ၏။

နွားများ၊ ကျွဲများကို စုစည်းပြီး ကိုချစ်ကွန့် ရွာပြန်လာ၏ ခေါင်းကိုက်တာက ပိုဆိုးလာ၏။ တစစ်စစ်ကိုက်နေရာက ထိုး၍ ထိုး၍ ကိုက်လာ၏။ အိမ်ရောက်အောင်မှ ပြန်နိုင်ပါ့မလားဟု တွေးမိ၏။ ကိုချစ်ညွှန့် ပင်ပန်းစွာဖြင့် အိမ်အရောက် ပြန်ခဲ့ရ၏။

အိမ်ရောက်သော် ရေတစ်ခွက်သောက်ပြီး အိမ်သားများနှင့်ပင် စကားတစ်ခွန်းမှမပြောဘဲ အိပ်ရာထဲ ဝင်အိပ်လိုက်၏။ ယောက်ဖလေးများက ကျွဲတွေ ခြံတွင်း၊ နွားတွေကြိုးချည် လုပ်နေတာကိုလည်း ကူမလုပ်နိုင်တော့။

ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနှင့် ခေါင်းကိုက်က သက်သာသလိုလို ဖြစ်လာ၏။ **သို့သော် မျက်နှာက ကြီးကလေးလာ၏။ နားရွက်တွေက လေးလာ၏။**

သူ့မိန်းမ မငွေသော့၏ မှန်တောင်းထဲမှ မှန်လေးကို ယူပြီး ကြည့်လိုက်ရာ သူ့မျက်နှာမြင်လိုက်တာနှင့် လန့်သွား၏။ မျက်နှာက အကြီးကြီးပါလား။ နားရွက်ကြီးတွေကလည်း အကြီးကြီး မျက်နှာနှင့် နားရွက်တွေက ပူထူနေပြီး ကျောက ယားလှ၏။ ငါ နူသွားပြီလားဟု တွေးမိ၏။

မိန်းမဖြစ်သူ မငွေသော့ကို အသံကုန်ဟစ် ခေါ်လိုက်၏။ အိမ်နောက်ဖေး ငှက်ပျောခြံအတွင်း ခရမ်းကစော့သီး ခူးနေသော မငွေသော့က အပြေးလာရာ၏။ တစ်ကိုယ်လုံး ဖူးရောင်နေသော သူ့ယောကျ်ားကို တွေ့လိုက်ရာ လန့်ပြီး အော်လိုက်၏။ လင်မယားနှစ်ယောက် အော်ပြီး ငိုလိုက်ကြ၏။

သူတို့ငိုသံကြောင့် ယောက္ခမကြီး ဦးပုနှင့် ဒေါ်ချိတ်တို့ ပြေးလာ၏။ ယောက်ဖလေးများက ပြေးဝင်လာ၏။ အတွေ့အကြုံ ရင့်ကျက်သော ယောက္ခမဦးပုက **""မင်း အမှားအယွင်း တစ်ခုခုများ လုပ်ခဲ့သလား။ မတော်တဆ အပေါ့ စွန့်ခဲ့သလား""** စသည်ဖြင့် လားပေါင်းများစွာ မေး၏။

ကိုချစ်ကွန့်ကလည်း မလုပ်ပါဟု



www.burmeseclassic.com

www.burmeseclassic.com

ဆို၏။ ယောက္ခမ ဒေါ်ချိုတ်က "မင်း ပကား အရှင်ကြီး အပင်အောက် အိပ် တော့ အပင်ကို ခြေကန်သလား" မေးပြန်၏။ ကိုချစ်ကွန့်က သူဘာမှ မလုပ်ပါကြောင်း၊ သရက္ကုံ့,မှုအုန်း, ညောင်ပုထိုးရွာက ကျွဲကျောင်း,နွား ကျောင်း,နွားစာရိတ် လာကြသော ကလေးများ ပကားအရှင်ကြီးအား တင်မြှောက်ထားတာကို ယူစားကြပုံ၊ နတ်စင်ပေါ်တက်ပြီး ပကားအရှင်ကြီး လုပ် ဆေးလိပ်သောက်ကြပုံများကို ပြောပြ၏။

ဤတွင် ယောက္ခမဦးပုက...

'အဲဒီကလေးတွေကို မလုပ်ကြနဲ့လို့ မင်းက မတားမြစ်ဘူးလား'

ဟု မေးသော်မှ ကိုချစ်ကွန့်က...

'ကျုပ်ကလဲ ကျုပ်ဘာသာ အိပ်နေလိုက် တာ၊ ဘာမှ မပြောဖြစ်ခဲ့ဘူး'

ဟု ဝန်ခံလေသော်မှ ဒေါ်ချိုတ်က...

'အေး...အဲသဟာကြောင့်ဖြစ်တာ၊ နင်က အကြီးဆုံးလေ၊ ဒီလိုမလုပ်ကြနဲ့ မကိုင်ကြနဲ့ တားမြစ်ရမှာပေါ့။ နင် လူကြီးဖြစ်ပြီး တာဝန် မဲ့နေလို့ နင့်ကို ပကားအရှင်ကြီး ကိုင်တာပဲ'

ဟု ဆိုပြီး ငွေတစ်ဆယ်ကျပ်ကို ဇလုံထဲထည့်ပြီး "ပကား"အရှင်ကြီး အား ကန်တော့ပြီး...

"ဒီအကောင် အမိုက်အမဲမို့ တစ်ကြိမ်တစ်ခါ မှားတာ ခွင့်လွှတ်ပါ။ ဦးရေချမ်းကိုမေးပြီး တင်ပါ့ မြှောက်ပါ့မယ်။ တုပ်တဲ့ကြိုး ဖြေလို့ ထိုးတဲ့လုံ နုတ်လို့ မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်ရပါစေတော်'

ဟု တောရှိရာဘက် မျက်နှာမူပြီး အကြိမ်ကြိမ် ကန်တော့၏။ တောင်းပန် တိုးလျှိုး၏။ သမက်ဖြစ်သူ ကိုချစ်ကွန့် အားလည်း ကန်တော့စေ၏။ မခေါ် သော်လည်း မငွေသော့က အပြေးဝင် ပြီး ကန်တော့ရှာ၏။

ထိုနေ့ညတွင် အကြားအမြင် (ပုတီး ကိုဏ်းဖြစ်သော) ဆရာဦးဖိုးချမ်းအား အိမ်ပင့်၍ မေးလေသော် ဦးဖိုးချမ်း၏ နှုတ်မှာ ပကားအရှင်ကြီးအသံဖြင့်...

'ငါ အသေသတ်မလို့ မကောင်းလို့နော်၊ အတော့်ကို လူကြီးမပီသတဲ့ကောင်၊ ကလေး သူငယ်လေးတွေကို နှုတ်နဲ့တောင် မစောင့် ရှောက်ဘူး။ ဟဲ့... မလုပ်ကြနဲ့လို့ တစ်ခွန်း မဟာဘူး။ သယ်...ရာဇဝင်ရိုင်းလိုက်တဲ့ ကောင်၊ နာယကဂိုဏ်း မရှိလိုက်လေ'

ဟု ဝေါက်ငမ်းသဖြင့် တစ်မိသားစု လုံး ကန်တော့ကြ တောင်းပန်ကြ၏။

ထိုနေ့ညက အယားအယံသက်သာ ပြီး မျက်နှာထွတ်နေတာတွေ ပျောက် သွား၏။ နောက်နေ့တွင် ငှက်ပျောပွဲ၊ အုန်းပွဲ၊ မုန့်ဖြူ၊ မုန့်နီ၊ ငါးကြော်၊ လက်ဖက်၊ ဆေးလိပ်၊ ရေတစ်မှုတ်နှင့် သွားပြီး ကန်တော့ကြရ၏။ တောင်းပန် ကြရ၏။

ကိုချစ်ကွန့် ရောဂါအားလုံး ပျောက် ကင်းသွား၏။ နာယကဂိုဏ်း(၆)ပါးကို အခု သိသွားလေပြီ။ သို့သော် ပကား ညောင်ပင်ကြီးအောက်သို့ ဘယ်တော့ မှ မသွားတော့ချေ။

လူငယ်တွေကို ဆိုဆုံးမဖို့ နာယက ဂိုဏ်း(၆)ပါးက ညွှန်ပြခဲ့ပါ၏။ ဆိုဆုံးမ လို့ရော ရနိုင်ပါသလား။

**ဝေစည်(ရွှေဘို)**

**စာမျက်နှာ (၂၃၈)မှ အဆက်**

သည့် အချိန်ထိ ရွတ်ဆိုခဲ့ရသည်။

မန်းထားသော ရေကို အမေပွင့်အား သောက်စေခဲ့သည်။ နောက်တစ်ရက်တွင် အမေပွင့်သည် စအိုဝ၌ ယားသလိုလို နာသလို လိုနှင့် အနေရခက်နေပါသည်။

သမီးဖြစ်သူ မစန်းပွင့်အား...

'မေမေ့ စအိုဝမှာ တစ်ခုခုတော့ ရှိနေတယ် ထင်တယ်။ ယားသလိုလို နာသလိုလို ဖြစ်နေတယ်'

ဟု အမေပွင့်က သမီးဖြစ်သူကိုပြောသောအခါ မစန်းပွင့်က...

'ရေဆေးပြီး နှိုက်စမ်းကြည့်ပါလား မေမေ'

ဟု ပြောပါသည်။

ထို့နောက် အမေပွင့်သည် စအိုဝကို ရေဆေးပြီး လက်နှင့် စမ်းသပ်ကြည့်ရာ မာသောအရာဝတ္ထုတစ်ခုကို တွေ့ရသည်။

ကြောက်ကြောက်နှင့် အရာဝတ္ထုကိုဆွဲနုတ်ယူပြီးကြည့်လိုက်ရာ **အနီရောင်ရှိသောဆူးတစ်ချောင်းကိုအံ့ဩဖွယ်ရာ တွေ့ရပါသည်။**

ဆူးကိုယူပြီး စာရွက်တစ်ရွက်ပေါ်တင်ကာ ကြည့်သမျှလူအပေါင်း ကို ပြလေသည်။

**ဆူးအရှည်မှာ နှစ်လက်မခန့်ရှိပြီး လုံးပတ်အရွယ်အစားမှာ နှစ်ချောင်းထိုး ဓာတ်အိုးအစ် နံပါတ်(၁၂)အရွယ် ရှိပါသည်။**

မြင်ဖူးသူများကဤဆူးမှာ"**ခေါ်ဆူး**"ဖြစ်သည်ဟုပြောပါသည်။

ခေါ်ဆူး ထွက်သွားပြီးသည့်နောက်ပိုင်းတွင် အမေပွင့်မှာ ချောင်းဆိုးရောဂါ လုံးဝပျောက်သွားပြီး အိပ်ကောင်း စားကောင်းနှင့် ကျန်းမာလျက် ရှိနေပါသည်။

ပညာသည်တို့သည် ရတနာသုံးပါး အလွန်ကြည်ညိုသူတို့အား မိမိတို့ တတ်ထားသော ပညာဖြင့် စမ်းတတ်ကြသည်။

ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော်လည်း မိမိတို့ ပြုစားပါက မခံနိုင်ပါဟု ယုံကြည်ထားကြပြီး ဖြစ်သည်။

အမေပွင့်အိမ်သို့ ပညာသည်များ မကြာခဏ အလည်ရောက် လာတတ်သည်။ အမေပွင့်၏ ငှက်ပျောပွဲများကို စူးစမ်းသော သဘောဖြင့် ကြည့်တတ်ကြသည်။

"ဘာပွဲတွေလဲ" ဟု မေးတတ်သည်။ ဘုရားကို ပူဇော်ထား တာပါဟု အမေပွင့်က တိုတိုတုတ်တုတ် ဖြေတတ်သည်။

မည်သို့ပင် ထက်မြက်သော စုန်းကဝေ၊ မှော်ပညာများဖြစ်စေ ကာမူ **ဗုဒ္ဓမြတ်စွာ၏ ပဋ္ဌာန်းဂါထာတော် အစွမ်းတို့ သည်ကား၊** မကောင်းသော အတတ်ပညာများကို တိုက်ခိုက် နှိမ်နှင်း အောင်မြင်နိုင်စွမ်း ရှိကြောင်းကို လက်တွေ့ကြုံရသူ အမေပွင့်က ပြောပြသဖြင့် အများသိကြစေရန် ဖော်ထုတ်ရေးသား တင်ပြလိုက်ရပါသတည်း။

**ရွှေကူငြိမ်းချမ်း**



www.burmeseclassic.com

www.burmeseclassic.com



# အောက်လမ်းပညာသည်များ

အစွမ်းထက်မြက်သည့် မြတ်ဗုဒ္ဓ၏ ဂါထာတော်များနှင့် ဖြစ်ရပ်ဆန်း

ရွှေကိုပြားချစ်

တစ်ချိန်တုန်းက စုန်း၊ ကဝေ၊ ပညာသည်များ အထင်ကရ ရှိသည်ကို လေ့လာသိရှိရပါသည်။ ...မြစ်ကျဉ်း အနီးရှိ ရွာများမှ ...ရွာသို့ ကိုထွန်းအောင်ဆိုသူ ရောက်သွားခဲ့ရာ နံနက်ငါးနာရီအချိန် ကိုထွန်းအောင်မှာ တည်းအိမ်ခြံဝင်းထဲသို့ ဝင်လိုက်သည်။

ထိုအခါ အိမ်အောက်တွင် လင်းလိုက်မှိန်လိုက်နှင့် အလင်းရောင်နှစ်ခုကို ရုတ်တရက် မြင်လိုက်မိရာ ဆယ်မိနစ်ခန့် မတ်တတ်ရပ်ကြည့်နေလိုက်၏။ တဖြည်းဖြည်းနှင့် လူသဏ္ဌာန်ကို သဲသဲကွဲကွဲ မြင်လာရသည်။

ဆက်လက်၍ ကြည့်နေရာ အဘွားကြီးတစ်ယောက် ဆောင့်ကြောင့်ထိုင်ပြီး မည်သည့်အရာကို ရှာဖွေ စားသောက်နေသည်မသိ။ မှိတ်တုတ် မှိတ်တုတ် အလင်းရောင်နှစ်ခုမှာ သူ၏ လက်နှစ်ဖက်မှ ထွက်နေသည်ဟု ထင်ရပါသည်။

'အဘွား ဘာလုပ်နေသလဲ'

ဟု ကိုထွန်းအောင်က မေးလိုက်ရာ...

'ငါ အလင်းမိနေလိုက်တာ မပြန်တတ်တော့ဘူး။ ငါ့အိမ်ကို လိုက်ပို့ပေးစမ်း'

ဟု ပြောသဖြင့် အိမ်အောက်ထဲဝင်၍ အသက်ခုနစ်ဆယ်ခန့် ပညာသည် အဘွားကြီးအား တွဲကာ သူ၏ အိမ်သို့ ပြန်ပို့ပေးခဲ့ရသည်ဟု ပြောခဲ့သည်။

ထိုအချိန်က တိမ်ညွန့်စား ပညာသည်များ ပေါ်များသကဲ့သို့ ကျင်ကြီးစားသော စုန်းများလည်း အလွန်ပေါ်များကြောင်း သိရပါသည်။

စုန်းပညာသည် မရှိပါက ရွာတည်၍ မရ။ အနည်းဆုံး တစ်ရွာလျှင် ပညာသည်တစ်ယောက် ရှိရသည်ဟု ရှေးလူကြီးများ ဆိုရိုးစကား ရှိပါသည်။ ဤအဖြစ်အပျက်မှာ **လွန်ခဲ့သော နှစ်ပေါင်း(၂၀)နှစ်ခန့်က** အဖြစ်အပျက် ဖြစ်ပါသည်။

'အမေပွင့်ကတော့ စုန်းတွေ၊ ကဝေတွေလဲ မကြောက်ပါဘူး။ အသက်ရှစ်ဆယ် ရှိလာ



www.burmeseclassic.com

www.burmeseclassic.com

ပြီး စုန်းတက်တယ်ဆိုတဲ့ လူတွေ ပေးတာ ကျွေးတာလဲ စားတာပဲ၊ စုန်းတက်သူတွေကလဲ အမေပွင့်ကို သိပ်ခင်မင်ကြပါတယ်'

ဟု အသက်ရှစ်ဆယ် ရှိပြီဖြစ်သော ဒေါ်လုပွင့်က ပြောပါသည်။

'မေမေ အသက်ကြီးပြီ၊ အရပ်ထဲက ကြိုပ်ပြေနံ့ပြေ ယကြာချော့တဲ့ နေရာတွေ၊ အန္တရာယ်ကင်း အစားအသောက် ဖိတ်တဲ့ နေရာတွေကို မသွားနဲ့၊ အသက်ကြီးလို့ ချော်လဲမှာ စိုးရိမ်တာကတစ်ကြောင်း၊ အန္တရာယ်ကင်း ကျွေးတယ်ဆိုတာ "မျှခံစား ဝေ"လုပ်တာပဲ၊

အကုသိုလ်.အနိမ့်အညံ့တွေ တစ်ပိဿာလောက် ရှိနေတဲ့ လူတစ်ယောက်က လူဆယ်ယောက်ကို ဖိတ်ပြီး တစ်ယောက်တစ်ဆယ်သားစီ မျှဝေယူခိုင်းတဲ့ သဘောပဲ၊ ဒီတော့ အကုသိုလ်တွေကို မျှဝေမယူနဲ့၊ မေမေလဲ အသက်ကြီးပြီ'

ဟု သမီးဖြစ်သူ မစန်းပွင့်က သူ၏ ထင်မြင်ယူဆချက်အတိုင်း မိခင်ဖြစ်သူကို အန္တရာယ်ကင်းအစားအသောက် ဖိတ်ကျွေးလျှင် မစားရန် မကြာခဏ ပြောလေ့ ရှိပါသည်။

**"စုန်းမတွေနှင့် စားပွဲတစ်လုံးတည်း အတူမစားမိရန်၊ ဝေးဝေးက ရှောင်ရန်"**ကိုလည်း မိခင်ဖြစ်သူကို မှာကြားလေ့ ရှိပါသည်။

အမေပွင့်သည် အသက်ရှစ်ဆယ်ပင် ရှိသော်လည်း သွားမကျိုးသေး၊ သွားနိုင်လာနိုင် အလုပ် လုပ်နိုင်ဆဲဖြစ်သည်။

တစ်ကြိမ်တစ်ခါ နာစေးသည်မှအပ အခြား မည်သည့်ရောဂါမျှ မဖြစ်ခဲ့။ ဆေးထိုးရဖူးသည်လည်း မရှိ။

ရတနာသုံးပါးကို အလွန်ကြည်ညိုသူ ဖြစ်သည်။ နံနက်နှင့်ညစဉ် ဘုရားဝတ်မပျက်ခဲ့။ အမေပွင့်၏ ဘုရားစင်တွင် ငုက်ပျောပွဲ မပြတ်ခဲ့ပါ။



သာသနာပွဲ၊ ဘုရားပွဲနှင့် ဘိုးဘိုးအောင်ပွဲများကို မညီးအောင် ပူဇော်ထားသည်။

နေ့စဉ် နံနက်တိုင်း ဘုရားကို ဆွမ်းတော်ကိုးပွဲ၊ ရဟန္တာကို ဆွမ်းတော်ကိုးပွဲ၊ ဘိုးဘိုးအောင်,ဘိုးမင်းခေါင်နှင့် ဝိဇ္ဇာများကို ကိုးပွဲ တင်ပါသည်။

အမေပွင့်၏ ဆွမ်းတော်စာများကို အိမ်အနီးတွင် ရှိကြသော ကြက်များ၊ ဘဲများနှင့် ခွေးများက စားသောက်ရန် အသင့်စောင့်မျှော်၍ နေတတ်ကြသည်။

စေတနာ သဒ္ဓါတရားကောင်းသော အမေပွင့်ကို စုန်းပြုစားလိမ့်မည် မဟုတ်ဟု အမေပွင့် ယုံကြည်ထားသည်။

ရပ်ကွက်ထဲ သာမှု နာမှု ကျွေးမွေးဧည့်ခံပွဲတိုင်းမှာ စိတ်ချစွာ စားသောက်သည်။ သက်ာမကင်းဖြစ်သည့် အစားအစာများကို စားမည်ဆိုပါက…

"ဦး ကောဋ္ဌသံဂုံ ဣန္ဒြိယာဟိသွားဟာ"

ဟူသော ဂါထာဖြင့် အစာကို ခုနစ်အုပ် မန်း၍ စားက ပြုစားသူထံ ဒဏ်ပြန်သည်ဟု အမေပွင့်က သမီးဖြစ်သူကို ပြောပြထားသည်။

အမေပွင့်မှာ ဂါထာကောင်း ရှိသော်လည်း တစ်ကြိမ်တစ်ခါမျှ အစာကို မန်း၍စားသည် မရှိ၊ အမေပွင့်ကို ရန်မူမည့် ရန်သူမရှိဟု ယုံကြည်ထားပြီး ဖြစ်သည်။

သို့သော် အမေပွင့်သည် တစ်ကြိမ်တစ်ခါမျှ မဖြစ်ဘူးသော ချောင်းဆိုးရောဂါကို သုံးလကြာအောင်ပင် နေ့မအိပ်ရ၊ ညမအိပ်ရနှင့် ခံစား၍ နေရပါသည်။

မြန်မာဆေး၊ အင်္ဂလိပ်ဆေးများဖြင့် ကုသခဲ့သော်လည်း ချောင်းဆိုးရောဂါ မပျောက်ခဲ့ပါ။

'မေမေ့ကို ချောင်းဆိုးစေတတ်တဲ့ အစာ ပင်းသွင်းထားတာ ဖြစ်လိမ့်မယ်၊ သုံးလကြာအောင် ဆေးစားလို့ မပျောက်တူးဆိုတော့ အပင်းရှိနေတာ သေချာပါတယ်'

ဟု သမီး မစန်းပွင့်က ပြောပါသည်။

သို့သော်လည်း အမေပွင့်မှာ လက်မခံခဲ့ပါ။ ချောင်းဆိုးရလွန်းသဖြင့် အမေပွင့်မှာ အအိပ်ပျက် အစားပျက်နှင့် ပိန်ချုံးချည့်နဲ့နေခဲ့ပြီး မောပန်းနွမ်းနယ်၍ နေလေသည်။

ဆေးရုံတွင် တီဘီရောဂါ ရှိမရှိ (သလိပ်)ချွဲကို စစ်ဆေးကြည့်ခဲ့သော်လည်း ဘာရောဂါမှ မရှိကြောင်း သိရှိခဲ့ရပါသည်။

မစန်းပွင့်သည် **၁၃၅၇ ခုနှစ်၊** ကဆုန်လပြည့် စနေနေ့တွင် သက်သတ်လွတ်စားပြီး ရှစ်ပါးသီလ ခံယူကာ ရေကို ခုနစ်ထပ်စစ်၍ ဖန်ခွက်ထဲတွင် ထည့်ပြီး ဘုရားစင်ရှေ့တွင်ထိုင်ကာ သမ္မုဒ္ဒေ တစ်ထောင်၊ အဋ္ဌာနမေတံတစ်ထောင်၊ ၂၄ပစ္စည်း တစ်ထောင်ကို ရွတ်ဆို၍ ရေကို မန်းလိုက်သည်။

**ခြေထောက်ပဲစေ့ ငါးရာကို ဇလုံ တစ်ခုတွင်ထည့်ပြီး၊ အခြား ဇလုံ လွတ်တစ်ခုသို့ ပြောင်းရွှေ့ရေတွက်** ခြင်းဖြင့် သုံးထောင်မျှသော ဂါထာတော်တို့ကို ညနေခြောက်နာရီထိုး

စာမျက်နှာ (၂၃၆) သို့

www.burmeseclassic.com

လောကဏ၏

# မထင်မှတ်သည့်အဖြစ်

မြင့်



သည်နှစ် ဝါဆိုမှာ ဝါဆိုသင်္ကန်းကပ်လှူသည်ကို အကြောင်းပြုပြီး မနှစ်က အဖြစ်ကို အမှတ်မထင် သတိရမိသည်။ ကာယကံရှင်များ မည်မျှ သတိရလွမ်းဆွတ်နေမည်နည်း...

သရဲရိုက်သည်ခေါ်မည်လား၊ သရဲဖမ်းစားသည် ခေါ်မည်လား... ဤနှစ်မျိုး ကွဲပြားခြားနားခြင်း ရှိ,မရှိ မသိပါ။ သရဲကြောင့် အသက်ပေးလိုက်ရသည့် အဖြစ်မှန်ကို သိရှိရပါသည်။

မနှစ်ဝါဆိုချိန်မှာ ဆရာမမှ ဝါဆိုသင်္ကန်းကပ်လှူရာတွင် တပည့်ကျောင်းသားများ ပါဝင်လုပ်ဆောင်ပေးကြပါသည်။

ကပ်လှူအပြီး လှူဖွယ်ပစ္စည်းများကို အနောက်ဘက်ပိုင်းရှိ ဘုန်းတော်ကြီးကျောင်းသို့ ကျောင်းသားနှစ်ဦးမှ ဆိုင်ကယ်ဖြင့် သွားရောက်လှူဒါန်းကြပါသည်။

ကျောင်းနား မရောက်မီ လက်ခုပ်ပင်ရှိရာအနီးတွင် ဆိုင်ကယ်မောင်းသည့်ကလေးက ရေအိုင်ကို ကွေ့ရှောင်လိုက်ရာ ဆိုင်ကယ်စောင်းကျပြီး နောက်မှထိုင်သော ကလေးပါ လဲသွားပါသည်။

ပြင်းပြင်းထန်ထန် ထိခိုက်ခြင်း မရှိသဖြင့် နှစ်ဦးသား ကျောင်းဆီသို့ သွားရောက် လှူဒါန်းခဲ့ကြပါသည်။

ပွဲသည်ကလွဲ၍ မည်သည့်ဒဏ်ရာမှ မရှိဘဲ လှုပ်ရှားနေနိုင်၍ မိဘတွေလည်း စိတ်အေးနေခဲ့ခြင်း ဖြစ်ပေသည်။

တစ်ရက်,နှစ်ရက် အကြာတွင် နောက်မှထိုင်သော ကလေးသည် နေမကောင်းဖြစ်ပြီး မလှုပ်နိုင်သည့် အနေအထား ဖြစ်လာ၍ မိဘများက ဆေးရုံတင်လိုက်ပါသည်။

ဆေးရုံတွင် ဆရာဝန်များက ဂရုတစိုက် ကုသပေးသော်လည်း သက်သာခြင်း မရှိသဖြင့် မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ကုသကြပါသည်။

ဆေးရုံကြီးတွင် ရောဂါ ကြီးကြီးမားမား မရှိကြောင်း သိရပြီး နေကောင်းလာသဖြင့် ဆေးရုံမှ ဆင်းခဲ့ကြပါသည်။

သည်လိုနေရင်း ဒဏ်ရာလည်း မရှိဘဲ တစ်ခါ ထပ်ဖြစ်ပြန်သဖြင့် ဆေးရုံကြီးသို့ ထပ်တင်ရပြန်သည်။

အခြေအနေကလည်း ထူးဆန်းလှသည်။ ဆေးရုံကြီးတွင် ရှိနေစဉ် နေကောင်းလန်းဆန်းပြီး အိမ်ရောက်လျှင် လူမမာ ပြန်ဖြစ်လာသည်မှာ နယ်မြေခြားသွား၍ မသိပါ။

ဆေးရုံကြီးတွင် သက်သာလာ၍ အိမ်ပြန်ခေါ်လာပါသည်။ အပြန်လမ်းခရီးတစ်လျှောက် ကားပေါ်မှာ ကလေးက မိခင်ပေါင်ပေါ် မှေးအိပ်ရင်း လူမမာအသွင် ဖြစ်သွားပြန်သည်။ တစ်ယောက်ယောက် စီးထားသလို မလှုပ်မယှက် ဖြစ်နေသည်။

မိဘတွေလည်း အခြေနေ မဟန်သဖြင့် စိုးရိမ်ပြီး တတ်ကျွမ်းနားလည်သည့် ဘုန်းကြီးကို သွားပြရာ ဘုန်းတော်ကြီးက သရဲဦးသွားပြီဖြစ်ကြောင်း လွန်သွားပြီဖြစ်၍ မရတော့ဟု ပြောပါသည်။

www.burmeseclassic.com

မကြာမီ ကလေးဆုံးသွားပါသည်။ မဖြစ်သင့်ဘဲ ဖြစ်သွားသဖြင့် ကြားရသူအပေါင်း စိတ်မကောင်း ဖြစ်ရပါသည်။

သည်ကောင်လေး အဖြစ်ကြောင့် အထိတ်တလန့် ဖြစ်ရသည်။ ဤနေရာတွင် ယခုချိန်ထိ သရဲရှိနေခြင်းက အံ့သြစရာပါ။ ကျွန်မတို့ ငယ်စဉ်ကတည်းက နာမည်ကြီးခဲ့သည့် **လက်ခုပ်ပင်**ပါ။

ဟိုစဉ်အခါက အနောက်ဘက်ပိုင်း ဘုန်းကြီးကျောင်းတွေဘက်မှာ ချုံနွယ်ပိတ်ပေါင်းနှင့် လူသွားလူလာ နည်းပါးခဲ့သည်။

ဘုန်းကြီးကျောင်းတွေ ကလည်း တကယ့်တောရကျောင်း ဖြစ်ပါသည်။ လူနေအိမ်ခြေနှင့်ဝေးသည့် သစ်ပင်တွေနှင့် အုပ်ဆိုင်းနေသည်။

ဘုန်းကြီးကျောင်း ဆိုသည်ကလည်း သီတင်းသီလ ဆောက်တည်သည့်အခါနှင့် အလှူအတန်း ရှိသည့်အခါမှသာ သွားဖြစ်ကြသဖြင့် အရောက်အပေါက် နည်းပါးသည်။

ပတ်ဝန်းကျင်ရွာများမှ ဈေးရောင်းဈေးဝယ် သွားသူများသာ ရှိသည်။

လက်ခုပ်ပင်ကျောင်း အရှေ့ဘက် မလှမ်းမကမ်းတွင်ရှိသည်။ သရဲရှိသည်ဟု နာမည်ကြီးသဖြင့် နေ့ခင်းပင် တစ်ယောက်တည်း သွားလာရန် မဝံ့ရဲပါ။

ရဲဘော်ဖြူလက်ထက် ရဲဘော်တစ်ယောက် ထိုအပင်အောက်တွင် အသတ်ခံရကြောင်း ကြားဖူးပါသည်။

ဤသို့ နာမည်ကြီးခဲ့သော်လည်း ယခုအချိန်တွင် အိမ်ခြေတွေ ဆက်နေပြီး ဘုန်းကြီးကျောင်းပတ်လည် အိမ်တွေ ရှိနေသဖြင့် ဘုန်းကြီးကျောင်းပင် အလယ်ထဲ ရောက်သွားပါပြီ။

လက်ခုပ်ပင်ကြီးက နှစ်ပေါင်းကြာပြီဖြစ်၍ ယခင်လို အုပ်ဆိုင်းမနေတော့ဘဲ ခြောက်သယောင်းနှင့် အပင်အိုဖြစ်နေပါပြီ။ လက်ခုပ်ပင်ကို ကြက်ခြံတွင်းမှာ အုတ်တံတိုင်း ခတ်ထားသဖြင့် သတိမထားမိတော့ပါ။ မေ့ပျောက်၍ နေပါပြီ။

ယခုမှ ဘယ်သကောင့်သားက နှောင့်ယှက်သည် မသိပါ။ အစွဲကြောင့် မကျွတ်လွတ်သေးသည်လား၊ နောက်ဆက်ခံသည့် သရဲလား မဆိုနိုင်ပါ။ အမှန်တကယ် ဖြစ်သွားပါသည်။

သည်အဖြစ်ကြောင့် ကျွန်မ မောင်လေးသည်လည်း ဤကလေးနှင့် အဖြစ်ချင်းတူသည်ကို ခံစားမိပါသည်။

မောင်လေးက အရှေ့ဘက်ပိုင်းကို သူငယ်ချင်းတွေနှင့် လက်ဖက်ရည်သောက်သွားရင်း ချိုင့်ထဲ ဆိုင်ကယ်နှင့် လဲကျခဲ့သည်။

ကျွန်မတို့က စိတ်ပူ၍ ဆေးခန်းသွားပြရန် ပြောပေမယ့် မောင်လေးက ဘာမှ မဖြစ်ဘူး။ နေသာတယ်ဆိုပြီး သွားသွားလာလာ နေခဲ့ပါသည်။

ကျွန်မတို့လည်း ပေါ့သွားမိသဖြင့် ကြီးစွာ နောင်တရမိသည်။ နောက်ရက်တွေမှာ မြန်မာဆရာနှင့် နှိပ်ဖြစ်သည်။ မောင်လေးက ကျွန်မ စိုးရိမ်တတ်သဖြင့် ဖြစ်သမျှကို မပြောပြပါ။

နောက်ရက်တွေမှာ ကျွန်မတို့လည်း ပူပန်မိသဖြင့် မန္တလေးအထူးကု ဆရာဝန်ကြီးထံ ပြကြည့်ပါသည်။ အရိုးနှစ်ချောင်း အက်သွားသည် ပြောပြီး ဆေးများ ပေးလိုက်ပါသည်။

ဆေးစားရင်း မောင်လေး နေရသည်မှာ မကောင်းသဖြင့် ဆရာဝန် အိမ်ပင့်ပြီး ကုသပါသည်။ နောက်ပိုင်း အစာလည်း သိပ်မစားတော့ဘဲ အိပ်ရာက မထနိုင်ဖြစ်ပြီး မှိန်းနေပါတော့သည်။

တွဲထူမှ ထနိုင်ပါသည်။ ကျွန်မတို့လည်း နားလည်သလောက် ဆေးလူးဆေးတိုက် လုပ်ဆောင်ပေးပါသည်။ မြေစာလည်း ကျွေးဖြစ်သည်။

မောင်လေး အခြေအနေ မထူးခြားသဖြင့် ဆေးရုံသွားရန် မောင်လေးကို တွဲခေါ်သည့်အခါ မျက်စိတွေ ပြာနေသည်ဟု ပြောရှာပါသည်။

ကျွန်မတို့ကလည်း နားမလည်၍ ဆက်ပြီး ဆေးရုံခေါ်သွားပါသည်။ ကားပေါ်မှာတင် မောင်လေး ဆုံးသွားပါသည်။ ဆုံးမှန်းပင် မသိပါ။ ဆေးရုံရောက်၍ ဆရာဝန်က စစ်ဆေးသည့်အခါမှ အသက်မပါတော့ကြောင်း သိရပါသည်။

မန္တလေးဆရာဝန်ကြီးကို တူလေးကသွားပြောသည့်အခါ ဆရာဝန်ကြီးက...

'သေလောက်တဲ့ဒဏ်ရာ မဟုတ်ပါ။ ဘယ်လို ဖြစ်တာပါလိမ့်'

ဟု ပြောကြောင်း သိရပါသည်။

ကျွန်မ မောင်လေးသည်လည်း ကျောင်းသားလေးအဖြစ်နှင့် တူသည်ကို သေချာတွေးကြည့်ရင်း သိလာပါသည်။ မည်သည့်ရောဂါမှန်း မသိဘဲ ရေတိမ်နစ်သွားရပါသည်။

သည်လိုအဖြစ်မျိုးနှင့် ကြုံလာလျှင် **ဆေးရုံလည်းပြ တတ်ကျွမ်းနားလည်သူ ဂမ္ဘီရပညာရှင်များနှင့်လည်း စစ်ဆေးသင့်ကြောင်း** မမေ့မလျော့ ရှိကြရန် အသိပေးပါသည်။

အရာရာ **သတိရှိရှိနှင့် ဉာဏ်ပညာ ဦးစီးလျှင်** မကောင်းပါလား...

မြင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မသင်ယူဖြစ်ခဲ့သော

# ဂဠုန်ရုပညာ

ဇော်ချမ်းအောင်
(ရမည်းသင်း)



-လွန်ခဲ့သော(၁၅)နှစ်က အတွေ့ အကြုံတစ်ခုပါ။

ထိုစဉ်က သစ်တောထွက်ကုန်များ ထုတ်လုပ်သော ကုမ္ပဏီကြီးတွင် ကျွန်တော်က အထွေထွေ တာဝန်ခံ မန်နေဂျာအဖြစ်နှင့် လုပ်ကိုင်ရာတွင် ကုန်ကြမ်းများ ရရှိနိုင်သည့် တောတောင်တွေထဲ သွားရောက်လုပ်ကိုင်ရသည်။

ထိုသို့ လုပ်ကိုင်ရာတွင် တောတောင်တွေထဲ နေထိုင်ကြသော တိုင်းရင်းသားပေါင်းစုံတို့နှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့လေသည်။

ချစ်စရာနှင့် အတုယူဖွယ်ရာကောင်းသော တိုင်းရင်းသားတို့၏ ရိုးသားမှု၊ ခင်မင်မှုတွေနှင့်အတူ နွေးထွေးသည့် ကူညီမှုများကြောင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အခက်အခဲမရှိပျော်ရွှင်အောင်မြင်စွာ လုပ်ကိုင်နိုင်ခဲ့လေသည်။

ကျွန်တော်တို့ ကုမ္ပဏီအတွက် လိုအပ်သော ကုန်ကြမ်းများ သူတို့က ထုတ်လုပ်ပေး၍ အဆင်ပြေသလို သူတို့ဒေသတစ်ခုလုံး၏ စားဝတ်နေရေးတွေလည်း အဆင်ပြေ၊ နှစ်ဦးနှစ်ဖက် အကျိုးရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်လေတော့ အားစိုက်၍ လုပ်ဆောင်ပေးကြသည်။

တစ်ပတ်တွင် မဖြစ်မနေ တစ်ရက် အလုပ်ပိတ်၍ အလုပ်ရုံ သန့်ရှင်းရေး လုပ်ရသည်။ တစ်ပတ်အတွင်း ရရှိထားသည့် ကုန်ကြမ်းများ နေသားတကျ ပြန်လည် စုပေါင်းထားသိုပြီး နောက်တစ်ပတ်စာအတွက် ကုန်ကြမ်းများ ထားရှိရန် လုပ်ဆောင်ကြရသည်။

ခရစ်ယာန်ဘာသာဝင်တွေ ဘုရားကျောင်းတက်ရက်ဖြစ်သော တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com

နေ့ အလုပ်ပိတ်ခြင်းဖြင့် အားလုံး အဆင်ပြေလေသည်။

စခန်းမှ လုပ်သားများသည်လည်း နံနက်ပိုင်း အလုပ်ရုံ သန့်ရှင်းရေး လုပ်ဆောင်ပြီးလျှင် လျှောက်လည်ကြသည်။ ခင်မင်သူများနှင့် တောင်ယာခင်းတွေထဲ လိုက်သွားကြကာ ဟင်းသီးဟင်းရွက်များ တဖျော်တပါး ခူးယူလာကြသည်။

ခရစ်ယာန်ဘာသာဝင် လုပ်သားအချို့ကလည်း ဘုရားကျောင်းတက်သူ တက်ကြသည်။

ကျွန်တော်ကတော့ ခင်မင်သည့် တောပစ်ကျွမ်းသော မုဆိုးကြီးများဆီ မကြာမကြာ သွားဖြစ်သည်။ တောသဘာဝ၊ တောမာယာ၊ တောတောင်တွေ၏ လှည့်စားမှုတွေနှင့်အတူ သားကောင်တွေ၏ သဘာဝ၊ တောကောင်တွေ၏မာယာ စသည်ဖြင့် ကျွန်တော် စိတ်ဝင်စားတာတွေ မေးမိသည်။

'သူတို့နှင့်လည်း ညအိပ်တောပစ် လိုက်ဖူးသည်မှာလည်း အကြိမ်ကြိမ်ပင်။ တောပစ်လိုက်ခဲ့စဉ်က ကျွန်တော်တွေ့ကြုံခဲ့ရသော အတွေ့အကြုံတွေကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ကျွန်တော် ရေးသားတင်ပြခဲ့သည်။

တောနက်၊ တောကြီးလျှင် ကျွန်တော်တို့ နားမလည်နိုင်သော အံ့ဩဖွယ် တောတောင်တွေ၏ လှည့်စားမှုတွေကို ကိုယ်တိုင်လည်း ကြုံတွေ့ခဲ့ရဖူးပါသည်။

ကျွန်တော် ယခုတင်ပြမည့် အကြောင်းအရာမှာ တောတောင်တွေထဲမှာ နေထိုင်ပြီး ကျွန်တော်တို့ နားမလည်နိုင်သော တောတောင်တွေ၏ လှည့်စားမှုလို ထူးဆန်းသည့် အတတ်ပညာကို တတ်မြောက်ထားသည့် မထင်မရှား တိုင်းရင်းသား ဆေးဆရာကြီးတစ်ယောက် အကြောင်းပဲ ဖြစ်ပါသည်။

* * *

တနင်္ဂနွေ အလုပ်ပိတ်ရက် တစ်ရက်မှာ ရှမ်းဆရာကြီး ဦးအိုက်စံ၏အိမ်သို့ ကျွန်တော် ရောက်သွားခဲ့သည်။ ဆရာကြီးနှင့် ကျွန်တော် ခင်မင်ရင်းနှီးခဲ့သည်မှာ နှစ်အတော်ကြာပြီဖြစ်သည်။ ဆရာကြီးက တောင်ပေါ်နေ တိုင်းရင်းသားတို့၏ အနာရောဂါများကို ကုသပေးနေသော တိုင်းရင်းဆေးဆရာကြီးတစ်ဦး ဖြစ်လေသည်။ တစ်နယ်လုံးကလည်း ဆရာကြီးကို အားကိုးကြသည်။

ကျွန်တော် မြို့ဆင်းတိုင်း ဆရာကြီးက ပရဆေးဆိုင်မှ သူလိုသော ဆေးအမည်များ မှာယူလေ့ရှိသလို ဖိုထိုးရန်အတွက် လုံတွေလည်း ဝယ်ပေးရသည်။

ပရဆေးဆိုင်ကလည်း ဆိုင်တွက် လိုအပ်သော ရှားပါး ပရ ဆေးပင်၊ ဆေးရွက်၊ ဆေးမြစ် စသည်ဖြင့် ဆရာကြီးမှ ရှာဖွေပေးရန် ကျွန်တော့်ကိုပင် မှာယူလေ့ ရှိပါသည်။

ပရဆေးဆိုင်နှင့် ဆရာကြီးကြားမှာ ကျွန်တော်က ကယ်ရီသမား ဖြစ်မှန်းမသိ ဖြစ်နေလေသည်။

ယခုလည်း တောင်ပေါ်တက်လာသည့် ကျွန်တော်တို့ကားကို ပရဆေးဆိုင်မှ ပေးလိုက်သည့် ဆေးဖိုးငွေနှင့် ဘောက်ချာပေးရန်အတွက် ဆရာကြီးရောက်ခဲ့ရခြင်းဖြစ်သည်။

ဆရာကြီးဆီ ကျွန်တော် ရောက်သွားတိုင်း တောတောင်တွေထဲမှာရှိသည့် ဆေးပင်၊ ဆေးမြစ်တွေအကြောင်း၊ တောတောင်တိုင်းမှာ မရှိသည့် ရှားပါးဆေးပင်တွေအကြောင်း...

လွန်စွာ အစွမ်းထက်သည့် ဆေးပင်အချို့သည် ကျောက်သား၊ ကျောက်တောင်တွေမှာသာ တွေ့နိုင်ကြောင်း စသည်ဖြင့် ဆရာကြီးက သူ စိတ်ဝင်စားရာ ဆေးပင်တွေ အကြောင်းကို အားပါးတရ ပြောပြလေ့ရှိသည်ဖြစ်၍ ကျွန်တော့်အတွက် ဗဟုသုတ တိုးရသည်။

ကျွန်တော့်ကို ဆရာကြီးက သီးသန့်ဆောက်လုပ်ထားသည့် အဆောက်အအုံလေးထဲခေါ်၍ ကျွန်တော် နားမလည်နိုင်သော အဂ္ဂိရတ် အကြောင်းတွေလည်း ပြောပြသည်။

ပြဒါးအကြောင်း၊ သံအကြောင်း အစုံပင်။ ဆရာကြီးထံမှ ကျွန်တော် ပြန်လျှင် လူနာရှင်တွေ ပို့ပေးထားသော ဆတ်သားခြောက်၊ ဂျီ(ချေ)သားခြောက်၊ ပြောင်သားခြောက် စသဖြင့် တစ်ခုခုတော့ ဆရာကြီးက အပြန်လက်ဆောင် အမြဲပေးလေ့ရှိသည်။

ဆရာကြီး အသက်မှာ (၇၅)နှစ်ရှိပြီဖြစ်သော်လည်း အသက်(၆၀) အရွယ်လောက်ပင် ထင်ရသည်။ ဆရာကြီးက အိမ်ထောင်မပြု။ လက်တို လက်တောင်းခိုင်းရန် တပည့်တစ်ယောက် သူ့အနားမှာ အမြဲခေါ်ထားလေသည်။

ဆရာကြီး ပြောပြချက်အရ မြန်မာနိုင်ငံအနှံ့ တောတောင်တွေထဲတွင် နှစ်ပေါင်း(၃၀)ကျော် ဂန္ဓာရီလှည့်လည်၍ တရားအားထုတ်ခဲ့ဖူးကြောင်း၊ 'မကျန်းမမာဖြစ်လျှင် အိပ်မက်ထဲတွင် သူတော်စင်ကြီးတစ်ဦး ရောက်လာပြီး ဘယ်လို ဆေးသောက်ရမည်၊ ဆေး ဘယ်လိုဖော်ရမည်၊ ဆေးပင်က ဘယ်နားမှာ၊ ဘယ်လိုအပင်၊ ဆေးပင်အနံ့က ဘယ်လိုအနံ့... စသဖြင့် လာရောက်ပြောပြလေ့ ရှိပါသည်။

သို့နှင့် ရောဂါတစ်မျိုးဖြစ်လျှင် ဆေး





www.burmeseclassic.com

www.burmeseclassic.com

တစ်မျိုးသိ… ဖြစ်လာခဲ့ရာက နှစ်တွေကြာလာတော့ ရောဂါအတော်များများကို ကုသနိုင်သည့် ဆေးတွေကို သိလာခဲ့တာ ဖြစ်သည့်အကြောင်း ပြောပြသည်။

ဆရာကြီး ကုသပေးသော လူနာအတော်များများနှင့် ကျွန်တော် စကားပြောခဲ့ဖူးပါသည်။

ဆရာကြီး၏ ဆေးတွေမှာ လွန်စွာအစွမ်းထက်၍ ပျောက်ကင်းကြောင်း၊ သို့သော် ဆရာကြီးက သူ ကုသမပေးနိုင်သော ဝေဒနာမျိုးကိုတော့ အခြားမှာပဲ သွားရောက်ကုသရန် ပြောလေ့ရှိသည်ဟု သိရသည်။

ရောဂါ ပျောက်ကင်းသွား၍ ဆေးဖိုးဝါးခကိုတော့ ဆရာကြီးက မည်ရွေ့မည်မျှ ပေးရမည်ဟု မပြော၊ ရောဂါပျောက်ကင်းသူ၏ စေတနာအရ ပေးသော ဆေးဖိုးကိုသာ လက်ခံယူလေ့ရှိသည်။

ဆေးဖိုး မတတ်နိုင်သူများကိုလည်း အခမဲ့ကုသပေးသည်။ တစ်နယ်လုံးက ဆရာကြီးကို အားကိုးကြသည်မှာ မဆန်းပေ။

ဆရာကြီးအိမ်ထဲ ဝင်လိုက်သည်နှင့် ဆေးပင်၊ ဆေးရွက်၊ ဆေးမြစ် မျိုးစုံတို့၏ သင်းပျံ့မွှေးကြိုင်နေသည့် ဆေးရနံ့တို့က ဦးစွာ ခရီးဦးကြိုပြုလေသည်။ ဆရာကြီးတပည့်လေးက ကျွန်တော့်ကို နှုတ်ဆက်စကား ပြောကာ ရေနွေးကြမ်းနှင့် ဧည့်ဝတ်ပြုလေသည်။

'အစ်ကို… ဆရာကြီး ပုတီးစိပ်နေတာ ပြီးတော့မှာ၊ ခဏစောင့်နော်'

ဟု ပြောလေသည်။

ရေနွေးကြမ်းသောက်ရင်း ဆရာကြီးအကြောင်း ကျွန်တော် တွေးနေမိသည်။ မြန်မာနိုင်ငံ တစ်နံတစ်လျားဒေသစုံ ရောက်ခဲ့ဖူးပေမယ့် ယခုလို



လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တောတောင်တွေထဲမှာ ဘာကြောင့် အခြေချ နေထိုင်သည်ကို တွေးမရပေ။

တောတောင်တွေထဲမှ သူ သိထားသည့် တန်ဖိုးကြီးရှားပါး ဆေးပင်၊ ဆေးမြစ်တွေ အရောင်းအဝယ်လုပ်လျှင်ပင် မြို့ပေါ်မှာ အခြေချ နေထိုင်၍ ရလေသည်။

ဘာပဲဖြစ်ဖြစ် ဆေးရုံ၊ ဆေးခန်း အလှမ်းဝေးနေသော ယခုလို နေရာမျိုးမှာ ဆရာကြီး ရှိနေခြင်းက တိုင်းရင်းသားတို့အတွက် အားတစ်ခု ဖြစ်နေသည်ကတော့ အမှန်ပင်။

'ရောက်နေတာ ကြာသွားပြီလား ကိုအောင်ဝင်း၊ အကြောင်းထူး ရှိလို့လား'

ဆရာကြီး၏ နှုတ်ဆက်စကားကြောင့် အတွေးများ ပြတ်သွားကာ…

'သြော်… မကြာသေးပါဘူး ဆရာကြီး၊ ပရဆေးဆိုင်က ပေးလိုက်တဲ့ ဆေးပင်တွေ ရောင်းရငွေ လာပေးတာပါ'

ဟု ပြောရင်း ငွေနှင့် ဘောင်ချာစာရွက်ကို ဆရာကြီးလက်ထဲ ထည့်ပေးလိုက်သည်။

'ဒီနေ့ အလုပ်နားရက်မဟုတ်လား၊ နေ့လယ်စာ ဒီမှာ စားပြီးမှ ပြန်ကွယ့်၊ အေးအေးလူလူ စကားပြောကြတာပေါ့'

ဆရာကြီးက သူ့တပည့်လေးကို ကျွန်တော့်ကို ထမင်းကျွေးမှာဖြစ်သည့်အကြောင်း လှမ်းပြောလိုက် သည်။

သို့နှင့် ဆရာကြီးနှင့် ကျွန်တော် အချိန် အတော်ကြာ စကားပြောနေမိကြရာမှ ထူးဆန်းသော ဂမ္ဘီရအတတ်ပညာများအကြောင်း ရောက်သွားလေသည်။

ဂမ္ဘီရအတတ်ပညာကို မြန်မာလူမျိုးအချို့ တတ်မြောက်ထားကြသည်ဟု သိထားသော်လည်း တကယ်လက်တွေ့ ကျွန်တော် မမြင်တွေ့ဘူးသည်မို့ ယုံတမ်းစကားများ ဖြစ်လေသလားဟု ပြောပြနေသည့် ကျွန်တော့်စကားကို ဆရာကြီးက ပြုံး၍ နားထောင်နေရာမှ…

'ထူးဆန်းတဲ့ ဂမ္ဘီရအတတ်ပညာတွေထဲက တစ်ခုကို ကိုအောင်ဝင်း မြင်ဖူးအောင် လက်တွေ့ ဆရာကြီး ပြမယ်။ ကြည့်မယ် မဟုတ်လား'

'ကြည့်မှာပေါ့ ဆရာကြီး'



www.burmeseclassic.com

www.burmeseclassic.com

'ဒါဆို ခဏလေးစောင့်'

ဟု ပြောကာ ထသွားပြီး အခန်းထဲ ဝင်သွားလေသည်။ အခန်းထဲမှ ပစ္စည်း တစ်ခုကို ကိုင်ရင်း ပြန်ထွက်လာသည်။

'ဒါ...သော့၊ ဒီသော့ဟာ သာမန်သော့ မဟုတ်ဘူးကွယ့်၊ အထူးအာမခံသော့လေ'

ပြောပြီး သူ့လက်ထဲက ကြီးမားလှသော သော့ကြီးကို ကျွန်တော့်လက်ထဲ လှမ်းထည့်သည်။ ကျွန်တော်လည်း သော့ကြီးကို ကြည့်မိသည်။ အထူး အာမခံသော့တစ်လုံးဆိုတာ ငြင်းဖွယ် ရာ မရှိပါ။

'အဲဒီသော့တံနဲ့ ခတ်လိုက်ကွယ်၊ ပြီးရင် ဆရာကြီးကို သော့ကြီးပေး ဖွင့်တဲ့သော့တံ ကိုတော့ ကိုအောင်ဝင်း ယူထားပေါ့'

ကျွန်တော် နားမလည်စွာဖြင့် ဆရာကြီး ပြောသကဲ့သို့ သော့ခတ်ပြီး ဆရာကြီး လက်ထဲထည့်လိုက်သည်။ ကျွန်တော့်အတွေးထဲမှာတော့ ဘာလုပ် မှာပါလိမ့်ဟု တွေးနေမိသည်။ ဆရာကြီးက သူ့လက်ထဲက သော့ကြီးကို သေချာကြည့်ရင်းက...

'ကိုအောင်ဝင်း ဆရာကြီးလက်ထဲက ဒီသော့ကြီးကို ဖွင့်တဲ့သော့တံ မပါဘဲ ဖွင့်ပြမယ်'

ပြောပြီး လက်ထဲက သော့ကြီးကို လက်နှစ်ဖက်နှင့်အုပ်ကိုင်ကာ တစ်ခုခု ရွတ်ဆိုနေသည်။ စက္ကန့်ပိုင်းမျှသာ ကြာမည်ထင်ပါသည်။ ''ဖျောက်''ဆို သည့် အသံက ဆရာကြီး လက်ထဲမှ သော့ကြီးဆီက ထွက်ပေါ်လာသည်။

'ကဲ...ကိုအောင်ဝင်း ကြည့်လိုက် ပါဦး'

ဆရာကြီးက သူ့လက်ထဲက ပွင့်နေသော သော့ကြီးကို ကျွန်တော့်လက်ထဲ လှမ်းထည့်လာသည်။ ဘေးနားချထား သည့် သော့တံဆီ ကျွန်တော် အကြည့် ရောက်သွားမိသည်။

မျက်စိရှေ့ စက္ကန့်ပိုင်းအတွင်းမှာပင် ထူးဆန်းစွာပင် အထူးအာမခံသော့ ကြီး ပွင့်နေသည်ကို မြင်တွေ့ရတော့ ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်ရင်း ဆရာကြီးကို အထူးအဆန်း အဖြစ်ကြည့်နေမိသည်။

'အဲဒါ... ဂမ္ဘီရ အတတ်ပညာတွေထဲက တစ်ခုပေါ့ကွယ်'

ပြောပြီး ဆရာကြီးက ကြေးကွမ်း အစ်ကြီးကို ယူ၍ ကွမ်းယာနေလေ သည်။ လက်ထဲက ပွင့်နေသည့် သော့ကြီးကို သော့တံနှင့် ပြန်ခတ်၊ သော့ချက်ကျမကျ သေချာစစ်ပြီး နောက် ဆရာကြီး လက်ထဲ ပြန်ထည့် လိုက်ရင်း...

'တစ်ခါ ထပ်ပြပါဦး ဆရာကြီး'

ဆရာကြီးက ဘာမှ မပြော။ သူ့ လက်ထဲရောက်နေသည့် သော့ကြီးကို လက်နှစ်ဖက်နှင့် အုပ်ကိုင် စောစော ကလို အသံတိတ် ရွတ်ဆိုနေသည်။ ထို့နောက် ဆရာကြီးက...

''ရော့''ဟု ပြောရင်း သူ့လက်ထဲက ပွင့်နေသည့် သော့ကြီးကို ကျွန်တော့် လက်ထဲ လှမ်းထည့်လာသည်ကို ယူ လိုက်ရင်း ပွင့်နေသည့် သော့ကြီးကို အတွေးများနှင့် ကျွန်တော် ငေးကြည့် နေမိတော့သည်။

ထိုနေ့က ဆရာကြီးကို ကျွန်တော် ဘာမှ မပြောမိခဲ့ပါ။ ဆရာကြီး ကျွေး မွေးသော နေ့လယ်စာကို စားသောက် ပြီး နှုတ်ဆက်ပြန်ခဲ့ပါသည်။

လွန်စွာ ယုံကြည်ရန် ခက်ခဲသော ကြောင့် ကျွန်တော့်မှာ အဖြေရှာမရ နိုင်သော အတွေးပွားများနှင့်သာ ပြန်ခဲ့ ရသည်။

နောက်ရက်တွင် ကျွန်တော် ဆရာကြီးဆီ တစ်ခေါက် ရောက်ခဲ့ပြန် ပါသည်။ ကျွန်တော် ရောက်သွားချိန် တွင် ဧည့်လည်း ရှင်းနေသည်။ ဆရာ ကြီးကို တွေ့တွေ့ချင်းပင် ကျွန်တော့် လက်ထဲတွင် အသင့်ပါလာသော သော့ကို ဆရာကြီးလက်ထဲ ထည့် လိုက်ကာ...

'အလျှင်လိုတာတော့ မဟုတ်ပါဘူး ဆရာ ကြီး...ဆရာကြီးရဲ့ ပညာကို အထင်သေး လို့လဲ မဟုတ်ပါဘူး... ဒါပေမယ့် ကျွန်တော့် စိတ်က လက်ခံနိုင်ဖို့ အတော် ခက်နေတယ် ဗျ။

သံသယဖြစ်နေတယ်လို့ ပြောရင် ဆရာ ကြီးပညာကို စော်ကားတယ်လို့တော့ မထင်ပါ နဲ့ ဆရာကြီး... တောင်းပန်ပါတယ်။

အဲဒီသော့ဟာ ကျွန်တော် သုံးနေတဲ့ အာမခံသော့ ဆရာကြီး ဖွင့်ပြပေးပါ'

'သြော်... အေး...အေး... ဖွင့်ပြပေး မှာပေါ့ကွယ်။ ကိုအောင်ဝင်းကို ဆရာ ကြီး သဘောကျတယ်'

'ဘာကြောင့်လဲ ဆရာကြီး'

'လူဆိုတာ အယုံလွယ်ရင် အလိမ်ခံ ရတတ်သကွယ့်။ ဘယ်လိုအကြောင်း နဲ့ပဲဖြစ်ဖြစ် အယုံမလွယ်တာ အမှန် ဆုံးပဲ။ ဆရာကြီးကတော့ မလိမ်ပါဘူး ကွယ်။ တကယ့်ဂမ္ဘီရ အတတ်ပညာ တစ်ခုပါ။ ကဲ...ရော့...ရော့ ကိုအောင် ဝင်းသော့ ပွင့်နေပါပြီ။ တကယ် အာမခံ သော့ မဟုတ်ပါဘူးကွယ်'

ဟု ပြောရင်း ပွင့်နေသည့် သော့ကို ကျွန်တော် လှမ်းယူရင်း အံ့သြစိတ်များ နှင့် ဆရာကြီးကို ငေးကြည့်နေမိပြန် ပါသည်။

'လေးစားပါတယ် ဆရာကြီးခင်ဗျာ... ဒီအရွယ်အထိ ကျွန်တော် ဒီအတတ်ပညာ မျိုးမမြင် မတွေ့ဖူးပါဘူး။ နောက်လဲ မြင်တွေ့ ဖို့ မလွယ်ပါဘူး။ ဒီပညာမျိုးဟာ ကျွန်တော် တို့ မြန်မာလူမျိုးတွေအတွက် ဂုဏ်ယူစရာ အတတ်ပညာမျိုးပါ။ ဖြစ်နိုင်ရင် ဆရာကြီး သင်ပေးမယ်ဆို ကျွန်တော် ပညာ သင်ယူ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပါတယ် ဆရာကြီး'

'သင်တာက သင်လို့ရပါတယ်ကွယ်။ ဒါပေမယ့်ကွယ့်... ဒီပညာတတ်မြောက်ဖို့အတွက် **(၅)နှစ် ဆရာကြီးဆီမှာ နေပြီး သင်ယူရမယ်။** ဒီအတတ်ပညာဟာ အင်မတန် နက်နဲလှတဲ့ ဂမ္ဘီရ အတတ်ပညာဖြစ်တော့ စရဏအား သာလွန်ကောင်းမှ တတ်မြောက်မှာလေ။ အလွယ်တကူ မတတ်မြောက်နိုင်ဘူး'

ဟု ပြောပြီး ဆရာကြီးက ရေနွေးကြမ်းသောက်နေလေသည်။ အလွယ်တကူ တတ်မြောက်နိုင်သည့် အတတ်ပညာမဟုတ်ဘူးဆိုတာ သိလိုက်ရတော့ စိတ်ဓာတ်ကျသွားသည်။

တကယ်တော့ ထူးဆန်းသည့် အတတ်ပညာဖြစ်၍ လူငယ်ပီပီ တတ်မြောက်လိုခြင်းသာ ဖြစ်သည်ကိုလည်း ကိုယ့်ကိုယ်ကို သိလာသည်။ အတွေးတွေနှင့် ငေးနေသည့် ကျွန်တော့်ကို ဆရာကြီးက...

'သော့ဖွင့်တဲ့ ဂမ္ဘီရပညာ မတတ်မြောက်ခင် အခြားဂမ္ဘီရ အတတ်ပညာများစွာ တတ်မြောက်မယ်။ အကျင့်စရဏ အားကောင်းလို့ သော့ဖွင့်ပညာ တတ်မြောက်သွားပြီဆိုတော့လဲ ကိုယ့်တွက် အသုံးချလို့ရတဲ့ အတတ်ပညာ မဟုတ်ဘူးကွယ့်။

ဒီသော့ဖွင့်ပညာ တတ်မြောက်လာပြီဆိုရင် ဒီအတတ်ပညာနဲ့ ရှာဖွေမစားသောက်ပါဘူးဆိုတဲ့ သစ္စာကတိကို အရင်ပြုရမှာ။

ကတိသစ္စာဖောက်ဖျက်ပြီး ဒီပညာ အသုံးပြုပြီဆိုတာနဲ့ သစ္စာစူးမှာပဲ။ အရင်ဆုံး ကိုယ်အင်္ဂါတစ်ခုခု ပျက်စီးချို့ယွင်းမယ်။ ထောင်တန်းကျမယ်'

'ဩော်...ဟုတ်ကဲ့ ဆရာကြီး၊ ဒါနဲ့ ဆရာကြီး ဒီပညာတတ်မြောက်ခဲ့တာ ဘယ်လောက်ကြာပြီလဲ'

'အင်း...ကြာပြီလေ၊ နှစ်(၂၀)ကျော်ရှိပြီပေါ့။ ဆရာကြီး ငယ်စဉ်ကတည်းက တစ်ယောက်တည်း တောတောင်တွေထဲမှာ ဂန္ဓာရီလှည့်လည် တရားအားထုတ်ရင်း တစ်ရက်မှာတော့ ထူးဆန်းတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးနဲ့ တွေ့ပြီး သူနဲ့အတူ တရားအားထုတ်ရင်း သူ့ဆီက ဒီပညာနဲ့အတူ ဂမ္ဘီရအတတ်ပညာတွေ သင်ယူတတ်မြောက်ခဲ့တာ'

'ဩော်...'

'တကယ်တော့ ဂမ္ဘီရအတတ်ပညာတွေဟာ အချိန်တွေ အများကြီးကြာ သင်ယူခဲ့ရပေမယ့် အသုံးပြုဖို့ရာကျတော့ အခွင့်အလမ်း မရှိဘူးကွယ့်။

သိပ်ပြီး ထူးဆန်းအံ့ဩဖွယ် ကောင်းတဲ့ ဂမ္ဘီရအတတ်ပညာမျိုးတွေ အများကြီး ရှိပေမယ့် အသုံးပြုခွင့် တောင်က ကျဉ်းမြောင်းလွန်းတော့ ကွယ်ပျောက်ကုန်ကြတယ်။

ဆရာကြီးလဲ တစ်နေရာပြီး တစ်နေရာ လူသားကောင်းကျိုးပြု အလုပ်တွေသာ လုပ်ကိုင်ရင်း ပဋ္ဌာန်းဆက်ရှိတဲ့ ဒီနေရာမှာ ဘဝအခြေချတော့မယ်ဆိုပြီးတော့ ဒီမှာ ဆရာကြီးနေတာလေ။

သော့ဖွင့်တဲ့ အတတ်ပညာ သင်ယူချင်တဲ့ ကိုအောင်ဝင်းအနေနဲ့ တကယ်သင်ချင်တယ်ဆိုရင် ဆရာကြီးဘက်က သင်ပေးနိုင်ပါတယ်'

ဟု ဆရာကြီးက သူ့သဘောထားကို ထိုကဲ့သို့ ပြောပြလေသည်။ ဆရာကြီးပြောပြသလို အချိန်တွေ အများကြီး ပေးသင်ယူ၍ တတ်မြောက်ခဲ့သည် ထားဦး ယင်းအတတ်ပညာနှင့် ဘာလုပ်ရမည်နည်း။ ကျွန်တော် စိတ် တုံးတုံးချလိုက်ပါသည်။

'မသင်ချင်တော့ပါဘူး ဆရာကြီး၊ အဲဒီပညာသင်ယူနေတဲ့ အချိန်တွေအတွင်း ဒီလို တောတောင်တွေထဲမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေအတွက် အလုပ်တွေ အများကြီးရအောင် ကျွန်တော် ဖန်တီးပေးနေတာက ပိုအကျိုးရှိတာမို့ မသင်တော့ပါဘူး'

ကျွန်တော့်စကားကြောင့် ဆရာကြီးက ခေါင်းတညိတ်ညိတ် လုပ်ကာ...

'အင်း... အဲဒါ အမှန်တရားပဲကွယ့်။ အတတ်ပညာဆိုတာ ကိုယ့်အကျိုး ကိုယ့်မိသားစုအကျိုး အများအကျိုး တစ်ခုခုကို အကျိုးပြုတဲ့ အတတ်ပညာ သင်ယူခြင်းကသာ အကျိုးရှိတာလေ၊ ဒါပေမယ့်ကွယ့် အသုံးပြုခွင့်မရတဲ့ ဂမ္ဘီရအတတ်ပညာတွေဟာ တိမ်မြုပ်သွားကြတာကတော့ စိတ်မကောင်းစရာပေါ့ကွယ်'

ဟု ဆရာကြီးက တစ်လုံးချင်း ဖြည်းလေးစွာ ပြောလေသည်။

ထို့နောက် ဆရာကြီးနှင့် ကျွန်တော် ဆေးပင်ဆေးမြစ်နှင့် အင်္ဂုရတ်အကြောင်းတွေ ပြောကြရင်း ဆရာကြီးကို နှုတ်ဆက်၍ ကျွန်တော် ပြန်လာခဲ့တော့သည်။

**အေးချမ်းအောင်(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com



ဒီကင်း ဦးမြမောင် (မန္တလေး)

# လမ်းဆုံးကျွင်း ရွာတွေသည်

လမ်းဆုံးရွာတွေ ဆိုသည်မှာ အရှုပ်အရှင်းဖြစ်ကြတဲ့အခါ အငြင်းပွားစရာ သပွတ်အူလိုပြဿနာမျိုးကို ဖြေရှင်းကြရာတွင် နောက်ဆုံးအဖြေမှန်ကို ရကြတဲ့အခါတို့တွင် လမ်းဆုံးသွားတော့ ရွာတွေ့တာဖြစ်တယ်လို့ တင်စား ပြောဆိုကြပါသည်။

ကျွန်တော်တို့ တောထဲတွင် မျက်စိလည် လမ်းမှား၍ တွေ့တဲ့ရွာကတော့ သဲထိတ်ရင်ဖိုရပါလား…။

၁၉၅၉ခုနှစ် နောင်းဆိုင်းတွင် လယ်ဝေးမြို့နယ် အရှေ့ခြမ်းရှိရွာများကို လုံခြုံရေးတာဝန်များ ကျွန်တော်တို့ တပ်ဖွဲ့က တာဝန်ယူရပါသည်။

စစ်တောင်းမြစ် အရှေ့ဘက်ခြမ်းတွင် တောင်ရွာ၊ မြောက်ရွာ၊ အရှေ့ရွာဟူ၍ ဖိုခုံလောက်ဆိုင်သုံးရွာ (၇)မိုင်စီဝေးကြပါသည်။

ကျွန်တော်တို့ တောင်ရွာတွင် အခြေပြုနေသဖြင့်စစ်တောင်းမြစ်အရှေ့ဘက်နှင့် အနောက်ဘက်ရှိရွာများ လုံခြုံသွားပါသည်။

မကြာခဏ တိုက်ကင်းများ ရောက်နေကြသဖြင့် နယ်မြေကျွမ်းနေပါသည်။ ထိုရွာသုံးရွာသွား လူသွားလမ်းသည်

www.burmeseclassic.com

တောင်ရွာမှသွားလျှင် မြောက်ရွာတွင် ဆုံးပါသည်။

ထိုလမ်းခုလယ်မှ အရှေ့သို့သွားပါက အရှေ့ရွာတွင် ဆုံးပါသည်။ တီပုံသဏ္ဍာန်ဖြစ်ပါသည်။



## သဲထိတ်ရင်ဖိုစရာ

တစ်ရက် မြောက်ရွာကိုဝင်ကြပြီး မိုးချုပ်မှပြန်ထွက်လာရာ လရောင်မရှိ၊ ကြယ်ရောင်ဖြင့် အေးဆေးစွာ ပြန်လာကြသည်။

သို့သော်လည်း နောက်ကျနေသော ကျွန်တော်တို့သုံးယောက်သည် စိတ်ဝင်စားဖွယ်ရာ အကြောင်းတစ်ခုကို တီးတိုးဆွေးနွေးလာကြရာ လမ်းများ သွားသည်ကို သတိမထားမိလိုက်ကြပါ။

စခန်းသို့ ရောက်ချိန်တန်သော်လည်း ရောက်ဖို့နေနေသာသာ ဘယ်နေရာမှန်းတောင်မသိ ဖြစ်နေကြပါပြီ။ ည(၁၁)နာရီခန့်တွင်–ရှမ်းရိုးမ အခြေအနီးမှ ရွာငယ်တစ်ရွာသို့ ရောက်ကြပါသည်။ ရွာထဲဝင်၍ လမ်းမှန်ကိုမေးမည်။ သူပုန်များနှင့်တွေ့ပါက အပြတ်ချေမှုန်းမည်ဟု ရဲဆေးတင်လိုက်ကြသေးသည်။

ရွာကိုဝင်လျှင် ပထမဦးဆုံး ရင်ဆိုင်ရမည်က ခွေးများဖြစ်ပါသည်။ တစ်ကောင်ဟောင်သံကြားပါကတစ်ရွာလုံးရှိခွေးများ ရောက်လာ၍ ဝိုင်းဟောင်လေ့ရှိရာ အော်မကြား၊ ခေါ်မကြား ဖြစ်တတ်သည်။

ကျွန်တော်တို့ စိုးရိမ်စိတ်အပြည့်ဖြင့် ဝင်သွားကြရာ အံ့သြစရာကောင်းလောက်အောင် ခွေးတစ်ကောင်တစ်မြီးမှ မတွေ့တဲ့အပြင် အိမ်အားလုံး တံခါးဟောင်းလောင်းဖွင့်လျက် လူသူမရှိတဲ့ ရွာပျက်ကြီးပါတကား...။

ဤဒေသတွင် သည်လို ရွာပျက်မျိုး မရှိသော်လည်း လက်တွေ့ရောက်နေကြတော့လည်း စိုးရိမ်အားငယ်စိတ်များ ဝင်လာကြတော့သည်။

## ပိုးတဝါး မြင်ကွင်းများ

လုံမြူရေးမျက်စိများနှင့် ကြည့်ကြရာ လူများသွားလာလှုပ်ရှားနေကြသယောင် ပိုးတဝါးမြင်သယောင် ခံစားကြရသည်၊ အခြေအနေမကောင်းကြောင်း တီးတိုး ပြော၍ ပြန်ထွက်လာကြပါသည်။

နယ်မြေကျွမ်းကြတဲ့ ကျွန်တော်တို့ အရပ်လေးမျက်နှာကိုတောင်မှ မသိကြတော့ပါဘူး။

သွားပါများ ခရီးပေါက်တယ်ဆိုသော်လည်း တစ်ရစ်ဝဲဝဲနှင့် ရွာပျက်ကိုပဲ အကြိမ်ကြိမ် ပြန်ရောက်ကြသည်။ တောတောင်ထဲ အရပ်မျက်နှာမသိကြတဲ့အခါ အုတ်နံ့ရုံကူသစ်ပင်ကြီးများ၏ အနောက်အရပ်သည် တစ်ညနေလုံး ပူထားသည့်နေကြောင့် ပူနွေးနေသည်။

မိုးတွင်းကာလ အနောက်မိုးများကြောင့် ရေညှိတက်နေသောဘက်သည် အနောက်ဖြစ်သည်ဆိုသည့်အတိုင်း ကျွန်တော်တို့လှည်းလမ်းကြီးသည် အရှေ့အနောက်တန်းနေကြောင်း သိရတဲ့အပြင် လက်နှိပ်မီးမပါတဲ့ ကျွန်တော်တို့ သုံးဆဲသော မီးခြစ်ဆံဖြင့် သုံးနေရာခွဲ၍ ကြည့်ရာ ဖိနပ်ခြေရာတို့သည် အသွားရောအပြန်ပါ ရှုပ်ယှက်ခတ်နေတာ တွေ့ရသဖြင့် အဖြေမှန်နှင့် ဝေးရပြန်ပါသည်။

ခြေရာများကို ပြောင်းပြန်ပြန်လိုက်ပါက လမ်းဆုံကို ရောက်မည်မို့လား။ ခြေကုန် လက်ပန်းကျနေကြသော ကျွန်တော်တို့သုံးယောက် လှည်းလမ်းမြောက်ဘက်ဘေးတွင် နားကြသည်။ တောကြီးမာယာ လှည့်စားထားပြီဆိုတာ သဘောပေါက်ကြပါပြီ။

## အားကိုးရာရပါပြီ


ဘုရားမှတစ်ပါး အားကိုးစရာမရှိမို့ သရဏဂုံတော်သုံးပါးအာရုံပြု၍ ဘုရားစာများကို ကိုယ်ရတာကိုယ်ရွတ်စေပါသည်။

ကျွန်တော် သမ္ဗုဒ္ဓေကို မရပ်မနား ရွတ်နေလိုက်တာ နာရီဝက်ခန့်အကြာ ထူးခြားမှုတစ်ခု ဖြစ်လာပါသည်။

ဘာမှန်းမသိတဲ့ အားသာချက်က အနောက်ဘက်ကိုသာ အားသာနေသည်။ လမ်းဆုံသည်သာ အနောက်ဘက်တွင် ရှိမည်ဟု ယုံကြည်လိုက်ပါသည်။

သိသိသာသာ ထူးခြားတာကတော့ အနောက်ဘက်သွားသည့် လှည်းကြောင်းသည် ဖြူဖွေးသောမှုန်အလင်း

www.burmeseclassic.com



ရောင်ဖြင့်သော အမှောင်ထုအတွင်း နက်ရှိုင်းစွာ လင်းလက်ထိုးဖောက်နေသည်။

ကျန် ဆန့်ကျင်ဘက် လှည်းလမ်းကတော့ ဝေဝါး၍ မဝေးသောအမှောင်ထုထဲတွင် ပျောက်ဆုံးသွားပါသည်။ အဖြူနှင့်အမည်း နှစ်ရပ်ကို သဘောပေါက်လိုက်ပါသည်။

ကျန်နှစ်ယောက်အမြင်နှင့် တိုက်ဆိုင်ကြည့်လိုက်ရာ ထပ်တူထပ်မျှတူနေသဖြင့် အနောက်ဘက် အလင်းတန်းရှည် လမ်းကြောင်းပေါ်တွင် ရဲရဲကြီး တစ်နာရီမျှသွားကြရာ လမ်းဆုံတစ်ခုသို့ရောက်သော်လည်း အမှန်မဟုတ်သေးသဖြင့် ဆက်လျှောက်ကြရာ ဒုတိယလမ်းဆုံအမှန်ကို တွေ့လိုက်ကြသဖြင့် တောကြီးမာယာနှင့် နာနာဘာဝတို့ လှည့်စားခံရခြင်းကို နားလည်လိုက်ပါသည်။

စခန်းရှိရာတောင်ဘက်သို့ ဆက်လျှောက်ကြရာ စခန်းမှ ရှာပုံတော်ဖွင့်ရန်လာကြသော တပ်ဖွဲ့၏ စကားသံများ ဆူညံ ဆူညံဖြင့် ကိုစိုးမြင့် (ညောင်လေးပင်သား)အသံက အစွာဆုံးဖြစ်နေတော့သည်။

အသံပေးဆက်သွယ် ပူးပေါင်းကြပြီး လမ်းဆုံနှစ်ခု ဖြစ်နေတာ သူတို့အဖွဲ့ပါ အုံ့ညြသွားကြသည်။

## ယုန်ထောင်ကြောင်မိ

နောက်ရက်များတွင် ရွာထိပ်ရှိ အသက်ကြီးဆုံးဖြစ်သူ အဘ ဦးဖိုးဦးကိုမေးမှ အဖြေရှင်းသွားပါတော့သည်။

'ဒီသုံးရွာ လမ်းဆုံဆိုတာ တစ်ခုတည်းရှိတာ နှစ်ခုမရှိဘူး။ မင်းတို့ဝင်သွားတဲ့ လမ်းဆုံဆိုတာ ကျုတ်တွေ ဖန်ဆင်းထားတာဖြစ်တယ်။

တောင်ခြေမှာ ကျုတ်ရွာဆိုတာ တို့ငယ်ငယ်ကယင် သိထားခဲ့တယ်။ စစ်တောင်းမြစ် အရှေ့ဘက်၊ အနောက်ဘက် သွားလာနေကြသူတွေကို မျက်စိလည်တဲ့အခါများမှာလဲ တွေ့တတ်ကြပါတယ်။

လူသွား လှည်းလမ်းကောင်းများဖြင့်လဲ ပြားယောင်းခွဲဆောင်ပြီး သူတို့ရွာကို ရောက်လာစေတယ်။ ကောင်းမွန်စွာ ဧည့်ခံစကားပြောပြီး လမ်းမှန်ကို ညွှန်ပြကြတာ များပါတယ်။ အန္တရာယ်မပြုကြပါဘူး။

လမ်းဆုံကို ရည်ရွယ်ဖြားယောင်းတာကတခြား၊ မင်းတို့ဝင်သွားကြတော့ သူတို့အတွက် ယုန်ထောင်ကြောင်မိဖြစ်နေလို့ ဘယ်အတွေ့ခံရကြမလဲ။

မင်းတို့က မင်းမှုထမ်းတွေမို့လား။ သူတို့မလုပ်ပါဘူး။ ဒါကြောင့် အိမ်ယောင်းတွေပြ ရွာပျက်သင်္ချိုင်းပြပြီး မင်းတို့ကို ပြန်လှည့်စေတာဖြစ်တယ်'

## အဘငယ်စကား

'အဘ ငယ်ငယ်က ကြားဖူးတာလေး ပြောပြပါဦးမယ်။ မုဆိုးများဟာ ဘာကိုမှ မကြောက်တတ်ကြဘူး။ ဒါကြောင့် အခါမဲ့စွာ တစ်ယောက်တည်း တောထဲတောင်ထဲမှာ သားကောင်များကို ရှာဖွေပစ်ခတ် ဖမ်းဆီးရတာ သူတို့ ပင်ကိုယ် အသက်မွေးဝမ်းကျောင်းအလုပ်ပဲ။

မုဆိုးတစ်ယောက် ညဘက် တောထဲသွားရင် ဆေးလိပ်မီး တစ်ဖွားဖွားနဲ့ လယ်ကွင်းတစ်ခုကိုဖြတ်နေစဉ် မြူးမိငါးများစားနေတဲ့ လူယောင်ဆောင် သရဲမည်းမည်းကြီး တွေ့တယ်။

**"ငါ့လူ ဆေးလိပ် တစ်ဖွာပေးပါ"** တောင်းသတဲ့။ မုဆိုးကြီးက ဘယ်ကြောက်မလဲ သောက်ချင်ရင် ပါးစပ်ဟဆိုပြီး ဆေးလိပ်အမှတ်နဲ့ သေနတ်ပြောင်း ထိုးထည့်ပစ်လိုက်တာ ပျောက်သွားတယ်တဲ့။

မီးနဲ့ရှာတော့ **ပုတ်သင်ညိုအသေတစ်ကောင် တွေ့** ပါသတဲ့။ ဒါကြောင့် နာနာဘာဝတို့ သေနတ်ကိုလဲ ကြောက်ကြတယ်။ ချုံပုတ်တွေရိုက်၊ ဟိုချုံဒီချုံ လေးဂွနဲ့ ပစ်တတ်ကြတဲ့ လက်သရမ်း နွားကျောင်းသားများကိုလဲ ကြောက်ကြပါသတဲ့။

မင်းတို့မှာ သေနတ်တွေနဲ့မို့လား။ လမ်းမှန်ကို သမ္မာဒွေနဲ့ ရှာခဲ့ကြတဲ့ မင်းတို့ကို အဘချီးကျူးတဲ့အပြင် ယပ်ရွယ်သူ လက်နက်ကိုင်တွေ ဖြစ်ကြပေမယ့် ဘုရား၊ တရား၊ သံဃာမြိကြတာတော့ အဘ သာခုခေါ်လိုက်ပါတယ်ကွယ်'

**အီကင်း ဦးမြမောင်**
**(မန္တလေး)**

www.burmeseclassic.com

www.burmeseclassic.com



ကာဘ သင်ဖွဲ့

# နွားချေးခြောက်မုန့်

စားခဲ့ဖူးသူ

စာချေးကြော်တဲ့။ စားဖူးကြမှာပါ။ အမုန်က စာချေးအစစ် မဟုတ်ပါဘူး။ ကုလားပဲမှုန့်ကို ရေနဲ့ဖျော်ပြီး နန်းသေးမျှင်လေးတွေဖြစ်အောင် လုပ်ပြီး ဆီနဲ့ကြော်ထားတာပါ။ နန်းသေးမျှင်လေးတွေဆိုတော့ ကိုင်လိုက်တာနဲ့ ကြေသွားပြီ။

စာချေးတုံးလေးတွေလို ဖြစ်လို့ စာချေးကြော်လို့ တင်စားပြီး ခေါ်ကြတာပါ။ မုန့်ကျွဲသဲ(သည်း)၊ မုန့်တီ၊ ဝက်ခရု၊ ကြက်ခရုတဲ့ စသည် အမည်တွေပေးထားတဲ့မုန့်၊ စားစရာတွေပါပဲ။

မျောက်ချေးခါး၊ ငါးချေးခါးတဲ့။ ဒါတွေကတော့ အမုန်တကယ် မျောက်ရဲ့ အစာအိမ်ထဲကရတာ၊ ငါးရဲ့ ဝမ်းတွင်းထဲက ရတာပါ။ စားရတာ ခါးသက်သက်နေလို့ ခံတွင်းရှင်းတယ်။ စားလို့မြိန်တယ်ပေါ့။

ဖြူကောင်က ရတဲ့ ဖြူချေးခါးဆိုတာ ရှိသေးတယ်။ ဒါကတော့ ကြိုက်တတ်ရင် အရက်နဲ့ စိမ်သောက်ကြတယ်။ **လေနာရောဂါ ပျောက်တယ်တဲ့။ ငါးပိချေးခါးဆိုတာလဲ ရှိသေးတယ်။** ငါးကောင်အငယ်လေးများကို ဝမ်းဗိုက်မဖောက်ဘဲ ဆားနဲ့ ရောထားပြီး ငါးပိလုပ်ထားခြင်း ဖြစ်ပါတယ်။

* * *

'ဆရာကြီး နွားချေးခြောက်မုန့် စားဖူးသလား'

ဟု ဦးပဥ္စင်း ဦးစိုးအောင်က စာရေးသူအား မေးပါသည်။

စာရေးသူသည် ဝေပေါင်တောရကျောင်းကထိန်သို့ ကထိန်မခင်းမီ တစ်ရက်စော၍ ရောက်သွားခဲ့ပါသည်၊

ဦးပဥ္စင်း ဦးစိုးအောင်နှင့် ခင်မင်ရင်းနှီးသည့်အလျောက် တစ်ပါးတည်း သီတင်းသုံးရာ ဦးပဥ္စင်းကျောင်းသို့ ရောက်ပြီး အာလာပသလ္လာပ စကား

www.burmeseclassic.com

ပြောဖြစ်ကြပါသည်။

ဦးပဍင်းသည် ဒုလ္လဘဝတ်ရာမှ မထွက်ဖြစ်သေးဘဲ ဆက်ဝတ်နေခြင်းဖြစ်ပါသည်။ ယခင်ကတည်းက ခင်မင်ခဲ့သည်ဖြစ်၍ "ဒကာကြီး"ဟု မခေါ်ဘဲ "ဆရာကြီး"ဟုသာ ခေါ်မြဲခေါ်နေခြင်း ဖြစ်ပါသည်။

ယခု ရုတ်တရက် ဆိုသလို နောက်ချေးခြောက်မုန့် စားဖူးသလားဟု မေးခြင်းဖြစ်ပါသည်။ အမှန်က နွားချေးခြောက်ကို ဆိုလိုရင်း ဖြစ်ပါသည်။

စာရေးသူတို့ဒေသအခေါ် နွားချေးကို **နောက်ချေး**ဟု လည်းကောင်း၊ **နချေး**ဟု လည်းကောင်း အသံထွက်ခေါ်ပါသည်။

စာရေးသူသည် စာချေးအစစ် မဟုတ်သော်လည်း စာချေးဟု တင်စား၍လည်းကောင်း၊ မုန့်ကျွဲသဲ,မုန့်တီ စသည် စသည် တင်စားခေါ်ထားသော မုန့်များရှိကြောင်း သိပါသည်။

အမှန်တကယ် မျောက်ချေးခါး၊ ငါးချေးခါး၊ ဖြူချေးခါး၊ ငါးပိချေးခါး စားကြသည်ကိုလည်း သိပါသည်။

ယခု ဦးပဍင်းမေးသော နောက်ချေး(နွားချေး)ခြောက်မုန့်ကို ကြားလည်း မကြားဘူးပါ။ စားလည်း မစားဘူးပါ။ ထို့ကြောင့်...

'ကြားတောင် မကြားဘူးပါဘုရား။ နောက်ချေး(နွားချေး)ဟင်းလို့ အမည်တွင်သွားတဲ့ ဖြစ်ကြောင်းကိုတော့ ကြားဖူးခဲ့ပါတယ် အရှင်ဘုရား'

ဟု စာရေးသူက လျှောက်ထားလိုက်ပါသည်။

'နောက်ချေးဟင်းတဲ့၊ ဆရာကြီးသိတဲ့ နောက်ချေးဟင်း ဖြစ်လာပုံလေး ပြောပြစမ်းပါဦး'

ဟု ဦးပဍင်းက စိတ်ဝင်စားသွားပြီး ပြောပြနိုင်းသဖြင့် စာရေးသူကလည်း...

'တင်ပါ့ ဘုရား...ပြောပြပါမယ်'

ဟု ပြောပြီး အောက်ပါအတိုင်း ပြောပြပါသည်။

* * *

စာရေးသူတို့ ငယ်စဉ်က ယခုလက်ရှိ ကသာမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသည် ဟင်္သာတ တစ်ခရိုင်လုံးမှာမှ တစ်ကျောင်းတည်းသာရှိသော အစိုးရအထက်တန်းကျောင်း ဖြစ်ပါသည်။

ကာယဆရာ၊ ပန်းချီဆရာ၊ စက်မှုလက်မှုဆရာ ဟူ၍လည်း ရှိခဲ့ပါသည်။ ဆရာကြီးဦးဘသော်သည် ပန်းချီဆရာဖြစ်၍ ရယ်စရာများ အလွန်ပြောပြီး ပန်းချီသင်သဖြင့် ဆရာကြီးအချိန် ဆိုလျှင် ဘယ်ကျောင်းသားကျောင်းသူမှ မပျင်းကြပါ။

တစ်နေ့တော့ နောက်ချေး(နွားချေး) ဟင်းဖြစ်ပုံအကြောင်း ပြောပြပါသည်။ ဒေသတစ်ခုနှင့် တစ်ခု မတူညီသည့်အတွက် အစားအစာ မတူကြပုံကို ပြောလိုရင်း ဖြစ်ပါသည်။

တစ်နေ့တွင် ဆရာကြီးတို့ငယ်ငယ် (အသက် ၃၀-ခန့်)ဖြစ်မည်။ ကသာမြို့သို့ ဗမာ့လွတ်လပ်ရေး တပ်မတော် (BIA)လား၊ ဗမာ့တော်လှန်ရေး တပ်မတော်(BDA)လား မမှတ်မိတော့ပါ။ ရောက်ရှိလာပါသည်။

ထိုစဉ်(အင်္ဂလိပ်ခေတ်)က မီးရထားဘူတာရုံသည် ယခု ဗိုလ်ချုပ်ပန်းခြံ တစ်နေရာတွင်ရှိသည်။ သင်္ဘောလည်း ဆိပ်ကမ်းမှာ ကပ်သည်။

လွတ်လပ်ရေး ရပြီးနောက် ဘူတာရုံရှိခဲ့သော နေရာကို "ဘူတာကုန်း"ဟု ခေါ်သလို၊ နောက်ပိုင်း သင်္ဘောပျက်များမှ သံကို ရရှိပြီး ပန်းပဲလုပ်ငန်းများ လုပ်ကြသဖြင့် "ပန်းပဲကုန်း"ဟု ခေါ်လာပြန်ပါသည်။

ထိုဘူတာ သင်္ဘောဆိပ်၏ တောင်ဘက်တွင် သဖန်းကိုင်းရွာကလေးရှိသည်။ ထိုစဉ်က ရွာငယ် ဇနပုဒ်မျှသာ ဖြစ်ပြီး ယခု ရပ်ကွက်(၁၀)ဟု ရပ်ကွက်ကြီးတစ်ကွက် ဖြစ်နေပါသည်။

ရောက်လာသော ဗမာ့တပ်မတော်မှ တပ်သား အစိတ် နှစ်ဆယ်ခန့်သည် သဖန်းကိုင်းရွာဦးရှိ ညောင်ပင်ကြီး နေရာ (ယခု မရှိတော့)တွင် နားကြသည်။

ညနေစာအတွက် ကသာမြို့ မြို့သူကြီးမှတစ်ဆင့် သဖန်းကိုင်း ဆယ်အိမ်ခေါင်းကို ထမင်းထုပ်များ ဆင့်နိုင်းသည်။

ညနေ ထမင်းထုပ်များကို တပ်သားများအား ဝေပေးလိုက်သည်။ ထမင်းနှင့် ဟင်းပါ ရောပြီး ထုပ်ထားသဖြင့် ကျရာဟင်းဖြင့် စားကြရမည် ဖြစ်ပါသည်။

ထိုစဉ် တပ်သားတစ်ဦး၏ ထမင်းထုပ်တွင် နွားချေးပုံလိုလို ဟင်းပါလာသည်။ ဗိုလ်ကြီးအားတိုင်ရာ ဗိုလ်ကြီးကလည်း စိတ်ဆိုးပြီး မြို့သူကြီးကိုခေါ်၊ သဖန်းကိုင်း ဆယ်အိမ်ခေါင်းကို ခေါ်၍ ဆူပါတော့သည်။

'ဒီမှာကြည့်စမ်း... ကျုပ်တို့က အလကားလာတာ မဟုတ်ဘူး။ လွတ်လပ်ရေး ရဖို့အတွက် အသက်စွန့်ပြီး တော်လှန်ရေး လုပ်နေကြတာ ခင်ဗျားတို့က ဒါကို နောက်စရာလား။


ခုချက်ချင်း ဒီထမင်းထုပ် ဘယ်အိမ်က ပို့တာလဲ သိရအောင် ရွာထဲကလူတွေ ထမင်းထုပ် ပို့လာတဲ့လူတွေကို ဆင့်ခေါ်ပါ။ ပြီးတော့ ဒီထမင်းထုပ်ကို ပြပါ။ ဒါမှ ဘယ်သူ ပို့တယ်ဆိုတာ သိမယ်'

ဟု ဗိုလ်ကြီးက စိတ်ဆိုးမာန်ဆိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့တာပေါ့။

လူတွေစုံပြီး ထမင်းထုပ်ကို ပြတော့ အသက်(၇၀)ခန့် အဘွားကြီးက သူပို့ထားတာဖြစ်ကြောင်း၊ **"ဗိုလ်ကြီး ပြောသလို နွားချေး မဟုတ်ပါဘူး။ ပိန်းထိုး ဖြစ်ပါတယ်"**ဟု ပြောပါသည်။

ဗိုလ်ကြီးက...

'ခင်ဗျားကိုယ်တိုင် စားပြ'

ဟု ပြောရာ ထိုမိန်းမကြီးက စားပြပါသည်။ ထို့နောက် အားလုံးက ထိုဟင်းကို **ပိန်းထိုး**ဟု ခေါ်ကြောင်း၊ **ပိန်းရွက်နုကိုပေါင်းပြီး ပြန်ပြီး ဆီနှင့် မွှေကြော်ထားတာ ဖြစ်ကြောင်း ရှင်းပြကြပါသည်။**

ထိုအခါ ဗိုလ်ကြီးလုပ်သူက...

'ခင်ဗျားတို့ဒေသက နောက်ချေးနဲ့ တူတဲ့ ဟင်းကိုမှ စားတတ်ပလေ'

ဟု မှတ်ချက်ချသွားပါသည်။

ဆရာကြီး(ဦးဘသော်)လည်း ထိုပိန်းထိုးဟင်းကို ကြိုက်သော်လည်း ဘယ်တော့မှ မစားတော့ဘူးဟု ပြောသွားပါသည်။ သဖန်းကိုင်းသားဖြစ်သော ဆရာကြီး ဦးဘသော်လည်း ဆုံးသွားခဲ့ပါပြီ။

* * *

ဦးပဉ္စင်း ဦးစိုးအောင်ကလည်း နောက်ချေး(နွားချေး) ခြောက်မုန့် အကြောင်းကို ပြောပြသဖြင့် ဦးပဉ္စင်း ပြောသည့်အတိုင်း ရေးပြပါမည်။

'ကျုပ်က နမ့်စမ်းရွာသား မဟုတ်မှန်း ဆရာကြီး သိပါတယ်။ ရေဦးမြို့နယ် အနောက်လက်က ဖြစ်တယ်။ တာတိုင်ရွာပေါ့။

ကျုပ်တို့ဒေသ ဟိုတုန်းကဆိုရင် တန်ဆောင်မုန်းလရောက်လို့ စပါးတွေရိတ်သိမ်းပြီးတာနဲ့ ယောက်ျားကြီး,ငယ်မှန်သမျှ ဒေသစုံ သွားကြပြီး လွှဆွဲကြ၊ လက်သမားလုပ်ကြ၊ ခြံတောင်သူတွေဆီသွားပြီး ခြံလုပ်ငန်းလုပ်ကြ၊ ကျောက်တူး စတဲ့ လုပ်ငန်းစုံ သွားလုပ်ကြတယ်။

အခုတော့ နှစ်သီးစား သုံးသီးစား စိုက်ကြတော့ သိပ်မထွက်ကြဘူး။ ထွက်ပြီးလုပ်ကြတဲ့ သူတွေလဲ လုပ်ကြတုန်းပဲ။ ကျုပ်တောင် ဒီနမ့်စမ်းကို သုံးနှစ် သုံးကြိမ် လာပြီး လက်သမားလုပ်ရင်း ဒီက မိန်းမနဲ့ရတာ ဆရာကြီးအသိပဲ။ ရွာကိုလဲ တစ်နှစ်တစ်ခေါက်တောင် မပြန်ဖြစ်ဘူး။

ကျုပ်ရဲ့ အဘိုးလေး ကျုပ်တို့ကို ပြောပြသွားတဲ့ အကြောင်းလေးပါ။ ဦးဖိုးတင့်လေးဆိုတာ ကျုပ်ရဲ့ အဘိုးလေးပေါ့။ ကျုပ်အဘိုးကိုတော့ ကျုပ်ငယ်ငယ်နဲ့ ဆုံးသွားတာမို့ သိပ်ပြီး မမှတ်မိဘူး။ အငယ်ဆုံး အဘိုးလေးကိုတော့ မှတ်မိလိုက်တယ်။

ကျုပ်အဘိုးလေးနဲ့ ဦးဘဂျမ်း (ဘိုးဘဂျမ်းပေါ့)တို့က နှစ်စဉ် အတူတွဲပြီး လုပ်ငန်းသွားလုပ်ကြတယ်။ အဲဒီမှာ ပြောရဦးမယ်။ အဲဒီခေတ် လွတ်လပ်ရေး ရပြီးစ ခေတ်ပေါ့လေ။

ခုခေတ်လို လက်ဆွဲအိတ်တွေ ရှိသေးတာ မဟုတ်တော့ ခရီးဝေး ရက်ရှည်သွားမယ်ဆိုရင် ထန်းလက်ကြောနဲ့ ရက်ထားတဲ့ ထန်းခေါက်ဖာထဲ ခေါင်းအုံး၊ စောင်၊ အင်္ကျီ၊ ပုဆိုး စတဲ့ လိုသုံးလိုမည်တွေ ထည့်ပြီး ထန်းလျှော်ကြိုးနဲ့ တုပ်စည်းပြီး ထမ်းသွားကြရတာ။

မြို့ကလူကြီးတွေကတော့ ခေါင်းရင်းဘက်၊ ခြေရင်းဘက်မှာ အိတ်လို ချုပ်ထားတဲ့ မိုးကာအိပ်ရာခင်းမှာ ခေါင်းရင်းဘက်က ခေါင်းအုံး, စောင်, အိပ်ရာခင်းထည့်၊ ခြေရင်းဘက်မှာ ပုဆိုး,အင်္ကျီထည့်ပြီး လိပ်ထားပြီးတော့ အိပ်ရာလိပ်ကို ပတ်တဲ့ သားရေကြိုးနဲ့ ပတ်ထုပ်လိုက်တာပေါ့။

အဘိုးလေးတို့ကတော့ တောသားတွေပီပီ ထန်းခေါက်ဖာနဲ့ သွားကြတယ်။ နောက် တောင်းထဲ စားအိုးစားခွက်တွေ လိုရမည့်ရ အသုံးအဆောင်တွေကို ဝန်ကျုံ့နိုင်သမျှ ကျုံ့အောင် ထည့်ထားတယ်။

ထန်းခေါက်ဖာရယ် အိုးခွက်တွေ ထည့်ထားတဲ့ တောင်းရယ်ကို ရှေ့နောက်ထားပြီး ထန်းထမ်းပိုးနဲ့ ထမ်းပြီး ဒီပဲယင်း(ဒပယင်း)အရောက် သွားကြတယ်။

ဒပယင်းကမှ မန္တလေးကို ကားနဲ့ သွားပေါ့။ မန္တလေးရောက်တော့ ရွှေမြင်းပြည်နယ် လာရှိုးထိ ရထားစီးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးလေးတို့က နောင်ချိုလောက် ထိပဲ သွားပြီး နှစ်စဉ် လုပ်နေကျဖြစ်တဲ့ ခြံလုပ်ငန်းမှာပဲ ဝင်လုပ်တယ်။

ထုံးစံအတိုင်း ကဆုန်လရောက်တော့ ရသမျှငွေ စုဆောင်းပြီး ပြန်လာကြတယ်။ နယုန်လမှာ မိုးဦးစပြီဆိုတော့ လယ်လုပ်ငန်း ပြန်ဝင်ရတော့မယ်လေ၊ ကဆုန်လက ပူသေးတယ်။

အဘိုးလေးတို့က မန္တလေးကနေပြီး ဒပယင်း(ဒီပဲယင်း)ကို ကားနဲ့ လာကြတယ်။ ဒပယင်းကမှ လမ်းလျှောက် ထမ်းပိုး ထမ်းပြီး ပြန်လာကြရတာ။

ညနေစောင်း(မိုးမချုပ်ခင်) ဆီးပြားကုန်းရွာ အရှေ့က ကွင်းပြင်ကြီးနေရာကို ရောက်တယ်။ ရွာနဲ့ သိပ်မဝေးတော့ဘူး။ သုံး,လေးမိုင်ဆို ရောက်ပြီ။

အဲဒီမှာ စည်စည်ကားကားနဲ့ ပွဲခင်းကြီးကို တွေ့ရတယ်။ ဆီးပြားကုန်းရွာက ဘုန်းကြီးက ကျုပ်တို့ ရွာနီးချုပ်စပ်မှာတော့ အသက်အကြီးဆုံး ဘုန်းကြီးဖြစ်တယ်။ ဘုန်းကြီးအိုကြီးပေါ့။

ဘုန်းကြီးပျံလွန်တော်မူလို့ ဘုန်းကြီးပျံပွဲလုပ်နေတာပဲ ဖြစ်မယ်ပေါ့။ အဲဒီတုန်းက လွတ်လပ်ရေးရပြီးစ ရောင်စုံသူပုန်တွေ ကြီးစိုးတဲ့ခေတ် ဖြစ်တယ်။

ကျုပ်တို့ဆီမှာ အလံနီတွေကြီးစိုးတယ်။ ညမှောင်လို့ သွားရင်းလာရင်း အလံနီတွေနဲ့ တွေ့ရင် မချောင်ဘူး။ မထင်ရင် မထင်သလို ပစ်သတ်မှာ။

ပွဲခင်းထဲဝင်ပြီး မုန့်ဩဇာ ဝယ်စားတယ်၊ ပွဲခင်းထဲလဲ လျှောက်လည်သေးတယ်။ အိမ်အပြန်စားဖို့ မုန့်ဩဇာတွေလဲ ဝယ်သေးတယ်။

အဲဒီခေတ်က ခုလိုမဟုတ်ဘူးဆိုတာ ဆရာကြီးလဲ သိပါတယ်။ အခုဆို ငါးဆယ်တန်ကို အနိမ့်ဆုံးထားပြီး သုံးရတာ။ မကြာသေးခင်တုန်းက တစ်ကျပ်တန် သုံးလို့ ရသေးတယ်။ ဟိုတုန်းက ငါးပြား, ဆယ်ပြား သုံးကြရသေးတယ်။

အဲဒီရဲ့ အရင်ကလဲ ပဲစေ့၊ မူးစေ့၊ မတ်စေ့ သုံးခဲ့ကြတယ် မဟုတ်လား။ မုန့်ဩဇာ တစ်ခုမှ တစ်ပဲရယ်။

အဘိုးလေးတို့နှစ်ယောက် ပွဲခင်းထဲ လည်တာနဲ့ မိုးချုပ်စ ပြုနေပြီ။ မီးထွန်းချိန် ရောက်ပြီပေါ့။ ရွာရောက်အောင် ပြန်ရင်လဲ မိုးချုပ်တော့မှာမို့ ကြုံတုန်း ပွဲကြည့်မယ်ဆိုပြီး လယ်စပ်ကန်သင်းပေါ်က ထိုင်ကြည့်ကြတယ်။

ပွဲကကြည့်ချင်ပွဲ၊ အောက်လင်း ဓာတ်မီးကြီးတွေလဲ ထိန်ထိန်လင်းလို့ပေါ့။ ဟိုတုန်းက ခုခေတ်လို လျှပ်စစ်, မီးစက်တွေ မသုံးနိုင်ကြသေးဘူးလေ။

ညလယ်ပိုင်းရောက်တော့ လမ်းလျှောက်လာခဲ့ရတာမို့ ပန်းပြီး အိပ်ချင်လာကြတယ်။ ဒါနဲ့ ကန်သင်း (လယ်ကန်သင်း)ရိုးပေါ် ခေါင်းတင်ပြီး အိပ်လိုက်ကြတာ အိပ်ပျော်သွားတာပေါ့။

မနက်မိုးလင်းလို့ ကိုယ့်ခေါင်းရင်းက လှည်းတွေ မောင်းသွားမှ နိုးသွားကြတယ်။ နိုးသွားတော့ ပတ်ဝန်းကျင်မှာ ပွဲခင်းလဲ မရှိတော့ဘူး။ ချုံပုတ်တွေပဲ ရှိတယ်။

ညက အိမ်ရောက်ရင် စားကြဖို့ ဝယ်ထားတဲ့ မုန့်ဩဇာထုပ်ကို စက္ကူနဲ့ ထုပ်ထားတာမို့ ဖြေကြည့်လိုက်တော့ နောက်ချေးခြောက် (နွားချေးခြောက်) အပြားလိုက်လေးတွေ ဖြစ်နေတာ တွေ့ရတယ်။

နွားတွေက သဲထဲ၊ ဖုတ်ထဲချေးပါချတော့ အပြားလိုက်လေးတွေ ဖြစ်တာလေ။ အဲဒီအပြားလိုက်လေးတွေ ခြောက်နေတဲ့ နောက်ချေး(နွားချေး) ခြောက်တွေပေါ့။

ဒါနဲ့ ငါတို့တော့ ညက တွေ့တာ ကျတ်တွေဖြစ်မှာပဲ။ တို့စားခဲ့တဲ့ မုန့်ဩဇာဆိုတာလဲ ဒီနောက်ချေး (နွားချေး)ခြောက်တွေဖြစ်မှာပဲ ဆိုပြီး အန်ထုတ်ကြတာ နောက်ချေး (နွားချေး)ဖတ်အခြောက်တွေ ကျလာတယ်။

ရွာရောက်လို့ မေးကြည့်တော့ ဆီးပြားကုန်းရွာဘုန်းကြီးလဲ မပျံလွန်သေးကြောင်း သိရတယ်။ ဟိုတုန်းက လဲ အဲဒီဆီးပြားကုန်းရွာ အရှေ့ဘက် ကွင်းပြင်မှာ ကျတ်တွေ မရှိဘူးဘဲနဲ့ အဘိုးလေးတို့ကမှ တွေ့ရခြင်း ဖြစ်တယ်'

ဦးပဥ္စင်း ဦးစိုးအောင် ပြောပြသော နွားချေးခြောက် မုန့်စားခဲ့ရသော အဘိုးလေးတို့သည် ကျတ်တို့၏ လှည့်စားမှုသာ ဖြစ်ပါသည်။

***အားလုံး အန္တရာယ်ကင်း ဘေးရှင်းကြပါစေ။***

**ကသာ သင်းမေ**



www.burmeseclassic.com

www.burmeseclassic.com



မောင်သိမ့်စိမ်း
(ကေတုမတီ)

### ယခင်လမှ အဆက်

အိပ်ကြစို့ဆို၍ အိပ်ရာဝင်ခဲ့သော်ငြား ကလေးဘဝမှစ၍ ယခုအချိန်ထိ မိခင်မှလွဲ၍ ရင်းနှီးချစ်ခင်ရဆုံး၊ လေးစားအားကိုးရဆုံး ဘဘဦးဘိုးနုနှင့် မနက်ဖြန်မှစ ခွဲခွာရမည့်အရေး တလူးလူး တလိမ့်လိမ့် အိပ်မရပါ။

'မိခင်သာ မရှိရင်ဖြင့် ဘဘနောက် တစ်ခါတည်း လိုက်သွားမိမည်မှာ အသေအချာ။ ချစ်ခင်ရင်းနှီးသူနဲ့ ခွဲခွာရခြင်းဒဏ် ပထမဆုံးမို့ အလွန် အခံရခက်ပါလား၊

ရည်မှန်းချက်တွေ ပြည့်စုံတဲ့ တစ်နေ့ကျရင်ဖြင့် ပုပ္ပါးတောင်မှာရှိမယ့် ဘဘကို မတွေ့တွေ့အောင် လိုက်ရှာမယ်။ တွေ့တာနဲ့ ဘဘရဲ့ ပညာတွေ အမွေဆက်ခံ သင်ယူပြီး ဘဘနဲ့အတူ ဂန္ဓာရီလမ်း ပညာစခန်းကို လျှောက်လှမ်းမယ်။

ဘဘ မပြောပေမယ့် ကျိုးပေါင်းထဲမှ အကောင်ကလေးဆီက သိဒ္ဓိဝင် ဂမ္ဘီရပြဒါးပြာသာ ယူလို့ရခဲ့ရင် သိဒ္ဓိတွေ သင့်သလောက်ရပြီး အသက်ရှည်

# မြေပိုင်ရှင်ကြီး ဦးဘိုးလွန်းနှင့် ဂမ္ဘီရ ဆေးရိုးကျိုးပေါင်း (၅)

အောင် ကြိုးစားရင်း နိဗ္ဗာန်ရောက်မယ့် တရားထူးကို မရမချင်း ကျင့်ကြံအားထုတ်ခဲ့ရင်ဖြင့် မရစရာ မရှိတော့ဘူး...'

စသည်ဖြင့် တစ်သီတစ်သန်းကြီး စဉ်းစားတွေးတောကာ သန်းခေါင်ယံလောက်မှ အိပ်ပျော်သွားပါ၏။

နံနက်ဝေလီဝေလင်း ကျွန်ုပ်အိပ်ရာထချိန် ဘဘလည်း ဘုန်းဘုန်းကို အရဏ်ဆွမ်းကပ်ပြီးပြီဖြစ်၍ နှစ်ယောက်သား နှုတ်ဆက်ဦးချပြီး ဘဘ ကြိုတင်မှာထားသော မြင်းလှည်းနှင့် ပစ္စည်းများတင်၍ ကျေးတောဘူတာရုံဆီသို့ ထွက်လာခဲ့ကြပါ၏။

ရထားဆိုက်လာ၍ သေတ္တာနှစ်လုံး၊ အိပ်ရာလိပ် စသည်တို့ တင်ပြီး ဂန္ဓာရီ ခရီးသည်ကြီး ဘဘကို တင်ဆောင် ထွက်ခွာသွားချိန်မှာတော့ မျက်ရည်တို့ဖြင့် ဝေသီမှုန်မှိုင်းနေသည်။

သည်ကြားမှာ တရွေ့ရွေ့ဝေး၍ ရထားကြီး ပျောက်ကွယ်သွားသည်အထိ ဝမ်းနည်းအားငယ်ခြင်း များစွာဖြင့် ကြည့်နေပြီးမှ လေးလံသော ခြေလှမ်းတို့ကို အနိုင်နိုင်သယ်၍ မိခင်ရှိရာ မန်ကျည်းပင်ရွာကလေးသို့ ပြန်ခဲ့ပါတော့သည်။

'အင်း... ဘဘမရှိတော့ပေမယ့် အချစ်ဆုံး မိခင်ကြီး ရှိသေးတာပဲလေ။ ပြီးတော့ ဂမ္ဘီရဆေးရိုးကျိုးပေါင်းကိုလဲ ပိုင်ဆိုင်ရခဲ့ပြီပဲ။ ဘာ အားငယ်စရာ ရှိလို့လဲ၊ အလွန်ဆုံး နောက်ခုနစ်နှစ်ဆို မြေပိုင်ရှင်ကြီး ဖြစ်တော့မှာပဲ'

ထိုသို့ ဖြေဆည်တွေးတောလိုက်မှ ကျွန်ုပ်၏စိတ်များ ပြန်လည်လန်းဆန်းတက်ကြွလာပါ၏။

သည်လိုနှင့်ပဲ ခုနစ်လကျော်၍ ရှစ်လပင် ရောက်လာပါပြီ။ ထိုလည်း

www.burmeseclassic.com

မပေါက်၊ ရွှေအိုးကလည်းမတွေ့။

ရွှေဆိုး၍ မိခင်ထံ အပ်ထားသော ဘဘ ပေးခဲ့သည့် ရွှေတစ်ဆယ် ကျပ်သားသာ ရှိပါသည်။ သို့သော် အားမလျှော့ပါ။ ခြောက်နှစ်ကျော် ကျော် ကျန်သေးတာပဲ။

ချမ်းသာအောင် ဘာလုပ်လျှင် ကောင်းမလဲ၊ ကျွဲကျောင်းနေရုံနှင့် တော့ မြေပိုင်ရှင်ကြီး ဖြစ်မလာနိုင်ဘူး။

ကဲ...လောလောဆယ်တော့ ဒီလို ဆောင်းရာသီ စပါးရိတ်ချိန်ရောက် တိုင်း လုပ်နေကျအလုပ် ကျွဲစားကျက် ပြောင်းဖို့ အချိန်ကျပြီ။

မိုးတွင်း ကျွန်ုပ် ကျောင်းနေကျ စားကျက်မှ မြက်များ ဒီရာသီရောက် လျှင် ညိုးရော်ခြောက်သွေ့ကုန်ပြီမို့ စပါးအားလုံး ရိတ်သိမ်းပြီးချိန် နောက် တစ်လခွဲခန့်အထိ စားကျက်အသစ် ရှာရပါဦးမည်။

'အင်း...ဒီအချိန်ဆို နှစ်စဉ် သွားကျောင်း နေကျ ရန်ကုန်-မန္တလေး လမ်းမကြီးနဲ့ စစ်တောင်းမြစ်ကြား ရေနက်ကွင်းယာကြီး ကိုင်းတောကို သွားလေ့လာကြည့်ဦးမှ။

အဲဒီမှာဆို စပါးစိုက်မရတဲ့ ရေနက်ကွင်းမို့ ဘာစပါးခင်းမှ မရှိဘူး။ ရေလဲ ဟိုစပ်စပ် ဒီစပ်စပ်လောက်ပဲ ရှိတော့မယ်'

ထိုအကြံနှင့် နောက်နေ့ နံနက် စောစော အိမ်မှ ယင်း ရေနက်ကွင်း ယာကြီးကိုင်းတောဆီသို့ လှမ်းလာခဲ့ ပါတော့သည်။

ရေနက်ကွင်းကား အင်မတန် ကျယ်ပြောသော ဒေသကြီး ဖြစ်ပါ၏။ မိုးတွင်းဆို အမြဲတမ်း ရေ လူတစ် ရပ်ခန့် ဖုံးလွှမ်းနေသောကြောင့် လုံးဝ စပါးစိုက်၍ မရပါ။ ယုတ်စွအဆုံး မြက်ပင်များပင် မရှင်သန်နိုင်ပါ။

သို့သော် ဆောင်းဦးပေါက် မိုးကုန် သည်နှင့် ရေများ ခန်းခြောက်သွားပြီး



နွေဆို ပယ်ကြားအက်များဖြင့်သာ ပြည့်နှက်နေပါသည်။

ကုန်းစောင်း နေရာများတွင်သာ ကိုင်းပင်များ၊ မြက်ပင်များ၊ ကျည်းပင် များ၊ ရေကျားရေးချုံများ ရှိပါသည်။ တချို့ ရေကျားရေးချုံများမှာ လူနှစ်ရပ်၊ သုံးရပ်ခန့် မြင့်ပါ၏။

ကျွန်ုပ်လည်း လမ်းမကြီးအတိုင်း လျှောက်လာရာမှ ထိုနေရာရောက် သည်နှင့် ပုဆိုးစလွယ်သိုင်းပြီး ယာကြီး ကိုင်းတော ရေနက်ကွင်းအတွင်းသို့ ကျွဲစားကျက်အနေအထား ကြည့်ရှုရန် ဝင်ရောက်ခဲ့ပါတော့သည်။

အတွင်းသို့ တိုးဝင်လျှောက်လှမ်း သွားရင်း တစ်မိုင်ခန့်အရောက်မှာ ဘဘ မှာသည့် အရာရာကို သတိထား ကြည့် အမှုမဲ့ အမှတ်မဲ့မနေနဲ့ ဆိုးမ စကားအတိုင်း ဟိုဟိုသည်သည် ကြည့်ရှုလေလာ စူးစမ်းမိရင်းမှ ထူးဆန်းသော မြင်ကွင်းတစ်ခုကို တွေ့ရှိလိုက်ပါ၏။

ထိုအရာကား လူနှစ်ရပ်ခန့် မြင့်သည့် ရေကျားရေးချုံတစ်ခုပေါ်မှ မှည့်ဝင်း ကွေးညွှတ်နေသည့် စပါးနှံများပင် ဖြစ်ပါ၏။

ရေရှိုင်းမြေရှိုင်းမှာ ပေါက်နေသည့် စပါးပင်မို့ ကြီးချင်တိုင်း ကြီးထွားနေ သည်မှာ ချုံတစ်ခုလုံး စပါးနှံများဖြင့် ဖုံးလွှမ်းနေပါသည်။

မူလပင်မ စပါးပင်ကြီးကား ပင်ပွား များဖြင့် သောက်ရေအိုး တစ်လုံးခန့်မျှ ပင် ကြီးမားလှပါသည်။

သို့နှင့် ကျွန်ုပ်လည်း လာရင်း စားကျက်အသစ် ရှာသည့်ကိစ္စအား မေ့ထားလိုက်ပြီး အခြားသော ရေကျား ရေးချုံများဆီသို့ စိတ်အား ထက်သန် စွာဖြင့် ထပ်မံ ရှာဖွေကြည့်ရာမှ ကျွန်ုပ် အတွက် ကြီးပွားချမ်းသာနိုင်မည့် အခွင့် အရေးကြီးအား မထင်မှတ်ဘဲ တွေ့ရှိ လိုက်ပါတော့သည်။

အဘယ်ကြောင့်ဆိုသော် အခြား သော ချုံမျိုးစုံ ငါးဆယ်ရာနှုန်းလောက် မှာလဲ အလားတူ စပါးပင်နှင့် အနှံကြီး များ သီးနေအောင် တွေ့ရသောကြောင့် ဖြစ်ပါ၏။

တန်တော့ ဒီစပါးပင်များကား မည်သူမှ မသိရှိသေးသော ရေ မကြောက်သည့် စပါးမျိုးစိတ်တစ်ခု သာ ဖြစ်ရပေမည်။

မိုးတွင်း လူတစ်ရပ်ခန့် မြုပ်နေသည့် ရေနက်ကွင်းမှာ ရေကြီးချိန်ဆို နှစ်ရပ် ခန့် မြုပ်နေသည့် ဤယာကြီးကိုင်း ရေနက်ကွင်းမှာ ထူးထူးခြားခြား ရှင် သန်ကြီးထွားနိုင်သည့် စပါးမျိုးစိတ် သစ်တစ်ခုသာ ကေန်မုချဖြစ်ရမည်ပဲ။

ကြားဖူးနားဝ စကားအရ တချို့ သော စပါးခင်းများမှာ မူလစိုက်မျိုး သည့် စပါးမျိုးနှင့်လည်းမတူ အခြား သော စပါးမျိုးလည်းမဟုတ်ဘဲ အပင် အရွယ်အစား၊ စပါးစေ့ အရွယ်အစား ထို့ပြင် အသွေးအရောင်နှင့် အရသာ ပါ ကွဲပြားခြားနားစွာ ဖြစ်ထွန်းလာသည့် စပါးပင်ကို ရိုးရာဓလေ့အရ ထွန်းစပါး ဟု ခေါ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ယခု တွေ့ရှိရတဲ့ စပါးမျိုးဟာလဲ ရေမကြောက်တဲ့ ထွန်းစပါး တစ်မျိုးပဲ ဖြစ်ရမယ်။

ဟုတ်ပြီ... ဘယ်သူမှ စိတ်မဝင်စားတဲ့ ဒီရေနုတ်ကွင်းမှာ ဘယ်သူမှ မသိသေးတဲ့ ဒီစပါးမျိုးအသစ်ကို ဘယ်သူမှ မသိအောင် တိတ်တိတ်ကလေး စမ်းသပ် စိုက်ပျိုးကြည့်ရမယ်။

ပထမဆုံး ဒီစပါးမျိုးရအောင် အရင် စုဆောင်းရမယ်။ ပြီးမှ မျိုးစပါးရတာနဲ့ ချင့်ချိန်ပြီး လာမယ့်မိုးဦးကျ ဒီရေနုတ်ကွင်းရဲ့ အတွင်းပိုင်းကျကျ မြေအနေအထား အကောင်းဆုံးနေရာမှာ လျှို့ဝှက် စမ်းသပ်စိုက်ပျိုးကြည့်ရမယ်။

အောင်မြင်ပြီဆိုတာနဲ့ ဘယ်သူမှ စိတ်မဝင်စားတဲ့ ဒီယာကြီးကိုင်းတော ရေနုတ်ကွင်း ရေယာကြီးတစ်ခုလုံးကို အစိုးရဆီ လယ်ယာမြေဂရန် လျှောက်ပြီး စပါးစိုက်ကွင်းကြီး အဖြစ်ပြောင်းလဲပစ်ရမယ်။

အင်းလုပ်ငန်းလဲ လုပ်လို့မရ၊ လယ်လုပ်ငန်းလဲ လုပ်လို့မရတဲ့နေရာမို့ အခက်အခဲတော့ သိပ်ရှိမယ်မထင်ဘူး။

အကြောင်းမသိသူတွေက ကိုယ့်ကို အရူးလို့တောင် ထင်ကြဦးမယ်။ အဲဒါပဲ ကောင်းပါတယ်လေ။

ဘယ်သူမှ စိတ်မဝင်စားမှ ကိုယ့် ရည်မှန်းချက်အတိုင်း လျှို့ဝှက် အကောင်အထည်ဖော်ဖို့ ပိုအဆင်ပြေတာပေါ့'

သို့နှင့် ကျွဲစားကျက်အတွက်ကော မျိုးစပါးအခြေအနေပါ ထပ်မံ လှည့်လည်ကြည့်ရှုပြီး ကျွဲကျောင်းချိန်အမီ အိမ်သို့ ပြန်လာခဲ့ပါ၏။

ထို့နောက် ရေနုတ်ကွင်းစားကျက်ထဲသို့ ကျွဲများ လွှတ်ကျောင်းထားပြီး အိတ်တစ်လုံးနှင့် ချုံများပေါ်မှ စပါးနှံများအား ဆွတ်ယူ ခြွေချလိုက် အိတ်ထဲထည့်လိုက်နှင့် ပါလာသည့် ထမင်းထုပ်ကလေး ဖြေစားချိန်မှလွဲ၍ မအားရအောင် ရှိနေပါတော့သည်။

တစ်ဆယ့်ငါးရက်ခန့် အကြာမှာ ဆယ်တင်းဝင် ပုတ်ကလေးတစ်လုံးနှင့် အပြည့် မျိုးစပါးအသစ်များ ရရှိခဲ့ပါပြီ။

ထို့အတူ ရေနုတ်ကွင်းမှ အလေ့ကျမျိုးစပါးအားလုံးနီးနီးလည်း ကုန်သလောက် ဖြစ်သွားပြီမို့ မျိုးစုဆောင်းခြင်းအား ရပ်လိုက်ပါ၏။

'အင်း... မျိုးစပါးက ဆယ်တင်းဆိုတော့ တစ်ဧက တစ်တင်းနှုန်းနဲ့ ဆယ်ဧက စမ်းစိုက်ကြည့်ရမယ်။

အနိမ့်ပိုင်းဖြစ်လို့ တိုက်ရိုက်အစေ့ချစိုက်တဲ့ ကြဲခင်းစနစ်နဲ့မှ အဆင်ပြေမယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေရာတွေက မိုးဖြိုက်ဖြိုက်ရွာတာနဲ့ ရေမြုပ်သွားလို့ပဲ။

ဒီတော့ နယုန်လ မိုးလေး တစ်ပြိုက်၊ နှစ်ပြိုက် ရွာလို့ မြေနူးသွားတာနဲ့ အမြန်ဆုံး ထွန်ယက်ပြီး မျိုးစေ့တွေ ကြဲချလိုက်ရမယ်။

အဲဒီ ရေမြုပ်မယ့်အချိန် အပင်တော်တော်ကြီးနေပြီး ဒဏ်ခံနိုင်မယ်။ ဘူဟာသူ အပင်မှာ အလေ့ကျပေါက်နေတုန်းကလဲ ဒီလိုပဲ နေမှာပဲ။

မိုးစရွာကတည်းက အပင်ပေါက်နေလို့သာ ရေကြီးချိန်မှာ မသေတဲ့ ရှင်သန်အောင်မြင်နေခဲ့တာပေါ့။

ပြီးတော့ အပင်ကလဲ ကြာရိုးကြာစွယ်တွေလို ရေမြင့်သလောက် လိုက်မြင့်တတ်တဲ့ ဂုဏ်သတ္တိရှိလို့သာ ဒီစပါးပင်ရဲ့ အရပ်ဟာ လူနှစ်ရပ်၊ သုံးရပ်လောက် ရှည်လျားမြင့်မားနေတာပေါ့'

ဤကဲ့သို့ ကြံဆတွေးတောရင်း၊ ကျွဲကျောင်းရင်းဖြင့် တစ်နွေလွန်မြောက်၍ ကျွန်ုပ် စောင့်မျှော်နေခဲ့ရသည့် နယုန်လသို့ ရောက်လာပါပြီ။

မိုးလည်း တစ်မ၊ နှစ်မခန့် ရွာပြီးမို့ လျှို့ဝှက်စမ်းသပ် စိုက်ပျိုးမည့် ရေနုတ်ကွင်းမှ မြေများသည်လည်း ထွန်ယက်လို့ရအောင် နူးနေပါပြီ။

တစ်သက်လုံး ကျွဲကျောင်းစားရန် စိတ်မကူး၍ ရသည့်အချိန်ကလေးများမှာ ကြိုးစားသင်ယူထားသော လယ်လုပ်ငန်းနှင့်ပတ်သက်သည့် ပညာဗဟုသုတများကို ဒီနေရာမှာ အသုံးချရပါတော့မည်။

ကိုယ်တိုင် ထွန်ယက်စိုက်ပျိုးမှသာ လျှို့ဝှက်ရာကျမည် မဟုတ်ပါလား။

ထို့ကြောင့် ကျွဲကျောင်းသည့် အလုပ်အား ပေါက်စျေးထက် အနည်းငယ်ပို ပေး၍ တစ်လခန့် ယာယီလွှဲပြောင်းငှားရမ်းလိုက်ပါ၏။

ကျွန်ုပ်သည်ကား လယ်ထိုးနည်း၊



www.burmeseclassic.com

www.burmeseclassic.com



လယ်ထွန်နည်းများ လေ့ကျင့်ရန်ဟူသော အကြောင်းပြချက်ဖြင့် စကားနည်းသည့် ကျွဲပိုင်ရှင်တစ်ဦးထံမှ ကျွဲတစ်ရှဉ်းနှင့် ထွန်၊ ထယ် အစရှိသည့် လယ်လုပ်ကိရိယာများအား နေ့တွက်နှင့် ငှားရမ်းပြီး လုပ်ငန်းကြီးအား စတင်အကောင်အထည် ဖော်လိုက်ပါသည်။

မိုးကလည်း မကြာမကြာ ရွာပေးနေသဖြင့် တစ်လမကြာခင် အားလုံးပြီးစီးသွားပါသည်။ ပျိုးထောင်ပြီးမှ စိုက်ရသည့် စိုက်ခင်းဆိုလျှင် တစ်ဧကကျွဲရှစ်ရှဉ်းခန့် ထွန်ရမှာပါ။

အခုလို ကြဲခင်းစနစ်ကား သုံးရှဉ်းခန့်နှင့် ပြီးပါ၏။ ဒီကုန်ကျစရိတ်များအား ကျွန်ုပ်ကို ပေးရမည့် ကျွဲကျောင်းခ စပါးများထဲမှ နုတ်ယူရန် ကျွဲပိုင်ရှင်ကို ပြောလိုက်ပြီး မူလ ကျွဲကျောင်းသည့် အလုပ်အား ပြန်လည် လုပ်ကိုင်ခဲ့ပါသည်။

မိုးဖြိုင်ဖြိုင်ရွာသည့် အချိန်တွင်ကား ကျွန်ုပ်၏ စပါးပင်များမှာ အတော်ပင် ကြီးထွားမြင့်မားနေပါပြီ။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်မှာလည်း ရေဘယ်လောက်မြုပ်မြုပ် ဒီနေ့မြုပ် နောက်နေ့ ရေပေါ်တစ်ထွာလောက် ပြန်ပေါ်လာတာပဲ။ တော်တော် ထူးဆန်းတဲ့ စပါးမျိုးပါလား…

ကျွန်ုပ်၏ ခန့်မှန်းချက်များ ကွက်တိဖြစ်လာခဲ့ပါပြီ။ မိုးကုန်၍ စပါးပင်မှ စပါးနှံများ ထွက်လာပြီး နို့ရည်တည်သည့်အချိန်မှာတော့ အရင်က ကြံစည်ထားသည့်အတိုင်း ဧက တစ်ထောင်ခန့်ရှိသည့် ရေနက်ကွင်း တစ်ခုလုံးအား လယ်ယာမြေဂရန်အဖြစ် လျှောက်ယူရရှိလိုက်ပါတော့သည်။

ဘာဘာပေးခဲ့သော ရွှေတစ်ဆယ်သားပင် မကုန်ပါ။ အသုံးမဝင်သော ပလပ်မြေဖြစ်၍ ရွှေခုနစ်ကျပ်သားခန့်သာ ကုန်ကျစရိတ် ရှိပါသည်။

သို့နှင့် စပါးများ ရင့်မှည့်ပြီး ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ထိုဆယ်ဧကမှ စပါးတင်းပေါင်း ရှစ်ရာခန့် ရရှိခဲ့ပါ၏။ လူအားလုံး အံ့သြသွားအောင် လုပ်နိုင်ခဲ့ပါပြီ။

ယခုအချိန်မှာ ဒီထူးဆန်းသော စပါးမျိုးအား လျှို့ဝှက်ထားစရာ မလိုတော့ပါ။ ရေမကြောက်တတ်သော ရေကသူ့ကို အရှုံးပေးရသောကြောင့် “**ရေမနိုင်စပါးမျိုး**”ဟု လိုက်ဖက်သည့် အမည်နာမတစ်ခု မှည့်ခေါ်ပေးအပ်လိုက်ပါတော့သည်။

ကျွန်ုပ် ရရှိထားသော ရေနက်ကွင်းဧကတစ်ထောင်အနက်မှ စပါးစိုက်မရသော ဥပမာ မြက်ပင်ထူထပ်သည့် နေရာများ၊ ချုံတောများ၊ ကိုင်းတောများ၊ တောင်ကမူလေးများ စသည်တို့အား ဖယ်ထုတ်လိုက်လျှင် တစ်ဝက်ခန့် လယ်ဧက ငါးရာခန့်ကို ပိုင်ဆိုင်သည့် လယ်ပိုင်ရှင် ဖြစ်ခဲ့ပါပြီ။

မြေပိုင်ရှင်ကြီး ဖြစ်ဖို့အတွက်လည်း အတော်ကြီး နီးစပ်လာပါပြီ။ ယခုလက်ရှိ ဧကငါးရာခန့်ကို ထွန်ယက်စိုက်ပျိုးရမည့် ကုန်ကျစားရိတ်များအတွက်လည်း ပူပန်နေစရာမလိုပါ။

ကျွဲတစ်ရှဉ်းနှင့် လူတစ်ယောက်အတွက် တစ်မနက်ကို စပါးတစ်တင်းခွဲ၊ စပါးရိတ်ခ လူတစ်ယောက်တစ်တင်းနှုန်းဖြင့် မှတ်သားထားပြီး စပါးပေါ်ချိန်ရောက်မှ ရှင်းပေးရမှာမို့ ဘာအခက်အခဲမှ မရှိပါ။

မျိုးစပါးအတွက်လည်း လုံလောက်ရုံမက ပိုလျှံနေပါသေးသည်။ တခြား ပျိုးနုတ်ခ စပါးစိုက်ခများလည်း ကြဲခင်းစနစ်ဖြစ်သည့်ကြောင့် လုံးဝ ကုန်စရာမရှိတော့ပေ။

ဘာဘာပြောသည့်အတိုင်း အလွန်ဆုံး ခုနစ်နှစ်အတွင်း အကျိုးပေးသည့် ဆေးရိုးကျိုးပေါင်း အစွမ်းများလား ဒါမှမဟုတ် အမှုမဲ့အမှတ်မဲ့မနေဘဲ အရာရာကို စူးစမ်းလေ့လာတတ်သည့် အချက်ကြောင့်လား ကုသိုလ်ကံကြောင့်ပဲလား…

အို… ဘာပဲဖြစ်ဖြစ် အခုမှ နှစ်နှစ်ပဲ ရှိသေးတယ် လယ်ပိုင်ရှင်ဖြစ်နေပြီ။

နောက်ငါးနှစ်ဆို လယ်ဧကက ထောင်ချီပိုင်တဲ့ မြေပိုင်ရှင်ကြီး ဖြစ်လာတော့မှာပဲ တော်တော်စွမ်းတဲ့ ဆေးရိုးကျိုးပေါင်းပါလား…

စသော အတွေးများဖြင့် လာလတ္တံ့သော ရွှေရောင်နေ့ရက်များအား မှန်းဆ မြင်ယောင်နေမိပါတော့သည်။

ရှေ့လ ဆက်ဖတ်ပါရန်

**မောင်စိမ့်စမ်း**

**(ကေတုမတီ)**

www.burmeseclassic.com



ကောင်းခန့် (သခွတ်မြေ) ဝတ်လက်

# တစ္ဆေကို စိန်ခေါ်သူ

စာရေးသူတို့ ငယ်စဉ်က စာရေးသူတို့၏ အရပ်ဒေသ၌ စုန်းပူးကပ်ခြင်း၊ တစ္ဆေအခြောက်ခံရခြင်းတို့ကို မကြာခဏ ကြားနေကြရ၏။

ယနေ့ခေတ်မှာတော့ လူတွေကပင် ရဲရင့်သတ္တိကောင်းကာ အယုံအကြည် နည်းသွားကြသောကြောင့်ပေလား သို့တည်းမဟုတ် ဝိဉာဉ်လောကသားတွေ စုန်းမတွေပင် ပညာခန်းခြောက် ကောင်းရာဘဝသို့ ရောက်သွားကြသောကြောင့်ပေလား...

စာရေးသူအနေနှင့် မတွေးတတ်တော့ပေ။ တစ္ဆေအခြောက်ခံရခြင်း၊ စုန်းပူးကပ်ခြင်းတို့မှာ တွေ့ကြုံရခဲ အင်မတန်မှ နည်းပါးသွားပြီဖြစ်၏။

ယနေ့ခေတ်လူငယ်တွေ၌ မမြင်ရ မမြင်ဘူးသော တစ္ဆေကို ကြောက်ပင် ကြောက်ငြားသော်လည်း ကိုယ်တိုင် အခြောက်ခံရဖူးသူမှာ နည်းပါး၍ စုန်းပူးသည်၊ စုန်းပြုစားသည်ဆိုခြင်းကိုတော့ ပုံပြင်စကားအဖြစ်သာ ထင်မှတ်ကြတော့သည်။

သူတို့ မယုံငြားသော်လည်း ဒါတွေသည် တစ်ခေတ်တစ်ခါက အမှန်ပင် ရှိခဲ့၏။ တွေ့ကြုံဖူးခဲ့ကြ၏။

ယခု ကျွန်ုပ်တင်ပြရေးသားမည် ဖြစ်သော တစ္ဆေအခြောက်ခံရသူတို့၏ အဖြစ်အပျက်တို့မှာ ကျွန်ုပ်၏ အသိုင်းအဝိုင်း ကျွန်ုပ်၏ အနီးဝန်းကျင်ရှိ ကိုယ်တိုင် အခြောက်ခံရသူတို့၏ ပြောပြမှုနှင့် ကိုယ်စီအတွေ့အကြုံတို့ကို ရေးသား တင်ပြသွားမည်ဖြစ်ပါကြောင်း...

* * *

လွန်ခဲ့သည့် **နှစ်ပေါင်းရှစ်ဆယ်ကျော်ခန့်က...**

လယ်ကွက်တွေထဲတွင် ယာယီလမ်းအဖြစ် ဖြတ်ဖောက်ထားသော လှည်းလမ်းလေးအတိုင်း လှည်းတစ်စီး





www.burmeseclassic.com

www.burmeseclassic.com



အနောက်မှ အရှေ့ဘက်ရှိ ရွာကြီးဆီသို့ ဦးတည်၍ မောင်းလာ၏။

အချိန်ကား ညစက် ခုနစ်နာရီခန့်…

နေ့တာတိုသော…ဆောင်းကာလ၏ လဆုတ်ညဖြစ်သဖြင့် ညအမှောင်ထုက စိုးမိုးလာကာ ရှေ့ ဝါးတစ်ရိုက်၊ နှစ်ရိုက်ခန့်မှ လွဲ၍ သဲကွဲစွာ မမြင်ရတော့ပေ။

'တောက်…ဟဲ့…နွား'

လှည်းပေါ်တွင် တူအရီးသုံးယောက် လိုက်ပါလာ၏။

အသက်အစိတ်အရွယ် ဦးလေးဖြစ်သူ "ကိုဘတုတ်"က လှည်းမောင်း၍ လူမမည် တူလေးနှစ်ယောက်ဖြစ်သော အကြီးကောင် မောင်ညွန့်မောင်က ဆယ့်တစ်နှစ်၊ ညီငယ်မောင်ညွန့်ဖေက ကိုးနှစ်အရွယ်…

ဆွေမျိုးတွေရှိရာ **"သဖန်းကုန်းရွာ"**သို့ အလည်သွားရာမှ တူအရီးသုံးယောက်ရွာသို့ ပြန်လာကြခြင်းဖြစ်၏။

သူတို့နေထိုင်ရာ သခွတ္တောရွာနှင့် သဖန်းကုန်းရွာဆိုသည်က တစ်မိုင်ခွဲခန့်သာဝေး၍ လမ်းရေးလမ်းတာကို အရေးမထား ဆွေမျိုးတွေအိမ်က ညစာစားပြီးမှ အေးအေးဆေးဆေး ပြန်ခဲ့ခြင်းကြောင့် ယခုလို မိုးချုပ်ရခြင်းဖြစ်သည်။

ကောက်ခြေပြတ်ကာလမို့ လှည်းလမ်းကြောင်းနှစ်ခုမှလွဲ၍ ဝန်းကျင်တွင် စပါးရိုးပြတ်တို့ကသာ မင်းမူနေ၏။

အပြန်လမ်းကြော သိနေသော နွားနှစ်ကောင်မှာလည်း နှင်တံ တို့စရာပင်မလို ပါးစပ်မှ အော်သတိပေးရုံနှင့် ရွာရှိရာဘက်ဆီသို့ ဦးတည်၍ သုတ်ခြေတင်နေကြ၏။

ခရီးတစ်ဝက်ခန့် အရောက်မှာတော့ ချည်တိုင်ပြန်ချင်စောနှင့် ခပ်သုတ်သုတ်သွားနေကြ နွားနှစ်ကောင်သည် ရုတ်တရက် ရပ်တန့်ကာ နားရွက်တို့ကို စွင့်ပြီး ရှေ့ဆီသို့ ကြည့်နေရာမှ…

'ရှူး…ရှူး'

နှာမှုတ်သံပေးလျက် ထိတ်လန့်သော အမူအရာကို ပြနေကြသည်။

'ဟဲ့…ဒီနွားနှစ်ကောင်ကလဲ ဘာလန့်စရာတွေ့လို့လဲ ဗျဲ…'

'ရှုန်း…ရှုန်း'

ကိုဘတုန်သည် ပါးစပ်မှ မြည်တွန်အော်ငေါက်ပြီး ရပ်တန့်သွားသော နွားနှစ်ကောင်ကို နှင်တံနှင့် တစ်ချက်စီ ရိုက်လိုက်၏။ နွားနှစ်ကောင်က သူ့အမိန့်မနာခံ တုတ်တုတ်မျှ မလှုပ်ပေ။ ရပ်မြဲ ရပ်နေကြ၏။ ကိုဘတုတ် စိတ်ထွက်လာကာ…

'တယ်… ဒီနွားနှစ်ကောင် ငါ့ကြိမ်လုံးတောင် မကြောက်ကြတော့ဘူးလား ကဲဟာ…ကဲဟာ'

'ရှုန်း…ရှုန်း'

'ရှူး…ရှူး…ဖရူး'

နွားနှစ်ကောင်သည် ရှေ့မတိုးသည့်အပြင် နားရွက်တွေပေကာ လက်နှစ်ဖက်ရှေ့သို့ ဆောင့်ကန်ပြီး နောက်သို့ မရမက ဆုတ်နေကြသဖြင့် လှည်းလမ်းကြောင်းတွင် မတည့်ဘဲ ကန့်လန့်ကြီးတွေ ဖြစ်နေရာ ပခုံးတွင် ညှပ်ထားသော ထမ်းပိုးကျည်းတွေ ကျိုးမှာစိုးသဖြင့် ကိုဘတုတ်တစ်ယောက် စုတ်သပ်၍ နွားတွေကို ချော့နေရတော့၏။

'ကျွတ်…ကျွတ်…ကျွတ်…ကျွတ်'

'ဟင်း… ဘာများမြင်လို့ ဒီလောက်ကြောက်လန့်နေရတာလဲကွာ'

ပါးစပ်မှ ညည်းညူကာ လှည်းလမ်းရှေ့သို့ လှမ်းကြည့်ရာ ဝါးနှစ်ရိုက်ခန့်အကွာ လှည်းလမ်းအလယ်၌ ခွေးအနက်တစ်ကောင် ငုတ်တုတ်ထိုင်နေသည်ကို ဝိုးတဝါးတွေ့ရသည်။

သူနှင့်အတူပါလာသော တူနှစ်ယောက်သည်လည်း ကြောက်လန့်ကြသဖြင့် သူ့ကို ဖက်ထားကြ၏။ ရိုးရိုးခွေးမဟုတ် တစ္ဆေခြောက်နေမှန်း သိသဖြင့် သူသည်…

'အောင်မာ ဘသားချောက ရှေ့က ငုတ်တုတ်ထိုင်စောင့်နေတာကိုး သတ္တိရှိရင် ဒီအနားလာခဲ့လေ'

ကိုဘတုတ်သည် တဖွတ်ထိုးတဖောက်ကန်း အကြောက်အလန့်မရှိသူပီပီ လှည်းလမ်းအလယ်၌ ငုတ်တုတ်ထိုင်နေသော အကောင်ကို စိန်ခေါ်လိုက်၏။

'ဦးလေးကလဲဗျာ ကျွန်တော်တို့ ကြောက်ပါတယ်ဆိုမှ ဘာပြုလို့ ခေါ်ရတာလဲဗျာ'

တူအကြီးဖြစ်သူ မောင်ညွန့်မောင်မှ ပြောသည်။ ကိုဘတုတ်က…

'ဟ…ဒီအကောင်က ကြောက်ရင် ပိုခြောက်မှာပေါ့ဟ၊ ရော့… နွားကြိုးနှစ်ချောင်းကို မင်းတို့ညီအစ်ကို မြဲမြဲကိုင်ထား၊ အနားကပ်လာရင် ငါ့တံပြာနဲ့ ရိုက်မယ်'

သူ့စကားပင် မဆုံးလိုက်ပေ။ ရှေ့



www.burmeseclassic.com

www.burmeseclassic.com

လှည်းလမ်းအလယ်မှ ခွေးနက်လိုလို အကောင်သည် ရုတ်တရက် ကျွဲပေါက်ကြီးအရွယ်မှ ပြောင်းလဲကာ လက်ယာဘက်ဘေးမှ လှည်းကို ပတ်ပြီး နောက်မြီးဘက်သို့ ရောက်လာသည်။ ထို့နောက် လှည်းပေါ်သို့ ခုန်တက်ရန် ရွယ်လိုက်စဉ်...

'ရွှန်း...ရွှန်း'

ကိုဘုတတ်လက်ထဲမှ ကြိမ်တံပြာနှင့် နှစ်ချက်ဆင့် ရိုက်လိုက်စဉ် ရိုက်ချက်ထိသော်လည်း ဖွဲအိတ်တစ်အိတ်ကို ရိုက်ရသကဲ့သို့ပင် လက်ထဲတွင် စီးစီးပိုင်ပိုင်မရှိလှ...

နွားနှစ်ကောင်သည်လည်း စောစောက ရှေ့မှ ဆီးတားသော အကောင်ကြောင့် ကြောက်လန့်ကာ တန့်ရပ်နေခဲ့သော်လည်း ယခုရှေ့တွင် ဘာမှ အတားအဆီးမရှိတော့ဘဲ နောက်မှ ဝရုန်းသုန်းကား ဆူသံနှင့် ကြိမ်ရိုက်သံတို့ကြောင့် ရှေ့သို့ ဒုန်းစိုင်း၍ ပြေးလေတော့သည်။

'ဝရော...ရော'

နောက်မှ ခွေးလိုလို၊ ဝက်ဝံလိုလို အမွေးစုတ်ဖွားနှင့် အကောင်ကြီးသည်လည်း လှည်းနောက်မှ အပြေးမီအောင် လိုက်လာကာ လှည်းပေါ်ခုန်တက်ဖို့ ကြိုးစားနေသည်။

'ရွှန်း...ရွှန်း...ရွှန်း...ရွှန်း'

ကိုဘုတတ်၏ ကြိမ်ရိုက်သံသည်လည်း ရိုက်ချက်စိတ်လာသည်နှင့်အမျှ လက်ထဲမှ ကြိမ်လုံးသည်လည်း ကျိုးပြတ်သပ်ကာ တစ်တောင်ကျော်ကျော်မျှသာ ကျန်ရှိတော့သည်။

နောက်မှအကြံရကာ နံဘေးရံတိုင်တွင် ချိတ်ထားသော "**ပြန်ကထောက်**" (**နွားလှည်းညှပ်ရာတွင် လှည်းဦးထမ်းပိုးတုံးကို ထောက်ရသော ခွထောက်**)ကို ဆွဲယူပြီး လက်နှစ်ဖက်



နှင့် စုံကိုင်၍ ရိုက်တော့သည်။

'ဖုန်း...ဖုန်း'

'ကယ်ကြပါဦးဗျို့'

နွားကြိုးကို တစ်စစီကိုင်ဆွဲထားသော တူနှစ်ယောက်သည်လည်း ကြောက်ကြောက်လန့်လန့်နှင့် ပြိုင်တူ အော်ကြတော့သည်။

'ဟေ့...ကောင်တွေ နွားကြိုးကို မလွှတ်စေနဲ့ဟေ့'

တူနှစ်ယောက်ကို အော်ဟစ် သတိပေးရင်း နောက်မှ သတ္တဝါကြီးကိုလည်း မျက်ခြေပြတ်မခံဘဲ၊ လှည်းပေါ် တက်မည် ရွယ်လိုက်၊ ပြန်ကထောက်နှင့် ဆော်လိုက်နှင့် ကိုဘုတတ် အလုပ်ရှုပ်နေတော့၏။ ကြာကြာနေရင် ခက်ရချည် သူ့ စိတ်ဓာတ်ကျ၍ ကြောက်စိတ်ဝင်လာတော့သည်။

'ကယ်ကြပါဦးဗျို့'

သူ့ပါ ကလေးတွေနှင့်အတူ သံပြိုင်ရော၍ အော်ရတော့သည်။

'ဂျုန်း...ဝရုန်း...ဝရော'

နွားနှစ်ကောင်သည်လည်း အပြေးရှိန်မလျှော့ လယ်ကန်သင်းအမြင့်တွေရော ချပ်ချိုင့်တွေကိုလည်း မရှောင်ကျော်ဖြတ်ပြေးလွှားနေသဖြင့် လှည်းအိမ်တစ်ခုလုံး တစ်စစီ ဖြစ်မသွားစေရန် ဘုရားတနေရရှော့သည်။

သည်သို့နှင့် ရွာနှင့် တစ်ဖာလုံခန့်အကွာ အရောက်မှာတော့ ရွာဘက်ဆီမှ မီးရောင်ထဝင်းဝင်းနှင့် ထွက်လာကြသော လူအုပ်ကြီးကို မြင်ရမှ ကိုဘုတတ်တစ်ယောက် စိတ်ချလက်ချ ဘဝင်အေးသွားရတော့၏။

လှည်းနောက်မှ လိုက်လာသော သတ္တဝါကြီးသည်လည်း ဘယ်အချိန်မှာ ဘယ်ဆီသို့ ထွက်ပြေးသည်မသိ စုံးစမြုပ်စ ပျောက်ကွယ်သွားတော့သည်။

မကြာခင် ရွာထဲမှ ထွက်လာသော လူအုပ်ကြီးသည်လည်း သူတို့နှင့် မနီးမဝေးသို့ ရောက်လာကာ လှည်းရပ်တန့်ရန် နွားနှစ်ကောင်၏ နဖားကြိုးကို ဝင်ဆွဲသူက ဆွဲ၍ လှည်းရပ်သည်နှင့် သူတို့လှည်း အနားသို့ ဝိုင်းအုံလာကာ...

'ဘာလဲ ဘာဖြစ်ကြတာလဲ'

တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြ၏။ ထိုလူအုပ်ထဲမှ လူခပ်ကြီးကြီးတစ်ယောက်ထွက်လာကာ...

'ဟဲ့...မောင်ဘုတတ်တို့ တူအရီးသုံးယောက်ပါလား ဘယ်ကလာလို့ ဘာတွေဖြစ်ကြတာလဲ'

ထိုသူသည် ကိုဘုတတ်နှင့် တူအရီးဝမ်းကွဲတော်စပ်သူဖြစ်၏။

'မပြောပါနဲ့တော့ ဘဒွေးရာ သဖန်းကုန်းရွာ အလည်သွားရာက အပြန်...'

ဟု အစချီ၍ သူတို့အဖြစ်အပျက်ကို စုံအောင် ပြောပြရာ ထိုသူမှ...

'ဖြစ်မှ ဖြစ်ရပေ မောင်ဘုတတ်ရာ အဲဒီလှည်းလမ်းအနား လမ်းဘေးထနောင်းပင်က သရဲက တကယ်ကြမ်းတာကွ ဘုရားစာ တရားစာမရွတ်ဘဲ မင်းမို့လို့ စိမ်ခေါ်ရဲတယ်ကွ ဟား... ဟား...ဟား'


စာမျက်နှာ (၂၆၉) သို့

www.burmeseclassic.com

www.burmeseclassic.com



စောမိသွင်
(ရန်ကုန်)

# စိတ်ထားသည်သာ အဓိကပါ

ကိုနေလင်းနှင့် စမ်းစမ်းသွယ်တို့ လင်မယားက ကျောင်းပြီးပြီးချင်း အိမ်ထောင်ကျခဲ့ရာ ကိုနေလင်းက အလုပ်ကို အစုံလုပ်ရသည်။ စမ်းစမ်းသွယ်တို့ဘက်က ချမ်းသာသော်လည်း ငယ်သေး၍ အလုပ်အကိုင် အတိအကျရှိမှ ယူစေလိုသည်။ ပြောစကား နားမထောင်ဘဲ အိမ်ထောင်ထူထောင်ခဲ့ကြရသည့် လင်မယားမို့ နှစ်ဖက်စလုံးက အရင်းအနှီး ထုတ်မပေးခဲ့။

ကိုယ်ထူးကိုယ်ချွန်ကာ လုပ်ငန်းအသေးလေးတစ်ခု ထူထောင်ကြရသည်။ ကိုနေလင်းရော စမ်းစမ်းသွယ်ပါ အင်ဂျင်နီယာများ ဖြစ်ကြသော်လည်း ကိုနေလင်းထက် စမ်းစမ်းသွယ်က ပိုထက်မြက်သည်။

စမ်းလုပ်ခဲ့သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းက အောင်မြင်လာသည့်အခါ အလုပ်အတွက် အရင်းအနှီးထုတ်ပေးသည့် ကိုနေလင်းဆရာက မိဘသဖွယ် အားကိုးလာရသည်။ သားအဖြစ် မွေးစားခဲ့သလို သူတို့နေဖို့ အိမ်မြေဝယ်ရန် ပိုက်ဆံလည်း ထုတ်ချေးပေးခဲ့သည်။

ထိုဆရာကွယ်အသက်အရွယ်ကြီးလာ၍ ကိုယ်တိုင် သွားလာ မလုပ်ကိုင်နိုင်သည့်အခါ စိတ်ချရသည့် လူယုံသဖွယ် ကိုနေလင်းကို အားကိုးလာခဲ့ကာ နာမည်ပင် မခေါ်ဘဲ သားဟုသာ ခေါ်ခဲ့သည်။ ကိုနေလင်းလုပ်ငန်းအတွက် လိုအပ်သည့် ငွေအရင်းအနှီးကိုလည်း ထုတ်ပေးခဲ့ပါသည်။

ကိုနေလင်းကလည်း ရသည့်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းကိုသာ ယူခဲ့သည်။ ပစ္စည်းများကို ရေလမ်းရော ကုန်းလမ်းကပါ ဆောင်ရွက်လုပ်ရေး

www.burmeseclassic.com

လုပ်ငန်းအတွက် သယ်ပို့ပေးခဲ့သည်။ အလုပ်များ လည်ပတ်လာသည့်အခါ အသေးစား ကန်ထရိုက်လုပ်ငန်းကို ကိုယ်တိုင်လုပ်ခဲ့သည်။

အောက်ခြေက တက်လာသော ကိုနေလင်းတို့ စမ်းစမ်းသွယ်တို့မှာ အချိုးကြီးရဖို့ထက် အမြဲအလုပ်ရှိနေဖို့ အမြတ်နည်းနည်းပေမယ့် အလုပ်များ များဖြစ်ဖို့ကို လုပ်ကြသည့်အတွက် ဆွဲသည့် တင်ဒါတိုင်းလည်း အောင် ခဲ့သည်။

စမ်းစမ်းသွယ်တို့လင်မယား အလုပ်ကိစ္စနှင့် ခရီးပဲ ထွက်နေကြရသည်။ ကလေးမရှိသေးသည့် လွတ်လပ်နေသည့် လူတွေမို့ ယောက်ျားသွားရာ လိုက်ပါနိုင်ပြီး သူတို့ဆရာအဖေကလည်း ခရီးထွက်ရာတွင် လွယ်ကူစေရန် ကားလေးတစ်စီးကို စီစဉ်ပေး ခဲ့သည်။

ယခုလည်း ပြင်ဦးလွင်ဘက်သို့ အလုပ်ကိစ္စနှင့် ခရီးထွက်ရာမှ အပြန် စေတီတစ်ဆူကို လှမ်းဖူးလိုက်ရသည်။ အနီးကပ် သွားဖူးမျှော်ချင်သည့်စိတ် ပေါ်လာခဲ့ပါသည်။

စေတီတော်သို့ ရောက်သည့်အခါ တပေါင်းလပြည့်နေ့ဖြစ်၍ ဘုရားဖူးများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ အနီးအနားမှ ဘုရားဖူးများနှင့် စကားပြောဖြစ်ကြသည့်အခါ တပေါင်းလပြည့်နေ့သည် ထိုဘုရား၏ ဘုရားပွဲတော်နေ့မှန်း သိလိုက်ရပါသည်။ ဘုရား၏ ဘွဲ့တော်မှာ **ရွှေစာရံမဟာမုနိရုပ်ပွားတော်မြတ်ကြီး** ဖြစ်ပါသည်။

စေတီတော်အား လက်ယာရစ်လှည့်ကန်တော့ပြီး ရွှေစာရံမဟာမုနိရုပ်ပွားတော်မြတ်ကြီး၏ သပ္ပါယ်ခမ်းနားသည့်ပုံတော်ကို ဖူးမြော်ပြီးနောက် အနောက်ဘက်မွှာရုံအတွင်း၌ ခေတ္တနားခဲ့ကြပါသည်။

ထိုအချိန်တွင် ယောဂီရောင် အထက်အောက်ဆင်တူ ဝတ်ဆင်ထားသည့် အသက်ငါးဆယ်ကျော် အမျိုးသမီးတစ်ဦးက စမ်းစမ်းသွယ်အနီးတွင် လာထိုင်ကာ လက်ကို လှမ်းကိုင်လိုက်ပါသည်။

'မျှော်နေရတာ ကြာလှပြီ အခုမှပဲ ဘုရားကို ရောက်လာကြတော့တယ်။ အစ်မတော် စောမွန်လှက ကလေးသုံးယောက်ကို စောင့်ရှောက်ထားတာ သမီးကြီးတို့ကို တစ်ယောက်ပေးမလို့ဟာ သမီးကြီးတို့က မလာနိုင်အောင် တားထားကြလို့ လာလို့မရဘူးလေ။

လက်ခံလိုက်ပါ သမီးကြီး။ သမီးကြီးတို့ စီးပွားဥစ္စာ တိုးတက်အောင် အစ်မတော်က မ,စမှာပါ။ အခုလဲ စီးပွားရေးကောင်းပေမယ့် ဒီထက် တိုးတက်ကြီးပွားပြီး တိုက်တာအိမ်ဂေဟာတွေ အများကြီးကို ပိုင်ဆိုင်ရမှာပါ။ အစ်မတော် စောမွန်လှအတွက်တော့ သိုက်ပွဲတစ်ပွဲ ပေးလှူရမယ်'

စမ်းစမ်းသွယ်က အကြားအမြင်ဟောတာတို့၊ သိုက်နန်းတို့ကိုအစကတည်းက ယုံကြည်တတ်သည်။ ဘယ်က အကြားအမြင်ဆရာ ဟောပြောချက် မှန်သည်ဆိုလျှင် ချက်ချင်းပဲ သွားမေးတတ်သလို ကန်တော့ပွဲထိုးခြင်း၊ လှူခြင်းများလည်း လုပ်ပါသည်။

အသက် ငယ်ကြသော်လည်း လင်မယားနှစ်ယောက်စလုံး မနက်ဆိုလျှင် လေးနာရီထကာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား သစ်သီးဆွမ်းကပ်၊ သောက်တော်ရေလည်း ကပ်ကြပြီး မိမိတို့ ကိုယ်ကိုလည်း သန့်ရှင်းအောင် သန့်ပြန့်သော အဝတ်အစားများ လဲလှယ်ဝတ်ဆင်ကာ ပရိတ်ကြီး ဆယ့်တစ်သုတ် ရွတ်၊ ပဋ္ဌာန်းများရွတ်ကြသည်။ စိပ်ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်းများကို နေ့စဉ် တစ်နာရီကျော် ကြာမြင့်အောင် အချိန်ပေး ဝတ်မပျက် လုပ်ဆောင်ကြသည်။

ဒါကြောင့်လည်း သူတို့ကို မ,စမည့်သူ၊ စောင့်ရှောက်မည့်သူ၊ အကူအညီပေးမည့်သူများသည် ဘုရားတန်ခိုးတော်ကြောင့် ပေါ်ပေါက်လာရသည်ဟု ယုံကြည်နေကြပါသည်။

စမ်းစမ်းသွယ်တို့ ယခုလက်ရှိနေသည့်အိမ်သို့ ပြောင်းခါစကလည်း အိမ်ပေါ်သို့ မြွေကြီးများ ဝင်ဝင်လာတတ်၍ စမ်းစမ်းသွယ်က ကြောက်လန့်မိသည်။ နောက်တော့ မြွေမဝင်နိုင်အောင် အလုံပိတ် သစ်သားတံခါးကြီးကို တပ်ဆင်လိုက်ရသည်။

မြွေသည် အိမ်ရှေ့ခြံတံခါးပေါက်မှ ဝင်လာသည်ကို တွေ့ရှိသည့်လူများက အော်သံကို ကြားသည်နှင့် စမ်းစမ်းသွယ်က သစ်သားတံခါးကို အလျင်အမြန် ပိတ်ပစ်လိုက်သည်။ ခရီးပဲ ထွက်နေရသည့်အိမ်ကို မြွေကလည်း စမ်းစမ်းသွယ်တို့ ရှိနေကြသည့် နေ့များမှာမှ ဝင်လာတတ်သည်။

**ရွှေရောင် အကွက် ရောင်စုံတောက်ပနေသော ပေါ်ကြီးမြွေလို မြွေမျိုးကြီး၊ တံခါးပိတ်လိုက်၍ ဝင်မရသည့်အခါ ဘယ်လိုထွက်သွားသည်မသိ။ ခြံထဲသို့ ပြန်ထွက်မလာဟု ပြောကြသည်။ ခြံထဲတွင်ပင် မြွေသိုက်ရှိနေသလားလို့တောင် ထင်ရသည်။**

ထိုခြံမြေနေရာသည် အစက ရွှံ့နွံများဖြင့် ဖုံးနေသောနေရာ ဖြစ်သည်။ ထိုအိမ်မြေနေရာကို ဝယ်ပြီး မြေဖို့ခြင်း လမ်းများကို ပြုပြင်ဖို့ ကိုနေလင်းတို့ကပဲ ကမကထပြုကာ မ,တည်ငွေ ဆယ်သိန်းဖြင့် အလှူငွေများ ကောက်ခံကာ လမ်းကို ဖြည်းဖြည်းချင်း ပြုပြင်လာခဲ့၍ ယခုဆို သွားကောင်းသော လမ်းဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

အိမ်ဈေးတွေပင် တက်လာကာ လာလာဝယ်ကြသော်လည်း မရောင်းခဲ့ပါ။ ရောဝတီမြစ်အနီးမို့ ကိုယ့်ခြံထဲက ထွက်လျှင် မြစ်ရိုးကန်ပေါင်သို့ လမ်းလျှောက်ထွက်၍ ရပြီး လေကောင်းလေသန့်လည်း ရသည်။

ယခင်က ဘယ်သူမှ မနေချင်သည့် နေရာ၊ လမ်းမကောင်းသော ဖွက်ထသောနေရာ ဖြစ်သော်လည်း ပြုပြင်မှုများကြောင့် သာသာယာယာ ရှိလာခဲ့သည်။

ယခုလည်း စမ်းစမ်းသွယ်တို့ စီးပွားရှာလို၍ ကလေး မယူသည်ကို ဘယ်လိုသိသည်မသိ၊ ကလေးယူဖို့ တိုက်တွန်းနေသည့် ယောဂီဝတ် အဒေါ်ကြီးအား ဟောပြောခ သဘောဖြင့် ငွေလှူကာ အစ်မတော် စောမွန်လှနှင့် နဂါးသိုက်အတွက် ရည်စူး၍ ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်တော်တွင် ကန်တော့ပွဲများ တင်လှူခဲ့ပါသည်။

ကန်တော့ပွဲလှူနေစဉ်အတွင်း အမျိုးသမီးတစ်ဦးအား နဂါးဝင်စီးကာ နောက်သို့ လန်ပြီး လဲကျရာမှ လူးလိမ့်နေသည်။ ဘုရားကန်တော့နေသည်။ လူ့ခန္ဓာကိုယ်က မြွေတစ်ကောင် သွားသကဲ့သို့ တွန့်လိမ်နေရာမှ ဘုရားကို ကန်တော့ကာ နှုတ်မှလည်း နားမလည်သည့်စကားများ ပြောနေသည်။

ဟောပြောခဲ့သော အဒေါ်ကြီးအား မေးမြန်းလို၍ ကြည့်လိုက်ရာ...

'သမီးတို့ အလှူကို လက်ခံတယ်လို့ ရွှေစာရံဘုရားအပကြီး အစ်မတော်စောမွန်လှက သမီးတို့သိအောင် လက်တွေ့ပြနေတာ ပြောတဲ့အတိုင်း ကလေးကို ဆက်ဆက်လက်ခံလိုက်နော်'

ဟု ပြောပြီး နေရာကနေ ထထွက်သွားပါသည်။



ရွှေစာရံဘုရား၏ တောင်ဘက် မြစ်ကမ်းအနီးမှ အစ်မတော်စောမွန်လ၏ နတ်နန်းမှ ဆိုင်းသံ၊သီချင်းသံတွေကို ကြားနေရပြီး ထိုနန်းဘက်မှ မိန်းကလေး နှစ်ယောက်နှင့် ယောက်ျားလေးတစ်ယောက် ထွက်လာကြပြီး ဘုရားဘက်သို့ လာနေကြတာကို တွေ့ရပါသည်။

မိန်းကလေးတွေက ဆယ့်ခြောက်နှစ်အရွယ်လောက်လို့ ခန့်မှန်းမိရသည်။ ငှက်ပျောညွန့်စိမ်းရောင် ရှေးဆန်ဆန်ရင်ဖုံးအင်္ကျီ လက်ရှည်နှင့် ဆံပင်တွေကလည်း နက်မှောင်ရှည်လျားပါသည်။

ယောက်ျားလေးကတော့ ပုဆိုးအစိမ်းနုရောင် ရင်ဖုံးတိုက်ပုံနှင့် အခုခေတ်မှာ ယောက်ျားလေးတွေ ဘယ်သွားသွား ဘောင်းဘီရှည်သာ ဝတ်ဆင်တတ်တာများတာမို့ အထူးအဆန်းဖြစ်နေပြီး ချောမောလှပ နုနယ်လှသည့် သူတို့ မျက်နှာလေးတွေက ကြည့်ကောင်းလှပါသည်။

ကန်တော့ပွဲလှူခဲ့ကြသည့် ဂန္ဓကုဋိတိုက်တော်ဘက်သို့ သူတို့ ထွက်သွားကြတာကို ငေးကြည့်မိရင်းက ပြန်ခဲ့ကြသည်။ ကားပေါ်ရောက်မှ အစ်မတော်စောမွန်လှ၏ သိုက်နန်းက ညီအစ်မတွေလား အဒေါ်ကြီးပြောသည့် ကလေးသုံးယောက် ဆိုတာလားလို့ တွေးခဲ့မိရသည်။

စမ်းစမ်းသွယ်က ဟောခဲ့တာတွေ နားထောင်ပြီး အိမ်ထောင်သက်လည်း သုံးနှစ်နီးပါးရှိပြီမို့ ကလေးယူဖို့ ဆုံးဖြတ်လိုက်ပါသည်။ တစ်နှစ်ခွဲကျော်ကျော်လောက်တွင် သမီးလေး တစ်ယောက်ကို မွေးခဲ့ကြပြီး သမီးလေးက စမ်းစမ်းသွယ်နှင့် တော်တော်တူပါသည်။

မွေးကတည်းက ဆံပင်ကလည်း ကောင်းပြီး ငယ်စဉ်ကတည်းက သူ့ဆံပင်ကို ရှည်လို့ ကိုက်ကိုက်ပေးလျှင် ဆံပင်ညှပ်ဆိုင်မှာ လူးလိမ့်ငိုတတ်သည်။ ကျောင်းနေသည့် အရွယ်ကို ရောက်သည့်အခါ ဆံပင်အရှည် စထားပြီး ဆံပင်ကို အထိမခံခဲ့ပါ။

ဆံပင်အရှည်ပဲ ထားမယ်လို့ပဲ အမြဲပြောတတ်ပါသည်။ ကလေးမို့ ဆံပင်တိုတိုလေး ထားပေးချင်ပေမယ့် ကျောလည့်ထက် ရှည်လျားသည့်ဆံပင်ကို ကျစ်ဆံမြီးကျစ်လျှင် ကျစ်၊ နှစ်ဖက်ခွဲချည်လျှင် ချည်ထားပြီး ဆံပင်ရှည်ရှည်လေးနှင့် သမီးလေးက အရုပ်မလေးလို လှပပါသည်။ စမ်းစမ်းသွယ် စိတ်ထဲကတော့ သမီးက သိုက်ထဲက လာတာ အစ်မတော် စောမွန်လှပေးတဲ့ ကလေးလို့ စိတ်စွဲနေခဲ့ပါသည်။

အစက ကိုနေလင်းက နည်းနည်းပါးပါး သောက်စားတတ်ပါသည်။ လုပ်ဖော်ကိုင်ဖက်တွေနှင့် ညဘက်ဆို ဘီယာသောက်ပြီးမှ ပြန်လာတတ်ပြီး သူတို့အလုပ်ကလည်း ဘီယာဆိုင်းမှာမှ အလုပ်ဖြစ် အလုပ်ကိစ္စကို စကားပြောလို့ကောင်းသည့်ခေတ် ဖြစ်နေသလား



www.burmeseclassic.com

www.burmeseclassic.com

မသိပါဘူး။

သမီးငယ်ငယ် စကားသိပ် မပြော တတ်သေးသည့် ဆယ်လသမီးအရွယ် မှာ ဘီယာသောက်ပြန်လာပြီး ကလေး ကို ကိုနေလင်းက ကောက်ချီလိုက်ပါ သည်။ သမီးတစ်ကိုယ်လုံး တဆတ် ဆတ်တုန်လာပြီး သူ့အဖေ လက်ပေါ် ကနေပဲ အဖေ့ခေါင်းကို လှမ်းရိုက်လိုက် ပါသည်။

'ဖေ့ား...နေ့တိုင်းလို မူးနေတာ အဲဒီလို သောက်စားနေရင် တစ်နေ့ ငရဲရောက်လိမ့် မယ်၊ အစ်မတော်စကားကို နားထောင်၊ နားမထောင်ရင်တော့ ကိုယ့်အပြစ်နဲ့ ကိုယ်ပဲ'

သမီးက ပြောပြီးပြီးချင်း လက်ထဲ မှာပဲ အိပ်ပျော်နေသလို ဖြစ်သွားပါ သည်။ စကားမပြောတတ်သေးသည့် သမီးဆီက ထိုစကားတွေ ကြားပြီး ကတည်းက တော်တော်လန့်သွားခဲ့ သည်။

ဘီယာဆိုသော်လည်း တစ်ခါ တလေမှာ နိုင်ငံခြား အရက်လေးများ လည်း သောက်မိခဲ့သည်တွေ ရှိသည်မို့ သူငယ်ချင်းတွေခေါ်လျှင် မလိုက်တော့ ပါ။ သမီးကလည်း ထိုစကားများ ပြောပြီးကတည်းက ဘာစကားမှ ထပ် မပြောတော့ပါ။

အသက် တစ်နှစ်ကျော်မှသာ ဖေဖေ၊မေမေလို့ စခေါ်ပြီး တောက် လျှောက် စကားပြောပါသည်။ သူငယ် ချင်းတွေကို ပြောပြသည့်အခါ မယုံကြ ပါဘူး။ အထူးသဖြင့် ကိုနေလင်း၏ သောက်ဖော် သောက်ဖက်တွေက မိန်းမက သောက်တာ မကြိုက်လို့ လုပ်ပြောတယ်လို့ ထင်နေကြတာပါပဲ။

'သွယ်ရေ...ကိုတော့ သမီးက ပြောလိုက် တာကို ကြားပြီး အရမ်းလဲ လန့်သွားသလို ဆံပင်တွေတောင် ထောင်သွားတာ ကိုယ် တို့ကို စောင့်ရှောက်တဲ့သူတွေက သမီးကို



စီးပြီး ပြောတယ်လို့ပဲ မှတ်ရတော့မှာပေါ့၊ သတိပေးတာကိုလဲ လိုက်နာရမှာပေါ့'

အဲဒီနေ့ကစပြီး ကိုနေလင်းလည်း အသောက်အစားကို ဝေးဝေးက ရှောင် ပြီး မသောက်တော့တာ သမီး ကိုးနှစ် အရွယ်ရောက်တဲ့ အထိပါပဲ၊ ဘာပဲဖြစ် ဖြစ် မသောက်မစားတော့တာ အမြတ် ပဲလို့ စမ်းစမ်းသွယ်ကတော့ ထင်မိပါ သည်။

ဘုရားကိုသွားကာ နှစ်စဉ် အစ်မ တော်စောမွန်လုကို ပွဲသွားသွား ဆက် သော်လည်း သမီးကိုတော့ ခေါ်မသွား ဘဲ သူ့အဘွားအိမ်တွင် ထားခဲ့ပါသည်။

သမီးမွေးပြီးကတည်းက စီးပွားတွေ လည်း တော်တော်တိုးတက်ကာ ကိုယ်ပိုင်ကားတစ်စီး ထပ်ဝယ်နိုင်ခဲ့ သလို စမ်းစမ်းသွယ်တို့ မောင်နှမ ငါးယောက်ကို အသက်ကြီးပြီဖြစ်သော အဖေနှင့် အမေတို့က ငွေသား သိန်း နှစ်ထောင်ကျော်စီ အမွေခွဲပေးခဲ့သည်။

'သမီးကိုပေးတာ မဟုတ်ဘူးနော်၊ ငါ့မြေးမလေး အင်ကြင်းကို ပေးတာ၊ ဘဏ်မှာ ပိုက်ဆံတွေကို အပ်ထား၊ အိမ်မှာ မထားနဲ့ သမီးတို့က အိမ်ကပ် တာ မဟုတ်လို့ အိမ်မှာထားခဲ့ရင် စိတ် မချရဘူး'

'သမီးတို့ ညအိပ်တွေ ခရီးထွက်ရလဲ မေမေတို့က လာအိပ်စောင့်ပေးနေတာ ကို အလွယ်တကူ သုံးချင်ရင် ဘဏ် သွားသွားထုတ်နေရတာ အချိန်မပေး နိုင်လို့ပါ'

'ပြောတဲ့စကား နားထောင်ပါ သမီး ရယ်၊ ဘဏ်သွားထုတ်ရလဲ ဘယ် လောက်မှ မကြာပါဘူး။ ဘဏ်တိုး တောင် ရသေးတာ သမီးတို့အိမ်မှာ မေမေတို့လဲ ရှေ့လျှောက် အိပ်ဖြစ်မှာ မဟုတ်ဘူး။ သမီးတို့ အလုပ်ကိစ္စနဲ့ ခရီးထွက်ရရင် အိမ်မှာပဲ ခေါ်သိပ်လိုက် မယ်။

အိမ်မှာ လူများတော့ ကျောင်းပို့ ကျောင်းကြိုအတွက်လဲ မပူရဘူး၊ သမီး တို့ဆီ လာအိပ်တော့ တကူးတက လာရနဲ့ အိပ်ရာပြောင်းတော့လဲ အိပ် လို့မပျော်ဘူး၊ ခရီးထွက်မယ်ဆိုရင် အိမ် ကိုသာ အဝတ်အစားတွေထည့်ပြီး ကလေးကို လာပို့ထား။

လျှော်ဖွပ်မယ့်သူ၊ ကလေးထိန်းမယ့် သူတွေ အဆင်သင့်ရှိတာ သမီးတို့ အိမ်မှာနေရတာ မေမေလဲ ပင်ပန်း တယ်။ စားဖို့ပူရ ကိုယ့်ဘာသာ ထွက် ဝယ်ရနဲ့ အလုပ်များတယ်'

တကယ်တော့ စမ်းစမ်းသွယ်တို့ အိမ်တွင် အမေတို့ လာအိပ်လျှင် အိမ် ပေါ်သို့ တက်လာသည့် ခြေသံများ လည်း ကြားရတတ်သလို အိပ်ခန်း တံခါးကို လာလာပြီး လှည့်ဖွင့်သည့် အသံများကြောင့် အဖေရော၊ အမေ ရော လန့်ကြသည်။

ပရိတ်ရွတ် စည်းချပြီး အိပ်ရသည်။ အိမ်ပေါ်တွင် အိမ်သာရော ရေချိုးခန်း ရောရှိ၍ ညဘက် အိမ်ပေါ်သို့ တက် သည်နှင့် အပေါ်ထပ်နှင့် အောက်ထပ် ဆယ်သွယ်သည့် တံခါးမကြီးကို သေချာ ပိတ်ထားလိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com

အောက်ထပ်မှာ ဘာသံကြားကြား ထွက်မကြည့်ဘဲ အခန်းထဲမှာသာ နေကြသည်။ အပေါ်ထပ်တွင် ဘုရားခန်း သပ်သပ်လည်း ရှိ၍ ဘုရားခန်းရှေ့ မေတ္တာပို့ ပရိတ်ရွတ်ပြီး အောက်ထပ်မှ နေ၍ အပေါ်ထပ်သို့ တက်လာရန် ကြိုးစားနေပုံရသည့် မမြင်ရသည့် ခြောက်လှန့်သူကို ကြောက်၍လည်း လာမအိပ်တော့ဟု ပြောမိခြင်းပါပေ။

ထိုအိမ်ရှိ အိမ်ရှင်ကိုတော့ ဘာမှ အသံမပေး၊ မခြောက်လှန့်သော်လည်း သူစိမ်းတို့ ဆွေမျိုးတို့လာလျှင်တော့ အသံပေးတတ်သည်။ အောက်ထပ်တွင် အိပ်လျှင် ဘာမျှ မထူးခြားသော်လည်း အပေါ်ထပ် ဧည့်သည်များ လာလျှင် တည်းခိုရန် သီးသန့်ခန်းတွင် အိပ်လျှင်တော့ လန့်တတ်ကြသည်။

အမေက စမ်းစမ်းသွယ်ကို မပြောပြသော်လည်း အမေတို့အိမ်က မွေးစား သမီးလေးက ပြောပြ၍ စမ်းစမ်းသွယ် သိသွားခဲ့သည်။

'အဲဒီမြေကို ဝယ်တုန်းက မြေလှန်တာတို့ တော့ မလုပ်မိဘူး။ အိမ်မှာလဲ ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်တာတို့လဲ မလုပ်ဖြစ်ဘူး။ သမီး မွေးနေ့ကို အိမ်မှာလုပ်မယ် စိတ်ကူးမိပေမယ့် ပျက်သွားတာများပြီး ဘုန်းကြီးကျောင်းမှာပဲ ဆွမ်းသွားကပ်ဖြစ်တာ...

ကိုယ့်ဘက်က ဖြစ်ဖြစ်၊ ဆရာတော်ကြီးတွေ ဘက်ကဖြစ်ဖြစ် အချိန်မပေးနိုင်လို့ ကျောင်း မှာပဲ အလှူလုပ်ဖြစ်တာ များတယ်။ မြေရှင် ကများ မကျွတ်မလွတ်လို့ ဒီလို ဖြစ်နေတာ လား။ ဒီဆိုလဲ သမီးတို့ကို အိမ်မက်ပေးတာတို့ ခြောက်လှန့်တာတို့ လုပ်ရမှာပေါ့။

အခုတော့ ဧည့်သည်တွေကိုပဲ ခြောက်တာ အိမ်မှာ လာအိပ်တာ မကြိုက်တာ နားကို မလည်ဘူး။ တံခါးဖုလုံးကို လာလှည့်တာတို့ လူမမြင်ရဘဲ တံခါးဖုလုံး လည်နေတာတို့ တက်လာတဲ့ခြေသံ ကြားရတာ တံခါးခေါက်



သံတွေ ကြားရတော့ သမီးဆိုလဲ ကြောက်မိ မှာပဲ'

စမ်းစမ်းသွယ်က သိသည့်နေ့မှစ၍ ထိုအိမ်တွင် မှီတွယ်နေသော ခြောက်လှန့်နေသည့်သူကို ရည်စူးပြီး မေတ္တာ သုတ်ရွတ်ကာ တစ်ဆင့်မြင့်သော ဘုံဘဝသို့ တက်လှမ်းနိုင်ပါစေလို့ အမြဲ အမျှပေးဝေခဲ့ရသည်။

သမီးလေးကလည်း ပန်းကြိုက် တတ်တာ၊ ဆံပင်အရှည်ထားတတ်တာ၊ အမွှေးနံ့သာ များကြိုက်တတ်တာတွေ ရှိ၍လည်း တကယ်ပဲ နဂါး သိုက်ကပေးသည့် ကလေးလား၊ အစ်မတော်စောမွန်လှက ပေးသည့် ကလေးလားဟုလည်း စိုးရိမ်စိတ်တွေ ပေါ်လာရသည်။

'သမီးက သိုက်ကပေးတဲ့ ကလေးဆို ပြန် လာခေါ်မှာတို့ စိတ်ပူရတာ ဘာမှလဲ မပြော တော့ ဘယ်လို ကာကွယ်ရမလဲ မသိဘူး ဖြစ်နေတယ်။

တချို့ကဆို ရှင်ပြု နားသပြီး ပြန်လာပုံမယ်တို့ အိမ်တော်ပြုပြီး ကလေးတစ်ယောက်ရရင် ပြန်လာမယ်တို့ သူတို့ပြန်သွားရမယ့် အသက် အရွယ်ကို ပြောပြီးကတိနဲ့ လာကြရတာလို့ ကြားဖူးတာ...

အခု ဘာမှလဲ မသိရတော့ ဘယ်လို လုပ်ရမလဲ မသိဘူး။ အိမ်မှာ လာလာ ခြောက်နေတဲ့ မမြင်ရတဲ့သူနဲ့ သမီးတို့နဲ့က အဆောင့်အရှောက် အဆက်အနွယ်တွေပဲ လား။ သမီးကလဲ ဘာမှပြောမပြဘူး'

'မဖြစ်နိုင်ပါဘူး သွယ်သွယ်ရယ်၊ စိတ်ထဲလဲ သိုပ်မစွဲလမ်းပါနဲ့။ ကို ကြားဖူးတာကတော့ တကယ်သိုက်က လာတဲ့ကလေးတွေက ကြိုတင်ပြောပြ တတ်ကြတယ်၊ အခု သမီးက ဘာမှလဲ မပြောဘူး။ ပုံမှန်ပဲဟာ စိတ်ကြောင့်ပဲ စိတ်ဆင်းရဲနေရဦးမယ်။

သွယ်သွယ်က ဒါတွေကို သိပ် အယုံအကြည် ရှိတာကို အစွဲအလမ်း ကြောင့် စိတ်ဒုက္ခဖြစ်ရတာပေါ့။ သမီး လေးနဲ့ပတ်သက်လို့လဲ ဘာမှ ထူးထူး ခြားခြားမှ မကြုံရတာ ပေဟာပြောချက် တစ်ခုနဲ့တော့ ကိုယ့်ကိုယ်ကို စိတ် ဆင်းရဲမခံပါနဲ့ သွယ်သွယ်ရယ်။

ကိုတို့ ကိုးကွယ်တဲ့ ဆရာတော်ကြီး ဆီမှာ သမီးလေးအတွက် ပရိတ်ကြိုး တို့တောင်းပြီး အန္တရာယ်ကင်းအောင် ဆွဲပေးထားတာပေါ့။ ဘာပဲဖြစ်ဖြစ် အချိန်ပေးပြီး ကိုတို့အိမ်ကို ဆရာတော် ကြီးတွေ ပင့်ပြီး ပရိတ်ရွတ်ကြရအောင်'

အကြားအမြင်ဆိုသည်မှာ တချို့ လည်း တကယ်မှန်ကန်ပြီး တချို့လည်း လွဲချော်တတ်သည်များ ရှိပါသည်။ ဘုရားက ဟောကြားခဲ့သည်မှာ **စိတ် သာအဓိကပါပဲ၊ စိတ်ကြောင့်ပဲ အရာရာကို အောင်မြင်ခြင်း၊ ရှုံးနိမ့် ခြင်း၊ ကြောက်ရွံ့ခြင်း၊ ရဲရင့်ခြင်း များ ဖြစ်ပေါ်စေတတ်ပါသည်။**

အရာရာကို ကောင်းသည့်ကိစ္စ ဖြစ်စေ၊ ဆိုးသည့်ကိစ္စ ဖြစ်စေ စိတ် ထားတတ်မှသာ အောင်မြင်နိုင်၊ ရင်ဆိုင်နိုင်မည် ဆိုသည်ကိုတော့ ကိုနေလင်းက စမ်းစမ်းသွယ်ကို ပြောပြ နေမိပါသည်။

**စောမိသွင်(ရှမ်းကုန်)**



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၀ ပြည့်နှစ်၏ ပွင့်လင်းရာသီ ရောက်ပြီ…

"ဘယ်နယ်က တောကြီးမျက်မည်း ထဲကသွားပြီး ကျွန်းသင်းသတ် လုပ်ငန်းခွင် ဝင်ရမှာပါလိမ့်"ဟု စဉ်းစားနေမိဆဲမှာပဲ **"မဟာမြိုင်တောထဲမှာ သစ်တောစာရင်းကောက်"** (Invertory) လုပ်ငန်းလုပ်ဖို့ အမိန့်စာက ရောက်လာသည်။

သစ်တောဝန်ထောက် ဦးသိန်းအောင်အဖွဲ့နှင့် မော်လိုက်မှ ထွက်ခဲ့ကြသည်။ ကလေး၀၊ မင်းကင်းမှ တစ်ဆင့် မောက္ကတော်ကို သင်္ဘောဖြင့် စုန်ရသည်။

မောက္ကတော် ရောက်တော့ အကောက်အုပ်ဦးသိန်းမောင် ရုံးမှာ စတည်းချပြီးမှ ကျွန်းတောရွာနှင့် ပိတ်ချင်းတောရွာကို လှည်းတွေနှင့် သွားခဲ့ရသည်။

မောက္ကတော်နှင့် သိပ်မနီးပေမယ့် ရွာနှစ်ရွာကနီးသည်။ ကျွန်းတောရွာမှာ စခန်းချပြီး လုပ်သား ရှာကြသည်။ လုပ်သားရမှ အထုပ်အပိုး တွေကို ကျောပိုးကာ လုပ်ကွက်နှင့်နီးရာ "အင်ပင်ညီနောင်"စခန်းကို လှမ်းခဲ့ကြ သည်။

စခန်းရောက်တော့ အင်ဖက်မိုးတဲ ကျဲကျဲကို တွေ့ရသည်။ ဒီတဲတွေမှာ ရွှေကျင်သည့်သူတွေနှင့် သစ်စေးထိုး သည့်သူတွေ နေကြသည်ဟု ဆိုသည်။ ထိပ်ဆုံးက တဲတစ်လုံးမှာ နေရာချထား ပေးသည်။



တင်ဘုန်းဝင်း

ရွှေညို, ရွှေဝါတို့ရဲ့

# ရတနာမြေ

စခန်းဘေးမှာ ချောင်းပြန့်ကလေး ရှိသည်။ စိမ့်စမ်းရေအလျဉ် တသွင်သွင် စီးနေသည်။ ရွှေကျင်သူတွေက ဒီချောင်းပြင်မှာ ရွှေကျင်ကြသည်။

မဟာမြိုင်တော၏ ပထဝီအနေအထား က ထူးခြားလှသည်။ တောအချို့ အစားလည်း အင်ပင်ကြီးတွေ မိုးထိ လွှင့်နေသည့် **"အင်တိုင်းတောမြင့်"**



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

ထန်းရွက်လို၊ အင်ရွက်လို ကြီးမား ကျယ်ပြန့်ကားသည့် အရွက်ရှိသည့် သစ်တောတွေ၏ အပေါ်ယံ မြေဆီလွှာတွေသည် သစ်ရွက်ကြီးပေါ်က စုကျသည့် မိုးရေ တိုက်စား၍ သဲများသည့် မြေသားအဖြစ်သာ ကျန်ရှိတော့သည်။

သဲနုန်းပို့ပါများ တောစိမ့်စမ်းရေထွက်သည့် ချောင်းတွေ၊ မြောင်တွေပါ ကောကုန်သည်။ ဒီလိုနည်းနှင့် မဟာမြိုင်တောကြီး၏ အထက်ပိုင်းက စိမ့်စမ်းရေတွေ သဲပြင်အောက် ရောက်ကာ ပျောက်ကုန်ကြသည်။

မဟာမြိုင်တောကြီး၏ အောက်ပိုင်း မြေနိမ့်ပိုင်းရောက်မှ သဲအောက် ပျောက်နေသည့် စိမ့်စမ်းတွေ ပြန်ပေါ်လာကြသည်။ ပေါ်လာသည့် စိမ့်စမ်းရေအလျဉ်က တသွင်သွင်ဆိုတော့ ရေရှင်သည့် ချောင်းတွေ၊ မြောင်တွေ ဖြစ်လာလေတော့သည်။

ယခု စာရေးသူတို့ ရောက်နေသည့် နေရာကလည်း မဟာမြိုင်တောကြီး၏ အနောက်တောင်ပါးက အစွန်အဖျား ဆုံးသောတော ဖြစ်သည်။

ဒီတောထဲက သစ်ကွက်ထဲမှာ နည်းစနစ်တကျ မြေတိုင်းတာကွက်တွေချပြီး အနာဂတ်မျိုးဆက် "အင်ပင်ပေါက်"တွေကို စာရင်းကောက်ရသည်။

စာရင်းကောက်နေသည့် အင်တိုင်းတောထဲက အင်ပင်တွေကြား ကြီးထွားလာသည့် သစ်စေးပင်တွေ တွေ့လာရသည်။ တွေ့သမျှ သစ်စေးပင်ကြီးတွေတိုင်းမှာ အထစ်အနာ ဒဏ်ရာတွေနှင့် ဖြစ်သည်။

ညနေ အလုပ်သိမ်းတော့ ရောက်စနေ့ကထက် လူတွေ စုံလှသည်။ မိန်းကလေးတွေလည်းများသည်။ တဲကလေးတွေထဲမှာ စုခွဲနေကြသည်။ အမျိုးသားတွေကလည်း သူ့တဲကလေးနှင့်သူ စုခွဲနေကြသည်။ နေမဝင်မီချက်ကြ၊ ပြုတ်ကြ၊ ရေချိုးပြီးမှ စားသောက်ကြနှင့် တောစခန်းနေ့ သဘာဝကို လေ့လာခွင့် ရခဲ့သည်။

စာရေးသူတို့ သစ်တောဝန်ထမ်း တောလုပ်ငန်းသမားဘဝလည်း နံနက်မလင်းခင် ထမင်းတဝစား၊ တစ်နေ့လုံး တောတွင်း အလုပ်သွားပြီး နေဝင်မှ စခန်းပြန် နားရသည်။

စခန်းရောက်တော့လည်း ရေမိုးချိုး၊ ထမင်းစားပြီးသည်နှင့် နေ့စဉ်လုပ်သည့် စာရင်းတွေကို ချုပ်ရသည်။ စခန်းစောင့် ထမင်းချက်လုပ်သား ပေးထား၍သာ တော်ပေသေးသည်။

စခန်းစောင့် ထမင်းချက်လုပ်သား ကိုလှမင်းက ကျွန်းတောရွာသားဆိုတော့ တစ်ရွာတည်းမှ ရွှေကျင်လာနေကြသည့် မိန်းကလေးတွေက ပိုင်းကူကြသည်။ ယောကျ်ားသားတွေကလည်း စာရေးသူတို့အတွက် ဆောင်းမီးဖိုဖိုပေးရှာသည်။

ညရောက်တော့ ယောကျ်ားသားတွေက ဒေသဗဟုသုတ စကားပိုင်းနှင့် ညှော်ခံကြ၊ မိန်းမကြီးတွေက နင်းနှိပ်ပေးကြနှင့် ရင်းရင်းနှီးနှီး ဖော်ဖော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် နေတတ်ကြပုံမှာ တောတောင်ထဲမှ တစ်သက်တာ လွမ်းစရာ ကြုံခဲ့ရဖူးပါသည်။

ဒီစခန်းမှ အမျိုးသားတွေက သစ်စေးထိုးသည့်အလုပ် တစ်နေကုန် လုပ်ပြီး အမျိုးသမီးတွေက ရွှေကျင်သည့်အလုပ် လုပ်ကြသည်။

စာရေးသူတို့ အလုပ်ဝင်နေသည့် တောတစ်ခွင်မှာ ဟိုနေရာတစ်စု၊ ဒီနေရာတစ်စုနှင့် တဲစုလေးတွေက ရှိနေကြသည်။ ကျွန်းတောရွာနှင့် ပိတ်ချင်းတောရွာမှ ရွာသူရွာသားတွေ စုဝေးပြီး အလုပ်ဝင်နေကြသည့် တဲစုလေးတွေသာ ဖြစ်သည်။

သူတို့ဒေသအနီးမှ မဟာမြိုင်တော၏ သဘာဝက ထူးခြားလှသည်။ ရွှေလည်း ကျင်၍ရသည်။ သစ်စေးပင်တွေကလည်း သစ်စေးထိုး၍ ရသည်။ ပျားရာသီဆိုလျှင်လည်း ပျားရည်က ရှာရပြန်သည်။ ဒီလို သယံဇာတတွေ ပေါကြွယ်ဝ၍ သူတို့ဒေသ ဖွံ့ဖြိုးရသည်ဟု ပြောနေကြသည်။

အိမ်တိုင်းမှ အမျိုးသမီးတွေက တောကိုဝင်ပြီး ရွှေကျင်ကြသည်။ အိမ်သားယောကျ်ားတွေက ရွာမှုကိစ္စတွေနှင့် အိမ်မှာ ကလေးထိန်းကြရသည်။ သစ်စေးထိုးသူ ယောကျ်ားသားတွေ၏ ဇနီးမယားတွေကလည်း ရွာမှုကိစ္စတွေနှင့် သားသမီးတွေကို ထိန်းကြရသည်။

ရွာမှာ ကျန်နေသူအပေါင်းက ရွာဦးကျောင်းကို ဆွမ်းလောင်းလှူရသည့် တာဝန်ကိုလည်း ယူကြရသည်ဟု ကိုလှမင်းက ရှင်းပြသည်။

'သွေးသားရင်းချာ ဆွေမျိုးစုတွေ နေတဲ့ရွာမို့ ထင်ပါရဲ့... ပိုလဲချစ်ကြတယ်ဆရာရဲ့၊ လူတိုင်း စားနိုင် သောက်နိုင် လှူနိုင်တန်းနိုင်ဆိုတော့ တောရွာတွေရဲ့ သဘာဝ ကိုယ့်ဓလေ့နဲ့ကိုယ် ပျော်မွေ့နေကြတာ ဆရာ ရွာရောက်ရင် သိမှာပါ။

လာမယ့် လပြည့်နေ့ ရွာမှာ ဆွမ်းလောင်းချပွဲရှိတယ်။ ဒီစခန်းက လူတွေ အားလုံးလဲ ရွာကိုပြန်ကြမှာ။ အဲဒီနေ့မှာ ဆရာတို့အဖွဲ့လဲ ရွာကို လိုက်ခဲ့ပါ။ ဒါမှ လူတိုင်း ချစ်ခင်ပျော်ရွှင်ပြီး စည်းလုံးညီညာတဲ့ ကျုပ်တို့ရွာရဲ့ ဓလေ့ကို တွေ့ရမှာ'

ကိုလှမင်း၏ စကားအဆုံး ရွှေကျင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာသည့် ဒေါ်လုံး ပြုံးပြုံး ပြုံးပြုံး နှင့် စာရေးသူအနား ရောက်လာသည်။ စာရေးသူနှင့် စကားပြောချင်နေပုံလည်းရသည်။

'ဒေါ်လုံး အဆင်ပြေရဲ့လား'

'ပြေတယ် ဆရာရေ... နေ့စဉ်နေ့တိုင်း ရွှေမှုန်ရွှေခဲ တစ်မှုံတစ်ပဲ အမြဲရနေတော့ ကျွန်မတို့မိသားစု(၅)ယောက် စားနိုင် သောက်နိုင် လှူနိုင်တန်းနိုင်တယ်၊ ကျွန်မတို့ အဖေတို့ အမေ...အဖေတို့ လက်ထက်ကတိုင်း နည်းနည်းချင်း ကုဉ်ယူခဲ့ကြတာဆိုတော့ မကုန်နိုင်ဘူးပေါ့ ဆရာရယ်...

ဒီနေရာမှာ ရွှေတုံးရွှေခဲတွေ ထွက်မှာလဲ ကြောက်တယ်၊ နယ်မြေကျော်မှာလဲ ကြောက်တယ်ဆရာရဲ့၊ ရွှေတုံးရွှေခဲထွက်ရင် ရပ်ဝေးက စီးပွားရေးသမားတွေ ရောက်လာပြီး မတော်လောဘနဲ့ တူးသွယ်ကြရင် ရွှေထွက်တဲ့ ရေမြေသဘာဝတွေ ပျက်ပြီး ရွှေတွေလဲ မထွက်တော့ဘူးဆိုရင် ကျွန်မတို့ ဒေသခံတွေရဲ့ဘဝပါ ပျက်ပြီပေါ့ ဆရာရယ်...

ငယ်ငယ်က ရွှေကျင်ထွက်တိုင်း အဖေ အမေက မှာတယ်၊ မြေကြီး[illegible]ရွှေမှုန်တွေကို ရှာတဲ့အခါ လောဘမကြီးရဘူး၊ သဘာဝမပျက်အောင် ဖြည်းဖြည်းချင်း လှူပြီး ရှာရတယ်၊

ရွှေတို့ ငွေတို့ ကျောက်သံပတ္တမြားတို့ဆိုတဲ့ တွင်းထွက်ရတနာဆိုတာ ဟင်းသီးဟင်းရွက်ပင်တွေလို ဒီနေ့ အညွန့်ဆိတ်ယူလို့ မနက်ဖြန် အညွန့်ပြန်ထွက်တဲ့အမျိုး မဟုတ်ဘူးလို့ အမြဲဆုံးမတယ် ဆရာရဲ့'

ဒေါ်လုံးလို တောသူမကြီး ပါးစပ်ဖျားက ထွက်လာသည့် စကားတွေက မှတ်သားဖို့ ကောင်းလှသည်။ တောသူတောင်သားတွေမှာလည်း သူတို့ မှီခိုအားထားနေရသည့် ဒေသထွက် သယံဇာတတွေ ထာဝရ ရရှိရေးအတွက် အဖက်ဖက်က ထိန်းသိမ်းကြရမည့် ကိုယ်တွေ့ သဘာဝတရားတွေ၊ အဆုံးအမ အသင်အပြတွေ ရှိနေကြသည်ကို ကြားခဲ့ သိခဲ့ရသည်မှာ မှတ်သားစရာ ကောင်းလှပါသည်။

ဒီနေ့ စခန်းကလူတွေ တလှုပ်လှုပ် ဖြစ်နေကြသည်။ ရွှေကျင်သည့်သူတွေကော၊ သစ်စေးတိုးသည့် သူတွေပါ အစောကြီး အလုပ်သိမ်းလာကြသည်။ ဆွမ်းလောင်းချပွဲအတွက် တစ်ရက်ကြိုပြန်ဖို့ ပြင်နေကြခြင်းဖြစ်သည်။

ပြန်ခါနီး ရွာကို အလည်လိုက်ခဲ့ဖို့ မိန်းမပျိုလေးတစ်သိုက်ကပါ တစ်ယောက်ပြီးတစ်ယောက် လာခေါ်နေကြသည်။

စာရေးသူတို့ စာရင်းကောက်အဖွဲ့တွေကို ကြီးကြပ်သူ ဝန်ထောက် ဦးသိန်းအောင် ရောက်မှာနှင့် တိုက်ဆိုင်နေ၍ မလိုက်ဖြစ်ကြတော့ပါ။ သူတို့အဖွဲ့တွေ ရွာက ပြန်လာတော့ စာရေးသူတို့အတွက် မုန့်တွေ တောင်းနှင့် တစ်တောင်း ပါလာသည်။

မုန့်တွေက ဖုန့်ဖက်ထုပ်တွေချည်း ဖြစ်သည်။ အဖြူထုပ်တွေက ဌာပနာပါပြီး ဌာပနာမပါသည့် အနီထုပ်တွေက တာရှည်ထားပြီး စား၍ ရသည်ဟု ရှင်းပြကြသည်။

ဆရာ ဦးသိန်းအောင်ကိုလည်း မုန့်ဖက်ထုပ်တွေနှင့်ပင် ဧည့်ခံခဲ့ရသည်။ ညစာ ထမင်းဝိုင်းမှာ သစ်စေးတိုးသမား ကိုထွန်းမြ လာပို့သည့် **"သင်ပေါင်းပင်ခေါင်းထဲက ပေါက်ထွက်ပြီး သုပ်ပေးသည့် သင်ပေါင်းဦးနှောက်သုပ်"** က စားကောင်းလွန်း၍ အမြဲ သတိရနေမှာဖြစ်ကြောင်း ဆရာ ဦးသိန်းအောင်က ပြောပြ၍ ကိုထွန်းမြ သဘောကျနေသည်။

စာရေးသူမှာလည်း တောတောင်ထဲက "သင်ပေါင်းဦးနှောက်သုပ်"ဟင်း တစ်ခုကို ဗဟုသုတရ၍ ဝမ်းသာနေမိသည်။

ဆရာဦးသိန်းအောင် ပြန်တော့ ကိုထွန်းမြ သစ်စေးတိုးသည့်နောက် တကောက်ကောက် လိုက်ပြီး လေ့လာနေမိသည်။ သိလိုသမျှကိုလည်း တတွတ်တွတ် မေးနေမိသည်။ ကိုထွန်းမြကလည်း သစ်စေးခံထားသည့် အပင်ဆီသွားရင်း စိတ်ရှည်လက်ရှည် ရှင်းပြပေးသည်။

'သစ်စေးတိုးတဲ့ ရာသီက ဝါခေါင်ကနေ တပို့တွဲလထိ တိုးလို့ရတယ်၊ တပို့တွဲ-တပေါင်း သစ်ရွက်နုတွေ ပြန်ထွက်တဲ့အချိန် သစ်စေး မထွက်တော့ဘူး၊ ကျွန်တော်တို့မှာ မိဘတို့ဘိုးဘွား လက်ထက်ကတည်းက မှတ်ပြီး တိုးလာတဲ့ သစ်စေးပင် တစ်ထောင်ရှိတယ်၊ ညီအစ်ကိုမောင်နှမတွေ အမွေရလို့ အညီအမျှ ဝေထားပြီး အမြဲတိုးစားကြတယ်၊

သစ်စေးတိုးဖို့ တောဝင်တော့မယ်ဆိုရင် ဆောက်တို့၊ သစ်စေးခံဖို့ ဝါးကျည်တောက်တို့၊ သစ်စေးစုဖို့ မြူအိုးတို့ ဝါးလေးကားတို့ လိုတယ်၊

ဆောက်က သံထောက်သား အရှည်



www.burmeseclassic.com

www.burmeseclassic.com



တစ်တောင်လောက်မှာ ဝါးအရိုးလေး တပ်ထားပြီး အသွားကို ပြည့်နေအောင် သွေးထားရတယ်။ ဝါးကျည်တောက်ကိုလဲ ဆောင်းပြီး ချွန်ထားရတယ်။ လှေကားကိုတော့ ခြေနှစ်ဖဝါးစာ နင်းသာရုံ, လှေကားဆန် ထည့်ထားတဲ့ ပေါ့ပေါ့ပါးပါး ဝါးလှေကား ဖြစ်ရမယ်'

'ဝါးလှေကားက ဘယ်အချိန်မှာ စ,သုံးရတာလဲ၊ သစ်စေးပင်တွေကို ဘယ်အရွယ်မှ စ,ပြီးထိုးရမယ် ဆိုတာတွေ ရှိမှာပေါ့နော်'

'ရှိတာပေါ့ ဆရာရဲ့...သစ်စေးပင်ကို **ရင်စို့လုံးပတ်(၂)ပေက စပြီး ထိုးရတယ်လို့** အဖေက သင်ပေးတယ်။ ဆရာတို့ သစ်တောဌာနကတော့ (၃)ပေရှိမှ ထိုးရမယ်လို့ ဆိုတယ်။ ကျွန်တော်တို့ကတော့ (၂)ပေအရွယ်က စ,ပြီးထိုးတာ ရတယ်။ စ,ထိုးတဲ့နေရာက **မြေကြီးကနေ နှစ်တောင့် ထွာအကွာ လူ ထိုင် ထိုးလို့ရတဲ့** နေရာမှာ စ,တယ်။

စ,ထိုးထိုးချင်း အခေါက်ကို (၂)လက်မသာသာ အကာသားထိအောင် ထိုးခွာရတယ်။ ပြီးမှ မြားဦးပုံလေး ထိုးရတယ်။ အဲဒီ မြားဦးပုံလေးရဲ့ ထောင့်စွန်း အခေါက်နဲ့ အကာကြားမှာ ဝါးကျည်တောက်ကို ရိုက်သွင်းပြီး ခံထားရတယ်။

အစမှာ ပျစ်ချွဲချွဲ ပြာမွဲမွဲ အစေးတွေ ထွက်တယ်။ တစ်ရက်တစ်ခါ မနက်ပိုင်းမှာ မြူအိုးနဲ့ စုသိမ်းရတယ်။ အိုးကို ရေစိုအဝတ်နဲ့ ဖုံးထားရတယ်။

တစ်ခါ သိမ်းပြီးတိုင်း ထိုးထားတဲ့နေရာကို ပါးပါးလေးခြစ်ပြီး မျက်နှာသစ်ပေးရတယ်။ (၇)ရက်ထိ သစ်စေးထွက်တယ်။ (၇)ရက်ပြည့်တဲ့အခါ အထက်ဘက် တက်ပြီး တစ်ဆင့်ချင်း ထိုးယူရတယ်။ အထစ် (၂၀)ကနေ (၃၀)အထိ ထိုးလို့ရတယ် ဆရာရဲ့'

ပြောရင်းဆိုရင်း သူ ထိုးထားသည့် သစ်စေးပင်အောက် ရောက်လာ၍ လွယ်ထားသည့် မြူအိုးကို ပြင်လွယ်ရင်း လှေကားကို ဆောက်နှင့်ခေါက်ကာ ကျည်တောက်ကို မော့ကြည့်ပြီးမှ ပြောလက်စကို ဆက်ပြောပြသည်။

'ထိုးလို့ရတဲ့ သစ်စေးတွေက တစ်လနဲ့ တစ်လ အရောင်မတူဘူး။ ဝါခေါင်လနဲ့ တော်သလင်းထွက်တဲ့ သစ်စေးက နီကြန့်ကြန့်အရောင်၊ သီတင်းကျွတ်- တန်ဆောင်မုန်းထွက်တဲ့ အရောင်က အညို၊ ပြာသို-တပို့တွဲ ထွက်တဲ့ သစ်စေးက အနက်ရောင်ဖြစ်ပြီး ပျစ်တယ်။ အဲဒီ အနက်ရောင် သစ်စေးက အကောင်းဆုံးဖြစ်ပြီး လူကြိုက်များတယ်။

သစ်စေးကို ကိုင်ရင် သတိထားရတယ်။ ယားယံပြီး အဖုအပိမ့်တွေ ပေါက်လောင်ဖုလို ထွက်တတ်တယ်။ အဲဒါကို သစ်စေးစက်တယ်ခေါ်တယ်။ ကျွန်းသားယောက်ျား သစ်စေးအဆိပ်ကို နိုင်တယ်။ ကျွန်းသားယောက်ျားနဲ့ ပွေ့ပြီးမှ ကိုင်ရတယ်'

ကိုထွန်းမြ ပြောလက်စ စကားကို ဖြတ်ပြီး သစ်စေးအပင်မှာ မှီထောင်ထားသည့် ဝါးလှေကားပေါ် တက်သွားသည်။ စာရေးသူက လိုက်ကြည့်နေမိသည်။ သစ်စေးပင်က ပင်စည် အတော် ရှည်ပြီး ဖြောင့်နေသည်။ ကြည့်ရင်း... ကြည့်ရင်း ကျောင်းတုန်းက သင်ယူ မှတ်သားခဲ့ရသည့် သစ်စေးပင်အကြောင်း ခေါင်းထဲရောက်လာသည်။

သစ်စေးပင်သည် **အန်နကာဒီယေးစီအီး မျိုးရင်းဖြစ်ပြီး** သရက်၊ မရမ်း၊ လွှန်ဖိုတို့နှင့် မျိုးရင်းတူသည်။ မြေအမြင့် ပေ(၃၅၀၀)အောက်ရှိ အင်တိုင်းတောခြောက်များတွင် အနှံ့အပြားပေါက်သည်။

အပင်က မြင့်မားပြီး ပင်စည်က ဖြောင့်ချောသည်။ အခေါက်က မွဲပြာရောင်ဖြစ်သည်။ အရွက်မှာ အရင်းသိမ်ပြီး အဖျားကျယ်ကာ ဝိုင်းသည်။

ဇန်နဝါရီလမှာ အရွက် စ,ကြွေပြီး မတ်လ ရီးတံကျဲကျဲ ဖြစ်နေချိန် အဖြူရောင်အပွင့်နှင့် ပင်လုံးကျွတ် ပွင့်နေပုံက အလွန်ကြည့်၍ လှသည်။

ဖွန်လတွင် အသီးရင့်မှည့်ပြီး အတောင်(၅)ခုပါ ခွံမာ အသီးမျိုးဖြစ်သည်။ လုံးပတ်(၉)ပေအထိ ပင်စည်ကြီးမားပြီး နှစ်ပေါင်း (၃၀၀)မှ(၄၀၀)ထိ ခံသည့် နှစ်ရှည်ခံပင်မျိုးဖြစ်သည်။

သစ်စေးပင်မှ သစ်စေးကို အရောင်တင်ဆီအဖြစ် လည်းကောင်း၊ ဆေးအဖြစ်လည်းကောင်း၊ ရှေးခေတ် အီဂျစ်တွေ လူသေအလောင်းခြောက်



www.burmeseclassic.com

www.burmeseclassic.com

များ တာရှည်ခံစေရန် ဆေးစိမ်ရာတွင် လည်းကောင်း၊ ခေါင်းများကို အရောင် တင်ရာတွင်လည်းကောင်း ရှေး ပဝေသဏီကပင် သုံးခဲ့ကြသည်။

(၁၈)ရာစုတွင် အရှေ့ဖျားနိုင်ငံများမှ ယွန်းထည်ကို လူသိများလာသောအခါ သစ်စေးမှာ ပိုမို ထင်ရှားလာသည်။ ဂျပန်နိုင်ငံမှ ဝယ်ယူအသုံးပြုမှုများသည်။

သစ်စေးပင်ကို အရှေ့အိန္ဒိယကျွန်းစုနှင့် မဏိပူရတွင် ပေါက်ရောက်မှု ရှိသော်လည်း **အာသံပြည်နယ်မှာ မပေါက်သည်မှာ ထူးခြားသည်။** ထိုင်း၊ ဗီယက်နမ်၊ ဆူမတြာ၊ ဂျားဗား၊ မော်နီယိုနှင့် ဖိလစ်ပိုင်တို့တွင်သာ ပေါက်ရောက်သည် တွေ့ရသည်။

'ဆရာ သစ်စေးပင်ကို ငေးပြီး ဘာတွေကို တွေးနေတာလဲ'

ဟု ဆိုမှ ကိုထွန်းမြကို သတိရပြီး အတွေးပျောက်သွားသည်။

'ဆရာ့အတွေးက သစ်စေးပင် တစ်ပင် သစ်စေး ဘယ်လောက်ထွက်သလဲဆိုတာ သိချင်တာလား၊ ပြောမယ် ဆရာရေ...သစ်စေးပင် တစ်ပင်က **တစ်ရာသီမှာ (၆)ပိဿာကနေ (၇)ပိဿာထိ ထွက်တယ်။**

တချို့ သစ်စေးပင်တွေဆို (၁၀) ပိဿာထိ ထွက်တာတောင်ရှိတယ် ဆရာရဲ့၊ ကျွန်တော်တို့ထိုးတာ အပင် တစ်ရာလောက်ဆိုတော့ တစ်ဦးကို တစ်ရာသီ ပိဿာ (၆၀),(၇၀)လောက် ရတယ်။

ဒီက ထွက်တဲ့ သစ်စေးမှန်သမျှ မောက္ကတော်က ကုန်သည်ကြီးတွေက အလုအယက် လာဝယ်နေတာဆိုတော့ ကျွန်တော်တို့ဘဝ စားနိုင်သောက်နိုင် လျှိုနိုင်တန်းနိုင်ပေါ့ ဆရာရယ်...

အဖေကလဲ အမြဲပြောတယ်။

အဖေ့...အဖေတို့ လက်ထက်ကနေ အဖေတို့ လက်ထက်ထိ မိုရိုအားထား ပြီး စားခဲ့ရတဲ့ သစ်စေးတောတွေ ထိန်းကြ၊ မခုတ်မလှဲကြနဲ့ သစ်စေးပင် တွေက သစ်စေး မခန်းသမျှ သားစဉ် မြေးဆက် မကုန်ခန်းတဲ့ စားလမ်းကြီး ဆိုတာ မှတ်ထားကြတဲ့'

မှန်ပါသည်... ကိုထွန်းမြတို့ ဒေသ က သဘာဝ သယံဇာတတွေ ရှိ၍ သူတို့ဘဝတွေ လှခဲ့ကြသည်။ **မဟာမြိုင်၏ တောကြီးခုနစ်ရွာကို စာရေးသူ ရောက်ဖူးပါသည်။**

ထော်သာရွာက မိုးကောင်း လယ်တွေရှိ၍ လူနေမှုအဆင့် သင့် သည်။ တောခေါင်ခေါင် ဟိုးချောင် အဆုံးက ကျောင်းကြီးကုန်းတို့၊ ချင်းချောင်းတို့၊ ဝေပုံတို့၊ သက်ကယ် ပြင်တို့တွေက ပျားရာသီမှအပ သဘာဝ သယံဇာတ မရှိကြ၍ လူနေမှုဘဝ နိမ့်ကျသည်။

ကျွန်းတောရွာနှင့် ပိတ်ချင်းတောရွာ ဒေသ မဟာမြိုင်တောက ရွှေလည်း ကျင်၍ရသည်။ သစ်စေးထိုး၍လည်း ရသည်။

သူတို့ရသည့် သစ်စေးက ရွှေညို၊ မြေပြင်ကို ကျင်၍ရသည့် ရတနာက ရွှေဝါ။ ဒီရွှေညို၊ ရွှေဝါဆိုသည့် သဘာဝ သယံဇာတတွေ၏ ထွက်နှုန်းကို မပျက် သုဉ်းစေဖို့ သဘာဝပေးသည့် ပညာ၊ မိရိုးဖလာ အသင်အပြတွေနှင့် ထိန်းခဲ့ ကြ၍ သူတို့၏ သားစဉ်မြေးဆက် ဘဝ တင့်တယ်လှပ အဆင့်မြင့်ခဲ့ကြသည်။

ရွှေညို၊ ရွှေဝါတို့၏ ရတနာမြေကို တွေးမိတိုင်း စားနိုင်သောက်နိုင် လျှိုနိုင်တန်းနိုင်သည့် ဘဝနှင့် ပျော်ရွှင် နေကြသည့် ကျွန်းတောရွာနှင့်ပိတ်ချင်း တော ရွာသူရွာသားတွေ၏ တောထဲက ဘဝကို သတိရနေမိပါတော့သည်။

**တင်ဘုန်းဝင်း**

---

**စာမျက်နှာ (၂၅၉)မှ အဆက်**

ဘဒွေးဖြစ်သူ၏ စကားကြောင့် မောင်ဘတုတ်သည်လည်း...

'ဘဒွေးရာ... ကျုပ်လဲ ဘုန်းကြီး ကျောင်းထွက်ပါပဲဗျာ ဒါပေမယ့် အခြေ ကြုံလာတော့ အဲဒီဘုရားစာ တရားစာ တွေက ဘယ်ကဘယ်လို ကြက် ပျောက် ငှက်ပျောက်ဖြစ်သွားတယ် မသိဘူးဗျ အဟီး ...ဟီးဟီး'

'ဟား...ဟား...ဟား...ဟား'

လူအားလုံး မောင်ဘတုတ်၏ စကားကြောင့် ငိုအားဆက် ရယ်အား သန်ဆိုသလို အားလုံး သူတို့ကို ကြည့် ပြီး ရယ်ကြတော့သည်။

ထိုနေ့ ထိုအချိန် ထိုအရွယ်မှစပြီး မောင်ညွန့်မောင်နှင့် မောင်ညွန့်ဖေ ညီ အစ်ကိုနှစ်ယောက်တို့သည် ဦးညွန့် မောင်၊ ဦးညွန့်ဖေ ထိုမှ ဘိုးညွန့်မောင်၊ ဘိုးညွန့်ဖေဟု ခေါ်ရသော အရွယ်သို့ ရောက်သည်အထိ ပယောဂဆေး ကာယသိဒ္ဓိဆေး ဗိန္ဓောဆေးအမျိုး မျိုးတို့ကို ကိုင်၍ ဆရာအဖြစ် ခံယူကာ တခြားနေရာ၌ သတ္တိ အလွန် ကောင်း ကြသော်လည်း...

တစ္ဆေ အလွန်ကြောက်တတ်သော ညီအစ်ကိုနှစ်ယောက်အဖြစ် ရွာထဲ နီးစပ်သူတွေအားလုံး သိရှိကြပေ တော့သတည်း။

**[ဦးညွန့်မောင်ကား စာရေးသူ၏ ယောက္ခမဖြစ်ပါသည်။ ယခုကား ကွယ်လွန်ခဲ့ရပြီး သူပြောပြ၍ အကြောင်းစုံ ကျွန်ုပ်သိကာ ယခုလို ရေးသားခြင်းဖြစ်ပါသည်။]**

***အရာရာ၌ စဉ်းစားချင့်ချိန်၍ အကြောက်တရားကင်းကြပါစေ***

**ကောင်းခန့် (သစ္စတ်မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com



ဦ (အမရပူရ)

ငှက်ကြီးအသွင်ဆောင်ကာ တောင်ပံဖြင့် ပါးလိုက်ရိုက်သော

# ရှာရူအစင်လေး

ပတ္တမြားမြေရတနာများ တူးဖော်ခွင့်ရစဉ် အချိန်ကာလ...

ရိုးသားသော ရှမ်းလေးအိုက်ပုသည် ပတ္တမြားမြေမိုးကုတ်တွင် ငယ်စဉ်ကပင် ကြီးပြင်းလာသော လူပျိုပေါက် ကျောက်တူးသမားလေး တစ်ယောက် ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့်က အိုက်ပု ကြုံတွေ့ခဲ့ရသော ဇာတ်လမ်းလေး ဖြစ်ပါသည်။

အိုက်ပုသည် နံနက်စောစော ကျောက်တွင်းသို့ သူငယ်ချင်းအဖော်များဖြင့် တွင်းဆင်းသွားပြီး ညနေစောင်း

မှ အိမ်သို့ ပြန်ရောက်ပါသည်။

ညနေ ရေချိုးပြီး လူပျို သူငယ်ချင်းများ ချိန်းထားသဖြင့် ထမင်းမြန်မြန်စားကာ လက်ဖက်ရည်ဆိုင် ထိုင်ကြပါသည်။ ထို့နောက် ဗွီဒီယိုကြည့်ကာ

အပန်းဖြေကြပါသည်။

ညဉ့်မနက်မီ လည်ပတ် အဆိုပြန်ကြပြီး အိမ်ပြန်ကြပါသည်။ နောက်တစ်နေ့ ကျောက်တွင်းသွား အလုပ်လုပ်ရင်း ကျောက်ပွင့်သည့်အခါများ

www.burmeseclassic.com



လည်း ရှိကြပါသည်။

တစ်နေ့ ရပ်ကွက်ထဲရှိ လူပျိုသူငယ်ချင်းများက လူပျိုလှည့်သွားရန် ခေါ်ကြပါသည်။ အိုက်ပုတို့ ပိတ်စွယ်နှင့် မဝေးသော ရွာတစ်ရွာရှိ အပျိုများအိမ်သို့ သွားကြမည် ဖြစ်ပါသည်။

လူပျိုပေါက် အိုက်ပုကို အဖော်ခေါ်ရာ တစ်ခါမှ အတွေ့အကြုံ မရှိသဖြင့် လိုက်ရန် ငြင်းလိုက်ပါသည်။

သို့သော် လူပျိုကာလသားများက ဝိုင်းခေါ်သဖြင့် အိုက်ပုယာစ်ယောက် ယောင်ချာချာဖြင့် ပါသွားပါသည်။ အချိန်တော်တော်ကြာသွားကြပြီး ရွာသို့ အိုက်ပုအပါအဝင် လူပျို ကာလသား (၅)ယောက် ရောက်ရှိသွားကြပါသည်။

ရွာအလယ်ရှိ အိမ်ကြီး တစ်အိမ်ရှေ့တွင် မီးပုံကြီး ဖိုထားပါသည်။ မီးပုံကြီး တစ်ဖက်တွင် ရွာရှိ အပျိုမများက ထိုင်နေကြပါသည်။

အိုက်ပုတို့ လူပျိုများက မီးပုံဘေး လွတ်ရာတွင် ဝိုင်းထိုင်လိုက်ပါသည်။ ကိုယ်နှစ်သက်ရာ အပျိုမနှင့် မျက်လုံးချင်းဆုံ ချစ်သူများဖြစ်သွားမိက အပျိုမ အိမ်တွင် တွေ့ဆုံကာ စကားပြောနိုင်ပါသည်။

မိဘများကလည်း အသိအမှတ်ပြု လက်ခံပေးကြပါသည်။ ပထမအခေါက်တွင် အိုက်ပုတစ်ခေါက်မှ မရောက်ဘူးသော ရွာဖြစ်နေ၍ ကြောင်တောင်တောင် ဖြစ်နေပါသည်။

ဝိုင်းထိုင်နေသော အပျိုမများထဲမှ အပျိုမလေးတစ်ယောက်ကို မြင်မိပါသည်။ မိုးကုတ်သူ မိုးကုတ်သားများသည် တွင်းထွက်ရတနာများ ဖြစ်သော ပတ္တမြား၊ နီလာများ အပြစ်အနာအဆာကင်း လှပသန့်စင်နေပါက "**အစင်**" ဟု စကားသုံးနှုန်းကြပါသည်။

မိန်းကလေးများ အလွန်ချောမော လှပနေပါက ရတနာနှင့် တင်စားကာ "အစင်လေး"ဟု ခေါ်ကြပါသည်။ အိုက်ပုစိတ်ထဲတွင် ထိုရွာသူ အပျိုမလေးကို အစင်မလေးတစ်ယောက် အဖြစ် ထင်မြင်နေမိပါသည်။

နောက်တစ်ပတ် ည(၇)နာရီခန့် ထိုရွာသို့ လူပျိုများ သွားကြပြန်ရာ အိုက်ပု တစ်ယောက်လည်း ပါဝင်ပါသည်။

မီးပုံဘေးတွင် ထိုင်နေသော အပျိုမများကြားမှ အစင်လေးသည် အိုက်ပုကို ပြန်ကြည့်ရင်း ပြုံးပြနေသည်ကို တွေ့ရပါသည်။ အပျို၊ လူပျိုများ စကားများ အပြန်အလှန် ပြောကာ ညဉ့်နက်မှ လူပျိုများ ရွာမှ ပြန်လာခဲ့ကြပါသည်။

တစ်ညတွင် ကွပ်ပျစ်ပေါ် ထိုင်နေသော လူပျိုများထဲမှ ပြန်ရန်ခင်းထားသော ဖျာမှ ထလိုက်ကြပါသည်။ အိုက်ပုတစ်ယောက် ဖျာမှ ထမရတော့ပါ။ ဖျာနှင့် အိုက်ပုဖင်မှာ ကပ်နေပါသည်။

အပျိုမများ ဝိုင်းရယ်နေကြပါသည်။ အတန်ကြာမှ ဖျာကနေ ထ၍ ရပါသည်။ ထိုရွာလေးသို့ အိုက်ပု တစ်ယောက် လူပျိုလှည့်နေသည်ကို မိခင်ကြီး သိသွားပါသည်။

မိခင်ကြီးမှ ထိုရွာလေးသို့ နောက်တစ်ခါ မသွားရန် ပြောပြီး ပညာတတ် ပြုစားတတ်သော သူများလည်း ရှိကြောင်းလည်း သတိပေးလာပါသည်။

တစ်နေ့ ညနေတွင် ကျောက်တွင်းမှ ပြန်လာပြီး ရေချိုးအဝတ်အစားလဲကာ ညနေစာ အမြန်စားနေသည်ကို မိခင်ကြီးတွေ့သွားပါသည်။ ညလည်လျှင် မိုးမချုပ်ရန်၊ စောစောအိမ်ပြန်ရန် မှာနေပါသည်။

မိခင်ကြီးစကားကို အမြဲနားထောင်ရသဖြင့် ခေါင်းညိတ်ကာ စောစောပြန်ခဲ့ပါမည်ဟု ပြန်ပြောလိုက်ပါသည်။ ကျန်လူပျိုသူငယ်ချင်းများ လူပျိုလှည့်ရန် ချိန်းမထားသဖြင့် အိုက်ပုတစ်ယောက်တည်း ရွာသို့ ထွက်လာခဲ့ပါသည်။

အပျို၊ လူပျိုများ ဝိုင်းထိုင်သော အိမ်ကို ကျော်လာပြီး အစင်လေးအိမ်သို့ တန်းလာခဲ့ပါသည်။ အစင်လေးတို့ အိမ်ဝိုင်းတွင် ရေနံဆီမီးအိမ်ထွန်းညှိထားသည်ကို တွေ့ရပါသည်။

အိမ်ဝိုင်းကွပ်ပျစ်တွင် အိုက်ပုကို ထိုင်ခိုင်းပါသည်။ ညနေ မိုးချုပ်ချိန်ဖြစ်ပြီး ကောင်းကင်တွင် လပြည့်ခါနီး လသည် သာနေပါသည်။ ထန်းလျက်ပေါက်ပေါက်ဆုပ်မုန့်နှင့် အခါးရည် လက်ဖက်ရည်အိုးကို ငှဲ့ခံချထားပါသည်။

အိုက်ပုနှင့် အစင်လေးတို့ နှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနေကြပါသည်။

ည(၉)နာရီကျော်လောက်တွင် မိခင်ကြီးက စောစောအိမ်ပြန်ရန် ပြောသော စကားကို သတိရလိုက်မိပါသည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com

ပြန်တော့မည့်အကြောင်း အစင်လေးကို အိုက်ပု ပြောလိုက်ပါသည်။ ထိုအခါ အစင်လေးမှ...

'အချိန် အစောကြီး ရှိပါသေးတယ်။ မပြန်ပါနဲ့ဦးနော'

ဟု စကားသံဝဲဝဲဖြင့် ပြောလိုက်ရာ အိုက်ပုမှ မပြန်၍ မဖြစ်ကြောင်း ပြန်ပြောလိုက်ပါသည်။ ထို့နောက် အစင်လေးမှ...

'ည(၁၀)နာရီလောက်မှ ပြန်ပေါ့။ စကားတောင် ကောင်းကောင်း မပြောရသေးဘူးနော'

ဟု ထပ်ပြောလိုက်ပါသည်။

အိုက်ပုမှ ပြန်ရန် ပြောတိုင်း အစင်လေးက အိမ်မပြန်စေချင်သဖြင့် မပြန်ရန် ပြောလိုက်ပါသည်။ အိုက်ပုသည် ကွပ်ပျစ်မှ ဆင်းကာ ရပ်လိုက်ပါသည်။

အစင်လေးသည် သူမ၏ စကားကို အိုက်ပုက နားမထောင်သဖြင့် စိတ်ဆိုးပြီး စကားမပြောတော့ပါ။

မျက်နှာနီ ဒေါသထွက် စိတ်ဆိုးကာ စကားတစ်ခွန်းမှ မပြောတော့ချေ။ အိုက်ပုအိမ်ဝိုင်းက ထွက်လာသည်ကို ပင် တစ်ဖက်သို့ လှည့်နေလိုက်ပါသည်။

အိုက်ပုတစ်ယောက် ရွာမှ ထွက်လာပြီး သစ်ပင်အုပ်လေးများရှိ တောလမ်းလေးကို လျှောက်လာခဲ့ပါသည်။ ကောင်းကင်တွင် လသာနေသဖြင့် ကြောက်စိတ်များလည်း မရှိပါ။

ခဏအကြာ အစင်လေးတို့ ရွာဘက် နောက်ကြောဆီက ငှက်မြည်သံ ကြားရပြီး ငှက်တစ်ကောင် တောင်ပံခတ်သံ ပြင်းပြင်းဖြင့် ပျံသန်းလာသံ ကြားရသဖြင့် ရပ်ပြီး အိုက်ပု လှည့်ကြည့်မိပါသည်။

ငှက်သည် ဇီးကွက်တစ်ကောင် ထက်ကြီးပြီး လင်းယုန်တစ်ကောင်နှင့် တူပါသည်။ အိုက်ပုနောက်ဘက် ဦးခေါင်းဘေးမှ ရှေ့ဘက်သို့ မနိမ့်မမြင့် ပျံသန်းသွားပါသည်။

အိုက်ပုရှေ့ဘက် တည့်တည့်သို့ ပျံသန်းသွားပြီး မနီးမဝေး အရောက်တွင် ပြန်လှည့်လာပါသည်။ အိုက်ပု ရှေ့တည့်တည့် မျက်နှာချင်းဆိုင် လက်တစ်ကမ်းတွင် ပျံလာပါသည်။

ထို့နောက် ရုတ်တရက် အိုက်ပု၏ ဘယ်ဘက်ပါးကို ကြီးမားသော ညာတောင်ပံဖြင့် ဖြန်းခနဲနေအောင် ပြင်းထန်စွာ နှစ်ချက်ရိုက်လိုက်ပါသည်။

အံ့ဩစွာဖြင့် နာကျင်သွားသော ဘယ်ဘက်ပါးကို ညာလက်ဖြင့် အုပ်ကိုင်လိုက်ပြန်ပါသည်။

ထိုသို့ ရိုက်ပြီး ငှက်ကြီးသည် ရွာဘက်သို့ တောင်ပံခတ်သံ ပြင်းပြင်းဖြင့် ပျံသန်းသွားပါတော့သည်။

အိုက်ပုသည် အံ့ဩထူးဆန်းစွာဖြင့် ငှက်ကြီးပျံသန်းသွားရာကို လှည့်ကြည့်နေပါတော့သည်။ ထူပူနာကျင်သွားသော ပါးနှစ်ဖက်ကို ကိုင်ရင်း မိခင်ကြီးကို သတိရလိုက်မိပါသည်။

ထိုရွာသို့ မသွားရန် ပြောသော စကားကို ကြားယောင်နေမိပါသည်။ အစင်လေး၏ စိတ်ဆိုးဒေါသထွက်နေသော မျက်နှာကိုလည်း မြင်လိုက်မိပါသည်။ အစင်လေး၏ မပြန်ရန်ပြောသော စကားသံကိုလည်း ကြားနေမိပါသည်။

ငှက်ကြီးရိုက်လိုက်သော ပါးနှစ်ဖက်၏ နာကျင်မှုကို ခံစားရင်း အစင်လေး မျက်နှာကို မြင်ကာ ကြောက်ရွံ့ထိတ်လန့်သွားပြီး ခြေကုန်သုတ် အပြေးပြန်ခဲ့ပါတော့သည်။

**[အိုက်ပုပြောသော ဇာတ်လမ်းကို ရေးဖွဲ့ပါသည်။]**

**ချို(အမရပူရ)**

**စာမူရှင်များသို့...**

**ပေးပို့သော**

**စာမူများကို**

**မူပွား**

**ထားကြပါရန်နှင့်**

**မရွေးချယ်ပါက**

**ပြန်လည်ပေးပို့မည်**

**မဟုတ်ပါကြောင်း**

**အသိ**

**ပေးအပ်ပါသည်။**

လေးစားစွာဖြင့်...

**နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလဝန်း(မြ)

# မပဋ္ဌာပေလား

မပဋ္ဌာလို့ဆိုလိုက်တာနဲ့ ဗုဒ္ဓဘာသာဝင်တိုင်း သိရှိပြီးသား ကြားဖူးပြီးသား များမယ်လို့ ထင်ပါတယ်။

ဆရာတော်တွေ တရားဟောရင်လဲ မပဋ္ဌာဇာတ်ထုတ်ကြီးထဲက လင်သေ၊ သားသေ၊ မိဘဆွေမျိုးတွေ သေခဲ့ကြလို့ ပရိဒေဝသောကမီးကြီး တောက်လောင်ခဲ့လို့ မြတ်စွာဘုရားရှင်နဲ့တွေ့ပြီး တရားရေအေးတိုက်ကျွေးခဲ့လို့ အပူမီးတွေငြိမ်းအေးပြီး ကျွတ်တန်းဝင်ခဲ့ကြတာကို လူတိုင်းသိပြီးဖြစ်မှာပါ။

ဒါပေမယ့် ကျွန်မဆုံတွေ့ခဲ့ရတဲ့ ခေတ်သစ်မပဋ္ဌာဟာလဲ မြတ်စွာဘုရားရှင်ရဲ့ အရဟံဂုဏ်တော်ကြီးကို ယုံယုံကြည်ကြည် ပွားများခဲ့လို့ သောကများ ငြိမ်းအေးခဲ့ရပါတယ်။

ကျွန်မဟာ မကြာသေးမီအချိန်က အမျိုးများရှိရာ နယ်မြို့လေးတစ်မြို့ကို ရောက်ခဲ့ပါတယ်။ ရောက်ရင်ပဲ အမျိုးများနဲ့ ပိုင်းဖွဲ့ပြီး စကားစမြည်ပြောဖြစ်ကြတာပေါ့။

ဒီအချိန်မှာ အသက်(၂၀)ကျော်အရွယ် ရုပ်ရည်ချောမောပြေပြစ်လှပပြီး ညိုးညိုးငယ်ငယ်နဲ့ ကောင်းမလေးတစ်ယောက် ရုတ်တရက် ရောက်လာပြီး ကျွန်မနာမည်ကို မေး၍ ကျွန်မက ခေါင်းညိတ်လိုက်သောအခါ အမျိုးများကြားမှ ကျွန်မရင်ခွင်တွင်း ခေါင်းတိုးဝင်ပြီး လူးခါ လှိမ့်ခါဖြင့် ရှိုက်ကြီးတငင်ငိုကြွေးပြီး...

'ဆရာမကြီး၊ အန်တီကြီး မီးငယ်ကို အကြံပေးပါဦး၊ ကူညီပါဦး'

ဆိုပြီး စကားကို ဗလုံးဗထွေး မပီမသ ပြောပြလေပြီ...

'သမီးနာမည် မီးငယ်လို့ ခေါ်ပါတယ်။ မီးငယ်အိမ်ထောင်ကျတာ (၅)နှစ် ရှိပါပြီ။ သမီးလေးတစ်ယောက် ရှိပါတယ်။ (၃)နှစ် ရှိပါပြီ။

အခု မီးငယ်ယောက်ျားက ဖေ့ဘုတ်(Face book)ပေါ်က တွေ့တဲ့ ကောင်မလေးနဲ့ငြိပြီး မီးငယ်ကို ကွာရှင်းခိုင်းနေတာ လအတော်ကြာပါပြီ။

မီးငယ်မခံစားနိုင်ဘူး။ လင်ယူစမ တစ်နှလတ်မလို့ လူအများက ကဲ့ရဲ့မှာကို အရမ်းကြောက်ပါတယ်။ သူနဲ့ မကွာရှင်းခင် မီးငယ် သတ်သေတာပဲ ကောင်းပါတယ်။

ဗေဒင်ဆရာတို့ နတ်ကတော်တို့ဆီ သွားမေးပြီး ယတြာချေတာလဲ မရပါဘူး။ ပိုက်ဆံကုန်တာပဲ အဖတ်တင်တယ်။ မီးငယ် ဘာလုပ်ရမလဲ။ မီးငယ်ကို အကြံဉာဏ်ပေးပါဦး'

'အေး... မီးငယ် တို့များပြောတာကို သေသေချာချာ နားထောင်ပါ။ အခု မီးငယ်က ပြောတယ်နော်။ နတ်ကတော်တို့ ဗေဒင်ဆရာတို့က ယတြာချေခိုင်းပေမယ့် မီးငယ်ယောက်ျားက စိတ်မပြောင်းဘဲ နောက်မိန်းမယူမယ်။ မီးငယ်ကို ကွာရှင်းခိုင်းတယ်။ ဒီလိုလား...

တို့များ ပြောမယ် သေသေချာချာ နားထောင်နော်၊ ဗေဒင်ဆရာပဲဖြစ်ဖြစ် နတ်ကတော်ပဲဖြစ်ဖြစ် သူ့နေရာနဲ့သူ တော်ကြတာ၊ တတ်ကြတာပါပဲ။

ဒါပေမယ့် အတိတ်ဘဝကပြုလုပ်ခဲ့တဲ့ ဝဋ်ကြွေးကြောင့် ဖြစ်လာတဲ့ ကံတရားကိုတော့ ဘယ်သူမှ မကူညီနိုင်ဘူး၊ ဘယ်သူမှ မတတ်နိုင်ဘူး။ မိမိပြုခဲ့တဲ့ အတိတ်ကံက အရိပ်ပမာ နောက်က လိုက်လာတာပဲ၊ အတိတ်ဘဝ အကြောင်းကြောင့်လို့ ပြောရမှာပဲ။

www.burmeseclassic.com

ဒီတော့ တို့များ အကောင်းဆုံး အကြံ ပေးလိုက်ချင်တယ်။ အဓိက မီးငယ်ရင်ထဲမှာ ခံစားနေရတဲ့ ကိလေသာအပူမီးကို ငြိမ်းအေးစေမှာ တော့ အမှန်ပါ။

'ဘုရားကို သောက်တော်ရေ မကြာမကြာ ကပ်ပြီး ဤရေကဲ့သို့ ကြည်လင်အေးမြပါစေ လို့ ဆုတောင်း၊ မီးငယ်ယောက်ျားကို မေတ္တာ ရှေးရှုစိုက်စိုက်ပို့၊ နောက်ပြီး တပည့်တော်မ သည် မီးငယ်အမျိုးသား(မောင်ဖြူ)ဆို... မောင်ဖြူပေါ့နဲ့ပြီး ကာယကံမြောက် တခြား တခြားသော ယောက်ျားများနဲ့ ပျော်ပါးဖောက် ပြန်ခြင်း မရှိခဲ့ပါ၊

ဤသစ္စာစကားသည် မှန်ကန်ပါက တပည့် တော်၏ အမျိုးသားမောင်ဖြူသည် အခြား သောအမျိုးသမီးများနဲ့ လော်လီဖောက်ပြန် ခြင်းကင်း၍ တပည့်တော်မ၏ အပေါ်၌ သာမှတ်မှတ် မယားမှတ်မှတ်နဲ့ တလင် တမယားစနစ်ဖြင့် ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းချင်စိတ် ရှိပါစေ'

လို့ ယုံယုံကြည်ကြည် ဆုတောင်း ပေးပါ။

နောက်ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါး လုံးကို အချိန်မရရင် အရဟံဂုဏ်တော် တစ်ပါးကို (၁၀၈)လုံးပုတီးကုံးဖြင့် ရသလောက်စိပ်ပါ။

ပုတီးမပါဘဲနဲ့လဲ အရဟံဂုဏ်တော် ကြီးကို ကြည်ညိုစိတ်နဲ့ ပွားများပေးပါ။ မကြာမကြာ ပုံတော်ကို ဂုဏ်တော်နဲ့ ပူဇော်ပေးပါ။

**အရဟံ**... ကိလေသာကင်းစင် တော်မူသော မြတ်စွာဘုရား။

**အ,ရဟံ**... ဆိတ်ကွယ်ရာအရပ်၌ ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

**အရ,ဟံ**... ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

အဲဒီလို မြတ်စွာဘုရားရှင်ရဲ့ အရဟံ ဂုဏ်တော်ကြီးကို ရည်မှန်းပြီး ယုံယုံ ကြည်ကြည်နဲ့ ပွားများကြည့်လိုက်ပါ။ စိတ်သောကတွေ အေးချမ်းလာပါလိမ့် မယ်။

ကျွန်မလဲ မီးငယ်ကို အကြံပေးပြီး လအတန်ငယ် ကြာသောအခါအမျိုး များရှိရာ နယ်မြို့လေးကို ရောက်ခဲ့ပြန် တယ်။

ဤအချိန်ပြန်တွေ့ရသော မီးငယ် သည် ယခင်ကလို ညှိုးငယ်ပြီး ငိုကြွေး ခြင်းမရှိတဲ့အပြင် ကျွန်မကိုတွေ့သော အခါ ပြုံးပြုံးရွှင်ရွှင် ရယ်ကာမောကာ ဖြင့် သူ့ရဲ့ ဖြစ်ကြောင်းကုန်စင်များကို ပြောပြသည်မှာ...

'မီးငယ်လေ... အရဟံဂုဏ်တော်ကြီးကို အချိန်ရရင်ရသလောက် စိတ်ထဲကနေ အဖန်ဖန် ပွားများပါများလာတော့ စိတ်ထဲမှာ ခံစားနေရတဲ့ ပူလောင်သောက ရောက်နေ တာတွေ တဖြည်းဖြည်းနဲ့ လျော့ပါးလာတဲ့ အပြင် အမျိုးသားကလဲ သူ့အမှားကို ခွင့်လွှတ်ပါ။ တအင်စိတ်လွှတ်သွားတယ်။ နောက် ဒီလို မဖြစ်စေရပါဘူးလို့ ကတိပေး တယ်လေ။

နောက်ပြီး အကယ်၍များ မီးငယ် ရဲ့ အမျိုးသားက ပစ်သွားခဲ့ရင်တောင် ကံပေးသလောက်ပဲ ပေါင်းဆုံခွင့်ရှိတာ ပါလားလို့ သည်းခံစိတ်ဝင်လာပြီလေ။

အဲဒါကြောင့် မီးငယ်ကို အကြံ ကောင်းများပေးတဲ့ အန်တီဆရာမကြီး ကို အကြိမ်ကြိမ်အခါခါ ကန်တော့ပါ ရစေ'

ဟု ဆိုသောအခါ...

'နေပါစေ မီးငယ်၊ တို့များကို ကန်တော့မယ့်အစား ကျေးဇူးကြီးမား လှတဲ့ မြတ်စွာဘုရားရှင်ကိုသာ အကြိမ် ကြိမ် ကြည်ညိုပြီး ကန်တော့ပါ'

မီးငယ်တစ်ယောက် အရဟံ ဂုဏ်တော်တစ်ပါးကို ယုံယုံကြည်ကြည် ပွားများလိုက်တာနဲ့ ရင်ထဲမှာ ခံစားနေရ တဲ့ ကိလေသာအပူမီးကို ငြိမ်းအေး စေနိုင်တယ်ဆိုရင်ဖြင့် မြတ်စွာဘုရားရှင် ရဲ့ ဂုဏ်တော်ကိုးပါးလုံးကိုသာ ယုံကြည် စွာ ပွားများပါလျှင် အဘယ်မျှ အကျိုး ထူးတွေ ခံစားရမည်ကို မှန်းဆ၍ပင် မရနိုင်ပါ။

ဒါကြောင့် တစ်ခါက ကိလေသာ လောင်မြိုက်လို့ မှောင်မိုက်မှာမငိုဘဲ ကျွန်မရဲ့ရင်ခွင်ထဲကို တိုးဝင်၍ လူးခါ၊ လွန့်ခါ ငိုရှာတဲ့ တစ်မြို့တစ်ရွာက မီးငယ်ဆိုတဲ့ ကောင်မလေးရေ တို့များ စိတ်ထဲ တွေးထင်မိပါရဲ့ "မပဋ္ဌာ ပေလားလို့"...

အခုတော့ မြတ်စွာဘုရားရှင်ရဲ့ အရဟံဂုဏ်တော်ကြီးကို ယုံယုံ ကြည်ကြည်ပွားများခဲ့လို့ စိတ်သောက တွေ ကင်းဝေးခဲ့ရပါတယ်လို့ ကျွန်မနဲ့ တွေ့ဆုံခဲ့တဲ့ ကောင်မလေးတစ်ယောက် ရဲ့ အကြောင်းကို ရေးသားလိုက်ရပါ တယ်။

ဒါကြောင့် ဗုဒ္ဓဘာသာဝင် အမျိုး သမီးလေးများ မီးငယ်လိုအဖြစ်မျိုး ကြုံတော့မယ်ဆိုရင် **မိမိ၏ ကိုယ်ကျင့် တရားကိုသစ္စာဆိုပါ။ အရဟံဂုဏ် တော်ကြီးကို ယုံယုံကြည်ကြည်ပွား များကြည့်လိုက်ပါက စိတ်သောက ပူလောင်မှုမှ လွတ်ကင်းပြီး စိတ်၏ ချမ်းသာခြင်းသုခကို မုချမသွေ ရောက်နိုင်ပါလိမ့်မယ်လို့** အကြံပြု တိုက်တွန်းရင်း ဤဖြစ်ရပ်မှန်လေးအား ရေးသားလိုက်ပါတယ်။

***မေတ္တာအလင်းရောင်ဆောင် အောင် နိုင်ကြပါစေ၊ သစ္စာအလင်းရောင်ဆောင် အောင်နိုင်ကြပါစေ။***

**ဆောင်းလဝန်းဖြူ**



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

**ရှင်ရသေ့** ။ ။ 'ရာသီဥတု ပြောင်း ပေမယ့် မပြောင်းတဲ့ ရေ တွေ့ရတော့မယ်။ အုန်းပွဲ(၃)ပွဲကို ကြည့်ထား'

လို့ ပြောနေစဉ်မှာပင် "ရှူး"ဆိုတဲ့ အသံကြားပြီး ကျွန်တော့်အတွက် ပူဇော်ထားတဲ့ အုန်းနီသီးနဲ့ပွဲ ဖယောင်း တိုင်မီး ငြိမ်းသွားတယ်။ ကျွန်တော်ဟာ ဖယောင်းတိုင် အလွတ်တစ်တိုင်ယူပြီး ထပ်မံပြီး မီးထွန်းလိုက်တယ်။

'ဟာ...အုန်းသီးပေါက်သွားပြီ'

အုန်းသီးမှာ လက်ညှိုးရွယ် မီးကျွမ်း ပေါက်တစ်ပေါက် တွေ့ရတယ်။

**ဘရသေ့** ။ ။ 'အဲဒါ (၁၂)လ (၃) ရာသီ မပြောင်းတဲ့ ရေ ကွယ့်၊ သတိထားပါ'

တဝီဝီနဲ့ ပျံလာတဲ့ ပိုးတွေ ရာချီ ချက်ချင်းပျံလာပြီး ကျွန်တော့်ရဲ့ ကိုယ် ခန္ဓာအနှံ့မှာ နားတော့တာပါပဲခင်ဗျား။

ဘရသေ့ ကြိုတင်သတိပေးထား ပေမယ့် ကြောက်စိတ်မပြေပါ။

ပိုးသတ္တဝါတွေနားတဲ့ နေရာတိုင်း မှာလဲ ကျဉ်စက်နဲ့ အတို့ခံရသလို ကျွန်တော် အတော်ကလေးကို ဝေဒနာ ခံနေရတယ်။ ပိုးသတ္တဝါတွေဟာ ခန္ဓာ မှာနားပြီးတိုင်း အောက်ကို ကြွေကျပြီး ဆန့်ငင်ပြီး သေကြတယ်။ လုံးဝ မပျံ နိုင်တော့ပါဘူး။ လူမမာ လာမေးကြ တဲ့ သူတွေဟာ တအံ့တဩနဲ့ ပြောကြ တယ်။

**ရှာသား** ။ ။ 'ဒါဟာ စုန်းတိုက် နတ်တိုက်ကွ၊ ဒါ ကြောင့် တို့လူဟာ ဒီလို ဖြစ်နေတာ'

တစ်ယောက်တစ်ပေါက် ပြောပြီး စုတ်တသပ်သပ်နဲ့ပေါ့။

မယုံလျှင် ပုံပြင်မှတ်ပါ

# ဝိညာဉ်ရဲ့ အတွေ့အကြုံဆန်းများ (၂)

ကနေဒါရှိ သရော်စုန်းမြွေ



ကျွန်တော်ဟာ သတိပြန်လည်ဝင် လာပြီး ဘာပိုးလဲဆိုတာ ကြည့်မိတယ် ခင်ဗျား။

အို... အုန်းပင်ပေါ်မှ အုန်းပိုးတွေ ပါလား။ ကျွန်တော် အံ့သြလို့ မဆုံး ဘူးခင်ဗျား။ ကျွန်တော် ခွက်ကြီး တစ်လုံးထဲသို့ ကောက်ထည့်လိုက်မိ တယ်။

ကောင်ရေ သုံးရာ ,လေးရာ,ငါးရာ ကလိမ့်မယ်မထင်။ ခွက်ကြီးနဲ့ အပြည့် ည(၁၂)နာရီလောက်ဆို တဖြည်းဖြည်း ပါးလာတယ်။ အနီးတစ်ဝိုက် အုန်းပိုး တွေ ကုန်ပြီနဲ့တူတယ်။

**ရှင်ရသေ့** ။ ။ 'လူလေး အိပ်တော့၊ အသက် မှန်မှန်ရှူပြီး အိပ်ပါ။ ဘာမှ မစိုးရိမ်ပါနဲ့၊ ဘရသေ့ အမြဲစောင့်နေတယ်'

ကျန်းမာရေး သိပ်မကောင်းတဲ့ ကျွန်တော်ဟာ ဘရသေ့ ညွှန်ကြားတဲ့ အတိုင်း အိပ်လိုက်ပါတော့တယ် ခင်ဗျား။

ညသန်းခေါင်ကျော် (၁)နာရီ

www.burmeseclassic.com

လောက်မှာ ကျွန်တော် တစ်ကိုယ်လုံး ကိုက်ခဲလာတယ်။

'အလိုလေး... ဘုရား... ဘုရား... မြတ်စွာဘုရား ကယ်မတော်မူပါ အရှင်ဘုရား'

တဖြည်းဖြည်း အကြောတွေ ကွေးလာတယ်။ ဆန့်လို့လဲ မရတော့ဘူး။ ကျွန်တော် မောဟိုက်လာတယ်။ ချွေးသီးချွေးပေါက်များ မိုးရေများပမာ စို့ရွှဲနေတယ်။

လူနာစောင့်တွေဟာ ရုတ်တရက်နိုးလာပြီး အထိတ်တလန့် ဖြစ်နေသော ကျွန်တော့်ကို ဝိုင်းနှိပ်ကြတယ်။ မန်းမှုတ် ရွတ်ဖတ်ကြတယ်။ တစ်ယောက်တစ်ပေါက် ပြောသံ ဆိုသံတွေကြောင့် တစ်ရွာလုံး လူတွေရောက်လာကြတယ်။

ယခုတစ်ကြိမ်တော့ သေတော့မယ်ပေါ့။ ငိုသူငို ပြောသူပြောပေါ့။ ကျွန်တော့်မှာတော့ မေ့မြောလုလု ဖြစ်နေဆဲပါ။

၁။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊
ယဒါပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
၂။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊
ယဒါပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
၃။ သဗ္ဗေ သင်္ခါရာ အနတ္တာတိ၊
ယဒါပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

ဩော်... ဒီအသံဟာ ဘရသေ့ရဲ့ အသံပဲ။ စိတ်ထဲမှာ ဝေဒနာ သက်သာပြီး အမောပြေသလို ဖြစ်လာတယ်။ တောင့်တင်းနေတဲ့ ခန္ဓာနဲ့ ကြောတွေလဲ လျော့လာတယ်။ ဝေဒနာ သက်



သာလာတာနဲ့ မျက်လုံး ဖြည်းဖြည်းချင်း ဖွင့်ကြည့်မိတယ်။

**ကျွန်တော်** ။ ။ 'ကျွန်တော် ဘာဖြစ်တာလဲဗျာ'

**ရွာသား** ။ ။ 'ဟော့...ဟော့... မသေသေးဘူးကွ'

ဝမ်းသာအားရနဲ့ အော်ပြောနေတယ်။ ကျွန်တော့်အိမ်တွင် ရှိနေသော လူနာမေးသောသူ အပေါင်းဟာ ဝမ်းသာလွန်းလို့ တစ်ယောက်တစ်ပေါက် ဆူညံနေကြတယ်။

**ကျွန်တော်** ။ ။ 'ကျွန်တော် ဘာမှ မဖြစ်ပါဘူး ခင်ဗျား၊ သတိလစ်သွားတာပါ'

**ရွာသား** ။ ။ 'ဟော့ကောင်ရ... မင်း ဘာဖြစ်နေတယ် ဆိုတာလဲ ပြောပါကွာ။ မင်းအမေ၊မင်းဖနီးတွေဟာ ထူပူပြီး ဘာမှ ပြောမတတ်တော့ဘူး'

**ကျွန်တော်** ။ ။ 'စိတ် မပူပါနဲ့ဗျာ၊ ကျွန်တော်ဟာ ဘာမှ မဖြစ်ဘူး။ အိပ်မပျော်တော့ စားပျက်တယ်လေ၊ စားပျက်တော့ အားနည်းတယ်ပေါ့။ တစ်ခါတလေ အားပြတ်ပြီး မေ့တေ့တေ့ ဖြစ်ချင်တာဗျာ'

**ရွာသား** ။ ။ 'ကောင်းကွာ... မင်း အတွက် တို့တစ်ရွာလုံးက စိတ်ပူနေရတာ'

**ရှင်ရသေ့** ။ ။ 'လူလေး သတိရလာပြီလား'

**ကျွန်တော်** ။ ။ 'ဟုတ်ကဲ့ ခင်ဗျား ဘရသေ့'

**ရှင်ရသေ့** ။ ။ 'ဘုရားစင်ပေါ်မှာ ဆွဲထားတဲ့ လည်ဆွဲ ဘုရားပုံတော်ဟာ ဘယ်ချိန်က ရထားသလဲကွယ့်'

**ကျွန်တော်** ။ ။ 'ကျွန်တော့် အဖေ ငယ်ငယ်တုန်းက ရခဲ့တာပါ။ ကျွန်တော့်ကို ယိုးဒယားမှ ရှေးဟောင်းဘုရားဆိုပြီး ပေးခဲ့တာပါ'

**ရှင်ရသေ့** ။ ။ 'ဒီလည်ဆွဲ ဘုရားငယ်လေးဟာ ရှေးနှစ်ပေါင်းများစွာက ဝိဇ္ဇာဓိုရ်တွေ ကွမ်းရိုးတစ်ခါတို့ ဌာပနာပြီး နောင်လာနောက်သားအတွက် ထားခဲ့တာ။ တပည့်ကတော့ ကံထူးပေသဗျာ။ ရှေးဘဝက ကုသိုလ်ဆိုတာ ဒါမျိုးနဲ့ တူတယ်လေ။

ဒီနေ့ဟာ ဂုဏ်တော်ကိုးပါး ပုတီးစိပ်တာ ကိုးရက်ပြည့်ပြီ၊ ဝေဒနာဖြစ်နေတော့ မစိပ်နိုင်တာလဲ စိပ်လို့ရပြီ။ ကိုးရက်ပြည့်ပြီးပဲ အာဟာရဖြစ်အောင် ဝင်သလို စားပါ။

နောက်ပြီး လည်ဆွဲဘုရားကို သောက်တော်ရေတွင် စိမ်ပြီး သောက်ပါ။ ဝေဒနာ ပျောက်ပြီး အားပြည့်လာလိမ့်မယ်။ **(ဘရသေ့ စကားရှည်ကြီး ပြောပါတယ်။ ထပ်မံ ပြောပြန်တယ်။)**

ဒီဆွဲကြိုးနဲ့ တွဲထားတဲ့ ဘုရားဟာ တန်ဖိုးအနဂ္ဃ မနည်းဘူး။ တပည့် ဘုရားရှိခိုးကန်တော့တဲ့အခါမှာ လူလေး မျက်စိနဲ့ တန်းနေအောင် ချိတ်ပါ။ လူလေးနဲ့ လည်ဆွဲဘုရားဟာ နှစ်တောင်လောက်ပဲကွာမယ်။ လူလေးနဲ့ ဘုရားအကြား ခုံတစ်လုံးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com

အလင်းတိုင်တစ်တိုင် ထွန်းထားပါ။

ဘုရားရှိခိုးပြီးတိုင်း ဘုရားမီးတိုင်ကို ကြည့်နိုင်သမျှ မျက်တောင်မခတ် စေတမ်းကြည့်ပါ။ အနည်းဆုံး ငါးရက်တိုင်တိုင် ကြည့်ပါ။ လူလေးရဲ့ ဝေဒနာ သက်သာလာပြီး တပည့်လေး မိုးပေါ်မှာ ပျံနေတဲ့ငှက်ကလေးလို လိုရာစခန်း ပျံသန်းကူးခပ်နိုင်ပါပြီကွယ်' ***(ဘရသေ့ဟာ စေတနာထက်သန်စွာ ကရုဏာထား၍ ပြောပြရှာပါတယ်။)***

ကျွန်တော်ဟာ ဘရသေ့ မိန့်ကြားတဲ့အတိုင်း ဘုရားကန်တော့ရှိခိုးနိုင်နေပြီ။ လည်ဆွဲဘုရားရတနာကို သောက်တော်ရေနဲ့ စိမ်ပြီး ဆေးအဖြစ် မှီဝဲ၍ မိမိရှေ့တွင် ဖယောင်းတိုင်မီးကိုလဲ (၅)မိနစ်မှ (၁၀)မိနစ်တိုင် မျက်တောင်မခတ် တစ်သမတ်တည်း စိုက်ကြည့်နေရင်းနဲ့ (၅)ရက်ပြည့်ပါပြီ။ (၀ါ) (၅)ည ပြည့်ပါပြီ။

ထိုည (၆)ညမြောက် ဘုရားရှိခိုးပြီး အမျှဝေပါပြီ။

**ဘရသေ့** ။ ။ 'သာဓု သာဓု သာဓု လူလေး ဘရသေ့ တာဝန်ပြီးပါပြီ။ စာတစ်ပုဒ် ဆိုပြမယ်။ လူလေး ပဋ္ဌာန်းဆက်ရှိတော့ (၃)ခေါက် ဆိုပြမယ်။ ကောင်းကောင်းမှတ်ထားပါ။ လိုက်ဆိုပါ။ ကဲဟေ့ စပြီ...အချိန်မရှိ၊ ကောင်းသူ ကယ်ရမယ့်တာဝန် ရှိသေးတယ်။

"ဆေးဒန်း,လက်ချား,စိန်နီအား မှတ်သား။ ကန့်,ဇဝက်သာ ငါးပါးမျှတူ။ ဟင်းရိုင်းမှုကဲ့ယူချိန်တည့်။ သံပရာရည် ရစ်နေ မသွေ လှမ်းသုံးရက်၊ သူရာတစ်ဖန် နှောလေပြန်၊ အမှန်ယွင်းမပျက်။ မိုင်းခံဖြန့်ခင်း ဒယ်အိုးသွင်း။ ဆေးသွင်းသည့်အချက်၊ စလောင်းအုပ်ပါ၊ ကော်ထေးပါ၊ အမှန်လုပ်လေကွယ်။ ကော်ဆေးမှာမူ မြေနီယူ ချိန်မှုကိုးကျပ်ကွယ့်၊ ငါးမတ်ခုံညင်းအဆန်သွင်း၊ ထမင်း



ရည်အစွက်၊ နွေးနွေးမီးအပေး၊ တိုက်ပေးမီး အချက်၊

တစ်နေကုန်လျှင် အေးလေစေ ချိန်လေသွေမပျက်၊ ကြေးနီဆယ်ကျပ် ဆေးတစ်ကျပ်၊ ပစ်ခတ်ချော်နီထွက်၊ ဂဠုန်ချော်မင်း၊ ဘော်လေးသွင်း၊ နီဝင်းသဏ္ဍာန်ထွက်။ နောက်ကိတ်နှင့် တွဲစပ်အမြဲ သင့်အတွက် စားလမ်းကွယ့်" ***(သန့်စင်ပြီးတတ်သား တစ်ကျပ်သား ကိတ်သုံးမှု။)***

လူလေး ရွှေကံထူးလို့ သုံးခေါက်ဆိုတော်လောက်ပြီ။ ဆရာရသေ့ တာဝန်ပြီးပါပြီ။ ဆရာရဟန်း တာဝန်ယူလိမ့်မယ်။

**သဗ္ဗေ** – ခပ်သိမ်းကုန်သော ဝေနေယျ သတ္တဝါအပေါင်း အပေါင်းတို့သည်၊ **သုခံ**–ချမ်းသာကြကုန်စေသတည်း'

**ကျွန်တော်** ။ ။ 'ဘရသေ့ ဘွဲ့တော် မိန့်ကြားပါဘုရား'

**ဘရသေ့** ။ ။ 'ရှေးဘဝက ကုသိုလ်ထူးရှိတဲ့ တပည့်၊ ဆရာ ရသေ့နာမည်ကို သိဖို့မလိုအပ်၊ နောက်တော့ အလိုလို သိလာလိမ့်မယ်။ တစ်နေ့ တစ်ချိန်မှာ သာသနာပြုနိုင်ရန်သာ တပည့်ကြီး ကြိုးစားပေတော့'

ဘရသေ့ဟာ ကျွန်တော့်ကို လိုအပ်တာ မှာကြားပြီး သိတင်းသုံးရာသို့ ကြွသွားပြီ ထင်ရ၏။

## အပိုင်း [ ၃ ]

### လောကီနှင့်လောကုတ္တရာနှစ်ဖြာ

ယခုအပိုင်း(၃)ဟာ ကျွန်တော့်ရဲ့ အရည်အချင်းနဲ့ ရေးပြ ဖော်ပြရတာ ဝန်လေးလှပါတယ်ခင်ဗျား၊ ဒါပေမယ့် ရေးသားမှု အဆင်မပြေပါက ပြင်ပေးကြပါ။

အထူးသဖြင့် ပုဂ္ဂိုလ်ထူးများနဲ့သာ တွေ့ဆုံရတာ။ စာရေးသားမှု ဗဟုသုတနည်းတာကလဲ တစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင် တတိယကဏ္ဍကို မကျွမ်းကျင်တာက တစ်ကြောင်းကြောင့် ကျွန်တော့်ကို အမှားတွေ့ရင်လဲ ခွင့်လွှတ်ကြပါခင်ဗျား။ တောင်းပန်လျက်ပါ။

ကျွန်တော့်ရဲ့ အာရုံတွေဟာ တည်ငြိမ်မှု မရသေးပါ။ ဘရသေ့ရဲ့ စာပုဒ်ကို အပြန်အလှန် ရွတ်ဆိုနေတယ်။ နှုတ်တက် တရွရွလေး ဆိုလာနိုင်တယ်။ ဘရသေ့ ဘာကို ရည်ရွယ်ပြီး ကျွန်တော့်ကို သင်ပေးခဲ့တာကိုလဲ မသိပါ။

ကျွန်တော့်ရဲ့ နေ့စဉ်အလုပ်ကတော့ တာဝန်မပျက်ပါ။ "သိရည်မှ ဂါထာ"ကို ရွတ်ဆိုတယ်။ ဘုရားရှိခိုးကန်တော့တယ်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်နဲ့ ဆရာ...ဆရာများ၊ မိဘဆွေမျိုးများပါမကျန် အမျှဝေပြန်တယ်။

"သာဓု သာဓု သာဓု" ဆရာရဟန်းရဲ့ သာဓုခေါ်သံ ကြားရပြန်တယ်။ ဆရာရသေ့နဲ့ ဘိုးဘိုးကိုလဲ မြင်ရနိုးနဲ့ အာရုံဖြင့် လိုက်ကြည့်မိတယ် ဒါပေမယ့် မတွေ့ရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

**ရှင်ရဟန်း** ။ ။ 'ဒကာလေး ဆရာ နှစ်ပါး မရှိတော့ဘူး။ သူတို့ ဘဝကုန်ကျေပါပြီ။ ဒကာလေး ပြုတဲ့ ကုသိုလ်သာ အမျှဝေပါ'

**ကျွန်တော်** ။ ။ 'မှန်ပါ ဘုရား'

**ရှင်ရဟန်း** ။ ။ 'ဒကာလေးရဲ့ ဆရာ နှစ်ပါးဟာ ဒကာလေး ဓာတ်ပေါက်အောင် ဖြတ်လမ်းက ဓာတ်သွင်းခဲ့တာ'

**ကျွန်တော်** ။ ။ 'မှန်ပါ ဘုရား'

**ရှင်ရဟန်း** ။ ။ 'ဆရာရသေ့က ဓာတ် သေအောင် စီစဉ်ခဲ့ တယ်။ ယခုတစ်ခါ ဓာတ်သေပြီး ဒကာ လေးဟာ ဓာတ်ချေရမယ်'

**ကျွန်တော်** ။ ။ 'တင်ပါ့ ဘုရား'

**ရှင်ရဟန်း** ။ ။ 'ဓာတ်သေအောင် လုပ် ရင် လောကီစည်းစိမ် ရတယ်။ ဓာတ်ကျေအောင် ချေရင် လောကုတ္တရာစည်းစိမ်ရတယ်။ မဂ် ဖိုလ်နိဗ္ဗာန် စည်းစိမ်ကိုရတယ်'

**ကျွန်တော်** ။ ။ 'တင်ပါ့ ဘုရား'

**ရှင်ရဟန်း** ။ ။ 'ဒါကြောင့် ဒကာလေး ဟာ ဓာတ်ကျေအောင် ရှုမှတ်ရမယ်။ မချေရင် လောကအလယ် မှာ မြင်အာရုံရှင်၊ ကြားအာရုံရှင်ဖြစ်ပြီး ရူးချာချာ ဖြစ်နေမယ်'

**ကျွန်တော်** ။ ။ 'တင်ပါ့ ဘုရား'

**ရှင်ရဟန်း** ။ ။ 'ရှေး စဉ်လာစဉ်ဆက် အားထား ပြုကျင့်တဲ့ ကျင့်တရား မှတ်တရားတွေကို ပြောပြ မယ်။ နားထောင်ပေတော့ ဒကာ လေး...

ဝိပဿနာဆိုတာ ရှုမှတ်ပွားများမှု ကိုခေါ်တယ်။

**ဝိ** – အထူး။

**ပဿနာ** – ရှုခြင်း၊ မှတ်ခြင်း။

❋ မိမိခန္ဓာကိုယ် အတွင်းအပြင်ကို ရှုခြင်း။



❋ လက္ခဏာသုံးပါး အာရုံတင်၍ ရှုခြင်း။

အနုနည်းနဲ့ ဒီလိုပဲ မှတ်ထားရမယ်။ အရင့်အမာတွေတော့ မဟုတ်လေရဲ့ ကွယ်။ ဒီတော့...

**နိစ္စ** – အမြဲမရှိသောသဘော၊

**ဒုက္ခ** – ဆင်းရဲတဲ့သဘော၊

**နတ္တ** – သခ်ါရ အစိုးမရခြင်းသဘော၊

မှတ်ထားနော်'

**ကျွန်တော်** ။ ။ 'တင်ပါ့ ဘုရား'

**ရှင်ရဟန်း** ။ ။ 'ဒါကြောင့် မိမိ မြင်နေ ရတဲ့ အရာခပ်သိမ်း ရုပ်ဝတ္ထု ပစ္စည်းတွေဟာ မတည်မြဲဘူး။ ဖြစ်ပြီးရင် ပျက်ရတော့မှာ အမှန်ပါ။ အဲဒီလို ဉာဏ်ဝင်ပြီး ဖြစ်လိုက် ပျက် လိုက်ကို နှလုံးသွင်းမိလာအောင် ကြိုး စားရမယ်။

ဒါကြောင့် နှလုံးသွင်းပြီး ဝိပဿနာ ဉာဏ် ထင်လာတာနဲ့ မတည်မြဲတဲ့ အကြောင်း ပေါ်လာလိမ့်မယ်။

ဒီတော့ ခန္ဓာထဲ လေရှူသွင်းတာကို **"ဖြစ်"**၊ ခန္ဓာတွင်းမှ လေရှူထုတ်တာ ကို **"ပျက်"** ဆိုပြီး ရှူရှိုက် ကမ္မဋ္ဌာန်း လုပ်ရမယ်။ အာနာပါနလဲ ခေါ်ကြ တယ်'

**ကျွန်တော်** ။ ။ 'တင်ပါ့ ဘုရား'

**ရှင်ရဟန်း** ။ ။ 'ဒကာလေး မှတ်မိ တယ်နော်၊ ဒီတော့ သမာဓိဆိုတာ လိုလာတယ်။ အာရုံရှိ ခေါ်သော ခန္ဓာကို စေစားနေသော စိတ်ကို နှာခေါင်းဝ နှာသီးမှာ ထားပါ။ ပြီးမှ ရှူသွင်းလေကို **"ဖြစ်"**၊ ရှူထုတ် လေကို **"ပျက်"** သတိကပ်ပြီး ဖြစ်– ပျက် ရှုမှတ်ပွားမယ်ဆိုရင် သမာဓိ ရလာမယ်။

သမာဓိရရင် စိတ်ပီတိကျပြီး ကောင်း၊ဆိုးနှစ်တန် ခွဲခြားနိုင်လာမယ်။ မိစ္ဆာဒိဋ္ဌိ စင်လာပြီ။ သမ္မာဒိဋ္ဌိ ရှင်သန် လာပြီ။ ထိုသူဟာ အကုသိုလ်စိတ် ပယ်လာတယ်။ ကုသိုလ်စိတ် ဆောင် လာတယ်။

ကဲ...ဒကာလေး ယခုအချိန်မှာစပြီး ရှူ–ရှိုက်–ဖြစ်–ပျက် ပွားများပေတော့'

ဟူ၍ တိုတိုနဲ့ လိုရင်းကို သင်ကြား ပေးပါတယ် ခင်ဗျား။

**ကျွန်တော်ဟာ ရှင်ရဟန်းရဲ့ နည်း နိဿယအတိုင်း ရှူရှိုက်ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရင်း အရအတော့ အမြင် အာရုံတွေ အကြားအာရုံတွေ တဖြည်း ဖြည်း ပျောက်ခဲ့ပါပြီ။**

**ရှင်ရဟန်း** ။ ။ 'ရှူရှိုက် တရားဟာ စိတ်ရောဂါ(ဝါ)သွက်ချာ ပါဒ ရောဂါတွေတောင် ကောင်းသကွယ်။ ကြိုး စားပြီး ရှုမှတ်ပွားများပါ'

ကျွန်တော်ဟာ ရှင်ရဟန်း လမ်း ညွှန်မှုအတိုင်း ဖြစ်–ပျက်တရား အား ထုတ်နေပါပြီ။ ရက်အနည်းငယ်တွင်း မှာ ဝေဒနာ သက်သာပျောက်ကင်းလာ ပါတယ် ခင်ဗျား။

**ရှင်ရဟန်း** ။ ။ 'သမာဓိ ရလာတော့ ငါ ရဟန်း အခက်တွေ့ လာပြီ၊ ပြောတာပြတာတွေဟာ ကြားရ မြင်ရတော့မှာ မဟုတ်ဘူးကွယ့်'

**ကျွန်တော်** ။ ။ 'တင်ပါ့ဘုရား အကြား



www.burmeseclassic.com

www.burmeseclassic.com

အမြင် နည်းလာပါပြီ ဘုရား၊ အိပ်လဲ ပျော် လာပါပြီ ဘုရား'

**ရှင်ရဟန်း** ။ ။'အေး... ဟုတ်ပြီ၊ ဝမ်းသာ စရာပဲပေါ့။

*(ဆက်ပြော)*

ဒကာလေး တရားအားထုတ်ရင်း နားထဲက လေလုံးကလေးတွေ မထွက်ဘူးလား၊ မျက်စိထဲက အရောင်တွေ မထွက်ဘူးလား'

**ကျွန်တော်** ။ ။'တင်ပါ့ဘုရား မျက်လုံးထဲက အလင်းတန်း အလင်းရောင်တွေ ထွက်သွားပါတယ်။ လေလုံးလေးတွေလဲ ထွက်ပါတယ် ဘုရား'

**ရှင်ရဟန်း** ။ ။'မျက်လုံးထဲမှ ထွက်လာသော အလင်းတန်းတွေဟာ ဘုရားစင်တိုင်မှာ ဆွဲထားတဲ့ ဒကာလေး လည်ဆွဲဘုရားမှာ ကြည့်ပါ'

**ကျွန်တော်** ။ ။'အလို... လည်ဆွဲဘုရားထဲမှာ ဖန်ဂေါ်လီလို လင်းလက်နေတဲ့ အရောင်တောက်နေသော ကျွန်တော့် ဆရာရသေ့ရဲ့ အလုံးကလေးပါလား'

**ရှင်ရဟန်း** ။ ။'ဒကာလေး စိတ်ချေလို့ ကျေပါပြီ။ အဲဒီဘုရားလေးကို အသုံးပြုပြီး သာသနာအကျိုး ဆောင်ရွက်ပါ။ တရား နေ့တိုင်း အားထုတ်ပါ။ စိတ်ကျေပြီးဖြစ်တဲ့ လူလေး ရောဂါက တစ်နေ့တခြား သက်သာလာပါလိမ့်မယ်။

ဆရာရဟန်းပေးသော နည်းလေးကိုသာ လက်ကိုင်ထားပြီး သာသနာအကျိုး ပြုနိုင်ပါစေကွယ်'

**ကျွန်တော်** ။ ။'ပေးတဲ့ဆုနဲ့ ပြည့်စုံလိုပါ၏ ဘုရား'

**ရှင်ရဟန်းအသံပေါ်လာပြန်တယ်။**

ဥဏှီသံ စတုရော ဒါဌာ၊



ဒွေအက္ခ ကာစ သတ္တဓာ၊
အသမ္ဘိန္နာ ဝိသေ သတော၊
သေသာ ဘိန္နာ ဓာတုယော။

**ဥဏှီသံ** – နဖူးသင်းကျစ်တော်သည်လည်းကောင်း၊

**စတုရော ဒါဌာ** – လေးချောင်းသော စွယ်တော်တို့သည်လည်းကောင်း၊

**ဒွေအက္ခကာစ** – ညှပ်ရိုးတော် နှစ်ချောင်းသည်လည်းကောင်း၊

**ဣမေ**–ဤသို့ **သတ္တဓာ** – ခုနစ်ပါးကုန်သော၊ **ဓာတုယော**– ဓာတ်တော်တို့သည်၊ **အသမ္ဘိန္နာ** – မကွဲမပျက်သည်ဖြစ်၍ အသမ္ဘိန္နဓာတ် မည်ကုန်၏။

**သေသာ**–ကြွင်းကုန်သော ဓာတ်တို့သည်၊ **ဝိသေသတော** – အထူးအားဖြင့်၊ **ဘိန္နာ**–ကွဲပျက်သည်ဖြစ်၍၊ **သမ္ဘိန္န**–ဓာတ်မည်ကုန်၏။

**ရှင်ရဟန်း** ။ ။'ဒကာလေး ကြားတယ်နော်၊ လည်ဆွဲဘုရားမှာ ကိန်းအောင်းနေသော ဓာတ်ဟာ ကွဲပျက်နိုင်သော သမ္ဘိန္နဓာတ်သာ ဖြစ်ပေတယ်။ ကောင်းမွန်စွာ အသုံးပြု၍ သာသနာအကျိုး ဆောင်ရွက်ပါလေ'

**ကျွန်တော်** ။ ။'အမြုတေ တွေဟာ ဘယ်လိုလဲ ဘုရား'

**ရှင်ရဟန်း** ။ ။'အမြုတေ အမျိုးမျိုးဟာ ကွဲပျက်နိုင်သော သမ္ဘိန္နဓာတ်သာလျှင် ဖြစ်တယ်။ မိမိကံကြမ္မာကြောင့် ရလာသော အမြုတေဟူသမျှ မိမိအတွက်သာလျှင် ဖြစ်တယ်။

ရောင်းဝယ်ခြင်းလဲ မပြုလုပ်ကောင်း၊ မကောင်းသော အကျိုးပြုလုပ်ငန်းတွင်လဲ အသုံးပြုမကောင်း။ အမြုတေဟာ ပတ္တမြားတစ်လုံးရဲ့ တန်ဖိုးဖြစ်တယ်'

**ကျွန်တော်** ။ ။'ဘယ်လို ပတ္တမြားမျိုးလဲ ဘုရား'

**ရှင်ရဟန်း** ။ ။'ပတ္တမြား အမျိုးပေါင်းစုံလှပါတယ်။ တန်ဖိုးမဖြတ်နိုင်လောက်အောင် ရှိသလို ငွေကြေးတန်ဖိုးကို မပြောကြတဲ့ ပတ္တမြားနှစ်မျိုး ရှိတယ်။ တို့ ပတ္တမြားတွေဟာ...

**၁။ ပတ္တမြားမျက်ရှင်**
**၂။ မျက်ရှင်ပတ္တမြား**

ဆိုပြီး နှစ်မျိုးရှိတယ်။ တန်ဖိုးကြီးစာရင်းထဲမှာတော့ ပတ္တမြားမျက်ရှင်ကို ကြိုက်နှစ်သက်သူတွေ အကြိုက်ဈေးနဲ့ ပေးဝယ်ကြတယ်။

ထိုပတ္တမြားမျက်ရှင်ကတော့ ပတ္တမြားမြေခေါ် ကျောက်တွင်းတွေမှာ ရတယ်၊ ထွက်တယ်။ များသောအားဖြင့် ဘုရားရဲ့ နဖူးသင်းကျစ်တော်မှာ ဌာပနာသုံးပြုလေ့ရှိတယ်။

**မျက်ရှင်ပတ္တမြားကတော့** တိရစ္ဆာန်ဟု ဆိုလိုသော သတ္တဝါတွေမှာ ရတတ်ပါတယ်။ ယင်းကို အမြုတေလို့ ခေါ်ကြပါတယ်။ ဥပမာ ကြောင်၊ ချိုး၊ တစ်တီတူး၊ ဥဒေါင်း၊ မြွေ ယင်းတို့အပြင် ရေသတ္တဝါတွေမှာလဲ ရတတ်သလို သစ်သီးသစ်ပင်တွေမှာလဲ ရတတ်ပါတယ်။

အစွယ်ရှိသော သတ္တဝါတွေမှာလဲ ရတတ်ပါတယ်။ ခြတောင်ပို့နဲ့ ကျောက်တုံးကျောက်ကြီးတွေမှာလဲ ရတတ်သေးတယ်ကွယ့်။

ဒါကြောင့် အမြုတေဟာ ကွဲရှ ပျက်စီးတတ်တဲ့ သဘောရှိခြင်းကြောင့် ယုံကြည်ရင်ဆောင်ထား အရမ်းမဲ့တော့ မလုပ်သင့်ဘူး။

ဒကာလေး ဘိုးဘိုးနဲ့ ဆရာရသေ့ ငါ ဆရာရဟန်းတို့ကို မတွေ့ချင်ဘူးလား။ ရွှေတိဂုံဘုရားနဲ့ ဘုရားစုံ မဖူးချင်ဘူးလား'

**ကျွန်တော်** ။ ။ 'ဘုရားစုံ ဖူးခြင်းနဲ့ ကျွန်တော့်ရဲ့ ဆရာသုံးပါးကို တွေ့ချင်တာပေါ့ ဘုရား။ ဒါပေမယ့် ငွေဆိုတာလဲ လိုသေးတယ် ဘုရား'

'ဟား...ဟား...ဟား... ဒကာလေး ရယ် ရွှေမရှား ငွေမရှား ဖြစ်နေပြီကွယ်။ သာသနာပြုရင်း အထက်မြန်မာပြည်ကို ရောက်အောင်လာခဲ့ပါ။ ငါတို့ ဆရာသုံးပါး စောင့်နေပါမယ်ကွယ်'

ဟူ၍ ရှင်းရဟန်းက ပြောပါတယ်။

ကျွန်တော်ဟာ ကျန်းမာနေပါပြီ။ တတ်သမျှ မှတ်သမျှ လာရောက်ကူညီတောင်းသူများအတွက် ဘုရားဂုဏ်တော်ကို ပွားများပြီး ကျန်းမာရေး စောင့်ရှောက်ပေးနေပြီး ဆရာရဟန်း မိန့်မှာတဲ့အတိုင်း ကျွန်တော့်အတွက် ရွှေမရှား ငွေမရှား ဆိုတာကို စဉ်းစားပေးကြပါ။

တကယ်လို့ မယုံလျှင် ပုံပြင်သဘော မှတ်လိုက်ပါခင်ဗျား။ ဤစာကို ဖတ်ရသူအပေါင်း ရှေးရှေးက ပါရမီထူးများ ရရှိသော ပုဂ္ဂိုလ်ထူးများ ဖြစ်ပါစေ ဆိုတာ ဆုတောင်းပေးပါတယ်ခင်ဗျား။

လည်ဆွဲဘုရားမှာ ကျွန်တော်တို့ရဲ့ အိမ်မိုင်ဘုရား၊ တစ်နည်း အဖေ အဆောင်အဖြစ် ပူဇော်ပြီး သားဖြစ်သူ ကျွန်တော်အား လွှဲပြောင်းပေးထားသော ရှေးဘုရား ပုံတော်တစ်ဆူ ဖြစ်ပါတယ်။

**ကနက်သီရိ ဆရာအုန်းရွှေ**

စာရှုသူ...

သုတေသီ...

ပညာရှင်များခင်ဗျား...

ဤဆောင်းပါးမှာ (၁၂-၂-၁၉၉၉)ခုနှစ် နေ့စွဲနှင့် ရေးသားပေးပို့လာသော ဆောင်းပါးဖြစ်ပါသည်။ ထိုစဉ်က အခြေအနေအရ မဖော်ပြနိုင်ခဲ့ပါ။ ယခုအခါ ဖော်ပြလိုက်ပါသည်။

ဤစာမူပါ သက်ဆိုင်ရာ ပုဂ္ဂိုလ်မှ အတွေ့အကြုံများကိုလည်း ဆက်လက် ရေးသားပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

အခြားသော ပုဂ္ဂိုလ်များမှ ဝိဇ္ဇာ အတွေ့အကြုံများကိုလည်း ရေးသား ပေးပို့ကြပါရန်...

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**


**မည်သူမဆိုပါဝင်ရေးသားနိုင်ပါသည်...**

*စာမူပို့လိုက...*

**ဦးကျော်မိုးသိန်း**
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၄ (မြေညီ)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။

**၀၉-၇၇၆၃၄၉၇၈၆**
**၀၉-၉၆၈၀၀၀၉၂**

www.burmeseclassic.com

ကိုယ်တွေ့

# လေ့ဦးတိုက် လှည်းဦးတိုက်

ရှုမိန်
(တိုးချောင်ကြီး)



တစ်နေ့သော နံနက်မှာ ငယ်ပေါင်း သူငယ်ချင်း သိန်းညွန့်တစ်ယောက် မနေ့မှော်လင့်ဘဲ အိမ်ကို ရောက်လာသည်။

'ဟာ...သူငယ်ချင်း ဖုံမဆင့် ဆိုင်းမဆင့် ရောက်လာပါလား၊ ဘယ်က လှည့်လာလဲ'

'မင်းဆီကို တမင်လာခဲ့တာကွ'

'ကဲ...လာ ထိုင်ကွာ'

ဟု ပြောပြောဆိုဆို စာရေးသူမှ အိမ်ရှေ့ဧည့်ခန်း ဆက်တီကုလားထိုင်သို့ ခေါ်ဆောင်သွားပါသည်။

'လာရင်းကိစ္စက အလည်သက်သက်ပဲလား'

'အေး... အလည်သက်သက်လဲ ပါတယ်။ မင်းဆီကလဲ အကြံဉာဏ် လေးတောင်းချင်လို့ လာတာကွ'

'ပြော...ဘာကိစ္စလဲ'

'ငါ တောင်ဒဂုံမှာ အိမ်ခြံမြေ တစ်ကွက် ဝယ်မလို့ကွ၊ အဲဒါ ကောင်း, မကောင်း မင်းဆီလာပြီး အကြံဉာဏ် တောင်းဖို့လာတာ'

'အိမ်ခြံမြေ ဝယ်တာပဲ ကောင်းတာပေါ့ကွ'

'မဟုတ်သေးဘူးလေ၊ ငါ့စကားကို ဆုံးအောင် နားထောင်ပေးပါဦးကွ၊ ငါဝယ်မယ့်ခြံက လေ့ဦးတိုက်,လှည်းဦး တိုက်ကျနေလို့ ခိုက်တယ်ဆိုပြီး ဘယ်သူမှ မဝယ်ရဲတဲ့ခြံ ဖြစ်နေတယ်ကွ။

ဝယ်ဈေးကလဲ သက်သာ၊ နေရာ အကွက်အကွင်းကလဲ သိပ်ကောင်း တော့ ငါ့က သိပ်သဘောကျနေတာ။

အဲဒီအတွက် မင်းက စာတွေပေတွေ ရေးနေတော့ ကောင်း,မကောင်း မင်းနဲ့ တိုင်ပင်မှ ဖြစ်မယ်ဆိုပြီး လာခဲ့တာပဲ'

'မင်းက ငါ့များ ဆရာကြီး အောက်မေ့နေသလား၊ စာတိုပေစလေး ရေးတတ်တဲ့ အဆင့်မဲ့ ရှိပါတယ်ကွာ။ ကဲ... မင်းဝယ်မယ့် အိမ်,လမ်း အခြေအနေလေး ငါ့ကို ပြောပြစမ်း'

'အေး...ပုံဆွဲပြီး ပြောပြရင် ပိုအဆင်ပြေမယ်။ ဒါမှ မင်းမျက်လုံးထဲမှာ ပေါ်လာမှာ ငါပုံဆွဲပြမယ်'

စာရေးသူမှ စာရွက်လွတ် တစ်ရွက်နှင့် ဘောလ်ပင်ကို ထုတ်ပေးလိုက်ရာ သိန်းညွန့်မှ အောက်ပါအတိုင်း ဝယ်ရမည့် အိမ်,မြေ,လမ်း မြေပုံလေး ရေးဆွဲပြပါသည်။


* * *

'မြင်ပြီ သူငယ်ချင်း၊ မင်း ပြောစရာ မလိုတော့ဘူး၊ မြေပုံမြင်ပြီးကတည်းက **လေ့ဦးတိုက်,လှည်းဦးတိုက် ခြံမြေ မခိုက်ဘူးဆိုတာ ငါ သိလိုက်ပြီ'**

'တကယ်ပဲလား'

'ဘာလဲ...မင်းက ငါ့ဆီက အကြံဉာဏ်ကောင်း တောင်းတယ်လဲ ဆိုသေး၊ ဆုံးဖြတ်ပေးတော့ တကယ်ပဲ လားလို့ ပြန်မေးနေရသေးလား၊ မယုံရင် မဝယ်နဲ့ပေါ့'

'ဟာ... သူငယ်ချင်း စိတ်မဆိုးပါနဲ့ကွာ၊ ငါ စကားမှားသွားတာပါ။ သိတဲ့



www.burmeseclassic.com

အတိုင်း အိမ်ခြံမြေဝယ်ရတာက ငွေလုံး ငွေရင်း များတယ်လေ။ ဒါကြောင့် စိတ်က ချိတုံချတုံ ဖြစ်နေလို့ ပြောမိတာပါကွာ။ ငါ တောင်းပန်ပါတယ်'

'အေး... ငါ မင်းကို သက်သေပြမယ်။ မင်း ငါ့ဦးလေး ဦးရင်မောင်ကို သိတယ်မဟုတ်လား'

'သိတယ် သူငယ်ချင်း။ ဟို... တိုးချောင်ကြီးကျေးရွာမှာ နေတာလေ။ ငါလဲ သူ့အိမ်ကို တိုးချောင်ကြီးကျေးရွာ မပျက်စီးခင်က မင်းနဲ့အတူ ရောက်ဖူးတယ်လေ'

'အေး... ဦးရင်မောင်အကြောင်း ငါ ပြောပြမယ်။ ဦးရင်မောင်က အသက် (၃၅)နှစ်လောက်မှာ အိမ်ထောင်ကျသွားတယ်။ တိုးချောင်ကြီးကျေးရွာက အရင်က လယ်သမားအများစု နေတာလေ။

ဒါပေမယ့် ဦးရင်မောင်က လယ်ယာပိုင်မြေ မရှိတော့ လက်သမားဘဝနဲ့ စီးပွားရှာကြံရတာပေါ့။ ဦးရင်မောင် အမျိုးသမီးကလဲ လယ်ယာမြေပိုင် မရှိရှာပါဘူး။ အိမ်ခြံမြေလေးတစ်ကွက်ပဲ ရှိတယ်။

နှစ်ဦးသား အိမ်ထောင်ကျပြီး လက်လုပ်လက်စားဘဝနဲ့ ရပ်တည်နေရတာပေါ့။ ဒီကြားထဲ ကလေးတွေလဲ တစ်ယောက်ပြီးတစ်ယောက် မွေးလာတော့ စားဝတ်နေရေး ပိုကျပ်တည်းတာပေါ့။

ဒါပေမယ့် ဦးရင်မောင်မိန်းမကလဲ အားကိုးရပါတယ်။ ရန်ကုန်မြို့ထဲသွားပြီး နွားနို့ရောင်း စီးပွားရှာတယ်။

သားလေးသုံးဦးနဲ့ သမီးလေးသုံးဦး မွေးလာတယ်။ သားသမီးလေးတွေကလဲ လိမ္မာတယ်။ အားကိုးရတယ်။

သမီးမိန်းကလေးတွေက ကလေးဘဝကတည်းက အမေနဲ့ လိုက်ပြီး



နွားနို့ရောင်းတယ်။ သားအကြီးဆုံးကတော့ B.Aဘွဲ့ ရသွားတယ်။ အလတ်ကောင်ကတော့ သာသနာ့ဘောင်ကို ဝင်တယ်'

'အေး... အဲဒီလောက်အထိတော့ ငါသိတယ်ကွ၊ တိုးချောင်ကြီးရွာကို မင်းနဲ့ တစ်ခါလိုက်တုန်းက မြင်ဖူးတာ'

'တိုတိုနဲ့ လိုရင်းပြောမယ်။ ၁၉၈၈ ခုနှစ် အရေးခင်းပြီးတော့ ရန်ကုန်မြို့ဧရိယာ တိုးချဲ့တဲ့အနေနဲ့ အစိုးရက ရန်ကုန်ဧရိယာဘေး တစ်ဝိုက်က ကျေးရွာတွေကို ဖျက်သိမ်းပြီး လယ်ယာမြေကွက်တွေ သိမ်းယူတာပေါ့'

'အေး...ဟုတ်တယ် ဟုတ်တယ်'

'တိုးချောင်ကြီးကျေးရွာလဲ မြေသိမ်းခံရတဲ့အထဲ ပါတာပေါ့။ ဒါပေမယ့် ရွာသူရွာသားတွေကို အဝေးကို ပြောင်းမပစ်ဘူး။ အဲဒီနေရာမှာပဲ မြို့ကွက်ရိုက်ပြီး နေရာပြန်ချပေးခဲ့တယ်။ ဒါကြောင့် တိုးချောင်ကြီးကျေးရွာဟာ အခုတော့ မြောက်ဒဂုံမြို့နယ်ရယ်လို့ ဖြစ်ပေါ်လာတယ်'

'အေး...ဟုတ်တယ်၊ ဟုတ်တယ်၊ တိုးချောင်လေး၊ ရေတွင်းချောင်၊ သိမ်ချောင်းရွာတွေလဲ ဒီလိုပဲ မြေကွက်သိမ်းခံရပြီး အခုတော့ တောင်ဒဂုံမြို့နယ်ဖြစ်နေပြီ'

'ဆက်နားထောင်ဦး၊ အကွက်ရိုက်ပြန်ပေးတော့ ဦးရင်မောင် ရတဲ့ မြေကွက်က အခု မင်းဝယ်မယ်ဆိုတဲ့ မြေကွက်ပုံစံအတိုင်း ဖြစ်နေတယ်'

'ဟာ...ဟုတ်လား'

'ဟုတ်တယ်ကွ... မင်း ဆက်နားထောင်၊ ဒီတော့ ဦးရင်မောင်ကိုယ်တိုင်လဲ လက်သမား လုပ်ကိုင်စားလာတော့ သူရတဲ့ မြေကွက်ကိုကြည့်ပြီး လှေဦးတိုက်,လှည်းဦးတိုက် ခိုက်တဲ့မြေပါလားလို့ စိတ်မကောင်း ဖြစ်တော့တာပေါ့။ အများကလဲ ဒီလိုပဲ ယူဆထားကြတာကိုး။

ဒါပေမယ့် မတတ်သာဘူးလေ၊ နေစရာမရှိတော့ ခေတ္တ ဖြစ်ဖြစ်နေတဲ့ အနေမျိုးနဲ့ ရှိစုမဲ့စုငွေလေးနဲ့ မိသားစု နေထိုင်လောက်တဲ့ အိမ်လေး ဆောက်ရတာပေါ့။

တစ်နေ့တော့ မိတ်ဆွေတစ်ဦးနဲ့ စကားပြောရင်း သူ့အိမ်က လှေဦးတိုက်,လှည်းဦးတိုက် ဖြစ်နေတဲ့ အကြောင်း ရောက်သွားတယ်။

ဒီတော့ မိတ်ဆွေက ပြောတယ်။





www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘက်ကလာတဲ့ လမ်းကတော့ အိမ်ကို ဦးတိုက်ဝင်နေတာပဲ။ ဒါပေမယ့် အိမ်ရှေ့က လမ်းမကြီးက အရှေ့အနောက် ခံနေတော့ အိမ်ရဲ့ ဘယ်၊ ညာဘက်ကို ကွေ့သွားတဲ့လမ်း ဖြစ်နေတာ၊ လှေဦးတိုက်၊ လှည်းဦးတိုက် ဖြစ်ပုံမပေါ်ဘူး။

စိတ်က သံသယမကင်းရင် အိမ်ခြံရှေ့မှာ သောက်ရေအိုးစင်ကလေး တစ်ခုဆောက်ပြီး ရေဒါနပြုလိုက်လို့ ပြောတယ်၊

ဒီတော့ ဦးရင်မောင်ကလဲ သဘောကျလို့ နောက်နေ့မှာပဲ သောက်ရေအိုးစင်ကလေးကို ချက်ချင်းဆောက်လိုက်တာပေါ့'

'ဒါနဲ့...ကောင်းသွားရောလား'

'မင်းကလဲ စကားကို ဆုံးအောင် နားထောင်ဦးမှပေါ့၊ ဆန္ဒကလဲ စောလိုက်တာ'

'အေး...ဟုတ်တယ်၊ ငါ ဆန္ဒစောသွားတယ်။ ကဲ...ဆက်ပြောပါဦး'

'ဦးရင်မောင်က အကြံဉာဏ်တော့ ကောင်းတယ်ကွ၊ ဈေးကွက်မြင်တယ်ပေါ့။ အခုအချိန်က မြို့သစ်၊ ကွက်သစ်တည်နေတဲ့ကာလ၊ အိမ်တွေ ဆောက်နေကြတာ တစ်ရွာလုံးပဲ။ ဒီတော့... သံတို့၊ သွတို့၊ ဂျူ၊ သွပ်ကြိုးတွေ စတင်ပြီး တစ်ပိုင်တစ်နိုင် အိမ်ဆိုင်လေး ဖွင့်ရောင်းတာပေါ့။

အိမ်ဆောက်တဲ့ လူတွေကလဲ တောင်ဥက္ကလာပဈေး၊ သဃ်န်းကျွန်းဈေး၊ ရန်ကုန်မြို့တွင်းက ဆိုင်တွေကို သွားပြီး မဝယ်တော့ဘူး။

နီးနီးနားနားက ဦးရင်မောင် အိမ်ဆိုင်မှာပဲ လာဝယ်ကြရင်းနဲ့ နောက်ဆုံးတော့ ဘိလပ်မြေ၊ သွပ်တွေပါ ဝယ်ယူတင်သွင်း ရောင်းချရင်းနဲ့ စီးပွားတက်တော့တာပဲ။



အခုတော့ ဆောက်လုပ်ရေးပစ္စည်းတွေတင်မက ကုန်မျိုးစုံနဲ့ စတိုးဆိုင်ကြီးတောင် တွဲဖွင့်နိုင်တယ် အိမ်လဲ တိုက်အိမ်ဖြစ်သွားပြီကွ။


အငယ်ဆုံးသား အောင်ဖုံးတောင်မှ အင်ဂျင်နီယာတွဲ့ရပြီး အခုတော့ ဆောက်လုပ်ရေး ကန်ထရိုက်တောင် လုပ်ကိုင်နေရပြီ'

'ဟာ...တယ်ဟုတ်ပါလား'

'နောက်တစ်ဦးကို ငါပြောပြဦးမယ်၊ နားထောင်ဦး၊ ငါ အခုနေတဲ့လမ်းနဲ့ လှေဦးတိုက်၊ လှည်းဦးတိုက် ဆောက်ထားတဲ့ အိမ်တစ်အိမ်ရှိတယ်။ ငါပုံဆွဲပြမယ် ကြည့်ဦး...'

စာရေးသူမှ စာရွတ်လွတ်ပေါ်တွင် အောက်ပါအတိုင်း ပုံစံဆွဲပြလိုက်ပါသည်။

* * *




'မြင်လား... ဒီအိမ်ကလဲ စီးပွားရေးကောင်းနေတာပဲ။ ဘာမှ မခိုက်ဘူး။ ဘာကြောင့်လဲဆိုတော့ လှေဦးတိုက်၊ လှည်းဦးတိုက်ဖြစ်တဲ့လမ်းက အဲဒီအိမ်ရဲ့ နောက်ဖေးကို ဝင်နေတာ။


သူ့အိမ်ရှေ့မှာက လမ်းမကြီးတစ်ခုရှိတယ်၊ အိမ်ရဲ့ နောက်ဘက်ကို ဝင်လို့လား မပြောတတ်ဘူး။ မခိုက်တဲ့အပြင် စီးပွားတက်ပြီး တိုက်ကြီးနဲ့ နေတာကွ၊ ကိုယ်တွေ့ပဲ'.

'ဒီလိုဆို လှေဦးတိုက်၊ လှည်းဦးတိုက် ဖြစ်တဲ့ပုံစံ ဆွဲပြကွာ'

'အေး... လှေဦးတိုက်၊ လှည်းဦးတိုက် ခိုက်တဲ့မြေဆိုတာ ဒီပုံစံမျိုးကွ'

ဟု ဆိုကာ စာရေးသူမှ အောက်ပါအတိုင်း ပုံစံဆွဲပြလိုက်ပါသည်။

* * *




'ကဲ...ကြည့် အိမ်ရှေ့တည့်တည့်ကို တိုးဝင်လာတဲ့လမ်းရှိတယ်၊ ဘယ်ညာဘက်ကို ကွေ့သွားတဲ့လမ်း လုံးဝ မရှိဘူး။ အခု မင်းဝယ်ချင်တဲ့ အိမ်မြေပုံစံနဲ့ လုံးဝမတူညီဘူးနော် မြင်လား'

'အေး...မြင်တယ်ကွ'

'ဒီတော့... မင်း အခု ဝယ်ချင်တဲ့ အိမ်ခြံမြေကို ဝယ်သာဝယ်လိုက်၊ လိုရမည်ရ အိမ်ရှေ့မှာတော့ သောက်ရေအိုးစင်ကလေး ဆောက်ထားပေါ့ကွာ'

'ကျေးဇူးပဲ သူငယ်ချင်း၊ ငါ ဝယ်လိုက်တော့မယ်။ မင်းဦးလေး ဦးရင်မောင်လို ချမ်းသာရမှာပေါ့'

'မင်းက ဦးရင်မောင်လို အကြံကောင်း ဉာဏ်ကောင်း ရှိဦးမှကိုး'

**[ဦးရင်မောင်၏ အိမ်နှင့် စတိုးဆိုင်ဓာတ်ပုံအား ပူးတွဲထင်ပြလိုက်ပါသည်။]**

ဦးစိန်(*တိုးချောင်ကြီး*)

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဆိုင်

# ကျူးလားချောင်းများက

## ပုရလောကသားတို့၏ ငြိမ့်ကြက်သံများ (၂)

**ယခင်လမှ အဆက်**

ကျွန်ုပ်၏ ဝမ်းသာလုံး ဆို့နေမှုတို့သည် တစ်မဟုတ်ချင်း ပျောက်ကွယ်သွားရကာ ထိုနေရာတွင် လွန်စွာမှ စိတ်ဆင်းရဲစရာများ ဖြစ်ပေါ်လာရတော့သည်။

မည်မျှအထိ စိတ်ဆင်းရဲရသနည်း ဟူမူ တစ်သက်နှင့်တစ်ကိုယ် ထိုကဲ့သို့ စိတ်ဆင်းရဲရမှုမျိုးကို တစ်ခါမှ မကြုံခဲ့ဘူးသေးပါ။

ရန်သူ့ဆီက လက်နက် ရရှိရေးထက် မိမိ၏လက်နက် ရန်သူ့နောက် ပါမသွားဖို့က ပိုပြီး အဓိက ကျပါသည်။

ကျွန်ုပ်အနေဖြင့် ယခု ရန်သူ့ဆီက လက်နက်ရရှိထားမှုနှင့် ပတ်သက်၍ အထက်လူကြီးများက သာသာနေ့ထိုးချီးကျူးစကား ဆိုချင်မှ ဆိုကြမည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

သို့သော် ယခု ကျန်ခဲ့သော လက်နက်ကသာ ရန်သူ့နောက် ပါသွား၍ကတော့ သေချာပေါက် စုံစမ်းစစ်ဆေးရေး ခုံရုံးအဖွဲ့ ခံရမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်လာမည်။ ပြီးတော့ ကျွန်ုပ် ရောက်လာကာမှ သေနတ် ဆုံးရှုံးရဖူးသည်ဟုလည်း အကဲ့ရဲ့ခံရမည်ဖြစ်သည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ ယခု အ,မင်္ဂလာသတင်းအား မည်သူ့ကိုမှ မပြောရဲပါ။ ညတွင်းချင်း ဆင်းပြီးသွားရှာမည်ဆိုကလည်း မဖြစ်နိုင်။ နံနက်မိုးလင်းလာမှသာ သွားပြီး ပြန်ရှာရတော့မည်သာ ဖြစ်တော့သည်။

ကံကောင်းထောက်မ၍ "မောင်မင်းကြီးသား သူခိုးဓားပြသာသာ အဆင့်ရှိသော ထိုအဖွဲ့တော်သားတို့ တွေ့မသွားကြပါစေနဲ့ ဘုန်းတန်ခိုးကြီးပြီး အသက်လဲ ရာကျော်ရှည်ကြပါစေ။ ကြံတိုင်းအောင်၍ ဆောင်တိုင်းလဲ မြောက်နိုင်ကြပါစေ။ သေနတ်ကို မြင်လဲ မမြင်သလို ဖြစ်ပါစေ" ဟု သွေးရူးသွေးတန်း ဆုတောင်းနေမိတော့သည်။

အခြားသော စစ်သည်များက ထိုသေနတ်အား ရန်သူမှ အလွယ်တကူ မြင်တွေ့သွားနိုင်ဖို့ မလွယ်ကူပါဘူးဟု လာရောက် ဖျောင်းဖျပြောဆိုကြပါသော်လည်း ကျွန်ုပ်ကတော့ ရတက်မအေးနိုင်တော့ပါ။

ကျွန်ုပ်ကဲ့သို့နည်းတူ သက်ဆိုင်ရာ ကာယကံရှင်နှင့် ဆက်နွယ်ပတ်သက်ရာ ဆရာ့ဆရာကြီးများကလည်း စိုးရိမ်ပူပင်သောကစိတ်များ ရောက်နေကြမည်သာ ဖြစ်သည်။ သို့ဖြစ်၍ တစ်ညလုံး ဆိုသလို မအိပ်နိုင်ကြပါ။

* * *

ည(၁၂)နာရီ ကျော်လောက် ရောက်သောအခါ...

'အီး...ဟီး...ဟီး...'

'အဟင့်...အဟင့်...'

မြတ်စွာဘုရား... တောင်အောက်က လျှိုထဲမှာ ဘယ်မိသားစုကလာပြီး ငိုနေကြပါလိမ့်။

'အီး...ဟီး...ဟီး...'

'အီး...ဟီး...ဟီး...'

အစသော် ကျွန်ုပ်က တောသံ၊ တောင်သံ၊ လေတိုးသံတို့ကြောင့် ကြားယောင် ကြားမှား ဖြစ်နေသလောဟု တွေးမိသေး၏။

ထပ်ခါတလဲလဲ နားထောင်လေ မိသားစုတစ်စုထဲက လူတစ်ဦးတစ်ယောက် သေဆုံးပြီး ကျန်ရစ်သူ မိသားစုများက ဝိုင်းပြီး ငိုယိုနေကြသည်နှင့် ပိုပြီးတူလာ၏။

ကောင်းကင် တစ်ခွင်တွင်လည်း ကြယ်ရောင်,လရောင်တို့ဖြင့် လင်းလင်းကျင်းကျင်း ရှိနေကြသည်။

တစ်ချက်တစ်ချက် ကြားနေရသော ပုစဉ်းရင်ကွဲတို့၏ အော်မြည်သံနှင့် ဖားပျံတို့၏ အော်မြည်သံတို့ကလည်း လူများတို့၏ ငိုညည်းသံနှင့်တော့ မတူပါ။ လွဲမှားနိုင်စရာက မရှိပါ။ သို့ဖြစ်၍ ပိုပြီး သေချာအောင် ကျွန်ုပ်က...

'ဟော့ကောင်တွေ လာကြစမ်း'

စစ်သည်များအား လှမ်းခေါ်လိုက်ရာ ခုနစ်ယောက်,ရှစ်ယောက်လောက် ရောက်လာကြသည်။ ထိုအခါ ကျွန်ုပ်က...

'နားထောင်စမ်း ဒီတောင်အောက်မှာ ဘာသံတွေ ကြားရလဲဆိုတာ'

ဟု ပြောလိုက်လျှင် အာန်ဝီ(တပ်ရဲ) အလုပ်မှပြုတ်ပြီး ကျွန်ုပ်၏တပ်ခွဲသို့ ရောက်လာသော ဒုတပ်ကြပ် ဆရာစံနှောင်းက...

'မိသားစုတစ်စု ငိုရှိုက်နေကြတဲ့အသံတွေ ကြားနေရတယ်'

ဟု ပြောလိုက်ရာ နေရာတကာတွင် အမြဲတမ်း ပါဝင်နေသော ပါလေရာ တပ်သားမောင်အေးက...

'ဟုတ်တယ်ဗျ... ငိုနေကြတဲ့အထဲမှာ အဘွားကြီးတစ်ယောက်လဲ ပါတယ်၊ ပြီးတော့ အသက်(၃-၄၀)လောက်ရှိမယ် ထင်ရတဲ့ မိန်းမတစ်ယောက်လဲ ပါတယ်။ အဲ... သမီးအရွယ် မိန်းကလေးနှစ်ယောက်ရဲ့ အသံလဲ ပါတယ်'

ဟု ဝင်ပြီး ပြောလေတော့သည်။

ငိုသံ ကြားရသော နေရာမှာ မနေ့ညနေက ရန်သူတစ်ယောက် ဒဏ်ရာအကြီးအကျယ်ရပြီး ပြေးဆင်းသွားသော လျှိုထဲတွင်ဖြစ်သည်။

ခက်သည်က မနေ့က မြင်တွေ့ခဲ့ရသလောက် ဒီဘက်ကမ်းတွင် တဲပုန်း အိမ်ပုန်းများက မရှိပါ။

ချောင်း၏ တစ်ဖက်ကမ်းတွင်သာ တောင်ယာများနှင့် လူနေအိမ် သုံး,လေးလုံးမျှ တွေ့ခဲ့ရသည်ဖြစ်၏။

ကျွန်ုပ်က ရန်သူ့နောက် ဆက်မလိုက်သွားရခြင်းမှာ ရန်သူသည် ပစ်ပြေး ပြေးပြီး မိုင်းထောင်ထားတတ်သော အလေ့အထ ရှိနေ၍ ဆက်မလိုက်သွားရခြင်းမျှသာ ဖြစ်သည်။

ယခု အဆိုပါ ချောင်းတစ်ဖက်ကမ်းတွင် ရှိနေကြသော လူနေအိမ်မှ မိသားစုများက ကျွန်ုပ်သို့ အခြေပြုထားသော တောင်အောက်သို့ လာပြီး ငိုယိုနေကြခြင်းများလား...။

ဒါလည်း ဖြစ်နိုင်ချေ မရှိလှပါ။ တောင်ပေါ်တွင် ကျွန်ုပ်တို့ ရှိနေမှန်း သူတို့အားလုံး သိထားကြပြီးသား ဖြစ်သည်။ သို့ဆိုလျှင် စဉ်းစားစရာတွေက များလာရတော့သည်။

ထိုအခါ ကျွန်ုပ်က စစ်သည်များအား...



www.burmeseclassic.com

www.burmeseclassic.com

‘မနေ့က ငါမြင်ခဲ့ရသလောက် ဒီဘက်ကမ်းမှာ အိမ်တွေ မရှိဘူးကွ’

ဟု ပြောလိုက်လျှင် ဆေးတပ်သား ဆရာဝန်ဆန်းဦးကလည်း...

‘ဟုတ်တယ် ကျွန်တော်လဲ မမြင်မိဘူး’

‘ဒါဆိုရင် ဘယ်အဖွဲ့တွေကများ လာပြီး ပိုရိုက်နေကြပါလိမ့်’

ဟု ပြောလိုက်လျှင် အာရ်ပီပြုတ် ဆရာစံနောင်းက...

‘ဘယ်အဖွဲ့တွေကမှ မဟုတ်ဘူး။ အဲဒါ ပရလောကသားတွေ လာပြီး ပိုရိုက်ကြတာ’

ဟု ဝင်ပြီး ပြောလာ၏။ ထိုအခါ ကျွန်ုပ်က...

‘ဒေါက်တလွဲတော့ လုပ်လာပြီ။ ဘယ်က ပရလောကသားတွေလဲ’

‘ပရလောကသားတွေဆိုတာ အစိမ်းသရဲ နတ်ပြိတ္တာတွေပဲပေါ့’

‘မင်း မြင်ဖူးလို့လား’

‘မြင်တော့ မမြင်ဖူးဘူး၊ ဒါပေမယ့် တချို့ မြင်ဖူးကြတယ်လို့ သိရတယ်’

‘ဟုတ်ပါပြီ...ဟုတ်ပါပြီ...လေဖမ်း ဒိန်းစီး အီး ထားနဲ့ခုတ် ဆိုသလိုတော့ ဖြစ်နေပြီ။ ကိုယ်ကိုယ်တိုင် မမြင်ဘူးတဲ့နဲ့ ရှိနေတယ် ဆိုတာ’

ကျွန်ုပ်ပြောနေစဉ် သူက...

‘မမြင်ဘူးပေမယ့် ရှိနေတာကတော့ အမှန်ပဲ’

ဟု တုံ့ပြန်၏။ ကျွန်ုပ်ကလည်း...

‘ပြောစမ်းပါဦး... မင်းရဲ့ အာပလာဒဿနတွေနဲ့’

‘အာပလာဒဿနလား... ဘာလားတော့ မသိဘူး။ နောက်တန်းရောက်တဲ့အခါ ဗိုလ်ကြီးရဲ့အိမ်မှာ လျှပ်စစ်ထွက်ထားတဲ့ ဝါယာကြိုးတစ်ချောင်းကို သွားကြည့်ရင် အဲဒီ လျှပ်စစ် စီးဆင်းနေတဲ့ အရာကို ဗိုလ်ကြီး မြင်ရပါ့မလား။



မမြင်ရဘူး။ အဲဒီမမြင်ရတဲ့ လျှပ်စစ် အန္တရာယ်ကို မရှိဘူးအထင်နဲ့ သွားကိုင်ကြည့်လိုက်စမ်းပါ’

ဟု ပြောလာရာ ကျွန်ုပ်က...

‘ဟော့ကောင်မင်း ငါ့ကို သေကြောင်းကြံစည်နေတာလား’

‘သေကြောင်း ကြံစည်နေတာ မဟုတ်ပါဘူး။ နောက်ထပ် ဥပမာတစ်ခု အခုခေတ်ကြီးမှာ ရောဂါပိုးမျိုးစုံတွေက ရှိနေကြတယ်။ အဲဒီ ရောဂါပိုးမျိုးစုံ ရှိနေတယ်ဆိုတာကို ဗိုလ်ကြီး မြင်ရလား’

‘ဘယ်မြင်ရမှာတုံး ငတုံးရဲ့’

‘မမြင်ရပေမယ့် ရှိနေတာတော့ အမှန်ပဲလေ။ အဲ...သူတို့ကို ရှိမရှိ သိချင်ရင် မြင်ချင်ရင်တော့ လျှပ်စစ် ဆိုရင် သူ့ကို ထောက်တိုင်းတဲ့ ကိရိယာ ရှိတယ်။

အဲဒီကိရိယာနဲ့ ထောက်တိုင်းလိုက်ရင် လျှပ်စစ်ရှိကြောင်း သိနိုင်သလို ရောဂါပိုးမျိုးစုံကို မြင်တွေ့ချင်ရင်လဲ အဲဒီရောဂါပိုးမျိုးစုံကို မြင်တွေ့ရနိုင်တဲ့ အနုကြည့်ကိရိယာတွေနဲ့ ကြည့်ရင် မြင်တွေ့ရနိုင်တယ်။

ဒီလိုပဲ...အခု မမြင်ရတဲ့ ပရလောကသားတွေကို မြင်တွေ့ချင်ရင်တော့ **သူတို့ကို မြင်တွေ့ရလောက်နိုင်တဲ့ အကျင့်စရုဏအားတွေနဲ့ ကျင့်ကြံပြီး** ကြည့်ရင်တော့ မြင်တွေ့ရနိုင်တာပေါ့။

သိပ္ပံခေတ်ကြီး ဘယ်လောက် ထွန်းကားကား၊ ခေတ်မီထောက်လှမ်းရေးတွေ ဘယ်လောက်ပေါပေါ တချို့ အမှုတွေ မပေါ်နိုင်ဘဲ ရှိနေတာတွေ ရှိနေသေးတယ်။

ဒီလိုအခါမျိုးမှာ အသတ်ခံရပြီး သေဆုံးသွားသူက သူ့ရဲ့ဝိညာဉ်နဲ့ ပြန်ဝင်ပူးပြီး အမှုမှန်ရောက်အောင် ဖော်ထုတ်နိုင်ခဲ့တဲ့ သက်သေ သာဓကတွေ ရှိနေကြတုန်းပါပဲ။

ကျွန်တော်တို့ နိုင်ငံရဲ့ ပြည်တွင်းစစ်ကြီးကို ကြည့်ရင် လွတ်လပ်ရေးနဲ့ အတူ ပေါက်ဖွားလာခဲ့တယ်ဆိုရင် မမှားဘူး။ စစ်ဖြစ်လာခဲ့တာ ကြာပြီဆိုတဲ့သဘောပါ။

ဒါကြောင့် ဒီနေရာ ဒီဒေသတစ်လျှောက်မှာလဲ တပ်မတော်နဲ့ သောင်းကျန်းသူတို့ဟာ ဘယ်နှခါအထိ တိုက်ပွဲတွေ ဖြစ်ခဲ့ကြရပြီး၊ ဘယ်နှယောက်အထိ သေခဲ့ကြဖူးသလဲ ဆိုတာ ကျွန်တော်တို့ မသိနိုင်ပါဘူး။

သေသွားတဲ့ သတ္တဝါအချို့ဟာ မသေခင်မှာ ဖြစ်ပေါ်လာတတ်တဲ့ အသန္တက်ဆိုတာ ရှိတယ်။ စွဲလမ်းစိတ်ပေါ့။

အဲဒီလို သားမယား ဥစ္စာပစ္စည်း နေရာဒေသ အစရှိသည့်ပြင့် တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com

ကို စွဲလမ်းမိရင် မကျွတ်မလွတ်တဲ့ ပရလောကသားထဲကို ရောက်သွားတတ်ကြတယ်။

ခုလဲပဲ ဒီတစ်လျှောက်မှာ တိုက်ပွဲဖြစ်ရင်း သေဆုံးခဲ့ကြဖူးတဲ့ သူအချို့ဟာ သားစွဲ မယားစွဲ နေရာဒေသစွဲကြောင့် မကျွတ်မလွတ်ဘဲ ရှိချင်ရှိနေကြမှာပေါ့'

ဟု ရှည်လျားစွာဖြင့် ရှင်းပြနေစဉ် ဆရာပိုင်စိုးက...

'ကျွန်တော် သဘောပေါက်ပြီဗျ၊ ကျွန်တော် သဘောပေါက်ပြီ'

ဟု ဝင်ပြော၏။ ထိုအခါ ကျွန်ုပ်က...

'ဘာကို ဝင်ပြီး သဘောပေါက်ရသတုံး'

ဟု မေးလိုက်ရာ ဆရာပိုင်စိုးက...

'ဒီလိုဗျ... ဒီလို... ကျွန်တော် မနေ့က ပစ်ထည့်လိုက်တဲ့ အကောင်က ဟောဒီချောက်ထဲ ပြေးဆင်းသွားပြီး သွားသေနေပြီဗျ'

'သွားသေနေတော့...'

'သွားသေနေတော့ သူ့ အရင့်အရင် သေနှင့်ခဲ့ပြီးတဲ့ သူ့ရဲ့ ဆွေမျိုးသားချင်း နတ်ပြိတ္တာ ပရလောကသားတွေက သူ့ကို လာကြည့်ပြီး ငိုရှိုက်နေကြတာပေါ့'

တောင်အောက်တွင်လည်း ငိုရှိုက်နေသံများ သဲ့သဲ့ကလေးမျှ ကြားနေရဆဲဖြစ်သည်။ ယခင်က ငိုရှိုက်သော အသံများကိုသာ ကြားရ၏။ ယခုမူ စကားပြောသံများ ပါဝင်လာ၏။

'အီး...ဟီး...ဟီး...အဟင့်... အဟင့်... ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုလုပ်ကြမလဲ၊ အီး...ဟီး...အဟင့်...အဟင့်'

ကျွန်ုပ်က ဆရာပိုင်စိုးအား...

'လာပြန်ပြီ မင်းနဲ့ အာရ်ပြုတ်က တော့ တစ်ဂိုဏ်းတည်းပဲ'

ဟု ပြောလိုက်ရာ...

'တစ်ဂိုဏ်းတည်း မလုပ်နဲ့၊ မနက် မိုးလင်းလို့ သွားကြည့်ရင် ဟောဒီနား တစ်လျှောက်မှာလဲ ဘာအိမ်မှ မတွေ့ဘူး၊ ပြီးတော့ အလောင်းနားမှာလဲ အခြားလူတွေ ရောက်လာတဲ့ ခြေရာလက်ရာ မတွေ့ရဘူးဆိုရင် ဗိုလ်ကြီး ဘယ်လိုပြောမလဲ'

ကျွန်ုပ်သည် တစ်နေ့ကုန် ဆိုသလို စိတ်တွေက တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲ ခံစားနေရလေရာ ယခု နောက်ဆုံး ကျက်သရေမင်္ဂလာ မရှိသော ငိုရှိုက်နေသံများကို ကြားနေရသည့်အပြင် စစ်သည်များနှင့် ပြောဆိုတိုင်ပင်ပြန်တော့လည်း အမြီးအမောက်မတည့်။ ပို၍ စိတ်ရှုပ်လာသဖြင့်...

'ဘာမှ မပြောသေးဘူးကွာ၊ လော လောဆယ် အဲဒီတောင်အောက်ကို (၄၀)မမ ဗုံးသီးတစ်လုံး ပစ်ချလိုက်ဟေ့'

ကျွန်ုပ်၏ စကားဆုံးသည်နှင့် စစ်သည်တစ်ဦးက သူ၏ အမ်(၇၉) ဗုံးပစ် လောင်ချာထဲ (၄၀)မမ ဗုံးသီး တစ်လုံးထည့်ကာ တောင်အောက်သို့ ပစ်ချလိုက်သည်။

'ဖောင်း...ဂျိမ်း...'

(၄၀)မမ ဗုံးသီး၏ ပေါက်ကွဲသံမှာ တစ်တောလုံး၊ တစ်တောင်လုံး ဟိန်းထွက်သွားပါတော့သည်။

ထိုအခါကျမှ တောင်အောက် လျှိုထဲတွင် ဘယ်ကမှန်း မသိရသော မိသားစုလိုလို လူတစ်စု၏ ငိုရှိုက်နေသံများက ရစ်ဆိုင်းသွားခဲ့ကြရတော့သည်။

နာရီကိုကြည့်လိုက်တော့ နံနက်(၂)နာရီပင် ရှိနေပြီဖြစ်သည်။ တစ်ရေးတမောမှ မအိပ်ရသေးပါ။ သို့ဖြင့် ကျွန်ုပ်က...

'ကဲ... တော်ကြတော့ အိပ်ကြရအောင်ကွာ၊ ကင်းတွေကိုတော့ သတိဝီရိယ ထားနိုင်း၊ မနက်မိုးလင်းမှပဲ တောင်အောက်ကို ဆင်းကြတာပေါ့။

ခပ်စောစော ဆင်းမယ်ဟေ့။ ငါပါ လိုက်မယ်။ ဆရာကြီး တင်ဝင်းကိုပဲ တာဝန်ပေးရမှာပဲ၊ ထုတ်နုတ်တပ်စု တစ်စု အခုထဲက ကြိုပြောထားလိုက်။ ငါလဲ အိပ်တော့မယ်'

ဟု ပြောဆိုပြီး သစ်ပင်အောက်ရှိ ကျွန်ုပ်၏အိပ်ရာထဲ ဝင်အိပ်ခဲ့ရတော့သည်။ "ဘုရား...ဘုရား မနက်မိုးလင်းလာရင် သေနတ်ကြီး ပြန်ရပါစေ" ဟု ဆုတောင်းရင်း အိပ်ပျော်ခဲ့ရပါတော့သည်။

* * *

နောက်တစ်နေ့ နံနက် ခပ်စောစောလောက်တွင် ကျွန်ုပ် ဦးစီးသော တပ်စု တစ်စုဖြင့် တောင်အောက်သို့ ဆင်းခဲ့ကြရတော့သည်။ တိုက်ပွဲဖြစ်ပြီး သေနတ်ကျန်ခဲ့သော နေရာသို့ ရောက်သောအခါ သေနတ်ကို မနေ့က ထောင်ထားသည့်အတိုင်း ခြေရာလက်ရာမပျက် ပြန်တွေ့ရ၏။

"တော်ပါသေးရဲ့... တော်ပါသေးရဲ့ မောင်မင်းကြီးသား သူခိုးဂျပိုး မကြာခင် အသေဆိုးနဲ့သေမယ့် သုံးတောင်းစား ခွေးဝဲစားအဆင့်တွေ မတွေ့သွားလို့" ဟု စိတ်ထဲက ဖြစ်ပေါ်ရပြန်၏။

တစ်ညလုံး မအိပ်နိုင် မစားနိုင် ရူးလိုမိုပြီး ခံစားခဲ့ရသမျှ ယခုတော့ ထိုဒုက္ခမှ သုခအသွင်သို့ တစ်မုဟုတ် ပြောင်းလဲခဲ့ရပြန်၏။

သေနတ်ပြန်ရပြီးသောအခါ ရန်သူ့ အလောင်း တွေ့ရှိနိုင်မည့် လျှိုထဲသို့ လှည့်ပတ်ကြည့်ရှု ရှင်းလင်းရင်း ဆင်းခဲ့ရပြန်၏။

ဝန်းကျင်တစ်ခုလုံး မည်သည့် လူနေအိမ်၊ လူနေတဲများကိုမှ မတွေ့ရပါ။ လျှိုထဲဆင်းပြီး လျှိုထဲအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အထက်ဘက်သို့ ပြန်ဆန်တက်လာရာ မကြာမီမှာပဲ ပွိုင့်စစ်သည် တက်သား ငမိုးဆီက...

'အလောင်း တွေ့ပြီ'

ဟု သတင်းပို့သံကို ကြားရတော့ သည်။

ကျွန်ုပ်က...

'အေးကွ... စေ့စေ့စပ်စပ်ရှာကြစမ်း။ စာရွက်စာတမ်းနဲ့ ခဲယမ်းမီးကျောက် များ ပါရင်တော့ ငါ့ကိုအပ်ကြပေါ့'

ဟု ပြောလိုက်ရတော့သည်။

**ကျွန်ုပ်တို့သည် အလောင်းတွေ့ပြီ ဆိုသည်နှင့် ထိုအလောင်းနေရာမှ ပတ်လည် ကင်းချပြီး အလောင်းအား ကြည့်ရ စဉ်အခါ ဘာတစ်ခုမှ မည်မည်ရရ မတွေ့ရပါ။**

**ပလိုင်းအသေးတစ်လုံးနဲ့ ဓားမတို တစ်ချောင်းတော့ ပါလာ၏။ သို့ဖြင့် အလောင်းနေရာ၏ အနီးတစ်ဝိုက်တွင် ကြည့်ရှုကြသော်လည်း အခြားသူများ ရောက်ရှိလာသည့် ခြေရာလက်ရာများ ကို မတွေ့ရပါ။**

ဖြစ်ရမည်မှာ မနေ့ညက ငုံရှိက်နေ ကြသော လူတစ်စု၏ ခြေရာလက်ရာ များကို မြင်တွေ့ရမည်။ ယခုမူ မမြင် တွေ့ကြရပါ။

ထိုအခါ အာရ်ပီက...

'ကဲ...ဘယ်လိုလဲ ဗိုလ်ကြီး'

ဟု မေးလာ၏။ ကျွန်ုပ်က...

'ကဲ... ကဲ... လောလောဆယ် အလောင်းကို ဒီအတိုင်းထားခဲ့ကြ။ စစ်ကြောင်းမှူး ရောက်လာမှ သူ့ရဲ့ ညွှန်ကြားမှုအတိုင်း မြေမြှုပ်ကြတာ ပေါ့။ လောလောဆယ် တောင်ပေါ် ပြန်တက်ကြရအောင်ပေါ့'

ဟု ပြောပြီး အာရ်ပီကိုလည်း...

'ဒီမယ် ဆရာစံနောင်း... ခင်ဗျား ညက ပြောခဲ့တဲ့ ပရလောကသားတွေ ဆိုတာ ငါ လက်ခံလိုက်ပါပြီကွာ'

ဟု ပြောရင်း တောင်ပေါ်သို့ ပြန် တက်လာခဲ့ကြပါသည်။ ပြန်တက်လာ နေရင်းက ဆရာစံနောင်းမှ...

'လက်ခံရမယ်လေ...ဒါဟာ ဘုရားဟောပဲ ဥစ္စာ၊ ဘုရားက မမြင်ရတဲ့ ဘုံသားတွေ ရှိနေတယ်လို့ ဟောခဲ့တာ အခု ဗိုလ်ကြီး လက်ခံပြီ မဟုတ်လား'

'လက်ခံပါပြီ တပည့်ကျော်ရယ်'

'လက်ခံပြီးရင် ဘုရားဟောကြားခဲ့ တဲ့ ငရဲဘုံတို့၊ နိဗ္ဗာန်ဘုံတို့ရှိကြောင်း ကိုလဲ ဆက်ပြီး ယုံရမယ်။ လက်ခံရ မယ်ပေါ့'

'အဲဒါကိုတော့ လက်ခံပြီးသားပါ'

'လက်ခံပြီးရင်တော့ လက်ခံပြီးရုံနဲ့ မပြီးဘူး။ မြတ်စွာဘုရား ဟောကြားခဲ့ တဲ့ အပါယ်ဘုံကို မရောက်အောင်နဲ့ နိဗ္ဗာန်ကို ရောက်အောင် လုပ်ရမှာပေါ့'

'ဟော့ကောင်း စကားမပြောနဲ့တော့၊ ဟိုမှာ မင်း(စစ်ကြောင်း၂–မှူး) ရောက် နေပြီ'

ကျွန်ုပ်တို့လည်း တောင်ပေါ်သို့ ပြန်အရောက် စစ်ကြောင်း(၂)မှူး လည်း အဖွဲ့သား အနည်းငယ်မျှနှင့် ကျွန်ုပ်တို့ နေရာဆီသို့ ရောက်လာနေ ကြောင်း မြင်တွေ့လိုက်ရ၍ ဖြစ်သည်။

ကျွန်ုပ်က...

'အတာလေး... တောင်အောက်မှာတော့ အလောင်းတစ်လောင်း တွေ့ခဲ့ရတယ်။ ကျွန်တော့်ဆီမှာ ကင်မရာမရှိလို့ ဓာတ်ပုံ မရိုက်နိုင်ခဲ့ဘူး'

ဟု တင်ပြလိုက်ရာ စစ်ကြောင်းမှူး က...

'အေးကွ...အလောင်းရတော့ ဓာတ်ပုံရိုက်ပြီး အလောင်း ရကြောင်း အထောက်အထားနဲ့ တင်ပြရမှာလေ။ နောက်မှဆင်းပြီး စစ်ကြောင်းရုံးက ကင်မရာနဲ့ သွားရိုက်ခိုင်းတော့မယ်။ လောလောဆယ် ရန်သူ့ဆီက သေနတ် တစ်လက်ရတဲ့အတွက် လာပြီးဆုချတာ။ စစ်သည်အဆင့်တိုးကတော့ တပ်ရင်းမှူးနဲ့ တွေ့မှ ဆက်လုပ်မယ်။ ကဲ... အိုင်အို ဗိုလ်ကြီးရေ ဒီတပ်ခွဲအတွက် ဆုတော်ငွေ တစ်သောင်းခွဲ ချလိုက်ကွာ'

စစ်ကြောင်းမှူးထံက ကြားလိုက်ရ သော ဆုတော်ငွေကြောင့် ကျွန်ုပ်၏ တပ်ခွဲတစ်ခွဲလုံးမှာ ပျော်ရွှင်မဆုံး တပြုံးပြုံးဖြင့် ဖြစ်သွားကြရသည်မှာ အမှန်ပါ။

ထိုစဉ်အခါက တပ်မတော်ပြန်တမ်း ဝင်အရာရှိ ကပ္ပတိန်ဗိုလ်ကြီး ကျွန်ုပ်၏ လစာမှာ တစ်ထောင်ကျော်လောက် သာ ရှိခဲ့၏။ တစ်သောင်းခွဲဆိုသော ငွေမှာ များသည်ဟု ဆိုသော်ရ၏။

ဤသို့ဖြင့် တစ်ချိန်သော အခါ ကာလက ကြီးလားချောင်းဖျားတစ် လျှောက်တွင် ကြားခဲ့မိရသော ပရ လောကသားများ၏ ငိုရှိုက်သံတို့မှာ ယခုချိန်ထိ ကျွန်ုပ်နားထဲတွင် တစ်ခါ တစ်ရံ ကြားယောင်နေရဆဲ ဖြစ်သည်။

ကြားယောင်မိသည့် အခါတိုင်း ကျွန်ုပ်၏ အပြောအဆိုများပင်လျှင် လိမ္မာယဉ်ကျေးချင်သလိုလို ဖြစ်လာခဲ့ ရပါလေတော့သတည်း။

**ရှင်လန်းချမ်းမြေ့ နိုင်ကြပါစေ။**

**ချစ်ဆိုင်**



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလတ်
(ဆည်မြောင်း)

# ကိုးသချိုင်း စိပ်ပုတီး

ကျွန်တော် အထက်တန်း ကျောင်းသားအရွယ်က မက္ခရာဓားအမည်ရှိ ရုပ်ပြစာအုပ်တစ်အုပ် ဖတ်ဖူးပါသည်။ အလွန်ကောင်းသော အက်ရှင်ဇာတ်လမ်းဖြစ်သဖြင့် ယင်းရုပ်ပြဇာတ်လမ်းကို ရုပ်ရှင်မင်းသား **လှံမင်းသားစံတင်**က ကိုယ်တိုင် ဒါရိုက်တာ၊ ကိုယ်တိုင် မင်းသားလုပ်၍ ရုပ်ရှင်ရိုက်ကူးပြသခဲ့ရာ ထိုခေတ် ထိုအခါက လူကြိုက်များ၍ အောင်မြင်ခဲ့သော ရုပ်ရှင်ကားတစ်ကား ဖြစ်ခဲ့သည်။

ထိုရုပ်ပြစာအုပ်နှင့် ရုပ်ရှင်တွင် ဓားတစ်ချောင်းအား ထူးခြားသည့် နာမည်တစ်ခုပေးထားသည်ကို ယခုတိုင် မှတ်မိနေပါသည်။ ယင်းဓား၏ အမည်မှာ "**ကိုးသချိုင်း သံဓား**"ဟူ၍ ဖြစ်သည်။

**သချိုင်းကိုးခု၏ နယ်နိမိတ်များအတွင်းမှ သံထည်ပစ္စည်းများ ရှာဖွေစုဆောင်းကာ အရည်ကျိုပြီး "ဓား"ပြုလုပ်ထားသော ကြောင့် "ကိုးသချိုင်းသံဓား" ဟူသတည်း။**

ထိုကဲ့သို့ ဝတ္ထုပစ္စည်းအမည်၏ ရှေ့၌ "ကိုးသချိုင်း"အမည်တပ်၍ ခေါ်ဝေါ်သော အခြားပစ္စည်းများ မည်မျှရှိသေးသည်ကို ကျွန်တော် မသိသော်လည်း "ကိုးသချိုင်း"အမည်ကို ရှေ့၌ တပ်၍ ခေါ်ဝေါ်သော ဂမ္ဘီရပစ္စည်းတစ်ခုကိုတော့ ကျွန်တော် ရရှိခဲ့ဖူးသည်။ ထိုပစ္စည်းကား "**ကိုးသချိုင်းစိပ်ပုတီး**" ဖြစ်ပါသည်။

ဤဖြစ်ရပ်သည် ဖြစ်ရပ်မှန်တစ်ခုဖြစ်ပြီး မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမျှ ထိခိုက်မှုမရှိနိုင်သောကြောင့် ဂမ္ဘီရဆိုင်ရာ ပစ္စည်းများနှင့် ပတ်သက်၍ နောင်လာနောက်သားများ ဗဟုသုတရရှိစေရန်အတွက် မြို့အမည်၊ ဖြစ်ရပ်မှန်တွင် ပါဝင်သူအမည်များ၊ အချိန်ကာလနှင့် ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့သည့်နေရာ စသည်တို့ကို အမည်များ လွှဲပြောင်းခြင်းမရှိဘဲ မူရင်းအမည်မှန်များအတိုင်း ရေးသားလိုက်ပါသည်။

* * *

**အခန်း[ ၁ ]**

**၂၀၁၄ ခုနှစ်၊ မတ်(၁၂)ရက်နေ့၊ နံနက်(၉)နာရီ** အချိန်ခန့်တွင် ဖြစ်သည်။

'ကလင်...ကလင်...ကလင်'

'ဟလို...ကိုတင်လတ်လား'

'ဟုတ်ကဲ့ ကျွန်တော် ကိုတင်လတ်ပါခင်ဗျ'

'ဟော့ကောင်...ငါပါကွ၊ မင်းဆရာဦးသန်းထွန်းပါ'

'ဟာ...ဆရာ အမိန့်ရှိပါ'

'ဒီလိုကွ...ငါ့ရဲ့ဆရာ ဦးမောင်မောင်တင်က ငါ့ဆီ ဖုန်းဆက်တယ်။ တာချီလိတ်မြို့ ရေပေးဝေရေးစီမံကိန်းအတွက် မြို့နဲ့ မိုင်(၂၀)လောက်ဝေးတဲ့ တောထဲမှာ ဆည်တစ်လုံးဆောက်ပေးဖို့အတွက် ကုမ္ပဏီတစ်ခုက သူ့ကို ဆည်နဲ့ပတ်သက်ပြီး အတွေ့အကြုံရှိတဲ့ အင်ဂျင်နီယာတစ်ဦး ရှာပေးပါဆိုလို့

www.burmeseclassic.com

ဝါ့ကို သူက ဖုန်းဆက်တယ်။

ခင်ဗျား... စိတ်ချရတဲ့ တပည့်တစ်ယောက်ခေါ်ပြီး အဲဒီဆည်သွားဆောက်ပေးစေချင်တယ်တဲ့။ ဒါကြောင့် ငါနဲ့အတူ ဆည် လိုက်ဆောက်မလားလို့ မင်းကို လှမ်းမေးတာ'

'ဟာ...ဆရာ သွားလုပ်မယ်ဆိုရင် လိုက်မှာပေါ့'

'အေး...ဒါဆို လာမယ့် အင်္ဂါနေ့ (၁)နာရီ လေယာဉ်နဲ့ တာချီလိတ်ကို သွားမယ်။ အဲဒီနေ့ မနက်(၉)နာရီ အရောက် ကိုယ့်အိမ်ကို လာခဲ့တော့'

'ဟုတ်ကဲ့ ဆရာ... အဲဒီနေ့ မနက် (၉)နာရီအရောက် ဆရာအိမ်ကို ကျွန်တော်လာခဲ့ပါ့မယ်'

ကျွန်တော့် ဆရာရင်းဖြစ်သူ ဦးသန်းထွန်းသည် ဆည်မြောင်းဌာနမှ ညွှန်ကြားရေးမှူး(အငြိမ်းစား) တစ်ဦးဖြစ်ပြီး ကျွန်တော်သည်လည်း ဆည်မြောင်းဌာနမှ ဦးစီးအရာရှိ(အငြိမ်းစား) တစ်ဦးဖြစ်ကာ နှစ်ဦးစလုံး မန္တလေးမြို့၌ နေကြပါသည်။

ဆရာတပည့်နှစ်ယောက် တာချီလိတ်မြို့သို့သွား၍ ဆည်ဆောက်ရမည် ဖြစ်၍ တက်ကြွနေကြသည်။ ဆရာကလည်း ခရီးမထွက်မီ မိသားစု ဆရာဝန်နှင့် တိုင်ပင်၍ ယူဆောင်သွားရမည့် ဆေးဝါးများကို စီစဉ်ရသလို ကျွန်တော်ကလည်း ကျွန်တော့် ကျန်းမာရေးအတွက် ဆေးဝါးများနှင့် ယူဆောင်သွားရမည့် စာရွက်စာတမ်းများကို စီစဉ်ရပါသည်။

ခရီးမထွက်မီ တစ်ရက်အလို ၁၆–၃–၂၀၁၄ (တနင်္လာနေ့) ထမင်းစားပြီးချိန်တွင် ကျွန်တော်သည် သူငယ်ချင်းဖြစ်သူ ဆည်မြောင်းအင်ဂျင်နီယာ အငြိမ်းစား ဦးစီးအရာရှိ ကိုချစ်လွင်ထံ သွား၍ ကွန်ကရစ်ဆည် တည်ဆောက်ခြင်း အတွေ့အကြုံများကို ဆွေးနွေးရင်း မိမိမသိသည့် အချက်အလက်များကို ကိုချစ်လွင်ထံမှ မေးမြန်းခဲ့ပါသည်။

ကိုချစ်လွင်သည် ဆည်မြောင်း လမ်းဆိုလ်ပေါက်စ အရွယ်မှစ၍ အဘောက်အစား၊ လောင်းကစား၊ မိန်းမ ကင်းရှင်းသူတစ်ဦးဖြစ်ပြီး ဘာသာရေး အလွန်ကိုင်းရှိုင်းသူတစ်ဦး ဖြစ်သည်။ သူတစ်ပါးကိုလည်း အထူး ကူညီတတ်သူတစ်ဦး ဖြစ်ပါသည်။

လုပ်ငန်းအကြောင်းများ ဆွေးနွေးပြီး၍ ကျွန်တော် သူ့တိုက်မှ ပြန်မည် လုပ်သောအခါ သူငယ်ချင်း ချစ်လွင်က ကျွန်တော့်အား...

'သူငယ်ချင်း... မင်း ခရီးထွက်မယ်ဆိုတော့ မင်းကိုခံလို့ ငါ့အမြတ်တနိုး ရိုက်ထဲမှာ သိမ်းထားတဲ့ စိပ်ပုတီးတစ်ကုံး မင်း စိပ်ရအောင် ထက်ဆောင်ပေးလိုက်မယ်'

ဟု ပြောပါသည်။

'ဝမ်းသာလိုက်တာ သူငယ်ချင်းရာ၊ ငါက နေ့တိုင်း စိပ်ပုတီးစိပ်တာ မဟုတ်ဘူးကွ၊ တစ်ခါတလေမှ စိပ်ဖြစ်တာ မင်းက အခုလို အမှတ်တရပေးတော့ ငါ စိပ်ဖြစ်တာပေါ့ကွာ'

ဟု ကျွန်တော်က ပြောသောအခါ ကိုချစ်လွင်က...

'အေး...မင်းကို ငါပေးမယ့် စိပ်ပုတီးက သာမန်စိပ်ပုတီး မဟုတ်ဘူးနော်'

ဟု ပြောသည်။ ထိုအခါ ကျွန်တော်က အံ့ဩသွားပြီး "သာမန် စိပ်ပုတီး မဟုတ်ဘူး ဟုတ်လား"ဟု မေးလိုက်ရာ ကိုချစ်လွင်က...

'အေး...ဟုတ်တယ် ဒီစိပ်ပုတီးက သာမန် စိပ်ပုတီးမဟုတ်ဘူး။ ကိုးသချိုင်းစိပ်ပုတီး။ အဲဒီစိပ်ပုတီးနဲ့ ငါ သချိုင်းကုန်းမှာ ညတွေ စိပ်လာခဲ့တာ'

ဟု ရှင်းပြပါသည်။

ထို့နောက် ကိုချစ်လွင်က ကိုးသချိုင်းစိပ်ပုတီးအား လက်ကိုင်ပဝါလေးဖြင့် ထုတ်၍ ကျွန်တော့်လွယ်အိတ်ထဲသို့ ထည့်ပေးလိုက်ပါသည်။ စိပ်ပုတီးမှာ ကျောက်စိမ်းအကာသားများဖြင့် ပြုလုပ်ထားသည့် အစိမ်း၊ အဖြူကျား ကျောက်စိမ်းစိပ်ပုတီးလေး ဖြစ်ပါသည်။

ခရီးစတင် ထွက်ခွာမည့် ၁၇–၃–၂၀၁၄(အင်္ဂါနေ့) နံနက်(၉)နာရီတွင် ဆရာ့အိမ်သို့ ကျွန်တော်ရောက်ပါသည်။ စကားစမြည် ရှေးဟောင်းနောင်းဖြစ်များ ပြောဆိုကြပြီးနောက် (၁၀)နာရီခွဲတွင် ကျွန်တော်တို့ ဆရာတပည့်(၂)ယောက်အား ဆရာ့သားမှ တံတားဦးလေဆိပ်သို့ လိုက်ပို့ပါသည်။

နေ့လယ်(၁)နာရီ၌ မန္တလေးမှ လေယာဉ်ထွက်ရာ ပုံသန်းချိန် (၁)နာရီခန့်တွင် တာချီလိတ်မြို့လေဆိပ်သို့ ရောက်ရှိသည်။ လေဆိပ်တွင် တာချီလိတ်မြို့ အခြေစိုက်(...) ကုမ္ပဏီမှ စီမံကိန်း အင်ဂျင်နီယာဦးဝင်းလှိုင်နှင့် လုပ်ငန်းအုပ်ကြီး (အာခါတိုင်းရင်းသား) ဦးကြည်လင်းတို့မှ လာရောက်ကြိုဆိုကြပြီး ကုမ္ပဏီရုံးသို့ ကျွန်တော်တို့ ဆရာတပည့်(၂)ယောက်အား ခေါ်ဆောင်သွားပါသည်။

ကုမ္ပဏီသို့ ရောက်သောအခါ ကုမ္ပဏီပိုင်ရှင်သူဌေးက ကျွန်တော်တို့ (၂)ဦးအား နွေးထွေးစွာ ကြိုဆိုခဲ့ပါသည်။ ကြားရသော သတင်းစကားများအရ ကုမ္ပဏီပိုင်ရှင်သူဌေးမှာ အလွန်သဘောကောင်းပြီး လက်အောက်ငယ်သားများ အပေါ်တွင်လည်း စာနာထောက်ထား ကူညီ ထောက်ပံ့တတ်သူတစ်ဦးဖြစ်ကြောင်း ကြားသိရသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။





www.burmeseclassic.com

www.burmeseclassic.com



သူငွေးနှင့် ကျွန်တော်တို့ လုပ်ငန်းကိစ္စများ ပြောဆိုပြီး နောက် ဦးကြည်လင်းမှ ကျွန်တော်တို့ ဆရာတပည့် (၂)ဦးအား ကုမ္ပဏီရုံးနှင့် တွဲလျက်ရှိသော အဆောက် အအုံတစ်ခု၏ အပေါ်ထပ် တွင် တစ်ခန်းစီ နေရာ ချထားပေးပါသည်။

၎င်းနေရာတွင် ကျွန်တော်တို့ နေခဲ့ရသည့် အဆောက်အအုံရှိ အပေါ်ထပ်အခန်းများ၏ အနေ အထားများကို ဖော်ပြမှ ပြည့်စုံမည် ဖြစ်သည်။ ကုမ္ပဏီမှာ မြို့လယ်မှ ဖြတ်သန်း စီးဆင်းသွားသော ချောင်း တစ်ခု၏ကမ်းဘေးတွင်တည်ရှိပါသည်။

ကျွန်တော်တို့နေသည့် အခန်း အပေါ်ထပ်တွင် အလယ်မှ လူသွား လမ်းထားရှိပြီး ဝဲ/ယာတစ်ဖက်စီတွင် အခန်း(၃)ခန်းစီ ရှိသည်။ ယင်း အခန်း များ၏ အနောက်ဘက်အဆုံးတွင် ရေချိုးခန်းနှင့် အိမ်သာတွဲလျက် အခန်း ရှိပါသည်။

ရေချိုးခန်းအပြင်တွင် (အိမ်သာ ရေချိုးခန်းထဲ၌ လူရှိနေလျှင် စောင့်ရန်) ဝရန်တာလေးရှိပြီး ရေချိုးခန်းနှင့် ကြမ်း တစ်ပြေးတည်း ကွန်ကရစ်ခင်းထား သည်။

အပေါ်ထပ်သို့ တက်တက်ချင်း လက်ယာဘက် ရှေ့ဆုံးအခန်းမှာ ကျွန်တော့်ဆရာ ဦးသန်းထွန်းအခန်း။ အလယ်ခန်းမှာ ဦးဝင်းလှိုင်အခန်းနှင့် နောက်ဆုံးအခန်းမှာ ဦးကြည်လင်း အခန်းတို့ ဖြစ်ပါသည်။

လက်ဝဲဘက်တွင် ဝင်ဝင်ချင်း ဘုရား ခန်း။ အလယ်၌ စာရင်းကိုင် ကိုပိုင်စိုးသူ အခန်းနှင့် နောက်ဆုံးအခန်းမှာ ကျွန်တော့်အခန်းဖြစ်ပါသည်။ နောက်မှ ရောက်လာသော အင်ဂျင်နီယာ ဦးမြ သိန်းကို အောက်ထပ်မှ အခန်းတစ်ခု တွင် နေရာချထားပေးပါသည်။ ထိုနေ့ ညက ခရီးပန်း၍ မောမောနှင့် စောစော အိပ်ပျော်သွားခဲ့ပါသည်။

* * *

## အခန်း[၂]

တာချီလိတ်မြို့သို့ ရောက်ပြီး ပထမ တစ်ပတ်အထိ ကျွန်တော်သည် အချိန် ရလျှင် ရသလို ညပိုင်းများ၌ ကိုချစ်လွင် ပေးလိုက်သော ကိုးသချိုင်း စိပ်ပုတီး လေးကို စိပ်ဖြစ်ပါသည်။ မည်သည့် ထူးခြားမှုမှ မရှိပါ။

နောက်ပိုင်းရက်များတွင် လုပ်ဖော် ကိုင်ဖက် အင်ဂျင်နီယာ အစ်ကိုကြီး ဦးမြသိန်းနှင့် စီမံကိန်းလုပ်ငန်းများ၏ ခန့်မှန်းခြေစာရင်းများကို ပူးပေါင်း တွက်ချက်ရသဖြင့် ညဉ့်နက်သည်အထိ နေရသည့်ရက် များများလာသော ကြောင့် လည်းကောင်း၊ တစ်ခါတစ်ရံ ဘောလုံးပွဲများကို ည(၁)နာရီခန့်အထိ ကြည့်ဖြစ်သောကြောင့် လည်းကောင်း စိပ်ပုတီး မစိပ်ဖြစ်တော့ပါ။ သို့ရာတွင် ယင်းစိပ်ပုတီးလေးကို ကျွန်တော် ခေါင်းအုံးအောက်၌ ထား၍ အိပ်ခဲ့ပါ သည်။

(၁၀)ရက် ကျော်ကျော်လောက် တွင် ဖြစ်သည်။ ရက်စွဲကိုတော့ အတိအကျ မမှတ်မိတော့ပါ။ ည(၂)နာရီအချိန်လောက် ကြီးတွင် ကျွန်တော်အခန်း၏ အနောက်ဘက်တွင် ရှိသော ရေချိုးခန်းထဲတွင် ရေချိုးသံများ ကြားရသဖြင့် ကျွန်တော် နိုးလာပါသည်။

**"ဒီအချိန်ကြီးမှာ ဘယ်သူများ ရေချိုးနေတာပါလိမ့်"** ဟူ၍ တွေးရင်း ကျွန်တော့်အခန်းနှင့် မျက်စောင်းထိုး အခန်းမှ ဦးဝင်းလှိုင်လား၊ ဒါမှမဟုတ် မျက်နှာချင်းဆိုင်အခန်းမှ အာခါ တိုင်းရင်းသား ရုံးအုပ်ကြီး ဦးကြည်လင်း လား၊ သူတို့(၂)ယောက်တည်းက တစ်ယောက်ပဲဟု တွေး၍ ပြန်အိပ်လိုက် ပါသည်။

နံနက်မိုးလင်း၍ လက်ဖက်ရည်ဆိုင် တွင် ဆရာဦးသန်းထွန်း၊ ကျွန်တော်၊ ဦးဝင်းလှိုင်၊ ဦးမြသိန်းနှင့် စာရင်းကိုင် ကိုပိုင်စိုးသူတို့(၅)ဦး လက်ဖက်ရည် သောက်ကြရာ ဆရာဦးသန်းထွန်းမှ ကျွန်တော့်အား...

'ကိုတင်လတ် ခင်ဗျား ရေချိုးတာ အတော့်မရဲ နဲ့ ညက ခင်ဗျား ရေထချိုးတာ မနက်(၂) နာရီကျော်နေပြီ။ အဲဒါ မကောင်းဘူး။ ဆေကြိုက်နေဦးမယ်'

ဟု ပြောရာ ကျွန်တော်က...

'ဆရာ... ကျွန်တော်မဟုတ်ဘူး။ ဦးဝင်းလှိုင်နဲ့ တူတယ်'

ဟု ကျွန်တော်က ပြောလိုက်ပါ သည်။ ထိုအခါ ဦးဝင်းလှိုင်က ...

'အမယ်လေး ဒီအချိန်ကြီးကို ကျွန်တော် မချိုးရဲပါဘူးဗျာ။ ကိုကြည် လင်းနဲ့ ကိုပိုင်စိုးသူတို့ (၂)ယောက် တည်းက တစ်ယောက်ယောက်နေမှာ'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပါသည်။

ကိုကြည်လင်းနှင့် ကိုပိုင်စိုးသူတို့ (၂)ယောက်ကလည်း သူတို့မဟုတ်ကြကြောင်းနှင့် သူတို့ကလည်း ကျွန်တော် ရေချိုးနေသည်ဟု ထင်မှတ်နေကြကြောင်း ပြောသဖြင့် အားလုံး ညက ရေချိုးသံများ ကြားရကြောင်းကို တစ်ညီတစ်ညွတ်တည်း ဝန်ခံခဲ့ကြပါသည်။

နောက်(၁)ရက် နံနက်(၂)နာရီခန့် ဖြစ်သည်။ ကျွန်တော် အိပ်ပျော်နေရာမှ ကပ်လျက်ရှိသော ကိုပိုင်စိုးသူ အခန်းမှ သီချင်းသံများ ကြားရ၍ နိုးလာပါသည်။

'ဆောင်းဆိုသည်က... အေးမြခြင်းကို သရုပ်ဆောင်တယ်'

'ငွေနှင်းဖြူက... သန့်စင်တယ်လို့ အဓိပ္ပါယ်ကိုယ် ယူမယ်'

အဆိုတော်ဝင်ဦး၏ **"ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ်"** သီချင်းကို ကပ်လျက် အခန်းမှ ကြားရသဖြင့် ကျွန်တော် လိုက်ဆိုမိပါသည်။

မနက်လင်းတော့ လက်ဖက်ရည်ဆိုင်တွင် ဦးဝင်းလှိုင်မှ ကိုပိုင်စိုးသူအား ညအချိန်မတော် သူများ အိပ်နေချိန်တွင် သီချင်းမဖွင့်ရန် ပြောပါသည်။ ထိုအခါ ကိုပိုင်စိုးသူက သူ သီချင်းမဖွင့်ကြောင်း ပြောသောအခါ ဦးဝင်းလှိုင်က...

'ညက ခင်ဗျား အခန်းထဲက ဝင်ဦးသီချင်းသံတွေကြားနေရကြောင်း ကျန်တဲ့သူတွေလဲ မေးကြည့်ပါဦး'

ဟု ပြောသဖြင့် ကိုပိုင်စိုးသူက ကျွန်တော်နှင့် ကိုကြည်လင်းတို့အား မေးရာ ကျွန်တော်တို့ကလည်း သူ့အခန်းထဲမှ သီချင်းဆိုသံများ ကြားရကြောင်း ပြောကြားခဲ့သဖြင့် ကိုပိုင်စိုးသူက သူ လုံးဝ သီချင်းမဖွင့်ပါကြောင်း သာ တွင်တွင် ငြင်းဆိုခဲ့ပါသည်။



ထို့နောက် ကိုပိုင်စိုးသူမှ အတန်ကြာ စဉ်းစားဟန်ပြုပြီး စကားတစ်ခွန်း ဆိုလာပါသည်။

'ကျွန်တော်တို့ အခန်းပေါ်မှာ သရဲများ ခြောက်တာလား ဆရာ။ ကျွန်တော်တော့ မယုံကြည်ဘူး။ မနေ့ကလဲ ရေချိုးခန်းထဲက ရေချိုးသံတွေ ကြားရတယ်။

တကယ်တော့ ကျွန်တော်တို့ထဲက ဘယ်သူမှ ရေချိုးတာမဟုတ်ဘူး။ အခုလဲ တကယ် ကျွန်တော်သီချင်းမဖွင့်ဘူးဆရာ။ အဲဒီ ဆရာတို့ အားလုံးက ကျွန်တော်အခန်းထဲက သီချင်းသံတွေ ကြားရတယ်ဆိုတော့ ကျွန်တော်တော့ သရဲခြောက်တယ် ထင်တာပဲ။ ဒီအခန်းတွေထဲမှာ သရဲများရှိနေလား ဆရာတို့ရာ'

ဟု ညည်းညူနေစဉ်မှာပင် ကျွန်တော့်စိတ်ထဲမှာ လန့်သွားပါသည်။

အကြောင်းမှာ ကျွန်တော့် အခန်းထဲရှိ ကိုးသချိုင်း စိပ်ပုတီးကို သွား၍ သတိရမိသောကြောင့် ဖြစ်သည်။ သို့သော် ကျွန်တော့်အပေါ် အမှုပတ်မည်စိုး၍ ကျွန်တော် နှုတ်ဆိတ်နေခဲ့ပါသည်။

* * *

## အခန်း [ ၄ ]

ထိုသို့ ဖြစ်ရပ်များ ဖြစ်ပြီးနောက် တစ်ပတ်ခန့်အကြာ နံနက်(၆)နာရီခွဲခန့်တွင်ဖြစ်သည်။ ထိုနေ့က နံနက်စောစောကပင် နိုးနေပါသည်။ အိုက်စပ်စပ်ရှိသဖြင့် ရေချိုးသွားရန် ပြင်ပြီးမှ ရေချိုးသံကြားနေရ၍ မသွားသေးဘဲ အခန်းတံခါးကိုဖွင့်ကာ တံခါးပေါင်ကိုမှီပြီး မဂ္ဂဇင်းတစ်အုပ် ထိုင်ဖတ်နေသည်။

ထိုစဉ် ဆရာဦးထွန်း ပုဆိုးတိုတိုလေးဝတ်ကာ ပလတ်စတစ်ခွက်လေး ကိုင်၍ ရေချိုးရန် လာနေသည်ကို စာဖတ်ရင်း သတိထားမိသည်။

ကျွန်တော့်အနား ရောက်သောအခါ ကျွန်တော် ဘာတွေဖတ်နေသည်ကို သိချင်သဖြင့် ကျွန်တော်ထိုင်နေသည့် အပေါ်မှ မိုး၍ ကျွန်တော်ဖတ်နေသည့် စာအုပ်ကို ငုံ့ကာ ဖတ်နေသည်ဟု ကျွန်တော့်စိတ်ထဲ ထင်နေမိသည်။ (၂)ယောက်သား စကားတော့ မပြောဖြစ်ပါ။

ခဏနေတော့ ရေချိုးခန်းဘက်သို့ ထွက်သွားသည့် ခြေသံများကြားလိုက်ရသဖြင့်...

'အင်း...ဒါဆို ရေချိုးခန်းအပြင်က စောင့်နေရတာ ပျင်းနေလိမ့်မယ်။ ဒါသွားပြီး အာလာပသလ္လာပ စကားလေးဘာလေး သွားပြောလိုက်ဦးမှပဲ'

ဟု စဉ်းစားကာ ဝရန်တာဘက်ဆီသို့ ထွက်လာလိုက်ရာ ဆရာဦးသန်းထွန်းကို ဝရန်တာ၌ မတွေ့ရပါ။ ဒါဆို ရေချိုးခန်းထဲ ဝင်သွားလားဟု တွေးမိပါသည်။ မဖြစ်နိုင်ပါ။ ခုန ရေချိုးသံ ကြားနေရသဖြင့် ယင်း ရေချိုးသူ ထွက်မလာသေးဘဲ ဆရာဝင်လို့ မရပါ။

ထိုသို့ စဉ်းစားရကျပ်သဖြင့် ရေချိုးခန်းတံခါးကို ခေါက်ရာ အချိန်ကြာသည်ထိ ဘာသံမှ မကြားရသဖြင့် အပြင်မှ အခန်းတံခါးခလုတ်ကို လှည့်ဖွင့်လိုက်ရာ ရေချိုးခန်းတံခါး ပွင့်သွားပြီး လူတစ်ဦးမှ မတွေ့ရသဖြင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

လန့်သွားပါသည်။

ချက်ချင်းပင် ဆရာဦးသန်းထွန်း အခန်းသို့ ပြေးသွား၍...

'ဆရာ ခုန ဆရာရေချိုးခန်းဘက် လာလား'

ဟု မေးလိုက်ရာ ဆရာက...

'မလာပါဘူး ကျုပ်အခန်းထဲမှာ ဘုရားရှိခိုးနေတာ'

ဟု ပြောရာ ကျွန်တော်က မယုံကြည်သည့်အနေဖြင့်...

'ဆရာ တကယ်ရေချိုးခန်းထဲ မလာပါဘူးနော်'

ဟု ပြောရာ ဆရာဦးသန်းထွန်းက...

'ခင်ဗျား ဘာဖြစ်နေတာလဲ'

ဟု မေး၍ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ရာ ကျွန်တော့်ဆရာလည်း အခန်း၌ မကျွတ်မလွတ်သူ တစ်ဦးဦး များရှိနေပြီလားဟု သံသယရှိကြောင်း စတင်၍ အသံထွက်လာပါသည်။

ထို့နေ့က လက်ဖက်ရည်ဆိုင်တွင် ထိုအကြောင်း ပြောကြရာက ကျွန်တော်သည် ကိုယ့်ကိုယ်ကို မလုံတော့ဘဲ...

'ဆရာတို့ထင်သလို ဒီအဆောက်အအုံထဲမှာ ပရလောကသားရှိတာ မဖြစ်နိုင်ဘူး။ အရင်က ကိုကြည်လင်းတို့၊ ကိုပိုင်စိုးသူတို့ နေလာတာ ကြာလှပြီ ဘာသံမှ မကြားခဲ့ရတာ အခုမှ ဖြစ်တာဆိုတော့ ကျွန်တော့်အထင် ကျွန်တော်ယူလာတဲ့ စိပ်ပုတီးကများလားဗျာ'

ဟု ညည်းတွားမိရာက ယင်းတို့အားလုံး၏ မျက်စိများက ကျွန်တော့်ဆီ ရောက်လာသဖြင့် ယင်းစိပ်ပုတီး၏ ရာဇဝင်ကို ပြောပြလိုက်ရာ အားလုံးက ဖြစ်နိုင်ကြောင်းနှင့် ယင်းစိပ်ပုတီးကို အမြန်ဆုံး မန္တလေးသို့ ပြန်ပို့ရန် တောင်းဆိုကြသဖြင့် ကျွန်တော်လည်း စဉ်းစား ပေးပါမည်။ (၂)ရက်၊ (၃)ရက် ကျွန်တော့်အား ခေတ္တစောင့်ပေးပါဟု



တောင်းဆိုခဲ့ပါသည်။

ထိုနေ့ ရုံးထမင်းစားနေချိန်တွင် ဤဖြစ်ရပ်များအား ယခင်က ကျွန်တော်နှင့် ခင်မင်ရင်းနှီးသည့် ဆည်မြောင်းဌာနမှ ယာဉ်မောင်း(ငြိမ်း) ဦးကျော်လှိုင်ထံ ဖုန်းဆက်၍ မေးရပါတော့သည်။

ဦးကျော်လှိုင်သည် မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်၊ ဝါခင်းကုန်း ဆရာတော်ဦးတိက္ခ၏ တပည့်ရင်း တစ်ဦး ဖြစ်ပြီး တောင်စလင်းတိုက်သစ် စတင် တည်ထောင်စဉ်မှစ၍ ယခုထိ အကျိုးဆောင်တစ်ဦးဖြစ်ပါသည်။ ငယ်စဉ်မှစ၍ ဘာသာရေးအထူး ကိုင်းရှိုင်းသူတစ်ဦးဖြစ်ပြီး ယခု အသက်(၇၀) ကျော်ပြီဖြစ်သော်လည်း သွက်သွက် လက်လက်ပင်ဖြစ်သည်။

သူငယ်ချင်းဖြစ်သူ ချစ်လွင်နှင့် ဦးကျော်လှိုင်မှာ ဘာသာရေးသမား ချင်း၊ သူတော်ချင်းချင်း ပေါင်းဖက် တွေ့ကာ ချစ်လွင်က ပုသိမ်ကြီးမြို့နယ်၊ ချောင်းဝန်းစခန်း မြောက်ဘက်တွင် ကျောင်းတစ်ကျောင်း ဆောက်လုပ် လှူဒါန်းရန် မကြာခဏ ဦးကျော်လှိုင်၏ ခြံသို့ အလည်လာနေကျဖြစ်သည်။

ထို့ကြောင့် ကိုချစ်လွင်၏ စိပ်ပုတီး အကြောင်း သူ့အား ပြောပြရင်း ကျွန်တော်မှ ကိုချစ်လွင်ဆီ စိပ်ပုတီး ပြန်ပို့ချင်နေကြောင်း ပြောပေးပါဟု အကူအညီတောင်းရန် စိတ်ကူးဖြင့် ဖုန်းဆက်ရင်း ဇာတ်စုံခင်းပြလိုက်ရာ ဦးကျော်လှိုင်က...

'ဖြစ်တတ်ပါတယ်။ စိပ်ပုတီးမှာ စွဲနေတဲ့ ဝိညာဉ်(ပရလောကသား)က မင်းဆီကို အမျှ တောင်းတာပါ။ ကြောက်စရာမလိုပါဘူး။ အဲဒီ စိပ်ပုတီး စိပ်ပြီးရင် ပုတီးမှာ စွဲကပ်နေတဲ့ ဝိညာဉ်(ပရလောကသား)ကို ရည်စူးပြီး အမျှ ပေးလိုက်ပေါ့။ ခြောက်တာလှန့်တာ ရပ်သွားမှာပါ။

ငါတို့အနေနဲ့သာ ခြောက်တာလှန့်တာလို့ ထင်နေတာ။ သူတို့အနေနဲ့ကျတော့ ငါတို့ကို အကူအညီတောင်းတာပေါ့ကွာ။ သူတို့ကို အမျှပေးဖို့အတွက်ပေါ့။

မင်းက ဘာသာရေး အားနည်းတာကိုးကွ။ ချစ်လွင်ကျ ဘာမှ မဖြစ်ဘူးဆိုတာ သူက သမာဓိ အားကောင်းတယ်လေ ဘာသာရေး တအားလုပ်မှ သမာဓိအားကောင်းတာ။ သူက သင်္ချိုင်းတွေမှာ စိပ်ထားတော့ အဲဒီ သင်္ချိုင်းတွေထဲက ဝိညာဉ်တစ်ခုခုက စွဲမိစွဲရာ စိပ်ပုတီးလာစွဲနေလို့ ဖြစ်မှာပေါ့ကွာ။ မင်း စိတ်မသန့်ရင် ပြန်ပေးလိုက်ပါ။ ကိုချစ်လွင် လာရင် ငါ ပြောပြထားလိုက်ပါ့မယ်'

ဟု ပြောပါသည်။

ချစ်လွင်အား ဖုန်းဆက်မပြောမီ (၃) ရက်ခန့်အလို တစ်ရက်နံနက် (၈)နာရီ ခန့်တွင် ဖြစ်သည်။

ရေမိုးချိုးပြီး၍ ရုံးတက်ရန် အခန်းထဲ၌ အဝတ်အစားလဲနေစဉ် ကွာတားဘောင်းဘီတို ဝတ်ကာ အခန်းရှေ့မှ ဖြတ်လျှောက်၍ အိမ်သာရေချိုးခန်း ဘက်သို့ သွားသော ဆရာဦးသန်းထွန်းကို တွေ့လိုက်ရသည်။

ထိုအခါ ကျွန်တော့်စိတ်ထဲ၌...

'ဩော်...ငါ့ဆရာတော့ ရုံးဝတ်စုံ မလဲရသေးဘူး။ ဒါဆို အေးအေး သူထွက်လာမှပဲ သူ့အခန်းထဲ အတူတူ လိုက်သွားတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com

ဟု စိတ်ကူး၍ ကျွန်တော့်အခန်းဝမှ ရပ်၍ စောင့်နေခဲ့ပါသည်။

ဆရာက ရေချိုးခန်းထဲက တော်တော်နှင့် ထွက်မလာပါ။ ကျွန်တော် ရပ်၍ ဆက်စောင့်နေစဉ်မှာပင် ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော့်ဆံပင်များ ထောင်သွားသည်ဟုပင် ထင်လိုက်မိပါသည်။ ကျွန်တော်မြင်လိုက်ရသည့် မြင်ကွင်းက...

သူ့အခန်းထဲမှ ရုံးဝတ်စုံနှင့် ရုံးသွားရန် ထွက်လာသော ကျွန်တော့်ဆရာ ဦးသန်းထွန်းပင်တည်း။ သူက ကျွန်တော့်ကို ကြည့်၍...

'ကိုတင်လတ် ဘာလုပ်နေတာလဲ၊ ရုံးသွားမယ်လေ'

ဟု ပြောသောအခါ ကျွန်တော် ဆရာထံ ပြေးသွားကာ ဆရာ့လက်ကို ဆွဲထားပြီး...

'ဆရာ...ခုန ဆရာ ကွာတားပင်ကြီးဝတ်ပြီး ကျွန်တော့်အခန်းရှေ့က ဖြတ်သွားလား'

'ဟာ မသွားရပါဘူး၊ ကျုပ်ရုံးဝတ်စုံတွေ မီးပူတိုက်နေတာပါ'

'တပည့်ကို မနောက်ပါနဲ့ ဆရာရယ်၊ ကျွန်တော် ခုနဆရာ့ကို အခန်းရှေ့က ဖြတ်လျှောက်သွားတာ မြင်လိုက်လို့ပါ'

'မဟုတ်ရပါဘူးကွာ'

ဟု အထပ်ထပ်အခါခါ ငြင်းဆိုနေသဖြင့် ဆရာ့အား ကျွန်တော့်၏ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ရာ ဆရာလည်း အတော်အံ့အား သင့်သွားပြီး...

'ကိုတင်လတ်... ခင်ဗျားစိပ်ပုတီးကြီး မွန္တလေး မြန်မြန်ပြန်ပို့တော့ ကြာရင် ခင်ဗျား ရူးရင် ရူး မရူးရင် တစ်ခုခုဖြစ်လိမ့်မယ်'

ဟု သတိပေးပါသည်။

* * *

## အခန်း[ ၅ ]

နောက်ရက်တွင် သူငယ်ချင်း ချစ်လွင်ထံသို့ ဖုန်းဆက်၍ ဖြစ်စဉ်များကို ပြောပြကာ စိပ်ပုတီးအား ပြန်ပို့ချင်သဖြင့် ခွင့်ပြုရန် ပြောပြရပါသည်။ သူက စေတနာနှင့်ပေးထားသောကြောင့် ကျွန်တော့်မှာ သူ့အားပြန်ပေးရန် အလွန် အားနာနေမိပါသည်။ ကိုချစ်လွင်ကလည်း လေဆိပ်သို့ ပို့လိုက်ရန်နှင့် သူ သွား၍ယူမည်ဖြစ်ကြောင်း ပြောသဖြင့် ရက်စွဲတော့ မမှတ်မိတော့ပါ။

နောက်ရက်တွင် တာချီလိတ်ရုံးမှ ပစ္စည်းများကို မန္တလေးမြို့သို့ ပို့ပေးနေကျ လေယာဉ်ကိုယ်စားလှယ် ကိုမိုးကျော်အား ဖုန်းဖြင့် ဆက်သွယ်ခေါ်ယူပြီး ယင်း ကိုးသချိုင်းစိပ်ပုတီးကို လုံခြုံအောင် သေချာထုပ်ပိုးကာ တာချီလိတ်မှ မန္တလေးသို့ သွားသော လေယာဉ်ဖြင့် ပြန်ပို့ပေးလိုက်ရပါတော့သည်။

ဤဖြစ်ရပ်၌ ကျွန်တော် သတိထားမိသည့် အချက်မှာ...

၁။ သချိုင်းများနှင့် ပတ်သက်နေသော (သို့မဟုတ်) မရှုလာကသောသာများနှင့် ပတ်သက်နေသော ရည်သည့် ပစ္စည်းများကိုမဆို မိမိနှင့်အတူ မထားသင့်ဟု ထင်မြင်ယူဆမိပါသည်။

၂။ မလွဲသာမရှောင်သာ၍ မိမိနှင့် ယင်း ပစ္စည်း အတူထားရှိနေမည်ဆိုပါက သမာဓိအားကောင်းရန် ဘာသာရေး အလေ့အကျင့်ကို လိုအပ်ပါကြောင်းနှင့်...

၃။ ဖြစ်နိုင်လျှင် မထားသင့်ပါကြောင်း နောင်လာနောက်သားများ သတိပြု ထင်မြင်နိုင်စေရန် ကျွန်တော်၏ ကိုယ်တွေ့ဖြတ်သန်းမှု အား ရေးသား လိုက်ရခြင်းဖြစ်ပါသည်။

**ကိုကိုလတ်(ဆည်မြောင်း)**

**စာမျက်နှာ (၂၀၇)မှ အဆက်**

တွေ့နိုင်ပါသည်။

စာရေးသူတို့၏ ဒေသတွင် အလွန်ပေါများပါသည်။ ရန်ကုန်မြို့အတွင်းမှ လမ်းဘေးနှင့် ရေမြောင်းဘေးတွင် အခွံအဝါရောင် အခွံပါးသော ခရုဖင်ချွန်အချို့ တွေ့ရှိရပါသည်။ ယင်းအခွံပါး၍ အဝါညိုရောင် ခရုဖင်ချွန်းကို ဆေးအဖြစ် သုံး၍ မရပါ။

အခွံထူထဲပြီး အရည်ရောင် အနက် တောက်ပြီး မီးနှင့် နှင်းလျှင် တွဲသော ခရုဖင်ချွန်ကိုသာ ဆေးအဖြစ် အသုံးပြု နိုင်ပါကြောင်း ထပ်လောင်း၍ အသိပေး တင်ပြလိုက်ရပါသည်။

ခုနစ်ရက် သားသမီးအပေါင်း အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပြီး သွေးချိုဆီးချို ဝေဒနာဘေးအပေါင်းတို့မှ လွတ်ကင်းကြပါစေဟုဆုတောင်းမေတ္တာပြုလိုက်ပါသည်။

**ဆရာဦးစန်းယု**
**(ဓေတ်မီအသိမွေးမထောင်သာ)**

လမ်းညွှန်ပါရစေ

ခရုဖင်ချွန်း (ခေါ်) လယ်ခရုပုံမှာ ဤပုံစံအတိုင်း ဖြစ်ပါသည်။

* * *



အနက်ရောင်၊ အမည်းရောင် ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်၊ မေလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ မြင့်ဟိန်းကျော်(ကသာမြေ) စာမျက်နှာ (၃၁)တွင် ဆီးရောဂါအတွက် ဆေးမြီးတို စာမူဆောင်းပါးတွင် လယ်ခရု(ခေါ်) ခရုဖင်ချွန်း၏ ဓာတ်ပုံများကို ရှာဖွေ၍ ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

မောင်ရင်ငွေ
(မအူပင်)

ရှမ်းတိုင်ရင်ကြီး၏

# အချမ်းထက်
# အင်းတစ်ကွက်




**၁၉၃၈ ခုနှစ်** ကာလက ဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော်သည် မအူပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။

ကျွန်တော်သည် ထိုကာလ၌ ပါဠိသဒ္ဒါကို လေ့လာလို၍ ကျွန်တော်တို့မြို့ရှိ စာသင်တိုက်ကြီး(ဘုန်းကြီးကျောင်း)တစ်တိုက်တွင် ဘုန်းကြီးကျောင်းသားလုပ်လိုက်၊ ရုံးတက်လိုက်၊ ပါဠိသဒ္ဒါကို လေ့လာသင်ယူလိုက် လုပ်ဖြစ်ခဲ့ပါသည်။

ကျွန်တော် ဘုန်းကြီးကျောင်းမှာ ညအိပ်ညနေ နေထိုင်ကာ သဒ္ဒါကို လေ့လာသင်ယူနေ၍ ထိုစဉ်က ရုံးတက်လျှင် စီးသည့် (၃၀၀၀)ကျပ်တန် ကျွန်တော့် HERROWစက်ဘီးကိုလည်း ဘုန်းကြီးကျောင်းမှာပင် ညသိပ်ထားရပါသည်။

ကျွန်တော် ဘုန်းကြီးကျောင်းမှာ နေထိုင်နေသည်မှာလည်း (၈)လ လောက်ရှိပြီ ဖြစ်ပါသည်။ ကျွန်တော့်ကို သဒ္ဒါပညာ သင်ကြားပေးသော စာချဦးပဉ္စင်းကြောင့်လည်း သဒ္ဒါဆိုသည်မှာ...

**ပါဠိဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြစ်စေ ထိုဘာသာဟူသမျှသည် "သဒ္ဒ" ဖြစ်သည်ဟု ဆိုသည်။(ရုပ် ၂၈-ပါးတွင် ပါဝင်သော သဒ္ဒရုပ်ပင်တည်း) ထိုသဒ္ဒရုပ်ကို မြန်မာသကဲ့သို့ သဒ္ဒအရင်းအမြစ်တို့ကို နားမလည်သူတို့အတွက် သဒ္ဒကျမ်း အထောက်အထားပြု၍ သဒ္ဒအဘော၊ သဒ္ဒအရုပ်ကို ဖီရင်ပြုရပါသည်။**

**သင်အစစ်ကို မမြင်ဘူးသူတို့ သင်အတုအရုပ်ကို ပြရသလိုပင်ဖြစ်သည်။ ထိုအတားအရ သဒ္ဒသည် သဒ္ဒအစစ်ကို နားလည်ဖို့ရာ အတုအရုပ် ပြလုပ်အပ်သော ကျမ်းများဖြစ်သည်။( ဒါ့ကြောင့် ရှေးရှေးဆရာတို့က "သဒ္ဒါ" ဆိုကြသည်)ဟု သိခဲ့ရပါသည်။**

ထိုဘုန်းကြီးကျောင်းမှာ (၈)လပြည့်၍ (၉)လမြောက် လဆန်းပိုင်းရက်တွင် ကျွန်တော် ရုံးသွားရုံးပြန် စီးနေသည့် စက်ဘီးက ပျောက်ဆုံးခဲ့ရပါသည်။

ကျွန်တော့်စက်ဘီး ပျောက်ခဲ့၍ စိတ်မကောင်းခြင်းများစွာ ဖြစ်ခဲ့ရပါသည်။ ထိုအချိန်က ကျွန်တော် ပျောက်ဆုံးသွားခဲ့သော စက်ဘီး၏ တန်ဖိုးသည် ကျွန်တော့်လစာ လေးလစာလောက်ရှိ၍ ကျွန်တော် ဝမ်းနည်းပူဆွေးပြီး စိတ်မချမ်းမသာ ဖြစ်ရပါသည်။

ဘုန်းကြီးကျောင်းတိုက်ရှိ ဆရာတော်၊ တိုက်အုပ်၊ စာချ၊ စာသင်၊ ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသား အားလုံးပါ စိတ်မကောင်း ဖြစ်နေကြပါသည်။

ကျွန်တော့်စက်ဘီးက ညဘက်ပျောက်တာဖြစ်သည်။ ကျောင်းခြံစည်းရိုးမှာ်ဦးတံခါးများ သော့ပိတ်ထားလျက်ဖြစ်သည်။

ကျွန်တော် နေထိုင်ရာ ကျောင်းအဆောင်နေ သံဘာဂျာတံခါးကို အာမခံသော့ဖြင့် ပိတ်ထားခြင်းကို သော့ဖျက်တံခါးဖွင့်၍ စက်ဘီးကို ယူသွားခြင်းဖြစ်သည်။

ထိုနေ့က စက်ဘီးပျောက်သွား၍ ကျွန်တော် ရုံးကို ကုန်းကြောင်းတက်ခဲ့ရပါသည်။

ရုံးရောက်ချိန်တွင် ရုံးမှ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းတို့ကို ကျွန်တော့်စက်ဘီး ညက ဘုန်းကြီးကျောင်းတွင် ပျောက်သွားကြောင်း ပြောပြရာ သူတို့က ရဲစခန်းတွင် အမှုဖွင့်ရန် တိုက်တွန်း၍ ကျွန်တော်လည်း ရဲစခန်းသွား၍ အမှုဖွင့်ထားခဲ့ပါသည်။

စက်ဘီးပျောက်၍ ရုံးအလုပ်လည်း စိတ်မဝင်စားနိုင်၊ ရုံးတက်ရသည်ကိုလည်း စိတ်မပါ ဖြစ်ရပါသည်။

ညနေ ရုံးဆင်းချိန်တွင် ဘုန်းကြီးကျောင်းမှာလည်း အားလုံးသော ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားတို့က...

'စက်ဘီးကိစ္စ ဘာထူးသေးလဲ'

ဟု မေးလာကြပါသည်။ ကျွန်တော်

www.burmeseclassic.com

လည်း ရဲစခန်း၌သာ အမှုဖွင့်ထားကြောင်း ပြောပြလိုက်သည်။ ကျွန်တော့်စကားအဆုံး၌ ရှမ်းသံဝဲဝဲဖြင့်...

'အကာကြီးရယ် စခန်းအမှုဖွင့်တာလဲ ဖွင့်တာပေါ့။ ကိုရင်ကြီးရဲ့ လောကီပညာနဲ့ အကာကြီးရဲ့ စက်ဘီးကို ရအောင်လုပ်ကြည့်ပေးမယ်'

'လုပ်ပါ ကိုရင်ကြီး။ ကိုရင်ကြီး အဆင်ပြေသလိုသာ လုပ်ပါ။ တပည့်တော်ဘက်က ဘာများ အကူအညီ ပေးရဦးမလဲ ဘုရား'

ကျွန်တော့် စကားကြောင့် ကိုရင်ကြီးက သူ၏ကိုယ်မှ ကေသီကို ပြင်ရုံလိုက်ပြီးမှ...

'အင်းချဖို့ ငွေပြား တစ်လက်မ ပတ်လည်လောက်ရရင် ရပါပြီ။ ဟာ...အခုက ညနေစောင်းပြီဆိုတော့ ဈေးပိတ်ပြီ။ ခု ဝယ်ဖို့က အဆင်မပြေတော့ဘူး။ ကိုရင်ကြီးကို စီးကရက်ဘူးထဲက ငွေရောင်စက္ကူသာ ရအောင်ရှာပေးတော့ အကာကြီးရေ'

ရှမ်းကိုရင်ကြီး ရှာခိုင်းသော ငွေရောင်စက္ကူကို ဦးပဉ္စင်းတစ်ပါးထံမှ ပင် ကျွန်တော် အလွယ်တကူ ရ၍ ကိုရင်ကြီးကို ပေးလိုက်ပါသည်။

ရှမ်းကိုရင်ကြီးလည်း ကျွန်တော့်ကို သူ နေထိုင်ရာ တိုက်ကျောင်းဆောင်သို့ခေါ်ပြီး ကျောင်းဆောင်ကြီး၏ အပေါ်ထပ်ရှိ ဘုရားခန်းတွင် ဘုရားဝတ်ပြုပြီး ဗလာစာအုပ်လွတ်တစ်အုပ်ယူကာ စာမျက်နှာလွတ်တစ်ခုတွင် အောက်ပါတိုင်း တွက်ချက်နေပါသည်။

* * * ⟶

စနေထောင့်မှစ၍ အင်းကွက်တွင် မြင်းခုန်သွား၍ အင်းဆန်သွင်းရန်။

ကိုရင်ကြီးက သူ တွက်ချက်ပြီးသော ရလဒ်ဂဏန်းများကို စိစစ်ပြီး စိတ်တိုင်းကျသည့် အနေဖြင့် လက်ဖျောက်တစ်ချက်တီးလိုက်ပြီး...

'အကာကြီးရေ... အင်းချဖို့အတွက်တော့ တွက်ချက်ပြီးပြီ။ အင်းချဖို့ပဲ ကျန်တော့တယ်။ ဒါလဲ ခဏပါပဲ'

ဟုဆို၍ စီးကရက်ဘူးခွံထဲမှ ငွေရောင်စက္ကူကို တစ်လက်မ ပတ်လည် ညီညာစွာ ဖြတ်တောက်၍ အင်းဆန်သွင်းရန် မျဉ်းသားခြင်းကို ပြုလုပ်နေပါသည်။

ကိုရင်ကြီးက အင်းဆန်သွင်းရန် မျဉ်းသားပြီးနောက် နှုတ်မှ ဂါထာများကို ရွတ်ဖတ်လျက် အင်းဆန်များသွင်းလိုက်ပါသည်။

* * *

| | | |
|---|---|---|
| ၄ | ၇ | ၂ |
| ၁ | (၃) | ၅ |
| ၆ | ၃ | ၀ |

ဝ(သုည)ကြွင်း၍ အင်းဆန်သွင်းထားပုံ

| | | |
|---|---|---|
| ၅ | ၈ | ၃ |
| ၂ | (နံ) | ၆ |
| ၇ | ၄ | ၁ |

အင်းအသွားအစဉ်

'အလယ်ကွက်မှာတော့ ပျောက်ဆုံးသွားတဲ့ ပစ္စည်းရဲ့ နံကို ထည့်ပြီး အလယ်မှာ ဖယောင်းတိုင်ထွန်း၊ သစ်ပင်ကြီးတစ်ပင်အောက်မှာဆို ပိုလို့ အဆင်ပြေလိမ့်မယ်။ အကာကြီး သွား...သွား...ခုလုပ်လိုက်'

ရှမ်းကိုရင်ကြီး ပြောသည့်အတိုင်း

| ဆုံးရှုံးမှု | | ရလိုမှု | |
|---|---|---|---|
| စက် | - ၃ | ပြန် | - ၅ |
| ဘီး | - ၅ | ရ | - ၈ |
| ပျောက် | - ၅ | ပါ | - ၅ |
| ခြင်း | - ၂ | စေ | - ၃ |
| | ၁၅ | | ၂၁=၃ |

ဆုံးရှုံးမှုကိုတည် ရလိုမှုနှင့်စားရန်...

```
    ၅
၃ | ၁၅
    ၁၅
  ----
    ၀ (ဝ-ကြွင်း၍ သုညသည် စနေနံ)
```

ကျွန်တော်လည်း ဘုန်းကြီးကျောင်းဝန်းထဲရှိ အင်ကြင်းပင်ကြီးအောက်၌ ရှမ်းကိုရင်ကြီး စီရင်ပေးထားသော အင်းအစီအရင်ကို ပြုလုပ်လိုက်ပါသည်။

ကျွန်တော် ရှမ်းကိုရင်ကြီး စီရင်ပေးသည့် အင်းအစီအရင်ကို ပြုလုပ်ပြီး နောက်နှစ်ရက်တွင် ကျွန်တော်တို့ရုံးတွင် ပြုလုပ်သော မြို့ပေါ်ရှိ ရပ်ကွက်ဥက္ကဋ္ဌများ အစည်းအဝေးကို တက်လာသော အမှတ်(၆)ရပ်ကွက်ဥက္ကဋ္ဌက...

'စာရေးလေး စက်ဘီးပျောက်လို့ ဆိုတာ ဟုတ်လားဗျ'

'ဟုတ်ပါတယ် ဥက္ကဋ္ဌ၊ ဘာများ ဖြစ်လို့လဲဗျ'

'အစ်ကို့ရုံးမှာ တာဝန်သိပြည်သူ တစ်ဦး စက်ဘီးတစ်စီး မနက်စောစောလမ်းဘေးမှာတွေ့လို့ ဆိုပြီး လာအပ်ထားတာ (၃)ရက်လောက်ရှိပြီကွ၊ စာရေးလေး ပျောက်သွားတဲ့ စက်ဘီး ဟုတ်မဟုတ် လိုက်ကြည့်ပါလား'

ဟု ဆို၍ ကျွန်တော်လည်း အမှတ်(၆)ရပ်ကွက် ဥက္ကဋ္ဌဖြင့် သူတို့ရုံးသို့ လိုက်ကြည့်ရာ ကျွန်တော် ပျောက်ဆုံးသွားသည့် ကျွန်တော့်စက်ဘီးကို သော့ပျက်လျက် တွေ့ရပါသည်။

ကျွန်တော်လည်း ထိုအချိန်က ကျွန်တော်တို့လစာ လေးလစာလောက်တန်သည့် စက်ဘီးကို ပြန်တွေ့ရ၍ ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။ တစ်ဆက်တည်းမှာလည်း ရှမ်းကိုရင်ကြီး၏ အစီအရင် အင်း၏အစွမ်းကိုလည်း သိလိုက်ရပါတော့သည်။

**မောင်ရင်ထွေး(မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com

ရဲမှိုးသူ (မောင်မြို့င်)
(ကေတုမတီမြို့သစ်၊ ဖောင်ငှ)

# ပယင်းကျောက်ရှုသော

အဘွားအို

အစိုးရဝန်ထမ်းဘဝ ပေးအပ်ရာ တာဝန်ထမ်းဆောင်ရင်း မြန်မာနိုင်ငံ၏ အရှေ့မြောက်ထောင့်အရပ် တရုတ်နယ်စပ် **လောက်ကိုင်မြို့**တွင် လွန်ခဲ့သည့် (၇)နှစ်ကာလ တာဝန်ထမ်းဆောင်ဖူးပါသည်။

လောက်ကိုင်မြို့သည် ကိုးကန့်တိုင်းရင်းသားများ၏ မြို့တော် ဖြစ်ပါသည်။ အများအားဖြင့် ကိုးကန့်တိုင်းရင်းသားများ နေထိုင်ကြပြီး အခြားတရုတ်၊ ရှမ်း၊ မြောင်ဇီးနှင့် ဗမာတို့လည်း နေထိုင်မှု ရှိကြပါသည်။

အဓိက သုံးစွဲငွေအဖြစ် တရုတ်နိုင်ငံသုံး ယွမ်ငွေဖြစ်၍ မြန်မာကျပ်ငွေကိုလည်း ထိုက်သင့်သမျှ သုံးစွဲမှု ရှိပါသည်။ ကိုးကန့် တိုင်းရင်းသား အများစုမှာ နတ်ကိုးကွယ်ကြပါသည်။

လောက်ကိုင်မြို့တွင် (၂)နှစ်တာကာလ နေထိုင်ပြီးချိန် မန္တလေးမှ မိတ်ဆွေ ကိုဝဏ္ဏဆိုသူ ရောက်ရှိခဲ့လေသည်။

ကိုဝဏ္ဏသည် ကျောက်မျက်ရတနာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသည့် ကျောက်ကုန်သည်တစ်ဦး ဖြစ်ပါသည်။ အထူးကျွမ်းကျင်သည်မှာ ကျောက်စိမ်းလုပ်ငန်းဖြစ်သည်။

'ကိုရဲ တရုတ်စကား တတ်ပြီလား'

'ကိုးကန့်စကား နည်းနည်းပါးပါးတော့ တတ်နေပြီဗျ'

'ဒါဆို တစ်ခုလောက် ပြောပြဗျာ'

'ဟား...ဟား... **"လောမီ နင့်မီ ဖယ်စမမော"** အဲဒါ ဗမာလို **"မင်းနာမည် ဘယ်သူလဲ"**လို့ မေးတာဗျ။ ကျုပ်တို့ကတော့ ဗမာသံနှောတော့ ကိုးကန့်စကား မပီဘူးပေါ့ဗျာ'

'လောမီဆိုတာ ဗမာဗျ'

'မှတ်ထား **"ကျက်ကောစမော"** တဲ့။ ကျက်ကောက **"ဒါ"**၊ စမောက **"ဘာလဲ"**၊ ဒီတော့ ဘယ်ပစ္စည်းပဲဖြစ်ဖြစ် ဒါ ဘာလဲလို့ မေးလို့ ရတာပေါ့'



သို့ဖြင့် လောက်ကိုင်နယ်မြေခံကဲ့သို့ ဖြစ်နေ၍ ကိုဝဏ္ဏ၏ အရောင်းအဝယ်ကိစ္စ အသိအကျွမ်း မိတ်ဆွေများဖြင့် ချိတ်ဆက် ဆောင်ရွက်ပေးရလေတော့သည်။ ကိုဝဏ္ဏက...

'ကိုရဲ ကျွန်တော်ပါတဲ့ပစ္စည်းက ကျောက်စိမ်း မဟုတ်ဘူးဗျ'

'ဘာပစ္စည်းလဲ'

'ပယင်းကျောက်တွေဗျ'

'မြင်ဖူးတယ်ဗျ၊ ဂဃနဏတော့ မသိဘူး'

'ဒီလောက်ကိုင်မှာ ဈေးကွက် ရှိတယ်ဗျ၊ ကျွန်တော့်မိတ်ဆွေ ပယင်းနဲ့ တက်လာတာ တော်တော် အမြတ်ရတယ် ပြောတယ်'

'စုံစမ်းမေးမြန်းကြတာပေါ့'

ပယင်းကျောက် ဈေးကွက်နှင့် ပတ်သက်ပြီး မေးမြန်းစုံစမ်းရင်း ကိုးကန့်တိုင်းရင်းသား ဗမာစကား ကောင်းစွာတတ်သည့် လောဆန်းဆိုသူက...

'တာကော(အစ်ကို) ကျွန်တော်သိတဲ့ လောပန်ရဲ့ အမေကြီးက တော်တော်ဝယ်တယ်၊ ကျွန်တော် လိုက်ပြပေးမယ်၊ အရောင်းအဝယ်ဖြစ်ရင် ပွဲခတော့ ပေးရမယ်နော်'

ဟု ဆို၍ ကိုဝဏ္ဏနှင့် ကျွန်တော် သဘောတူမိကြလေသည်။

ကိုးကန့်သူဌေးကြီး၏ ကြီးကျယ်ခမ်းနားလှသော အိမ်ကြီးဆီသို့ လောဆန်း၏ကားလေးဖြင့် ရောက်ခဲ့ကြလေသည်။

အနက်ရောင် ဘောင်းဘီရှည်နှင့် ရှမ်းတိုက်ပုံအသွင် အကျီအနက်ကို ဝတ်ဆင်ထားသည့် အမေအိုကြီးအား လောဆန်း ကိုးကန့်စကားဖြင့် ပြောဆို





www.burmeseclassic.com

www.burmeseclassic.com

ပါတော့သည်။

'ကိုဝဏ္ဏ ပယင်းကျောက်တွေပေး၊ အဘွားကြည့်လိုမို့မယ်'

လောဆန်း ဘာသာပြန်ပေးသည်က ပယင်းစစ်ရန်လိုကြောင်း၊ နမူနာ အတုံးအခဲလေးများကို မီးရှို့စစ်ဆေးမည်ဖြစ်ကြောင်း၊ ပစ္စည်းစစ်က အရောင်အသွေးကိုခွဲပြီး ဈေးပေးမည်ဖြစ်ကြောင်းနှင့် နောက်ဆုံး ဖြစ်နိုင်သည့် ဈေးနှုန်းကိုသာ ပြောရန် ဖြစ်လေသည်။

ကိုးကန့်အဘွားအိုက တရုတ်လူမျိုးတို့ သုံးစွဲသည့် အမွှေးနံ့သာထည့်၍ ထွန်းသော ရွှေချစဥ့်အိုးလေးအတွင်း ပယင်းကျောက်စလေးများအား ထည့်ကာ မီးရှို့ပါတော့သည်။

ကျွန်တော်ကိုယ်တိုင် ထူးထူးဆန်းဆန်း ပယင်း၏ သင်းရနံ့ကို ရှူရှိုက်လိုက်ရတော့သည်။ ထို့နောက် လောဆန်းက အဘွားအို(ကိုးကန့်) ပြောသည့် စကားကို ဘာသာပြန်ပေးပြန်သည်။

'ပစ္စည်းတွေစစ်တယ်။ ဝယ်ယူမယ်တဲ့'

အရောင်းအဝယ် အဆင်ပြေပြီးမြောက်ခဲ့လေသည်။ လောဆန်းပြောပြသည်က အဘွားအိုမှာ ပယင်းကျောက်ကို ရှူသည်ဟု ဆိုပါသည်။

**ပြည်ကြီးတရုတ်ကုန်သည် မိတ်ဆွေတွေ လာလျှင်လည်း ပယင်းကျောက်ကို အမှုန့်ထောင်းပြီး မီးရှို့ကာ ဧည့်ခံကြောင်း ထူးခြားစွာ မှတ်သားရပေတော့သည်။**

* * *

မကြာသေးမီကာလ တာဝန်တစ်ခုဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့စဉ် (၁၅)နှစ်ခန့်တာမျှ ကွဲကွာနေခဲ့ကြသော သူငယ်ချင်းများ စုစည်းဆုံတွေ့ကြပါသည်။

အချို့ သူငယ်ချင်းများက လက်ရှိတာဝန် ထမ်းဆောင်နေကြသော်လည်း အချို့မှာ အရပ်သား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြလေသည်။

'သူငယ်ချင်း ထွန်းစောသန်း မင်းဘယ်မှာလဲ'

'ငါ ဝန်ထမ်းကထွက်ပြီး မြစ်ကြီးနားမှာပဲ ဈေးရောင်းတယ်'

'ဘာရောင်းတာလဲ'

'ပယင်း လက်ဝတ်ရတနာနဲ့ ပယင်းကျောက်တွေပဲ'

'အတော်ပဲ၊ ငါ ပယင်းကျောက်အကြောင်း တော်တော်သိချင်တာ'

ပယင်းကျောက်မှာ **မြန်မာနိုင်ငံ၏ မြောက်ပိုင်း ကချင်ပြည်နယ်တွင် အများဆုံး ထွက်ရှိပါသည်။**

**ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် နှစ်သန်းပေါင်း(၁၀၀)သက်တမ်းရှိ ဒိုင်နိုဆောခေတ် ငှက်တောင်ပံ (၂)ခုပါသော ပယင်းကျောက်ကြီးအား သုတေသီတို့ တွေ့ရှိကြသည်လည်း ဆိုပါသည်။**

ငှက်တောင်ပံများမှာ (၁.၆)ဂရမ်နှင့် (၈.၅၁)ဂရမ် လေးပြီး အရိုးတည်ဆောက်ပုံ၊ အမွှေးလမ်းကြောင်းနှင့် ပျော့ပျောင်းသည့် တစ်ရှူးတွေ ပါဝင်နေကြောင်း မှတ်သားဖွယ် ပြောပြလေသည်။

'ဒါဆို ပယင်းကျောက်နဲ့ တရုတ်လူမျိုး ဘယ်လို ပတ်သက်လဲ သူငယ်ချင်း'

'ပတ်သက်တာပေါ့ကွာ၊ ကမ္ဘာပေါ်မှာ ပယင်းကျောက်ကို ဦးစွာ စတင်အသုံးပြုကြတဲ့ သူတွေဟာ တရုတ်လူမျိုးတွေပဲ'

'ပယင်းကျောက် ရှူတာမျိုးရော ရှိလား'

'ရှိပါ့ဗျာ၊ ပယင်းမှုန့်ကို မီးရှို့လိုက်လို့ရတဲ့ အငွေ့ကို ရှူရှိုက်ရင် အကိုက်အခဲဝေဒနာတွေ၊ ခေါင်းမူးတာတွေ၊ ခြေလက် ထုံကျဉ်တာတွေ ပျောက်တယ်ကွ'

'အေး...ဆက်ပြောပါဦး'

'ဒီလိုကွ ရှေးက တရုတ်တွေက ခေါ်ပေးက လာကြတဲ့ အထူးဧည့်သည်တွေကို ပယင်းကျောက်မှုန့် မီးရှို့ပြီး ဧည့်ဝတ်ပြုကြတာ။ အဲလိုလုပ်ခြင်းဟာ ခရီးပန်းလာတဲ့ ဧည့်သည်ကို အညောင်းအညာ ပြေစေပြီး လူကို လန်းဆန်းစေတယ်တဲ့'

'အခြား ဘာရောဂါတွေ ပျောက်သေးလဲ'

'ပြောပြမယ်၊ ပယင်းကျောက်ကို **အသားနဲ့ထိပြီး ဝတ်ဆင်ထားရင် နှလုံးရောဂါကို သက်သာပျောက်ကင်း**တယ်လို့ ဆိုကြတယ်။

ဒါကြောင့် ပယင်းပုတီး ပယင်းလက်ကောက်ပတ်တွေကို ရတနာအဖြစ် ဝတ်ဆင်ကြသလို ကျန်းမာရေးကောင်းစေအောင်လဲ ဝတ်ကြတယ် သူငယ်ချင်း'

'ဘယ်က စပြီး ဖြစ်တည်တာလဲ'

'သစ်ပင်တွေကို ထွက်တဲ့ အစေးနဲ့ မြေကြီးပဲလို့ ဆိုရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဓာတ်ပြုခြင်းသဘောမှာ မြေနေရာ ရွေးချယ်မှုရှိလို့ပဲ။ နို့မို့ဆို မြန်မာနိုင်ငံအနှံ့ ပယင်းကျောက်ထွက်မှာလေ။

အပင်က အစေးတွေ မြေကြီးထဲရောက်၊ မြေကြီးအောက်ထဲ နှစ်ပေါင်းရာထောင်ချီနေပြီး အပူနဲ့ ဖိအားကြောင့် ဓာတ်ပြောင်းလဲရင်း ပယင်းကျောက် ဖြစ်တည်ခြင်း သဘောပါပဲ'

'အရောင်အသွေးနဲ့ တူးဖော်တဲ့ အခြေအနေ သိသလောက်ပေါ့ကွာ'

'ဒီလိုကွ... အတိအကျတော့ မပြောနိုင်ဘူး။ လေ့လာထားသလောက်ပဲပေါ့။ ပယင်းကျောက် အနအရင့်ကွဲတယ်။

တူးဖော်ရင်လဲ (၁၀)ပေလောက်မှာ တူးလို့ရတဲ့ ပယင်းကျောက် ရှိသလို ပေနက်နက်မှာ တူးယူရတာမျိုးလဲရှိတယ်။

အရောင်ကတော့ အဝါ၊အနီ၊ကြက်သွေး၊ အဝါဖျော့၊ ပယင်းလိပ်ခွံ၊ ဒီယံနီ ပယင်း





www.burmeseclassic.com

www.burmeseclassic.com

မညိုး၊ လိမ္မော်နီ၊ ပယင်းရွှေဝါ၊ လက်ဖက်စိမ်း စသဖြင့်ပဲ သူငယ်ချင်း။

တစ်ခု ထူးတာက ပယင်းကျောက်ဟာ တူးဖော်စဉ် ပျော့တွဲတွဲကြီးကွ။ ဂရုစိုက်ရတယ်။ နောက်ပိုင်း ပြင်ပလေနဲ့ ထိမှ မာသွားတာ’

ပယင်းကျောက်အကြောင်း စိတ်ဝင်စားဖွယ် ပယင်းကျောက်လုပ်ငန်း လုပ်ကိုင်နေသူ မြစ်ကြီးနားမြို့နေ သူငယ်ချင်း ထွန်းဇောသန်းမှ ထူးထူးဆန်းဆန်း ပြောပြန်သည်။

‘သူငယ်ချင်း ငါ လေ့လာဖူးတဲ့ စာ မှတ်တမ်းများအရ ပယင်းကျောက်နဲ့ အီလက်ထရွန်းနစ်သမိုင်းဟာ ဆက်စပ်နေတယ် ဆိုတာပဲ’ ဟု ဆိုလေသည်။

‘လုပ်ပါဦး ဆရာသမားရယ်’

‘အီလက်ထရွန်းနစ်ဆိုတဲ့ ဝေါဟာရဟာ ဂရိဘာသာစကားက ဆင်းသက်ပေါက်ဖွားလာတာတဲ့။ ဂရိဘာသာစကားမှာ (Electronics)ကို ပယင်းကျောက်လို့ အဓိပ္ပာယ်ဖွင့်တယ်ဆိုပဲ’

‘ဒါဆို အင်္ဂလိပ်–မြန်မာ အဘိဓာန်မှာရော’

‘အေ…အီလက်ထရွန်းနစ် ဝေါဟာရကို အင်္ဂလိပ်-မြန်မာ အဘိဓာန်မှာတော့ ပရမာအနုမြူနှင့်ဆိုင်သော ရူပဗေဒ ဘာသာရပ်လို့ ဖွင့်ဆိုတယ်’

သူငယ်ချင်းဖြစ်သူ ထွန်းဇောသန်း ဖတ်မှတ်လေ့လာထားသည့် ပယင်းကျောက်နှင့် အီလက်ထရွန်းနစ်အကြောင်းက လွန်ခဲ့သော နှစ်ပေါင်း (၂၀၀)ကျော်လောက်က ဂရိလူမျိုးများက စသည်ဟု ဆိုပါသည်။

ဂရိလူမျိုးတစ်ဦးတွင် ပယင်းကျောက်လုံး တစ်လုံးရှိရာ အားလပ်ချိန်တိုင်း သူ ဝတ်ဆင်သည့် ပိုးစဖြင့် အမြဲပွတ်တိုက်သည်ဟု ဆိုပါသည်။

တစ်နေ့ ပယင်းကျောက်လုံးနှင့် ပိုးစ ပွတ်တိုက်ရင်း ပူနွေးညောင်းညာလာ၍ အနီးရှိ စားပွဲငယ်ပေါ် တင်မိရာ ပတ်ဝန်းကျင်ရှိ စက္ကူစများ၊ ငှက်မွေးနှင့် ဂွမ်းစအမျှင်များ ပယင်းကျောက်လုံးလေးဆီသို့ အပြေးအလွှား ကပ်သွားကြကြောင်း အံ့သြစရာ မြင်ရခြင်းဖြစ်သည်ဟု ဆိုခြင်းဖြစ်လေသည်။

အမှန်စင်စစ်မှာ အရာဝတ္ထုတစ်ခုကို အခြားအရာဝတ္ထုတစ်ခုနှင့် ပွတ်တိုက်သည့်အခါ ဖရက်ရှင်းနယ်(လ်) အီလက်ထရစ်စီတီခေါ် အပူကြောင့် ဖြစ်ပေါ်သော **အပူလျှပ်စီးစွမ်းအင်** ပေါ်ပေါက်ခြင်း ဖြစ်လေသည်။

အတွေးတစ်ခု တွေးမိပါသည်။ လောက်ကိုင်မြို့၌ တာဝန်ထမ်းဆောင်စဉ် ကိုဝဏ္ဏ၏ ပယင်းကျောက်များကို အမြတ်တနိုး ဝယ်ယူကာ အဘွားအိုမှ အငွေ့ရှူရှိုက်ခြင်း၊ ညှော်ကောင်း ညှော်မြတ်တို့အား ညှော်ခံခြင်းသည် တရုတ်လူမျိုးတို့၏ ရှေးထုံးအစဉ်အလာ ဆေးကောင်းဆေးမြတ် ကျန်းမာစေရန် နည်းလမ်းတစ်ခုသာ ဖြစ်ပေလိမ့်မည်။

ထိုမျှမက ထူးထူးခြားခြား သူငယ်ချင်း ထွန်းဇောသန်း ပြောပြသည့် ပယင်းကျောက်နှင့် အီလက်ထရွန်းနစ်သမိုင်း ချိတ်ဆက်နေပုံကလည်း အံ့ဖွယ်အတိ ဖြစ်လေသည်။

ထို့ကြောင့် ပယင်းကျောက်များ ရခဲ့ပါလျှင် အမှုန့်ပြု၍ ကိုးကန့် အဘွားအိုကဲ့သို့ အနံ့ရှူရှိုက်ကြည့်ပါဦးမည်ဟု စဉ်းစားရင်း တည်းခိုဆောင်သို့ ပြန်လာခဲ့ပါတော့သည်။

***ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးအား အာရုံပြု၍ ဦးခိုက်လျက်…***

ရဲမျိုးသူ(*ဗောဓိမြိုင်*)
(ကေတုမတီမြို့သစ်၊ တောင်ငူ)

စာမူပို့လို့ရ…

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉–လမ်း (အထက်)၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း–
၀၉–၇၇၆၃၄၉၇၈၅
၀၉–၉၆၈၀၀၀၅၉၂



www.burmeseclassic.com

www.burmeseclassic.com

လောကကြီး၌ ဖြစ်ရပ်မှန်တို့သည် စိတ်ကူးယဉ် ဇာတ်လမ်းထက်ပင် ပို၍ ဆန်းကြယ်ကြောင်းကို လက်ခံယုံကြည်မိလာရပါ၏။

ဤလောက၌ ဤသို့ ထူးခြားဆန်းကြယ်သော နေရာများသည် သူ့နေရာနှင့်သူ ရှိနေကြဦးမည်ဟုလည်း ယုံကြည်မိပါ၏။

တောတောင်၊ လျှိုမြောင်၊ ပင်လယ်ကမ်းစပ်တို့တွင် "သူတို့" နေထိုင်ကြကြောင်း ကြားဖူးမှတ်သားမိပါ၏။ "သူတို့"က တွေ့ချင်ပါမှသာ လူသားများက မြင်တွေ့နိုင်သည်ဟုလည်း ကြားဖူးပါ၏။

ကျွန်ုပ်၏ ဒုတပ်စိတ်မှူးလည်းဖြစ်၍ ရဲဘော်ရဲဘက်လည်း ဖြစ်သော တပ်ကြပ်နှင်းမောင် တွေ့ကြုံခဲ့ရသည့် ဇာတ်လမ်းသည်ကား ကြားဖူးလို့သာ ယုံရ၊ ဟုတ်ပါ့မလား ဟုပင်သံသယ ဖြစ်ခဲ့ရ၏။

ဤဇာတ်လမ်းကလေးအား ဖတ်ရှုပြီး ကံ,ကံ၏အကျိုးအား လက်ခံယုံကြည်ကြမည်ဆိုပါလျှင် ကျွန်ုပ်အနေဖြင့် စာရေးရကျိုးနပ်ပြီဟု ယုံကြည်မိပါကြောင်း...



ဦးစိုး (မဏ္ဍာရာ)

# အသူရကာယ်ရှာသူ

မွန်ပြည်နယ်၏ ရှေ့တန်းတစ်နေရာတွင် လက်ဖြောင့်တပ်ကြပ်ကြီး ဖြစ်သော ကျွန်ုပ်အား လက်ဖြောင့် ဒုတပ်စိတ်မှူးဖြစ်သော တပ်ကြပ်နှင်းမောင်မှ ပြန်လည်ပြောပြခဲ့သော ဇာတ်လမ်း ဖြစ်ပါသည်။

တပ်ကြပ်နှင်းမောင်သည် ယခင်က ကချင်ပြည်နယ်၊ ပူတာအိုမြို့ရှိ ခ.လ.ရ (...)တပ်မှ မွန်ပြည်နယ်ရှိ ယခု တပ်သို့ ပြောင်းရွှေ့ရောက်ရှိ လာခဲ့ခြင်း

www.burmeseclassic.com

ဖြစ်၏။

ရှေ့တန်းစခန်း တစ်နေရာ၏ လသာသော ညတစ်ညတွင် ဝေးဝိုင်တွေးမှိုင်နေသော တပ်ကြပ်နှင်းမောင်အား ကျွန်ုပ်မှ စပ်စုမေးမြန်းရာမှ နှင်းမောင် ပြောပြသဖြင့် အကြောင်းစုံ သိရှိခဲ့ရခြင်းလည်း ဖြစ်ပါ၏။ ကျွန်ုပ်မှ...

'ဆရာနှင်းမောင်...မင်းကို ငါ အမြဲ သတိထားမိတယ်။ အမြဲ ဝေးဝိုင်နေတာ တွေ့ရတယ်ကွ။ ခုလဲ ငါ ကင်းတွေစစ်ပြီး ပြန်အလာမှာ မင်းတစ်ယောက်တည်း ထိုင်နေတာ တွေ့ရတယ်။ (၁၀)နာရီထိုးပြီ မအိပ်သေးဘူးလားကွ'

'ဒီလို လသာညမှာ ကျွန်တော် မအိပ်ချင်သေးပါဘူး ဆရာကြီးရယ်။ ကျွန်တော် တစ်ယောက်တည်း တမ်းတမ်းတတနဲ့ တွေးနေချင်သေးတယ်'

'ဒီလိုရှိတယ် နှင်းမောင်ရ... ငါဟာ မင်းရဲ့ ဆရာဖြစ်တော့ မင်းမှာ အခက်အခဲရှိရင် ဝိုင်းဝန်းဖြေရှင်းပေးရတာပေါ့၊ ဒါမှမဟုတ် အကြံဉာဏ်ပေးရတာပေါ့၊ ပြောပြစရာ ရင်ဖွင့်စရာရှိရင် ငါ့ကို ပြောပြပါကွာ'

'ဆရာကြီး သိချင်ရင်တော့ ပြောပြပါမယ်။ ဒါပေမယ့် ကျွန်တော် ပြောပြတဲ့ အကြောင်းအရာဟာ တကယ့်အဖြစ်မှန်ဆိုတာကို ယုံကြည်ပေးစေချင်ပါတယ်'

'ဆရာနှင်းမောင်က ယုံစေချင်မှတော့ ယုံရမှာပေါ့ကွာ၊ ပြောသာ ပြောပါ'

ဟု ကျွန်ုပ်မှ တိုက်တွန်းလိုက်ရ၏။ ဆရာနှင်းမောင်က ထိန်ထိန်သာနေသော လမင်းကြီးကို ကြည့်လျက်...

'ဒီလိုပါ ဆရာကြီး... ကျွန်တော် ဒီကို ပြောင်းမလာခင် (၁)နှစ်လောက်ကပဲ ဒီဇာတ်လမ်းအဖြစ်အပျက်လေးကို ကြုံတွေ့ခဲ့ရပါတယ်'

ယခုတင်ပြသော ဇာတ်လမ်းသည် တပ်ကြပ်နှင်းမောင် ပြောပြသော ဇာတ်ကြောင်းတစ်ခုဖြစ်ပါ၏။ ယခု တပ်ရင်းသို့ ပြောင်းမလာမီ တပ်ကြပ်နှင်းမောင်၏ မိခင်တပ်ရင်းမှာ ပူတာအိုမြို့ရှိ ခ.လ.ရ(...)တပ်ရင်းဖြစ်၏။

နှင်းမောင်သည် လူပျိုလူလွတ်တစ်ယောက်ဖြစ်ပြီး ရှေ့တန်း ထွက်၍ ကျရာတာဝန်များကို ထမ်းဆောင်လိုက်၊ ရှေ့တန်းတာဝန် ပြီးဆုံးက တပ်ရင်းဌာနချုပ်သို့ ပြန်ဝင်လိုက်ဖြင့် အချိန်ကာလအား ကုန်လွန်စေခဲ့ရ၏။

(၁၀)နှစ်ဆိုသော အချိန်ကာလ ကုန်လွန်ချိန်တွင် နှင်းမောင်တစ်ယောက် ဒုတပ်ကြပ်အဆင့်သို့ ရာထူးတိုးသွားခဲ့၏။ အဆင့်တိုးသွားခြင်းနှင့်အတူ တပ်စိတ်မှူး တာဝန်ကိုပါ ထမ်းဆောင်ရတော့၏။

သည်တစ်ခေါက် ရှေ့တန်းတာဝန် ထမ်းဆောင်ရာတွင် နှင်းမောင်တို့ တပ်ခွဲက လှုပ်ရှားတာဝန် (၂)လ ကြာခဲ့ပြီမို့ စခန်းထိုင် တာဝန် ထမ်းဆောင်ရမည်ဖြစ်၏။

ထို့ကြောင့် ဝတာဝန်ယူရမည့် စခန်းသို့ နှင်းမောင်တို့ တပ်ခွဲ ချီတက်ခဲ့ကြ၏။ ထိုစခန်းရှိ တပ်ခွဲ(၂)ထံမှ နှင်းမောင်တို့ တပ်ခွဲ(၃)က တာဝန်များ လဲလှယ်ယူပြီး စခန်းတာဝန်ကို ဆက်လက် တာဝန်ယူကြရ၏။

စခန်းသို့ ရောက်ရောက်ချင်းပင် စခန်း ပြင်ဆင်ခြင်း၊ ပတ်လည် ခံစစ်အတွက် ဇာတ်တိုက် လေ့ကျင့်ခြင်းများ ပြုလုပ်ကြရ၏။

စခန်း၌ နေသားကျသွားသောအခါ ရိက္ခာအတွက် "ဟင်းစား" ရှာရန် ကြံရဖန်ရတော့၏။ တပ်ခွဲတစ်ခွဲလုံးအတွက် နေ့စဉ် ဟင်းလျာအဖြစ်က ကုလားပဲဟင်းတစ်ခွက်တော့ ရှိ၏။

စခန်းတွင် စုပုံရိက္ခာအဖြစ် အမဲဘူး၊ ငါးဘူး၊ ဟင်းသီးဟင်းရွက်ဘူးများတော့ ရှိ၏။ သို့သော်လည်း စည့်သွတ်ဘူး ရိက္ခာများမှာ အရေးပေါ်အတွက် ဖြစ်၍ စားချင်တိုင်း စားလို့ကလည်းမဖြစ်ပေ။

ထို့ကြောင့် မုဆိုးဝါသနာပါသူများကို တပ်ခွဲမှူးမှ (၂)ယောက်တစ်ဖွဲ့အဖြစ် တောလိုက်(အမဲပစ်) ထွက်ခွင့်ပြု၏။ (၂)ဖွဲ့ တောလည်မည်ဆိုပါက တစ်ဖွဲ့ကို တောင်အရပ်၊ တစ်ဖွဲ့ကို မြောက်အရပ်သို့ သွားရန် မှာကြားပြီးမှ သွားခိုင်း၏။

နောက်ရက်သွားမည်ဆိုပါက အရှေ့အရပ်နှင့်အနောက်အရပ်သို့ ဆန့်ကျင်ဘက် ခွဲ၍ သွားစေ၏။

ဤသို့ သွားစေခြင်းမှာလည်း ရိက္ခာအတွက်သာမက မိမိအဖွဲ့အချင်းချင်း လူမှားစေရန်နှင့် ရန်သူ၏ လှုပ်ရှားမှု တွေ့ရှိက စခန်းသို့ အမြန် ပြန်လည် သတင်းပို့နိုင်ရန် ထောက်ကင်းသဖွယ် လည်းဖြစ်၏။

ဒုတပ်ကြပ်နှင်းမောင်မှာ စစ်သက်ရင့်လာခြင်းနှင့်အတူ တိုက်ပွဲ အတွေ့အကြုံလည်း အသင့်အတင့်ရှိပြီး ဖြစ်လေ၏။

ယခင် စစ်ဆင်ရေးများ ထွက်စဉ်ကလည်း "စခန်းတာဝန်ကျ" ခဲ့လျှင် တောလည် (အမဲပစ်)ဖူးပြီး သားကောင်များ ရဖူး၏။

ထို့ကြောင့် တောပစ်ထွက်ရန် သူ့တပ်စိတ်မှ ရဲဘော်ဝင်းမြင့်နှင့်အတူ တပ်ခွဲမှူးထံ သတင်းပို့ကြ၏။

တပ်ခွဲမှူး၏ ခွင့်ပြုချက်အရ နောက်နေ့ နံနက်စောစောတွင် နှင်းမောင်တို့အဖွဲ့က စခန်း၏ တောင်အရပ်သို့ လည်းကောင်း၊ တပ်ကြပ်ထီယိုအုပ်၏အဖွဲ့က စခန်း၏ မြောက်



www.burmeseclassic.com

www.burmeseclassic.com

အရပ်သို့ လည်းကောင်း အမဲပစ် ထွက်ကြ၏။

စထွက်သည့်နေ့မှာပင် နှင်းမောင်တို့ (၂)ယောက်က ချေ(၁)ကောင်နှင့် မျောက်မြီးရှည်(၃)ကောင် ပစ်ခတ် ရရှိခဲ့ကြ၏။ တပ်ကြပ်ထီယိုအုပ်တို့အဖွဲ့က (၃၀)ပိဿာခန့်ရှိ တောဝက်(၁)ကောင်ကို ရရှိခဲ့ကြ၏။

ရရှိလာသော သားကောင်များကို စခန်းရှိ ရဲဘော်များက တစ်ယောက်တစ်လက်ဖြင့် ဖျက်လိုက်ကြသည်မှာ ခဏသာ ကြာခဲ့၏။

ဤသို့ဖြင့် (၁)ရက်ခြား၊ (၂)ရက်ခြား ဆိုသလို နှင်းမောင်တို့ အမဲပစ်ထွက်ကြ၏။ ထွက်တိုင်းလည်း မရမရှိ ဆိုသလိုပင်။ ချေ၊ ဆတ်၊ တောဝက်၊ မျောက်မြီးရှည်၊ မျောက်လွှဲကျော်များ ပစ်ခတ်ရရှိကြ၏။

တစ်ခါတစ်ရံများတွင် မျောက်မြီးရှည် (၇)ကောင်၊ (၈)ကောင်ခန့်ပင် ရရှိကြ၏။ ရဲဘော်များအတွက် ဟင်းလျာရိက္ခာမှာ ဖူလုံရုံမျှမက ကျပ်တင်၍ အခြောက်ပင် လှန်းထားရ၏။

တစ်နေ့၏ နံနက်စောစောတွင် ဖြစ်၏။ တပ်ကြပ် ထီယိုအုပ်နှင့်အဖွဲ့က စခန်း၏ အရှေ့ဘက်သို့ တောပစ်ထွက်သွား၍ နှင်းမောင်နှင့် ရဲဘော်ဝင်းမြင့်တို့က စခန်း၏ အနောက်ဘက်သို့ တောပစ်ထွက်ရန် တပ်ခွဲမှူးထံ သတင်းပို့ပြီးမှ ရဲဘော်ဝင်းမြင့်မှာ ငှက်ဖျားတက်လာပါသည်။

သို့နှင့် မလိုက်နိုင်တော့သောကြောင့် နှင်းမောင်က အဖော်ရဲဘော် ထပ်မခေါ်တော့ဘဲ တပ်ခွဲမှူးအား တစ်ယောက်တည်းပင် သွားမည်ဖြစ်ကြောင်းနှင့် အကယ်၍ (၁)ညအိပ်ကြာလည်း စိတ်မပူရန်နှင့် အသားများကို တောထဲ၌ ကျပ်တင်၍ ထမ်းလာခဲ့ပါ



မည်ဟု ပြောကာ တစ်ယောက်တည်းပင် စခန်း၏ အနောက်ဘက် တောထဲသို့ သားကောင်ပစ်ရန် ထွက်ခဲ့လေ၏။

နှင်းမောင်သည် စစ်ဘောင်းဘီရှည်နှင့် စစ်အင်္ကျီကို ဝတ်ဆင်ထားကာ တောစီးဖိနပ်စီးပြီး တောဆောင်းဦးထုပ်ကို ဆောင်းလာခဲ့၏။ (.၃၀) ကာဘိုင်သေနတ်နှင့် ကျည်အိမ်ရှည်တွင် ကျည်(၃၀)တောင့်အပြင် လွယ်ထားသော စစ်ဘေးလွယ်အိတ်ထဲ၌ ကျည်အိမ်အတိုတွင် ကျည်(၁၅)တောင့် ပါရှိ၏။

စစ်ခါးပတ်ဘေးတွင် မြည့်နေအောင် သွေးထားသော ကာဘိုင်လှံစွပ်အား ချိတ်ထား၏။ ကာဘိုင်လှံစွပ်မှာ သားကောင်ဖျက်ရန်အတွက် ယူခဲ့ခြင်း ဖြစ်၏။

နှင်းမောင်က ဆောင်းရာသီ၏ ချမ်းအေးခြင်းကို အမှုမထားဘဲ တောထဲသို့ တဖြည်းဖြည်း ဝင်ရောက်ရှိခဲ့လေ၏။

ယခင်အခေါက်များက ဤနေရာသို့ တောပစ်ထွက်ရာတွင် (၂)မိုင်အတွင်း သားကောင်များ အလွယ်တကူ ပစ်ခတ်ရရှိခဲ့သော်လည်း ယခုအခေါက်မှာမူ သားကောင် ရှားပါးနေသည်ကို တွေ့ရ၏။

သစ်ပင်များပေါ်၌ မျောက်လွှဲကျော် (၁)ကောင်၊ (၂)ကောင်သာ တွေ့ရှိရ၏။ နှင်းမောင်၏ စိတ်ကူးမှာ ဆတ်(သို့မဟုတ်) တောဝက် ပစ်ခတ်ရရှိခဲ့ပါလျှင် မီးဖြင့် ကျပ်တင်ပြီးမှ စခန်းသို့ ထမ်း၍ ပြန်ရန်ဖြစ်၏။

သားကောင်ကြီးကြီး ရလိုဇောဖြင့် ခရီးဆက်ခဲ့ရာ စခန်းနှင့် အနည်းဆုံး (၃)မိုင်ခန့်သို့ပင် ဝေးကွာခဲ့ပြီဖြစ်၏။ ခပ်လှမ်းလှမ်း ညောင်ပင်ပေါ်တွင် အောက်ချင်းငှက်ကြီးများကို တွေ့ရသော်လည်း မပစ်ခဲ့ပေ။

သားကောင် အသေးပစ်၍ သေနတ်သံကြားသွားပါက သားကောင်ကြီးများ လန့်ကာ ထွက်ပြေးသွားပေမည်။ နှင်းမောင်က သားကောင်ကြီးများ ဆက်လက် ရှာဖွေနေဆဲပင်ဖြစ်၏။

ထိုစဉ် ပေ(၃၀)ခန့်အကွာမှ ကညင်ပင်ပေါ်၌ လှုပ်ရှားမှု တွေ့ရ၍ သေချာကြည့်လိုက်ရာ ကညင်ပင်၏ (၁၅)ပေ ခန့်အမြင့်၌ ပျားအုံကို နှိုက်ကာ ပျားရည် စားနေသော ဝက်ဝံကြီးတစ်ကောင်အား တွေ့ရလေ၏။

ဝက်ဝံမှာ ပျားအုံမှ ပျားရည်များကို နှိုက်စားနေသဖြင့် ပတ်ဝန်းကျင်ကို ဂရုမပြုမိပေ။

နှင်းမောင်က မောင်းတင်ပြီး ဖြစ်သော ကာဘိုင်သေနတ်ဖြင့် ဝက်ဝံကြီး



www.burmeseclassic.com

www.burmeseclassic.com

၏ ဘယ်ဘက်ရင်အုံသို့ ချိန်တွယ်ကာ မောင်းခလုတ်ကို ဆွဲလိုက်လေ၏။

'ဖန်း... ဝုန်း'

ဆိုသော အသံကြားရပြီး မြေပြင်ပေါ်သို့ပြုတ်ကျလာသည့် ဝက်ဝံကြီးမှာ ဒဏ်ရာဖြင့် ကမူးရှူးထိုးထွက်ပြေးသွားလေ၏။ နှင်းမောင်ကလည်း ထွက်ပြေးသည့် ဝက်ဝံနောက်သို့ မျက်ခြည်ပြတ်မခံဘဲ လိုက်လေ၏။

ဝက်ဝံအား မျက်ခြည်ပြတ်မည်စိုးသောကြောင့် ရှေ့ကိုသာ အာရုံစိုက်နေသော နှင်းမောင်မှာ အောက်မှ သစ်ကိုင်းခြောက်ကို ခလုတ်တိုက်မိပြီး လျှိုနှုတ်ခမ်းမှ တလိမ့်ခေါက်ကွေး ပစ်ကျသွားတော့၏။

'အား...အင့်'

အော်မြည်သံနှင့်အတူ နှင်းမောင်မှာ လောကကြီးနှင့် အဆက်အသွယ်ပြတ်သွားလေတော့၏။

မည်မျှကြာအောင် သတိလစ်နေသည်မသိရ။ နှင်းမောင် သတိရလာသည်နှင့် ထထိုင်မိလေ၏။ သူ ခလုတ်တိုက်၍ ပစ်ကျသွားစဉ် လျှိုနှုတ်ခမ်းစပ်မှ သစ်ပင်များနှင့် တိုက်မိသွားသည်ကို နောက်ဆုံး သတိရမိ၏။

ယခုမှာ မြေပြင်ညီပေါ်သို့ ပြန်ရောက်နေသည်ကို တွေ့ရှိရ၏။ ပြီးနောက် သူ၏ ကာဘိုင်သေနတ် ဘယ်ရောက်နေသနည်းဟု စဉ်းစားမိ၏။ ညာဘက်ဒူးမှာလည်း နာနေသည်ကို ခံစားမိရ၏။ ထိုစဉ်...

'အမောင် သတိရလာပြီလား။ အမောင့်ကို မိကြာဖြူ လျှိုအစပ်က ဆွဲတင်ထားတာပါ။ အမောင်ရဲ့ ပီးပေါက်သေနတ်လဲ ရှိပါတယ်'

ဟု ပြောပြီး သူ၏ ကာဘိုင်သေနတ်ကို လှမ်း၍ ပေးနေသော မိန်းကလေးတစ်ယောက်ကို တွေ့ရသဖြင့် သေနတ်ကို ယောင်ယမ်း၍ ယူလိုက်မိ၏။



ပြီးနောက် ထိုမိန်းကလေးကို အကဲခတ်ကာ ကြည့်လိုက်၏။ အသက်(၂၀)ခန့် ထင်ရ၍ ရေးဆန်သော ထဘီကို ရင်လျားဝတ်ထားပြီး အင်္ကျီမပါချေ။

ရှည်လျားသော ဆံပင်များကို ဖားလျားချထားသည်မှာ တံကောက်ကွေးအထိပင် ရောက်၏။ ဝါညက်သော အသားအရေနှင့် ပြည့်ဝိုင်းသော မျက်နှာတွင် မဟာဆန်သော နဖူးပြင်လေးဖြင့် သူယောင်မယ်လေးအလား နှင်းမောင်မှာ ထင်မှတ်မှားမိရ၏။

နောက်ပြီး နှင်းမောင်၏ စိတ်ထဲ၌ ဒီမျက်နှာလေးကို ဘယ်မှာမြင်ဖူးပါလိမ့်ဟု အကျွမ်းဝင်ဖူးသူလို ခံစားမိရ၏။

မိန်းမလှလေးက သူ့အား ကြင်နာစွာ ကြည့်ကာ...

'အမောင် ဒူးနာနေတာ ပျောက်ဖို့အတွက် ဒီအစွမ်းထက် ဂမုန်းဥကို ဝါးပြီး တစ်ဝက်စား တစ်ဝက်ကို ဒူးမှာလိမ်းပေးပါ။ ချက်ချင်း သက်သာသွားလိမ့်မယ်'

နှင်းမောင်က မိန်းမလှလေးပေးသော ဂမုန်းဥဆိုသည်ကို လှမ်းယူ၍ ကိုက်ဝါးကာ တစ်ဝက်မျိုချပြီး တစ်ဝက်ကို နာနေသော ဒူး၌ လိမ်းလိုက်လေ၏။

ဝမ်းတွင်း၌ ပူရှိန်းသွားမှုနှင့် ဆေးလိမ်းထားသော ဒူးတွင်လည်း ပူရှိန်းမှုတို့က ဖြစ်ပေါ်လာကာ နာကျင်ကိုက်ခဲနေသော ဒူးမှာ တစ်စတစ်စ သက်သာလာသည်ကို ခံစားရ၏။

သက်သာလာခြင်းနှင့်အတူ နှင်းမောင်က နေ၏ အလင်းရောင်ကို စူးစမ်းကြည့်မိလိုက်၏။ သိပ်မကြာမီ နေဝင်တော့မည်ဟု သိလိုက်ရ၏။

'မကြာမီ နေဝင်တော့မယ်၊ ဒီညတော့ ဒီနားက သစ်ပင်ပေါ်မှာပဲ အမောင် တက်အိပ်လိုက်ပါ။ မနက်ကျမှ ပြန်ပါ။ အချိန်ရရိုက်လေးမှာ မိကြာဖြူက အမောင်နဲ့စကားပြောချင်ပါသေးတယ်'

'ဒီမယ် မိန်းကလေး... မင်းက ဘယ်သူလဲ ဗမာစကားပြောတတ်တာရယ်၊ ကချင်ပြည်နယ်ရဲ့ ဒီလိုတောနက်ထဲမှာ မင်းက ဘာကြောင့်ရှိနေတယ်ဆိုတာရယ်က ငါ့အတွက် အံ့ဩစရာဖြစ်နေတယ်။ ပြောပြစမ်းပါဦး'

'အမောင်မေးတာကို ဖြေရမယ်ဆိုရင် ကျွန်မ မိကြာဖြူဟာ ဟိုးယခင်က ဗမာဖြစ်ခဲ့တာကြောင့် ဗမာစကားပြောတတ်ပါတယ်။

ဒီထက်ပိုပြီး ပြောရရင်တော့ ကျွန်မဟာ မင်းတုန်းမင်းကြီး စိုးစံစဉ်က မြန်မာနိုင်ငံအထက်ပိုင်းမှာ နေခဲ့ပြီး အမောင်နဲ့ အကြင်လင်မယားဖြစ်ခဲ့ပါတယ်။

အမောင်ကတော့ ရတနာ(၃)ပါး မပြတ်ဆည်းကပ်တာကြောင့် အပါယ်မလားတာဖြစ်နိုင်ပါတယ်။ ရှေးရေစက်ကြောင့် အမောင့်ကို မြင်မြင်ချင်း ကျွန်မ မှတ်မိပါတယ်။

ကျွန်မမှာတော့ ဘုရား၊ တရား၊ သံဃာကို မေ့လျော့နေခဲ့ပြီး ဘုန်းကြီးကျောင်းကို တောင်မှ အမောင်က အတင်းခေါ်လို့ (၁)ရက်သာ ဉပုသ်စောင့်ခဲ့ဖူးပါတယ်။

ယခုလို အသူရကာယ်ဘုံမှာ ရောက်နေရပေမယ့် "နေ့စံ ညခံ" ရဲ့သားဖြစ်ရပါတယ်။ နေ့မှာ စည်းစိမ်ခံစားရတဲ့ အသူရကတော့



www.burmeseclassic.com

www.burmeseclassic.com



ဥပုသ်(၁)ရက်စောင့်ခဲ့တဲ့ အကျိုးပါပဲ။

ဟိုး...က မြွေတွေ ဆိုင်းနေတဲ့ ချိုင့်ဝှမ်းကျယ်ကြီးထဲမှာ ကျွန်မတို့နေရပါတယ်။ တစ်နည်းအားဖြင့် လူသားတွေ အရောက်နည်းတဲ့နေရာလဲ ဖြစ်ပါတယ်'

'ဒါဆိုရင် မိကြာဖြူကဒီဘဝနဲ့ ဘယ်လောက်ကြာအောင် နေရဦးမှာလဲ'

'မသိနိုင်ပါဘူး အမောင်ရယ်၊ ထိုကြွေးရှိသမျှ ခံရဦးမှာပေါ့။ အမောင့်ကို တစ်ခုလောက်တော့ အကူအညီတောင်းဆိုပါရစေ။

မိကြာဖြူကို သနားသောအားဖြင့် အမောင့်တို့ အရပ်ဒေသကို ပြန်ရောက်ခဲ့ရင် ကျွန်မအတွက် သံဃာများထံ သင်္ကန်းလှူပေးပြီး "မိကြာဖြူ"နာမည်နဲ့ အမျှဝေပေးပါ။

လွန်ခဲ့တဲ့ တစ်ဘဝတုန်းက ငရဲ့တောင်းဆိုမှုကို ကူညီပေးစေလိုပါတယ်'

ဟု သနားစဖွယ် ပြောဆို တောင်းပန်လေ၏။ နှင်းမောင်မှာ မိကြာဖြူခေါ် အသူရကာယ်မလေးကို ကြည့်ရာ ရင်နင့်အောင် ခံစားမိရ၏။

'မိကြာဖြူ အစ်ကို ကတိပေးပါတယ်။ မင်းကို ဒီဘဝက လွတ်အောင် အစ်ကိုတို့ ဒေသကို ပြန်ရောက်တဲ့အခါ သံဃာများကို သင်္ကန်းပေးလှူပြီး အမျှပေးဝေပါမယ်၊ သာဓုခေါ်ဖို့သာ စောင့်စားနေပါကွယ်'

'ကျေးဇူးတင်ပါတယ် အမောင်...မိကြာဖြူ သာဓုခေါ်ဖို့ စောင့်နေပါမယ်။ နောင်လာမယ့်ဘဝတွေမှာ မိကြာဖြူ အမောင်နဲ့ ဆုံတွေ့ချင်ပါသေးတယ်။

ဟော...နေထိုးပြီနော်၊ မိကြာဖြူသွားရတော့မယ် အမောင်လဲ သစ်ပင်ပေါ်တက် အိပ်ပါ။ မနက်ကျမှ ပြန်ပါ အမောင်ရဲ့ သားကောင်ကြီးကို တွေ့ရပါလိမ့်မယ်'

ထိုစဉ်တွင် မိကြာဖြူတို့နေရသည်ဆိုသော ချိုင့်ဝှမ်းအတွင်းဆီမှ ခွေးဟောင်သံများ ကြောက်မက်ဖွယ် ဟိန်းထွက်လာသည်ကို ကြားရ၏။

မိကြာဖြူမှာ ကြောက်လန့်တကြားဖြင့် ချိုင့်ဝှမ်းတွင်းသို့ ပြေးဆင်းသွားတော့၏။

'ဟော့ ထွက်မလာကြသေးဘူးလား'

ဆိုသော အသံကြီးကိုလည်း နှင်းမောင် ကြားမိရ၏။ နှင်းမောင်က ဒူးနာသက်သာသွားပြီဖြစ်၍ ကာဘိုင်သေနတ်ကို ကောက်လွယ်လိုက်ကာ နီးစပ်ရာ သစ်ပင်ပေါ်သို့ တက်ပြီး ခပ်မြင့်မြင့် သစ်ကိုင်းခွဆုံတွင် ထိုင်နေလိုက်၏။

ထိုအချိန်တွင် ခွေးကိုက်သံများ တညံညံနှင့် လူများ၏ "ကယ်ပါ၊ ယူပါ" ဟစ်အော်ငိုကြွေးသံများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားနေရ၏။

နှင်းမောင်မှာလည်း တစ်ညလုံး အိပ်မပျော်နိုင်ဘဲ မိုးစင်စင်လင်းခဲ့ရတော့၏။

နံနက်လင်း၍ မိကြာဖြူဆင်းသွားသော ချိုင့်ဝှမ်းအတွင်းသို့ လှမ်းကြည့်လိုက်ရာ မြူခိုးများ ယှက်သိုင်းနေသည်ကိုသာ တွေ့ရ၍ မည်သည့်အသံကိုမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေ၏။

နှင်းမောင်လည်း ကာဘိုင်သေနတ်ကို လွယ်၍ သစ်ပင်ပေါ်မှ ဆင်းကာ စခန်းဘက်သို့ ပြန်လာခဲ့စဉ် သူပစ်ခဲ့သော ဝက်ဝံမှာ လမ်းဘေးတွင် သေဆုံးနေသည်ကို တွေ့ရသဖြင့် ကောက်၍ ထမ်းကာ ပြန်ခဲ့လေ၏။

ဝက်ဝံ၏ အလေးချိန်သည် လူခပ်ဝဝ တစ်ယောက်၏ အလေးချိန်လောက်သာရှိ၍ နှင်းမောင်တို့လို စစ်သားတစ်ယောက် အဖို့တော့ အေးဆေးပါဟုပင် ပြောရပေမည်။

ဝက်ဝံသေသည် နှင်းမောင်၏ အပြန်လမ်း၌ အဘယ်ကြောင့် ရောက်ရှိနေရသနည်းဟု စဉ်းစားရင်းဖြင့် စခန်းသို့ ပြန်ခဲ့လေ၏။

နှင်းမောင်သည် ရှေ့တန်းမှ ပြန်၍ တပ်ရင်းဌာနချုပ်သို့ ရောက်သောအခါ သံဃာ(၃)ပါးအား သင်္ကန်း(၃)စုံ ကပ်လှူပြီး မိကြာဖြူအား အမည်တပ်ကာ အမျှပေးဝေခဲ့လေ၏။


မဆုံးနိုင်သော သံသရာဝယ် တွေ့ဆုံ၊ ကြုံကွဲ ဖြစ်မြဲမွေတာဝ်ပေမို့ မိကြာဖြူတစ်ယောက် အသူရကာယ်ဘဝမှ ကျွတ်လွတ်ပြီး နောက်ဘဝများမှာ ပြန်လည် ဆုံတွေ့နိုင်ပါစေကြောင်းကို နှင်းမောင်တစ်ယောက်က မြတ်စိန္တေမှာ အခါခါ ဆုတောင်းရင်းဖြင့် မိကြာဖြူအား တမ်းတနေမိတော့၏။

ဦးစိုး(မတ္တရာ)



www.burmeseclassic.com

www.burmeseclassic.com




# ရွှေတော်နဲ့ ဖြန့်လိုက်

ဖိုထိုးရင်း ကပြသည်ကို နန့်ရမည်လားဟု အပြစ်ပြောရန်မှာလည်း ခက်သည်။ ကပြသူက အဘဦးသူတော်ဖြစ်သည်။ ကလိုက်သည်မှာလည်း ကွေးနေတော့သည်။

ကျွန်တော့်ကို ဖိုထိုးပညာ၊ ဓာတ်ပညာများ သင်ကြားပြသပေးနေသော ဆရာလည်းဖြစ်၍ ကျွန်တော် အံ့သြ၍သာ နေရပါတော့သည်။

အဘဦးသူတော်သည် သံနေသံထားနှင့် သီချင်းလိုလို၊ ကဗျာလိုလိုများ သီဆို၍ ကနေခြင်းဖြစ်သည်။

ဖိုရုံထဲတွင် အဘဦးသူတော်နှင့် ကျွန်တော် နှစ်ဦးသာရှိသည်။ ကျွန်တော်က ဖိုးဆွဲရသည်။

အဘဦးသူတော်က လုံကိုင်၊ ညှပ်ကိုင်နှင့် မီးစဉ်ကြည့်သည်။ သူက ဆွဲဆိုမှ ဖိုဆွဲရသည်။ သူ ရပ်ခိုင်းလျှင် ကျွန်တော်လည်း ဖိုကို ရပ်ထားရသည်။

ထိုကဗျာသီချင်းကို အဘဦးသူတော် သီဆိုပုံမှာ...

'ဆံပင်ချည်ရေတန်းတန်းဟာဟာ... ရေကြက်မ ရေညှ...အို...ဘာတဲ့တုန်း၊ ဆံပင်ချည်ရေတန်းတန်း... ရေကြက်မ ရေညှ... တို့နောက်မွေးက စပယ်ရုံ ရေကြက်မလေးတွေဝင်လို့ ဥ ဥ ဥ ဥ'

ဟု ဖြစ်ပါသည်။ မြူးမြူးကြွကြွရှိသည်။ ခေါင်းကလေးညိတ်လိုက်၊ လက်ကလေး ကွေးလိုက်နှင့် အငြိမ်မနေ နန့်ခါခါ ဖြစ်နေသည်။ ထပ်တလဲလဲလည်း သီဆိုနေပြန်သည်။

ဖိုထိုးရာတွင် မီးစဉ်ကြည့်တက်ရန် သမာဓိ ရှိရမည်ဟု သူကပင် သင်ထားသည်။ ယခု သူက ကပြနေသည်။ ဖိုခွင်တွင်းမှ မီးကို ကျွန်တော် ကြည့်လိုက်ချိန်တွင် ဝါယောမီး **မီးအဝါရောင်**ဖြစ်သည်။

မီးအရှိန်ကလည်း အလွန်လျော့လာသည်။ အေးသော ပတ်ဝန်းကျင် အရသာကို ကျွန်တော် ခံစားလိုက်ရသည်။ တစ်ဖက်က ဖိုဆွဲရင်း လုံတွင်းကို ကြည့်လိုသဖြင့် ကိုယ်ကို ရှေ့သို့ ရွှေ့လိုက်ရာ၌ ကျွန်တော်၏ ရှေ့တွင်ရှိသော ရေအိုးကိုတိုက်မိသဖြင့် "ဘုတ်" ဟူသော အသံ မြည်သွားသည်။

အဘဦးသူတော် ပျာပျာသလဲနှင့်...

'ဟေ့ကောင်...အဲဒီလို ထိခိုက်သံ ရိုက်ခတ်သံမျိုးတွေ မလုပ်ရဘူး။ လုံထဲမှာ ဓာတ် ထုံတက် ထုံဆင်း လုပ်နေတယ်။ ငြိမ်ငြိမ်နေ။ ဒီအသံမျိုးကြောင့် ထုံတစ်သွားမှာ၊ ထုံရပ်သွားမှာ စိုးရတယ်'

ဟု ပြောပါသည်။

'အဘကတော့ ဘာဖြစ်လို့ သီချင်းစ,ဆိုပြီး ကနေလဲ'

ဟု ကျွန်တော်က ပြန်ပက်လိုက်ရာ အဘဦးသူတော်မှ ပြုံးစေ့စေ့နှင့် ကျွန်တော့်ကို ကြည့်နေပါသည်။

'ပျော်လွန်းလို့ပါကွာ'

ဟုလည်း ပြောပါသည်။ ဖိုခွင်တွင်း မီးမပြတ် ဆွဲရသည်။ မီးတွင်းမှ လုံအတွင်းပိုင်းတွင် ချော်ရည်များ သွက်နေသည်။ ချော်မျက်နှာပြင်ပေါ်တွင် ကြက်ဥနှစ်များကဲ့သို့ အဖြူရောင် အကွက်များ တဖွားဖွား ပေါ်တက်လာနေသည်။

ခဏအကြာတွင် ချော်မျက်နှာပြင်ပေါ်တွင် ဆံပင်ချည်တန်းကဲ့သို့ မည်းမည်း အရိပ်တန်းကလေးများ ရှပ်ယှက်ခတ် ပေါ်လာသည်။ ထိုမည်းမည်း အတန်းကလေးများမှာ အထပ်ထပ် ဖြစ်ပေါ်နေသည်။

လုံနံရံ အတွင်းသားဘက်မှ လုံအတွင်း ချော်မျက်နှာပြင်ပေါ် အလယ်တည့်တည့်သို့ တိုးဝင်၍ ချော်တွင်း ငုပ်လျှိုးသွားကြသည်။

နောက်တော့ တဖြည်းဖြည်းနှင့် ငြိမ်သွားပြီး ချော်မျက်နှာပြင်လည်း လင်းကြည်လာပါသည်။ ထိုအချိန်တွင် မွေးပျံ့သော အနံ့တစ်ခုကို ကျွန်တော်

www.burmeseclassic.com

ရှုရှိုက်မိသည်။

'အဘ အမွှေးနံ့ရတယ်နော်၊ အဲဒါ လုံထဲကလား'

ဟု ကျွန်တော်က မေးလိုက်ရာ...

"အေးပေါ့ကွာ"ဟု အဘဦးသူတော်က ဖြေပါသည်။

'ချော်ရည်ထဲမှာနေတော့ "ရကြက်"ပေါ့ ကွာ၊ ဥနေမှာဆိုတော့ "ရကြက်မ"ပေါ့ကွာ၊ ခုအချိန်ဆိုရင် ရကြက်မလေးတွေ ဝင်ဥ သွားပြီကွ။ မင်း မယုံရင် လုံကို အအေးခံပြီး ခွဲကြည့်'

ဟု အဘဦးသူတော်က ဆက်ပြော ပါသည်။

'အနံ့က စံပယ်နံ့ ပန်းနံ့ မွှေးရတယ်။ တို့ ဖိုးရုံက အိမ်နောက်ဖေးမှာဆိုတော့ (အို ဘာတဲ့တုန်း) ရကြက်မလေးတွေ ဝင်လို့ ဥ ဥ ဥ ဥ'

ဟု ဆိုကာ အဘဦးသူတော် ကနေ ပြန်ပါတော့သည်။

ကျွန်တော် ဖိုခွဲကိုရပ်ပြီး လုံကို အအေးခံ၍ ခွဲကြည့်သောအခါ ရွှေရောင်ဓာတ်လုံးလေးကို တွေ့ရပါ သည်။

'အဘ ဒါ ရွှေလား'

ဟု မေးရာတွင် "ရွှေဥ"ဟု အဘ ဦးသူတော်က ဖြေပါသည်။

ဩော်...အသင်္ချေယ်ဟုခေါ်သော ရွှေဥ ဟု ကျွန်တော် မှတ်သားထားလိုက်ပါ သည်။ အသင်္ချေယ်ဓာတ်သည် ဓာတ်သေ ပင် ဖြစ်တော့သည်။

ထိုအချိန်တွင် အဘဦးသူတော်က ကျွန်တော့်ကို စေ့စေ့ကြည့်ကာ"မင်း ရွှေလိုချင်လို့လား"ဟု မေးပါသည်။

'ပြဒါးရှင်လုံး လိုချင်တာပေါ့ အဘ ရဲ့'

ဟု ကျွန်တော်က ဖြေလိုက်ပါသည်။

ထိုအခါ အဘဦးသူတော်သည် တစ်ထွာခန့် တုတ်စလေးတစ်ခုကို



ကောက်၍ "ဘီး...ဘီး... ဘာဘီးလဲ တော့...ရွှေဘီးပါတော့"ဟု အထပ် ထပ် သီဆိုနေပါတော့သည်။

တုတ်စလေးကို ခေါင်းပေါ်တင်ကာ ဘီးရောင်းသည့် ဟန်နှင့် တင်ပါးလေး ခါကာခါကာ လုပ်ပြပြန်သည်။

ကျွန်တော် တော်တော် ရယ်ချင်လာ သည်။ ရွှင်လန်း၍လည်း လာပါသည်။ ပျော်ရွှင်လာ၍ ဦးခေါင်းလည်း ကြည် လင်လာပါတော့သည်။ ရွှေဥဓာတ်လုံး လေး ရ၍လည်း ဖြစ်ပါသည်။ ဦးခေါင်း ကြည်လင်စေသော ဓာတ်လုံးကလေး ဖြစ်သည်။

ခေါင်းရှုပ်လျှင်တော့ ဘီးနှင့် ဖီးရပါ လိမ့်မည်။ ခေါင်းရှင်းဝေ ကြည်စေသော အစွမ်းချင်း ထပ်တူပြု၍ ဓာတ်လုံးလေး ၏အစား ဘီးရောင်းပြနေသည်ဟု ကျွန်တော် ထင်ပါသည်။

အဘဦးသူတော် ပထမ သီဆိုသော ဆံပင်ချည်ရေတန်းတန်း စသည့် ကဗျာသီချင်းမှာ ကျွန်တော်တို့ ငယ်ငယ်က လောက်စာလုံး လုံးရင်း သီဆိုကစားခဲ့သည့် ကဗျာလေးပင် ဖြစ်သည်။

ယခု ဘီးရောင်းကဗျာသီချင်းကို လည်း ကျွန်တော် ကောင်းကောင်းရပါ သည်။ ထို့ကြောင့် ကျွန်တော်က **"ရွှေစော်နံ့ ပြန်လိုက်ဦး"**ဟုပင် လိုက်၍ သီဆိုလိုက်မိပါတော့သည်။

အဘဦးသူတော်သည် အလွန် သဘောကျသွားသည်။

'အေး...ဟုတ်တယ်ကွ၊ ဖွံ့တယည့် မင်း မှတ်ထား...တို့ဝိဇ္ဇာလမ်းစဉ်မှာ စားလမ်းဆို တာ ဝိဇ္ဇာမဖြစ်ဘူးကွ။ ရွှေရရုံနဲ့ မပြီးဘူး။ ငွေရရုံနဲ့ မပြီးဘူး။ ပညာကို ရပ်မထားရဘူး။ ပြန့်လိုက်စားရတယ်လို့ ဆိုတာကွ။

ဒီဆိုတဲ့ ကဗျာလေးတွေဟာ မြန်မာ့ရိုးရာ ဝေလေ့ ကလေးကစားနည်းဆိုပြီး အထင် မသေးနဲ့ကွ။ အဓိပ္ပါယ်သိပြီ၊ လိုက်စား လုပ်ကိုင်ရင် ဝိဇ္ဇာတောင် ဖြစ်နိုင်တယ် မောင်ရေ'

ဟု အဘဦးသူတော် ရှင်းပြပါသည်။

'အခုလဲ မင်းကို ဝိဇ္ဇာ ဖြစ်စေချင် လွန်းလို့ ငါက သီချင်းဆိုပြီး ကပြနေ တာပေါ့ကွ။ ကဲ...ဆက်ပြီး မင်းနဲ့ငါနဲ့ အတူတူ ဆိုကြည့်ရအောင်'

ဟု အဘဦးသူတော်က ပြော၍ "ဘီး...ဘီး"ဟု ကျယ်ကျယ်အော်ပါ တော့သည်။

"ဘာဘီးလဲ"ဟု ကျွန်တော်က မေးလိုက်ရာ **"ရွှေဘီးပါတော့"**ဟု အဘဦးသူတော်က မိန်းကလေးဟန် နွဲ့ပြ၍ ရယ်ရပါသေးသည်။

"ရွှေစော်နံ့ ပြန်လိုက်ဦး" ဟု ကျွန်တော်က ဆိုရပါသည်။ အဘ ဦးသူတော်က "ဘီး...ဘီး"ဟု လည်း ကောင်း၊ ကျွန်တော်က "ဘာဘီးလဲ" ဟုလည်းကောင်း ထပ်၍ဆိုပြီး "ငွေဘီး ပါတော့"ဟု အဘဦးသူတော်က အော် ပြီး ရောင်းပြန်သည်။ "ငွေစော်နံ့ ပြန် လိုက်ဦး"ဟု ကျွန်တော် သီဆိုသည်ကို အဘဦးသူတော်က တော်တော် သဘောကျပုံရပါသည်။

ထိုအခါမှ ထပ်၍ "ဘီး...ဘီး"ဟု လည်းကောင်း၊ "ဘာဘီးလဲ"ဟု လည်းကောင်း ထပ်၍ ဆိုပြီး အဘ

www.burmeseclassic.com

ဦးသူတော်က "သနပ်ခါးဘီး"ဟု ပြတ်ပြတ်သားသား ဆိုပြပါသည်။

"စူးရဲ့လား"ဟု ကျွန်တော်က မေးပြီးချိန်တွင် အဘဦးသူတော်က လက်ကာပြပြီး တားထား ရပ်ထားခိုင်း ပြန်ပါတော့သည်။

'မင်း... အဲဒါကို စဉ်းစားကြည့်၊ ရွှေငွေစတဲ့ သတ္တုနဲ့ လုပ်ထားတဲ့ ဘီးတွေကိုတော့ စူးရဲ့လားလို့ မမေးရဘဲ၊ သစ်သားနဲ့ လုပ်ထားတဲ့ သနပ်ခါးဘီးကျမှ စူးရဲ့လားလို့ မေးတာဟာ ခေါင်းကို စူးတာကို ပြောတာ မဟုတ်ဘူးကွ။ အနံ့စူးတာ၊ အမွှေးနံ့စူးတာကို ပြောတာပဲ။

ဓာတ်ကောင်းဆိုတာ မွှေးမှမွှေး။ ဓာတ်ကောင်းကို ဖိုထဲထိုးရင် အမွှေးနံ့ စူးတယ်ကွ'

ဟု အဘဦးသူတော်က ရှင်းပြပါသည်။

'ရောင်းတဲ့လူက စူးတယ်လို့ ပြောတော့ ဝယ်တဲ့လူက အဆစ်ထည့်လို့ ပြောရတယ်လေ။ အဲဒီ ကလေးကစားနည်းမှာ တုတ်ကလေးကို ဘီးပုံစံထားပြီး ဆော့တာဆိုတော့ ရောင်းတဲ့လူက တုတ်ကလေးပေါ်ကို "ထွီ"ဆိုပြီး တံတွေး ထွေးထည့်လိုက်ရတာ မင်း မှတ်မိမှာပေါ့။

"ထွီ"ဆိုတာပဲဖြစ်ဖြစ်၊ တံတွေးပဲဖြစ်ဖြစ် စနေနံ ပြဒါးလို့ ယူရတယ်ကွ။ ဓာတ်ကောင်းဓာတ်သေကို ပြဒါးထပ်ထည့်ခိုင်းတာ၊ ပြဒါးကျွေးခိုင်းတာ ပါပဲကွာ။

ဒါဆိုရင် အခု မင်းရထားတဲ့ အသံဗ္ဗိန္ဓဓာတ်ကလေးကို ပြဒါးကျွေးရမယ်လို့ဆိုတာ မင်း နားလည်ရောပေါ့ကွာ။

ဒီနေရာမှာ ပြဒါး မခဲတတ်လို့ပဲဖြစ်ဖြစ်၊ ဘာအကြောင်းကြောင့်ဖြစ်ဖြစ် ပြဒါးမကျွေးတတ်ရင် အဆစ်ထည့်ဆိုတာ စဉ်းစားရမယ်ကွ။

မုန့်ဟင်းခါး ဝယ်လို့ အဆစ်ထည့်ရရင် မုန့်ဟင်းခါးပဲ ထည့်မှာပေါ့ကွ။ မုတ်ပြားကြီးဝယ်လို့ အဆစ်ထည့်ရရင် မုတ်ပြားကြီးပဲပေါ့ကွာ။

ဒီလိုပါပဲ... ခု မင်းရထားတာက ရွှေညဆိုတော့ ရွှေပဲ ထည့်ရမှာပေါ့။ ရွှေနဲ့ ရွှေညနဲ့က ရွှေချင်းတူပေမယ့် ဓာတ်ချင်း မတူဘူးကွ။ ဒါကြောင့် မင်းဓာတ်ကို ရွှေချင်းတူတဲ့ တွင်းထွက်ရွှေပဲ ကျွေးကျွေး၊ ပြဒါးပဲ ကျွေးကျွေး အစာဝရင်တော့ သိဒ္ဓိရလာမှာပေါ့ကွာ တပည့်ရာ'

ဟု တည်တည်ငြိမ်ငြိမ် စေတနာထား ရှင်းပြနေသော အဘဦးသူတော်ကို ကျွန်တော် အလွန် ကျေးဇူးတင်စွာနှင့်...

'ဟုတ်ကဲ့ပါ အဘ... ရွှေစော်နံ ပြန်လိုက်ပါ့မယ်'

ဟု ကတိပေးခဲ့ရပါတော့သည်။

**ဇိုးသူတော်**

## ၂၀၁၇ ခုနှစ်၊ ဧပြီလ



## ထိုးလိုက ရွေးချယ်ပါ ဤဂဏန်း

၂၀၁၇ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၃၉ |
| **ဧပြီလ** | + ၄ |
| **ခုနှစ်** | ၂၀၁၇ |
| | ၂၃၆၀ = ၁၁ = ၂ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၂) ဂဏန်းရသည်။ သို့ဖြစ်၍ ၂၊ ၃၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် ၂၊ ၃၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

ဥပမာ

| | | | |
|---|---|---|---|
| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
| ၂...၂ | ၃...၂ | ၈...၂ | ၉...၂ |
| ၂...၃ | ၃...၃ | ၈...၃ | ၉...၃ |
| ၂...၈ | ၃...၈ | ၈...၈ | ၉...၈ |
| ၂...၉ | ၃...၉ | ၈...၉ | ၉...၉ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် ၂၊ ၃ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"**ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၄ + ၂+ ၀ + ၁ + ၇)=၁၄=၅ ဂဏန်းရသည်။ သို့ဖြစ်၍ "၅" ဂဏန်းကိုလည်း ပစ်ပယ်၍ မရပါ။ သို့ဖြစ်၍...

စ... ဆုံး

၂... ၂၊ ၃၊ ၅၊ ၈၊ ၉

၃... ၃၊ ၅၊ ၈၊ ၉၊ ၂

၈... ၈၊ ၉၊ ၂၊ ၅၊ ၃

၉... ၉၊ ၂၊ ၅၊ ၃၊ ၈



ဤလတွင် **တနင်္လာနှင့် ကြာသပတေး** သားသမီးများ ထီကံပွင့်နေပါသည်။

ထို့ကြောင့် မိမိတို့ဒေသရှိ တန်ခိုးကြီး စေတီတော်တစ်ဆူဆူ၏ ရင်ပြင်တော်ပေါ်တွင် သန့်ရှင်းရေး(၃)ရက်တိတိ ဆောင်ရွက်ပါ။ နေ့စဉ် မိမိမွေးနံ့ အရပ်/ထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး မေတ္တာသုတ်တော်ကို နေ့စဉ် မိမိ သက်စေ့ ရွတ်ပွားပူဇော်ပေးပြီး အဓိဋ္ဌာန်ဝင်ရန်ဖြစ်သည်။

အထက်ပါ အဓိဋ္ဌာန် အောင်မြင်ပါက မိမိပတ်ဝန်းကျင်ရှိ စာသင်တိုက်သို့ သွားရောက်၍ ဆန်၊ ဆီ၊ ဆေး၊ ဆား တတ်နိုင်သမျှ လှူဒါန်းပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦၂၃၈၉၅၂ ✦၈၂၃၉၉၈ ✦၉၂၂၃၅၈

*ထီကံ ပွင့်ပါစေ*

**ဆရာနိုသက်**
**(ရိုတေသီ)**

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

# နဝင်းရွှေပြာသတ္တုရသာယနအားဆေး

# ဥသျှာကိုယ်ငွေ့ကောင်းဆေး

**နဝင်း**

နာ၊ ဘင်၊ ဘော်၊ ဂျတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး၊ ရွှေ ရုပ်ဓာတ်(၉)ပါးကို နဝင်းဟု ဆိုလိုပါသည်။

**ရွှေပြာ**

ရုပ်ဓာတ်(၉)ပါးတွင် နာ၊ ဘင်၊ ဘော်၊ ဂျတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး ဓာတ်(၈)ပါး ပြာကျမှ ရွှေပြာကျပါသည်။ သို့ဖြစ်၍ ယင်းရွှေပြာသည် ဓာတ်(၉)ပါးလုံး ပြာကျသဖြင့် နဝင်းရွှေပြာဖြစ်သည်။

**သတ္တု**

ထိုရွှေပြာသည် ပါစကတေဇောရောက်ပါက လူသား၏ကျန်းမာရေးကို အကျိုးကျေးဇူးပြုနိုင်သဖြင့် သတ္တုရှိသည်ဟု ဆိုလိုပါသည်။ ပါစကတေဇောမရောက်ပါက ဆိုးကျိုးပေးမည်ဖြစ်သည်။ သံဓာတ်၊ သွပ်ဓာတ်များကို နူးညံ့သိမ်မွေ့စားလို့ရအောင် ပြုပြင်ပြီး အနောက်တိုင်းဆေးများ တိုင်းရင်းဆေးများတွင် ထည့်သွင်းဖော်စပ်ကြသည်။ သို့သော် ထိုဓာတ်များကို ဓာတ်စင်ဖြစ်အောင် နိဗ္ဗာနဓာတ်ဆိုက်အောင် မဆောင်ရွက်နိုင်သဖြင့် ဘေးထွက်ဆိုးကျိုး ဖြစ်လာရပေသည်။

ပါစကတေဇောရောက်သည်ဆိုသည်မှာ ပြာကွမ်းရိုးတစ်တို့ ကြေးတွင်ထောက်ပြီး မီးပေးလိုက်ပါက ငွေ/ရွှေအဖြစ် ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ကြေးဟူသောအခြေအနေမှ ဘော်ဟူသော ရွှေဟူသော အခြေအနေအဖြစ်သို့ ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပြီး ဓာတ်စင်ဖြစ်သွားသည်ဟု ဆိုရပါမည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပါက အလွန်သန့်သဖြင့် ဘေးထွက်ဆိုးကျိုးမရှိနိုင်ပါ။ ကြေးကို ပါစကတေဇောဖြင့်ချက်က ဓာတ်ကျက်သွားသောအခါ ငွေ/ရွှေဖြစ်သွားသကဲ့သို့ စားသမျှ အစာအာဟာရများကို ပါစကတေဇောဖြင့် ကျက်အောင်ချက်သောအခါ ရသာရည် အသွေးအသားအဆီ အရိုးချဉ်ဆီ သုက်များစသည် ဓာတ်သန့်ဓာတ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်သည်။ ထိုသို့ ဓာတ်သန့်ဓာတ်ကောင်းများ ရှိနေ၍ မည်သည့်ရောဂါမျှမဝင်နိုင်ပါ။ ကျန်းမာနေမည်ဖြစ်ပါသည်။ (ရောဂါမူလံ အစိဏ္ဏကံ)ရောဂါဟူသည် မကြေကျက်ခြင်းမှ စသည်ဟု အဆိုရှိပါသည်။

**ဥသျှာကိုယ်ငွေ့**

ထိုသို့ ဓာတ်စင်ဓာတ်ကောင်းများ ဖြစ်လာပါက ဓာတ်စင်ဓာတ်ကောင်းများတွင် ကိန်းနေသော ပါစကတေဇော၏အရှိန် ဥသျှာတေဇောရရှိနေမည်ဖြစ်သဖြင့် အဆုံးငါးပါးသည် နွေးထွေးနေမည်ဖြစ်သည်။

ဥသျှာအားကောင်းပါက အဆုံးငါးပါး နဖူး လက်နှစ်ဖက် ခြေနှစ်ဖက်သည် နွေးထွေးနေမည်ဖြစ်ပြီး ကျန်းမာနေမည်။ ဥသျှာအားနည်းပါက အဆုံးငါးပါး နွေးထွေးမှုမရှိ၊ ခြေအေး လက်ဖဝါးပူနေမည်ဖြစ်ပြီး ရောဂါဝင်လာနိုင်ပါသည်။ ဥသျှာ ချွတ်ယွင်းပါက ခုခံအား ခံနိုင်ရည်အား ကိုယ်ခံစွမ်းအားကျပြီး ကင်ဆာနှင့် ခုခံစွမ်းအားကျဆင်းမှု(HIV)ရောဂါများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်၍ ဥသျှာကောင်းလျှင် ကျန်းမာမည်။ ဥသျှာအားနည်းလျှင် ရောဂါရမည်။ ဥသျှာချွတ်ယွင်းလျှင် ခုခံအားကျမည်။ ဥသျှာပျက်လျှင်သေမည် ဖြစ်ပါသည်။

**[ဥသျှာ အားနည်းကာ ခြေအေး လက်ဖဝါးပူ/ကြမ်း ကတည်းက ဥသျှာကိုယ်ငွေ့ကောင်းဆေးကို စားသုံးပါ။**

**ဆေးသုံးစွဲရန်**

–နံနက်မျက်နှာသစ်သောအခါ ရေထည့်ထားသောဖလားတွင် ဥသျှာအရည် (၄)စက်ချပါ။ မွှေပြီး မျက်နှာသစ်ပါ။ ပါးစပ်တွင် ငုံထားပါ။ မျက်စိကို ဆေးရည်ဖြင့်စိမ်ထားပါ။

–ရေချိုးသောအခါ ရေချိုးရန် ရေထည့်ထားသောဇလုံတွင် (၄)စက်ချပြီးမှ ရေချိုးပါ။ (ဥသျှာတေဇောအငွေ့ကို ပြင်ပမှ လွှမ်းခြုံထားရန်ဖြစ်သည်။)

–ရေကျက်နွေးနွေး အကြမ်းပန်းကန်တစ်ခွက်တွင် (၄)စက်ချပြီး တစ်နေ့ (၁–၂)ကြိမ် သောက်ပါ။ (ဥသျှာတေဇောအငွေ့ကို အတွင်းရှိ ဝမ်းမီးအား အထောက်အကူပေးပြီး အစာများကို ခြေချက်ရန်ဖြစ်သည်။)

**(ဦးထွန်းလင်း – သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ တပည့်)**

**သမားတော်ကြီး ရွှေပြာသတ္တု ဦးကျော်မြင့်(တ/ဆ ၂၈၉၂၊ B.A၊ C.T.M.P)စစ တိုင်းရင်းအထူးကုဆေးခန်း**

**၅၂၄(ဂ)၊ မဟာဗီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့ ဖုန်း–၀၉ ၅၁၅၆၁၃၆၊ ၀၉ ၉၆၉၉၇၇၉၊**



www.burmeseclassic.com